ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ
သာသနာရေးဦးစီးဌာန

# တိပိဋက

# ပါဠိ-မြန်မာအဘိဓာန်

## ပ – ဝဂ်

အတွဲ – ၁၆

( မ—မုံ့တပုဗ္ဗ )

( အဘိဓာန်ဝင် ပုဒ်ပေါင်း ၁၀၂၃၅ ပါဝင်သည် )

ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာတော်နှစ် ၂၅၃၂ ကောဇာနှစ် ၁၃၅၀ ဖေဖော်ဝါရီလ ၁၉၈၉

# တိပိဋက ပါဠိ-မြန်မာ အဘိဓာန်

၁၈၅၁၉

ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ
သာသနာရေးဦးစီးဌာန

# တိပိဋက
# ပါဠိ-မြန်မာအဘိဓာန်

## ပ-ဝဂ်

အတွဲ–၁၆

( မ—မှိတပုဗ္ဗ )
( အဘိဓာန်ဝင် ပုဒ်ပေါင်း ၁၀၂၃၅ ပါဝင်သည် )

မန္တလေးမြို့
အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ် ဆရာတော်ဘုရားကြီးကို အမှူးထား၍
မစိုးရိမ်နာယက စာချအဖွဲ့က ရေးသားပြုစုသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာတော်နှစ် ၂၅၃၂ ကောဇာနှစ် ၁၃၅၀ ဖေဖော်ဝါရီလ ၁၉၈၉

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်တွင်
ဒုတိယညွှန်ကြားရေးမှူး ဦးအောင်သန်း မှတ်ပုံတင်အမှတ် (၀၂၄၀၅/၀၂၅၂၇)က
ပုံနှိပ်ထုတ်ဝေသည်။



မစိုးရိမ် တိပိဋက ပါဠိ-မြန်မာ အဘိဓာန်အဖွဲ့ ဥက္ကဋ္ဌ

ဆရာတော် ဦးနာရဒါဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)



ရှေ့တန်း ဝဲမှ ယာ—ဦးကောဝိဒ၊ ဦးနာယက၊ ဦးတေဇောသာရ၊ ဦးသိရိန္ဒ၊ ဦးနာရဒ၊ ဦးပညာသာမိ၊ ဦးသုမန၊ ဦးသာဂရ၊ ဦးရာဇဓမ္မ၊ ဦးပဒုမ။

နောက်တန်း ဝဲမှ ယာ—ဦးသာသန၊ ဦးကဝိန္ဒ၊ ဦးဝိစိတ္တ၊ ဦးဇယဒီသ၊ ဦးဝိမလ၊ ဦးဥယျ၊ ဦးဝါသေဋ္ဌ၊ ဦးကေသရ၊ ဦးပညာသာမိ၊ ဦးပညာဒီပ၊ ဦးသုစိတ္တ။

# မစိုးရိမ် အဘိဓာန်ကျမ်းပြု အဖွဲ့ဝင် ဆရာတော်များ

အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော်ဘုရားကြီး အကြီးအမှူး ဦးစီးနာယကပြု၍–

(၁) ဦးနာရဒ၊ အဂ္ဂမဟာပဏ္ဍိတ, ပရိယတ္တိသာသနဟိတ (သက္ကျသီဟ) ဓမ္မာစရိယနှင့် အစိုးရဓမ္မာစရိယ၊ အဂ္ဂမဟာအကျော်၊ မာဂဓနေယျူပဒေသကျော်း၊ မစိုးရိမ်တိုက်။

(၂) ဦးတေဇောသာရ၊ ပရိယတ္တိသာသနဟိတ (သက္ကျသီဟ) ဓမ္မာစရိယ၊ နိကာယ နယူ-ပဒေသကျော်း။

(၃) ဦးသုမန၊ ပရိယတ္တိသာသနဟိတ (သက္ကျသီဟ) ဓမ္မာစရိယနှင့် အစိုးရဓမ္မာစရိယ၊ ဂန္ထ-ရုရနယူပဒေသကျော်း၊

(၄) ဦးကောဝိဒ၊ ပရိယတ္တိသာသနဟိတ (သက္ကျသီဟ) ဓမ္မာစရိယ၊ အစိုးရဓမ္မာစရိယ၊ စေတိယင်္ဂဏဓမ္မာစရိယ၊ ပိဋကနယူပဒေသကျော်း။

(၅) ဦးသာဂရ၊ ပရိယတ္တိသာသနဟိတ (သက္ကျသီဟ) ဓမ္မာစရိယနှင့်၊ အစိုးရဓမ္မာစရိယ၊ အဘိဓမ္မနယူပဒေသကျော်း။

(၆) ဦးပဒုမ၊ ပရိယတ္တိသာသနဟိတ (သက္ကျသီဟ) ဓမ္မာစရိယ၊ စေတိယင်္ဂဏဓမ္မာစရိယ ဝင့်သကာ၊ အစိုးရဓမ္မာစရိယ၊ အစိုးရပထမကျော်၊ သုတ္တန္တနယူပဒေသကျော်း။

(၇) ဦးဇယဒိသ၊ ပရိယတ္တိသာသနဟိတ (သက္ကျသီဟ)ဓမ္မာစရိယ၊ စေတိယင်္ဂဏ ဓမ္မာစရိယ၊ အစိုးရဓမ္မာစရိယ၊ အင်္ဂုတ္တရနိကာယပါဠိပါရဂူ၊ သာသနနယူပဒေသကျော်း။

(၈) ဦးကဝိန္ဒ၊ ပရိယတ္တိသာသနဟိတ (သက္ကျသီဟ) ဓမ္မာစရိယ၊ စေတိယင်္ဂဏ ဓမ္မာစရိယ၊ အစိုးရဓမ္မာစရိယ၊ ဓမ္မနယူပဒေသကျော်း။

(၉) ဦးဝိစိတ္တ၊ ပရိယတ္တိသာသနဟိတ (သက္ကျသီဟ) ဓမ္မာစရိယ၊ အစိုးရဓမ္မာစရိယ၊ ဝိနယ-ပါဠိပါရဂူ၊ မဇ္ဈိမနိကာယပါဠိပါရဂူ၊ ဒီဃဘာဏက၊ ပါဠိနယူပဒေသကျော်း။

(၁၀) ဦးဥေယျ၊ ပရိယတ္တိသာသနဟိတ (သက္ကျသီဟ) ဓမ္မာစရိယနှင့် အစိုးရဓမ္မာစရိယ၊ အာဂမနယူပဒေသကျော်း။

(၁၁) ဦးပညာသာမိ၊ ပရိယတ္တိသာသနဟိဟ (သက္ကျသီဟ) ဓမ္မာစရိယနှင့် အစိုးရဓမ္မာစရိယ၊ ဝိနယနယူပဒေသကျော်း။

(၁၂) ဦးပညာသာမိ၊ ပရိယတ္တိသာသနဟိတ (သက္ကျသီဟ) ဓမ္မာစရိယနှင့် အစိုးရဓမ္မာစရိယ၊ ဓမ္မနယူပဒေသကျော်း။

(၁၃) ဦးသီရိန္ဒ၊ အဂ္ဂမဟာပဏ္ဍိတ၊ ပရိယတ္တိသာသနဟိတ (သက္ကျသီဟ) ဓမ္မာစရိယ၊ စေတိယင်္ဂဏဓမ္မာစရိယ၊ အစိုးရဓမ္မာစရိယ၊ ဓမ္မဝိနယရံသီကျော်း၊ မစိုးရိမ်တိုက်သစ်။

(၁၄) ဦးနာယက၊ ပရိယတ္တိသာသနဟိတ (သက္ကသီဟ) ဓမ္မာစရိယနှင့် အစိုးရဓမ္မာစရိယ၊ ဓမ္မဒီပကျောင်း။

(၁၅) ဦးရာဇဓမ္မ၊ ပရိယတ္တိသာသနဟိတ (သက္ကသီဟ) ဓမ္မာစရိယနှင့် အစိုးရဓမ္မာစရိယ၊ ဓမ္မဒါယာဒကျောင်း။

(၁၆) ဦးဝိမလာစာရ၊ ပရိယတ္တိသာသနဟိတ (သက္ကသီဟ)နှင့် အစိုးရဓမ္မာစရိယ၊ ဓမ္မဝိနယ-ရံသီကျောင်း။

(၁၇) ဦးကေသရ၊ ပရိယတ္တိသာသနဟိတ (သက္ကသီဟ) နှင့် အစိုးရဓမ္မာစရိယ၊ ဓမ္မဘာဇကကျောင်း။

(၁၈) ဦးဝါသေဋ္ဌ၊ ပရိယတ္တိသာသနဟိတ (သက္ကသီဟ) နှင့် စေတိယင်္ဂဏ၊ အစိုးရဓမ္မာစရိယ၊ ဓမ္မယာနကျောင်း၊

(၁၉) ဦးသာသန၊ ပရိယတ္တိသာသနဟိတ (သက္ကသီဟ)နှင့် အစိုးရဓမ္မာစရိယ၊ သုတ္တန္တ နယူ-ပဒေသကျောင်း။

(၂၀) ဦးသုစိတ္တ၊ ပရိယတ္တိသာသနဟိတ (သက္ကသီဟ) ဓမ္မာစရိယနှင့် အစိုးရဓမ္မာစရိယ၊ ဓမ္မသီတဂူကျောင်း။

(၂၁) ဦးပညာဒီပ၊ ပရိယတ္တိသာသနဟိတ (သက္ကသီဟ) ဓမ္မာစရိယ၊ သဒ္ဓမ္မပါလနှင့် အစိုးရဓမ္မာစရိယ၊ ဓမ္မဂါရဝကျောင်း။

## တိပိဋက ပါဠိ-မြန်မာ အဘိဓာန်

## ပ-ဝဂ် စတုတ္ထပိုင်း

# ကျမ်းဦးမှတ်ဖွယ်

---

မစိုးရိမ်နာယက စာချအဖွဲ့၏ ကြိုးပမ်းချက်ဖြင့် တိပိဋက ပါဠိမြန်မာအဘိဓာန်(ပ-ဝဂ် စတုတ္ထပိုင်း) သည် သုတေသီပညာရှင်များ၏ အကျိုးအတွက် ပေါ်ထွက်လာခဲ့ပြန်ပေပြီ။ သုတေသီ ပညာရှင်များအဖို့ မည်သို့ မှတ်ချက်ချမည် မသိသော်လည်း ကျမ်းပြုအဖွဲ့ အနေဖြင့်ကား ပါဠိဝေါဟာရများကို မြန်မာလို အဓိပ္ပာယ်ဖွင့်ဆိုရာ၌ ခေတ်နှင့်လျော်ညီသည့် အကောင်းဆုံး အဘိဓာန်တို့တွင် တစ်ကျမ်းတစ်ဆူအဖြစ် ပါဝင်နိုင်အောင် မြန်မာစာ ပီပီသသ ဖတ်တတ်ခါစ ပုဂ္ဂိုလ်များပင် ရှင်းရှင်းလင်းလင်း နားလည်နိုင်အောင် ဖ,ဗ,ဘ,မ–ပိုင်းဆိုင်ရာ ဝေါဟာရပုဒ်များ စုံလင်နိုင်သမျှ စုံလင်အောင် အစွမ်းကုန်ကြိုးစား၍ ရှာဖွေရေးသားထားကြောင်း ရှေးဦးစွာ ဖေါ်ပြလိုပါသည်။

ခွင့်ပန်ချက်။ ။အစွမ်းကုန်ကြိုးစား၍ ရှာဖွေရေးသားထားသည်ဟု ဆိုသဖြင့် ဤအဘိဓာန်သည် ဖ,ဗ,ဘ, မ-ပိုင်း ဆိုင်ရာ ပါဠိဝေါဟာရများ တစ်ပုဒ်မကျန် လုံးဝပြည့်စုံနေသော အဘိဓာန်ဖြစ်သည်ဟူ၍ကား မယူဆစေလိုပါ။ တစ်ကြိမ်တည်းဖြင့် ဝေါဟာရရှိသမျှ ဖ,ဗ,ဘ,မ-ပုဒ် အားလုံး မကျန်ရအောင် စုံလင်သောအဘိဓာန်ဟူသည်မှာ မြန်မာပြည်၌ မဆိုထားဘိ ကမ္ဘာ၌ပင် မရှိသလောက်ရှားပါးလှပါသည်။ ခေတ်မီ၍ တိုးတက်ပါသည်ဆိုသော ကမ္ဘာ့နိုင်ငံအများ၌ပင် မိမိတို့သက်ဆိုင်ရာ အဘိဓာန်များကို ပြုစုရာ၌ ဝေါဟာရများ စုံလင်နိုင်သမျှ စုံလင်အောင် နှစ်ပေါင်းများစွာ ရှာဖွေစုဆောင်း၍ အကြိမ်ကြိမ် ပြင်ဆင်ရိုက်နှိပ် ထုတ်ဝေနေရ ပါသည်။

လိုကွက်ကို ဖြည့်စွက်ခြင်း။ ။သို့ရာတွင် ပါဠိဘာသာသည် ဝေါဟာရ အသစ်မတိုးသော ဘာသာသေဖြစ်သည့် အားလျော်စွာ သက်ဆိုင်ရာ ပါဠိကျမ်းစာများမှ ရှိသမျှ ပါဠိဝေါဟာရ ပုဒ်စုကို ထုတ်နုတ်၍ ရေးသားထားသဖြင့် ကမ္ဘာ့အဘိဓာန်များ တစ်ကြိမ် ပုံနှိပ်ထုတ်ဝေခြင်းထက် ဤပါဠိအဘိဓာန် တစ်ကြိမ်ပုံနှိပ် ထုတ်ဝေခြင်းက ပို၍ ဝေါဟာရပုဒ် စုံလင်နိုင်မည်ကိုကား ယုံမှားစရာ မရှိပါ။ ဘက်စုံ တိုးတက်နေပါသည်ဆိုသော ကမ္ဘာ၌ ပါဠိဘာသာ ပေါ်ပေါက်ခဲ့သည်မှာ နှစ်ပေါင်း ရာထောင်မက ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း ပါဠိဝေါဟာရပုဒ်များ အားလုံးပါဝင်သော ပြည့်စုံသည့် ပါဠိ အဘိဓာန် မရှိသေးဘဲ ဖြစ်နေခြင်းမှာ ကမ္ဘာ၏ လိုကွက်တစ်ရပ်ပင် ဖြစ်ပါသည်။ ယင်းကမ္ဘာ၏ လိုကွက်ကို တိပိဋက ပါဠိမြန်မာအဘိဓာန်များ ရေးသားပြုစု ထုတ်ဝေခြင်းဖြင့် မြန်မာနိုင်ငံမှ ဖြည့်စွက်လိုက်ရပေသည်။ နိုင်ငံတစ်နိုင်ငံ၏စာပေယဉ်ကျေးမှု တိုးတက်ရေးအမှတ်အသားကို အဘိဓာန်များ "စံထား"၍ တိုင်းတာ ဆုံးဖြတ်ကြသည်ဟု ဆိုလျှင် မြန်မာနိုင်ငံသည် ပါဠိဘာသာ စာပေယဉ်ကျေးမှုနှင့် ပတ်သက်၍ ကမ္ဘာ့ထိပ်ဆုံးနေရာသို့ ရောက်နေပြီဖြစ်ကြောင်း ဤတိပိဋက ပါဠိ-မြန်မာ အဘိဓာန်များဖြင့် ရဲရဲ တင်းတင်း ဝင့်ကြွားနိုင်ပါသည်။

## အဘိဓာန် ၂-မျိုး

ကမ္ဘာ၌ ထွက်ပေါ်တည်ရှိသည့် အဘိဓာန်များကို အမျိုးအစား ခွဲခြားကြည့်မည် ဆိုလျှင် အကျဉ်းချုပ်အားဖြင့် ၂-မျိုး ၂-စားသာ တွေ့ရပါသည်။ ယင်းတို့မှာ—

(၁) ဘာသာရပ်တစ်ခုခုကို အဘိဓာန်ဝင် တည်ပုဒ်အဖြစ်ထား၍ ယင်းဘာသာရပ်ဖြင့်ပင် ပြန်လည် အဓိပ္ပာယ်ဖွင့်ပြသော အဘိဓာန်။ ဥပမာ–အင်္ဂလိပ်ဘာသာကို အဘိဓာန်ဝင် တည်ပုဒ်အဖြစ်ထား၍ အင်္ဂလိပ်ဘာသာဖြင့်ပင် ပြန်လည် အဓိပ္ပာယ်ဖွင့်ပြသော (OXFORD)စသော အဘိဓာန်၊ ဟိန္ဒီဘာသာကို အဘိဓာန်ဝင် တည်ပုဒ်အဖြစ်ထား၍ ဟိန္ဒီဘာသာဖြင့်ပင် ပြန်လည် အဓိပ္ပာယ်ဖွင့်ပြသော ဟိန္ဒီသဒ္ဒတ္ထပါရိဇာတ စသော အဘိဓာန်၊ သက္ကတဘာသာကို အဘိဓာန်ဝင် တည်ပုဒ်အဖြစ်ထား၍ သက္ကတဘာသာဖြင့်ပင် ပြန်လည် အဓိပ္ပာယ်ဖွင့်ပြသော ထောမနိဓိ စသော အဘိဓာန်၊ ပါဠိဘာသာကို အဘိဓာန်ဝင် တည်ပုဒ်အဖြစ် ထား၍ ပါဠိဘာသာဖြင့်ပင် ပြန်လည် အဓိပ္ပာယ်ဖွင့်ပြသော **အဘိဓာနပ္ပ-ဒီပိကာသူစိ** အဘိဓာန်၊ သဒ္ဒတ္ထရတနာဝလိ မဟာပါဠိ အဘိဓာန် စသည်။

(၂) ဘာသာရပ် တစ်ခုခုကို အဘိဓာန်ဝင် တည်ပုဒ်အဖြစ်ထား၍ အခြားဘာသာရပ် တစ်ခုခုဖြင့် အဓိပ္ပာယ်ဖွင့်ပြသော ဘာသာပြန် အဘိဓာန်။ ဥပမာ–အင်္ဂလိပ်ဘာသာကို အဘိဓာန်ဝင် တည်ပုဒ်အဖြစ် ထား၍ မြန်မာဘာသာဖြင့် အဓိပ္ပာယ်ဖွင့်ပြသော ဦးထွန်းငြိမ်း အဘိဓာန်၊ တက်တိုး အဘိဓာန်၊ မြန်မာဘာသာကို အဘိဓာန်ဝင် တည်ပုဒ်အဖြစ်ထား၍ အင်္ဂလိပ်ဘာသာဖြင့် အဓိပ္ပာယ်ဖွင့်ပြသော ဂျပ်ဆင်-အဘိဓာန်၊ သက္ကတဘာသာကို အဘိဓာန်ဝင် တည်ပုဒ်အဖြစ်ထား၍ အင်္ဂလိပ်ဘာသာဖြင့် အဓိပ္ပာယ်ဖွင့်ပြသော ဝီလျံ-အဘိဓာန်၊ ပါဠိဘာသာကို အဘိဓာန်ဝင် တည်ပုဒ်အဖြစ်ထား၍ အင်္ဂလိပ်ဘာသာဖြင့် အဓိပ္ပာယ်ဖွင့်ပြသော P.T.S (PALI TEXT SOCIETY) အဘိဓာန်၊ ပါဠိဘာသာကို အဘိဓာန်ဝင် တည်ပုဒ်အဖြစ်ထား၍ မြန်မာဘာသာဖြင့် ပြန်လည် အဓိပ္ပာယ်ဖွင့်ပြသော ဝိသုဒ္ဓါရုံပိဋက အဘိဓာန်၊ ဦးမောင်ကြီး ပါဠိအဘိဓာန် စသည်တို့ ဖြစ်သည်။

ထို ၂-မျိုးအနက် ဤတိပိဋက-ပါဠိမြန်မာ အဘိဓာန်သည် ဒုတိယအမျိုးအစားတွင် ပါဝင်သည့် ဘာသာပြန် အဘိဓာန် ဖြစ်ပါသည်။

## အနက်မြန်မာပြန် ညှိယူသင့်သော ပါဠိမူကွဲများ

ပါဠိမတူလျှင် အနက်မြန်မာပြန် ကွဲပြားရမည်မှာ သဘာဝပင် ဖြစ်ပါသည်။ သို့ရာတွင် ဇာတ်ကြောင်း တစ်နေရာတည်း ဖြစ်ပါလျက် ပါဠိကွဲပြားနေရာ၌ကား ယင်းကွဲပြားနေသည့် ပါဠိများကို အနက်မြန်မာ ပြန်ဆိုရာဝယ် ပါဠိတစ်ခုနှင့် တစ်ခု အလှမ်းကွာလွန်း မသွားအောင် ပြန်ဆိုသင့်သည်ဟု ထင်ပါသည်။ ယင်းအချက် ထင်ရှားစေရန် အောက်ပါ အဋ္ဌကထာ ဋီကာများကို ညှိနှိုင်း လေ့လာစေလိုပါသည်။

> တေ သက္ကံ သပရိသံ ဒိသွာ အစ္စနာ နိဗ္ဗတ္တာ နဝကဒေဝပုတ္တာ အာဂတာတိ မဟာပါနံ သဇ္ဇယိံသု။ သက္ကော ဒေဝပုတ္တာနံ သညံ အဒါသိ "အမ္ဗေဟိ ကုသလံ ကရောန္တေဟိ န ပရေဟိ သဒ္ဓိံ သာဓာရဏံ ကတံ၊ တုမှေ ဂဏ္ဍပါနံ မာ ပိဝိတ္ထ၊ ပီတမတ္တမေဝ ကရောထာ"တိ။ တေ တထာ အကံသု။ ဗာလအသုရာ ဂဏ္ဍပါနံ ပိဝိတွာ မတ္တာ နိဒ္ဒံ ဩက္ကမိံသု။ မ၊ဋ္ဌ၊၂။၂၀၃။

တဒါ တာဝတိံသဘဝနေ အသုရာ ဝသန္တိ၊ တေ“အဘိနဝါ ဒေဝပုတ္တာ နိဗ္ဗတ္တာ”တိ ဒိဗ္ဗပါနံ သဇ္ဇယိံသု။ သက္ကော အတ္တနော ပရိသာယ ကဿစိ အပိဝနတ္ထာယ သညမဒါသိ။ အသုရာ ဒိဗ္ဗပါနံ ပိဝိတွာ မဇ္ဇိံသု။ ဓမ္မ၊၄၊၁။၁၇၃။

အာဂန္တုကဒေဝပုတ္တာ အာဂတာတိ နေဝါသိကာ ဂန္ဓပါနံ သဇ္ဇယိံသု။ သက္ကော သကပရိယာယ သညံ အဒါသိ “မာရိသာ မာ ဂန္ဓပါနံ ပိဝိတ္ထ၊ ပိဝနာကာရမတ္တမေဝ ဒဿေထာ” တိ။ တေ တထာ အကံသု။ နေဝါသိကဒေဝတာ သုဝဏ္ဏသရကေဟိ ဉပနီတံ ဂန္ဓပါနံ ယာဝဒတ္ထံ ပိဝိတွာ မတ္တာ တတ္ထ တတ္ထ သုဝဏ္ဏပထဝိယံ ပတိတွာ သယိံသု။ သံ၊ ၄၊၁။၃၀၉။

အထ နေဝါသိကာ “အာဂန္တုကဒေဝပုတ္တာနံ သက္ကာရံ ကရောမာ” တိ ဂန္ဓပါနံ သဇ္ဇယိံသု။ သက္ကော သကပရိသာယ သညံ အဒါသိ “မာရိသာ မာ ဂန္ဓပါနံ ပိဝိတ္ထ၊ ပိဝနာကာရမတ္တမေဝ ဒဿေထာ”တိ။ တေ တထာ အကံသု။ နေဝါသိကဒေဝတာ သုဝဏ္ဏသရကေဟိ ဉပနီတံ ဂန္ဓပါနံ ယာဝဒတ္ထံ ပိဝိတွာ မတ္တာ တတ္ထ တတ္ထ သုဝဏ္ဏပထဝိယံ ပတိတွာ သယိံသု။ သာရတ္ထ၊၁။၂၇၀။

အသုရာများသည် ရောက်သစ်စဖြစ်ကြသည့် သိကြားမင်းအမှူးပြုသော နတ်သားများကို ဧည့်ခံဖို့အတွက် ယဇ်မူးစေတတ်သည့် အဖျော်ယမကာများကို စီမံကြရာ၌ မူလပဏ္ဏာသ အဋ္ဌကထာဝယ် “မဟာပါနံ ဂဏ္ဍပါနံ”ဟု လည်းကောင်း၊ ဓမ္မပဒအဋ္ဌကထာ၌ “ဒိဗ္ဗပါနံ”ဟု လည်းကောင်း၊ သံယုတ်အဋ္ဌကထာ၊ သာရတ္ထဋီကာတို့၌ “ဂန္ဓပါနံ”ဟုလည်းကောင်း သုံးနှုန်းထားသည်ကို တွေ့ရ၏။ မဟာပါနံ၊ ဂဏ္ဍပါနံ၊ ဒိဗ္ဗပါနံ၊ ဂန္ဓပါနံ ဟု ပါဠိ ကွဲပြားနေသော်လည်း အကြောင်းအရာတူ ဖြစ်၍ ထိုလေးပုဒ်ကို နှီးစပ်အောင် အနက်မြန်မာပြန် နှီးနှောယူရန် ဖြစ်ပါသည်။

အခြား အဋ္ဌကထာ၊ ဋီကာတို့၌ စီရင်ရာ၊သောက်သုံးရာတို့ဝယ် ပါဠိသုံးနှုန်းပုံ တူညီသော်လည်း မူလပဏ္ဏာသအဋ္ဌကထာ၌ကား စီရင်ရာဝယ် “မဟာပါနံ သဇ္ဇယိံသု”ဟု ပါဠိသုံးနှုန်း၍၊ သောက်သုံးရာ၌ “ဂဏ္ဍပါနံ ပိဝိတွာ”ဟု ပါဠိကွဲ သုံးနှုန်းထားသည်ကို တွေ့ရ၏။

## မန္တပရိဝါရ-မန္တပရိဝါသ

ဝင်္ဂီသသည် မန္တန်စုတ်၍ သေသူ၏ ဦးခေါင်းခွံ ကို လက်သည်းဖြင့် ခြစ်ကြည့်ရုံမျှ(လက်ဖြင့် ခေါက်ကြည့်ရုံမျှ)ဖြင့် ထိုသူ၏ ဖြစ်ရာဌာနကို အမှန်အတိုင်း သိသူတည်း။

တစ်နေ့တွင် ဘုရားရှင်က ငရဲသို့ ရောက်နေသူ၏ ဦးခေါင်းခွံ၊ လူ့ပြည်သို့ရောက်နေသူ၏ ဦးခေါင်းခွံ၊ နတ်ပြည်သို့ ရောက်နေသူ၏ ဦးခေါင်းခွံ၊ ပရိနိဗ္ဗာန်ပြုပြီးသော ရဟန္တာပုဂ္ဂိုလ်၏ ဦးခေါင်းခွံ များကို ပြလှာ၏၊ ဝင်္ဂီသသည် ရှေး ဦးခေါင်းခွံသုံးမျိုး၏ ဖြစ်ရာဌာနကို မှန်ကန်စွာ ပြောဆိုနိုင်သည်၊ပရိနိဗ္ဗာန်ပြုပြီးသော ရဟန္တာ၏ ဦးခေါင်းခွံ ကို မန္တန်စုတ်၍ လက်ဖြင့်ခေါက်ကြည့်ရာ၌ကား ထိုရဟန္တာ၏ ဖြစ်ရာဌာနကို ဖော်မပြနိုင်တော့ပေ။ သူ၏မန္တန်အစွမ်းဖြင့် အဖန်ဖန်မန်းမှုတ်၍ ရဟန္တာ၏ ဖြစ်ရာဌာနကို သိအောင် ကြိုးစားသော်လည်း အချည်းနှီးပင် ဖြစ်နေရှာလေသည်၊ ဝင်္ဂီသ ပင်ပန်းနေ၏၊ နောက်ဆုံး ဦးခေါင်းခွံ ၏ ဖြစ်ရာဌာနကို သိအောင် မဖော်ပြနိုင်တော့ကြောင်း ဝန်ခံလိုက်လေသည်၊ ဤပုဂ္ဂိုလ်၏ ဖြစ်ရာဌာနကို“အရှင်ဘုရား သိပါသလား”ဟုလည်း ဘုရားရှင်အား မေးလျှောက်လိုက်သေး၏။

သည်တွင် ဘုရားရှင်က “အဟံ့ တေမ္ပိ ဇာနာမိ၊ ဣတော ဥတ္တရိတရမ္ပိ=ငါကတော့ ဒီနောက်ဆုံး ဦးခေါင်းခွံ ရဲ့ ဖြစ်ရာဌာနကိုလည်း သိတယ်၊ ရှေးဦးခေါင်းခွံတွေရဲ့ ဖြစ်ရာဌာနကိုလည်း သိတယ်” ဟု

ဖြေဆိုလိုက်လေသည်၊ ဝင်္ဂီသသည် ဘုရားရှင်ထံတော်မှ နောက်ဆုံး ဦးခေါင်းခွံ၏ ဖြစ်ရာဌာနကို သိသော မန္တန်ကို သင်ယူလို၏၊ ထို့ကြောင့် ဘုရားရှင်အား မန္တန်သင်ပေးရန် လျှောက်ထားလေသည်၊ သက်န်းဝတ်၍ မန္တန်သင်ယူမည် ရှိသည့်အခါ ဘုရားရှင်က "မန္တန်ပရိဝါသ်" ကို ရှေးဦးစွာ သင်ယူသင့်ကြောင်း မိန့်တော်မူသည်။ ဤ၌ အချို့ အဋ္ဌကထာများက "မန္တပရိဝါရ" သုံးနှုန်း၍ အချို့အဋ္ဌကထာများက "မန္တပရိဝါသံ" ဟု သုံးနှုန်းထားသည်ကို တွေ့ရသည်။ (ယင်းပုဒ်များကြည့်)

ရှင်တော်ဂေါတမ ဘုရားလောင်း ဖွားမြင်စက ပုဏ္ဏားရှစ်ယောက်တို့ လက္ခဏာ ဖတ်ကြသည်။ ပုဏ္ဏားသုံးယောက်က "ဤလက္ခဏာတို့နှင့် ပြည့်စုံသူသည် လူ့လောက၌ နေအံ့ စကြဝတေးမင်း ဖြစ်လိမ့်မည်၊ တောထွက် ရဟန်းပြုအံ့ ဘုရားဖြစ်လိမ့်မည်" ဟု လက္ခဏာ ဖတ်ကြသည်။ ကောဏ္ဍည အမျိုးရှိသော ပုဏ္ဏားငါးယောက်ကမူ "ဤသို့သော လက္ခဏာတို့နှင့် ပြည့်စုံသူသည် လူ့လောက၌ နေလိမ့်မည်မဟုတ်၊ တောထွက် ရဟန်းပြု၍ ဘုရားသာ ဖြစ်လိမ့်မည်" ဟု လက္ခဏာ ဖတ်ကြသည်။

**ဤ၌ မူလပဏ္ဏာသ အဋ္ဌကထာ (မ၊ဋ္ဌ၊ ၂။၉၂) က—**

တေသု ပုရိမာ တယော ယထာ မန္တပဒံ ဂတာ၊ ဣမေ ပန ပဉ္စ မန္တပဒံ အတိက္ကန္တာ—

ဟု သုံးနှုန်းသည်။

**ဝဇီရဗုဒ္ဓိဋီကာ (ဝဇီရ။ ၃၉၉-၄၀၀) ဆရာက—**

တေသု ပုရိမာ တယော ယထာမန္တပါရံ ဂတာ၊ ဣမေ ပန မန္တပါရံ အတိက္ကမန္တာ—

ဟု သုံးနှုန်းထားသည်။

အဋ္ဌကထာနှင့်ဋီကာ မန္တပဒ,မန္တပါရ-ဟု ပါဠိကွဲ သုံးနှုန်းထားသော်လည်း အနက်မြန်မာပြန် အလွန်ကြီး ကွာဟမသွားအောင် ညှိနှိုင်း ပြန်ဆိုရမည်ဖြစ်ပါသည်။ (သာရတ္ထ၊၃။၁၆၁-၂။ လည်းကြည့်။ အပဒါနအဋ္ဌကထာ (အပ၊ဋ္ဌ၊၁။၆)၊ ဇာတကအဋ္ဌကထာ (ဇာ၊ဋ္ဌ၊၁။၆၆) တို့၌ စကြဝတေးမင်း သော်လည်းကောင်း၊ ဘုရားသော်လည်းကောင်း ဖြစ်အံ့-ဟု လက္ခဏာဖတ်သော ပုဏ္ဏားခုနစ်ယောက်ဟု တစ်မျိုးဆိုသေးသည်။)

ပဿာဒစက္ခု၏ ပမာဏကို ပြရာ၌ အဋ္ဌသာလိနီ (အဘိ၊ဋ္ဌ၊၁။၃၄၅) စသော အဋ္ဌကထာအများစုဝယ် "သတ္တအက္ခိပဋလာနိ ဗျာပေတွာ....ပမာဏတော ဩကာသိရမတ္တံ" ဟု ပြဆိုကြ၏။ ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ (ပဋိသံ၊ဋ္ဌ၊၁။၇၃) ဆရာကမူ "သတ္တအက္ခိပဋလာနိ ဗျာပေတွာ ပမာဏတော မုဂ္ဂဝိဒလမတ္တံ" ဟု ဆိုလေသည်၊ ဤအဖွင့်များ၌ "ဩကာသိရမတ္တ,မုဂ္ဂဝိဒလမတ္တ" ဟု ပါဠိချင်း ကွဲနေခြင်းကြောင့် အနက်လည်း ကွဲရမည်ဖြစ်ပါသည်။ သို့ရာတွင် အရွယ်အစား ပမာဏချင်းကား မကွာခြားသင့်ပါ။

စကြာမင်း၏ စကြာရတနာကို ဖွင့်ဆိုရာ၌ ဒီဃနိကာယ အဋ္ဌကထာ (ဒီ၊ဋ္ဌ၊၂။၂၁၀)၊ မဇ္ဈိမနိကာယ အဋ္ဌကထာ (မ၊ဋ္ဌ၊၄။၁၅၃) တို့ဝယ်—

"နေမိမဏ္ဍလပိဋ္ဌိယံ ပနဿ ဒသန္နံ ဒသန္နံ အရာနံ အန္တရေ....ဝါတဂါဟီ ပဝါဠဒဏ္ဍော ဟောတိ၊ ယဿ ဝါတေရိတဿ သုကုသလသမန္နာဟတဿ ပဉ္စင်္ဂိကတူရိယဿာ ဝိယ သဒ္ဒေါ ဝဂ္ဂု စ ရဇနီယော စ ကမနီယော စ မဒနီယော စ ဟောတိ"—

ဟု ဖွင့်ဆိုကြသည်။

ခုဒ္ဒကပါဌ အဋ္ဌကထာ (ခုဒ္ဒက၊ ဋ္ဌ။၁၄၄)၊ သုတ္တနိပါတ အဋ္ဌကထာ (သုတ္တနိ၊ဋ္ဌ၊ ၁။၂၇၃) တို့၌–

"ယဿ ဒသန္နံ ဒသန္နံ အရာနမုပရိ ဇော မုဏ္ဍာဝရံ ဟောတိ ဝါတံ ဂဟေတွာ သဒ္ဒကရဏတ္ထံ၊ ယေန ကတော သဒ္ဒေါ သုကုသလပတာဠိတပဥ္စင်္ဂိကတူရိယသဒ္ဒေါ ဝိယ ဟောတိ"–

ဟု ဖွင့်ပြကြသည်။

စကြာရတနာ၌ တူရိယာသံ ထွက်ပေါ်လာစေရန် တပ်ဆင်သည့် ကိရိယာကို ဒီ၊ဋ္ဌ၊မ၊ဋ္ဌ-တို့က "ပဝါဠဒဏ္ဍော" ဟု သုံးနှုန်း၍ ခုဒ္ဒက၊ ဋ္ဌ, သုတ္တနိ၊ ဋ္ဌ–တို့က "မုဏ္ဍာဝရံ" ဟု သုံးနှုန်းထားခြင်း ဖြစ်သည်။ ပါဠိသုံးနှုန်းပုံ ကွဲပြားသော်လည်း စကြာရတနာ၌ တူရိယာသံ ထွက်ပေါ်လာစေရန် တပ်ဆင်ထားသည့် ကိရိယာချင်း တူညီနေသောကြောင့် သဘာဝအားဖြင့် တူညီရမည်ဖြစ်ပါသည်။

## မာရာပနပဏ္ဏ မရဏပဏ္ဏ

ဃောသကၡ၏ မွေးစားဖခင်သည် ဃောသကကို သတ်ရန် အမျိုးမျိုး ကြံစည်ခဲ့၏၊ ကြံစည်ရင်း သူ၏သားအရင်းသာ ဆုံးရှုံးခဲ့ရသည်၊ ဃောသကကို သတ်ရန်အကြံကား အထမမြောက်ခဲ့၊ နောက်ဆုံး ကြိုးပမ်းသည့်အနေဖြင့် ရွာနီးချုပ်စပ်မှ အမှုလုပ်စာရေး(ကမ္မန္တိက,အာယုတ္တက)တစ်ဦးထံ "ဤစာ ပါလာသူအား သတ်ပစ်လိုက်ပါ" ဟု စာရေး၍ ဃောသကကို အပေးခိုင်းလိုက်သည်၊ ဃောသကကား သေစာ ရှင်စာမျှ ဖတ်တတ်သူ မဟုတ်၊ ထို့ကြောင့် "သူကို သတ်ပစ်လိုက်ပါ" ဟူသောစာကို သူပုဆိုးစွန်း၌ ဖွဲ့ချည်၍ သွားပေးလေသည်။

ဓမ္မပဒအဋ္ဌကထာ (ဓမ္မ၊ဋ္ဌ၊၁။၁၁၅) ဝယ်–

ဣတိ သော အတ္တနော မာရာပနပဏ္ဏမေဝ ဒုဿန္တေ ဗန္ဓိတွာ နိက္ခမန္တော အာဟ–

ဟု သုံးနှုန်းသည်။

ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ (ပဋိသံ၊ဋ္ဌ၊၂။၂၉၉) ၌–

သော အတ္တနော မရဏပဏ္ဏမေဝ ဒုဿန္တေ ဗန္ဓိတွာ နိက္ခမန္တော အာဟ–

ဟု သုံးနှုန်းသည်။

အင်္ဂုတ္တိုရ်အဋ္ဌကထာ (အံ၊ဋ္ဌ၊၁။၃၂၈) ၌လည်း–

အယံ အတ္တနော မရဏပဏ္ဏံ သယမေဝ ဂဟေတွာ အာဂစ္ဆတိ–

ဟု သုံးနှုန်း၏။

## အဋ္ဌကထာချင်း မတူကြပုံ

အဋ္ဌကထာ ၃၅-အုပ်ကို ရှင်မဟာဗုဒ္ဓဃောသအ ဖွင့်ဆိုရေးသားခဲ့သော ကျမ်းများဖြစ်သည်ဟု ကမ္ဘာ့ပါဠိပညာရှင်များက လက်ခံထားကြသည် (တိပိဋက ပါဠိမြန်မာ အဘိဓာန် ပ-အုပ် နိဒါန်းနှာ ၃-ကြည့်)။ ရှင်မဟာဗုဒ္ဓဃောသကလည်း မဟာအဋ္ဌကထာ စသော ရှေးအဋ္ဌကထာကြီးများကို အမှီသဟဲပြု၍ အဋ္ဌကထာသစ်များ ရေးသားစီရင်ကြောင်း ဝန်ခံခဲ့သည်။ သုတ်မဟာဝါ အဋ္ဌကထာ, သံယုတ္တအဋ္ဌကထာ, သမ္မောဟဝိနောဒနီအဋ္ဌကထာများသည် ရှင်မဟာဗုဒ္ဓဃောသပြုစုသည့် အဋ္ဌကထာ

ကျမ်းစာရင်း၌ ပါဝင်လေသည်၊ ယင်းအဋ္ဌကထာများ၌ ဥပမာန ဥပမေယျ နှိုးနှော၍ပြရာတွင် တစ်ကျမ်းနှင့်တစ်ကျမ်း မတူသည်ကို တွေ့ရသည်။

အနည်းငယ် ထုတ်ပြပါမည်—

ရာထူးကြီးကြီးရအောင် ကြိုးစားရာ၌ မင်း၏ အလိုဆန္ဒကိုလိုက်၍ မင်းကြိုက်ပြောပြီး ရာထူးကြီးကြီးရအောင် ကြိုးစားသူ။ အရေးကြုံလာမှ မိမိ၏လုံ့လဝီရိယကို အားကိုး၍ ရာထူးကြီးကြီးရအောင် ကြိုးစားသူ။ မိမိ၏ ဇာတ်စင်ကြယ်မှု (အမျိုးမြတ်မှု ဥပဓိရုပ်ဖြောင့်မှု) စသည်ကို အားကိုးပြီး ရာထူးကြီးကြီးရအောင် ကြိုးစားသူ။ မိမိတတ်မြောက်ထားသည့် အတတ်ပညာကို အားကိုးပြီး ရာထူးကြီးကြီးရအောင် ကြိုးစားသူဟု ပုဂ္ဂိုလ်လေးမျိုး ရှိ၏။

ထို့အတူ လောကုတ္တရာ တရားထူးကို ရအောင် ကြိုးစားရာ၌ "ဆန္ဒအားကြီး လိုတိုင်းပြီးရမည်" ဟူသော စကားရပ်အရ (ဆန္ဒိဒ္ဓိပါဒ်)ကို ပဓာန လက်ကိုင်ပြု၍ တရားထူး ရအောင် ကြိုးစားသူ။ မိမိလုံ့လဝီရိယ (ဝီရိယိဒ္ဓိပါဒ်)ကို ပဓာနလက်ကိုင်ပြု၍ တရားထူးရအောင် ကြိုးစားသူ။ စိတ္တိဒ္ဓိပါဒ်ကို ပဓာနလက်ကိုင်ပြု၍ တရားထူးရအောင် ကြိုးစားသူ။ ပညာ (ဝီမံသိဒ္ဓိပါဒ်)ကို ပဓာနလက်ကိုင်ပြု၍ တရားထူးရအောင် ကြိုးစားသူဟု လေးမျိုးပြား၏။

ထိုတွင် ဥပမာန ဥပမေယျ နှိုးနှော၍ပြရာဝယ် သုတ်မဟာဝါအဋ္ဌကထာ၊ သံယုတ် အဋ္ဌကထာတို့၌ အတတ်ပညာကို အားကိုးပြီး ရာထူးကြီးကြီးရအောင် ကြိုးစားသူနှင့် စိတ္တိဒ္ဓိပါဒ်ကို ပဓာနလက်ကိုင်ပြု၍ တရားထူးရအောင် ကြိုးစားသူ တူသည်ဟု ဖွင့်ပြကြသည်။

> ကော "ဒိဝသေ ဒိဝသေ ဥပဋ္ဌာနမ္ပိ ဥဒ္ဒေန သတ္တိသရပဋိစ္ဆန္နမ္ပိ ဘာရောယေဝ၊ မန္တဗလေန အာရာမေဿာမီ"တိ ခတ္တဝိဇ္ဇာယ ကတပရိစယတ္တာ မန္တသံဝိဓာနေန ရာဇာနံ အာရာမေတွာ ဌာနန္တရံ ပါပုဏာတိ။ ယထာ သော ဧဝံ စိတ္တဓုရေန လောကုတ္တရဓမ္မနိဗ္ဗတ္တကော ဝေဒိတဗ္ဗော။ (ဒီ၊ဋ္ဌ၊၂။၂၃၆။ သံ၊ဋ္ဌ၊၃။၂၈၈။)

သမ္မောဟဝိနောဒနီအဋ္ဌကထာ၌ မိမိဇာတ်စင်ကြယ်မှုကို အားကိုးပြု၍ ရာထူးကြီးကြီးရအောင် ကြိုးစားသူနှင့် စိတ္တိဒ္ဓိပါဒ်ကို ပဓာနလက်ကိုင်ပြု၍ တရားထူးရအောင် ကြိုးစားသူ တူသည်ဟု ဖွင့်ပြသည်။

> တတိယော "သူရဘာဝေပိ သတိ ကေစ္စော ဟိနဇာတိကော ဟောတိ၊ ဇာတိံ သောမေတွာ ဌာနန္တရံ ဒဒန္တာ မယှံ ဒဿန္တီ"တိ ဇာတိံ အဝဿယိ၊ ဇာတိသမ္ပတ္တိယာ ဌာနန္တရံ ပတ္တော ဝိယ စိတ္တံ ဇေဋ္ဌကံ စိတ္တံ ဓုရံ စိတ္တံ ပုဗ္ဗင်္ဂမံ ကတွာ လောကုတ္တရဓမ္မနိဗ္ဗတ္တကော ဒဋ္ဌဗ္ဗော သမ္ဘူတတ္ထေ-ရောဝိယ။ (အဘိ၊ဋ္ဌ၊၂။၂၈၂။)

အတတ်ပညာကို အားကိုးပြီး ရာထူးကြီးကြီးရအောင် ကြိုးစားသူနှင့် ပညာ (ဝီမံသိဒ္ဓိပါဒ်) ကို ပဓာနလက်ကိုင်ပြုပြီး တရားထူးရအောင် ကြိုးစားသူ တူသည်ဟု ဖွင့်ပြထားသည်။

> စတုတ္ထော "ဇာတိမာပိ ကော အမန္တနီယော ဟောတိ၊ မန္တေန ကတ္တဗ္ဗကိစ္စေ ဥပ္ပန္နေ အာဟာရပေဿာမေတံ ဌာနန္တရ"န္တိ မန္တံ အဝဿယိ။ မန္တံ အဝဿာယ ဌာနန္တရပ္ပတ္တော ဝိယ ဝီမံသံ ဇေဋ္ဌကံ ဝီမံသံ ဓုရံ ဝီမံသံ ပုဗ္ဗင်္ဂမံ ကတွာ လောကုတ္တရဓမ္မနိဗ္ဗတ္တကော ဒဋ္ဌဗ္ဗော ထေရော မောဃရာဇာ ဝိယ။ (အဘိ၊ဋ္ဌ၊၂။၂၈၂-၃။)

သုတ်မဟာဝါအဋ္ဌကထာ, သံယုတ်အဋ္ဌကထာတို့ကား မိမိ၏ဇာတ်စင်ကြယ်မှုကို အားကိုးပြု၍ ရာထူးကြီးကြီးရအောင် ကြိုးစားသူနှင့် ပညာ(ဝိမံသိဒ္ဓိပါဒ်)ကို ပဓာနလက်ကိုင်ပြု၍ တရားထူးရအောင် ကြိုးစားသူ တူသည်ဟု ဖွင့်ပြကြသည်။

> အပရော“ကိံ ဣမေဟိ ဥပဋ္ဌာနာဒီဟိ၊ရာဇာနော နာမ ဇာတိသမ္ပန္နဿ ဌာနန္တရံ ဒေန္တိ၊ တာဒိသဿ ဒေန္တော မယှံ ဒဿတိ”တိ ဇာတိသမ္ပတ္တိမေဝ နိဿာယ ဌာနန္တရံ ပါပုဏိ။ ယထာ သော ဇာတိ သုပရိသုဒ္ဓံ ဝီမံသံ နိဿာယ ဝီမံသဓုရေန လောကုတ္တရဓမ္မနိဗ္ဗတ္တကော ဝေဒိတဗ္ဗော။ (ဒီ၊ဋ္ဌ၊၂။၂၃၆။ သံ၊ဋ္ဌ၊၃။၂၇၈။)

ဤ၌ ဥပမာန ဥပမေယျ နှီးနှောပြရာဝယ် အဋ္ဌကထာချင်း ကွဲလွဲနိုသာမက ပါဠိသုံးနှုန်းပုံချင်း မတူသည်ကိုလည်း သတိပြုရပါမည်။ (မန္တဗလေန, မန္တေန စသည်)

## နိဿယ ဂဏ္ဌိတို့နှင့် အယူအဆကွဲပုံ

အချို့ပုဒ်များ၌ နိဿယ ဂဏ္ဌိစသည်တို့နှင့် အနက်မြန်မာပြန်ဆိုပုံ လုံးဝကွဲပြားနေသည်ကို တွေ့ရပါလိမ့်မည်၊ ယင်းသို့ ကွဲပြားသည့်နေရာ၌ နိဿယဆရာတော်၊ဂဏ္ဌိဆရာတော်များ၏ အယူအဆကို မှားယွင်းသည်ဟု ဆိုလိုရင်းမဟုတ်ပါ၊ နိဿယဆရာတော်၊ ဂဏ္ဌိဆရာတော်များသည် သမာဓိလည်း အားကောင်းကြပါသည်၊ ဉာဏ်ပညာလည်း ကြီးကျယ်ကြပါသည်။ ထိုဆရာတော်များ ရေးသားစဉ်က မှားယွင်းမည် မဟုတ်ပါ၊ အဆင့်ဆင့် ရေးကူးလာသဖြင့် မှားယွင်းခြင်းသာ ဖြစ်ပါလိမ့်မည်။ (တိပိဋက ပါဠိမြန်မာ အဘိဓာန်အတွဲ(၆) နိဒါန်း ဃ၊င ကြည့်။)

ထိုနေရာမျိုး၌ နိဿယ ဂဏ္ဌိတို့နောက် မလိုက်ဘဲ တစ်မျိုးတစ်ဖုံ ကွဲလွဲစွာ အနက်မြန်မာ ပြန်ထားသည်ကို တွေ့ရပါလိမ့်မည်။ သိသာရန် ပုံစံအချို့ ထုတ်ပြပါမည်—

> ဒတွာ မုခပဟာရာနိ၊ သာခဿ ဝဇနံ ကရာ= (ဇာ၊၁။၂၁၁။ ဇာ၊ဋ္ဌ၊၄။၄၁။)

ဤ၌ ဇာတ်ဝတ္ထု မြန်မာပြန်ရာဝယ် “မုခပဟာရာနိ ဒတွာ= နှုတ်လှန် ထိုးကုန်၍” – ဟု ပြန်သည်။

ဇာတ်ကြောင်းကို အပြည့်အစုံ သေချာစေ့စပ်စွာ ကြည့်ရှုသည့်အခါ–

> ဟတ္ထပါဒဇဏ္ဏုကပ္ပရေဟိ ကောဋ္ဋေတွာ ဂီဝါယံ ဂါဟာပေတွာ နီဟရာပေတိ–

ဟု ရှေးနား (ဇာ၊ဋ္ဌ၊၄။၄၀)၌ တွေ့ရ၏။

ဇာတကပါဠိတော် (ဇာ၊၁။၂၁၁)၌ ဟောထားသည့်–

> တတော ဂလဝိနီတေန၊ ပုရိသာ နီဟရိံသု မံ။
>
> ဒတွာ မုခပဟာရာနိ၊ သာခဿ ဝဇနံ ကရာ။ ။–

ဟူသော ဂါထာသည် စုဏ္ဏိယပါဠိနှင့် အသွားအလာတူညီသည်ကို တွေ့ရ၏။ ထို့ပြင် ဘုရားရှင်သည် “နှုတ်လှန်”ဟူသော စကားလုံးကို သုံးနှုန်းရာ, “အည မည့ံ မုခသတ္တီဟိ ဝိတုဒန္တာ ဝိဟရန္တိ” (ဝိ၊၃။၄၆၆။ မ၊၁။၂၈၅။ အံ၊၁။၇၁၊၂၄၅။ ဥဒါန။၁၅၉)ဟု “မုခသတ္တိ” ဟူသော ပါဠိစကားလုံးဖြင့် သုံးနှုန်းသည်ကို တွေ့ရ၏။

ထို့ကြောင့် ကျမ်းပြုအဖွဲ့က "မုခပဟာရ"ကို နှုတ်လှန်ဟု မပြန်ဆိုသင့်၊ **မျက်နှာတို့ကို ထိုးနှက်ပုတ်စတ်ခြင်း** ဟူ၍သာ ပြန်ဆိုသင့်သည်ဟု သဘောရကြသည်။ ပညာရှင်များ အနေဖြင့်မူ ကြိုက်ရာကို လက်ခံကြရန် ဖြစ်ပါသည်။(မက္ကဋိယ,မုခမက္ကဋိက,-မုခသညာ စသည်လည်းကြည့်။)

## မျက်နှာကြီးရာ ဟင်းဖတ်ပါ

ပါဠိ အဋ္ဌကထာ ဋီကာတို့နှင့် ဆက်နွယ်နေသော မြန်မာစကားပုံ တော်တော်များများ ရှိ၏။ ဥပမာ—"ပိုးသာကုန် မောင်ပုံ စောင်းမတတ်၊ မျက်နှာကြီးရာ ဟင်းဖတ်ပါ၊ သမင်မွေးဘိ ကျားစားဘိ၊ ခြေသုတ်ပုဆိုး မြွေစွယ်ကျိုးသို့ ချိုကျိုးနွားသွင် မာန်လျော့ချင်" စသည်။ ထိုတွင် အချို့စကားပုံများသည် ဇာတ်နိပါတ်ဘစ်ခုလုံးကိုခြုံငုံ၍ စကားပုံ ဖြစ်လာခြင်းတည်း၊ အချို့စကားပုံများကား ဇာတ်နိပါတ်လာ အကြောင်းအရာ ဟစ်စိတ်တစ်ဒေသကို အခြေခံ၍ စကားပုံ ဖြစ်လာသည်၊ အချို့စကားပုံများကမူ ပါဠိ အဋ္ဌကထာ ဋီကာလာ ပုဒ်တစ်ခုကို တိုက်ရိုက်ဘာသာပြန်ထားသဖြင့် စကားပုံအဖြစ် ပေါ်ပေါက်လာခြင်းဖြစ်သည်။ ထိုသုံးမျိုးအနက်"မျက်နှာကြီးရာ ဟင်းဖတ်ပါ" ဟူသော စကားပုံသည် "သတ္ထာ မုခေါလောကနေန ဘိက္ခံ ဒေတိ"ကို ဆီလျော်အောင် ဘာသာပြန်ထား၍ စကားပုံဖြစ်လာဟန်တူသည်။

အနည်းငယ် ရှင်းပြပါမည်—

ဘုရားရှင်သည် သာရိပုတ္တရာ ရဟန္တာဖြစ်သောနေ့၌ သံဃာစည်းဝေးစေ၍ သာရိပုတ္တရာ မောဂ္ဂလာန်တို့အား "အဂ္ဂသာဝက"ရာထူး ပေးလိုက်သည်။ ပဉ္စဝဂ္ဂီငါးဦး, ယသဦးဆောင်သော ရဟန်းငါးဆယ့်ငါးပါး,ဘဒ္ဒဝဂ္ဂီညီနောင်သုံးကျိပ်,ဥရုဝေလကဿပ စသောညီနောင်သုံးဦး ဦးဆောင်သောရဟန်းများသည် သာရိပုတ္တရာ မောဂ္ဂလာန်တို့အလျင် ရဟန္တာဖြစ်နှင့်ကြသည်၊အလျင်ရဟန္တာ ဖြစ်နှင့်ကြသော ထိုထိုရဟန်းတို့အား "အဂ္ဂသာဝက"ရာထူး မပေးမူ၍ နောက်မှ ရဟန္တာဖြစ်ကြသည့် သာရိပုတ္တရာ မောဂ္ဂလာန်တို့အား "အဂ္ဂသာဝက" ရာထူး ပေးလိုက်သဖြင့် ရဟန်းများက "သတ္ထာ မုခေါလောကနေန ဘိက္ခံ ဒေတိ"ဟု ကဲ့ရဲ့ကြသည်၊ သာရိပုတ္တရာ မောဂ္ဂလာန်တို့က သေဋ္ဌေးဘဝမှ ရဟန်းပြုလာသူများဖြစ်၍ ရာထူးကြီးကြီး ပေးသည်ဟု ကဲ့ရဲ့လိုကြဟန်တူသည်။ (ဓမ္မ၊ဋ္ဌ၊၁။၆၁—ကြည့်။)

## နေမင်းတစ်ဆူ ထွက်ပြူလာပြီ

ကမ္ဘာတည်စ ခါသမယ၌ ကမ္ဘာဦးသူ လူအများတို့သည် အမှောင်ထုကြီးအတွင်းဝယ် ကြောက်ရွံ့စိုးထိတ် အားငယ်စိတ်တို့ဖြင့် နေထိုင်ကြစဉ် အရှေ့လောကဓာတ်မှ ရောင်ခြည်တစ်ထောင် အလင်းဆောင်သော နေမင်းကြီးသည် ထွက်ပေါ်လာခဲ့၏။ ထိုအခါ လူအများသည် "အမှောင်ကင်း၍ အလင်းရပေပြီ"ဟု ဝမ်းသာအားရ ရဲရင့်တက်ကြွစိတ် ဖြစ်ပေါ်လာရကား နေမင်းကြီးကို သူရိယ (ရဲရင့်ခြင်းကို ဖြစ်စေသူ)ဟု သမုတ်ဝေါဟာ အမည်သညာ ပြုခဲ့ကြ၏။ တို့အတူ အနက်မထင် ပုဒ်မမြင်၍ ပင်ပန်းနွမ်းဟိုက် အမှောင်တိုက်ဝယ် စမ်းတဝါးဝါး စခန်းသွားနေကြရသည့် ပါဠိသုတေသီ ပညာရှင်များအဖို့ ဤတိပိဋက ပါဠိမြန်မာ အဘိဓာန်ကျမ်းကြီးသည် အတ္တငဒ အလင်းပြ၍ အားရရွှင်လန်း ရဲစွမ်းသတ္တိ ရာနှုန်းပြည့်ဖြစ်စေလျက် ပေါ်ထွက်လာခဲ့ရကား "နေမင်း တစ်ဆူ ထွက်ပြူလာပြီ"ဟူ၍ပင် ဆိုသင့်ဆိုထိုက်လှပေတော့၏၊ ကမ္ဘာ့ပါဠိစာပေ ပညာရှင်များသည် ဤတိပိဋက ပါဠိမြန်မာ အဘိဓာန်ကျမ်း တည်းဟူသော နေမင်းကြီးကို အားကိုးအားထားပြု၍ ပိဋကသုံးသွယ် ကျမ်းပင်လယ်ကို အလွယ်တကူ ကူးမြောက်နိုင်ကြပါစေဟု ဆန္ဒပြုလိုက်ရပေသတည်း။

### တိပိဋက ပါဠိ-မြန်မာအဘိဓာန်၌ အသုံးပြုသော

# ကျမ်းစဉ်ပုံ, အက္ခရာစဉ်ပုံနှင့် သင်္ကေတများ

ဤ တိပိဋက ပါဠိ-မြန်မာအဘိဓာန်၌ အသုံးပြုရသော ပါ-ဋ္ဌ-ဋီကျမ်းစဉ်ပုံ, အက္ခရာစဉ်ပုံနှင့် သင်္ကေတပြပုံတို့ကို သိရှိရန် ဖော်ပြပါအံ့။

**ကျမ်းစဉ်ပုံ။** ။ဤအဘိဓာန်တွင် ပုဒ်တစ်ခုအတွက် ပါ-ဋ္ဌ-ဋီကျမ်းများကို အကိုးအကားပြုရာ၌ မူရင်းပဓာနကျသော ကျမ်းစာအုပ်အလိုက် ကိုးကားထားသည်၊ တစ်နည်းအားဖြင့် ကျမ်းစာ အနု အရင့် အဆင့်အတန်း ၃-မျိုးခွဲ၍ ကိုးကားထားသည်။

ဥပမာ—ပါဠိတော်ပြီးမှ အဋ္ဌကထာကိုလည်းကောင်း၊ ထို့နောက်မှ ဋီကာကျမ်းများကိုလည်းကောင်း အကိုးအကားပြုသည်။

ယင်း ပါဠိတော်တို့တွင်လည်း နိကာယ် ၅-ရပ် ပိဋက ၃-ပုံတွင် ခုဒ္ဒကနိကာယ်ဝင် ဝိနည်း ၅-ကျမ်းကို ဦးစွာ ကိုးကား၍ ပြီးမှ ဒီဃနိကာယ်၊ မဇ္ဈိမနိကာယ်၊ သံယုတ္တနိကာယ်၊ အင်္ဂုတ္တရနိကာယ်နှင့် ကျန်ခုဒ္ဒကနိကာယ်ဝင် ကျမ်းများကို အစဉ်အလိုက် ကိုးကားသည်။

ကျန် ခုဒ္ဒကနိကာယ်ဝင် ကျမ်းများတွင်လည်း (ပူးတွဲပါ ကျမ်းစဉ်ပုံ ဇယားအရ) အဘိဓမ္မာ ၇-ကျမ်းကို ဦးစွာ ကိုးကား၍ ပဋ္ဌိသမ္ဘိဒါမဂ်စသော ပါဠိတော်များကို ကိုးကားသည်။

သို့ရာတွင် အဘိဓာန်ဝင်ပုဒ်သည် ဝိနယဝေါဟာရပုဒ် ဖြစ်ပါမူ ဝိနည်းကျမ်းများကို ဦးစားပေး၍လည်းကောင်း၊ အခြားအဘိဓမ္မဝေါဟာရ, သုတ္တန္တဝေါဟာရပုဒ် ဖြစ်ပါမူ အဘိဓမ္မာကျမ်း, သုတ္တန်ကျမ်းများကို ဦးစားပေး၍လည်းကောင်း ကိုးကားသည်လည်း ရှိသည်။

**ကျမ်းမည်သင်္ကေတ။** ။ပါဠိ, အဋ္ဌကထာ, ဋီကာ ကျမ်းစာအမည်များကို ဖော်ပြရာ၌ အပြည့်အစုံမဖော်ပြဘဲ အတိုကောက် သင်္ကေတနည်းဖြင့်သာ ပြဆို၍ နိကာယ်ကျမ်းစာ အရေအတွက်အလိုက် ၁-၂-၃-၄-ဂဏန်းများဖြင့်လည်း ပူးတွဲပြဆိုထားသည်။

ဥပမာ—ဝိနည်းပါဠိတော် ၅-ကျမ်းတွင် နံပါတ် ၁-ဖြစ်သော ပါရာဇိကဏ် ပါဠိတော်ကျမ်းကို 'ဝိ၊ ၁။'ဟု သင်္ကေတပြ၍ သုံးစွဲထားသည်။

ဤနည်းဖြင့် ပူးတွဲပါ ကျမ်းစဉ်နှင့် သင်္ကေတဇယားများကို အသုံးပြု၍ ကိုးကားထားပါသည်။ အဘိဓာန်ဝင် တည်ပုဒ်များကို အက္ခရာစဉ်ရာ၌လည်း ပူးတွဲပါဇယားကို မှီထား၍ အက္ခရာစဉ်ထားပါသည်။ (ဇယားကို ကြည့်။)

## ကျမ်းစဉ်ပုံနှင့် ကျမ်းအမည် သင်္ကေတ

### ပါဠိတော်များ

| ဦးရေ | ကျမ်းအမည် | သင်္ကေတ |
|---|---|---|
| | **ဝိနယပိဋက** | |
| ၁ | ပါရာဇိကပါဠိ | ဝိ၊၁။ |
| ၂ | ပါစိတ္တိယပါဠိ | ဝိ၊၂။ |
| ၃ | မဟာဝဂ္ဂပါဠိ | ဝိ၊၃။ |
| ၄ | စူဠဝဂ္ဂပါဠိ | ဝိ၊၄။ |
| ၅ | ပရိဝါရပါဠိ | ဝိ၊၅။ |
| | **ဒီဃနိကာယ** | |
| ၆ | သီလက္ခန္ဓဝဂ္ဂပါဠိ | ဒီ၊၁။ |
| ၇ | မဟာဝဂ္ဂပါဠိ | ဒီ၊၂။ |
| ၈ | ပါထိကဝဂ္ဂပါဠိ | ဒီ၊၃။ |
| | **မဇ္ဈိမနိကာယ** | |
| ၉ | မူလပဏ္ဏာသပါဠိ | မ၊၁။ |
| ၁၀ | မဇ္ဈိမပဏ္ဏာသပါဠိ | မ၊၂။ |
| ၁၁ | ဥပရိပဏ္ဏာသပါဠိ | မ၊၃။ |
| | **သံယုတ္တနိကာယ** | |
| ၁၂ | သဂါထာဝဂ္ဂနှင့်နိဒါန-ဝဂ္ဂသံယုတ္တပါဠိ | သံ၊၁။ |
| ၁၃ | ခန္ဓဝဂ္ဂနှင့် သဠာယ-တနဝဂ္ဂသံယုတ္တပါဠိ | သံ၊၂။ |
| ၁၄ | မဟာဝဂ္ဂသံယုတ္တပါဠိ | သံ၊၃။ |
| | **အင်္ဂုတ္တရနိကာယ** | |
| ၁၅ | အင်္ဂုတ္တရပါဠိ (၁) | အံ၊၁။ |
| ၁၆ | အင်္ဂုတ္တရပါဠိ (၂) | အံ၊၂။ |
| ၁၇ | အင်္ဂုတ္တရပါဠိ (၃) | အံ၊၃။ |

| ဦးရေ | ကျမ်းအမည် | သင်္ကေတ |
|---|---|---|
| | **အဘိဓမ္မာပိဋက** | |
| ၁၈ | ဓမ္မသင်္ဂဏီပါဠိ | အဘိ၊ဓ။ |
| ၁၉ | ဝိဘင်္ဂပါဠိ | အဘိ၊ဝိ။ |
| ၂၀ | (က) ဓာတုကထာပါဠိ | အဘိ၊ဓာ။ |
| | (ခ) ပုဂ္ဂလပညတ္တိပါဠိ | အဘိ၊ပု။ |
| ၂၁ | ကထာဝတ္ထုပါဠိ | အဘိ၊က။ |
| ၂၂ | ယမကပါဠိ (၁) | ယမက၊၁။ |
| ၂၃ | ယမကပါဠိ (၂) | ယမက၊၂။ |
| ၂၄ | ယမကပါဠိ (၃) | ယမက၊၃။ |
| ၂၅ | ပဋ္ဌာနပါဠိ (၁) | ပဋ္ဌာန၊၁။ |
| ၂၆ | ။ (၂) | ပဋ္ဌာန၊၂။ |
| ၂၇ | ။ (၃) | ပဋ္ဌာန၊၃။ |
| ၂၈ | ။ (၄) | ပဋ္ဌာန၊၄။ |
| ၂၉ | ။ (၅) | ပဋ္ဌာန၊၅။ |
| | **ခုဒ္ဒကနိကာယ** | |
| ၃၀ | ပဋိသမ္ဘိဒါမဂ္ဂပါဠိ | ပဋိသံ။ |
| ၃၁ | (က) ခုဒ္ဒကပါဌပါဠိ | ခုဒ္ဒက။ |
| | (ခ) ဓမ္မပဒပါဠိ | ဓမ္မ။ |
| | (ဂ) ဥဒါနပါဠိ | ဥဒါန။ |
| | (ဃ) ဣတိဝုတ္တကပါဠိ | ဣတိဝုတ်။ |
| | (င) သုတ္တနိပါတပါဠိ | သုတ္တနိ။ |
| ၃၂ | (က) ဝိမာနဝတ္ထုပါဠိ | ဝိမာန။ |
| | (ခ) ပေတဝတ္ထုပါဠိ | ပေတ။ |
| | (ဂ) ထေရဂါထာပါဠိ | ထေရ။ |
| | (ဃ) ထေရီဂါထာပါဠိ | ထေရီ။ |

## ကျမ်းစဉ်ပုံနှင့် ကျမ်းအမည် သင်္ကေတ

## ပါဠိတော်များ


| ဦးရေ | ကျမ်းအမည် | သင်္ကေတ | ဦးရေ | ကျမ်းအမည် | သင်္ကေတ |
|---|---|---|---|---|---|
| | **ကျန်ခုဒ္ဒကနိကာယ (အဆက်)** | | ၃၇ | ဇာတကပါဠိ (ပ) | ဇာ၊၁။ |
| ၃၃ | အပဒါနပါဠိ (ပ) | အပ၊၁။ | ၃၈ | ဇာတကပါဠိ (ဒု) | ဇာ၊၂။ |
| ၃၄ | (က) အပဒါနပါဠိ (ဒု) | အပ၊၂။ | ၃၉ | (က) နေတ္တိပါဠိ | နေတ္တိ။ |
| | (ခ) ဗုဒ္ဓဝံသပါဠိ | ဗုဒ္ဓဝံ။ | | (ခ) ပေဋကောပဒေသပါဠိ | ပေဋကော။ |
| | (ဂ) စရိယာပိဋကပါဠိ | စရိယာ။ | ၄၀ | မိလိန္ဒပဉှာပါဠိ | မိလိန္ဒ။ |
| ၃၅ | မဟာနိဒ္ဒေသပါဠိ | မဟာနိ။ | | | |
| ၃၆ | စူဠနိဒ္ဒေသပါဠိ | စူဠနိ။ | | | |

## ကျမ်းစဉ်ပုံနှင့် ကျမ်းအမည် သင်္ကေတ အဋ္ဌကထာများ

| ဦးရေ | ကျမ်းအမည် | သင်္ကေတ |
|---|---|---|
| | **ဝိနယအဋ္ဌကထာ** | |
| ၁ | ပါရာဇိကကဏ္ဍအဋ္ဌကထာ (ပ) | ဝိ၊ဋ္ဌ၊၁။ |
| ၂ | ။ ။ (ဒု) | ဝိ၊ဋ္ဌ၊၂။ |
| ၃ | ပါစိတျာဒိအဋ္ဌကထာ | ဝိ၊ဋ္ဌ၊၃။ |
| ၄ | စူဠဝဂ္ဂါဒိအဋ္ဌကထာ | ဝိ၊ဋ္ဌ၊၄။ |
| ၅ | ဝိနယသင်္ဂဟအဋ္ဌကထာ | ဝိ၊ သင်္ဂဟ။ |
| ၆ | ကင်္ခါဝိတရဏီအဋ္ဌကထာ | ကင်္ခါ။ |
| | **ဒီဃနိကာယအဋ္ဌကထာ** | |
| ၇ | သီလက္ခန္ဓဝဂ္ဂအဋ္ဌကထာ | ဒီ၊ဋ္ဌ၊၁။ |
| ၈ | မဟာဝဂ္ဂ ။ | ဒီ၊ဋ္ဌ၊၂။ |
| ၉ | ပါထိကဝဂ္ဂ ။ | ဒီ၊ဋ္ဌ၊၃။ |
| | **မဇ္ဈိမနိကာယအဋ္ဌကထာ** | |
| ၁၀ | မူလပဏ္ဏာသအဋ္ဌကထာ (ပ) | မ၊ဋ္ဌ၊၁။ |
| ၁၁ | ။ ။ (ဒု) | မ၊ဋ္ဌ၊၂။ |
| ၁၂ | မဇ္ဈိမပဏ္ဏာသအဋ္ဌကထာ | မ၊ဋ္ဌ၊၃။ |
| ၁၃ | ဥပရိပဏ္ဏာသအဋ္ဌကထာ | မ၊ဋ္ဌ၊၄။ |
| | **သံယုတ္တနိကာယအဋ္ဌကထာ** | |
| ၁၄ | သံယုတ္တအဋ္ဌကထာ (ပ) | သံ၊ဋ္ဌ၊၁။ |
| ၁၅ | ။ ။ (ဒု) | သံ၊ဋ္ဌ၊၂။ |
| ၁၆ | ။ ။ (တ) | သံ၊ဋ္ဌ၊၃။ |
| | **အင်္ဂုတ္တရနိကာယအဋ္ဌကထာ** | |
| ၁၇ | အင်္ဂုတ္တရအဋ္ဌကထာ (ပ) | အံ၊ဋ္ဌ၊၁။ |
| ၁၈ | ။ ။ (ဒု) | အံ၊ဋ္ဌ၊၂။ |
| ၁၉ | ။ ။ (တ) | အံ၊ဋ္ဌ၊၃။ |
| | **အဘိဓမ္မပိဋကအဋ္ဌကထာ** | |
| ၂၀ | အဋ္ဌသာလိနီ အဋ္ဌကထာ | အဘိ၊ဋ္ဌ၊၁။ |
| ၂၁ | သမ္မောဟဝိနောဒနီအဋ္ဌကထာ | အဘိ၊ဋ္ဌ၊၂။ |
| ၂၂ | ပဉ္စပကရဏ အဋ္ဌကထာ | အဘိ၊ဋ္ဌ၊၃။ |
| ၂၃ | ပဋိသမ္ဘိဒါမဂ္ဂ အဋ္ဌကထာ (ပ) | ပဋိသံ၊ဋ္ဌ၊၁။ |
| ၂၄ | ။ ။ (ဒု) | ပဋိသံ၊ဋ္ဌ၊၂။ |

| ဦးရေ | ကျမ်းအမည် | သင်္ကေတ |
|---|---|---|
| | **ကျန် ခုဒ္ဒကနိကာယအဋ္ဌကထာ** | |
| ၂၅ | ခုဒ္ဒကပါဌ အဋ္ဌကထာ | ခုဒ္ဒက၊ဋ္ဌ။ |
| ၂၆ | ဓမ္မပဒ ။ (ပ) | ဓမ္မ၊ဋ္ဌ၊၁။ |
| ၂၇ | ။ ။ (ဒု) | ဓမ္မ၊ဋ္ဌ၊၂။ |
| ၂၈ | ဥဒါန ။ | ဥဒါန၊ဋ္ဌ။ |
| ၂၉ | ဣတိဝုတ္တက ။ | ဣတိဝုတ်၊ဋ္ဌ။ |
| ၃၀ | သုတ္တနိပါတ ။ (ပ) | သုတ္တနိ၊ဋ္ဌ၊၁။ |
| ၃၁ | ။ ။ (ဒု) | သုတ္တနိ၊ဋ္ဌ၊၂။ |
| ၃၂ | ဝိမာနဝတ္ထု ။ | ဝိမာန၊ဋ္ဌ။ |
| ၃၃ | ပေတဝတ္ထု ။ | ပေတ၊ဋ္ဌ။ |
| ၃၄ | ထေရဂါထာ ။ (ပ) | ထေရ၊ဋ္ဌ၊၁။ |
| ၃၅ | ။ ။ (ဒု) | ထေရ၊ဋ္ဌ၊၂။ |
| ၃၆ | ထေရီဂါထာ ။ | ထေရီ၊ဋ္ဌ၊ |
| ၃၇ | အပဒါန ။ (ပ) | အပ၊ဋ္ဌ၊၁။ |
| ၃၈ | ။ ။ (ဒု) | အပ၊ဋ္ဌ၊၂။ |
| ၃၉ | ဗုဒ္ဓဝံသ ။ | ဗုဒ္ဓဝံ၊ဋ္ဌ။ |
| ၄၀ | စရိယာပိဋက ။ | စရိယာ၊ဋ္ဌ။ |
| ၄၁ | မဟာနိဒ္ဒေသ ။ | မဟာနိ၊ဋ္ဌ။ |
| ၄၂ | စူဠနိဒ္ဒေသ ။ | စူဠနိ၊ဋ္ဌ။ |
| ၄၃ | ဇာတက အဋ္ဌကထာ (ပ) | ဇာ၊ဋ္ဌ၊၁။ |
| ၄၄ | ။ ။ (ဒု) | ဇာ၊ဋ္ဌ၊၂။ |
| ၄၅ | ။ ။ (တ) | ဇာ၊ဋ္ဌ၊၃။ |
| ၄၆ | ။ ။ (စ) | ဇာ၊ဋ္ဌ၊၄။ |
| ၄၇ | ။ ။ (မ) | ဇာ၊ဋ္ဌ၊၅။ |
| ၄၈ | ။ ။ (ဆ) | ဇာ၊ဋ္ဌ၊၆။ |
| ၄၉ | ။ ။ (သ) | ဇာ၊ဋ္ဌ၊၇။ |
| ၅၀ | နေတ္တိအဋ္ဌကထာ | နေတ္တိ၊ဋ္ဌ။ |
| ၅၁ | ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ (ပ) | ဝိသုဒ္ဓိ၊၁။ |
| ၅၂ | ။ ။ (ဒု) | ဝိသုဒ္ဓိ၊၂။ |

## နိဒါန်း

## ကျမ်းစဉ်ပုံနှင့် ကျမ်းအမည် သင်္ကေတ

### ဋီကာများ


| ဦးရေ | ကျမ်းအမည် | သင်္ကေတ |
|---|---|---|
| | **ဝိနယဋီကာ** | |
| ၁ | ဝဇိရဗုဒ္ဓိဋီကာ | ဝဇိရ။ |
| ၂ | သာရတ္ထဒီပနီဋီကာ (ပ) | သာရတ္ထ၊၁။ |
| ၃ | ။ (ဒု) | သာရတ္ထ၊၂။ |
| ၄ | ။ (တ) | သာရတ္ထ၊၃။ |
| ၅ | ဝိမတိဝိနောဒနီဋီကာ (ပ) | ဝိမတိ၊၁။ |
| ၆ | ။ (ဒု) | ဝိမတိ၊၂။ |
| ၇ | ကင်္ခါဝိတရဏီပုရာဏဋီကာ နှင့် အဘိနဝဋီကာ | ကင်္ခါဋီ။ |
| | **ဒီဃနိကာယဋီကာ** | |
| ၈ | သီလက္ခန္ဓဝဂ္ဂဋီကာ | ဒီ၊ဋီ၊၁။ |
| ၉ | သီလက္ခန္ဓဝဂ္ဂအဘိနဝဋီကာ (ပ) | သီ၊ဋီ၊သစ်၊၁။ |
| ၁၀ | သီလက္ခန္ဓဝဂ္ဂအဘိနဝဋီကာ (ဒု) | သီ၊ဋီ၊သစ်၊၂။ |
| ၁၁ | မဟာဝဂ္ဂဋီကာ | ဒီ၊ဋီ၊၂။ |
| ၁၂ | ပါထိကဝဂ္ဂဋီကာ | ဒီ၊ဋီ၊၃။ |
| | **မဇ္ဈိမနိကာယဋီကာ** | |
| ၁၃ | မူလပဏ္ဏာသဋီကာ (ပ) | မ၊ဋီ၊၁။ |
| ၁၄ | ။ (ဒု) | မ၊ဋီ၊၂။ |
| ၁၅ | မဇ္ဈိမ-ဥပရိ-ပဏ္ဏာသဋီကာ | မ၊ဋီ၊၃။ |
| | **သံယုတ္တနိကာယဋီကာ** | |
| ၁၆ | သံယုတ္တဋီကာ (ပ) | သံ၊ဋီ၊၁။ |
| ၁၇ | ။ (ဒု) | သံ၊ဋီ၊၂။ |
| | **အင်္ဂုတ္တရနိကာယဋီကာ** | |
| ၁၈ | အင်္ဂုတ္တရဋီကာ (ပ) | အံ၊ဋီ၊၁။ |
| ၁၉ | ။ (ဒု) | အံ၊ဋီ၊၂။ |
| ၂၀ | ။ (တ) | အံ၊ဋီ၊၃။ |
| | **အဘိဓမ္မပိဋကဋီကာ** | |
| ၂၁ | (က) မူလဋီကာ (ပ) | မူလဋီ၊၁။ |
| | (ခ) အနုဋီကာ (ပ) | အနုဋီ၊၁။ |
| ၂၂ | (က) မူလဋီကာ (ဒု) | မူလဋီ၊၂။ |
| | (ခ) အနုဋီကာ (ဒု) | အနုဋီ၊၂။ |
| ၂၃ | (က) မူလဋီကာ (တ) | မူလဋီ၊၃။ |
| | (ခ) အနုဋီကာ (တ) | အနုဋီ၊၃။ |
| | **ကျန်သော ဋီကာ** | |
| ၂၄ | ဝိသုဒ္ဓိမဂ္ဂဋီကာ (ပ) | ဝိသုဒ္ဓိ၊ဋီ၊၁။ |
| ၂၅ | ။ (ဒု) | ဝိသုဒ္ဓိ၊ဋီ၊၂။ |
| ၂၆ | (က) နေတ္တိဋီကာ | နေတ္တိ၊ဋီ။ |
| | (ခ) နေတ္တိဝိဘာဝိနီ | နေတ္တိ။ဝိ။ |

## ကျမ်းညွှန်း သင်္ကေတများ

| | |
|---|---|
| ၁။ အံ၊၁။ | အင်္ဂုတ္တရပါဠိ(ပ) |
| ၂။ အံ၊၂။ | အင်္ဂုတ္တရပါဠိ(ဒု) |
| ၃။ အံ၊၃။ | အင်္ဂုတ္တရပါဠိ(တ) |
| ၄။ အံ၊ဋီ၊၁။ | အင်္ဂုတ္တရဋီကာ(ပ) |
| ၅။ အံ၊ဋီ၊၂။ | အင်္ဂုတ္တရဋီကာ(ဒု) |
| ၆။ အံ၊ဋီ၊၃။ | အင်္ဂုတ္တရဋီကာ(တ) |
| ၇။ အံ၊ဋ္ဌ၊၁။ | အင်္ဂုတ္တရအဋ္ဌကထာ(ပ) |
| ၈။ အံ၊ဋ္ဌ၊၂။ | အင်္ဂုတ္တရအဋ္ဌကထာ(ဒု) |
| ၉။ အံ၊ဋ္ဌ၊၃။ | အင်္ဂုတ္တရအဋ္ဌကထာ(တ) |
| ၁၀။ အနုဋီ၊ ၁။ | ဓမ္မသင်္ဂဏီအနုဋီကာ |
| ၁၁။ အနုဋီ၊ ၂။ | ဝိဘင်္ဂအနုဋီကာ |
| ၁၂။ အနုဋီ၊ ၃။ | ပဉ္စပကရဏအနုဋီကာ |
| ၁၃။ အပ၊၁။ | အပဒါနပါဠိ(ပ) |
| ၁၄။ အပ၊၂။ | အပဒါနပါဠိ(ဒု) |
| ၁၅။ အပ၊ဋ္ဌ၊၁။ | အပဒါနအဋ္ဌကထာ(ပ) |
| ၁၆။ အပ၊ဋ္ဌ၊၂။ | အပဒါနအဋ္ဌကထာ(ဒု) |
| ၁၇၊ အပ၊သျှ။ | အပဒါနပါဠိတော်နိဿယ |
| ၁၈။ အဘိ၊ က။ | အဘိဓမ္မာပိဋက၊ ကထာဝတ္ထုပါဠိ |
| | **အဘိဓမ္မာပိဋက အဋ္ဌကထာ** |
| ၁၉။ အဘိ၊ဋ္ဌ၊၁။ | ၁။ အဋ္ဌသာလိနီ |
| ၂၀။ အဘိ၊ဋ္ဌ၊၂။ | ၂။ သမ္မောဟဝိနောဒနီ |
| ၂၁။ အဘိ၊ဋ္ဌ၊၃။ | ၃။ ပဉ္စပကရဏ |
| ၂၂။ အဘိ၊ ဓ။ | အဘိဓမ္မာပိဋက၊ ဓမ္မသင်္ဂဏီပါဠိ |
| ၂၃။ အဘိ၊ ဓာ။ | အဘိဓမ္မာပိဋက၊ ဓာတုကထာပါဠိ |
| ၂၄။ အဘိ၊ ပု။ | အဘိဓမ္မာပိဋက၊ ပုဂ္ဂလပညတ္တိပါဠိ |
| ၂၅။ အဘိ၊ ဝိ။ | အဘိဓမ္မာပိဋက၊ ဝိဘင်္ဂပါဠိ |
| ၂၆။ အမရ။ | အမရကောသ သက္ကတအဘိဓာန် |
| ၂၇။ အမရ၊သျှ။ | အမရကောသနိဿယအဘယာရာမဆရာတော် လက်ရေးစာကူးစက်မူ |
| ၂၈။ ဣတိဝုတ်။ | ဣတိဝုတ္တကပါဠိ |
| ၂၉။ ဣတိဝုတ်၊ဋ္ဌ။ | ဣတိဝုတ္တက အဋ္ဌကထာ |
| ၃၀။ ဥဒါန။ | ဥဒါနပါဠိ |
| ၃၁။ ဥဒါန၊ဋ္ဌ။ | ဥဒါနအဋ္ဌကထာ |
| ၃၂။ ကင်္ခါ | ကင်္ခါဝိတရဏီ အဋ္ဌကထာ |
| ၃၃။ ကင်္ခါဋီ။ | ကင်္ခါဝိတရဏီဋီကာ (ပုရာဏဋီကာနှင့် အဘိနဝဋီကာ) |

## ကျမ်းညွှန်းသင်္ကေတများ

| | |
|---|---|
| ၃၄။ ကင်္ခါ၊ယော။ | ကင်္ခါယောဇနာ မဟာဋီကာ |
| ၃၅။ ကစ္စည်း။ | ကစ္စည်းသဒ္ဒါကြီး (သုတ်နံပါတ်) |
| ၃၆။ ခုဒ္ဒက။ | ခုဒ္ဒကပါဌပါဠိ |
| ၃၇။ ခုဒ္ဒက၊ဋ္ဌ။ | ခုဒ္ဒကပါဌအဋ္ဌကထာ |
| ၃၈။ စရိယာ။ | စရိယာပိဋကပါဠိ |
| ၃၉။ စရိယာ၊ဋ္ဌ။ | စရိယာပိဋက အဋ္ဌကထာ |
| ၄၀။ စူဠနိ။ | စူဠနိဒ္ဒေသပါဠိ |
| ၄၁။ စူဠနိ၊ဋ္ဌ။ | စူဠနိဒ္ဒေသ အဋ္ဌကထာ |
| ၄၂။ ဇာ၊၁။ | ဇာတကပါဠိ(ပ) |
| ၄၃။ ဇာ၊၂။ | ဇာတကပါဠိ (ဒု) |
| ၄၄။ ဇာ၊ဋ္ဌ၊၁။ | ဇာတကအဋ္ဌကထာ (ပ) |
| ၄၅။ ဇာ၊ဋ္ဌ၊၂။ | ဇာတက အဋ္ဌကထာ (ဒု) |
| ၄၆။ ဇာ၊ဋ္ဌ၊၃။ | ဇာတက အဋ္ဌကထာ (တ) |
| ၄၇။ ဇာ၊ဋ္ဌ၊၄။ | ဇာတက အဋ္ဌကထာ (စ) |
| ၄၈။ ဇာ၊ဋ္ဌ၊၅။ | ဇာတက အဋ္ဌကထာ (မ) |
| ၄၉။ ဇာ၊ဋ္ဌ၊၆။ | ဇာတက အဋ္ဌကထာ (ဆ) |
| ၅၀။ ဇာ၊ဋ္ဌ၊၇။ | ဇာတက အဋ္ဌကထာ (သ) |
| ၅၁။ ဏွာဒိ။ | မောဂ္ဂလ္လာနဏွာဒိဝုတ္တိ |
| ၅၂။ တောင်ပေါက်၊ခေ၊ သျှ။ | တောင်ပေါက်ဆရာတော် ပြုစုသော အဘိဓာန် နိဿယသစ် |
| ၅၃။ ထေရ။ | ထေရဂါထာပါဠိ |
| ၅၄။ ထေရ၊ဋ္ဌ။ | ထေရဂါထာ အဋ္ဌကထာ |
| ၅၅။ ထေရီ။ | ထေရီဂါထာပါဠိ |
| ၅၆။ ထေရီ၊ဋ္ဌ။ | ထေရီဂါထာ အဋ္ဌကထာ |
| | **ဒီဃနိကာယပါဠိ** |
| ၅၇။ ဒီ၊၁။ | ၁။ သီလက္ခန္ဓဝဂ္ဂပါဠိ |
| ၅၈။ ဒီ၊၂။ | ၂။ မဟာဝဂ္ဂပါဠိ |
| ၅၉။ ဒီ၊၃။ | ၃။ ပါထိကဝဂ္ဂပါဠိ |
| | **ဒီဃနိကာယ အဋ္ဌကထာ၏ အဖွင့်ဋီကာ** |
| ၆၀။ ဒီ၊ဋီ၊၁။ | ၁။ သီလက္ခန္ဓဝဂ္ဂဋီကာ |
| ၆၁။ ဒီ၊ဋီ၊၂။ | ၂။ မဟာဝဂ္ဂဋီကာ |
| ၆၂။ ဒီ၊ဋီ၊၃။ | ၃။ ပါထိကဝဂ္ဂဋီကာ |
| | **ဒီဃနိကာယ အဋ္ဌကထာ** |
| ၆၃။ ဒီ၊ဋ္ဌ၊၁။ | ၁။ သီလက္ခန္ဓဝဂ္ဂ အဋ္ဌကထာ |
| ၆၄။ ဒီ၊ဋ္ဌ၊၂။ | ၂။ မဟာဝဂ္ဂ အဋ္ဌကထာ |

## ကျမ်းညွှန်း သင်္ကေတများ

| | |
|---|---|
| ၆၅။ ဒီ၊ဋ္ဌ၊၃။ | ၃။ ပါထိကဝဂ္ဂ အဋ္ဌကထာ |
| ၆၆။ ဒီပဝံ။ | ဒီပဝံသ |
| ၆၇။ ဓမ္မ။ | ဓမ္မပဒပါဠိ |
| ၆၈။ ဓမ္မ၊ဋ္ဌ၊၁။ | ဓမ္မပဒအဋ္ဌကထာ (ပ) |
| ၆၉။ ဓမ္မ၊ဋ္ဌ၊၂။ | ဓမ္မပဒ အဋ္ဌကထာ (ဒု) |
| ၇၀။ ဓာန်။ | အဘိဓာန် (အဘိဓာနပ္ပဒီပိကာ ဂါထာနံပါတ်) |
| ၇၁။ ဓာန်၊ဋီ။ | အဘိဓာန်ဋီကာ ဂါထာနံပါတ် |
| ၇၂။ ဓာန်၊သျှ၊သစ်။ | အဘိဓာန်နိဿယသစ်(အဘယာရာမ ဆရာတော်ပြုစုသည်) |
| ၇၃။ နီတိ၊ဓာ။ | သဒ္ဒနီတိဓာတုမာလာ |
| ၇၄။ နီတိ၊ဓာ၊သျှ။ | သဒ္ဒနီတိဓာတုမာလာနိဿယ |
| ၇၅။ နီတိ၊ပဒ။ | သဒ္ဒနီတိပဒမာလာ |
| ၇၆။ နီတိ၊ပဒ၊သျှ။ | သဒ္ဒနီတိပဒမာလာနိဿယ |
| ၇၇။ နီတိ၊သုတ္တ။ | သဒ္ဒနီတိသုတ္တမာလာ |
| ၇၈။ နီတိ၊သုတ္တ၊သျှ။ | သဒ္ဒနီတိသုတ္တမာလာနိဿယ |
| ၇၉။ နေတ္တိ။ | နေတ္တိပါဠိ |
| ၈၀။ နေတ္တိ၊ဋီ။ | နေတ္တိဋီကာ |
| ၈၁။ နေတ္တိ၊ဋ္ဌ။ | နေတ္တိအဋ္ဌကထာ |
| ၈၂။ နေတ္တိ၊ဝိ။ | နေတ္တိဝိဘာဝိနီ |
| ၈၃။ ပဋိသံ။ | ပဋိသမ္ဘိဒါမဂ္ဂပါဠိ |
| ၈၄။ ပဋိသံ၊ဋ္ဌ၊၁။ | ပဋိသမ္ဘိဒါမဂ္ဂ အဋ္ဌကထာ (ပ) |
| ၈၅။ ပဋိသံ၊ဋ္ဌ၊၂။ | ပဋိသမ္ဘိဒါမဂ္ဂအဋ္ဌကထာ (ဒု) |
| ၈၆။ ပဋ္ဌာန။ | ပဋ္ဌာနပါဠိ |
| ၈၇။ ပါစိတ်ယော။ | ပါစိတျာဒိယောဇနာ |
| ၈၈။ ပေဋကော။ | ပေဋကောပဒေသပါဠိ |
| ၈၉။ ပေတ။ | ပေတဝတ္ထုပါဠိ |
| ၉၀။ ပေတ၊ဋ္ဌ။ | ပေတဝတ္ထု အဋ္ဌကထာ |
| ၉၁။ ဗုဒ္ဓဝံ။ | ဗုဒ္ဓဝံသပါဠိ |
| ၉၂။ ဗုဒ္ဓဝံ၊ဋ္ဌ။ | ဗုဒ္ဓဝံသ အဋ္ဌကထာ |
| | **မဇ္ဈိမနိကာယပါဠိ** |
| ၉၃။ မ၊၁။ | ၁။ မူလပဏ္ဏာသပါဠိ |
| ၉၄။ မ။၂။ | ၂။ မဇ္ဈိမပဏ္ဏာသပါဠိ |
| ၉၅။ မ၊၃။ | ၃။ ဥပရိပဏ္ဏာသပါဠိ |
| | **မဇ္ဈိမနိကာယအဋ္ဌကထာ၏ဋီကာ** |
| ၉၆။ မ၊ဋီ၊၁။ | ၁။ မူလပဏ္ဏာသဋီကာ ( ပ ) |
| ၉၇။ မ၊ဋီ၊၂။ | ၂။ မူလပဏ္ဏာသဋီကာ ( ဒု ) |

## ကျမ်းညွှန်း သင်္ကေတများ

| | |
|---|---|
| ၉၈။ မဒီ၊၃။ | ၃။ မဇ္ဈိမပဏ္ဏာသဋီကာ၊ ဥပရိပဏ္ဏာသဋီကာ၊ |
| ၉၉။ မငွ၊၁။ | မဇ္ဈိမနိကာယအဋ္ဌကထာ ( ပ ) |
| ၁၀၀။ မငွ၊၂။ | မဇ္ဈိမနိကာယအဋ္ဌကထာ ( ဒု ) |
| ၁၀၁။ မငွ၊၃။ | မဇ္ဈိမနိကာယအဋ္ဌကထာ ( တ ) |
| ၁၀၂။ မငွ၊၄။ | မဇ္ဈိမနိကာယအဋ္ဌကထာ ( စ ) |
| ၁၀၃။ မဏိမဥ္ဇူ၊၁။ | မဏိသာရမဥ္ဇူသာဋီကာ ( ပ ) |
| ၁၀၄။ မဏိမဥ္ဇူ၊၂။ | မဏိသာရမဥ္ဇူသာဋီကာ ( ဒု ) |
| ၁၀၅။ မဟာနိ။ | မဟာနိဒ္ဒေသပါဠိ |
| ၁၀၆။ မဟာနိ၊ငွ။ | မဟာနိဒ္ဒေသအဋ္ဌကထာ |
| ၁၀၇။ မဟာဝံ။ | မဟာဝံသ |
| ၁၀၈။ မိလိန္ဒ။ | မိလိန္ဒပဉှာပါဠိ |
| | အဘိဓမ္မာအဋ္ဌကထာ၏ အဖွင့်မူလဋီကာ |
| ၁၀၉။ မူလဋီ၊၁။ | ၁။ ဓမ္မသင်္ဂဏီမူလဋီကာ |
| ၁၁၀။ မူလဋီ၊၂။ | ၂။ ဝိဘင်္ဂမူလဋီကာ |
| ၁၁၁။ မူလဋီ၊၃။ | ၃။ ပဉ္စပကရဏမူလဋီကာ |
| ၁၁၂။ မောဂ်။ | မောဂ္ဂလ္လာနဗျာကရဏ |
| ၁၁၃။ မောဂ်၊ပဉ္စိကာ။ | မောဂ္ဂလ္လာနဗျာကရဏ အဖွင့် ဝုတ္တိဝိဝရဏပဉ္စိကာ |
| ၁၁၄။ ယမက၊၁။ | ယမကပါဠိ ( ပ ) |
| ၁၁၅။ ယမက၊၂။ | ယမကပါဠိ ( ဒု ) |
| ၁၁၆။ ယမက၊၃။ | ယမကပါဠိ ( တ ) |
| ၁၁၇။ ရူ။ | ပဒရူပသိဒ္ဓိ |
| ၁၁၈။ ရူဋီ။ | ပဒရူပသိဒ္ဓိဋီကာ |
| ၁၁၉။ ဝဇိရ။ | ဝဇိရဗုဒ္ဓိဋီကာ |
| ၁၂၀။ ဝါစပ္ပတိ။ | ဝါစပ္ပတိသက္ကတအဘိဓာန် |
| | ဝိနယပိဋကပါဠိ |
| ၁၂၁။ ဝိ၊၁။ | ၁။ ပါရာဇိကကဏ္ဍ |
| ၁၂၂။ ဝိ၊၂။ | ၂။ ပါစိတ္တိယ |
| ၁၂၃။ ဝိ၊၃။ | ၃။ မဟာဝဂ္ဂ |
| ၁၂၄။ ဝိ၊၄။ | ၄။ စူဠဝဂ္ဂ |
| ၁၂၅။ ဝိ၊၅။ | ၅။ ပရိဝါရပါဠိ |
| | ဝိနယပိဋကအဋ္ဌကထာ |
| ၁၂၆။ ဝိ၊ငွ၊၁။ | ၁။ ပါရာဇိကကဏ္ဍအဋ္ဌကထာ (ပ) |
| ၁၂၇။ ဝိ၊ငွ၊၂။ | ၂။ 〃 (ဒု) |
| ၁၂၈။ ဝိ၊ငွ၊၃။ | ပါစိတျာဒိအဋ္ဌကထာ |
| ၁၂၉။ ဝိ၊ငွ၊၄။ | စူဠဝဂ္ဂါဒိအဋ္ဌကထာ |
| ၁၃၀။ ဝိနယာလင်္ကာရ၊၁။ | ဝိနယာလင်္ကာရဋီကာ (ပ) |

## ကျမ်းညွှန်း သင်္ကေတများ

| | |
|---|---|
| ၁၃၁။ ဝိနယာလင်္ကာရ၊၂။ | ဝိနယာလင်္ကာရဋီကာ (ဒု) |
| ၁၃၂။ ဝိ၊နိစ္ဆယ။ | ဝိနယဝိနိစ္ဆယ၊ ဂါထာနံပါတ် |
| ၁၃၃။ ဝိ၊နိစ္ဆယ၊ဋီ။ | ဝိနယဝိနိစ္ဆယဋီကာ ဂါထာနံပါတ် |
| ၁၃၄။ ဝိ၊ပိ၊ဓာန်။ | ဝိသုဒ္ဓါရုံပိဋကအဘိဓာန် |
| ၁၃၅။ ဝိဘာဝိနီ။ | အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ (ဋီကာကျော်) |
| ၁၃၆။ ဝိမတိ၊၁။ | ဝိမတိဝိနောဒနီဋီကာ (ပ) |
| ၁၃၇။ ဝိမတိ၊၂။ | ဝိမတိဝိနောဒနီဋီကာ (ဒု) |
| ၁၃၈။ ဝိမာန။ | ဝိမာနဝတ္ထုပါဠိ |
| ၁၃၉။ ဝိမာန၊ဋ္ဌ။ | ဝိမာနဝတ္ထုအဋ္ဌကထာ |
| ၁၄၀။ ဝိ၊သင်္ဂဟ။ | ဝိနယသင်္ဂဟအဋ္ဌကထာ |
| ၁၄၁။ ဝိသုဒ္ဓိ၊၁။ | ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ (ပ) |
| ၁၄၂။ ဝိသုဒ္ဓိ၊၂။ | ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ (ဒု) |
| ၁၄၃။ ဝိသုဒ္ဓိ၊ဋီ၊၁။ | ဝိသုဒ္ဓိမဂ္ဂမဟာဋီကာ (ပ) |
| ၁၄၄။ ဝိသုဒ္ဓိ၊ဋီ၊၂။ | ဝိသုဒ္ဓိမဂ္ဂမဟာဋီကာ (ဒု) |
| ၁၄၅။ ဝိလျှမ်။ | ဆာမိုနီယာဝိလျှမ်၏ သက္ကတ အင်္ဂလိပ်အဘိဓာန် |
| ၁၄၆။ သံ၊၁။ | သံယုတ္တပါဠိ (ပ) |
| ၁၄၇။ သံ၊၂။ | သံယုတ္တပါဠိ (ဒု) |
| ၁၄၈။ သံ၊၃။ | သံယုတ္တပါဠိ (တ) |
| ၁၄၉။ သံ၊ဋီ၊၁။ | သံယုတ္တဋီကာ (ပ) |
| ၁၅၀။ သံ၊ဋီ၊၂။ | သံယုတ္တဋီကာ (ဒု) |
| ၁၅၁။ သံ၊ဋ္ဌ၊၁။ | သံယုတ္တအဋ္ဌကထာ (ပ) |
| ၁၅၂။ သံ၊ဋ္ဌ၊၂။ | သံယုတ္တအဋ္ဌကထာ (ဒု) |
| ၁၅၃။ သံ၊ဋ္ဌ၊၃။ | သံယုတ္တအဋ္ဌကထာ (တ) |
| ၁၅၄။ သင်္ဂဟ | အဘိဓမ္မတ္ထသင်္ဂဟ အဋ္ဌကထာ (အဘိဓမ္မတ္ထသင်္ဂြိုဟ်) |
| ၁၅၅။ သာရတ္ထ၊၁။ | သာရတ္ထဒီပနီဋီကာ (ပ) |
| ၁၅၆။ သာရတ္ထ၊၂။ | သာရတ္ထဒီပနီဋီကာ(ဒု) |
| ၁၅၇။ သာရတ္ထ၊၃။ | သာရတ္ထဒီပနီဋီကာ(တ) |
| ၁၅၈။ သီ၊ဋီ၊သစ်၊၁။ | သီလက္ခန္ဓဝဂ္ဂအဘိနဝဋီကာ (ပ) |
| ၁၅၉။ သီ၊ဋီ၊သစ်၊၂။ | သီလက္ခန္ဓဝဂ္ဂအဘိနဝဋီကာ (ဒု) |
| ၁၆၀။ သုတ္တနိ။ | သုတ္တနိပါတပါဠိ |
| ၁၆၁။ သုတ္တနိ၊ဋ္ဌ၊၁။ | သုတ္တနိပါတ အဋ္ဌကထာ(ပ) |
| ၁၆၂။ သုတ္တနိ၊ဋ္ဌ၊၂။ | သုတ္တနိပါတ အဋ္ဌကထာ(ဒု) |
| ၁၆၃။ သူစိ။ | အဘိဓာနပ္ပဒီပိကာသူစိ |
| ၁၆၄။ C.P.D. | A Critical Pāḷī Dictionary. |
| ၁၆၅။ D.P.PN. | Dictionary Of Pāḷī Propernames. |
| ၁၆၆။ P.T.S. | The Pāḷi Text Societys Pāḷi-English Dictionary. |

# တိပိဋက

# ပါဠိ-မြန်မာအဘိဓာန်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

မ¹ မဗျည်း၊ ၄၁-လုံးသော အက္ခရာတို့တွင် ၃၃-လုံးမြောက်, ဗျည်း ၃၃-လုံးတွင် ၂၅-လုံးမြောက်, ဝဂ် ၅-ဝဂ်တို့တွင် ၅-ခုမြောက် ပ-ဝဂ် ပဉ္စမက္ခရာ, နှုတ်ခမ်းကရုဏ်၌ လည်းကောင်း၊ နှာခေါင်းအရပ်၌လည်းကောင်းဖြစ်သော ဒွိဇ အဃောသ သိထိလ မ-ဗျည်း။

မ² (ပု) [မရ+ကွိ။ ဓာန်၊ဋီ၊သျ၊၁။၇၆၊ မာ+အ။ ဝစနတ္ထဇောတိကာ၊ဋီ။၅။] (၁) ပရိသတ်။ (၂) အပါယ်။ (၃) သိဝနတ် (မဟာဒေဝ)။ (၄) မ-ဝိဘတ်။ (၅) မ-ပစ္စည်း။(၆) မ-ဂိုဏ်း။ (၇) အမိုက်တိုက်။ (၈) နိဂ္ဂဟိတ်မှ ပြောင်းလွဲလာသော-မ။ (၉) ပ-မှ ပြောင်းလွဲလာသော- မ။ (၁၀) မ ဗျည်း။ (၁၁) အာဂုံ-မ။ (၁၂) လ၊ တနင်္လာဂြိုဟ်၊ စန်း။ (P-S-E-D-) ၌ ၁။အချိန်။ ၂။အဆိပ်။ ၃။ မှော်အတတ်ပညာ လုပ်ထုံးနည်းနာ။ ၄။လ၊ တနင်္လာဂြိုဟ်၊ စန်း။ ၅။ပုဏ္ဏား၏ အမည်တစ်မျိုး။၆။ဗိဿနိုး၏အမည်တစ်မျိုး။၇။သိဝနတ်၏အမည်တစ်မျိုး။ ၈။ယမနတ်။ ၉။သရသံရှည် ၃-ခုပါသော မ-ဂိုဏ်း။၁၀။ အသံ ၇-မျိုးတွင် ငါးခုမြောက်မဇ္ဈိမ (ကြိုးကြာ)သံဟု ဆိုသည်။) (၁) ပရိသတ်၊ မသက္ကသာရံ ဝါသဝဿာ(ဇာ၊၂။၁၉)တိ ဧတ္ထ မသက္ကသာရန္တိ ပဒေ မကာရော ပရိသာယံ ဟောတိ။ဇာ၊ဋီ။၇၄။ (ဩသက္ကန ပရိသက္ကနာဘာဝေနာ (ဇာ၊ဋ္ဌ၊၅။၁၇၉)တိ ဣမိနာ မသက္ကသဒ္ဒဿ အတ္ထံ ဒဿေတိ။ မကာရော ဟေတ္ထ အဘာဝတ္ထော။ ဇာ၊ဋ္ဌီ၊သစ်။၃။၀-ဝမ်း။ ဤအလို မသဒ္ဒါ အဘာဝတ္ထ။) မသက္ကသာရ - လည်း ကြည့်။

(၂) အပါယ်။ ဧတံ မင်္ဂလမုတ္တမံ။ ခုဒ္ဒက။၃။ မင်္ဂလန္တိ ဧတ္ထ ပဒေ မကာရော အပါယဝါစကော။ ကော၊ဋီ။၇၅။ (၃) သိဝနတ် (မဟာဒေဝ)။ မဒ္ဒရင်္ဂန္တိ ဧတ္ထ မဒ္ဒန္တိပဒေ မကာရော သိဝေ ပဝတ္တော။ ကော၊ဋီ။၇၅။

(၄) မ-ဝိဘတ်။ ဝတ္တမာနာ တိ အန္တိ သိ ထ မိ မ (ကစ္စည်း ၄၂၃)ပဉ္စမီ တု အန္တု ဟိ ထ မိ မာ (ကစ္စည်း ၄၂၄)တိ ဧတ္ထ မကာရော မဝိဘတ္တိမှို ပဝတ္တော။ ကော၊ဋီ။၇၅။

(၅) မ-ပစ္စည်း။ သမာဒိဟိ ထမာ (ကစ္စည်း၊ ၆၂၈)တိ ဧတ္ထ သုတ္တေ မကာရော မပစ္စယော။ ကော၊ဋီ။၇၅။

(၆) မ-ဂိုဏ်း။ မောမော ဂေါဂေါ ဝိဇ္ဇုမ္မာသာ (ဝုတ္တောဒယ။၄၉)တိ အာဒီသု မကာရော ဆန္ဒဂဏော။ ကော၊ဋီ။၇၅။ (—ဝုတ္တောဒယ။၅။) ဂရုကေန သရေန မီယတိ ဥစ္စာရိယတီတိ မော။ ဂရုကော ဟုတွာ မာဘိ ပဝတ္တတီတိ ဝါ မော။ ဝစနတ္ထဇောတိကာ၊ဋီ။၅။

(၇) အမိုက်တိုက်။ မဏ္ဍပ (ဝိ၊ဋ္ဌ၊၁။၉) န္တိ အာဒီသု မကာရော ရတ္တန္ဓကာရေ။ ကော၊ဋီ။ ၇၅။

(၈) နိဂ္ဂဟိတ်မှ ပြောင်းလဲ လာသော မ။ တမဟံ ဗြူမိ ဗြာဟ္မဏံ။ ဓမ္မ၊၇၀။ ဓမ္မ၊ဋ္ဌ၊၂။၄၁၆။

(၉) ပ-မှပြောင်းလဲလာသော မ။ ဝနပ္ပတိဿ ပဿ မော။ ဝနမ္ပတိ။ နီတိ၊သုတ္တ။၉၉။

(၁၀) မ-ဗျည်း။ ဝဂ္ဂါ ပဉ္စပဉ္စသော မန္တာ (ကစ္စည်း။၇) တိ ဧတ္ထ သုတ္တေ မကာရော မကာရေ ဗျဉ္ဇနေ။ ကော၊ဋီ။၇၅။

(၁၁) အာဂုံ မ။ လောကမာတုမယံ ဥဒိတော (ဝိ၊ဋ္ဌ၊၁။၉၂)တိ..........မကာရော ပဒသန္ဓိဝသေန အာဂတော။ သာရတ္ထ၊၁။၂၆၀။

(၁၂) လ၊ တနင်္လာဂြိုဟ်၊ စန်း မော ဝုစ္စတိ စန္ဒော။ နီတိ၊ပဒ။၃၂၁။

မံ (အလိင်) [အမှ+အံ။ ရူ၊နှာ။၁၁၂။] ငါ့-အကျွန်ုပ်-ကို။ ငါ-အကျွန်ုပ်-နှင့်တကွ။ ငါ့-အကျွန်ုပ်-အား။ ငါ-အကျွန်ုပ်-၏။ ယေန မံ (ငါ့ကို)ပရိယာယေန သမ္မာ ဝဒမာနော ဝဒေယျ။ ဝိ၊၁။၂။ (—ဒီ၊၁။၈၀။ သံ၊၁။ ၁၇၆။ အံ၊၁။၄၁၅။) သစေ မံ (ငါနှင့်) သမဏော ဂေါတမော အာလပိဿတိ။ သံ၊၁။ ၁၇၉။ (—ကစ္စည်း။၃၀၇။ ရူ၊နှာ။၁၄၃။ နီတိ၊သုတ္တ။ ၅၈၉။)ဥပမာ မံ (ငါ့အား) အာဝုသော သာရိပုတ္တ ပဋိဘာတီတိ မယှံ အာဝုသော သာရိပုတ္တ ဥပမာ ဥပဋ္ဌာတိ၊ ဧကံ ဥပမံ ဝတ္တုကာမော အဟန္တိ အဓိပ္ပါယော။ မ၊ဋ္ဌ၊၁။၁၅၅။ (—ဇာ၊ဋ္ဌ၊၇။၃၄၃။)မံ တန္တိ စ ဥပယောဂဝစနံ ပဋိသဒ္ဒယောဂေန၊ အတ္ထော ပန သမ္ပဒါနမေဝါတိ အာဟ "မယှံ တုယှံ" န္တိ စ။မ၊ဋီ၊၁။၂၅၃။ အပိဿု မံ (ငါ၏) ဘိက္ခဝေ ဣမာ အနစ္ဆရိယာ ဂါထာယော ပဋိဘံသု ပုဗ္ဗေ အဿုတပုဗ္ဗာ။ မ၊၁။ ၂၂၄။ (—ဝိ၊၃။၇၊ အပ၊၁။၅။) မန္တိ မမ။ မ၊ဋ္ဌ၊၂။၈၁။ (—အပ၊ဋ္ဌ၊၁။၁၂၄။) မန္တိ ပဋိသဒ္ဒယောဂေန သာမိအတ္ထေ ဥပယောဂဝစနန္တိ အာဟ "မမာ" တိ။ မ၊ဋီ၊၂။၁၃၂။

မံကတေ (ဗျ) [အမှ+ကတေ။ မောဂ်။ မောဂ်၊ ပဉ္စိကာ၊၃။၈၉။ နိရုတ္တိ၊နှာ။၂၇၄။] ငါ့ကိုစွဲ၍၊ ငါဟူသောအကြောင်းကြောင့်၊ ငါ့ကြောင့်။ မံကတေ သက္က ကဿပ။ ဇာ၊၁။၂၀၃။ မံကတေတိ မမကာရဏာ။ ဇာ၊ဋ္ဌ၊၄။၁၄။ ကတေဣတိ ပဋိစ္စတ္ထေ၊ န မနော၀ါ သရီရံဝါ။ မံကတေ သက္က ကဿပ။ ကဒါစိ ဥပဟညေထ တံ သက္က ဝရံ ဝရေ။ ဧတ္ထ ဟိ မံကတေတိ မံ ပဋိစ္စ မမကာရဏာတိ အတ္ထော။ နီတိ၊သုတ္တ၊ နှာ။၃၈၈။ (ဇာ၊ဋ္ဌ၊၄။၁၄-၌ မကံတေ-ဟုသျှာ မှုကွဲရှိ၏။ ဇာ၊ဋီ၊သစ်၊၂။ တိ-ဝမ်း၌-မံကုထေ ဟုရှိ၍ "မံကုထေတိ ကရောတိ ဧတေနာတိ ကုထော၊ ကာရဏံ။ ကရ ကရဏေတိ ဓာတုတော ထ-ပစ္စယော အကာရဿ စ ဥကာရာဒေသော ဒဋ္ဌဗ္ဗော။ အထဝါ ကုထတိ ဂစ္ဆတိ ပဝတ္တတီတိ ကုထော၊ ကုထ ဟိံသာဂတီသုတိ ဒဏ္ဍက ဒုတိယက္ခရန္တဓာတုတော အပစ္စယော ဒဋ္ဌဗ္ဗော။ မမ ကုထော မံကုထော သမာသေ အမှသဒ္ဒဿ မံ အာဒေသော ဒဋ္ဌဗ္ဗော။ မံ ဒီပါ မံ လေဏာ မံ သရဏာတိ အာဒီသု ဝိယ။ မံ-ကုထေ နိမိတ္တေ ဧတံ ဘုမ္မဝစနံ" ဟုဖွင့်ပြသည်။)

**မံတာဘ** (တိ) [အမ္ဗ+တာဘ။ မောဂ်၊၃။၁၉။ နီတိ၊သုတ္တ။၅၄၃။]ငါဟူသောစောင့်ရှောက်ရာရှိသော၊ငါ၏အစောင့်အရှောက်ခံရသော၊သူ။ ဧတေ ဟိ ဂါမဏိ မံဒီပါ မံလေဏာ မံတာဏာ မံသရဏာ ဝိဟရန္တိ။ သံ၊၂။၅၀၁။ မံဒီပါတိအာဒီသု အဟံ ဒီပေါ ပတိဋ္ဌာ ဧတေသန္တိ မံဒီပါ။ အဟံ လေဏော အလ္လီယနဋ္ဌာနံ ဧတေသန္တိ မံလေဏာ။ အဟံ တာဏံ ရက္ခာ ဧတေသန္တိ မံတာဏာ။ အဟံ သရဏံ ဘယနာသနံ ဧတေသန္တိ မံသရဏာ။ သံ၊ဋ္ဌ၊ ၃။၁၄၂။ သဗ္ဗဒုက္ခပရိတ္တာသနတော တာယနဋ္ဌေန အဟံတာဏံ။ သံ၊ဋီ၊၂။၃၇၁။

**မံဒီပ** (တိ) [အမ္ဗ+ဒီပ] ငါဟူသော-ဘည်ရာ-မှီခိုရာ-ရှိသော၊ ငါ့ကို မှီခိုနေရသော၊ သူ။ အထက်ပုဒ်ကြည့်။

**မံမုခ** (နံ) [အမ္ဗ+မုခ။ နီတိ၊သုတ္တ။၅၄၃။] ငါ့-ငါတို့-မျက်နှာ။ မံမုခံ၊ မံဝဏ္ဏော၊ မံသရော-အာဒီနိ ဂဟေတဗ္ဗာနိ... မမ မုခံ မံမုခံ၊ အမှာကံ ဝါ မုခံ မံမုခန္တိ နိဗ္ဗစနာနိ၊ ဧသ နယော အညေသုပိ ဉာဒိသေသု ဉာနေသု။ နီတိ၊ပဒ။၁၇၂။

**မံလေဏ** (တိ) [အမ္ဗ+လေဏ] ငါဟူသော-ပုန်းအောင်း-မှီခို-ရာရှိသော၊သူ။ မံတာဏ-ကြည့်။

**မံဝဏ္ဏ** (ပု) [အမ္ဗ+ဝဏ္ဏ] ငါ့-ငါတို့-အဆင်း။ မံမုခ-ကြည့်။

**မံသ** (နံ) [မန+သ။ မောဂ်၊၇။၂၁၃။ ဓာန်၊ဋီ။ ၁၅၇။ မသ+ဏ။ ဝိနယာလင်္ကာရ၊ဋီ၊၁။၃၇။ မာန+သ။ ပါစိတ်၊ ယော။၇၀။] အသား။ ရဟန်းတော်များ လုံးဝမသုံးဆောင် မဘုဉ်းပေးကောင်းသော အသားကြီး ၁၀-ပါး— လူသား၊ ဆင်သား၊ မြင်းသား၊ ခွေးသား၊ မြွေသား၊ ခြင်္သေ့သား၊ ကျားသား၊ ကျားသစ်သား၊ ဝံသား၊ အောင်းသား။ ထိုတွင် လူသားစားလျှင် ထုလ္လစ္စည်းအာပတ်၊ ကျန်အသားများကို စားလျှင် ဒုက္ကဋ်အာပတ်သင့်သည်။ ဝိ၊၃။၃၁၂-၄။ ယင်းအသားတို့၏ အရိုးအသွေးအရေအမွေးများလည်း မအပ်။ ဝိ၊ဋ္ဌ၊၃။၃၇၆။ ရဟန်းတော်များအဖို့ အသားဟင်းအပေါ်၌ သံသယဖြစ်လျှင် မည်သည့်အသားဟင်းဖြစ်သည်ဟု အသေအချာ မသိရလျှင် စုံစမ်းမေးမြန်း၍ ဘုဉ်းပေးသင့်သည်။ အသားကြီး ၁၀-ပါးမှတပါး ကျန် အသားများကို အစွန်း ၃-ပါးလွတ်လျှင် ဘုဉ်းပေးသုံးဆောင် ကောင်းသည်။ ဝိ၊ဋ္ဌ၊၂။၁၈၉။ ၁၉၁။ (အစွန်း ၃-ပါးကို တိကောဋိပရိသုဒ္ဓ-ကြည့်။)

ရည်ညွှန်း၍ သတ်သည်ပင် မှန်ငြားသော်လည်း ရည်ညွှန်း၍သတ်သောအသား မဟုတ်ပါဟု ဒါယကာတို့က လိမ်လည်၍ပြောခဲ့လျှင် ပြောတိုင်း ယုံကြည်၍ စားမှုကား အာပတ်လွတ်၏ဟု လယ်တီဆရာတော်ဘုရားကြီး မိန့်တော်မူသည်။ ဝိနယသံခိပ်အဖြေ။၃၃။

လူအသားသည် သားတစ် ၉-ရာရှိ၏၊ ကသစ်ပွင့်ပမာ နီမြန်းသော အဆင်းရှိ၏၊ သဏ္ဌာန်အားဖြင့်သလုံးမြင်းခေါင်းသားသည် ထန်းမှုက်ထမင်းထုပ် သဏ္ဌာန်ရှိ၏၊ပေါင်သားသည် ဆေးကြိတ် လက်ကိုင် ကျောက်လုံး သဏ္ဌာန်ရှိ၏။ တင်သားသည် ဖိုခုံလောက်စွန်းသဏ္ဌာန်ရှိ၏၊ ကျောက်ကုန်းသားသည် ထန်းသီးမှည့်၏ အခေါ်စး အနှစ်လွှာ သဏ္ဌာန်ရှိ၏။ နံပါး ၂-ဖက်အသားသည် စပါးကျီအတွင်း၌ ခပ်ပါးပါးလိမ်းကျံ အပ်သော မြေညက်သဏ္ဌာန်ရှိ၏။ ရင်(နို့)သားသည် လုံး၍ မှောက်ခုံပစ်ချထားသော မြေစိုင်သဏ္ဌာန်ရှိ၏၊ လက်ရုံး လက်မောင်း)သားသည် နှစ်ကောင်ထပ်၍ထားသော အရေဆုပ်ပြီးသား ကြွက်ကောင်ကြီးသဏ္ဌာန်ရှိ၏။ ဝိသုဒ္ဓိ၊၁။၂၄၄ -၅။ ပါးခေ◌ာင်သားသည် ပါးအတွင်းအငုပ်၌

ထားအပ်သော သင်းဝင်စေ့သဏ္ဍာန်ရှိ၏။ဖား သဏ္ဍာန်ဟုလည်း ကေဆရာများက ဆိုကြ၏၊ လျှာသားသည် ရှားစောင်းကြီးရွက် သဏ္ဍာန်ရှိ၏၊ နှာခေါင်းသားသည် မှောက်၍ ထားအပ်သောသစ်ချွက်ကတော့သဏ္ဍာန်ရှိ၏၊ မျက်ကွင်းသားသည် တစ်ငက်မှည့်သောရေသာ ဖန်းသီးသဏ္ဍာန်ရှိ၏၊ ဦးခေါင်းသားသည် သပိတ်ဖုတ်အိုး၌ ပါးပါး လိမ်းကျံထားသော မြေညက်သဏ္ဍာန်ရှိ၏။ခုဒ္ဒကာ၊၄။၃၆။

အဆိုပါအသားများသည် ၃၂၀-သော အရိုးတို့ကို (၃၀၀–ကျော်သောအရိုး။ ခုဒ္ဒက၊၄။၃၆) လိမ်းကျံရစ်ပတ်ဖုံးအုပ်၍ တည်ကြ၏ (ဝိသုဒ္ဓိ၊၁။၂၄၅)။

မစ္ဆော မံသံ ခါဒိရံ ဒဓိ။ဝိ၊၂။၁၁၉။(–ဒီ၊၂။၂၆၇။ မ၊၁။၁၁၇။ သံ၊၁။၄၃၃။ သံ၊၂။၂၈၅။ ပဋိသံ။ဂ။မ၊ဋ္ဌ၊၁။၃၀၉။ သုတ္တ.နိ၊ဋ္ဌ၊၁။၂ဂ။သီ၊ဋ္ဌိ၊သစ်၊၂။၁၉၀။ မ၊ဋ္ဌိ၊၂။၃၇။ သံ၊ဋ္ဌိ၊၂။၁၁၀။)

**မံသကန္တန** (နု) [ မံသ+ကန္တန ] အသားလှီးဖြတ်ကြောင်းဓား၊ သားလှီးဓား။ အသိနာတိ မံသကန္တနေန။ မဋ္ဌိ၊၂။၁၀၇။

**မံသကရမ္ဗက** (တိ) [မံသ+ကရမ္ဗက] အသားဖြင့် ရောပြွမ်းထားသော (သားပြွမ်းဟင်း စသည်)။ မံသကရမ္ဗကော နာမ ဟောတိ။ ဝိ၊ဋ္ဌ၊၃။၉၄။ (–ဝဇိရ။၃၇။သာရတ္ထ၊၃။၆၂။). (မံသေန မိဿော,လက္ခိတော ဝါ ကရမ္ဗကော မံသကရမ္ဗကော ဟု ပါဝိတ်၊ယော။ ၇၄– ၌ ဆိုသေး၏)

**မံသကလျာဏ** (နု) [မံသ+ကလျာဏ] (၁) အသား၏ကောင်းခြင်း။ (တိ) (၂) အသား၏ကောင်းခြင်းရှိသော၊အသားအရေကောင်းသော၊သူ။ (၁) (တိ)(၂) မံသကလျာဏံ.... စတ္တာရော ပနဿ ဟတ္ထပါဒါ မုခပရိယောသာနဥ္စ လာခါရသပရိကမ္မကတံ ဝိယ ရတ္တပဝါဠ ရတ္တကမ္ဗလ သဒိသံ ဟောတိ။ အယ မဿာ မံသကလျာဏံ နာမ။ သံ၊ဋ္ဌ၊ ၃။၂၅၉-၆၀။ ဥဒါန၊ဋ္ဌ။၁၅၂-၃။ ဇာ၊ဋ္ဌ၊၁။ ၄၁ဂ။ သာရတ္ထ၊၃။၂၄ဂ-၉။ အံ၊ဋ္ဌိ၊၁။၁ဂ၇။ ဆဝိကလျာဏ–လည်းကြည့်။

**မံသကာဇ** (ပု) [မံသ+ကာဇ] အသား–အမဲ–ထမ်းသောထမ်းပိုး။ မံသ ကာဇံ အဝဟာသ။ ဇာ၊၁။၃၇၇။ (–ဇာ၊ဋ္ဌ၊၂။၁၈၅။) မံသကာဇန္တိ ယထာ နာမ ပုရိသော ထူလမိဂမံသံ ကာဇေနာဒါယ ... မံသကာဇံ ဆဍ္ဍေတွာ။ ဇာ၊ဋ္ဌ၊၅။၇၂။

**မံသကာယ** (ပု) [ မံသ+ကာယ ] အသား အပေါင်း။ အနုပဟစ္စ အန္တရံ မံသကာယံ။ မ၊၃။၃၁ဂ။(–ပဋိသံ။၄၀၆။ မဋ္ဌ၊၄။၂၄၂။ မဋ္ဌိ၊၃။၄၂၆။)

**မံသကောဋ္ဌနပေါတ္ထနီ** (ထိ) [မံသကောဋ္ဌန+ပေါတ္ထနီ] အသားစဉ်းကြောင်း ဖြစ်သော ဓား၊ သားစဉ်း–သားလှီး –ဓား၊ ဓားမ။ သူနဂ္ဂဝေလ္လိတာတိ သူနသာခါတာယ မံသကောဋ္ဌနပေါတ္ထနိယာ အဂ္ဂံ ဝိယ ဝိနတ.ာ။ ဇာ၊ဋ္ဌ၊၆။၁၀၆။

**မံသကွယ** (ပု) [မံသ+ချယ] အသားကုန်ခြင်း။ "မယိ ဌိတေ မံသက္ခယော နာမ နတ္ထိ" တိ ဝတွာ။ ဇာ၊ဋ္ဌ၊၁း၅၁၅။

**မံသခဏ္ဍ** (ပုနု) [မံသ+ခဏ္ဍ] အသားတုံး။ ဘဂဝါ တဿ ပဿ တောဿယော ယာဂုံ ပိဝန္တော မံသခဏ္ဍံ မုခေ ပက္ခိပိ။ သုတ္တနိ၊ဋ္ဌ၊၁။ ၃၀၀။ (–ဇာ၊ဋ္ဌ၊၁။၂၉၂၅၁၅။ ဇာ၊ဋ္ဌ၊၇။ ၇၇၁၀၉။)

**မံသခလ** (နု) [မံသ+ခလ] အသား–စု–ပုံ။ ဇေကံ မံသခလံ ဇေကံ မံသပုဉ္ဇံ ကရေယျ။ဒီ၊၁။ ၄၉။ မ၊၂။၆၆။ သံ၊၂။၅၂၇။ ဇေကံ မံသခလန္တိ ဇေကံ မံသရာသိံ။ ပုဉ္ဇန္တိ တဿေဝ ဝေဝစနံ။ ဒီ၊ဋ္ဌ၊၁။၁၄၅။ ခလ ᳚- လည်းကြည့်။

**မံသခလကရဏ** (န) [ မံသခလ+ကရဏ ] အသား–စု–ပုံ–ကို ပြုခြင်း။ တံ မံသခလကရဏသခ်ိတံ နိဒါန် ကာရဏံ ယဿာတိ တတောနိဒါန်။ သီ၊ဋီ၊သစ်၊၂။၃၇။

**မံသခါဒက** (တိ) [မံသ+ခါဒ+ဏ္ဍု] အသားစားသော၊ သူ။ နသယံ မံသခါဒကော။ ဇာ၊ဋ္ဌ၊၆။၁၇၉။

**မံသခါဒကယောနိ** (ထိ) [ မံသခါဒက+ယောနိ] အသားစားသောအမျိုး။ န တံ ဝါရဏံ ဝဓိတ္ဓာ မံသခါဒကယောနိယံ နိဗ္ဗတ္တော။ ဇာ၊ဋ္ဌ၊၃။၁၀၃။

**မံသခါဒန** (န) [မံသ+ခါဒန] အသားစားခြင်း။ တွံ ပန ကဒါစိ သုရာမဒမတ္တော မံသခါဒနတ္တံ....ဝဒေယျာသိ။ ဇာ၊ဋ္ဌ၊၄၊၂၁၆။

**မံသခါဒနနိမိတ္တ** (န) [မံသခါဒန+နိမိတ္တ] အသားစားခြင်းဟူသောအကြောင်း။ မံသခါဒနနိမိတ္တေန ဥပ္ပန္နပါဏာတိပါတကမ္မဿ။ ဝိမတိ၊၂။၁၇၉။

**မံသဂိဒ္ဓ** (တိ) [မံသ+ဂိဒ္ဓ] အသား၌ တပ်မက်မောသော၊ သူ။ ရက္ခသိ နာမ မံသဂိဒ္ဓတာယ ဓနေန န သက္ကာ တောသေတုံ။ ဇာ၊ဋ္ဌ၊၅။ ၄၆၅။

**မံသစက္ခု** (န) [မံသ+စက္ခု] မျက်လုံး၊ မျက်စိ။ (မျက်စိအကြည်ဓာတ်ဟူသော ပသာဒစက္ခု၊ မျက်မှောင်ရိုးအတွင်း၌ရှိသော အသားစိုင်ဟူသော သသမ္ဘာရ စက္ခုကို မံသစက္ခုဟု ခေါ်သည်။ အဘိ၊ဋ္ဌ၊၁။၃၄၄-၅။) မံသစက္ခုနာပိ စက္ခုမာ။ မဟာနိ။၃၅၆။ စူဠနိ။၁၃၃။ (–ဝိ၊ဌ၊၄။၁၃၇။) မံသစက္ခုနာတိ ပသာဒစက္ခုနာ။ ပါစိတ်၊ယော။၅၄၉။ စက္ခု–လည်းကြည့်။

**မံသစက္ခုပစ္စယ** (ပု) [မံသစက္ခု+ပစ္စယ] မံသစက္ခု–မျက်လုံး–ဟူသောအကြောင်း။ ပံသစက္ခုပစ္စယာ ဒိဗ္ဗစက္ခု ဥပ္ပဇ္ဇတိ။ အဘိ၊ဋ္ဌ၊၃။ ၁၇၃။

**မံသစက္ခုမန္တု** (တိ) [မံသစက္ခု+မန္တု] မံသစက္ခု –မျက်လုံး–ရှိသော၊ သူ။ မံသစက္ခုမတော ဟိ ဒိဗ္ဗစက္ခုသမိဂမော။ သီ၊ဋီ၊သစ်၊၂။၁၅၃။

**မံသစက္ခုဝေကလ္လ** (န) [မံသစက္ခု+ ဝေကလ္လ] မျက်စိ၏ – ချို့တဲ့ – ချွတ်ယွင်း– ခြင်း။ အန္ဓောတိ ဣဒံ .... မံသစက္ခုဝေကလ္လဒီပနံ။ ထေရ၊ဋ္ဌ၊၁။၂၄၉၊၂၅၀။

**မံသစမ္မကာယ** (ပု) [မံသစမ္မ+ကာယ] အသား အရေ–အစု–အပုံ။ ဝေ မံသစမ္မကာယာနံ ဝိနာသနံ အကတွာ။ မ၊ဋီ၊၃။၄၂၆။

**မံသစ္ဆေဒက** (တိ) [မံသ+ဆေဒက] အသား –ဖြတ်ကြောင်း– ဖြတ်စရာ– ဖြစ်သော။ အသိသူနန္တိ မံသစ္ဆေဒကံ အသိဉ္စေဝ အဓိကုဋ္ဋနဉ္စ။ မ၊ဋ္ဌ၊၂။၃၄။

**မံသစ္ဆေဒနသတ္ထက** (န) [မံသစ္ဆေဒန+သတ္ထက] အသားကို ဖြတ်ကြောင်းဓားငယ်၊ သားလှီးဓားငယ်။ ပေါတ္ထနိက-ကြည့်။

**မံသဋ္ဌပန** (န) [မံသ+ဌပန]အသားထားခြင်း။ မံသဋ္ဌပနတ္ထံ ပသာသပဏ္ဏာနိ အတ္ထရဿု။ ဇာ၊ဋ္ဌ၊၃။၁၇၂။

**မံသဋ္ဌာန** (န) [မံသ+ဌာန] အသားတည်ရှိရာ အရပ်။ နခသိခါယန္တိ မံသဋ္ဌာနေန ဝိမုတ္တေ နခဂ္ဂေ။ သံ၊ဋ္ဌ၊၂။၁၁၉။

**မံသတ္ထိက** (တိ) [မံသ+အတ္ထိက] အသား–ဖြင့်– ကို– အလိုရှိသော၊ သူ။ မံသတ္ထိကာ မံသံ အာဟရန္တု။ ဇာ၊ဋ္ဌ၊၂။၂၂၄။

**မံသဒါန** (န) [မံသ+ဒါန] အသားအလှူ။ တေန မံသဒါနေန၊ စိတ္တဿ ပဏီတိ စ။ အပ၊၁။၁၂၈။ (–၂၄၀။)

**မံသဓောဝနဉဒကဝဏ္ဏ** (တိ) [မံသဓောဝန-ဉဒက+ဝဏ္ဏ] သားဆေးရေအဆင်းရှိသော။ မံသဓောဝနဉဒကဝဏ္ဏ (သံ၊ဋ္ဌ၊၁။၂၇၄) န္တိ ဝဏ္ဏတော မံသဓောဝနဉဒကဝဏ္ဏံ။ သံ၊ဋီ၊၁။ ၃၀၇။

**မံသဓောဝနုဒက** (န) [မံသဓောဝန + ဉဒက] အသားဆေးကြောသောရေ၊ သားဆေးရေ။ မောဟစရိတဿ မံသဓောဝနုဒကသဒိသံ။ အဘိ၊ဋ္ဌ၊၂။၂၂၈။

**မံသနိက္ကယ** (ပု) [မံသ+နိက္ကယ] အသားဖြင့်ဝယ်ခြင်း၊ အသားဖြင့်–လဲလှယ်– ဖလှယ်–ခြင်း။ မံသနိက္ကယေနာယံ န မံ မုဥ္စတိ။ စရိယာ၊ဋ္ဌ။၁၆၅။

**မံသနိက္ခိတ္တသုနခ** (ပု) [မံသနိက္ခိတ္တ+သုနခ] အသားကို ပစ်ချသောခွေး၊ အသားလွှတ်ကျခသော ခွေး။ မုဥ္စသာတိတိ ဘတ္တနိက္ခိတ္တကာကော ဝိယ မံသနိက္ခိတ္တသုနခေါ ဝိယ စ နဋ္ဌသာတိ။ ဣတိဝုတ်၊ဋ္ဌ။၂၇၈။

**မံသနိဿိတ** (တိ) [မံသ+နိဿိတ] အသား–၌–ကို–မှီသော။ စတုသဋ္ဌိ မံသနိဿိတာနိ မုဒုအဋ္ဌိနိ။ အဘိ၊ဋ္ဌ၊၂။၂၂၆။

**မံသနှာရုပသိဗ္ဗိတ** (တိ) [မံသနှာရု+ပသိဗ္ဗိတ] အသား၊ အကြောတို့ဖြင့် ချုပ်စပ်ထားသော (ခန္ဓာကိုယ်)။ အဋ္ဌိကင်္ကလကုဋ္ဋိကော၊ မံသနှာရုပသိဗ္ဗိတော။ သေ၊ဋ္ဌ။၃၆၂။

**မံသပစနဘာဇန** (န) [မံသပစန+ဘာဇန] အသားချက်သောအိုး။ ဂေဟူ မံသပစနဘာဇနဥ္စ ပစ္ဆိဥ္စ ဥက္ခိပါပေတွာ။ ဇာ၊ဋ္ဌ၊၅။၅၁၀။

**မံသပစ္ဆိ** (ထီ) [မံသ+ပစ္ဆိ] အသား (ထည့်သော)တောင်း။ မံသပစ္ဆိံ ဗန္ဓိတွာ အာဒါယ ရဇနိဝေသနံ ပါယာသိ။ ဇာ၊ဋ္ဌ၊၅။ ၅၀၀။

**မံသပဋလ** (န) [မံသ+ပဋလ] အသားလွှာ။ ကဋ္ဌိကော ပဋ္ဌာယ မံသပဋလံ ယာဝ ခန္ဓာ ဥဂ္ဂမ္မ။ ဒီ၊ဋ္ဌ၊၂။၄၀။ မ၊ဋ္ဌ၊၃။၂၆၁။

**မံသပရိက္ခယ** (ပု) [မံသ+ပရိက္ခယ] အသားကုန်ခန်းခြင်း၊ အသားခန်းခြောက်ခြင်း။ မံသပရိက္ခယေန ဝိဘူတသိရာဇာလတာယ ဘဂ္ဂါ ဟုတွာ ဝိနတာ။ ထေရီ၊ဋ္ဌ။၂၁၉။

**မံသပရိဂ္ဂဏှက** (တိ) [မံသ+ ပရိဂ္ဂဏှက] အသားကို (ညဏ်ဖြင့်) သိမ်းယူတတ်သော၊ သူ။ မံသပရိဂ္ဂဏှကေန စ ယောဂါဝစရေန ဧတာနေဝ သြဋ္ဌာရိကမံသာနိ သဏ္ဌာန-တော ဝဝတ္ထပေတဗ္ဗာနိ။ ခုဒ္ဒက၊ဋ္ဌ။၃၆။

**မံသပရိဘောဂဋ္ဌာန** (န) [မံသ+ပရိဘောဂ-ဋ္ဌာန] အသားကို သုံးဆောင်ရာ အရပ်။ မံသပရိဘောဂဋ္ဌာနေ....စေတိယာနိ ကာရေ-တွာ။ ဇာ၊ဋ္ဌ၊၆။၈၃။

**မံသပရိယေသနာ** (ထီ) [မံသ+ပရိယေသနာ] အသားရှာမှီးခြင်း။ ဗလိကမ္မကရဏတ္ထံ မံသ-ပရိယေသနံ စရန္တေဟိ။ ထေရ၊ဋ္ဌ၊၂။၂၆၄။

**မံသပါတိ** (ထီ) [မံသ+ပါတိ] အသားဟင်းခွက်၊ ဟင်းမျိုးခွက် (သျှ)။ ကေမေကဿ ဘိက္ခုနော ကေမေကံ မံသပါတိံ ဥပနာမေ-ဿာမိ။ ဝိ၊၃။၃၁၇။

**မံသပါတိသတ** (န) [မံသပါတိ+သတ] အသားဟင်းခွက်အရာ။ အစုတေလဿာနိ မံသပါတိ-သတာနိ ပဋိယာဒေယျံ။ ဝိ၊၃။၃၁၆။

**မံသပိဏ္ဍ** (ပု) [မံသ+ပိဏ္ဍ] (၁) အသား–စိုင်–ခဲ။ (၂) အသားစိုင်ပြိုတ္တာ။ (၃) ဝက္ကန္တိ ကောဗန္ဓနာဒွေ မံသပိဏ္ဍာ။ အဘိ၊ဋ္ဌ၊၂။၂၂၈။

(–ဝိသုဒ္ဓိ၊ ၂။ ၂၂၄။ စရိယာ၊ ဋ္ဌ။ ၇၁။ သံ၊ ဋီ၊ ၂။ ၂၀၂။) (၂) အဒ္ဒသံ မံသပိဏ္ဍံ ဝေဟာသံ ဂစ္ဆန္တံ။ ဝိ၊ ၁။ ၁၄၅။

**မံသပိဏ္ဍပေတ** (ပု) [မံသပိဏ္ဍ+ပေတ] အသားစိုင်ပြိတ္တာ။ သော မံသပိဏ္ဍပေတော ဇာတော။ ဝိ၊ ဋ္ဌ၊ ၂။ ၉၀။ သံ၊ ဋ္ဌ၊ ၂။ ၂၀၁။

**မံသပိဏ္ဍိက** (ပု) [မံသပိဏ္ဍ+ဣက] အသား–စိုင်–ခဲ။ ဝဏ္ဏန္တိ ကေဗန္ဓနာ ဒွေ မံသပိဏ္ဍိကာ။ ဝိသုဒ္ဓိ၊ ၁။ ၂၄၇။

**မံသပုဉ္ဇ** (ပု) [မံသ+ပုဉ္ဇ] အသား– စု– ပုံ။ မံသခလ–ကြည့်။

**မံသပေသိ** (ထီ) [မံသ+ပေသိ] အသားတစ်။ မံသပေသိ "သာမိကာနံ ဒဿာမိ" တိ အဂ္ဂဟေသိ။ ဝိ၊ ၁။ ၇၉။ (–မ၊ ၂။ ၂၇။ သံ၊ ၁။ ၄၄၇။ အံ၊ ၂။ ၅၀၂။ ထေရ။ ၂၇၃။)

**မံသပေသိဂဗ္ဘ** (ပု) [မံသပေသိ+ဂဗ္ဘ] အသားတစ် ကိုယ်ဝန်။ အဂ္ဂမဟေသိယာ မံသပေသိဂဗ္ဘေန ဒွေဒါရကာ နိဗ္ဗတ္တာ။ သီ၊ ဋီ၊ သစ်၊ ၂။ ၃၂၉။

**မံသပေသိပေတ** (ပု) [မံသပေသိ+ပေတ] အသားတစ်ပြိတ္တာ။ သော မံသပေသိပေတော ဇာတော။ ဝိ၊ ဋ္ဌ၊ ၂။ ၉၀။ သံ၊ ဋ္ဌ၊ ၂။ ၂၀၁။

**မံသပေသိဝဏ္ဏ** (တိ) [မံသပေသိ+ဝဏ္ဏ] သားတစ် အဆင်းရှိသော၊ သူ။ မံသပေသိဝဏ္ဏံ ကော် ပုတ္တံ အကော်နာဒါယ။ ဓမ္မ၊ ဋ္ဌ၊ ၁။ ၃၃၉။ (–ထေရီ၊ ဋ္ဌ။ ၁၁၂။)

**မံသပေသိသတ** (နု) [မံသပေသိ+သတ] သားတစ်အရာ။ မံသန္တိ နဝ မံသပေသိသတာနိ။ အဘိ၊ ဋ္ဌ၊ ၂။ ၂၂၅။ ဝိသုဒ္ဓိ၊ ၁။ ၂၄၄။

**မံသပေသူပမ** (တိ) [မံသပေသိ+ဥပမာ] အသားတစ် ဥပမာရှိသော၊ အသားတစ်နှင့် တူသော (ကာမဂုဏ်)။ "မံသပေသူပမာ ကာမာ ဗဟုသာဓာရဏဋ္ဌေနာ" တိ ပဿန္တော ဝိက္ခမ္ဘနတော ကာမေ ပရိဝဇ္ဇေတိ။ မဟာနိ။ ၂။ (–ဝိ၊ ၂။ ၁၇၆။ မ၊ ၁။ ၁၈၂။ အံ၊ ၂။ ၈၅။ ထေရီ။ ၄၃၂။) ဂိဇ္ဈာဒီဟိ သာဓာရဏာ မံသပေသိဥပမာ ဧတေသန္တိ မံသပေသူပမာ။ မဟာနိ၊ ဋ္ဌ။ ၂၇။ (–ဝိ၊ ဋ္ဌ၊ ၃။ ၁၃၉။ မ၊ ဋ္ဌ၊ ၂။ ၁၀။ အံ၊ ဋ္ဌ၊ ၃။ ၁၅။ ထေရီ၊ ဋ္ဌ။ ၂၉၂။ နေတ္တိ၊ ဝိ။ ၁၉၃။)

**မံသပ္ပမာဏ** (နု) [မံသ+ပမာဏ] အသား အတိုင်းအရှည်၊ အသားနှင့် အညီအမျှ။ အနုဇာနာမိ ဘိက္ခဝေ မံသပ္ပမာဏေန နခံ ဆိန္ဒိတုန္တိ။ ဝိ၊ ၄။ ၂၇၃။ ဝိ၊ သင်္ဂဟ။ ၄၄၅။ မံသပ္ပမာဏေနာတိ အင်္ဂုလဂ္ဂမံသပ္ပမာဏေန။ ဝိနယာလင်္ကာရ၊ ဋီ၊ ၂။ ၃၅၅။

**မံသဘက္ခ** (တိ) [မံသ+ဘက္ခ] အသားစားသော၊ သူ။ မံသဘက္ခော တုဝံ ရာဇ။ ဇာ၊ ၁။ ၁၇၀။ (–သံ၊ ဋ္ဌ၊ ၂။ ၂၆၁။ အံ၊ ဋ္ဌ၊ ၂။ ၂၉၁။)

**မံသဘာဂ** (ပု) [မံသ+ဘာဂ] အသားအဖို့အစု။ ကောဋ္ဌာသန္တိ မံသဘာဂံ။ မ၊ ဋီ၊ ၃။ ၁၉၅။

**မံသဘောဇန** (နု) [မံသ+ဘောဇန] (၁) မံ အသားဟူသော ဘောဇဉ်။ (တိ) (၂) အသားစားသော၊ သူ။ (၁) သောမဂန္ဓော န ဟိ မံသဘောဇနံ။ သုတ္တနိ။ ၃၁၆–၇။ (–သုတ္တနိ၊ ဋ္ဌ၊ ၁။ ၃၀၃။) (တိ) (၂) ခုဒ္ဒမိဂေ ခါဒတိ မံသဘောဇနော။ ဝိမာန။ ၃၉။ (–ဇာ၊ ၁။ ၂၅၂။)

**မံသမိဿက** (တိ) [မံသ+မိဿက] အသားနှင့် ရောနှောသော။ ...ရမ္မကော ဟိ မံသမိဿ ကောပိ ...ဘတ် ...မံသမိဿ ...ပီ။ ဝိ၊ သင်္ဂဟ။ ၃၀။ (–သာရတ္ထ၊ ၃။ ၆၂။)

**မံသမူလ** (နု) [မံသ+မူလ] အသား–အမဲသား–ဖိုး။ မံသမူလံ မေ ဒေဟိ။ ဇာ၊ ဋ္ဌ၊ ၂။ ၁၂၃။

**မံသယာနက** (န) [မံသ+ယာနက] အသား (တင်သော) ယာဉ်ငယ်။ သဗ္ဗမေဝ ဣဒံ မံသ-ယာနကံ တဝ ဂေဟံ အာဟရိဿာမိ။ ဇာ၊ ၄၊၃။၄၇။

**မံသရ** (ပု) [အမှ+သရ] ငါ့-ငါတို့-အသံ။ မံမုခ-ကြည့်။

**မဂဓရာဇ** (ပု) [မဂဓ+ရာဇ] မဂဓမင်း။ (မဂဓ မင်းသည် ဂေါတမဘုရားရှင် သက်တော်ထင် ရှားရှိနေစဉ်၌−ဗိမ္ဗိသာရမင်း (ဝိ၊၃။၅၃။ ဝိ၊ ဋ္ဌ၊၁။၂၅၇) အဇာတသတ်မင်း (ဒီ၊၁။၄၄) ဟု ၂-ဦးတွေ့ရ၏။ အတိတ်မဂဓမင်းကား ရေ ကုမင်းတစ်ဦးသာ တွေ့ရသည်။ (သာရတ္ထ၊၂။ ၁၁၂။) အမည်မထင်ရှားသော မဂဓမင်းများ ကား ဇာတ်အဋ္ဌကထာများ၌ များစွာပင် တွေ့ရ၏။ (ဇာ၊ဋ္ဌ၊၁။၉၆၊၁၆၀၊၁၇၀၊ ၃၇၉၊ ၂၁၅။ဇာ၊ဋ္ဌ၊၅။၁၇၂၊၂၆၁။) မဟာဂေါဝိန္ဒ ဟူသည် မှေး၌ဖြစ်သော မဂဓမင်းတစ်ယောက် ပင်တည်းဟု (မဋ္ဌီ၊၂။၁၀၈−၉) ကေစိဝါဒ အရ ပြဆိုသေး၏။) အတီတေ ရာဇဂဟေ ဓောဓာ မဂဓရာဇာ ရဇ္ဇံကာရေသိ။ ဇာ၊ဋ္ဌ၊ ၁။၁၇၉။ (−ဓမ္မ၊ဋ္ဌ၊၁။၅၄။)

**မဂဓဝရ** (ပု) [မဂဓ+ဝရ] မြတ်သောမဂဓတိုင်း။ မဂဓဝရပုရတ္ထိမေနာ (ဝိမာန။၅၂) တံ မဂဓ-ဝရဿ ပုရတ္ထိမေန၊ အဘိသမ္ဗောဓိဋ္ဌာနတော ဥတ္တရမေ မဂဓရဋ္ဌေ ပုရတ္ထိမဒိသာယ။ ဝိမာန၊ ဋ္ဌ။၁၄၉။

**မဂဓဝါသိက** (တိ) [မဂဓဝါသ+ဣက] မဂဓ-တိုင်း၌ နေခြင်းရှိသော၊သူ။ မဂဓဝါသိကာနံ သဿာသမယေ မိဂါနံ မဟာပရိပန္ထော ဟောတိ။ ဇာ၊ဋ္ဌ၊၁။၁၇၀။

**မဂယမာန** (တိ) [မဂ+ဏယ+မာန။နီတိ၊ဓာ။ ၂၈၆။] ရှာဖွေသော၊ သူ။ ယထာ ဥလူကော ရုက္ခသာခါယံ မူသိကံ မဂယမာနော ဈာ-ယတိ။ မဟာနိ။၁၁၇။ မူသိကံ မဂယမာနောတိ မူသိကံ ဂဝေသမာနော။မဟာနိ၊ဋ္ဌ။၂၃၇။

**မဂရာဇ** (ပု) [မဂ+ရာဇ] သားကောင်တို့၏မင်း။ (မြေခွေးနက်ကို မြောက်ပင့် ခေါ်ခြင်းဖြစ် သည်။)ကတ္တစိ ပန ကာဠသိင်္ဂါလောပိ ဝုစ္စတိ။

ယထာဟ– "ဥသဘာသောဝ တေ ခန္ဓော၊ သီဟဿေဝ ဝိဇမ္ဘိတံ"။မဂရာဇ နမော တျတ္ထု အပိ ကိဉ္စိ လဘာမသေ။ မ၊၄၊၁။၁၂၃–၄။ (ဇ၊၁။၈၉–၌ မိဂရာဇဟု ရှိသည်။)

**မဂ္ဂဝတိက** (တိ) [မဂ္ဂဝတ+ဣက] သွားကောင်း အကျင့်ရှိသော၊ သွားကောင်းကျင့် ကျင့်သော၊ သူ။ မဂ္ဂဝတိက....ဗဟုဗ္ဗိသော်ဘာတဝါဒါဒယော ဆန္နဝုတိတက္ကာပါသေန ခုံသနတော။ မ၊ဋီ၊ ၂။၁၂။

**မဂဝိသာဏ** (န) [မဂ+ဝိသာဏ] သားကောင်ဦးချို၊ သားချို။ သပ္ပိတေလေန ကာယံ အဗ္ဘဉ္ဇိတွာ မာဂဝိသာဏေန ပိဋ္ဌိံ ကဏ္ဍုဝမာနော နဝံ သန္ထာဂါရံ ပဝိသတိ။ မ၊၂။၆။ အံ၊၁။၅၂၈။

**မဂသိင်္ဂ** (န) [မဂ+သိင်္ဂ] သားကောင် ဦးချို၊ သားချို။ ဗောဓိသတ္တဿ ကိရ စက်မန္တဿ တသ္မိံ မဂသိင်္ဂခုရသဒ္ဒါဒိဘေဒေ ဘယဘေရဝါရမ္မဏေ အာဂတေ နေဝ မဟာသတ္တော တိဋ္ဌတိ။ မ၊၄၊၁။၁၂၄။

**မဂသိရ** (ပု) [မဂ+သိရ] (၁) သမင်ဦးခေါင်း။ (၂) မိဂသီနက္ခတ်။ (သမင်ဦးခေါင်းသဏ္ဌာန် ရှိသော ကြယ်အစုကို မိဂသီနက္ခတ်ဟု ခေါ်သည်။ ခာန်၊ဋီ။၅၉။) (၁)(၂) မိဂသီသဏ္ဌာနတ္တာ တာရာပုဉ္ဇော မဂသိရော။ သူစိ။ (–မောဂ်၊ ပဉ္စိကာ၊၄။၂၄၇။) မာဂသိရ,မိဂသိရ တို့လည်းကြည့်။

**မဂ္ဂ**(ပု) [မဂ္ဂ+ဏ။မဂ္ဂ+ဏ။မ+ဂမု+ကွိ။ မဂ္ဂ+အ။မ+ဂ။ သူစိ။ဂမု+အ။သာရတ္ထ၊ ၃။၁၇၀။ (မာဂီ–သံ)](၁)လမ်းခရီး။(၂)အကြောင်း။ (၃) မဂ်၊ အရိယာမဂ်၊ မဂ္ဂင်၊ မဂ္ဂသစ္စာ။ (၄) ကျင့်စဉ်။ (၅) မဂ္ဂပစ္စည်း။(၆) နိဗ္ဗာန်။ (၇) (မဂ်။ ဝစ္စမဂ်စသည်)။ (၈) အပြား (ဘေဒ)။ (၉) အစဉ်အဆက်။ (ပ) (၁၀) မဂ်–လမ်းခရီး–နှင့်တူသော။

(၁)လမ်းခရီး။ (ခြေလမ်းခရီးကို ဇင်္ဃမဂ္ဂ၊ လှည်းလမ်းခရီးကို သကဋမဂ္ဂ စသည်ဖြင့် အဘိ၊ဋ္ဌ၊၃။၃၁၁–၌ သုံးနှုန်းသည်။ မဂ္ဂေါ ပေါက္ခရဏီတိ တောနိ ဟိ အသေနာသနာနိ။ ဝိ၊ဋ္ဌ၊၄။၇၀–၌ လမ်းခရီးအနီး ဇရပ်ရှည်ကို မဂ္ဂေါဟု ဆိုသည်။ သာရတ္ထ၊၃။၄၀၂။ ဝိမတိ၊ ၂။၂၄၂။) မုဠ္ဟဿ ဝါ မဂ္ဂံ အာစိက္ခေယျ။ ဝိ၊၁။၇။ ဒီ၊၁။၈၀။ မ၊၁။၄၈။

(၂) အကြောင်း။ (ယော သော ဘိက္ခဝေ မဂ္ဂေါ။ သံ၊၃။၂၄၁-၌ အဘိညာဉ်၏ အခြေခံ အကြောင်း ဖြစ်သောကြောင့် ဇေတုတ္တဈာန်ကို မဂ္ဂေါဟု ဆိုသည်။ သံ၊ဋ္ဌ၊၃။၂၈၉။ ရူပူပပတ္တိယာ မဂ္ဂံ ဘာဝေတိ။ အဘိ၊၁။ ၄၄-၌ ရူပဘုံသို့ ရောက်ခြင်း၏ အကြောင်းဖြစ်သော ကြောင့် ဈာနစေတနာနှင့် သမ္ပယုတ္တဓမ္မတို့ကို မဂ္ဂဟု ဆိုသည်။ အဘိ၊ဋ္ဌ၊၁။၂၀၇။ အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။ဓမ္မ။ ၅၃။နေတ္တိ။၇-၌ အလုံးစုံသော ကိလေသာမှ စင်ကြယ်သော အရိယာမဂ်၏ (သို့မဟုတ်) စင်ကြယ်သောနိဗ္ဗာန်၏ အကြောင်းဖြစ်သော ကြောင့် နိဗ္ဗိဒါနုပဿနာကို မဂ္ဂေါဟုဆိုသည်။ နေတ္တိ၊ဋ္ဌ။၄၅။ ဝိသုဒ္ဓိ၊ဋီ၊၁။၁၁။ မံသစက္ခုဿ ဥပ္ပါဒေါ,မဂ္ဂေါ ဒိဗ္ဗဿ စက္ခုနော။ အဘိ၊က။ ၁၉၁။ ဣတိဝုတ်။၂၃၁-၌ ဒိဗ္ဗစက္ခု၏ အကြောင်း ဖြစ်သောကြောင့် မံသစက္ခုကို မဂ္ဂေါဟုဆိုသည်။ ဣတိဝုတ်၊ဋ္ဌ။၁၉၈။ မူလဋီ၊ ၃။၇၆။ အနုဋီ၊၃။၁၁၁။) ရူပူပပတ္တိယာ မဂ္ဂံ ဘာဝေတိ။ အဘိ၊၁။၄၄။ (–၆၈။) ရူပူပပတ္တိယာ မဂ္ဂံ ဘာဝေတီတိ...........မဂ္ဂေါတိ ဥပါယော။ အဘိ၊ဋ္ဌ၊၁။၂၀၇။ (–၂၄၅။)

(၃) မဂ်၊ အရိယာမဂ်၊ မဂ္ဂင်၊ မဂ္ဂသစ္စာ။ အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ။ ဝိ၊၁။၁၁၉။ ဝိ၊၃။၁၅။ ပဋိသံ။၃၂၅။

(၄) ကျင့်စဉ်၊ လမ်းစဉ်။ (အနက္ခာတဿ မဂ္ဂဿ အက္ခာတာ။ ပဋိသံ။၃၇၅-၌ ပါရမီ

၁၀-ပါးလမ်းစဉ်ကို မဂ္ဂသာ ဟုဆိုသည်။ ပဋိသံ၊ ဋ္ဌ၊၂။၂၅၄။ဒေ. ဟာနုစိတ္တံ ဉာဏ်ဟိ မဂ္ဂံ ဒဿနပတ္တိယာ။ ထေရီ။ ၄၀၂-၌ သမထဝိပဿနာ လမ်းစဉ်ကို မဂ္ဂံ ဟုဆိုသည်။ ထေရီ၊ဋ္ဌ။၁၇၈။ အဋ္ဌင်္ဂိကော စ မဂ္ဂါနံ၊ ခေမံ အမတဂါမိနံ။ မ၊၂။၁၇၆-၌ သတိပဋ္ဌာန်လမ်းစဉ်ကို မဂ္ဂါနံဟု ဆိုသည်။ မ၊ဋ္ဌ၊၃။၁၅၂။မ၊ဋီ၊၃။၁၀၆။) မဂ္ဂေ စေဝ ဟေတု စ (ပဋိသံ။၂၇၄)တိ တဿ တဿ ကိစ္စဿ ကရဏာယ ပဋိပဒဋ္ဌေန မဂ္ဂေ.... အယံမဂ္ဂေါ အယံပဋိပဒါ (သံ၊၃။၆၊၂၃) တိ အာဒိသု ဟိ ပဋိပဒါ မဂ္ဂေါ။ပဋိသံ၊ဋ္ဌ၊၂။၁၈၀။ (၅) မဂ္ဂပစ္စည်း။ ယထာနုရူပံ ဈာနပစ္စယေ ဝုတ္တာနံ မဂ္ဂဝင်္ဂာနံ နဝန္နံ ဟေတုအဓိပတိဈာနာနံ။ မူလဋီ၊၃။၁၉၇။ မဂ္ဂပစ္စယတံ အဝိဇဟန္တော ဝါတိ ဉာမိနာ စ မဂ္ဂပစ္စယော ဝုတ္တောတိ "မဂ္ဂင်္ဂာနံ နဝန္န" န္တိ ဝုတ္တံ။ အနုဋီ၊၃။၂၆၆။ (၆) နိဗ္ဗာန်။ မဂ္ဂဥ္ဆ လဒ္ဓါ အပုနဗ္ဘဝါယာ( သံ၊၁။၁၇၆ )တိ အပုနဗ္ဘဝါယ မဂ္ဂေါ နာမ နိဗ္ဗာနံ၊တံ လဘိတွာတိ အတ္ထော။ သံ၊ဋ္ဌ၊၁။၂၆၃။မဂ္ဂေါနာမာတိ ဥပါယောနာမ နိဗ္ဗာနံ တသ္မိံ လဒ္ဓေ ပုနဗ္ဘဝါဘာဝတော။ သံ၊ဋီ၊၁။၂၇၅။ (၇) မဂ်။ ( ဂစ္ဆမဂ်=ကျင်ကြီးလမ်းကြောင်း၊ ပဿာဝမဂ်= ကျင်ငယ်လမ်းကြောင်း၊ မုခမဂ်= ခံတွင်း။ လူမ၊ နတ်မ၊ တိရစ္ဆာန်မ၊ လူဥဘတောဗျည်းနတ်ဥဘတောဗျည်း တိရစ္ဆာန် ဥဘတောဗျည်းတို့၌ မဂ် ၃-ခုစီရှိသောကြောင့် ၁၈-မဂ်။ လူယောကျ်ား နတ်ယောကျ်ား တိရစ္ဆာန်ယောကျ်ား၊ လူပဏ္ဍုက် နတ်ပဏ္ဍုက် တိရစ္ဆာန်ပဏ္ဍုက်တို့၌ ဝစ္စမဂ် မုခမဂ် ၂-ခုစီရှိသောကြောင့်၁၂-မဂ် ။ စုစုပေါင်း မဂ် ၃၀ ဖြစ်သည်။ ဝိ၊ဋ္ဌ၊၁။၂၂၅။ ကခါ။၁၀၉။) မနုဿိတ္ထိယာ တယော မဂ္ဂေ ........မုခံ အင်္ဂဇာတံ ပဝေသေန္တဿ အာပတ္တိ ပါရာဇိကဿ။ ဝိ၊၁။၃၅။ (၈) အပြား (ဘေဒ)။ဒွေဓာ ဒွိဓာသကမဂ္ဂေါပိ အဟေတု ကဋ္ဌကမ္မိတိ။ အဘိ၊ဋ္ဌ၊၁။ ၃၀၇။ (၉)အစဉ် အဆက်။ ကထာမဂ္ဂနှင့်ကထာမဂ္ဂနိဿိတ–တို့ ကြည့်။ (တိ) (၁၀) မဂ်–လမ်းရေး–နှင့်တူသော။ဖလံ ပန မဂ္ဂံ ဥပါဒါယ မဂ္ဂေါ နာမ။ အဘိ၊ဋ္ဌ၊၁။ ၃၃၀။( –ခုဒ္ဒကာ၊ဋ္ဌ။၄။ မူလဋီ၊၁။ ၉။) မဂ္ဂံ ဥပါဒါယာတိ မဂ္ဂသဒိသတာယ မဂ္ဂေါတိ ဉာမမတ္တံ သန္ဓာယာဟ။မူလဋီ၊၁။၁၃၆။

အရိယာမဂ်သည် သောတာပတ္တိမဂ်=ပဌမမဂ်၊ သကဒါဂါမိမဂ်=ဒုတိယမဂ်၊ အနာဂါမိမဂ်=တတိယမဂ်၊ အရဟတ္တမဂ်= စတုတ္ထမဂ် ဟု လေးမျိုးရှိ၏၊ ယင်းမဂ်လေးမျိုး၌ ယှဉ်သော စေတသိက်များတွင်သမ္မာဒိဋ္ဌိ=ပညာ၊ သမ္မာသင်္ကပ္ပ=ဝိတက်၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊သမ္မာဝါယာမ=ဝီရိယ၊ သမ္မာသတိ = ၃ တိ၊ သမ္မာသမာဓိ=ဧကဂ္ဂတာဟု စေတသိက်ရှစ်လုံးပါဝင်ရာ ယင်းစေတသိက်ရှစ်လုံးကို မဂ္ဂင် ရှစ်ပါးဟု ခေါ်၏၊ ထိုမဂ္ဂင်ရှစ်ပါး အပေါင်းကိုပင် ပါဠိသက် မြန်မာဝေါဟာရအားဖြင့် မဂ်ဟု သုံးနှုန်း ခေါ်ဝေါ်ကြခြင်းဖြစ်သည်။ သမ္မာဒိဋ္ဌိစသော ၈ပါးစီကို မဂ္ဂင်ဟု ခေါ်၍ ယင်းရှစ်ပါးအပေါင်းကို မဂ်ဟုခေါ်ဝေါ်ခြင်းဖြစ်သည်ဟူလို။ မဂ္ဂပုဒ်၏ အကြောင်းဗျုပ္ပတ်ကို ဖော်ကြရာ၌ – ကိလေသာတို့ကို သတ်လျက် နိဗ္ဗာန်သို့ သွားတတ်သောကြောင့်မဂ်၊ နိဗ္ဗာန်ကိုရှာမှီး တတ်သောကြောင့်မဂ်၊ နိဗ္ဗာန်ကိုအလိုရှိသော သူတို့သည် ကျင့်အပ်သောကြောင့် မဂ်စသည်ဖြင့် အဋ္ဌကထာ,ဋီကာများ၌ အမျိုးမျိုးပင် ဖော်ပြကြ၏ (မ၊ဋ္ဌ၊၁။၁၈၉။ ပဋိသံ၊ဋ္ဌ၊၁။ ၂၅။ သာရတ္ထ၊၃။၁၇၀။ မ၊ဋီ၊၁။၁၉၅)။

ယင်းမဂ်သည်အနုသယကိုပယ်ခြင်း၊ ဝဋ်မှ ထွက်မြောက်ခြင်းလက္ခဏာရှိ၏ (ပေဋကော။ ၁၇၁)။ အနုသယကိုပယ်ခြင်းကိစ္စရှိ၏ (အဘိ၊ ဋ္ဌ၊၁။၂၄၇)။

### မဂ်က အနုသယခုနစ်ပါးပယ်ပုံ

သောတာပတ္တိမဂ်သည် ဒိဋ္ဌာနုသယ,ဝိစိကိစ္ဆာနုသယကို အစဉ်စွန့်ပယ်၏၊ထိုမှတစ်ပါးသော အနုသယ ကိလေသာတို့ကို အပါယ်လားစေတတ်သော အစွမ်းကို ဖြတ်သောအားဖြင့်တစ်စိတ်မျှသာစွန့်ပယ်၏၊ သကဒါဂါမိမဂ်သည် ကာမရာဂါနုသယ, ပဋိဃာနုသယကို ခေါင်းပါးစေ၏၊ အစဉ် မစွန့်။ အနာဂါမိမဂ်သည် ကာမရာဂါနုသယ,ပဋိဃာနုသယကို အစဉ်စွန့်ပယ်၏၊ကြွင်းသောအနုသယကိလေသာတို့ကို အားနည်းစေ၏။ အရဟတ္တမဂ်သည် မာနာနုသယ,ဘဝရာဂါနုသယ,အဝိဇ္ဇာနုသယတို့ကို အစဉ်စွန့်ပယ်၏၊ ထိုမှတစ်ပါးသော ကိလေသာတို့ကို အကြွင်းမဲ့ပယ်၏ (ယမိုက်ကောက်။၄၂၀)။

### မဂ်က အာသဝလေးပါးပယ်ပုံ

သောတာပတ္တိမဂ်သည် ဒိဋ္ဌာသဝကိုပယ်၏။ အနာဂါမိမဂ်သည် ကာမာသဝကို ပယ်၏။ အရဟတ္တမဂ်သည် ဘဝါသဝ,အဝိဇ္ဇာသဝကို ပယ်၏ (အဘိ၊ဋ္ဌ၊၁။၄၀၃)။

### မဂ်က သံယောဇဉ်ကိုပယ်ပုံ

သောတာပတ္တိမဂ်သည် ဒိဋ္ဌိ, ဝိစိကိစ္ဆာ, သီလဗ္ဗတပရာမာသ, ဣဿာ, မစ္ဆရိယ ဤသံယောဇဉ်ငါးပါးကိုပယ်၏။ အနာဂါမိမဂ်သည် ကာမရာဂ, ပဋိဃ ဤသံယောဇဉ်နှစ်ပါးကို ပယ်၏။ အရဟတ္တမဂ်သည် မာန, ဘဝရာဂ, အဝိဇ္ဇာ ဤသံယောဇဉ် သုံးပါးကို ပယ်၏ (အဘိ၊ဋ္ဌ၊၁။၄၀၈)။

### မဂ်က နီဝရဏပယ်ပုံ

သောတာပတ္တိမဂ်သည် ကုက္ကုစ္စ,ဝိစိကိစ္ဆာ နီဝရဏနှစ်ပါးကို ပယ်၏။ အနာဂါမိမဂ်သည် ကာမစ္ဆန္ဒ, ဗျာပါဒနီဝရဏနှစ်ပါးကို ပယ်၏။ အရဟတ္တမဂ်သည် ထိန, မိဒ္ဓ, ဥဒ္ဓစ္စ, အဝိဇ္ဇာ ဤနီဝရဏ လေးပါးကိုပယ်၏။

### မဂ်က ဥပါဒါန်လေးပါးပယ်ပုံ

သောတာပတ္တိမဂ်သည် ဒိဋ္ဌုပါဒါန်,သီလဗ္ဗတုပါဒါန်, အတ္တဝါဒုပါဒါန်သုံးပါးကိုပယ်၏။ ကာမုပါဒါန်ကိုကား မဂ် လေးပါးလုံးက အကြမ်းအနုအစဉ်လိုက်ပယ်သည်။

### မဂ်က ကိလေသာ ၁၀-ပါးပယ်ပုံ

သောတာပတ္တိမဂ်သည် ဒိဋ္ဌိဝိစိကိစ္ဆာ ကိလေသာများကိုပယ်၏၊ အနာဂါမိမဂ်သည် ဒေါသကိလေသာကိုပယ်၏။အရဟတ္တမဂ်သည် ကြွင်းသော ကိလေသာ ခုနစ်ပါးကို ပယ်၏ (အဘိ၊ဋ္ဌ၊၁။၄၁၅-၇)။ ဝရဇိန်မိုးကြိုးသွားဖြင့် မဖောက်ခွဲ မဖျက်ဆီးနိုင်သော ကျောက်တောင်ကျောက်ခဲမည်သည်မရှိ၊ ဝရဇိန်မိုးကြိုးသွားကျရာအရပ်အသည် ထုတ်ချင်းပေါက်သွားသည်သာဖြစ်သည်။ ထို့အတူ အရဟတ္တမဂ်ဖြင့် မပယ်သတ်နိုင်သော ကိလေသာမည်သည်ရှိ၊ အရဟတ္တမဂ်ဖြင့် ပယ်ပြီး ကိလေသာများ ပြန်လည် ဖြစ်ပေါ်လာခြင်းမည်သည် မရှိ (အဘိ၊ဋ္ဌ၊၁။၄၁၉)။

### မဂ်က ဂန္ထလေးပါးပယ်ပုံ

မည်သည့် မဂ်က မည်သည့်ဂန္ထတရားကို ပယ်သည်ဟုကျမ်းဂန်များ၌တိုက်ရိုက်မတွေ့ရ၊ အနုသယ,ကိလေသာစသည်ပယ်ပုံကို နည်းမှီးရလျှင် သောတာပတ္တိမဂ်သည် သီလဗ္ဗတပရာမာသ, ဣဒံသစ္စာဘိနိဝေသကာယဂန္ထနှစ်ပါးကိုပယ်သည်၊အနာဂါမိမဂ်သည်ဗျာပါဒကာယဂန္ထကိုပယ်သည်၊ အရဟတ္တမဂ်သည် အဘိဇ္ဈာကာယဂန္ထကိုပယ်သည်ဟု ယူရမည်ထင်သည်။ အဘိဇ္ဈာကာယဂန္ထကို ပယ်ဖျောက်ကြောင်းတရားဟူသည် အရဟတ္တဖိုလ်တည်းဟု (အံ၊ဋ္ဌ၊၂။၂၇၉၃) ဆိုထား၏၊ ယင်းသို့ ဆိုခြင်းကား ပဋိပ္ပဿဒ္ဓိပဟာန် အစွမ်းဖြင့် ပယ်စွန့်ခြင်းကို ရည်ရွယ်၍ ဆိုခြင်းဖြစ်သည်(အံ၊ဋီ၊၂။၂၇၉)။

သမုစ္ဆေဒပဟာန် ( အကြွင်းမဲ့ပယ်စွန့်ခြင်း ) အားဖြင့်ကား အရဟတ္တမဂ်ကပင် အဘိဇ္ဈာ-ကာယဂန္ထကို အကြွင်းမဲ့ပယ်သည်ဟုယူရမည်။

မဂ်က အကုသိုလ်ကိုပယ်ပုံ

သောတာပတ္တိမဂ်သည် ဒိဋ္ဌိဂတသမ္ပယုတ်-စိတ်လေးခု ဝိစိကိစ္ဆာသဟဂုတ် စိတ်တစ်ခု ဤအကုသိုလ်စိတ်ငါးပါးကိုပယ်၏။သကဒါဂါ-မိမဂ်သည် ဒေါမနဿသဟဂုတ်စိတ် နှစ်ပါး ကို ခေါင်းပါးစေ၏၊အကြွင်းမဲ့ မပယ်။ အနာဂါမိ မဂ်သည် ဒေါမနဿသဟဂုတ် စိတ်နှစ်ပါးကို အကြွင်းမဲ့ပယ်၏။ အရဟတ္တမဂ်သည် ဒိဋ္ဌိဂတ ဝိပ္ပယုတ်စိတ်လေးခု ဥဒ္ဓစ္စသဟဂုတ်စိတ်တစ်ခု ဤငါးပါးသော အကုသိုလ်စိတ်တို့ကိုပယ်၏။ မဂ်အသီးသီးသည် ဆိုင်ရာအကုသိုလ်ကို ပယ် ရာ၌ စိတ်၏အစိတ်၏အစွမ်းဖြင့် ဖြစ်လတ္တံ့သော အကုသိုလ်နှင့်တကွပယ်သည်။ ယင်းသို့ ပယ်ရာ၌ နိုင်ငံကြီးတစ်နိုင်ငံတွင် ခိုးသူကြီး တစ်ဆယ့်နှစ်ယောက် ထကြွသောင်းကျန်း နေရာ ဆုလာဘ်ပေး၍ အသီးအသီးအပမ်း ခိုင်းပုံ ဥပမာဖြင့် အဋ္ဌသာလိနီအဋ္ဌကထာ (အဘိ၊ဌ၊၁။၂၇၇-၉)၌ အကျယ်ပြထား၏။

မဂ်က ကိလေသာကိုပယ်ရာ၌ အောက် အောက်မဂ် မပယ်ရသေးသော ကိလေသာ များကို အထက်အထက်မဂ်က ပယ်၏။သစ္စာ ကိုမြင်ရာ၌ကား သောတာပတ္တိမဂ်သည် မြင် အပ်ပြီး သစ္စာလေးပါးကိုပင် အထက်မဂ်သုံး ပါးကမြင်သည်။ ယင်းသို့မြင်ရာ၌အခန်းတွင်း-ရှိ ရတနာသေတ္တာလေးလုံးကို မီးထွန်း၍မြင်ရ ပုံ၊ နေရောင်ဖြင့်မြင်ရပုံ ဥပမာများဖြင့် အကျယ်ပြဆိုထား၏ (အဘိ၊ဋ္ဌ၊၁။၂၇၄-၆)။

သောတာပတ္တိမဂ်သည် အပါယ်ဘဝမှ-ထ၏။ သောတာပတ္တိမဂ်ရပြီးနောက် အပါယ် မကျတော့ဟုဆိုလိုသည်။ သကဒါဂါမိမဂ်သည် သုဂတိကာမဘုံတစ်စိတ်မှထ၏။ အနာဂါမိမဂ် သည် ကာမဘဝမှထ၏။အရဟတ္တမဂ်သည်ရူပ အရူပဘဝမှထ၏။ အရဟတ္တမဂ်သည် အလုံးစုံ သောဘဝတို့မှထသည်သာ၊ အရဟတ္တမဂ်ရ-ပြီးလျှင် နောက်ဘဝမရှိတော့ဟူလို (အဘိ၊ ဋ္ဌ၊၁။၂၇၉)။ သောတာပတ္တိမဂ်ဉာဏ်သည် အပါယ်ဘုံ၌လည်းကောင်း, သတ္တမဘဝထက် အလွန်ဖြစ်သောသုဂတိဘဝ၌ လည်းကောင်း အကျိုးပေးနိုင်သော အစွမ်းသတ္တိရှိသည့် အဘိသင်္ခါရဝိညာဏ် (=ပဋိသန္ဓေကျိုးပေး နိုင်သည့် ကံနှင့် တကွဖြစ်သော ဝိညာဏ်)ကို ချုပ်ပျောက်စေ၏ (ပယ်၏)။ ထို့ကြောင့် သောတာပန်ပုဂ္ဂိုလ်အဖို့ အပါယ်ဘဝ၌ ဖြစ် မည့် နာမ်ရုပ်တရားများ, သတ္တမဘဝထက် အလွန် သုဂတိဘဝ၌ဖြစ်မည့် နာမ်ရုပ်တရား များသည် သောတာပတ္တိမဂ် ရစဉ်ကပင် လုံးဝချုပ်ဆုံးခဲ့ပြီး ဖြစ်သည်ဟု ဆိုရသည်။ အပင်ပေါက်နိုင်သော အစွမ်းသတ္တိရှိသည့် မျိုးစေ့ကို မီးမြှိုက်ပစ်လိုက်လျှင် ထိုမျိုးစေ့ ကြောင့် ဖြစ်ထွန်း ပေါ်ပေါက်လာမည့် ပင်စည် အခက် အရွက်အသီးအပွင့်စသည်ကို ဖျက်ဆီးပြီး ဖြစ်သကဲ့သို့တည်း။

သကဒါဂါမိမဂ်ဉာဏ်သည် လူ့ဘုံ နတ်ဘုံ အရေ ငါးဘဝတို့၌ အကျိုးပေးနိုင်သော အစွမ်း သတ္တိရှိသည့် အဘိသင်္ခါရဝိညာဏ်ကို ချုပ်ပျောက်စေ၏၊ ထို့ကြောင့်သကဒါဂါမိ ပုဂ္ဂိုလ်အဖို့ လူ့ဘုံ နတ်ဘုံအရေငါးဘဝ-၌ဖြစ်မည့် နာမ်ရုပ်တရားများသည် သကဒါ-ဂါမိမဂ်ရစဉ်ကပင် လုံးဝချုပ်ဆုံးခဲ့ပြီး ဖြစ် သည်။

အနာဂါမိမဂ်ဉာဏ်သည် လူ့ဘုံ နတ်ဘုံ အရေနှစ်ဘဝ၌ အကျိုးပေးနိုင်သောအစွမ်း သတ္တိရှိသည့် အဘိသင်္ခါရဝိညာဏ်ကို ချုပ် ပျောက်စေ၏၊ ထို့ကြောင့် အနာဂါမိပုဂ္ဂိုလ် အဖို့ လူ့ဘုံ နတ်ဘုံ အရေနှစ်ဘဝတို့၌ ဖြစ်

မည့် နာမ်ရုပ်တရားများသည် အနာဂါမိမဂ်ရစဉ်ကပင် လုံးဝချုပ်ဆုံးခဲ့ပြီးဖြစ်သည်။

အရဟတ္တမဂ်ဉာဏ်သည် ရူပဘဝ အရူပဘဝတို့၌ အကျိုးပေးနိုင်သော အစွမ်းသတ္တိရှိသည့် အဘိသင်္ခါရဝိညာဏ်ကို ချုပ်ပျောက်စေ၏၊ ထို့ကြောင့် ရဟန္တာပုဂ္ဂိုလ်အဖို့ ရူပဘုံ အရူပဘုံ၌ဖြစ်မည့် နာမ်ရုပ်တရားများသည် အရဟတ္တမဂ် ရစဉ်ကပင် လုံးဝချုပ်ဆုံးခဲ့ပြီးဖြစ်သည် (စူဠနိ။ ၃၃-၄။ အဘိ၊ဋ္ဌ၊၁။ ၂၇၉။ စူဠနိ၊ဋ္ဌ။၃-၇)။

မဂ်ကဆိုင်ရာ အဘိသင်္ခါရဝိညာဏ်ကို ချုပ်ပျောက်စေ၏ ဟူရာ၌ အဘိသင်္ခါရဝိညာဏ်သည် မဂ်ဉာဏ်က သတ်အပ်သော တရားမဟုတ်၊ အဘယ်နည်းဖြင့်အဘိသင်္ခါရဝိညာဏ်ကို ချုပ်ပျောက်စေသနည်းဟု မေးဖွယ်ရှိ၏၊ အဖြေကား–အဘိသင်္ခါရဝိညာဏ်သည်တဏှာ အဝိဇ္ဇာဟူသော အဖော် သဟာယ်ကိုရမှ အကျိုးကို စီမံနိုင်၏၊ အကျိုးပေးနိုင်၏ (အဝိဇ္ဇာနုသယပရိက္ခိတ္တေန တဏှာနုသယမူလကေန သင်္ခါရေန ဇနိယမာနံ။ ဘင်္ဂဟ။၅)။ တဏှာအဝိဇ္ဇာတို့ကား မဂ်ကပယ်သတ် အပ်သော တရားများတည်း။ မဂ်ကအကြောင်းဖြစ်သော တဏှာ အဝိဇ္ဇာကိုသတ်လိုက်လျှင် အဘိသင်္ခါရ ဝိညာဏ်ကိုလည်း ပယ်သတ်ရာ ချုပ်ပျောက်စေရာ ရောက်၏၊ ထို့ကြောင့် အကြောင်းအဝိဇ္ဇာတဏှာ၏ ချုပ်ပျောက်ခြင်းကိုပင် ကာရဏူပစာအားဖြင့် "အဘိသင်္ခါရဝိညာဏ်၏ ချုပ်ပျောက်ခြင်း" ဟုဆိုသည်(ဋီလင်္ကာ၊၁။၁၀၇)။

သုတ္တနိပါတ်ပါဠိတော် ရတနသုတ်(သုတ္တနိ။ ၃၁၃)၌ အရိယာပုဂ္ဂိုလ်များသည် အရိယာဖြစ်ပြီးနောက်ရှစ်ခုမြောက်ဘဝကို မယူဟု ဆိုထားရာ၌ ကာမဘဝကို ရည်ရွယ်၍သာ ဆိုထားခြင်းဖြစ်သည်၊ သံသရာ ကျင်လည်ရာ၌ ကာမဘုံဝယ် ခုနစ်ဘဝထက်အလွန် မနေကြတော့ဟု ဆိုလိုသည်၊ မဟဂ္ဂုတ် ဘဝအတွက်ကား အပိုင်းအခြားမရှိ၊ မဟဂ္ဂုတ်များစွာပင် ဖြစ်နိုင်ကြသည်ဟု (အနုဋီ၊၁။၁၂၄ ၌)ဆို၏။ သုတ္တနိပါတ်အဋ္ဌကထာ (၁။၂၈၆) ပရိတ္တဋီ (၅၀) တို့၌ကား အရိယာများသည် သတ္တမဘဝ၌ ဝိပဿနာအားထုတ်၍ ရဟန္တာ ကေန်ဖြစ်ကြသည်ဟု ဆို၏။ ယင်း ဋ္ဌ, ဋီ–တို့အလို အရိယာများသည် ခုနစ်ဘဝထက် အလွန် သံသရာမကျင်လည်ကြတော့ဟု မှတ်ရမည်။

မဂ်သည် လောဘအစွန်း ဒေါသအစွန်း နှစ်ပါးသို့မကပ်ရောက်၊ ထိုအစွန်းနှစ်ပါးမှ လွတ်သော ကြောင့် မဂ်ကို (=မဂ်လမ်းစဉ်ကို) မဇ္ဈိမပဋိပဒါဟု ခေါ်သည် (မ၊ဋ္ဌ၊၁။ ၁၀၈)။ မဂ်ဖြင့်ကိလေသာ အနှောင်အဖွဲ့မှ လွတ်သောကြောင့် မဂ်ကို သတ္တဝါတို့၏ နိမောက္ခ (လွတ်မြောက်ရေး) တရားဟုခေါ်သည် (သံ၊ဋ္ဌ၊၁။၁၉)။ ကာယဝင်္ကစသည် မရှိသောကြောင့်မဂ်ကို ဥဇုက (=ဖြောင့်မတ်သော) တရားဟုလည်း ခေါ်၏ (သံ၊ဋ္ဌ၊ ၁။၈၂)။ ဘုရားကင်းဆိတ်သောကမ္ဘာလောက၌ တစ်စုံတစ်ယောက်သန္တာန်ဝယ် မဖြစ်ပေါ် မဥပါဒ်သောကြောင့်အရိယမဂ်ကို ပဝါရဏာသုတ် (သံ၊၁။၁၉၂) ၌ အနုပ္ပန္နမဂ်ဟု ဟောတော်မူခဲ့၏။

ရှေးဘုရားရှင်တို့ကျင့်ကြံဖူးပ်သော အရိယာမဂ်ကို ဘုရား မပွင့်သော ကြားကာလ၌ တစ်စုံတစ်ယောက်မျှ အသုံးမပြု ( ဖြစ်ပေါ်အောင် မလုပ်) သောကြောင့် "ပုရာဏမဂ္ဂ =အသုံးမပြုသောလမ်းဟောင်း" ဟု နဂရသုတ် (သံ၊၁။၃၂၇-၉)၌ ဟောတော်မူ၏ (သံ၊ဋ္ဌ၊၂။၁၀၃။ သံ၊ဋီ၊၂။၁၁၉)။

သမ္မာသမ္ဗုဒ္ဓ, ပစ္စေကဗုဒ္ဓ, သာဝကဗုဒ္ဓတို့သည် ဘာဝနာသဝန ဂေါစရာသေဝနအားဖြင့် မဂ်တရားကို မှီဝဲကြ၏၊ မစွန့်လွှတ်ကြ၊ ထို့ကြောင့်မဂ်ကို "ဗုဒ္ဓနိသေဝိတ=ဘုရားရှင်

တို့ မှီဝဲအပ် မစွန့်လွှတ်အပ်သောတရား” ဟု ခေါ်၏ (ဒီ၊ဋ္ဌ၊၁။၁။ သာရတ္ထ၊၁။၁၁။ ဝိဘင်္ဂ၊၁။၃)။

အင်္ဂုတ္တိုရ်ပါဠိတော် ဒသကနိပါတ် အရိယသုတ် (အံ၊၃။၄၈၅)၌ သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်မှု (ပါဏာတိပါတာဝေရမဏီ) စသည်ကို အရိယာမဂ်၊သူ့အသက် သတ်ခြင်း (ပါဏာတိပါတ)စသည်ကို အနရိယမဂ်ဟု ဟောတော်မူ၏။

## ပုဂ္ဂိုလ်အလိုက် မဂ္ဂဝီထိဖြစ်ပုံ

ပညာဉာဏ်ကြီးသော ( မဟာပညာ ) ပုဂ္ဂိုလ်အား မဂ္ဂဝီထိဖြစ်ပုံကား–ဘဝင်စလန၊ ဘဝင်ုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ အနုလုံ ၂-ကြိမ်၊ ဂေါတြဘူ၊ မဂ်၊ ဖိုလ်သုံးကြိမ်၊ ထိုနောင် ဘဝင်ဖြစ်တိုက်သည် ဖြစ်၏။

ပညာဉာဏ် အလယ်အလတ်ရှိသော(မဇ္ဈိမပညာ) ပုဂ္ဂိုလ်အား မဂ္ဂဝီထိ ဖြစ်ပုံကား–ဘဝင်စလန၊ ဘဝင်ုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း အနုလုံ ၃-ကြိမ်၊ ဂေါတြဘူ၊ မဂ်၊ ဖိုလ် ၂-ကြိမ်၊သို့နောင် ဘဝင်ဖြစ်သိုက်သည်ဖြစ်၏။

ပညာဉာဏ်နုံ့သော (မန္ဒပညာ) ပုဂ္ဂိုလ်အား မဂ္ဂဝီထိဖြစ်ပုံကား–ဘဝင်စလန၊ ဘဝင်ုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ အနုလုံ ၄-ကြိမ် ဂေါတြဘူ၊ မဂ်၊ ဖိုလ်တစ်ကြိမ်၊ ထိုနောင် ဘဝင်ဖြစ်သိုက်သည် ဖြစ်၏ (အဘိ၊ဋ္ဌ၊၁။၂၇၅-၆။ သစ္စသင်္ခေပ။ ၃၅၇-ဂ-ဂါထာ)။ (မှတ်ချက်–သင်္ဂဟ။ ဝိဘာဝိနီဋီကာ။ ဝီထိလက်ရိုးကျမ်းများ၌ ဖိုလ်တစ်ကြိမ်သာ ဖြစ်သော မန္ဒပညာပုဂ္ဂိုလ်၏မဂ္ဂဝီထိကို မပြကြ။ မဟာပညာ, မဇ္ဈိမပညာပုဂ္ဂိုလ်တို့၏ မဂ္ဂဝီထိကိုသာပြကြသည်။ အဋ္ဌသာလိနီယောဇနာ (၁၄၄) ဆရာက မန္ဒပညာပုဂ္ဂိုလ်၏ မဂ္ဂဝီထိသည် ရှင်ဗုဒ္ဓဃောသအလိုမဟုတ်၊ ပေါရာဏအဋ္ဌကထာ၌ လာသောနည်းသာ ဖြစ်သည်ဟု မှာ၏။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ (၂။၃၁၅)၌လည်း မန္ဒပညာပုဂ္ဂိုလ်၏ မဂ္ဂဝီထိကို အနှစ်သာရအားဖြင့် မယုံကြည်အပ်=(နှ သာရတော ပစ္စေတဗ္ဗံ ဟုပယ်ထား၏)။

မဇ္ဈိမပညာပုဂ္ဂိုလ်၏ မဂ္ဂဝီထိ၌ ကိလေသာ အမိုက်တိုက်ကို ဖျက်ဆီးပုံ, နိဗ္ဗာန်မြင်ပုံ ဥပမာကား – မျက်စိအမြင်နှင့်ပြည့်စုံသော ပုဂ္ဂိုလ်သည် လ၏ နက္ခတ်နှင့်ယှဉ်ခြင်းကို သိအောင် ပြုအံ့ဟူသော ရည်ရွယ်ချက်ဖြင့် ညဉ့်၌ လကိုမော့ကြည့်စဉ် တိမ်တိုက်တို့ဖြင့် ဖုံးလွှမ်းနေသောကြောင့် လသည်မထင်ရှား ခဲ့၊ ထိုအချိန်တွင် ပဌမအကြိမ် တိုက်ခတ်လာသော လေသည် ထူထပ်သော တိမ်တိုက်များကို မှုတ်လွှင့် ဖျက်ဆီးပစ်လိုက်၏၊ ဒုတိယအကြိမ် တိုက်ခတ်လာသော လေသည် အလယ်အလတ်ဖြစ်သော တိမ်တိုက်တို့ကို မှုတ်လွှင့်ဖျက်ဆီးပစ်လိုက်၏၊ တတိယအကြိမ် တိုက်ခတ် လာသောလေသည် သိမ်မွေ့သော တိမ်တိုက်တို့ကို မှုတ်လွှင့် ဖျက်ဆီးပစ်လိုက်၏၊ ထိုနောင်မှ လ၏နက္ခတ်နှင့် ယှဉ်ခြင်းကို ကြည့်လို သိလိုသူသည် တိမ်တိုက်ကင်းသော ကောင်းကင်၌ လကိုကောင်းစွာ မြင်ရတော့၏။

ဤဥပမာ၌ တိမ်တိုက်သုံးခုနှင့် သစ္စာကို ဖုံးလွှမ်းတတ်သော ကိလေသာ အမိုက်တိုက် သုံးခုတူသည်၊ လေသုံးခုနှင့် အနုလုံသုံးခု တူသည်၊ မျက်စိအမြင်နှင့် ပြည့်စုံသောပုဂ္ဂိုလ်နှင့် ဂေါတြဘူဉာဏ်တူသည်၊ လနှင့်နိဗ္ဗာန် တူသည်၊တစ်ခုတစ်ခုသော လေ၏ အစဉ်အတိုင်း တိမ်တိုက်သုံးခုကို ဖျက်ဆီးခြင်းကဲ့သို့ တစ်ခုတစ်ခုသော အနုလုံစိတ်၏ သစ္စာကို ဖုံးလွှမ်း တတ်သော ကိလေသာအမိုက်တိုက်ကို ဖျက်ဆီးခြင်းကို မှတ်အပ်၏။

တိမ်တိုက်ကင်းသော ကောင်းကင်၌ စင်ကြယ်သောလကို မြင်ရခြင်းကဲ့သို့ သစ္စာကို ဖုံးလွှမ်းတတ်သော ကိလေသာ အမိုက်တိုက် ကင်းလွတ်သော ဂေါတြဘုဉာဏ်ဖြင့် စင်ကြယ်သော နိဗ္ဗာန်ကို အာရုံပြုခြင်း (မြင်ခြင်း)ကို မှတ်အပ်၏။ တိုက်ခတ်လာသော လေသုံးခုသည် လကိုဖုံးလွှမ်းနေသော တိမ်တိုက်များကိုသာ ဖျက်ဆီးခြင်းငှာ စွမ်းနိုင်၏၊ လကိုမြင်ခြင်းငှာ မစွမ်းနိုင်၊ ထို့အတူ အနုလုံစိတ်သုံးခုသည် သစ္စာကို ဖုံးလွှမ်းတတ်သော ကိလေသာ အမိုက်တိုက်ကို ဖျက်ဆီးခြင်းငှာ စွမ်းနိုင်၏၊ နိဗ္ဗာန်ကို အာရုံပြုခြင်းငှာ မစွမ်းနိုင်။ လ၏နက္ခတ်နှင့် ယှဉ်ခြင်းကို သိလိုသူသည် လကိုသာမြင်ခြင်းငှာ စွမ်းနိုင်၏၊ တိမ်တိုက်တို့ကို ဖျက်ဆီးခြင်းငှာ မစွမ်းနိုင်။ ထို့အတူ ဂေါတြဘုဉာဏ်သည် နိဗ္ဗာန်ကိုသာ အာရုံပြုခြင်းငှာ စွမ်းနိုင်၏၊ ကိလေသာ အမိုက်တိုက်ကို ဖျက်ဆီးခြင်းငှာ မစွမ်းနိုင်။ အနုလုံဉာဏ်သုံးခုသည် ဝိပဿနာ၏ အာရုံဖြစ်သော ခန္ဓာဘို၌ အနိစ္စ, ဒုက္ခ, အနတ္တဟု လက္ခဏာရေးသုံးပါး ထင်မြင်၍ သစ္စာကို ဖုံးလွှမ်းတတ်သော ကိလေသာ အမိုက်တိုက်တို့ကို ဖျက်ဆီးသည် (အဘိ၊ဋ္ဌ၊၁။၂၇၅-၆)။

မဂ်သည် ကိလေသာ အမိုက်တိုက်ကိုသာ ဖောက်ခွဲဖျက်ဆီးသည်မဟုတ်၊ သံသရာအဝ အဆက်ဆက်၌ ဖြစ်ခဲ့သော ဒုက္ခပင်လယ်ကိုလည်း ခြောက်သွေ့စေ၏၊ အပါယ်တံခါးများကိုလည်း ပိတ်ဆို့၏၊ အရိယဥစ္စာ (၇) ဖြာကို မျက်မှောက်ပြု၏၊ မိစ္ဆာမဂ္ဂင် ၈-ပါးကိုပယ်စွန့်၏၊အလုံးစုံသော ဘေးရန်အပေါင်းကို ငြိမ်းအေးစေ၏၊ မြတ်စွာဘုရား၏ ရင်သွေးတော်နှစ် သားတော်စစ်အဖြစ်သို့ ရောက်အောင် ပို့ဆောင်သည့်အပြင် များစွာသော အကျိုးအာနိသင်များကိုလည်း ရရှိစေ၏ (ဝိသုဒ္ဓိ၊ ၂။၃၁၃-၅)။

**မဂ်၏ သုညတစသည်အမည်ရပုံ**

ဝုဋ္ဌာနဂါမိနီ ဝိပဿနာသည် တေဘူမကသင်္ခါရတို့ကို အတ္တမှ ကင်းဆိတ်သောအားဖြင့် (=အနတ္တအားဖြင့်) ရှုသည်ဖြစ်အံ့၊ ထိုဝုဋ္ဌာနဂါမိနီဝိပဿနာသည် သုညတအမည်ရသည်။ သုညတမည်သော ဝုဋ္ဌာနဂါမိနီ ဝိပဿနာ၏ အစွမ်းဖြင့်ရလာသော မဂ်သည် သုညတမဂ်မည်၏။ ဤကားအာဂမန (=မဂ်ဖြစ်ပေါ်လာကြောင်း ဝိပဿနာ)၏ အစွမ်းဖြင့် သုညတအမည် ရပုံတည်း။

မဂ်သည် မိမိသဘောအားဖြင့်ပင် ရာဂစသည်တို့မှ ကင်းဆိတ်၏၊ ထို့ကြောင့် သဂုဏ (=မိမိ၏ ပင်ကိုယ်ဂုဏ်သဘော) အားဖြင့်ပင် မဂ်သည် သုညတအမည်ရသည်။ နိဗ္ဗာန်သည် ရာဂစသည်တို့မှ ကင်းဆိတ် သောကြောင့် သုညတ မည်ရင်းတည်း၊ သုညတ မည်သော နိဗ္ဗာန်ကိုအာရုံပြု၍ဖြစ်ရသောကြောင့် မဂ်ကို အာရုံ၏အစွမ်းအားဖြင့် (အာရမ္မဏတော) သုညတမည်သည်ဟု ဆိုရသည်။ ဤနည်း၌ အကြောင်း အာရုံ၏ သုညတ နာမည်ကို အကျိုး မဂ်ပေါ်၌ တင်စားသော ကာရဏူပစာဖြစ်သည်ဟုမှတ်ပါ။

ဝုဋ္ဌာနဂါမိနီဝိပဿနာသည် တေဘူမကသင်္ခါရတို့ကို ဒုက္ခအားဖြင့် ရှုသည်ဖြစ်အံ့၊ ရှုပ်နာမ်ဓမ္မ သင်္ခါရတို့၌ တောင့်တ တတ်သော တဏှာကို ခြောက်သွေ့ကုန်ခမ်း စွန့်လွှတ်နိုင်သောကြောင့်ယင်းဝုဋ္ဌာနဂါမိနီဝိပဿနာသည် အပ္ပဏိဟိတ အမည်ရ၏၊ အပ္ပဏိဟိတ မည်သော ဝိပဿနာ၏ အစွမ်းအားဖြင့် ရလာသောမဂ်သည် အပ္ပဏိဟိတမဂ်မည်၏။ မဂ်၌ ရာဂ, ဒေါသ, မောဟစသော တောင့်တမှု ပဏိဓိမရှိ၊ ထို့ကြောင့် မဂ်သည် သဂုဏ (=မိမိ၏ပင်ကိုယ်သဘော) အားဖြင့်ပင်အပ္ပဏိဟိတအမည်ရသည်။ ရာဂစသော ပဏိဓိမရှိသောကြောင့် နိဗ္ဗာန်သည် အပ္ပဏိဟိတ

မည့်ရင်းတည်း။အပ္ပဏိဟိတ မည်သောနိဗ္ဗာန်ကို အာရုံပြု၍ဖြစ်ရသောကြောင့် မဂ်သည် အာရုံ၏ အစွမ်းအားဖြင့် (အာရမ္မဏတော) အပ္ပဏိဟိတမည်၏။

အဘိဓမ္မာ ဒေသနာအားဖြင့် အနိမိတ္တမဂ်ဟူ၍မရှိ၊သုတ္တန်ဒေသနာအားဖြင့်ကား အနိမိတ္တမဂ်ဟူ၍ရှိနိုင်ရနိုင်၏။ ရပုံကား—ဝုဋ္ဌာနဂါမိနီဝိပဿနာသည် ရုပ်နာမ်ဓမ္မသင်္ခါရတို့ကို အနိစ္စဟု ရှုလျှင် နိစ္စဟူ၍ ဖောက်ပြန်မှားယွင်းစွာ ထင်မှတ်တတ်သော သညာ, စိတ္တ,ဒိဋ္ဌိဝိပလ္လာသကို ပယ်စွန့်နိုင်သောကြောင့် ယင်းဝိပဿနာသည် အနိမိတ္တ အမည်ရ၏၊ အနိမိတ္တ အမည်ရသော ဝုဋ္ဌာနဂါမိနီဝိပဿနာ၏အစွမ်းဖြင့် ဖြစ်ပေါ်လာသော မဂ်သည် အနိမိတ္တမဂ်မည်၏ ( အဘိဋ္ဌ၊၁။ ၂၆၆-၉။ သင်္ဂဟ၊၉။ ၆၁-၆။ ဝိဘာဝိနီ။ ၂၇၄-၅)။ ဝိသုဒ္ဓိမဂ်၌ မဂ်သည် အကြောင်းငါးမျိုးဖြင့် အမည်ရသည်ဟုဆို၏။ အကြောင်း ငါးမျိုးကား—သရသ, ပစ္စနီက, သဂုဏ, အာရမ္မဏ, အာဂမနတို့ဖြစ်သည်။ ထိုတွင် သဂုဏ, အာရမ္မဏ,အာဂမနတို့ဖြင့် သုညတစသည်အမည်ရပုံမှာ အထက်၌ရေးခဲ့ပြီးသောနည်းနှင့်အတူပင်ဖြစ်သည်။

သင်္ခါရုပေက္ခာဉာဏ်သည် အနိစ္စအားဖြင့် သင်္ခါရတရားတို့ကို သုံးသပ်၍ မဂ်ဖြစ်ပေါ်လာသည်ဖြစ်အံ့၊ ယင်းမဂ်သည် အနိမိတ္တဝိမောက္ခမဂ်မည်၏။ သင်္ခါရုပေက္ခာဉာဏ်သည် ဒုက္ခအားဖြင့် သင်္ခါရတရားတို့ကို သုံးသပ်ဆင်ခြင်၍ မဂ်ဖြစ်ပေါ်လာသည်ဖြစ်အံ့၊ ယင်းမဂ်သည် အပ္ပဏိဟိတဝိမောက္ခမဂ်မည်၏။သင်္ခါရုပေက္ခာဉာဏ်သည် အနတ္တအားဖြင့် သင်္ခါရတရားတို့ကို သုံးသပ်ဆင်ခြင်၍ မဂ်ဖြစ်ပေါ်လာသည် ဖြစ်အံ့၊ ယင်းမဂ်သည် သုညတဝိမောက္ခမဂ်မည်၏။ ဤကား "သရသ"အားဖြင့် အမည်ရပုံတည်း။

အနိစ္စာနုပဿနာဖြင့် သင်္ခါရတရားတို့၏ အပေါင်းစသောတစ်ခဲနက်ကို ခွဲခြမ်း ဝေဖန်မှုကိုပြု၍ နိစ္စ, ဓုဝ, သဿတနိမိတ်ကို ပယ်စွန့်လျက် မဂ်ဖြစ်ပေါ်လာသည်ဖြစ်အံ့၊ ယင်းမဂ်သည် အနိမိတ္တမဂ်မည်၏။ ဒုက္ခာနုပဿနာဖြင့် သုခသညာကို ပယ်စွန့်၍ ရာဂစသော တောင့်တမှုကို ခြောက်သွေ့စေလျက် မဂ် ဖြစ်ပေါ်လာသည်ဖြစ်အံ့၊ ယင်းမဂ်သည် အပ္ပဏိဟိတမဂ်မည်၏။ အနတ္တာနုပဿနာဖြင့် အတ္တသညာ ပုဂ္ဂလသညာကိုပယ်စွန့်၍ သင်္ခါရတရားတို့၏ အတ္တမှ ကင်းဆိတ်သည်၏ အဖြစ်ကို ရှုဆင်ခြင်လျက် မဂ်ဖြစ်ပေါ်လာသည် ဖြစ်အံ့၊ ယင်းမဂ်သည် သုညတမဂ် မည်၏။ ဤကား ပစ္စနီကအားဖြင့် အမည်ရပုံတည်း (ဝိသုဒ္ဓိ၊၂။ ၃၀၇)။

### မဂ်၏ အမည်လေးမျိုး

ပဋိပဒါအဘိညာ၏ အစွမ်းဖြင့် ဒုက္ခပဋိပဒါမဂ်,သုခပဋိပဒါမဂ်, ဒန္ဓာဘိညာမဂ်,ခိပ္ပါဘိညာမဂ်ဟု ၄-မျိုးရှိ၏။ ထိုတွင်—ကိလေသာတို့ကို ဆင်းရဲငြိုငြင်ပင်ပန်းသဖြင့် ခွါ၍ရလာသော မဂ်သည် ဒုက္ခပဋိပဒါမဂ်မည်၏၊ ကိလေသာတို့ကိုချမ်းသာလွယ်ကူသဖြင့် ခွါ၍ရလာသော မဂ်သည် သုခပဋိပဒါမဂ်မည်၏။ ကိလေသာတို့ကို ခွါပြီး၍ ဝိပဿနာဟူသော နေခြင်းဖြင့် နေသည်ရှိသော် ကြာမြင့်သောကာလမှ ဖြည်းဖြည်းနှေးနှေး မဂ်ဖြစ်ပေါ် လာလျှင် ယင်းမဂ်သည် ဒန္ဓာဘိညာမဂ်မည်၏။ ကိလေသာတို့ကို ခွါပြီး၍ ဝိပဿနာဟူသောနေခြင်းဖြင့်နေသည်ရှိသော် လျင်လျင်မြန်မြန် မဂ်ဖြစ်ပေါ်လာလျှင် ယင်းမဂ်သည် ခိပ္ပါဘိညာ မဂ်မည်၏ (ဝိသုဒ္ဓိ၊၂။၃၀၆)။ ပဋိပဒါအဘိညာ- နှစ်မျိုးရောနှော၍ ဒုက္ခပဋိပဒါဒန္ဓာဘိညာမဂ်၊ ဒုက္ခပဋိပဒါခိပ္ပါဘိညာမဂ်၊ သုခပဋိပဒါဒန္ဓာဘိညာမဂ်၊ သုခပဋိပဒါခိပ္ပါဘိညာ မဂ်ဟု အမည်လေးမျိုးဖြင့်လည်း ခေါ်ဝေါ်ကြ၏ (အဘိဋ္ဌ၊

၁။၂၆၀)။ ဘုရားရှင်နှင့် ရှင်သာရိပုတ္တရာတို့အား မဂ်လေးပါးစလုံး သုခပဋိပဒါခိပ္ပါဘိညာ သာတည်း။ အရှင်မဟာမောဂ္ဂလာန်အား ပဌမမဂ်သည် သုခပဋိပဒါခိပ္ပါဘိညာ၊ အထက်မဂ်သုံးပါးသည် ဒုက္ခပဋိပဒါဒန္ဓာဘိညာ ဖြစ်၏ အဘိ၊ဋ္ဌ၊၁။၂၇၉–၈၀။ဝိသုဒ္ဓိ၊၂။၃၀၇။

## မဂ်လေးပါးနည်းလေးထောင်

၁။ သုဒ္ဓိကပဋိပဒါ။ ၂။ သုဒ္ဓိကသုညတ။ ၃။ သုညတပဋိပဒါ။ ၄။ သုဒ္ဓိကအပ္ပဏိဟိတ။ ၅။ အပ္ပဏိဟိတပဋိပဒါ ဤ ၅-မျိုးကို ကောဋ္ဌာသ (အုပ်စုကြီး) ၅-ခုဟု ခေါ်၏။ တစ်ခုတစ်ခုသော ကောဋ္ဌာသ၌ စတုက္ကနည်း (ဈာန်လေးပါးအပေါင်းနည်း) ပဥ္စကနည်း (ဈာန်ငါးပါးအပေါင်းနည်း) ဟု ၂-မျိုးစီ ရသောကြောင့် ကောဋ္ဌာသ ၅-မျိုးအတွက် ၁၀-နည်းရလ၏။

ဈာန၊မဂ္ဂ၊သတိပဋ္ဌာန၊ သမ္မပ္ပဓာန၊ ဣဒ္ဓိပါဒ၊ဣန္ဒြိယ၊ဗလ၊ဗောဇ္ဈင်္ဂ၊သစ္စ၊ သမထ၊ဓမ္မ၊ ခန္ဓာ၊အာယတန၊ ဓာတု၊ အာဟာရ၊ ဖဿ၊ ဝေဒနာ၊သညာ၊စေတနာ၊စိတ္တ-ဤပုဒ် ၂၀-ကို ဝီသတိမဟာနယ(နည်းကြီး ၂၀) ဟု ခေါ်သည်။

ယခင်ပြခဲ့သော ၁၀-နည်းကိုတည်၊ ဈာနစသော နည်းကြီး ၂၀-ဖြင့်မြှောက်က နည်းနှစ်ရာရလာသည်။ ဤကား အဓိပတိမဖက်သက်သက်သော သုဒ္ဓိကအတွက် နည်းပေါင်းနှစ်ရာဖြစ်သည်။ဤအတူ ဆန္ဒာဓိပတိအတွက် နည်းပေါင်းနှစ်ရာ။ ဝီရိယာဓိပတိ အတွက် နည်းပေါင်းနှစ်ရာ။ စိတ္တာဓိပတိအတွက် နည်းပေါင်းနှစ်ရာ။ဝီမံသာဓိပတိအတွက် နည်းပေါင်းနှစ်ရာ-စီ ရရကား သောတာပတ္တိမဂ် အတွက် နည်းပေါင်း တစ်ထောင်ဖြစ်၏။ ထို့အတူ သကဒါဂါမိမဂ်အတွက် နည်းပေါင်း တစ်ထောင်၊အနာဂါမိမဂ်အတွက်နည်းပေါင်း တစ်ထောင်၊အရဟတ္တမဂ်အတွက် နည်းပေါင်း တစ်ထောင်ဖြစ်ရကား မဂ်လေးပါးနည်းလေးထောင် ဖြစ်သတည်း (အဘိ၊၁။၇၁-၉၀။ အဘိ၊ဋ္ဌ၊၁။၂၆၉-၂၈၃)။

## ဝိဘာဝိနီဋီကာနည်း

ပဋိပဒါနှင့် မရောမယှက်သော အားဖြင့် ရှေးဦးစွာ သုညတမဂ်, အပ္ပဏိဟိတမဂ် ဟု ၂-မျိုးရှိ၏။ ထို ၂-မျိုးကိုတည်၊ပဋိပဒါ လေးပါးဖြင့်မြှောက်၊ ၈-ပါးရ၏။ မူလ ၂-ပါး ပြန်ပေါင်း ၁၀-ပါ၊ဖြစ်၏။ ယင်း ၁၀-ပါးကိုတည်၊ ဈာနစသော နည်းကြီး ၂၀-ဖြင့်မြှောက်၊ နှစ်ရာဖြစ်၏။ ဤကား အဓိပတိမဖက်သက်သက်သော သုဒ္ဓိကအတွက် နည်းပေါင်းနှစ်ရာဖြစ်သည်။ ထို့အတူ အဓိပတိလေးပါးအတွက် တစ်ပါးလျှင် နှစ်ရာစီရသောကြောင့် ရှစ်ရာဖြစ်၏။ မူလနှစ်ရာနှင့်ပေါင်း တစ်ထောင်ဖြစ်၏။ မဂ် တစ်ပါးလျှင် နည်း တစ်ထောင်ရသောကြောင့် မဂ်လေးပါး နည်းလေးထောင် ဖြစ်၏ (ဝိဘာဝိနီ။၉၈-၉။ မဏိမဥ္ဇူ။၁။၂၇၈-၉)။

## သစ္စဝိဘင်းလာ နည်း ၆-ခေ-ခင်း

သစ္စဝိဘင်း၌ ၁။ တဏှာယ ပဟာနံ။ ၂။ တဏှာယ စ အဝသေသာနဉ္စ ကိလေသာနံ ပဟာနံ။ ၃။ တဏှာယ စ အဝသေသာနဉ္စ ကိလေသာနံ အဝသေသာနဉ္စ အကုသလာနံ ဓမ္မာနံ ပဟာနံ၊ ၄။ တဏှာယ စ အဝသေသာနဉ္စ ကိလေသာနံ အဝသေသာနဉ္စ အကုသလာနံ ဓမ္မာနံ တိဏ္ဏဉ္စ ကုသလမူလာနံ သာသဝါနံ ပဟာနံ။ ၅။ တဏှာယ စ အဝသေသာနဉ္စ ကိလေသာနံ အဝသေသာနဉ္စ အကုသလာနံ ဓမ္မာနံ တိဏ္ဏဉ္စ ကုသလမူလာနံ သာသဝါနံ အဝသေသာနဉ္စ သာသဝါနံ ကုသလာနံ ဓမ္မာနံ ပဟာနံ (အဘိ၊ဝိ။ ၁၁၂–၅) ဟူ၍ ဒုက္ခနိရောဓသစ္စာ၌ ဟော

တော်မူအပ်သော ကျှင်ငါးပါးကို "ပဥ္စကောဋ္ဌာသ"အုပ်စုကြီး ငါးခုဟု ဆိုသည်။ ထိုတွင် အုပ်စုကြီး တစ်ခုတစ်ခုအတွက် အထက်၌ပြဆိုခဲ့ပြီး နည်းလေးဆောင်စီ ရသောကြောင့် အုပ်စုကြီး ငါးခုအတွက် နည်းပေါင်း နှစ်ဆောင်း ဖြစ်သတည်း။

ထိုပြင် ယင်းသစ္စဝိဘင်း၌ ၁။ အင်္ဂဂိကဝါရ။ ၂၊ ပဥ္စင်္ဂိကဝါရ ။၃။ သဗ္ဗသင်္ဂါဟိကဝါရဟု ဝါရကြီးသုံးပါး (=မဟာဝါရ)ထပ်မံ ခွဲခြားသားပြန်၏။ ထိုတွင် မဂ္ဂင်ရှစ်ပါးရှိသော ဝါရကို အင်္ဂဂိကဝါရ၊ မဂ္ဂင်ငါးပါးရှိသော ဝါရကို ပဥ္စင်္ဂိကဝါရ၊ ဖဿော ဟောတိ ဝေဒနာဟောတိ စသည်ဖြင့် ယှဉ်ဖက်ဖြစ်သော ငါးဆယ်ကျော်သော တရားတို့ကို သိမ်းယူရာဝါရကို သဗ္ဗသင်္ဂါဟိကဝါရ ဟု ခေါ်၏။ ဝါရကြီး တစ်ခုတစ်ခု၌ နည်းပေါင်း နှစ်သောင်းစီ ရသောကြောင့် ဝါရကြီးသုံးခုအတွက် နည်းခြောက်သောင်း ဖြစ်သတည်း (အဘိ၊ဝိ။၁၁၂-၅။ အဘိ၊ဋ္ဌ၊၂။၁၁၄-၇။ မဏိမဥ္ဇူ၊၁။၂၇၉-၈၀။ သမ္မော၊ သျှ၊၁။၃၁၃-၅)။ (ဓမ္မသင်္ဂဏီပါဠိတော်လာ ဝီသတိမဟာနယနှင့် အဘိ၊ဋ္ဌ၊၂-လာ ဈာနာဘိနိဝေသ စသော ဝီသတိ အဘိနိဝေသသည် သဘောတူပင် ဖြစ်၏။ သမ္မော၊ သျှ၊၁၊၃၁၄-၌ ဝီသတိ အဘိနိဝေသရုပ် အပြည့်အစုံ ထုတ်ပြထားသည်)။

မဂ္ဂသစ္စာ, မဂ္ဂင်ကိစ္စ

မဂ်စိတ်၌ယှဉ်နေသည့် သမ္မာဒိဋ္ဌိစသော မဂ္ဂင်ရှစ်ပါးကိုပင် မဂ္ဂသစ္စာဟု ခေါ်၏ (သင်္ဂဟ။၇၊၅၂။ဝိဘာဝိနီ။၂၃၃)။

မဂ္ဂသစ္စာကိုပွားများ၏ ဟူရာ၌လည်း မဂ်ဉာဏ်က ယှဉ်ဖက်သမ္မာသင်္ကပ္ပ စသည်တို့အား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုသည် ကိုပင်မဂ္ဂသစ္စာကို ပွားများသည်ဟုဆိုသည်။

ပဋိသံ၊ဋ္ဌ၊၁။၂၇၇။ဝိသုဒ္ဓိ၊ ၂။၃၃၁-၂။ ဝိသုဒ္ဓိ၊ ဋီ။၂။၅၀၃။ ဝိဘာဝိနီ။၂၇၃။

မဂ္ဂင်ရှစ်ပါးအနက် သမ္မာဒိဋ္ဌိသည် မိမိ၏ ဆန့်ကျင်ဘက် ကိလေသာနှင့်တကွမိစ္ဆာဒိဋ္ဌိကို ပယ်စွန့်၏၊ နိရောဓသစ္စာ(နိဗ္ဗာန်)ကို အာရုံပြု၏၊ နိရောဓသစ္စာကို ဖုံးလွှမ်းတတ်သော မောဟကိုပယ်ဖျောက်သည်၏ အစွမ်းဖြင့် မတွေဝေသောအားဖြင့် သမ္ပယုတ်တရားတို့ကို မြင်၏။ ဤ၌သမ္မာဒိဋ္ဌိကသမ္ပယုတ်တရားတို့ကို မြင်၏ဟုဆိုရာဝယ် အာရုံပြုသောအားဖြင့် မြင်သည်ဟု အဓိပ္ပာယ်မယူဆရ၊ သမ္ပယုတ်တရားတို့ကိုထင်စွာ ပြသောအားဖြင့် မြင်သည်ဟု အဓိပ္ပာယ်မှတ်ရာ၏။ သမ္ပယုတ်တရားတို့ကို ကိစ္စပဋိဝေဓအားဖြင့် ထိုးထွင်း၍ သိသည်ဟု ဆိုလိုသည်။

သမ္မာသင်္ကပ္ပမဂ္ဂင်သည် မိမိ၏ ဆန့်ကျင်ဘက် ကိလေသာတို့နှင့်တကွ မိစ္ဆာသင်္ကပ္ပကို ပယ်စွန့်၏၊ နိရောဓသစ္စာကိုအာရုံပြု၏၊ သဟဇာတ်တရားတို့ကို နိဗ္ဗာန်အာရုံသို့ ရှေ့ရှုတင်ပေး၏။

သမ္မာဝါစာမဂ္ဂင်သည် မိမိ၏ဆန့်ကျင်ဘက် ကိလေသာတို့နှင့်တကွ မိစ္ဆာဝါစာကို ပယ်စွန့်၏၊ နိရောဓသစ္စာကိုအာရုံပြု၏၊ သဟဇာတ်တရားတို့ကို မဖောက်မပြန်အမှန်အားဖြင့် သိမ်းဆည်း၏။

သမ္မာကမ္မန္တသည် မိမိ၏ဆန့်ကျင်ဘက် ကိလေသာတို့နှင့်တကွ မိစ္ဆာကမ္မန္တကိုပယ်စွန့်၏၊ နိရောဓသစ္စာကိုအာရုံပြု၏၊ သဟဇာတ် တရားတို့ကို ကောင်းစွာထူထောင်ထကြွစေ၏။

သမ္မာအာဇီဝသည်မိမိ၏ ဆန့်ကျင်ဘက် ကိလေသာတို့နှင့်တကွ မိစ္ဆာအာဇီဝကိုပယ်စွန့်၏၊နိရောဓသစ္စာကိုအာရုံပြု၏၊ သဟဇာတ် တရားတို့ကို ကောင်းစွာဖြူစင်စေ၏။

သမ္မာဝါယာမသည် မိမိ၏ ဆန့်ကျင်ဘက် ကိလေသာတို့နှင့်တကွ မိစ္ဆာဝါယာမကိုပယ်စွန့်၏၊ နိရောဓသစ္စာကိုအာရုံပြု၏။ သဟဇာတ်တရားတို့ကို ကောင်းစွာချီးမြှောက်၏။

သမ္မာသတိသည် မိမိ၏ဆန့်ကျင်ဘက် ကိလေသာတို့နှင့်တကွ မိစ္ဆာသတိကိုပယ်စွန့်၏၊ နိရောဓသစ္စာကိုအာရုံပြု၏၊ သဟဇာတ်တရားတို့ကို ကောင်းစွာအာရုံ၌ကပ်၍ တည်စေ၏။

သမ္မာသမာဓိသည် မိမိ၏ဆန့်ကျင်ဘက် ကိလေသာတို့နှင့်တကွမိစ္ဆာသမာဓိကိုပယ်စွန့်၏၊ နိရောဓသစ္စာကိုအာရုံပြု၏၊ သဟဇာတ်တရားတို့ကို ကောင်းစွာအာရုံ၌ ထား၏ (အဘိ၊ဌ၊၂။၁၀၇။ မူလဋီ၊၂။၇၁။ အနုဋီ၊၂။ ၇၆)။

နိဗ္ဗာန်ကို ရခြင်းငှာ ကျင့်သော ယောဂီပုဂ္ဂိုလ်အား ကျေးဇူးများသောကြောင့် မဂ္ဂင်ရှစ်ပါးအနက် သမ္မာဒိဋ္ဌိကို ရှေးဦးစွာဟောတော်မူသည် (အဘိ၊ဌ၊၂။၁၀၈)။

### သဂ္ဂကထာအခြားမဲ့၌ မဂ္ဂကထာဟောရခြင်း အကြောင်း

နတ်ပြည်သည်ရာဂစသည်တို့ဖြင့် ညစ်နွမ်း၏၊ အရိယာမဂ်သည်ကား ရာဂစသည်ဖြင့် မညစ်နွမ်း၊ ထို့ကြောင့် သဂ္ဂကထာ=နတ်ပြည်ရောက်ကြောင်းနှင့် စပ်လျဉ်းသောစကား၏ အခြားမဲ့၌ မဂ္ဂကထာ=မဂ်နှင့်စပ်လျဉ်းသောစကားကိုဟောတော်မူသည် (မဋီ၊၃။၃၆)။ မဂ်လေးပါး၌ဖြစ်သောဉာဏ်သည် ဉာဏဒဿနဝိသုဒ္ဓိမည်၏ (ဝိသုဒ္ဓိ၊၂။၃၁၂)။

မဂ္ဂကထာ (ထိ) [မဂ္ဂ+ကထာ] (၁) လမ်းခရီးနှင့်စပ်လျဉ်းသောစကား။ (၂) အရိယမဂ်နှင့်စပ်လျဉ်းသောစကား။ (၁)အတ္တနော ဝိစရိတမဂ္ဂံ အာရဗ္ဘ မဂ္ဂကထံ ကထေသုံ။ မဓူ၊ဋ္ဌ၊ ၂။၂၅၃။ (၂) မဂ္ဂကထံ ဖလကထံ နိဗ္ဗာနကထံ ကထေတိ။ မဟာနိ။၁၆၉။ (−အဘိ၊ဋ္ဌ၊ ၃။၂၂၀၊၂၇၄။ ဒီဋီ၊၂။၆၇။ သီဋီ၊သစ်၊၂။ ၂၇၉)။

မဂ္ဂကမ္မ (နှ) [မဂ္ဂ+ကမ္မ] အရိယမဂ်နှင့်ယှဉ်သောစေတနာ၊မဂ်ကံ။ မဂ္ဂကမ္မံ ပန ပရိပက္ကဝေဒနီယန္တိ ဝေဒိတဗ္ဗံ။ မဋ္ဌ၊၄။၆။

မဂ္ဂကရဏယုတ္တဋ္ဌာန (နှ) [မဂ္ဂကရဏယုတ္တ+ဌာန] လမ်းပြုပြင်သင့်ရာအရပ်။ မဂ္ဂကရဏယုတ္တဋ္ဌာနေ မဂ္ဂံ ကရေယျာတိ ဇယမေတ္တ အဓိပ္ပါယော။ သံဋီ၊၁။၁၉၀။

မဂ္ဂကာလ (ပု) [မဂ္ဂ+ကာလ] အရိယမဂ်ဖြစ်သောအခါ။ မဂ္ဂကာလေ ပန ကိစ္စတော သမုစ္ဆေဒဝိဝေကနိဿိတံ, အာရမ္မဏတော နိဿရဏဝိဝေကနိဿိတံ သတိသမ္ဗောဇ္ဈင်္ဂံ ဘာဝေတိ။ မဋ္ဌ၊၁။၈၈။ (−ဒီဋီ၊၃။၇၅။)

မဂ္ဂကိစ္စ (နှ) [မဂ္ဂ+ကိစ္စ] အရိယမဂ်၏ အမှုကိစ္စ၊ မဂ်ကိစ္စ။ (ဆီမီးသည် မရှေးမနှောင်း တပြိုင်နက် မီးစာကိုလောင်ကျွမ်းခြင်း, အမိုက်တိုက်ကိုဖျောက်ခြင်း, အလင်းကိုပြုခြင်း, ဆီကိုခန်းစေခြင်းကိစ္စ ၄-ပါး၊ တက်နေသည် မရှေးမနှောင်း တစ်ပြိုင်နက် အရာဝတ္ထုတို့ကိုပြခြင်း, အမိုက်တိုက်ကို ဖျောက်ခြင်း, အလင်းကိုပြုခြင်း, အအေးကို ဖျောက်ခြင်းကိစ္စ ၄-ပါး၊ လှေသင်္ဘောသည် မရှေးမနှောင်း တစ်ပြိုင်နက် ဆိပ်ကမ်းမှစွန့်ခွာခြင်း, ရေအယဉ်ကို ဖြတ်ခြင်း, ဝန်ကိုဆောင်ခြင်း, တစ်ဖက်ကမ်းသို့ပို့ဆောင်ခြင်းကိစ္စ ၄-ပါးတို့ကို အသီးသီး ပြီးစေနိုင်ကြသကဲ့သို့ မဂ်ဉာဏ်သည် မရှေးမနှောင်း တစ်ပြိုင်နက် ဒုက္ခသစ္စာကိုပိုင်းခြား၍ သိခြင်း, သမုဒယသစ္စာကိုပယ်ခြင်း, နိရောဓသစ္စာကိုမျက်မှောက်ပြုခြင်း, မဂ္ဂသစ္စာကို ပွားစေခြင်း ကိစ္စ ၄-ပါးကို ပြီးစေသည်။ ထိုကိုမဂ္ဂကိစ္စဟုဆိုသည် (ဝိသုဒ္ဓိ၊၂။၃၃၁-၂။ အနုဋီ။၁။၄၉)။ အရဟတ္တဖလေနေဝ စ မဂ္ဂ-

ကိစ္စံ ကထိတံ။ အံ၊ဋ္ဌ၊၂။၂၂၄။ (-သာရတ္ထ၊ ၃။၁၇၁၊၂၁၈။ မူလဋီ၊၃။၄၄။)

**မဂ္ဂကိစ္စကရ** (တိ) [မဂ္ဂကိစ္စ+ကရ+အ] မဂ်ကိစ္စကိုပြုတတ်သော။ မဂ္ဂတ္ထ (၁) (၂)ကြည့်။

**မဂ္ဂကိစ္စတ္ထ** (ပု) [မဂ္ဂကိစ္စ+အတ္ထ] မဂ်ကိစ္စအကျိုး။ တဿတ္ထာယာတိ မဂ္ဂကိစ္စတ္ထာယ။ မ၊ဋီ၊၁။ ၁၉၅။

**မဂ္ဂကိစ္စတ္ထဒီပန** (တိ) [မဂ္ဂကိစ္စတ္ထ+ဒီပန] မဂ်ကိစ္စအကျိုးကိုပြသော (ပုဒ်)။ ယဒါ ပန မဂ္ဂဉာဏံ အဓိဂစ္ဆတိ။ တဒါ မဂ္ဂကိစ္စတ္ထဒီပန-တာ။ ဣတိဝုတ်၊ဋ္ဌ။၃၄၀။

**မဂ္ဂကိစ္စဒဿန**(တိ) [မဂ္ဂကိစ္စ+ဒဿန] မဂ်ကိစ္စကိုပြသော (စကား)။ ဒုက္ခပရိဇာနနာတိ-အာဒိ မဂ္ဂကိစ္စဒဿနံ။ ဒီ၊ဋီ၊၃။၉၇။

**မဂ္ဂကိစ္စဒီပန** (နု) [မဂ္ဂကိစ္စ+ဒီပန] မဂ်ကိစ္စကိုပြခြင်း။ တံခဏတ္တာ ဥတ္တရိမနုဿဓမ္မပ္ပဝတ္တိ နဘောတီတိစေ န, မဂ္ဂကိစ္စဒီပနတော။ ဝဇိရ။၁၇၁။

**မဂ္ဂကိစ္စနိပ္ဖတ္တိ** (ထီ) [မဂ္ဂကိစ္စ+နိပ္ဖတ္တိ] မဂ်ကိစ္စပြီးဆုံးခြင်း။ ဣတရေပိ ပန တံတံ မဂ္ဂကိစ္စနိပ္ဖတ္တိယာ ပရိယာယေန ဘာဝိတိန္ဒြိယာ ဧဝ။ ပဋိသံ၊ဋ္ဌ၊၂။၁၃၃။

**မဂ္ဂကိစ္စနိဗ္ဗတ္တိ** (ပဋိသံ၊ဋ္ဌ၊၂။၁၃၂)သည် မဂ္ဂကိစ္စနိပ္ဖတ္တိပုဒ်မှ ပျက်ယွင်းလာသော ပုဒ်ဖြစ်သည်။

**မဂ္ဂကိစ္စန္တ** (တိ) [မဂ္ဂကိစ္စ+အန္တ] မဂ်ကိစ္စ အဆုံးရှိသော။ မဂ္ဂကိစ္စန္တာ ဟိ ပရိညာယောတိ အဓိပ္ပါယော။ မ၊ဋီ၊၁။၉၇။

**မဂ္ဂကိစ္စသဗ္ဘာဝ** (ပု) [မဂ္ဂကိစ္စ+သဗ္ဘာဝ] မဂ်ကိစ္စ၏-ထင်ရှားရှိသည့်၏ အဖြစ် -ထင်ရှားရှိခြင်း။ မဂ္ဂသဒ္ဒေါ စ ဖလဖသင်္ဂေသု မဂ္ဂဖလတ္တာ ပဝတ္တတိ, န မဂ္ဂကိစ္စသဗ္ဘာဝါ။ မူလဋီ၊၃။၁၃၄။

**မဂ္ဂကိစ္စသာဓန** (နု) [မဂ္ဂကိစ္စ+သာဓန] မဂ်ကိစ္စကိုပြီးစေခြင်း။ မဂ္ဂကိစ္စသာဓနေန မဂ္ဂင်္ဂံ ပူရယမာနော ဧကော တိဝိဓကိစ္စ-သာဓနော ကုသလသင်္ကပ္ပေါ ဥပ္ပဇ္ဇတိ။ ဒီ၊ဋီ၊ ၂။၃၄၅။

**မဂ္ဂကိလန္တ** (တိ) [မဂ္ဂ+ကိလန္တ] ခရီးသွားခြင်းကြောင့် ပင်ပန်းသော၊ ခရီးပန်းသော၊သူ။ သာမဏေရ မယံ မဂ္ဂကိလန္တာ။ သံ၊ဋ္ဌ၊၃။ ၆၈။ (-ဂ၁။ဓမ္မ၊ဋ္ဌ၊၁။၁၀၆၊၂၁၃။ ဇာ၊ဋ္ဌ၊ ၁။၁၄၅၊၂၅၅၊၃၇၁။)

**မဂ္ဂကိလမထ** (ပု) [မဂ္ဂ+ကိလမထ] ခရီးပန်းခြင်း။ သေနာပတိဿ ဃရေ မဂ္ဂကိလမထံ ဝိနောဒေတွာ။ ဇာ၊ဋ္ဌ၊၄။၄၀။

**မဂ္ဂကုလ္လ** (ပု) [မဂ္ဂ+ကုလ္လ] အရိယမဂ်ဟူသောဖောင်။ ဧဝံ သီလဝါ သဒ္ဓေါပိ အလ-သော ကုသီတော ဣမံ မဂ္ဂကုလ္လံ ဗန္ဓိတုံ န သက္ကောတိ။ သံ၊ဋ္ဌ၊၃၊၆၅။

**မဂ္ဂကုသလ** (နု) [မဂ္ဂ+ကုသလ] (၁) မဂ်ကုသိုလ်။ (အပြစ်ကင်းသော ကြောင့်လည်းကောင်း ဘေးကင်းသောကြောင့် လည်းကောင်း မဂ်ဖိုလ် ၂-မျိုးလုံးကိုပင် ကုသလ ဟုဆိုသည်။ ဒီ၊ဋ္ဌ၊၂။၂၃၈။ ဖလကုသလ-(၁) ကြည့်။) (တိ) (၂) လမ်းခရီး၌-ကျွမ်းကျင်-လိမ္မာ သော၊သူ။ (၃)အရိယာမဂ်၌ - ကျွမ်းကျင် - လိမ္မာ - သော၊သူ။ (၁) ကုသလဿာဓိဂမာယာတိ မဂ္ဂကုသ-လဿ စေဝ ဖလကုသလဿစ အဓိဂမတ္ထာယ။ ဒီ၊ဋ္ဌ၊၂။၂၃၈။ (-မ၊ဋ္ဌ၊၃။၂၃၅။ သံ၊ဋ္ဌ။၃။ ၃၂၀။ မ၊ဋီ၊၂။၁၅၀။) (တိ) (၂) ဧကော ပုရိသော မဂ္ဂကုသလော၊သံ၊၂။၈၈။(-ဂ၉) (၃) မဂ္ဂကုသလော ဖလကုသလော နိဗ္ဗာနကု-သလော။ မဟာနိ။ ၅၂။ စူဠနိ။ ၁၁၄။ မဂ္ဂကု-

သလာတိ စတူသု မဂ္ဂေသု.......... ဆေကာ။ မဟာနိ၊ဋ္ဌ။ ၂၀၈။

**မဂ္ဂကုသလပုရိသ** (ပု) [မဂ္ဂကုသလ+ပုရိသ] လမ်းခရီး၌ – ကျွမ်းကျင် – လိမ္မာ – သော ယောကျ်ား။ ဝေမေဝ မဂ္ဂကုသလပုရိသ-သဒိသော ဓမ္မရာဇာ ပဋ္ဌမံ ပဟာတဗ္ဗံ ဗုဒ္ဓဗ္ဗဋ္ဌိ ကုဋ္ဌံ အနာစာရံ အာစိက္ခိတွာ။ အဘိ၊ဋ္ဌ၊၂။ ၃၁၉။ (–ခုဒ္ဒကာ၊ဋ္ဌ၊၁၀၂။ မဟာနိ၊ဋ္ဌ၊၃၉၈။)

**မဂ္ဂကောဋ္ဌာသ** (ပု) [မဂ္ဂ+ကောဋ္ဌာသ] အရိယာ မဂ်၏အဖို့ အစု။ မဂ္ဂင်္ဂံ မဂ္ဂပရိယာပန္နန္တိ ဧတ္ထ တာဝ မဂ္ဂဿ အင်္ဂန္တိ မဂ္ဂင်္ဂံ၊ မဂ္ဂကော-ဋ္ဌာသောတိ အတ္ထော။ အဘိ၊ဋ္ဌ၊၁။ ၂၆၂။

**မဂ္ဂကောဋ္ဌာသိက** (တိ) [မဂ္ဂကောဋ္ဌာသ+ဣက] အရိယာမဂ်၏ အဖို့အစုရှိသော။ ဝိရတိသီလံ ပန မဂ္ဂကောဋ္ဌာသိကန္တိ။ မူလဋီ၊ ၂။၁၈၉။

**မဂ္ဂကောဝိဒ** (တိ) [ မဂ္ဂ+ကောဝိဒ ] (၁) (နတ်ရွာနိဗ္ဗာန်) လမ်းခရီး၌–ကျွမ်းကျင်—လိမ္မာ—သော၊သူ။ (၂) အရိယာမဂ်တရား (အရိယာမဂ် မဟုတ်သောတရား)၌- ကျွမ်းကျင်–လိမ္မာ–သော၊သူ။ (၃) (သာဝက ဗောဓိဉာဏ်ကို ရကြောင်း)–ကျင့်စဉ်–လမ်း-စဉ်–၌–ကျွမ်းကျင်–လိမ္မာ–သော၊သူ။

(၁) မဂ္ဂကောဝိဒေါ (ဝိ၊၅။၄။ဝိ၊ဋ္ဌ၊၁။၄၇)တိ သဂ္ဂမဂ္ဂမောက္ခမဂ္ဂေသု ကောဝိဒေါ။သာရတ္ထ၊၁။ ၁၄၉။ (၂) မဂ္ဂညူ မဂ္ဂဝိဒူ မဂ္ဂကောဝိဒေါ။ သံ၊၂။၅၄။ နေတ္တိ။ ၁၃၂။ မဂ္ဂေ စ အမဂ္ဂေ စ ကောဝိဒေါတိ မဂ္ဂကောဝိဒေါ။သံ၊ဋ္ဌ၊၂။ ၂၅၆။ နေတ္တိ၊ဋ္ဌ။၂၄၂။ အမဂ္ဂေ ပရိဝဇ္ဇေနေန မဂ္ဂေ-ပဋိပတ္တိတိ တဿ မဂ္ဂကုသလတာဝိယ အမဂ္ဂကုသလတာပိ ဣစ္ဆိတဗ္ဗာတိ အာဟ "မဂ္ဂေ စ အမဂ္ဂေ စ ကောဝိဒေါ" တိ။သံ၊ ဋီ၊၂။၂၂၆။ (–နေတ္တိ၊ဋီ။၁၃၆။) (၃)အထ-ဝါ အဘိသမ္ဗောဓိပဋိပတ္တိမဂ္ဂညူ၊ ပစ္စေက ဗောဓိပဋိပတ္တိမဂ္ဂဝိဒူ၊ သာဝကဗောဓိပဋိ-

ပတ္တိ မဂ္ဂကောဝိဒေါ။ ပဋိသံ၊ ဋ္ဌ၊၂။၂၅၄။ မဟာနိ၊ဋ္ဌ။၂၅၅။ မဂ္ဂညူ၊ မဂ္ဂဝိဒူ၊ မဂ္ဂကော-ဝိဒ ၃-ပုဒ်တို့အထူးကို ပဋိသံ၊ဋ္ဌ၊၂။ ၂၅၄။ မဟာနိ၊ဋ္ဌ။၂၅၅–၌ကြည့်။

**မဂ္ဂက္ခဏ** (ပု) [မဂ္ဂ+ခဏ] မဂ်ခဏ၊မဂ်ဖြစ်ဆဲ အခါ။ မဂ္ဂက္ခဏေ ဟိ စိတ္တံ ဝိမုစ္စတိ။ ဝိ၊ဋ္ဌ၊ ၁။၁၃၇။ဒီ၊ဋ္ဌ၊ ၂။၅၄။

**မဂ္ဂက္ခဏာနုရူပ** (တိ) [မဂ္ဂက္ခဏ+အနုရူပ] မဂ် ခဏအား လျော်သော။ "အာရမ္မဏတော နိဗ္ဗာနာရမ္မဏံဟုတွာ"တိ ဧတေန ဝါ မဂ္ဂက္ခ-ဏာနုရူပံ ကောရမ္မဏတံ ဒဿေတွာ။ သီ၊ဋီ၊ သစ်၊ ၂။၁၇၁။

**မဂ္ဂက္ခဏိက** (တိ) [မဂ္ဂက္ခဏ+ဣက] မဂ်ခဏ၌ ဖြစ်သော။ တယောတိ သမ္မာဝါစာဒိဝိရတိယော-မသ- တိယော သဟဇာတပရိဝါရာဝ ဟောန္တိ မဂ္ဂက္ခဏိကာနံ တေသံ အဓိပ္ပေတတ္တာ ဝိပဿ-နာခဏဝိရတိနံ အသမ္ဘဝတော။ မ၊ဋီ၊၃။ ၃၀၇။ (–အနုဋီ၊၃။၁၄၈။)

**မဂ္ဂက္ခဏုပ္ပန္န** (တိ) [မဂ္ဂက္ခဏ+ဥပ္ပန္န] မဂ်ခဏ၌ ဖြစ်သော။ မဂ္ဂက္ခဏုပ္ပန္နေယေဝ သန္ဓာယ ဝုတ္တတ္တာ။ ဝိ၊ဋ္ဌ၊၂။၈၅။

**မဂ္ဂက္ခာယိကပုရိသ** (ပု) [မဂ္ဂက္ခာယိက+ပုရိသ] လမ်းခရီးကို ပြောကြားသော ယောကျ်ား၊ လမ်းပြယောကျ်ား။ဒေသံ ဇာနန္တော မဂ္ဂက္ခာ-ယိကပုရိသော ဒေသကော။ မူလဋီ၊ ၂။၆၀။

**မဂ္ဂက္ခာယီ** (တိ) [မဂ္ဂ+အာ+ခါ+ဏီ] (၁) လမ်းခရီးကို ညွှန်ကြားပြောဆိုလေ့ရှိသော၊ သူ။ (၂) ကျင့်စဉ်–လမ်းစဉ်–ကိုညွှန်ကြား ပြောဆိုလေ့ရှိသော၊သူ။ (၁) ဧတ္ထေ ကျာဟံ ဘော ဂေါတမ ကရောမိ မဂ္ဂက္ခာယီဟံ ဘော ဂေါတမာတိ။မ၊၃။၅၇။ (၂) ဧတ္ထ ကျာဟံ ဗြာဟ္မဏ ကရောမိ မဂ္ဂက္ခာယီဟံ ဗြာဟ္မဏ တထာဂတောတိ။ မ၊၃။၅၇။

(—မဟာနိ။ ၂၅။) မဂ္ဂက္ခာယီတိ ပဋိပဒါ မဂ္ဂက္ခာယီ။ မဟာနိ၊ဋ္ဌ။၉၂။

မဂ္ဂဂတိက (တိ) [မဂ္ဂ+ဂတိ+က] အရိယမဂ်နှင့် တူသော ပြီးခြင်းရှိသော၊ အရိယမဂ်နှင့် အလားတူသော။ မဂ္ဂဂတိကေဟိ ဝါ ပဋ္ဌ-ဝိညာဏေဟိ ဘဝိတဗ္ဗံ။ အဘိ၊ဋ္ဌ၊၃။၂၂၀။ (—သံ၊ဋ္ဌီ၊၂။၂၂၄။)

မဂ္ဂဂတ္တ (ပု) [မဂ္ဂ+ဂတ္တ] အရိယမဂ် ဟူသော ကိုယ်ဝန်။ ဝိပဿနာယ မဂ္ဂဂတ္တံ ဂဏှန္တိယာ ပရိပါကံ ဂစ္ဆန္တိယာ စေတောဝိမုတ္တိ ပရိပက္ကာ-နာမ ဟောတိ။ ဥဒါန၊ဋ္ဌ။၁၉၉။ (—သံ၊ဋ္ဌီ၊၂။၂၅၅။အံ၊ဋ္ဌီ၊၃။၁၉၅၊၂၆၉။)

မဂ္ဂဂမန (နု) [မဂ္ဂ+ဂမန] (၁)လမ်းခရီးသွားခြင်း။ (၂) အရိယမဂ်ဟူသော သွားခြင်း။ (၃)အရိယမဂ်သို့-သွား-ရောက်-သက်ဝင်-ခြင်း။

(၁) အာပတ္တိပါစိတ္တိယဿာတိ မဂ္ဂဂမနေ ကောပယောဂေနေဝ ဒိဝသမ္ပိ ဓာရေတိ၊ကောဝ အာပတ္တိ။ဝိ၊ဋ္ဌ၊၃။၂၂၆။(—ကင်္ခါ။၃၅၀။)(၂) ဂစ္ဆန္တော ဂစ္ဆန္တောတိ သမထပဋိပတ္တိယံ သုပ္ပဋိပ္ပန္နတော ဟုတွာ ဝိပဿနာဂမနေန, မဂ္ဂ-ဂမနေန စ ဂစ္ဆန္တော ဂစ္ဆန္တော။ဒီ၊ဋ္ဌီ၊၂။၁၁၄။ (၃) တတ္ထ နိယာမဂမနာယာတိ နိယာမော ဝုစ္စတိ မဂ္ဂေါ၊ မဂ္ဂဂမနာယ မဂ္ဂေါက္ကမနာ-ယာတိအတ္ထော။ အဘိ၊ဋ္ဌ၊၃။၁၈၅။

မဂ္ဂဂမနနယ (ပု)[မဂ္ဂဂမန+နယ]မဂ္ဂဂမနနည်း။ (ခရီးသွားရာ၌မရောက်သေး-ရောက်လတ္တံ့-သောခရီးကို ရှေ့ဟုခေါ်သကဲ့သို့ အနာဂတ် ကာလကို ရှေ့ဟုခေါ်သည်။ မဂ္ဂဂမနနည်းကို နည်းစစ် ၁၇၁-၌ကြည့်။)ပုရေတိ ပဋ္ဌာအနာ-ဂတေ၊ ယထာ အဒ္ဓါနံ ဂစ္ဆန္တဿ ဂန္တဗ္ဗမဂ္ဂေါ "ပုရေ"တိ ဝုစ္စတိ၊ တထာ ဣဓာပိ မဂ္ဂဂမန နယေန အနာဂတကာလော "ပုရေ" တိ ဝုစ္စဘီတိ။ သီ၊ဋ္ဌီ၊သစ်၊၁။၅၅။

မဂ္ဂဂမနပရိဿမ (ပု) [မဂ္ဂဂမန+ပရိဿမ] ခရီးသွား၍-ပင်ပန်း-မောပန်း-ခြင်း။ ဂိလာနာ-ယာတိ အန္တမသော မဂ္ဂဂမနပရိဿမေနာ-ပိ သဗ္ဗဒုဗ္ဗလာယ။ ဝိ၊ဋ္ဌ၊၃။၂၂၈။ (—ကင်္ခါ ၃၅၂။ ပေတ၊ဋ္ဌ၊၄၁။ ကင်္ခါ၊ဋ္ဌီ၊ သစ်။၄၈၄။)

မဂ္ဂဂမနသာဓန (နု) [မဂ္ဂဂမန+သာဓန] လမ်းခရီးသွားခြင်းကို ပြီးစေတတ်သော၊ ဆတ္တမ္ပိ ပရိဿယာတပ္ပဒုက္ခပရိရက္ခဏေန မဂ္ဂဂမန-သာဓနန္တိ ကတွာ "ဆတ္တုပါဟန"န္တိ အာဒိ-ဝုတ္တံ။ သံ၊ဋ္ဌီ၊၂။၂၇၅။ (—အံ၊ဋ္ဌီ၊၂။၃၆၉။)

မဂ္ဂဂမနာဓိပ္ပါယ (ပု) [မဂ္ဂဂမန+အဓိပ္ပါယ] လမ်းခရီးသွားလိုသော ဆန္ဒ။ စက်မိတဋ္ဌာနံ "ဒသေဿာမိ"တိ ဝုတ္တတ္တာ ကေဝလံ စင်္က-မနာဓိပ္ပါယေန ဝါ မဂ္ဂဂမနာဓိပ္ပါယေန ဝါ အက္ကမန္တဿ, တိဏာနံ ဥပရိနိသီဒနာဓိပ္ပါ ယေန နိသီဒန္တဿ စ ဒေါသော နတ္ထိ။ဝိမတိ၊ ၂။၈၂။

မဂ္ဂဂမိယသတ္ထဝါဟ (ပု) [မဂ္ဂဂမိယ+သတ္ထဝါဟ] ခရီးသွားလှည်းကုန်သည်။ ဓီဏပရိဗ္ဗယော ဝါ မဂ္ဂဂမိယသတ္ထဝါဟော ဝါ အညော ဝါ ဣဿရော အာဂန္တွာ ယာစတိ။ ဝိ၊ဋ္ဌ၊၄။ ၂၅၆။ ဝိ၊သင်္ဂဟ။၄၀၆။

မဂ္ဂဂါမိ (တိ) [မဂ္ဂ+ဂမု+ဏီ] ခရီးသွားလေ့ရှိသော၊သူ။ အဒ္ဓိကဇနဿာတိ မဂ္ဂဂါမိဇနဿ။ ဒီ၊ဋ္ဌီ၊၃။၁၅။ (—သီ၊ဋ္ဌီ၊သစ်၊၂။၃၀၈။ သံ၊ဋ္ဌီ၊ ၂။၁၁၃။)

မဂ္ဂဂ္ဂဟဏ (နု) [မဂ္ဂ+ဂဟဏ] (၁) မဂ္ဂသဒ္ဒါ။ (၂) အရိယမဂ်ကိုယူခြင်း။ (၁) ဈာနဿ အမဂ္ဂဘာဝေပိ သတိ မဂ္ဂဝစနံ အညမဂ္ဂ ဘာဝနိဝါရဏတ္ထန္တိ ဣမသ္မိံ အတ္ထေ မဂ္ဂဂ္ဂ-ဟဏဿ ပယောဇနံ ဝုတ္တံ။ မူလ၊ဋ္ဌီ၊၁။၁၀၀။ (၂) တထာ မဂ္ဂဂ္ဂဟဏေန သသမ္ဘာရော မဂ္ဂေါတိ။ ဒီ၊ဋ္ဌီ၊၁။၂၃၈။ မ၊ဋ္ဌီ၊၂၁၀။၅။ (—အံ၊ဋ္ဌီ၊၁။၁၁၈။ အံ၊ဋ္ဌီ၊၂။၇၈။)

**မဂ္ဂင်** (န) [မဂ္ဂ+အင်။ မ၊၃။၁၁၇-၌ အဘိ-ဓေယျသို့ လိုက်၍ မဂ္ဂင်္ဂေါ၊ မဂ္ဂင်္ဂါ-ဟု ထိုးပုံရှိ၏။] မဂ္ဂင်၊ မဂ်၏-အဖို့-အစိတ်-အကြောင်း-အင်္ဂါ။ (မဂ္ဂင်္ဂ* မဂ္ဂပရိယာပန္နံ။ အဘိ'ဓ။ ၁၃၅-၌ ဖိုလ်၌ရှိသော သမ္မာဒိဋ္ဌိစသည်ကို လည်း မဂ္ဂင်ဟု ခေါ်သည် အဘိ၊ဋ္ဌ၊၁။ ၃၃၀)။သမ္မာသင်္ကပ္ပေါ မဂ္ဂင်္ဂံ* မဂ္ဂပရိယာပန္နံ။ အဘိ၊ဓ။၇၄။ (-မ၊၃။၁၁၇။နေတ္တိ။၆၅။) မဂ္ဂင်္ဂ* မဂ္ဂပရိယာပန္နန္တိ ဧတ္ထ တာဝ မဂ္ဂဿ အင်္ဂန္တိ မဂ္ဂင်္ဂ*။မဂ္ဂကောဋ္ဌာသောတိ အတ္ထော။ အဘိ၊ဋ္ဌ၊၁။၂၆၂။ (-မ၊ဋ္ဌ၊၄။၉၃။) မဂ္ဂင်္ဂန္တိ အရိယမဂ္ဂဿ အင်္ဂ* ကာရဏန္တိ မဂ္ဂင်္ဂ*။ နေတ္တိ၊ဋ္ဌ။၁၃၃။ (-မ၊ဋီ၊၃။၃၀၆။)

**မဂ္ဂင်္ဂဓမ္မ** (ပု) [မဂ္ဂင်္ဂ+ဓမ္မ] မဂ္ဂင်တရား။ စတု-သစ္စဒဿနေ ကိလေသဒုက္ခသန္တာပဝူပသမေ စ အာဓိပစ္စံ ကရောန္တိ မဂ္ဂင်္ဂဓမ္မာ သမ္မသုတ္တ-ဓမ္မေသုတိ သော မဂ္ဂဿ အဓိပတေယျဋ္ဌော-တိ။ မူလဋီ၊၂။၅၁။ (-အနုဋီ၊၂။၆၁။)

**မဂ္ဂင်္ဂဝိစနသာမညာ** (န) [မဂ္ဂင်္ဂဝိစန+သာမညာ] မဂ္ဂင်ဟူသော သဒ္ဒါချင်းတူသည်၏ အဖြစ်၊ မဂ္ဂင်ဟူသော သဒ္ဒါသာမညာ။"အယမေဝ ခေါ အာဝုသော.... မိစ္ဆာသမာဓီ"တိ အာဒီဟိ (သံ၊၃။၁၃) သုတ္တဝစနေဟိ မိစ္ဆာဝါစာ ကမ္မန္တာဇီဝေသုပိ မဂ္ဂင်္ဂဝေါဟာရသိဒ္ဓိတော တေဟိ သဟ ဒွါဒသင်္ဂါနီ ဣဓ လဗ္ဘမာနာနီစ ....မဂ္ဂင်္ဂဝစနသာမညေန သင်္ဂဟိတ္ဝာ ဝုတ္တာနီ။ မူလဋီ။၃။၁၉၃။ (-အနုဋီ၊၃။၂၆၁။)

**မဂ္ဂင်္ဂဝါရ** (ပု) [ မဂ္ဂင်္ဂ+ဝါရ ] မဂ္ဂင်မြှုပါဋ္ဌိရပ်၊ မဂ္ဂင်္ဂဝါရ။ မဂ္ဂင်္ဂဝါရေ သမ္မာဝါစာကမ္မန္တာဇီဝါ မေတ္တာယ ပုဗ္ဗာဘာဂဝသေန ဝုတ္တာ။ ပဋိသံ၊ဋ္ဌ၊ ၂။၂၁၁။ ဝါရ၂-လည်းကြည့်။

**မဂ္ဂင်္ဂဝိဘင်္ဂ** (ပု) [မဂ္ဂင်္ဂ+ဝိဘင်္ဂ] မဂ္ဂင်ကိုအကျယ်ပြထား-ဒေသနာ-စကား၊ မဂ္ဂင်္ဂဝိဘင်း။ မဂ္ဂင်္ဂဝိဘင်္ဂေ ဈာနဝိဘင်္ဂေ.......အဋ္ဌာရသဝိဓေန ဝိဘတ္တံ။ အဘိ၊ဋ္ဌ၊၁။၇။ (-၂၈၃။ အဘိ၊ဋ္ဌ၊၂။ ၃၀၅။)

**မဂ္ဂင်္ဂဝေါဟာရသိဒ္ဓိ** (ထီ) [ မဂ္ဂင်္ဂဝေါဟာရ+ သိဒ္ဓိ ] မဂ္ဂင်ဟူသော ဝေါဟာရ၏ပြီးခြင်း။ မဂ္ဂင်္ဂဝစနသာမညာ-ကြည့်။

**မဂ္ဂင်္ဂသမုဒါယ** (ပု) [မဂ္ဂင်္ဂ+သမုဒါယ] မဂ္ဂင် အပေါင်း။ မဂ္ဂင်္ဂသမုဒါယေ ဟိ မဂ္ဂဝေါဟာ-ရော။ သာရတ္ထ၊၃။၁၇၀။ (-သီ၊ဋီ၊သစ်၊၂။ ၃၃၆။မ၊ဋီ၊၁။၁၉၆။)

**မဂ္ဂစရိယ** (ထီ၊န) [မဂ္ဂ+စရိယ] အရိယမဂ်၌ ကျင့်ခြင်း၊ အရိယမဂ်ဟူသောကျင့်ခြင်း။ မဂ္ဂ စရိယာ တိ စတူသု အရိယမဂ္ဂေသု။ ပဋိသံ။ ၂၁၅။ စူဠနိ။၂၇၂။ စရိယ-လည်းကြည့်။

**မဂ္ဂစိတ္တ** (န) [ မဂ္ဂ+စိတ္တ ] မဂ်စိတ်၊ မဂ်နှင့် ယှဉ်သောစိတ်။ ယာယ ပညာယ ဧတ္ထာ မဂ္ဂ စိတ္တံ ဖလစိတ္တံ နိဗ္ဗတ္တေန္တိ" ဒီ၊ဋ္ဌ၊၂။၁၂၇။ (-မ၊ဋ္ဌ၊၃။၁၀၃။ သံ၊ဋ္ဌ၊၃။၁၅၈။)

**မဂ္ဂစိတ္တက္ခဏ** (ပု) [ မဂ္ဂစိတ္တ+ခဏ ]မဂ်စိတ်-ခဏ၊ မဂ်စိတ်ဖြစ်ပေါ်သောအခါ။ မဂ္ဂစိတ္တက္ခ-ဏေ ရာဂါ နတ္ထိ။ အံ၊ဋ္ဌ၊၂။၂၆။ (-ဒီ၊ဋီ၊၂။ ၂၉၈။)

**မဂ္ဂစိတ္တက္ခဏပရိစ္ဆိန္န** (တိ) [ မဂ္ဂစိတ္တက္ခဏ+ ပရိစ္ဆိန္န]မဂ်စိတ် ခဏဖြင့်ပိုင်းခြား အပ်သော။ မဂ္ဂသမင်္ဂိတာ နာမ မဂ္ဂစိတ္တက္ခဏပရိစ္ဆိန္နာ။ မ၊ဋီ၊၃။၄၁၀။

**မဂ္ဂစိတ္တဇာနနကာလ** (ပု) [ မဂ္ဂစိတ္တ+ဇာနန ကာလ ] မဂ်စိတ်ကို သိသော အခါ။ စေတော ပရိယညာဏပုဗ္ဗေ နိဝါသဉာဏ အနာ-ဂတံသဉာဏစတုတ္ထာနိ ပန အရိယာနံ မဂ္ဂ-စိတ္တဇာနနကာလေ မဂ္ဂါရမ္မဏာနိ ဟောန္တိ။ အဘိ၊ဋ္ဌ၊၁။၃၄၂။

**မဂ္ဂစိတ္တသဟဘူ** (တိ) [မဂ္ဂစိတ္တ+သဟဘူ] မဂ်စိတ်နှင့်တကွဖြစ်သော(ဓမ္မ)။ ဓမ္မဒ္ဒိပါဒသမ္ဘ

ယုတ္တော မဂ္ဂစိတ္တေဥပ္ပဇ္ဇမာနေ ဟိ မဂ္ဂစိတ္တသဟဇာ-ဘူနိ....ပဉ္စိန္ဒြိယာနိ ဥပ္ပဇ္ဇန္တိ။ နေတ္တိ၊ ဝိ။၁၀၅။

မဂ္ဂစိတ္တာရမ္မဏကာလ (ပု) [ မဂ္ဂစိတ္တာရမ္မဏ+ကာလ] မဂ်စိတ်ဟူသော အာရုံရှိသောအခါ၊ မဂ်စိတ်ကိုအာရုံပြုသောအခါ။ မဂ္ဂစိတ္တာရမ္မဏကာလေ မဂ္ဂါရမ္မဏံ ဟောတိ။ ဝိသုဒ္ဓိ၊ ၂။၆၁။

မဂ္ဂစိတ္တုပ္ပါဒ (ပု) [မဂ္ဂ+စိတ္တုပ္ပါဒ] မဂ်စိတ္တုပ္ပါဒ်၊ မဂ်စိတ်စေတသိက်။ တတ္ထာတိ မဂ္ဂေ၊ မဂ္ဂစိတ္တုပ္ပါဒေ ဝါ။ အနုဋီ၊ ၂။၇၆။

မဂ္ဂစေတနာ (ထိ) [မဂ္ဂ+စေတနာ] မဂ်စေတနာ။ ကမ္မံ ပတ္ဝာဝ မဂ္ဂစေဘနာယ အညော ပဏ္ဍရတရော ဓမ္မော နာမ နတ္ထိ။ မ၊ဋ္ဌ၊၃။၇၄။ ကမ္မံ ပတ္ဝာတိ သုခကမ္မန္တိ ဝုစ္စမာနေ မဂ္ဂစေတနာယ အညော ပဏ္ဍရတရော ဓမ္မော နာမ နတ္ထိ အစ္စန္တပရိသုဒ္ဓိဘာဝတော။ မ၊ဋီ၊၃။၄၆-၇။

မဂ္ဂစေတနာကမ္မ (နု) [မဂ္ဂစေတနာ+ကမ္မ] မဂ်စေတနာဟူသောကံ။ ကမ္မံ မဂ္ဂစေတနာကမ္မဥ္စ။ နေတ္တိ၊ ဝိ။၃၀၃။

မဂ္ဂစောရ (ပု) [မဂ္ဂ+စောရ] လမ်း၌–နှောင့်ယှက်–လုယက်–သော သူခိုး၊ လမ်းသူခိုး။ ဓေဝံ ဝုတ္တေ သော ဖြဟ္မာ ယဘာ နာမ မဂ္ဂ-ဓေရော........အာစိက္ခတိ။ သံ၊ဋ္ဌ၊၁။၁၉၁။ မဂ္ဂစောရောတိ မဂ္ဂပရိဗုန္ဓကစောရော။ သံ၊ဋီ၊ ၁။၂၄၂။

မဂ္ဂဇာနနသမတ္ထ (တိ) [မဂ္ဂဇာနန+သမတ္ထ] လမ်းခရီးကိုသိခြင်းငှာ စွမ်းနိုင်သော၊ သူ၊ မဂ္ဂဇာနနသမတ္ထာ ပညာစက္ခုနော အဘာ-ဝေန အန္ဓာ။ ဝိမာန၊ဋ္ဌ။၃၁၆။

မဂ္ဂဇိန (တိ) [မဂ္ဂ+ဇိန] မဂ်ဖြင့်ကိလေသာကို အောင်သော၊ သူ။ မဂ္ဂဇိနော သမ္မာပဋိ-ပန္နော။ သံ၊၁။၁၈၉။ ထေရ။၃၆၉။ (–သုတ္တ-နိ။၂၉၃။) မဂ္ဂဇိနောတိ မဂ္ဂေန ဇိတကိလေ-သော။ သံ၊ဋ္ဌ၊၁။၂၄၈။ (–သုတ္တနိ၊ဋ္ဌ၊၁။ ၁၄၅။ ထေရ၊ဋ္ဌ၊၂။၅၂၅။)

မဂ္ဂဈာန (နု) [မဂ္ဂ+ဈာန] မဂ်နှင့်ယှဉ်သော ဈာန်၊ မဂ်ဈာန်။ ဖလဈာန (၁) ကြည့်။

မဂ္ဂဈာ(ဇ္ဈာ)နပဓာန (နု) [မဂ္ဂဈာန(ဇ္ဈာ) + ပဓာန] မဂ်ဈာန်ကို အားထုတ်ခြင်း။ သော ဟိ ပဓာနဝါ မဂ္ဂဈာ (ဇ္ဈာ) နပဓာနေန။ သုတ္တ-နိ၊ဋ္ဌ၊၂။၁၅၅။ စူဠနိ၊ဋ္ဌ။၄၀။

မဂ္ဂညာဏ (နု) [မဂ္ဂ+ညာဏ] မဂ်၌အကျုံးဝင်သော ညာဏ်၊ မဂ်ညာဏ်။ မဂ္ဂညာဏေ (ဒီ၊ဋ္ဌ၊၂။၂၃၉)တိ မဂ္ဂပရိယာပန္နညာဏေ ဌိတဿ တံသမင်္ဂိနော။ မဂ္ဂပညာ ဟိ စတုန္နံ သစ္စာနံ သမ္မာ ဒဿန-ဋ္ဌေန "မဂ္ဂသမ္မာဒိဋ္ဌိ"တိ ဝုတ္တာ၊ သာ ဝေ နေသံ ယာထာဝတော ဇာနနတော ပဋိဝိဇ္ဈ-နတော ဣဓ "မဂ္ဂညာဏ"န္တိ ဝုတ္တာ။ ဒီ၊ဋီ-၂။၂၁၆။

မဂ္ဂညာဏကိစ္စ (နု) [မဂ္ဂညာဏ+ကိစ္စ] မဂ်ညာဏ်၏ အလုပ်ကိစ္စ။ ပရိညတ္တာဒယော မဂ္ဂညာဏ-ကိစ္စဝသေန။ ပဋိသံ၊ဋ္ဌ၊၂။၈၄။

မဂ္ဂညာဏဂဗ္ဘ (ပု) [မဂ္ဂညာဏ+ဂဗ္ဘ] မဂ်ညာဏ် ဟူသော ကိုယ်ဝန်။ တဒါ စ သာ မဂ္ဂညာဏ-ဂဗ္ဘံ ဓာရေန္တီ ဝိယ ဟောတီတိ အာဟ "ဂဗ္ဘဂ္ဂဟဏကာလော"တိ။ ဝိမတိ၊၁။၇၀။ မ၊ဋီ၊၂။၅၆။ အံ၊ဋီ၊၃။၂၁၇။

မဂ္ဂညာဏဂမန (နု) [မဂ္ဂညာဏ+ဂမန] မဂ်ညာဏ် ဟူသော သွားခြင်း။ ညာဏဂတူပပတ္တိ နာမ တဿ တဿ မဂ္ဂညာဏဂမနဿ နိဗ္ဗတ္တိ။ ဒီ၊ဋီ၊ ၂။၂၀၄။

မဂ္ဂညာဏင်္ဂ (ပု) [မဂ္ဂညာဏ+အင်္ဂ] မဂ်ညာဏ် ဟူသော မီး။ ညာဏင်္ဂိနာ ဒဟေတိ မဂ္ဂ-ညာဏင်္ဂိနာ ဈာပီတော။ မဟာနိ၊ဋ္ဌ။၁၄၇။ (–စူဠနိ၊ဋ္ဌ။၁၂၉။)

**မဂ္ဂညာဏဓမ္မ** (ပု) [မဂ္ဂညာဏ+ဓမ္မ] မဂ်ဉာဏ်တရား။ ဣမိနာ ဓမ္မေနာတိ ဣမိနာ စတုသစ္စ ဓမ္မေန ဝါ မဂ္ဂညာဏဓမ္မေန ဝါ။ သံ၊ဋ္ဌ၊၂။၆၂။ (–သံ၊ဋီ၊၂။၇၈။)

**မဂ္ဂညာဏပဒဋ္ဌာန** (တိ) [မဂ္ဂညာဏ+ပဒဋ္ဌာန] မဂ်ဉာဏ်လျှင် နီးစွာသော အကြောင်းရှိသော (သဗ္ဗညုတဉာဏ်)။ သဗ္ဗညုတဉာဏပဒဋ္ဌာနံ မဂ္ဂညာဏံ၊ မဂ္ဂညာဏပဒဋ္ဌာနဉ္စ သဗ္ဗညုတဉာဏံ "သမ္မာသမ္ဗောဓိ" တိ ဝုစ္စတိ။ ထေရ၊ဋ္ဌ၊၁။၈။ (–သာရတ္ထ၊၁။၆၄။ ဒီ၊ဋီ၊၁။၇။ မ၊ဋီ၊၁။၇၅။ သံ၊ဋီ၊၁။၇။ အံ၊ဋီ၊၁။၁၀။ မူလ၊ဋီ၊၁။၄။)

**မဂ္ဂညာဏပုရေစာရိက** (တိ) [မဂ္ဂညာဏ+ပုရေစာရိက] မဂ်ဉာဏ်၏ ရှေ့သွားဖြစ်သော။ ကသ္မာ ပနေတ္ထ ဂေါတြဘုဉာဏံ မဂ္ဂညာဏပုရေစာရိကံ ဝိယ နိဗ္ဗာနာရမ္မဏံ န ဟောတီတိ ဖလညာဏာနံ အနိယျာနိကဘာဝတော။ ဥဒါန၊ ဋ္ဌ။၃၂။ (–ဝိသုဒ္ဓိ၊ ဋီ၊ ၂။ ၅၁၈။)

**မဂ္ဂညာဏဖရသု** (ပု) [မဂ္ဂညာဏ+ဖရသု] မဂ်ဉာဏ်ဟူသောပုဆိန်။ ဝေမဇ္ဇေ တဏှာနုသယသင်္ခါတေ အတ္တဘာဝရုက္ခဿ မူလေ မဂ္ဂညာဏဖရသုနာ အနုပစ္ဆိန္နေ။ နေတ္တိ၊ဋ္ဌ။၁၀၆။ (—သံ၊ဋီ၊၁။၂၇၈။)

**မဂ္ဂညာဏမောန** (နပုံ) [မဂ္ဂညာဏ+မောန] မဂ်ဉာဏ်ဟူသောသိခြင်း။ န မောနေနာတိ ကာမံ မောနေယျပဋိပဒါသင်္ခါတေန မဂ္ဂညာဏမောနေန မုနိ နာမ ဟောတိ။ ဓမ္မ၊ဋ္ဌ၊၂။၂၅၁။ မဟာနိ၊ဋ္ဌ။၁၆၂။

**မဂ္ဂညာဏယုတ္တ** (တိ) [မဂ္ဂညာဏ+ယုတ္တ] မဂ်ဉာဏ်နှင့် ယှဉ်သော။ မဂ္ဂညာဏယုတ္တေဟိ ဂန္တဗ္ဗဂတိဝိသေသောတိအတ္ထော။ ဝိမတိ၊၂။၁၉၉။

**မဂ္ဂညာဏယောဂ** (ပု) [မဂ္ဂညာဏ+ယောဂ] မဂ်ဉာဏ်နှင့် ယှဉ်ခြင်း။ နိဗ္ဗိန္ဒ ဝိရဇ္ဇတီတိ တံ ဝိပဿနံ ဘိဝံ ပါပေန္တော မဂ္ဂညာဏယောဂေန သင်္ခါရေဟိ ဝိရဇ္ဇတော ဟောတိ။ ပဋိသံ၊ဋ္ဌ၊၁။၂၇၅။

**မဂ္ဂညာဏလောစန** (နပုံ) [မဂ္ဂညာဏ+လောစန] မဂ်ဉာဏ်ဟူသော မျက်လုံး။ ပဿန္တု နိဗ္ဗုတိန္တိ မဂ္ဂညာဏလောစနေန နိဗ္ဗာနံ သစ္ဆိကရောန္တု။ သာရတ္ထ၊၃။၁၂၉။

**မဂ္ဂညာဏဝဇိရ** (ပု၊နပုံ) [မဂ္ဂညာဏ+ဝဇိရ] မဂ်ဉာဏ်ဟူသော– ဝဇိရစိန်– မိုးကြိုး။ တဿ မဂ္ဂညာဏဝဇိရေန ပဒါလနတ္ထံ ဒေသိတော။ ထေရ၊ဋ္ဌ၊၂။၁၀၄။

**မဂ္ဂညာဏဝိဇ္ဇာ** (ထီ) [မဂ္ဂညာဏ+ဝိဇ္ဇာ] မဂ်ဉာဏ်ဟူသော ဝိဇ္ဇာ။ ဝိဇ္ဇာ စ ဝိမုတ္တိ စာတိ မဂ္ဂညာဏဝိဇ္ဇာ စ သေသာ သမ္ပယုတ္တကဓမ္မာ စ။ အံ၊ဋ္ဌ၊၂။၃၉၆။

**မဂ္ဂညာဏဝေဒ** (ပု) [မဂ္ဂညာဏ+ဝေဒ] မဂ်ဉာဏ်ဟူသော ဝေဒ (ဗေဒင်)။ စတူဟိ စ မဂ္ဂညာဏဝေဒေဟိ ကိလေသေဝိဇ္ဈိတွာ ဂတတ္တာ ဝေဒဂူ။ သုတ္တနိ၊ဋ္ဌ၊၂။၁၃၁။ (–၁၅၄။မဟာနိ၊ဋ္ဌ။၁၉၁။ နေတ္တိ၊ဋီ။၁၃၄။)

**မဂ္ဂညာဏသံဝဏ္ဏနာ** (ထီ) [မဂ္ဂညာဏ+သံဝဏ္ဏနာ] မဂ်ဉာဏ်အဖွင့်။ ဣဒါနိ မဂ္ဂညာဏသံဝဏ္ဏနံ ကရောန္တော အဇ္ဈတ် ဈာပေတီတိ အာဒိမာဟ။ ပဋိသံ၊ဋ္ဌ၊၁။၂၅၇။

**မဂ္ဂညာဏသညီ** (တိ) [မဂ္ဂညာဏသညာ+ဤ] မဂ်ဉာဏ်ဟု အမှတ်ရှိသော၊ သူ။ ယောဂါဝစရော တေသု မဂ္ဂညာဏသညီ ဟုတွာ အမဂ္ဂမေဝ "မဂ္ဂေါ" တိ ဂဏှာတိ။ ပဋိသံ၊ဋ္ဌ၊၁။၂၃၈။

**မဂ္ဂညာဏသတ္ထ** (နပုံ) [မဂ္ဂညာဏ+သတ္ထ] မဂ်ဉာဏ်ဟူသော ဓားလက်နက်။ အဇ္ဈတ္တဉ္စ သတ္ထန္တိ မဂ္ဂညာဏသတ္ထေန တဏှံ ဆိန္ဒိ။ အံ၊ဋ္ဌ၊၂။၁၀၂။

မဂ္ဂဉာဏသမန္နာဂမ (ပု) [မဂ္ဂဉာဏ+သမန္နာဂမ] မဂ်ဉာဏ်နှင့် ပြည့်စုံခြင်း။ မဂ္ဂဉာဏသမန္နာဂမေန မုနိနော။ ဥဒါန၊ဋ္ဌ။၂၃၁။

မဂ္ဂဉာဏာနန္တရံ (ဗျ) [မဂ္ဂဉာဏ+အနန္တရံ] မဂ်ဉာဏ်၏ (ရှေ့) အခြားမဲ့၌။ ဣဒဥ္စ ဝိပဿနာဉာဏံ မဂ္ဂဉာဏာနန္တရံ။ ဒီ၊ဋ္ဌ၊၁။၁၉၈။ တတ္ထ "မဂ္ဂဉာဏာနန္တရ"န္တိ သိခါပ္ပတ္တဝိပဿနာဘာတံ ဂေါတြဘုဉာဏံ သန္ဓာယ ဝုတ္တံ။ သီ၊ဋီ၊ သစ်၊၁။၁၄၇။

မဂ္ဂဉာဏာနုကူလ (တိ) [မဂ္ဂဉာဏ+အနုကူလ] မဂ်ဉာဏ်အားလျော်သော။ အရိယမဂ္ဂဝီထိယံ ပါ အနုလောမဉာဏာနိ... မဂ္ဂဉာဏာနုကူလာနိ ဥပ္ပဇ္ဇန္တိ။ ဥဒါန၊ဋ္ဌ။၃၃။

မဂ္ဂဉာဏာနုဂတိက (တိ) [မဂ္ဂဉာဏ+အနုဂတိက] မဂ်ဉာဏ်အားလျော်စွာ ဖြစ်ခြင်းရှိသော။ ယံ သစ္စာနုလောမံ မဂ္ဂဉာဏာနုဂတိကံ ပဿန္တော ဘဂဝါ "ဘဗ္ဗော" တိ ဇာနာတိတိ လဒ္ဓိ။ မူလဋီ၊၃။၈၀။

မဂ္ဂဉာဏာနုသာရ (ပု) [မဂ္ဂဉာဏ+အနုသာရ] မဂ်ဉာဏ်သို့ အစဉ်လိုက်ခြင်း။ တေန အရိယာနံ မဂ္ဂဉာဏာနုသာရေန ပဝတ္တနကဉာဏမ္ပိ သင်္ဂဟိတံ ဟောတိ။ အနုဋီ၊၂။၆၂။

မဂ္ဂဉာဏာလောက (ပု) [မဂ္ဂဉာဏ+အာလောက] မဂ်ဉာဏ်ဟူသော အလင်းရောင်။ အာလောကံ ဒဿယိတွာနာတိ မဂ္ဂဉာဏာလောကံ ဝိပဿနာဉာဏာလောကဥ္စ ဒဿယိတွာ။ ဗုဒ္ဓဝံ၊ဋ္ဌ။၂၈၄။

မဂ္ဂဉာဏာသိ (ပု) [မဂ္ဂဉာဏ+အသိ] မဂ်ဉာဏ်ဟူသော သံလျက်။ ကာမဘဝကမ္မဘဝါဒယော ဘဝါ သဗ္ဗေ မဂ္ဂဉာဏာသိနာ ပဒါလိတာ ဝိဒ္ဓံသိတာ။ ထေရ၊ဋ္ဌ၊၁။၄၇၈။

မဂ္ဂဉာဏောဒက (နပုံ) [မဂ္ဂဉာဏ+ဥဒက] မဂ်ဉာဏ်ဟူသော ရေ။ မဂ္ဂဉာဏောဒကေန သုန္ဟာတ- ႞ သုဓောတကိလေသ မလဿ ဟိရောတ္တပ္ပသာဋကေ နိဝါသေတွာ။ သံ၊ဋ္ဌ၊၂။၇၇။

မဂ္ဂညူ (တိ) [မဂ္ဂ+ဉာ+ရူ] (၁) မဂ်-အရိယမဂ်-ကိုသိသော၊သူ။ (၂) ကျင့်စဉ်-လမ်းစဉ်-ကို သိသော၊သူ။ (၁)မဂ္ဂညူ မဂ္ဂဝိဒူ မဂ္ဂကောဝိဒေါ။ သံ၊၂။၅၄။ ပဋိသံ။၃၇၅။ နေတ္တိ။၁၃၂။ မဂ္ဂံ ဇာနာတီတိ မဂ္ဂညူ။ သံ၊ဋ္ဌ၊၂။၂၅၆။ (—ပဋိသံ၊ဋ္ဌ၊၂။၂၅၄။ မဟာနိ၊ဋ္ဌ။၂၅၅။) အရိယံ မဂ္ဂံ ဇာနာတိ အဝဗုဇ္ဈတီတိ မဂ္ဂညူ။ သံ၊ဋီ၊၂၊ ၂၂၆။ (၂) မဂ္ဂကောဝိဒ (၃) ကြည့်။

မဂ္ဂဋ္ဌ[၁] (ပု) [မဂ္ဂ+အတ္ထ] အကြောင်းဖြစ်သော မဂ်၏ အနက်သဘော၊ ဝဋ်မှ ထွက်မြောက်ကြောင်းဖြစ်သော အနက်သဘော။ မဂ္ဂဋ္ဌော အဘိညေယျော။ ပဋိသံ။ ၂၀။ မဂ္ဂဋ္ဌေန ကေတ္တာ။ ဒီ၊ဋ္ဌ၊၂။၃၄၄။ မ၊ဋ္ဌ၊၁။၂၄၄။ မဂ္ဂဋ္ဌေနာတိ နိယျာနဋ္ဌေန။ ဒီ၊ဋီ၊၂။၂၈၈။

မဂ္ဂဋ္ဌ[၂] (တိ) [မဂ္ဂ+ဌာ+အ] မဂ်၌တည်သော၊သူ။ (မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်။) စတ္တာရော မဂ္ဂဋ္ဌာတံ စတုပညာသ။ သုတ္တနိ၊ဋ္ဌ၊၁။၂၈၂။(—ဝိမာန၊ ဋ္ဌ။၁၄၀။ ထေရီ၊ဋ္ဌ။၁၄၇။ သာရတ္ထ၊၂။၅၄။ ဒီ၊ဋီ၊၁။၂၇၅။ မ၊ဋီ၊၂။၄။ အံ၊ဋီ၊၂။၃၈၉။)

မဂ္ဂဋ္ဌက[၁] (ပု) [မဂ္ဂ+အဋ္ဌက] မဂ္ဂင် ၈-ပါး အပေါင်း။ (ကာမာဝစရကုသိုလ်စိတ်၌ သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါယာမ,သမ္မာသတိ, သမ္မာသမာဓိ လောကီမဂ္ဂင် ၅-ပါးရသည်။ မဂ်စိတ်၌ မဂ္ဂင် ၈-ပါးရသည်။) ဟေဋ္ဌာ-ဝုတ္တံ မဂ္ဂပဥ္စကံ ဣဓ မဂ္ဂဋ္ဌကံ ဒေဒိတဗ္ဗံ။ အဘိ၊ဋ္ဌ၊၁။၂၆၁။ မဂ္ဂ-လည်းကြည့်။

မဂ္ဂဋ္ဌက[၂] (တိ) [မဂ္ဂဋ္ဌ+က] မဂ်၌တည်သော သူ။ (မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်။) ဖလဋ္ဌက—ကြည့်။

မဂ္ဂဋ္ဌကပုဂ္ဂလ (ပု) [မဂ္ဂဋ္ဌက+ပုဂ္ဂလ] မဂ်၌တည်သောပုဂ္ဂိုလ်၊ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်။ မဂ္ဂသမင်္ဂီ-နောတိ မဂ္ဂဋ္ဌကပုဂ္ဂလာ။ အဘိ၊ဋ္ဌ၊၃။၃၇။ မဂ္ဂသမင်္ဂီ-လည်းကြည့်။

**မဂ္ဂဋ္ဌကသမဏ** (ပု) [မဂ္ဂဋ္ဌက+သမဏ] မဂ်၌တည်သောရဟန်း၊ မဂ္ဂဋ္ဌာန်ရဟန်း။ စတူဟိ-ပန မဂ္ဂဋ္ဌကသမဏေဟိပိ........ သုညာဝ။ မ၊ဋ္ဌ၊၁၊၃၁၁။ အံ၊ဋ္ဌ၊၂။၃၉၂။

**မဂ္ဂဋ္ဌကသေက္ခ**(ပု) [မဂ္ဂဋ္ဌက+သေက္ခ] မဂ္ဂဋ္ဌာန်သေက္ခပုဂ္ဂိုလ်။ မဂ္ဂဋ္ဌကသေက္ခာ အာဂမနဝသေန ဝါ....... ဟောန္တိ။ အဘိ၊ဋ္ဌ၊၃။၃၆။

**မဂ္ဂဋ္ဌပုဂ္ဂလ** (ပု) [မဂ္ဂဋ္ဌ+ပုဂ္ဂလ] မဂ်၌တည်သောပုဂ္ဂိုလ်၊ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်။ အာဂန္တွာ နိရယန္တိ မဂ္ဂဋ္ဌပုဂ္ဂလော ဟိ အပါယတော ပရိမုတ္တော။ သံ၊ဋ္ဌ၊၃။၁၈။ (–၂၆၇။ အဘိ၊ ဋ္ဌ၊၃။၃၀၄။ မ၊ဋီ၊၃။၈၉။)

**မဂ္ဂဋ္ဌဖလဋ္ဌ** (တိ) [မဂ္ဂဋ္ဌ+ဖလဋ္ဌ] မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ် ဖလဋ္ဌာန်ပုဂ္ဂိုလ်။ အဋ္ဌာတိ မဂ္ဂဋ္ဌဖလဋ္ဌေသု ယုဂလေ အကတွာ ဝိသုံ ဝိသုံ ဂဟဏေန အဋ္ဌ ပုဂ္ဂလာ။ ဝိမာန၊ဋ္ဌ၊၂၁၅။ (–သီ၊ဋီ၊သစ်။ ၂။၁၇၅။)

**မဂ္ဂဋ္ဌဖလဋ္ဌဘာဝဒီပန** (န) [မဂ္ဂဋ္ဌဖလဋ္ဌဘာဝ+ဒီပန] မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်, ဖလဋ္ဌာန်ပုဂ္ဂိုလ်၏ အဖြစ်ကိုပြခြင်း။ "အဋ္ဌန္နမ္ပိသမူဟ" န္တိ ဧတေန ဉာဏသမ္ပဒံ မဂ္ဂဋ္ဌဖလဋ္ဌဘာဝဒီပနတော။ ဒီ၊ဋီ၊၁။၁၃။ မ၊ဋီ၊၁။၃။ အံ၊ဋီ၊၁။၁၆။

**မဂ္ဂဋ္ဌဖလဋ္ဌဘာဝါနတိဝတ္တန**(န)[မဂ္ဂဋ္ဌဖလဋ္ဌဘာဝ +အနတိဝတ္တန] မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်, ဖလဋ္ဌာန် ပုဂ္ဂိုလ်အဖြစ်ကိုမလွန်ခြင်း။ မဂ္ဂဋ္ဌဖလဋ္ဌဘာဝါ-နတိဝတ္တနတော။ ဒီ၊ဋီ၊၁။၁၂။ သံ၊ဋီ၊၁။၁၂။ အံ၊ဋီ၊၁။၁၅။ (မ၊ဋီ၊၁။၁၂။ အလားတူဝါကျတွင် မဂ္ဂဋ္ဌဖလဋ္ဌဘာဝါနာတိဝတ္တနတော-ဟု ရှိသည်။)

**မဂ္ဂဋ္ဌဘာဝ** (ပု) [မဂ္ဂဋ္ဌ+ဘာဝ] မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်၏ အဖြစ်။ ဖလဋ္ဌဘာဝေန နိယာမကတာ ဓေဝ မဂ္ဂဋ္ဌဘာဝေန နိယာမဒဿ စ။ သံ၊ဋီ၊၃။ ၂၉၆။ (–နေတ္တိ၊ဝိ။၁၇၄။)

**မဂ္ဂဋ္ဌာန** (န) [မဂ္ဂ+ဌာန] (၁) လမ်းခရီးဖြစ်သင့်သော အရပ်။ (၂) မဂ်၏အရာ။ (၁) အာကာသဋ္ဌာနံ ဝိမာနဋ္ဌာနံ ပရိဟရိတွာ မဂ္ဂဋ္ဌာနေ နေဝ မဂ္ဂေါ ဟောတိ။ သံ၊ဋ္ဌ၊၁။၂၉၃။ သုတ္တနိ၊ဋ္ဌ၊၁။၂၁၆။ (၂) အောက်ပုဒ်ကြည့်။

**မဂ္ဂဋ္ဌာနိယ** (တိ) [မဂ္ဂဋ္ဌာန+ဣယ] မဂ်၏အရာ၌ တည်သော၊ မဂ်နှင့်တူသော။ ပါရာဇိကာပတ္တိ ဝေ ဟိ ဖလဋ္ဌာနိယာ ဘဝိတုံ မရဟတိ၊ န အညန္တိ ဧဝံ တာဝ ဣမ ဩပမ္မသံသန္ဒနံ သမ္ဘဝတိ စေတနာ မဂ္ဂဋ္ဌာနိယာ။ ဝဇိရ။ ၁၃၅။ ဖလဋ္ဌာနိယ·လည်းကြည့်။

**မဂ္ဂတစ္ဆက** (တိ) [မဂ္ဂ+တစ္ဆက] လမ်းကိုသုတ်သင် တူးဖြိုသော၊ လမ်းပြင်သော၊ သူ။ ဒေဝ အယံ မဂ္ဂတစ္ဆကော ပုရိသော မယှံ ပေါရာဏကသာမိကော။ ဇာ၊ဋ္ဌ၊၆။၁၈၇။

**မဂ္ဂတိ** (ကြိ) [မဂ္ဂ+အ+တိ။ ဓာတွတ္ထ။၁၂၇။] (၁) ရှာမှီး တတ်၏။ (၂) ကပ်ရောက်တတ်၏။ (၃) စူးစမ်း၏။ (၄) မြင်၏။ (၅) အလိုရှိ၏၊ တောင့်တ၏။ (၁) ရှာမှီးတတ်၏။ နိဗ္ဗာနံ မဂ္ဂတိ ဂဝေသတိ။ အဘိ။ ဋ္ဌ၊ ၁။ ၇၇။ (–အဘိ၊ဋ္ဌ၊၂။၁၀၇။ ခုဒ္ဒက၊ဋ္ဌ။၇၂။ ဣတိဝုတ်၊ဋ္ဌ။၈၁။ မဟာနိ၊ဋ္ဌ။၅၇။ နေတ္တိ၊ဋ္ဌ။၁၂၉။ သာရတ္ထ၊၃။၁၇၁။ မ၊ဋီ၊၁။၁၉၆။) မဂ္ဂန္တိ— မ၊ဋ္ဌ၊၄။၉၄။ အပ၊ဋ္ဌ၊၂။၁၅၂။ သုတ္တနိ၊ဋ္ဌ၊၁။ ၁၈။ (၂) ကပ်ရောက်တတ်၏။ မဂ္ဂတိဥဇုကံ ဥပဂစ္ဆတိ ဧတေနာတိ မဂ္ဂေါ။ ဒီ၊ဋီ၊၁။၃၉၉။ (၃) စူးစမ်း၏။ မဂ္ဂေယျာ (ဇာ၊၁။၃၉၈)တိ ဝိစ္ဆေယျ။ ဇာ၊ဋ္ဌ၊၅။၁၀၇။ (၄) မြင်၏။ နာဿ မဂ္ဂေယျုကဏှကော ( ဇာ၊၂။၆၀ )တိ တဿ ဩဝါဒကရဿ ပုရိသဿ မုခံ ဓောရကဏှကော န ပဿေယျ။ ဇာ၊ဋ္ဌ၊၅။၂၈၂။ (၅) အလိုရှိ၏၊ တောင့်တ၏။ ပုန ကိံ မဂ္ဂသိ(အံ၊ဋ္ဌ၊၂။၅) တိ ပုန ကိံ ဣစ္ဆသိ။ အံ၊ဋီ၊၂။၄။

မဂ္ဂတေဇ (ပု) [မဂ္ဂ+တေဇ] အရိယာမဂ်ဟူသော မီး။ မဂ္ဂတေဇ (ဝိသုဒ္ဓိ၊ ၂။၃၀၄)န္တိ အရိယမဂ္ဂသခါတံ ဉာဏဂ္ဂိံ။ ဝိသုဒ္ဓိ၊ဋီ၊ ၂။၄၇၂။

မဂ္ဂတ္တယ (နပုံ) [မဂ္ဂ+တယ] (၁) အရိယာမဂ်သုံးပါး။ (၂) (ဝစ္စမဂ်စသော) မဂ်သုံးပါး။ (၁) ဟေဋ္ဌိမေန ဟိ မဂ္ဂတ္တယေန ကေစိ သခါရာ နိရုဇ္ဈန္တိ။ ဥဒါန၊ ဌ။၄၅။ သာရတ္ထ၊ ၃။၁၃၇။ (-နေတ္တိ၊ဋ္ဌ။၂၅၅။) (၂) မဂ္ဂတ္တယတော ဟိ အညတ္ထ ပဒေသေယေဝ ကာယသံသဂ္ဂါဒိအာပဇ္ဇနတော အာပတ္တိဘေဒေါ လဗ္ဘတိ။ ဝိမတိ၊၁။၁၄၆။

မဂ္ဂတ္တယဗြဟ္မစရိယ (နပုံ) [မဂ္ဂတ္တယ+ဗြဟ္မစရိယ] အရိယာမဂ်သုံးပါးဟူသော မြတ်သော အကျင့်။ တတ္ထ စရ ဗြဟ္မစရိယန္တိ အဝသိဋ္ဌံ မဂ္ဂတ္တယဗြဟ္မစရိယံ သမာစရ။ ဝဇီရ။၄၀၅။

မဂ္ဂတ္တယဝါစက (တိ) [မဂ္ဂတ္တယ+ဝါစက] အရိယာမဂ်သုံးပါးကိုဟောသော။ "ယထာဝဓိ ခေါ" တိ ဣဒံ ဩဓိဝစနသ္မာ မဂ္ဂတ္တယဝါစကတ္တာ။ မဏိ၊၁။၂၇၅။

မဂ္ဂတ္တယသမ္ပယုတ္တ (တိ) [မဂ္ဂတ္တယ+သမ္ပယုတ္တ] အရိယာမဂ်သုံးပါးနှင့် ယှဉ်သော။ ဉာဏမေတယော အာသဝါ ဉာဏမာယ မဂ္ဂတ္တယသမ္ပယုတ္တာယ ဓော့ဆုက်ဘာဝနာယ ပဟာတဗ္ဗာ။ မဏ္ဍိ၊၁။၇၉။

မဂ္ဂတ္ထ (ပု) [မဂ္ဂ+အတ္ထ] (၁) မဂ်ကိစ္စအကျိုး။ (၂) မဂ်ဟူသောအကျိုး။ (တိ) (၃) မဂ်အကျိုးရှိသော။ (၁) (၂) သမ္မာဒဿနံ မဂ္ဂေါ၊ တဿတ္ထာယ သံဝတ္တနတော သမ္မာဒဿနာယ သံဝတ္တတိ။ မဂ္ဂေါယေဝ ဟိ မဂ္ဂတ္ထာယ သံဝတ္တတိ မဂ္ဂေန ကာတဗ္ဗကိစ္စကရဏတော။ မဏ္ဍိ၊၁။၁၀၈။ (-သံ၊ဋ္ဌ၊၁။၁၅၆။ အင်္ဂုတ္ထိ၊ဋ္ဌ၊ ၂။၂၉၉။) တဿတ္ထာယာတိ မဂ္ဂကိစ္စတ္ထာယ။ နဋ္ဌိ ဟိ မဂ္ဂတော အညော မဂ္ဂကိစ္စကရော အတ္ထိ။ တေနာဟ "မဂ္ဂေါယေဝ ဟိ" တိအာဒိ။ အထ ဝါ သမ္မာဒိဋ္ဌိ ဥပ္ပဇ္ဇမာနာ သဟဇာတာဒိပစ္စယာဘာဝေန ဉာတရေ ဥပ္ပါဒေတိ၊ ဇဝံ သေသမဂ္ဂမ္မာပိတိ ဇဝံမှိ မဂ္ဂတ္ထာယ သံဝတ္တနံ ဝေဒိတဗ္ဗံ။ မဏ္ဍိ၊ဋီ၊၁။၁၉၅။ (-သံ၊ဋီ၊၁။၂၀၂။) (တိ) (၃) ဖလတ္ထ (၅) ကြည့်။



မဂ္ဂဒတ္တိက (ပု) [မဂ္ဂ+ဒိန္န။ နီတိ၊သုတ္တ။၇၄၉။] မဂ္ဂဒတ္တိကမထေရ်။ (စကြုံလမ်း လှူသော ကြောင့် မဂ္ဂဒတ္တိကအမည်ရသည်။) ဉတ္တံ သုဒံ အာယသ္မာ မဂ္ဂဒတ္တိကော ထေရော ဉမာ ဂါထာယော အဘာသိတ္ထာတိ။ အပ၊၁။၂၁၀။

မဂ္ဂဒတ္တိကတ္ထေရ (ပု) [မဂ္ဂဒတ္တိက+ထေရ] မဂ္ဂဒတ္တိကမထေရ်၊ စက်မှုနည်း ပုဗ္ဗတတ္တာ မဂ္ဂဒတ္တိကတ္ထေရဿ ပါကဋ္ဌော။ အပ၊ဋ္ဌ၊ ၂။၁၇၁။

မဂ္ဂဒမထ (ပု) [မဂ္ဂ+ဒမထ] အရိယာမဂ်ဟူသော ဆုံးမခြင်းသဘော ရှား။ ဘဂဝါ ဟိ အတ္တနာ ဥပ္ပါဒိတေနေဝ မဂ္ဂဒမထေန စက္ခုတော ပဒန္တော။ အံ၊ဋ္ဌ၊၃။၁၁၁။ ဒန္တ (၂), ဒမထ(၂) လည်းကြည့်။

မဂ္ဂဒရထ (ပု) [မဂ္ဂ+ဒရထ] ခရီးပင်ပန်းခြင်း၊ ခရီး သွားမှုကြောင့် ဖြစ်သော ပင်ပန်းခြင်း။ ဝနသဏ္ဍေ ပန ပေါက္ခရဏိယံ သြရုယှ ရဇောဇလ္လံ ပဝါဟိတွာ မဂ္ဂဒရထံ ပဋိပဿမ္ဘေတွာ။ မဏ္ဍိ၊ဋ္ဌ၊၃၄၅။ (-မ၊ဋ္ဌ၊၄။၂၀၅။)

မဂ္ဂဒရထကိလမထပရိဠာဟ (ပု) [မဂ္ဂဒရထ+ကိလမထပရိဠာဟ] ခရီးသွားမှုကြောင့်ဖြစ်သော အလွန်ပင်ပန်းပူလောင်ခြင်း၊ ခရီးပန်း နွမ်းနယ်ပူလောင်ခြင်း။ ကုလပုတ္တော အာနာပါနစတုတ္ထဇ္ဈာနံ သမာပဇ္ဇိတွာ မဂ္ဂဒရထကိလမထပရိဠာဟံ ဝိက္ခမ္ဘေတွာ ဈာနရတိယာ ဝီတိနာမေတိ။ မဏ္ဍိ၊ဋ္ဌ၊၄။၂၀၃။

မဂ္ဂဒရထပဋိပဿမ္ဘန (နပုံ) [မဂ္ဂဒရထ+ပဋိပဿမ္ဘန] ခရီးပန်းမှု၏ ငြိမ်းခြင်း။ ဗုဒ္ဓသောဘာ

ပန ပဋိစ္စာဒေတွာ အညာတကဝေသေန တတ္ထ ဂမနံ ဟာသ ကုလပုတ္တဿ ဝိသာတ္ထဝသေန မဂ္ဂဒရထပဋိပဿမ္ဘနတ္ထံ။ မ၊ဋီ၊၃။၃၉၅။

မဂ္ဂဒရထဝူပသမ (ပု) [မဂ္ဂဒရထ+ဝူပသမ] ခရီးပန်းမှု၏ငြိမ်းခြင်း။မဂ္ဂဒရထဝူပသမံ အာဂမေန္တော ယေဝ ပန န ဒေသေသိ။ မ၊ဋ္ဌ၊၄။၂၀၆။

မဂ္ဂဒဿန (န) [မဂ္ဂ+ဒဿန] (၁) မဂ္ဂသစ္စာကို မြင်ခြင်း။ (၂) လမ်းခရီးကို မြင်ခြင်း။ (၁) မဂ္ဂဒဿနေန ကိံ ဇပေတီတိ။ အဘိ၊က။၈၇။ (—ဒီ၊ဋ္ဌ၊၃။၂၂၃။ မ၊ဋ္ဌ၊၁။၃၁၅။ အဘိ၊ဋ္ဌ၊၃။ ၁၆၄။ ပဋိသံ၊ဋ္ဌ၊၁။၉၆။ ဝိသုဒ္ဓိ၊၂။၃၃၃။) (၂) မဂ္ဂဒဿနံ ဝိယ အနုလောမံ။ ဝိသုဒ္ဓိ၊၂။၃၀၃။

မဂ္ဂဒဿနနိဗ္ဗာနဒဿနသမ္ပဒါ (ထီ) [မဂ္ဂဒဿန-နိဗ္ဗာနဒဿန+သမ္ပဒါ] မဂ္ဂသစ္စာ—မဂ်—ကို မြင်ခြင်း, နိဗ္ဗာန်ကို မြင်ခြင်းနှင့် ပြည့်စုံခြင်း။ မဂ္ဂဒဿနနိဗ္ဗာနဒဿနသမ္ပဒါယ သီလဗ္ဗတံ ပဟီယတီတိ ဝိညာတဗ္ဗံ။ ခုဒ္ဒက၊ဋ္ဌ။၁၅၈။ သုတ္တနိ၊ဋ္ဌ၊၁။၂၈၇။

မဂ္ဂဒါန (န) [မဂ္ဂ+ဒါန] လမ်းကို—လှူဒါန်း—ပြုပြင်—ခြင်း။ဒုဂ္ဂတိံ နာဘိဇာနာမိ၊ မဂ္ဂဒါနဿိဒံ ဖလံ။ အပ၊၁။၁၉၁။

မဂ္ဂဒါပန (ပု) [မဂ္ဂ+ဒါပန] လမ်း (ဖယ်)ပေးစေခြင်း။ အညမညံ မဂ္ဂဒါပနတ္ထံ ဝိဝါဒံ အကံသု။ စရိယာ၊ဋ္ဌ။၁၅၈။

မဂ္ဂဒါယက (ပု) [မဂ္ဂ+ဒါယက] မဂ္ဂဒါယကမထေရ်။ ဣတ္ထံ သုဒံ အာယသ္မာ မဂ္ဂဒါယကော ထေရော ဣမာ ဂါထာယော အဘာသိတ္ထာတိ။ အပ၊၁။၁၉၁။

မဂ္ဂဒါယကတ္ထေရ (ပု) [မဂ္ဂဒါယက+ထေရ] မဂ္ဂဒါယကမထေရ်။ ဥတ္တရိတွာန နဒိကန္တိ အာဒိကံ အာယသ္မတော မဂ္ဂဒါယကတ္ထေရဿ အပဒါနံ။ အပ၊ဋ္ဌ၊၂။၁၅၅။

မဂ္ဂဒိဋ္ဌိ (ထီ) [မဂ္ဂ+ဒိဋ္ဌိ] မဂ်ဉာဏ်။ ဒိဋ္ဌိသမ္ပန္နောတိ မဂ္ဂဒိဋ္ဌိယာ သမ္ပန္နော သောတာပန္နော အရိယသာဝကော။ မ၊ဋ္ဌ၊၄။၇၄။ အံ၊ဋ္ဌ၊၁။ ၃၅၂။ အဘိ၊ဋ္ဌ၊၂။၄၀၅။ နေတ္တိ၊ဋ္ဌ။၁၅၇။

မဂ္ဂဒီပက (တိ) [မဂ္ဂ+ဒီပက] (ဖြတ်သွားပြည်သို့ ရောက်ကြောင်း) လမ်းစဉ်ကို ပြတတ်သော။ မဂ္ဂဒီပကံ (ဒီ၊ဋ္ဌ၊၁။၃၃၆)န္တိ မဂ္ဂဒီပကာဘိမတံ။ ဒီ၊ဋီ၊၁။၄၀၄။ (—သံ၊ဋီ၊သစ်၊၂။ ၄၃၂။) မဂ္ဂဒီပကံ (ဒီ၊ဋ္ဌ၊၁။၃၃၆)န္တိ မဂ္ဂဒီပကံ မိစ္ဆေဝ တေဟိ အဘိမတံ။ သံ၊ဋီ၊သစ်၊၂။ ၄၃၂။

မဂ္ဂဒီပကာဘိမတ (တိ) [မဂ္ဂဒီပက+အဘိမတ] (ဖြတ်သွားပြည်သို့ရောက်ကြောင်း)လမ်းစဉ်ကိုပြတတ်၏ဟူ၍—သိအပ်—အလိုရှိအပ်—သော။ အထက်ပုဒ်ကြည့်။

**မဇ္ဈိမာဂမဋီကာကာရ** (တ) [မဇ္ဈိမာဂမဋီကာ+ကရ+ဏ] မဇ္ဈိမနိကာယ်ဋီကာကို ပြုစီရင်သော၊ သူ။ မဇ္ဈိမာဂမဋီကာကာရော ပန အာစရိယဓမ္မပါလတ္ထေရော ဧဝမာဟ။ သီ၊ဋီ၊သစ်၊၁။၁၀၂။

**မဇ္ဈိမာဂမဋ္ဌကထာ** (ထီ) [မဇ္ဈိမာဂမ+အဋ္ဌကထာ] မဇ္ဈိမနိကာယ်ပါဠိအဖွင့်အဋ္ဌကထာ။ ပပဉ္စသူဒနိယံ နာမ မဇ္ဈိမာဂမဋ္ဌကထာယံ ပန .... ဝုတ္တော။ သီ၊ဋီ၊သစ်၊၂။၃၆။ (-၄၀။)

**မဇ္ဈိမာဂမပရိယာယ** (ပု) [ မဇ္ဈိမာဂမ+ပရိယာယ] မဇ္ဈိမနိကာယ် ပါဠိဒေသနာ။ ယာ မဇ္ဈိမာဂမပရိယာယေန မဇ္ဈိမသင်္ဂီတိ ဝုတ္တာ။ မ၊ဋီ၊၁။၁၉။

**မဇ္ဈိမာဂမဝရ** (တိ) [ မဇ္ဈိမာဂမ+ဝရ ] မဇ္ဈိမနိကာယ်ပါဠိမြတ်၊ မြတ်သော မဇ္ဈိမနိကာယ်ပါဠိ။ မဇ္ဈိမပမာဏသုတ္တင်္ကိတဿ ဣမဿ မဇ္ဈိမာဂမဝရဿ။ မ၊ဋ္ဌ၊၁။၁။ (-သီ၊ဋီ၊သစ်၊၁။၃၃၇။ မ၊ဋီ၊၁။၁၉။) ဓမ္မ သုတ္တသမုဒါယေ အယံ "အာဂမော"တိ ဝေါဟာရော။ ....အာဂမိဿန္တိ ထေ တေန တေသ္မာ ဝါ.... မဇ္ဈိမော စ သော အာဂမဝရော စာတိ မဇ္ဈိမာဂမဝရော။ မ၊ဋီ၊၁။၁၅။

**မဇ္ဈိမာနုကမ္ပိတ** (တိ) [ မဇ္ဈိမ + အနုကမ္ပိတ ] အလတ်ဖြစ်သော ရဟန်းသည်–အစဉ်သနား–အစဉ်စောင့်ရှောက်– အပ်သော၊ သီတင်းလတ်သည် – အစဉ်သနား – အစဉ်စောင့်ရှောက်–အပ်သော၊ သူ။ တဿ ထေရာနုကမ္ပိတဿ မဇ္ဈိမာနုကမ္ပိတဿ နဝါနုကမ္ပိတဿ။ အံ၊၃။၂၇၇။ ထေရာနုကမ္ပိတ– လည်းကြည့်။

**မဇ္ဈိမာနုလောမိကာ** (ထိ) [မဇ္ဈိမာ+အနုလောမိကာ] မဇ္ဈိမာနုလောမိကဉာဏ်၊ အလတ်ဖြစ်သော အနုလောမိကဉာဏ်။ ဘင်္ဂါနုပဿနာဒိကာ သင်္ခါရုပေက္ခာဉာဏပရိယောသာနာ မဇ္ဈိမာနုလောမိကာ ခန္တိ။ ပဋိသံ၊ဋ္ဌ၊၂။၃၁၅။

**မဇ္ဈိမာယုက** (တိ) [မဇ္ဈိမ+အာယု+က] အလယ် အလတ် ဖြစ်သော–အသက်ကြွင်း ရှိသော။ ကတမေ မဇ္ဈိမာယုကာတိ။ မဏိမဉ္ဇူ၊၁။၄၄၇။ မန္ဒာယုက–ကြည့်။

**မဇ္ဈိမာရတ္တိ** (ထိ) [ မဇ္ဈိမာ+ရတ္တိ ] သန်းခေါင်၊ ညဉ့်သန်းခေါင်၊ ညဉ့်လယ်။ နိသိထော မဇ္ဈိမာရတ္တိ၊ အစ္စုရတ္တော မဟာနိသာ။ ဓာန်။၇၉။

**မဇ္ဈိမာဝတ္တ** (ပု) [မဇ္ဈိမ+အာဝတ္တ] အလယ်ဖြစ်သော အခိုက်အတန့်။ မဇ္ဈိမာဝတ္တာယ ဝါ ကာယာ၀ုပတ္တာ မဇ္ဈိမဝယေ ကော် ဝဿံ ဝဖိုတ်။ ဝိသုဒ္ဓိ၊ဋ္ဌ၊၂။၄၀၀။

**မဇ္ဈိမာသန** (နပုံ) [မဇ္ဈိမ+အာသန] (၁) မဇ္ဈိမ အရွယ် ရဟန်း၏နေရာ၊သီတင်းလတ်၏နေ ရာ။ (၂) အလယ်နေရာ၊ ခါးနေရာ။ (၁) ထေရာသနေ ဝါ နဝါသနေ ဝါ မဇ္ဈိမာသနေ ဝါ-နိသိန္နံ ဝေဠုပံ နာမ မာရေဟိ။ ဝိ၊ဋ္ဌ၊၂။၄၇။ (–သံ၊ဋ္ဌ၊၃။၉။) (၂) မနေနာမယသိန္ဓဝံ အာရောပေတွာ သယံ မဇ္ဈိမာသနေ နိသီဒိတွာ ကုရုန္ဓတိ ပစ္ဆိမာသနေ နိသီဒါပေတွာ မံ ပုရိမာသနေ နိသီဒါပေတွာ။ ဇာ၊ဋ္ဌ၊၇။၂၃၇။ ၁၁၈

**မဇ္ဈိမိတ္ထိဝဏ္ဏ** (ပု) [မဇ္ဈိမိတ္ထီ+ဝဏ္ဏ] (အရွယ်) အလယ် – အလတ် – ဖြစ်သော မိန်းမ၏ – အဆင်း–သဏ္ဍာန်၊မိန်းမလတ်အသွင်။တဿာ ဣတ္ထိယာ သကိံ ဝိဇာတဝဏ္ဏံ မဇ္ဈိမိတ္ထိဝဏ္ဏံ ဇရာဇိဏ္ဏ မဟလ္လိကိတ္ထိဝဏ္ဏဉ္စ ဒဿေသိ။ မမ္ဘ၊ဋ္ဌ၊၂။၇၃။ (–သုတ္တနိ၊ဋ္ဌ၊၁၊၂၃၅။)

**မဇ္ဈိမိတ္ထီ** (ထိ) [မဇ္ဈိမာ+ဣတ္ထီ] (အရွယ်)အလယ် – အလတ် – ဖြစ်သောမိန်းမ၊ မိန်းမလတ်။ မဇ္ဈိမိတ္ထိယော ပုစ္ဆိ၊ တာဟိ "သပတ္တိဝါသာ မုစ္စနတ္ထာယာ"တိ ဝုတ္တေ။ ဓမ္မ၊ဋ္ဌ၊၂။၃၈။ (–ဇာ၊ဋ္ဌ၊၁။၉၁။ ဇာ၊ဋ္ဌ၊၄။၄၉၄။ အံ၊ဋ္ဌ၊၃။၂၆၈။)

**မဇ္ဈိမိန္ဒြိယ** (တိ) [ မဇ္ဈိမ + ဣန္ဒြိယ ] အလယ် အလတ်ဖြစ်သော ဣန္ဒြေရှိသော၊သူ။ မဇ္ဈိမာယ ဝိပဿနာယ အာဂတော မဇ္ဈိမိန္ဒြိယော ကောလံ ကောလော နာမ ဟောတိ။ ဝိသုဒ္ဓိ၊၂။၃၅၂။ (–သံ၊ဋ္ဌ၊၁။၆၇။)

**မဇ္ဈိမုက္ကဋ္ဌ** (တိ) [ မဇ္ဈိမ+ဥက္ကဋ္ဌ ] အလတ်တွင် အကြီးဆုံးဖြစ်သော။ (သပိတ်အလတ်သုံးလုံးတွင် အကြီးဆုံးသပိတ်ကို မဇ္ဈိမုက္ကဋ္ဌဟုခေါ်သည်။) အယံ မဇ္ဈိမုက္ကဋ္ဌော နာမ ပတ္တော။ ဝိ၊ဋ္ဌ၊၂။၂၈၂။ (–ဝဇိရ။၂၆၇။)

**မဇ္ဈိမုတ္တမဋ္ဌာနန္တရ** (ပု) [ မဇ္ဈိမုတ္တမ+ဌာနန္တရ ] အလတ်ဖြစ်သော အရာဌာနထူး, အမြတ်ဖြစ်သော အရာဌာနထူး၊ အလတ်တရား အမြတ်တရားတို့၏ အရာဌာနအထူး။ သဗ္ဗပဒါနီတိ "ပညပေတိ "တိအာဒီနိ ပဒါနိ ယောဇေတဗ္ဗာနိ ဟိနသဒ္ဒေန 'မဇ္ဈိမုတ္တမဋ္ဌာနန္တရာ အာသမ္မုဝတော။ သံ၊ဋ္ဌ၊၂။၁၃၇။

**မဇ္ဈိမောမက** (တိ) [မဇ္ဈိမ+ဩမက] အလတ်တွင် အငယ်ဆုံးဖြစ်သော။ (သပိတ်အလတ်သုံးလုံးတွင် အငယ်ဆုံးသပိတ်ကို မဇ္ဈိမောမကသပိတ်ဟု ခေါ်သည်။) အယံ မဇ္ဈိမောမကော နာမ ပတ္တော။ ဝိ၊ဋ္ဌ၊၂။၂၈၂။ (–ဝဇိရ။၂၆၇။ ကင်္ခါ၊ဋ္ဌ၊သစ်။၁၂၅။)

**မဇ္ဈုပဂတ** (တိ) [မဇ္ဈ+ဥပဂတ] (အိပ်ခြင်း နိုးခြင်း၏) အလယ်သို့ ရောက်သော၊ သူ။ မဇ္ဈုပဂတော မဟာရာဇ ကပိနိဒ္ဒါပရေတော သုပိနံ ပဿတိ။ မိလိန္ဒ။၂၈၉။ မဟာနိ၊ဋ္ဌ။၃၆၅။

**မဇ္ဈေ** (ဗျ) အလယ်။ သမုဒ္ဒဿ မဇ္ဈေ မဇ္ဈေသမုဒ္ဒံ။....ဇဝံ နိပါတပုဗ္ဗကော အဗျယီဘာဝသမာသော ဒဋ္ဌဗ္ဗော။ နီတိ၊သုတ္တ၊နှာ။၁၀၉။ (−ဇာ၊၂။၁၅၉။)

**မဇ္ဈေကလျာဏ** (တိ) [မဇ္ဈ+ကလျာဏ။ နိရုတ္တိ၊ နှာ။၂၃၁။ ရူ၊နှာ။၁၉၉။] အလယ်၌−ကောင်းသော−အပြစ်မရှိသော၊ အလယ်၌ ကောင်းသော ဂုဏ်ရှိသော။ သော ဓမ္မံ ဒေသေတိ အာဒိကလျာဏံ မဇ္ဈေကလျာဏံ ပရိယောသာနကလျာဏံ။ ဝိ၊၁။၁။ ဒီ၊၁။၅၉။ (−မ၊၃။ ၃၂၇။ သံ၊၂။၃၃၈။ အံ၊၁။၁၂၈။) အာဒိကလျာဏ-လည်းကြည့်။

**မဇ္ဈေဂင်္ဂါ** (ထီ) [မဇ္ဈ+ဂင်္ဂါ။ မဇ္ဈသဒ္ဒါနှင့် မဇ္ဈံဂင်္ဂါယဟု သမာသ်တွဲဇပ်ရာတွင် ဇ္ဈံ၌ ဗိန္ဒုကို ေပြု၍ မဇ္ဈေဟု ဖြစ်သည်။ မောဂ်၊၄။၈။ နိရုတ္တိ၊နှာ ၂၂၂။] ဂင်္ဂါမြစ်၏အလယ်။ အထခေါ ဘိက္ခဝေ ဂါဝေါ မဇ္ဈေဂင်္ဂါယ နဒိယာ သောတေ အာမဏ္ဍလိယံ ကရိတွားမ၊၁။၂၈၇။

**မဇ္ဈေဂဗ္ဘ** (တိ) [မဇ္ဈ+ဂဗ္ဘ] အလယ်၌ လေးထောင့်တိုက်ခန်း ရှိသော။ မဇ္ဈေဂဗ္ဘော (ဝိ၊၁။၁၇၂)တိ တဿ စ ဝိဟာရဿ မဇ္ဈေဂဗ္ဘော ဟောတိ....သော ကိရ မဇ္ဈေ စတုရဿံ ပဒ္ဓံ ကတွာ၊ ဝိ၊ဋ္ဌ၊၂။၁၁၉။

**မဇ္ဈေဂါမ** (ပု) [မဇ္ဈ+ဂါမ] ရွာ၏အလယ်။ ေကာ မဇ္ဈေဂါမေ ဗဒ္ဓေါ ဌိတော။ ဝိ၊ဋ္ဌ၊၁။ ၃၁၉၊

**မဇ္ဈေဇနပဒ** (ပု) [မဇ္ဈ+ဇနပဒ] ဇနပုဒ်၏ အလယ်။ သော ဇွေတကေနပိ ဂန္တုံ အဝိသဟန္တော ပုန မဇ္ဈေဇနပဒံ ဟနာပေသိ။ ဇာ၊ဋ္ဌ၊၁။၂၈၀။

**မဇ္ဈေဒီဃ** (ပု) [မဇ္ဈ+ဒီဃ] အလယ်၌ဖြစ်သော ဒီဃ။ ဟလာနမ္ပိ ဝိသေသော ဟလော ဟလာဟလော မဇ္ဈေဒီဃဝသေန။ သီ၊ဋီ၊သစ်၊၁။ ၁၈၇။

**မဇ္ဈေဒုက္ခ** (နု) [မဇ္ဈ+ဒုက္ခ] အလယ်၌ဖြစ်သော ဆင်းရဲ။ မဇ္ဈေဒုက္ခံ ဇရာ။ အဘိ၊ဋ္ဌ၊၂။၁၀၃။ ဝိသုဒ္ဓိ၊၂။၁၃၇။ သာရတ္ထ၊၃။၁၇၅။

**မဇ္ဈေဒေသနာ** (ထီ) [မဇ္ဈ+ဒေသနာ] အလယ် ဖြစ်သော ဒေသနာ။ ဝိပဋ္ဋနာတိ ဝိပဋ္ဋနကိစ္စသာဓိကာ ဒေသနာ မဇ္ဈေဒေသနာ ဟောတိ။ နေတ္တိ၊ဝိ။၇၉။

**မဇ္ဈေနဒီ** (ထီ) [မဇ္ဈ+နဒီ] မြစ်၏အလယ်။ မဇ္ဈေနဒိယာ ရုက္ခပါဒေ ကောဋ္ဌေတွာ ပလာလတိဏမတ္တိကာဟိ အာဝရဏံ ကတော။ အံ၊ဋ္ဌ၊၃။၂၆။ (−ဓမ္မ၊ဋ္ဌ၊၁။၃၄၃။ ဇာ၊ဋ္ဌ၊၅။ ၃။)

**မဇ္ဈေပဒလောပ** (ပု) [မဇ္ဈေပဒ+လောပ] (၁) အလယ်ပုဒ် ကျေခြင်း၊ (တိ) (၂) အလယ်ပုဒ်ကျေခြင်းရှိသော၊ အလယ်ပုဒ် ကျေသော။ (၁) မဇ္ဈေပဒလောပံ ဒီဃဥ္စ ကတွာ နိဒ္ဒေသော။ ဝိမတိ၊၁။၆၈။ (−သီ၊ဋီ၊ သစ်၊၁။၁၁၀။) (တိ) (၂) အောက်ပုဒ်ကြည့်။

**မဇ္ဈေပဒလောပသမာသ** (ပု) [မဇ္ဈေပဒလောပ+သမာသ] အလယ်ပုဒ်ကျေခြင်းရှိသော သမာသ်၊ အလယ်ပုဒ်ကျေသော သမာသ်။ သညာယ အဘာဝေန ဝိမောက္ခော အသညာတိ သညာဝိမောက္ခန္တိ မဇ္ဈေပဒလောပသမာသော ဒဋ္ဌဗ္ဗော။ သာရတ္ထ၊၂။၉၇။ (−ကင်္ခါ၊ဋီ၊သစ်။ ၁၈၈။)

**မဇ္ဈေပဒလောပီ** (တိ) [မဇ္ဈေပဒလောပ+ဤ] အလယ်ပုဒ် ကျေခြင်းရှိသော၊ အလယ်ပုဒ် ကျေသော။ အောက်ပုဒ်ကြည့်။

**မဇ္ဈေပဒလောပီသမာသ** (ပု) [မဇ္ဈေပဒလောပီ+သမာသ] အလယ်ပုဒ်ကျေခြင်းရှိသော သမာသ်၊ အလယ်ပုဒ်ကျေသော သမာသ်။ ဂိဇ္ဈသဒိသကူဋတ္တာ ဂိဇ္ဈကူဋောတိ ဝါ မဇ္ဈေပဒလောပီသမာသော ယထာ "သာကပတ္ထဝေါ"တိ။ သာရတ္ထ၊၂။၁၁၂။ (-၁၁၄။ဝိမတိ၊ ၁။၁၄၉။ မငိ၊၂။၄၇၈)

**မဇ္ဈေပေယျာလနိဒ္ဒိဋ္ဌ** (နု) [မဇ္ဈေပေယျာလ+နိဒ္ဒိဋ္ဌ] အလယ်၌ မြှုပ်ထားသည်ကို ညွှန်ပြခြင်း၊အလယ်ပေယျာလကိုညွှန်ပြခြင်း။ "နေဝ ပါဏံ ဟနတိ န သူရံ ပိဝတိ"တိ ဣဒံ မဇ္ဈေပေယျာလနိဒ္ဒိဋ္ဌံ၊ မိဂပဒဝလဉ္ဇနနယေန ဝါ ဝုတ္တံ။ သီ၊ဋီ၊သစ်၊၂။၃၂၃။

**မဇ္ဈေဘာဝဒီပန** (နု) [မဇ္ဈေဘာဝ+ဒီပန] အလယ်၏အဖြစ်ကိုပြခြင်း။ တတ္ထ မဇ္ဈေဃတ္တာတိ ဧတေန မဇ္ဈေဘာဝဒီပနေန....ဝိသုဒ္ဓိမဂ္ဂေါ။ ဒီ၊ဋီ၊၁။၁၈။

**မဇ္ဈေလောပသမာသ** (ပုံ) [မဇ္ဈေလောပ+သမာသ] အလယ်(ပုဒ်)ကျေခြင်းရှိသော သမာသ်၊ အလယ်ပုဒ်ကျေသော သမာသ်။ "ဿောသိတေနာ"တိအာဒိနာ မဇ္ဈေလောပသမာသံ ဒဿေတိ။ သီ၊ဋီ၊သစ်၊၂။၃၄၀။

**မဇ္ဈေဝိဟာရ** (ပု) [မဇ္ဈ+ဝိဟာရ] ကျောင်း၏ အလယ်။ ယောပိ မဇ္ဈေဝိဟာရေ ရုက္ခံ သာခါပဟိ ပရိဝါရေတွာ ရက္ခတိ။ ဝိ၊ဋ္ဌ၊၄။၂၅၅။ဝိ၊သင်္ဂဟ။ ၄၀၅။

**မဇ္ဈေဝုဒ္ဓိ** (ထီ) [မဇ္ဈ+ဝုဒ္ဓိ] အလယ်ဝုဒ္ဓိ။ ဒါသော စ ပုရိသော စ ဒါသပေါရိသံ။ မဇ္ဈေဝုဒ္ဓိ။ နေတ္တိ၊ဝိ။၅၉။

**မဇ္ဈေသရ** (ပု၊နု) [မဇ္ဈ+သရ](၁) ဘမုဒ္ဒရာ၏ အလယ်။ (၂) အလယ်ဖြစ်သော သံသရာ။ (၁) မဇ္ဈေသရသ္မိံ(ထေရ။၃၆၅။ က-မှု၌မဇ္ဈေသာဂရသ္မိံ ဟု ရှိသည်။)န္တိ မဟာသမုဒ္ဒဿ မဇ္ဈေ ဂင်္ဂါ ဥဒကံ ဝတ္ထုံ ကတွာ နိမ္မတ္တဝိမာနာနိ ကပ္ပဋ္ဌိတိကာနိ ဟောန္တိ။ ထေရ၊ဋ္ဌ၊၂။၄၉၅။ (၂) မဇ္ဈေသရသ္မိံ (စူဠနိ။၁၃၄)န္တိ ပုရိမပစ္ဆိမကောဋိ ပညာဏဘာဝတော မဇ္ဈဘူတေ သံသာရေတိ ဝုတ္တံ ဟောတိ။ စူဠနိ၊ဋ္ဌ။၃၃။

**မဇ္ဈေသိဃာဋက** (နု) [မဇ္ဈ+သိဃာဋက] ခရီးလမ်းဆုံ၏ အလယ်။ သေယျထာပိ မာဃ,ဝ မဇ္ဈေသိဃာဋကေ ပါသာဒေါ။ ဒီ၊၁။၂၀၂။

**မဉ္စ** (ပု) [ မစိ+အ ] ညောင်စောင်း၊ ခင်။ (မသာရက=အခြေ၌ အပေါင်စွပ်အပ်သော ညောင်စောင်း။ ဗုန္ဒိကာဗဒ္ဓ=အခြေနှင့်တစ်စပ်တည်း အပေါင်ရှိသောညောင်စောင်း။ ဓာန်၊ သျှ။ ထုပ်လျှောက်ဖွဲ့သော ညောင်စောင်း။ ပါစိတ်၊ သျှ။ ကုဠီရပါဒက=ပုစွန်ခြေသဏ္ဌာန် အခြေရှိသော ညောင်စောင်း၊ ကောက်သော အခြေရှိသော ညောင်စောင်း၊ အာဟစ္စပါဒက=အပေါင်၌ အခြေစွပ်အပ်သော ညောင်စောင်း။ ဝိ၊၂။၅၈။ ဝိ၊ဋ္ဌ၊၃။၃၉။ ဓာန်။ ၃၁၀။) မဉ္စာ နာမ စတ္တာရော မဉ္စာ။ ဝိ၊၂။၅၈။ (-ဝိ၊ဋ္ဌ၊၃။၄၉။ ဂ,ခ်ီ။၂၀၁။ အဘိ၊ဋ္ဌ၊၂။ ၃၄၉။) မဉ္စတိ ပုဂ္ဂလံ ဓာရေတီတိ မဉ္စော။ ပါစိတ်၊ယော။၂၈။ မဉ္စတိ ပုဂ္ဂလံ ဓာရေတီတိ မဉ္စော၊ မစိ ဓာရဏုစ္ဆာယပူဇနေသု ....... မဉ္စတိ သယနာဒိကိရိယံ ကရောတိ ဧတ္ထာတိ ဝါ မဉ္စော။ ကခ်ီ၊ယော၊ မဟာဋီ၊၃။၃၅၄။

**မဉ္စအဋနိ** (ထီ) [မဉ္စ+အဋနိ] ညောင်စောင်းပေါင်။ မဉ္စပါဒေ မဉ္စအဋနိ ပီဌပါဒေ ပီဌအဋနိ ဝါသိဖရသုအာဒီနံ ဒဏ္ဍာတိ။ ဝိ၊ဋ္ဌ၊၄။ ဂ၃။ ဝိ၊သင်္ဂဟ။၃၈၈။

**မဉ္စက¹** (ပု) [မဉ္စ+က။ ဓာန်၊ဋီ။၃၀၈။] ညောင်စောင်း၊ ခင်။ ပါဒေ ပက္ခာလေတွာ ကုဋိကံ ပဝိသိတွာ မဉ္စကေ နိသီဒိ။ ဝိ၊၁။၄၃။ (-ဒီ၊ ၂။၁၁၃။ မ၊၁။၁၁၇။ သံ၊၁။၁၂၂။)

**မဉ္စက²** (တိ) [မဉ္စ+က] ညောင်စောင်း၌ ခင်းအပ်သော။ မဉ္စကဘိသိ-ကြည့်။

**မဉ္ဇူကဒါန** (န) [မဉ္ဇူက+ဒါန] ညောင်စောင်း အလှူ။ တေန မဉ္ဇူကဒါနေန၊ ပတ္တောမှိ အာသဝက္ခယံ။ အပ၊၂။၁၀၂။

**မဉ္ဇူကပဿ** (ပု) [မဉ္ဇူက+ပဿ] ညောင်စောင်း–နံ့ဘေး–နံ့ပါး။ မဉ္ဇူကပဿေ ဌပိတဗီဇနိံ ဂဗ္ဘေတွာ။ ဓမ္မ၊ဋ္ဌ၊၁။၃၉၃။

**မဉ္ဇူကဘိသိ** (ထီ) [မဉ္ဇူက+ဘိသိ] ညောင်စောင်း၌ ခင်းအပ်သော ဘုံလျှို။ ဘိသိတိ မဉ္ဇူကဘိသိဝါ ပီဌကဘိသိဝါ။ ဝိ၊ဋ္ဌ၊၃။၄၂။ ဝိ၊သင်္ဂဟ။ ၈၇။ မဉ္ဇူကဘိသိတိ မဉ္စေ အတ္ထရိတဗ္ဗော မဉ္ဇူကော၊ သောယေဝ ဘိသီတိ မဉ္ဇူကဘိသိ။ ပါစိတ်၊ယော။၃၀။ (–ဝိနယာလင်္ကာရဋီ၊၁။ ၁၇၇။)

**မဉ္ဇူကသိဝိကာ** (ထီ) [မဉ္ဇူက+သိဝိကာ] ထမ်းစင် အသွင် စီရင်အပ်သော ညောင်စောင်း။ အထ နံ မဉ္ဇူကသိဝိကာယ ကုမ္ဘကာရသာလံ အာဟရိံသု။ သံ၊ဋ္ဌ၊၂။၂၇၇။

**မဉ္ဇူင်္ဂ** (ပု၊န) [မဉ္ဇူ+အင်္ဂ] ညောင်စောင်း၏ အစိတ်အပိုင်း၊ ညောင်စောင်းပေါင်။ မဉ္ဇူင်္ဂေ တွပ္ပနိတ္ထိယံ။ ဓာန်။၃၀၉။ မဉ္ဇူသာ အင်္ဂံ အဝယဝံ မဉ္ဇူင်္ဂံ ။သူစိ။

**မဉ္ဇူဋ္ဌ** (တိ) [မဉ္ဇူ+ဌာ+အ] ညောင်စောင်း၌ တည်သော၊သူ။ အဓိကရဏေ ပဝတ္တတ္တာ 'စ' အဓိကရဏော မဉ္ဇူဋ္ဌေ မဉ္ဇူပစာရော ဝိယ။ ဝဇီရ။၁၉၉။ (–သာရတ္ထ၊၂။၃၅၃။)

**မဉ္ဇူဋ္ဌာန** (န) [မဉ္ဇူ+ဌာန] ညောင်စောင်း တည်ရာ အရပ်၊ ညောင်စောင်း ထားရာ နေရာ။ ကော် ဝါ ဒွေ ဝါ မဉ္ဇူဋ္ဌာနာနိ ဌပေတဗ္ဗာနိ။ ဝိ၊ဋ္ဌ၊၄။၆၆။ ဝိ၊သင်္ဂဟ။၂၈၃။ (–အဘိ၊ဋ္ဌ၊၂။ ၃၂၁။ ဝိမတိ၊၂။၂၄၇။)

**မဉ္ဇူဋ္ဌာနပရိစ္ဆေဒ** (ပု) [မဉ္ဇူဋ္ဌာန+ပရိစ္ဆေဒ] ညောင်စောင်းတည်ရာအရပ်၏အပိုင်းအခြား။ သေယျာဂ္ဂေနာတိ မဉ္ဇူဋ္ဌာနပရိစ္ဆေဒေန။ ဝဇီရ။ ၅၂၆။

**မဉ္ဇူတလ** (န) [မဉ္ဇူ+တလ] ညောင်စောင်း အပြင်၊ ညောင်စောင်းမျက်နှာပြင်။ မဉ္စေ ဝါ ပီဌေ ဝါ ပတ္ထရေ မဉ္စေန မဉ္ဇူတလံ န ဖုသတိ။ ဝိ၊ဋ္ဌ၊၁။၂၈၃။

**မဉ္ဇူတိ** (ကြိ) [မစိ+အ+တိ] ဆောင်တတ်၏။ မဉ္ဇူ–ကြည့်။

**မဉ္ဇူဒါန** (န) [ မဉ္ဇူ+ဒါန ] ညောင်စောင်းအလှူ။ ဒုဂ္ဂတိံ နာဘိဇာနာမိ၊ မဉ္ဇူဒါနဿိဒံ ဖလံ။ အပ၊၁။၃၂၈၊၄၄၅။ အပ၊၂။၁၀၂။

**မဉ္ဇူဒါယက** (ပု) [မဉ္ဇူ+ဒါယက] ညောင်စောင်းကို–ပေး–လှူ–တတ်သူ၊ မဉ္ဇူဒါယကမထေရ်။ အာယသ္မာ မဉ္ဇူဒါယကော ထေရော ဣမာ ဂါထာယော အဘာသိတ္ထ။ အပ၊၁။၃၂၈၊ ၄၄၅။ အပ၊၂။၁၀၂။

**မဉ္ဇူတ္တရ** (န) [မဉ္ဇူ+အတ္တရ] ညောင်စောင်းအထူး။ တိမေ မဉ္ဇူတ္တရာ သိယုံ။ ဓာန်။၃၁၀။ မဉ္ဇူနံ အတ္တရာ ဝိသေသာ မဉ္ဇူတ္တရာ။ သူစိ။

**မဉ္ဇူပညာပနပဒေသ** (ပု) [မဉ္ဇူပညာပန+ပဒေသ] ညောင်စောင်းခင်းရာအရပ်။ မဉ္ဇူနံ ပန မဟန္တခုဒ္ဒကဘာဝေန မဉ္ဇူပညာပနပဒေသဿ မဟန္တာမဟန္တတာ အပ္ပမာဏံ။ ဒီ၊ဋီ၊၂။၁၆။

**မဉ္ဇူပဋိပါဒက** (ပု) [မဉ္ဇူ+ပဋိပါဒက] ညောင်စောင်း၏ ခြေထောက်။ မဉ္ဇူပဋိပါဒကာ ဩတာပေတွာ ပမဇ္ဇိတွာ အတိဟရိတွာ ယထာဌာနေ ဌပေ-တဗ္ဗာ။ ဝိ၊၃။၆၀။ (–ဝိ၊၄။၂၉၅။)

**မဉ္ဇူပါဒ** (ပု) [မဉ္ဇူ+ပါဒ] ညောင်စောင်းခြေထောက်။ မဉ္ဇူပါဒေ နိပ္ပုတိတွာ ဟေဋ္ဌိမဿ ဘိက္ခုနော မတ္ထကေ အဝတ္ထာသိ။ ဝိ၊၂။၆၆။ (–ဝိ၊ဋ္ဌ၊၁။၂၈၃။ ဒီ၊ဋ္ဌ၊၁။၁၄၉။ မ၊ဋ္ဌ၊၃။၁၅၈။ သံ၊ဋ္ဌ၊၂။၃၁၁။)

**မဉ္ဇူပါဒဋ္ဌာန** (န) [မဉ္ဇူပါဒ+ဌာန] ညောင်စောင်း ခြေထောက်တည်ရာအရပ်။ ဇေတဝနေ ဂန္ဓကုဋိယာ စတ္တာရိ မဉ္ဇူပါဒဋ္ဌာနာနိ အဝိဇဟိ-

တာနေဝ ဟောန္တိ။ ဒီ၊ဌ၊၂။၁၇။ ဗုဒ္ဓဝံ၊ဌ။ ၁၅၈။(–ဒီ၊ဋီ၊၂။၁၆။ အံ၊ဋီ၊၃။၁၀၉။)

**မဥ္စပါဒမတ္တက** (န) [မဥ္စပါဒ+မတ္တက] ညောင်စောင်း ခြေထောက်၏ အထက်။ တသ္မာ တတ္ထ မဥ္စပါဒမတ္တကေသုယေဝ ပတ္တဋ္ဌဗ္ဗသာဝမ္ဟကေ နာဂဒန္တေ့သု။ ဝိ၊ဌ၊၁။၂၈၉။

**မဥ္စပီဌကဝါန** (တိ) [မဥ္စပီဌက+ဝါန] ညောင်စောင်း အင်းပျဉ်ကို ဖွဲ့ကြောင်းဖြစ်သော (ကြိမ်အဝတ်ပြား)။ (ဝိ၊ဌ၊၃။၄၄-၌ မဥ္စပီဌကဝါနဟုပါဠိရှိ၏။)ယေန မဥ္စံ ဝါ ပီဌံ ဝါ ဝိနန္တိ တံ မဥ္စပီဌကဝါနံ။ သာ၊ဋီ၊၃။၂၉။ (–ကင်္ခါ၊ဋီ၊သစ်။၃၆၇။)

**မဥ္စပီဌဂေါ်ပန** (န) [မဥ္စပီဌ+ဂေါ်ပန] ညောင်စောင်း အင်းပျဉ်ကို သုတ်သင်ခြင်း။ စေတိယေ သာဝကမှု မုတ္တဝေဒိကာယ ဘေလမက္ခနံ မဥ္စပီဌဂေါ်ပနံ တိ ဣဒမ္ပိ သဗ္ဗံ ကာတဗ္ဗံ။ ဝိ၊သင်္ဂဟ။ ၂၈၅။

**မဥ္စပီဌပရိဘောဂ** (ပု) [မဥ္စပီဌ+ပရိဘောဂ] ညောင်စောင်း အင်းပျဉ်ကို သုံးဆောင်ခြင်း။ သုခသမ္ဘဝတောပိ ဒုက္ကဋာ၊အသီလိနောမဥ္စပီဌပရိဘောဂေါ။ ဝိသုဒ္ဓိ၊၁။၅၄။

**မဥ္စပီဌမဒ္ဒန** (တိ) [ မဥ္စပီဌ+မဒ္ဒန ] ညောင်စောင်းအင်းပျဉ်ကို ဖျက်ဆီးသော၊သူ။ ဘိက္ခူ ဘတ္တာဒကော စ ဟောတိ....မဥ္စပီဌမဒ္ဒနော စ သလာကဂ္ဂါဟီ စ။ အံ၊၂။၁၃၈။ နိသိဒနသယနဝသေန မဥ္စပီဌမဒ္ဒတိတိမဥ္စပီဌမဒ္ဒနော။ အံ၊ဌ၊၃။၄၉။ ပီဌမဒ္ဒန (လံ၊ဋီ၊ ၂၈၆) လည်းကြည့်။

**မဥ္စပီဌရဟိတ** [မဥ္စပီဌ+ရဟိတ] ညောင်စောင်း အင်းပျဉ်မှ ကင်းသော။ တတ္ထ မဥ္စပီဌရဟိတေသု အသမာနာသနိကာပိ တထော နိသိဒိတုံ လဘန္တိ။ ဝိမတိ၊၂။၂၄၄။

**မဥ္စပီဌဝိနိမုတ္တ** (တိ) [ မဥ္စပီဌ + ဝိနိမုတ္တ ] ညောင်စောင်းအင်းပျဉ်မှ လွတ်သော။ မဥ္စပီဌဝိနိမုတ္တံ ယံ အာသနံ တိဏ္ဏံ သုခံ နိသီဒိတုံ ပဟောတိ။ ဝိမတိ၊၂။၂၄၄။

**မဥ္စပီဌသမ္ဗန္ဓ** (တိ) [မဥ္စပီဌ+သမ္ဗန္ဓ] ညောင်စောင်းအင်းပျဉ်နှင့်စပ်သော။ မဥ္စပီဌသေနာသန–ကြည့်။

**မဥ္စပီဌသမ္ဗန္ဓသေနာသန** (န) [ မဥ္စပီဌသမ္ဗန္ဓ+သေနာသန] ညောင်စောင်း အင်းပျဉ်နှင့် စပ်သော ကျောင်း အိပ်ရာ နေရာ။ မဥ္စပီဌသေနာသန–ကြည့်။

**မဥ္စပီဌသမ္ဗန္ဓီ** (တိ) [ မဥ္စပီဌ + သမ္ဗန္ဓီ ] ညောင်စောင်း အင်းပျဉ်နှင့် စပ်ခြင်းရှိသော။ ဘိသိဥပဓာနဥ္စ မဥ္စပီဌသမ္ဗန္ဓိတော မဥ္စပီဌသေနာသနံ။ မဋီ၊၂။၁၆၁။

**မဥ္စပီဌသုခ** (နံ) [မဥ္စပီဌ+သုခ] ညောင်စောင်းအင်းပျဉ်၌ ဖြစ်သောချမ်းသာ၊ ညောင်စောင်းအင်းပျဉ်၌ နေထိုင်ရခြင်းကြောင့် ဖြစ်သော ချမ်းသာ၊ ညောင်စောင်းအင်းပျဉ် ဟူသော အိပ်ရာနေရာကိုစွဲ၍ ဖြစ်သောချမ်းသာ။ သေယျသုခန္တိ မဥ္စပီဌသုခံ။ မဌ၊၁။ ၃၇၃။ အဘိ၊ဌ၊၂။၄၈၆။(မဋီ၊၂။၅၄–သေယျသုခ–အဖွင့်ကြည့်။)

**မဥ္စပီဌသေနာသန** (န) [ မဥ္စပီဌ+သေနာသန ] ညောင်စောင်း အင်းပျဉ်ဟူသော အိပ်ရာနေရာ၊ ညောင်စောင်းအင်းပျဉ်နှင့် စပ်သော အိပ်ရာနေရာ။ မဥ္စော ပီဌံ ဘိသိ ဗိမ္ဗောဟနန္တိ ဣဒံ မဥ္စပီဌသေနာသနံ နာမ။ ဒီ၊ဌ၊၁။၁၈၇။ မဌ၊၂။၁၁၈။ အံ၊ဌ၊၂။၃၈၃။ မဥ္စပီဌသေနာသနန္တိ မဥ္စပီဌဉ္စေဝ မဥ္စပီဌသမ္ဗန္ဓသေနာသနဉ္စ။ ဒီ၊ဋီ၊၁။၂၅၆။ ပသာဒရကာဒီနိ မဥ္စပီဌဘာဝတော, ဘိသိဥပဓာနဥ္စ မဥ္စပီဌသမ္ဗန္ဓတော မဥ္စပီဌသေနာသနံ။ မဥ္စပီဌဘူတဥ္စ သေနာသနံ မဥ္စပီဌသမ္ဗန္ဓဥ္စ သာမညနိဒ္ဒေသေန ကေဒသာ

သေန ဝါ မဇ္ဈပိဋ္ဌသေနာသနန္တိ ဝုစ္စတိ။ သီ၊ဋ္ဌိ၊ သစ်၊၂။၁၂၈။ ( –မ၊ဋ္ဌိ၊၂။၁၆၁။ အံ၊ဋ္ဌိ၊၂။ ၃၇၉။)

**မဇ္ဈပိဋ္ဌာနုပ္ပဒါန** (န) [မဇ္ဈပိဋ္ဌ+အနုပ္ပဒါန] ကျောင်းစောင်းအင်းပျဉ်ပေးခြင်း၊ သယနေနာတိ မဇ္ဈပိဋ္ဌာနုပ္ပဒါနေန။ အံ၊ဋ္ဌ၊၂။၁၀၀။

**မဇ္ဈပ္ပမာဏ** (န) [မဇ္ဈ+ပမာဏ] (၁) ကျောင်းစောင်း–အတိုင်းအရှည်–ပမာဏ။ (တိ)(၂) ကျောင်းစောင်း အတိုင်းအရှည်ရှိသော။ (၁) တာနိ မဇ္ဈပ္ပမာဏေနပိ ဆိန္နာနိ ဟောန္တိ။ ဝိ၊၃။ ၂၈၁။ (–ဝိ၊ဋ္ဌ၊၃။၃၆၉။) (တိ) (၂) သစေပိ မဇ္ဈပ္ပမာဏာ ဘိသိစ္ဆဝိ ဟောတိ။ဝိ၊ဋ္ဌ၊၂။၂၄၅။ (–ဝိ၊ဋ္ဌ၊၄။၈၃။)

**မဇ္ဈဘိသိ** (ထိ) [ မဇ္ဈ + ဘိသိ ] ကျောင်းစောင်း၌ ခင်းအပ်သော–ဘုံလျှို–မွေ့ရာ။ ဘိက္ခူ မဇ္ဈဘိသိံ ပိဋ္ဌေ သန္ထရန္တိ။ ဝိ၊၄။၂၉၆။ ( –ဝိ၊ ဋ္ဌ၊၂။၂၂၇။ ဝိ၊ဋ္ဌ၊၄။၆၁။) မဇ္ဈဘိသိန္တိ မဇ္ဈေ အတ္ထရိတဗ္ဗ ဘိသိ။ ပါစိတ် ယော။၄၇၁။

**မဇ္ဈဝဏ** (န) [မဇ္ဈ+ဝဏ] ကျောင်းစောင်း၌ ဖွဲ့ချည်ထားသော ကြိုးကြိမ်။ သတ္တေန တဿ မဇ္ဈဝဏံ ဟေဋ္ဌာ အဋ္ဋနိယံ တဟံ တဟံ ဆိန္ဒိ။ မ၊ဋ္ဌ၊၁။၁၄၉။

**မဇ္ဈဝိတ္ထာရပ္ပမာဏ** (တိ) [မဇ္ဈဝိတ္ထာရ+ပမာဏ] ကျောင်းစောင်းအနံ အတိုင်းအရှည်ရှိသော။ တံ ဝိတ္ထာရတော ဝိဒတ္ထိ စတုရင်္ဂုလံ ဝဋ္ဋတိ၊ ဒီဃတော မဇ္ဈဝိတ္ထာရပ္ပမာဏံ။ အဘိ၊ဋ္ဌ၊၂။ ၃၄၉။

**မဇ္ဈဝေါဟာရ** (ပု) [မဇ္ဈ + ဝေါဟာရ] ကျောင်းစောင်းဟု ခေါ်ဝေါ်ခြင်း။ မဇ္ဈေသု မဇ္ဈဝေါဟာရော ဝိယ။ သာရတ္ထ၊၂။၃၅၃။

**မဇ္ဈသဒ္ဒေ** (ပု) [မဇ္ဈ+သဒ္ဒေ] ကျောင်းစောင်းအသွင်သဏ္ဌာန်။ မဇ္ဈာဒီသု ယော ကောစိ မဇ္ဈသဒ္ဒေပေန ကတော သဗ္ဗောပိ မဇ္ဈောယေဝ။ ကင်္ခါ။၂၀၁။

**မဇ္ဈသတ** (န) [မဇ္ဈ+သတ]ကျောင်းစောင်းတစ်ရာ။ ရာဇရာဇမဟာမတ္တာဒယော ကေပ္ပဟာရေ-နေဝ မဇ္ဈသတံ ဝါ မဇ္ဈသဟဿံ ဝါ ဒေန္တိ။ ဝိ၊ဋ္ဌ၊၄။၇၉။

**မဇ္ဈသမညာ** (ထိ) [ မဇ္ဈ + သမညာ ] ကျောင်းစောင်းဟူသောအမည်။ မဇ္ဈေသု မဇ္ဈသမညာ ဝိယ မုခဠံ ဝိသံ "မုခ"န္တိ အဓိပ္ပေတံ။ သံ၊ဋ္ဌိ၊၂။၃၂၄။

**မဇ္ဈသမာရုဠ္ဍ** (တိ) [ မဇ္ဈ+သမာရုဠ္ဍ ] ကျောင်းစောင်း၌ တင်ထားအပ်သော၊ သူ။ ပုန စ ပရံ ဘိက္ခဝေ ဗာလံ ပိဋ္ဌသမာရုဠ္ဍံ ဝါ မဇ္ဈသမာရုဠ္ဍံ ဝါ။ မ၊၃။၂၀၃။ နေတ္တိ။၁၅၄။ ( –နေတ္တိ၊ဋ္ဌ။ ၃၃၅။)

**မဇ္ဈသဟဿ** (န) [မဇ္ဈ + သဟဿ ] ကျောင်းစောင်းတစ်ထောင်။ မဇ္ဈသတ-ကြည့်။

**မဇ္ဈသိဝိကာ** (ထိ) [မဇ္ဈ+ သိဝိကာ ] ထမ်းစင်အသွင် စီရင်အပ်သော ကျောင်းစောင်း၊ ကျောင်းစောင်းထမ်းစင်။ တေ တထာဂတံ မဇ္ဈသိဝိကာယ အာဒါယ မဒ္ဒကုစ္ဆိံ နယိံသု။ သံ၊ဋ္ဌ၊၁။၇၄။ (–ဇာ၊ဋ္ဌ၊၄။၄၃၂။) သိဝိကာ-ကာရေန သဇ္ဇိတော မဇ္ဈော ဧဝ မဇ္ဈသိဝိကာ။ သံ၊ဋ္ဌိ၊၁။၁၁၄။

**မဇ္ဈာကာရ** (ပု) [မဇ္ဈ + အာကာရ] ကျောင်းစောင်း အခြင်းအရာ၊ ကျောင်းစောင်းပုံသဏ္ဌာန်။ မိစ္ဆကန္တိ မဇ္ဈာကာရေန ကဋ္ဌမတ္တိ-ကာဒီဟိ ကတခဝဒိကာကာရံ။ ဝိမတိ၊၂။ ၂၃၇

**မဇ္ဈာတိမဇ္ဈ** (ပု) [မဇ္ဈ+အတိမဇ္ဈ] ကျောင်းစောင်း၏ အထက်၌ ဖွဲ့အပ်သော ကျောင်းစောင်း၊ ကျောင်းစောင်း အဆင့်ဆင့်။ (အနိမ့်အမြင့် အဆင့်ဆင့်ထိုးထားသော ပွဲကြည့်စဉ်များကို လည်း ပါဠိ၌ "မဇ္ဈာတိမဇ္ဈ"ဟု သုံးနှုန်းသည်။) မဇ္ဈာတိမဇ္ဈေ ဘုမိယော၊ မဏိမို ပဘာ နိမ္မိတံ။ ဇာ၊၂။၂၈၃။ (–ဝိ၊ဋ္ဌ၊၃။၉၈။ မ၊ဋ္ဌ၊၂။၅၆။

အပ၊ဋ္ဌ၊၁။၁၃၁။ ဇာ၊ဋ္ဌ၊၄။ဂ၂။) မဉ္စာတိ-မဉ္စေတိ မဉ္စာနံ ဥပရိ ဗဒ္ဓမဉ္စေ။ဇာ၊ဋ္ဌ၊၇။၁၇၆။ ဆတ္တာတိဆတ္တ-လည်း ကြည့်။

**မဉ္စာစာရ** (ပု) [မဉ္စ+အာစာရ] ညောင်စောင်းခြေထောက်။ (ဓာန်၊သျ၊ သစ်-၌ ညောင်စောင်းခြေခံဟု-ပြန်သည်။ ) မဉ္စာမာရော ပဋိပါဒေါ၊ မဉ္စင်္ဂေတွင္ဂနိတ္တိယံ။မဉ္စဿ အာဓာရော မဉ္စာဓာရော။ ဓာန်။ ဓာန်၊ဋီ။၃၀၉။သူစိ။

**မဉ္စာပစာရ** (ပု) [ မဉ္စ + ဥပစာရ ] ညောင်စောင်းဟု တင်စား၍ ခေါ်ဝေါ်ခြင်း။ မဉ္စ-ကြည့်။

**မဉ္ဇိဋ္ဌရုက္ခသာရကသာဝံ** — (ဝိမတိ၊၁။၃၀၂) သည် မဉ္ဇိဋ္ဌရုက္ခသာရကသာဝံမှ ပျက်ယွင်းလာသော ပုဒ်ဖြစ်သည်။

**မဉ္ဇိဋ္ဌိက**— (ဇာ၊ဋ္ဌ၊၇။၃၁)သည် မဉ္ဇိဋ္ဌိကမှ ပျက်ယွင်းလာသော ပုဒ်ဖြစ်သည်။

**မဉ္ဇိဋ္ဌရုက္ခသာရ**— (သာရတ္ထ၊၂။၃၇၃)သည် မဉ္ဇိဋ္ဌရုက္ခသာရမှ ပျက်ယွင်းလာသော ပုဒ်ဖြစ်သည်။

**မဉ္ဇိဋ္ဌ**— (ဝိ၊ ဋ္ဌ၊ ၂။ ၂၀၅။ သာရတ္ထ၊ ၂။ ၃၇၃။ ဝိမတိ၊၁။၃၀၂)သည် မဉ္ဇိဋ္ဌမှ ပျက်ယွင်းလာသော ပုဒ်ဖြစ်သည်။

**မဉ္ဇရိကာ** (ထီ) [မဉ္ဇရီ+က+အာ] ပွင့်လုပ်ထားသော ပန်းခိုင်၊ ပန်းတံ။ မဉ္ဇရိကံ ကရောန္တိပိ ကာရာပေန္တိပိ။ ဝိ၊၂။၂၇၄။ (-အပ၊၁။၂၅၇။) မဉ္ဇရိကန္တိ အာဒီသု ပန မဉ္ဇရီ ဝိယ ကတာ ပုပ္ဖဝိကတိ မဉ္ဇရိကာတိ ဝုစ္စတိ။ ဝိ၊ဋ္ဌ၊၂။၂၀၁။ (-အပ၊ဋ္ဌ၊၂။၁၉၀။)

**မဉ္ဇရိတပတ္တ** (တိ) [မဉ္ဇရိတာ+ပတ္တ] (ကောက်နှံ) အခိုင်-မှန်းတံ - အဖြစ်သို့ ရောက်သော။ သမ္ပန္နေ သဿေ ဖလဘာရနမိတေ မဉ္ဇရိတပတ္တေ ကရကဝဿံနာမ ဝဿဇာတိ နိပတိတွာ ဝိနာသေတိ။ မိလိန္ဒ၊၂၉၆။

**မဉ္ဇရိပူဇက** (ပု) [မဉ္ဇရီ + ပူဇက] ပန်းခိုင်-ပန်းတံ-ဖြင့် ပူဇော်သူ၊ မဉ္ဇရိပူဇကထေရ်။ အာယသ္မာ မဉ္ဇရိပူဇကော ထေရော ဣမာ ဂါထာယော အဘာသိတ္ထ။ အပ၊၁။၂၅၈။

**မဉ္ဇရီ** (ထီ) [မဉ္ဇု+ရ +ဤ။ ဓာန်၊ ဋီ။ ၅၅၀။ သူစိ။ ဆဋ္ဌမူ၊ ဓာန်၊ ဋီ-၌ မဉ္ဇုယောဂတော ဟုရှိသည်။ ယင်းအလို- မဉ္ဇု + ရ + ဤ-ဟုခွဲ။ မနှ + အရီ။ ထေ၁၆။ ] ပန်းခိုင်၊ ပန်းကံ၊ ပန်းကုံး၊ ပွင့်တံအခိုင်။ (ထွက်သစ်စဖြစ်၍ ရှည်လျားစွာ ပန်းရှိသော ပွင့်တံ၊ ပန်းမရှိသော ပွင့်တံ နှစ်မျိုးကို "မဉ္ဇရီ"ဟု ခေါ်သည်။ ဓာန်၊ဋီ။၅၅၀။) ကုသဂ္ဂိရတ္တံ အပိဠယှ မဉ္ဇရိံ။ ဇာ၊၂။၁၀၆။ (-ဝိ၊ဋ္ဌ၊၂။၂၀၁။) အပိဠယှ မဉ္ဇရိန္တိ သပလ္လဝံ အဝသာ၀ကကဏ္ဏိ-ကံ ကဏ္ဏေ ပိဠန္ဓိတွာတိ ဝုတ္တံ ဟောတိ။ ဇာ၊ဋ္ဌ၊၅။၄၂၆။ မဉ္ဇရိတိ ပုပ္ဖဂေါစ္ဆံ။ ဝိမတိ၊၁။၃၀၀။(-သာရတ္ထ၊၂။၃၇၀။)

**မဉ္ဇာရ** (ပု) [မဇ+အာရ။ ဓာန်၊ဋီ။၆၁၃။ ထီ-၌ မဉ္ဇာရီ။ မဇ္ဇာရ၊ မဉ္ဇာရပုဒ် အရေးအပြတ်ကို တောင်ပေါက်ဓာန်သျကြည့်။ ] ကြောင်။ ဗိဠာရော ဗဗ္ဗု မဉ္ဇာရော။ ဓာန်။၆၁၅။ မဇ္ဇာရ-လည်းကြည့်။

**မဉ္ဇာရကုစ္ဆိ** (နု) [မဉ္ဇာရ+အကုစ္ဆိ] ကြောင်မျက်စိ။ အောက်ပုဒ်ကြည့်။

**မဉ္ဇာရကုစ္ဆိမတ္တလဝဏ္ဏ** (တိ) [ မဉ္ဇာရကုစ္ဆိမတ္တလ+ ဝဏ္ဏ ] ကြောင်မျက်စိဝန်း အဆင်းသဏ္ဌာန်ရှိသော။တထာဟိဿ "ဝံသဝဏ္ဏော"တိပိ နာမံ ဇာတံ၊ "မဉ္ဇာရကုစ္ဆိမတ္တလဝဏ္ဏော"တိစ ဝုတ္တော၊ တတောယေဝ သော ဣမ ပဒေသေ မဉ္ဇာရ မဏိတိ ပါကဋော ဟောတိ။သီ၊ဋီ၊သစ်၊၂။၁၄၅။

**မဉ္ဇာရမဏိ** (ပု၊နု) [မဉ္ဇာရ+မဏိ] ကြောင်မျက်ရွဲကြောင်ကျောက်။ အထက်ပုဒ်ကြည့်။

**မဉ္ဇိဋ္ဌ** (တိ) [မဉ္ဇိဋ္ဌာ+ဏ။ ရူနှာ။ ၂၂၆။] ထန်းကျင့်–နီပါးဆေး–ဖြင့် ဆိုးအပ်သော (အဝတ်စသည်)။ ကုသုမ္ဘေန ရတ္တံ ကောသုမ္ဘံ၊မဉ္ဇိဋ္ဌံ။ ရူနှာ။၂၂၆။ မဉ္ဇေဋ္ဌ–လည်းကြည့်။

**မဉ္ဇိဋ္ဌက** (နု) [ မဉ္ဇိဋ္ဌာ+က ] (၁) နီပြေပြေ အရောင်အဆင်း၊ မောင်းသော အရောင်အဆင်း။ (တိ) (၂) နီပြေပြေအရောင်အဆင်းရှိသော၊ မောင်းသော အရောင် အဆင်းရှိသော။ (၁) ဩဒါတံ ကာဠကံ မဉ္ဇိဋ္ဌကံ။ အဘိ၊ဓ။၁၆၄။ (–မ၊၁။၄၃။) မနုရတ္တံ သိန္ဒုဝါရကရဝိဒမကုဋ္ဌသမာနံ မဉ္ဇိဋ္ဌကံ။ အဘိ၊ဋ္ဌ၊၁။ ၃၅၄ (–မ၊ဋ္ဌ၊၁။၁၇၁။) (တိ) (၂) မဉ္ဇိဋ္ဌကေ ဝိမာနသ္မိံ ၊ သောဏ္ဏဝါလုကသန္ထတေ။ ဝိမာန။ ၅၆။ (–ဒီ၊၂။၂၆၂။ မ၊၂။၁၇၆။) မဉ္ဇိဋ္ဌကေ ဝိမာနသ္မိန္တိ ရတ္တဖလိကမယေ ဝိမာနေ။ သိန္ဒုဝါရကဏဝိရမကုလသဒိသဝဏ္ဏံ ဟိ "မဉ္ဇိဋ္ဌက" န္တိ ဝုစ္စတိ။ ဝိမာန၊ဋ္ဌ။၁၆၁။

**မဉ္ဇိဋ္ဌကတ္ထ** (ပု) [မဉ္ဇိဋ္ဌက+အတ္ထ] မောင်းသော အဆင်းအကျိုး။ မဉ္ဇိဋ္ဌကတ္ထာယ ဉပသံဟရန္တော ဂဏဝိရပုပ္ဖသဒိသေ မန္ဒရတ္တရင်္ဂေ။ မ၊ဋ္ဌ၊၁။၁၇၁။

**မဉ္ဇိဋ္ဌကဝဂ္ဂ** (ပု) [ မဉ္ဇိဋ္ဌက+ဝဂ္ဂ ] မဉ္ဇိဋ္ဌကပင်္ဂ။ (ဝိမာနဝတ္ထုလာ ၇-ဝဂ်တွင် ၄-ခုမြောက်ဝဂ်၊ ယင်းဝဂ်၌ ဝတ္ထု ၁၂-ပုဒ် ပါဝင်သည်။ဝိမာန။ ၅၆၊၇၂။ ဝိမာန၊ဋ္ဌ။၁၆၀၊၂၀၀။) ဂဂ္ဂတော ပိဋ္ဌဝဂ္ဂေါ စိတ္တလတာဝဂ္ဂေါ ပါရိစ္ဆတ္တကဝဂ္ဂေါ မဉ္ဇိဋ္ဌကဝဂ္ဂေါ မဟာရထဝဂ္ဂေါ။ ဝိမာန၊ဋ္ဌ။၄။ (–၁၆၀၊၂၀၀။)

**မဉ္ဇိဋ္ဌကဝိမာန** (ပု၊နု) [မဉ္ဇိဋ္ဌက+ဝိမာန] မဉ္ဇိဋ္ဌကဗိမာန်၌ နေသော နတ်သမီး၏ အကြောင်းအရာ၊ မဉ္ဇိဋ္ဌကဝိမာနဝတ္ထု။ မဉ္ဇိဋ္ဌကဝဂ္ဂေ မဉ္ဇိဋ္ဌကေ ဝိမာနသ္မိန္တိ မဉ္ဇိဋ္ဌကဝိမာနံ။ ဝိမာန၊ဋ္ဌ။ ၁၆၀။

**မဉ္ဇိဋ္ဌရသ္မိ** (ထီ) [ မဉ္ဇိဋ္ဌ+ရသ္မိ ] မောင်းသော အရောင်။ ဟတ္ထတလပါဒတလာဒီဟိ မန္ဒရတ္တဋ္ဌာနေဟိ မဉ္ဇိဋ္ဌရသ္မိယော နိက္ခမန္တိ။ ပဋိသံ၊ဋ္ဌ၊ ၂။၁၃။

**မဉ္ဇိဋ္ဌရသ္မိအတ္ထ** (ပု) [မဉ္ဇိဋ္ဌရသ္မိ+အတ္ထ] မောင်းသော အရောင်အကျိုး။ မဉ္ဇိဋ္ဌရသ္မိအတ္ထာယ လောဟိတကသိဏံ။ သီ၊ဋီ၊သစ်၊၁။၂၃၇။

**မဉ္ဇိဋ္ဌရုက္ခသာရကသာဝ** (ပု၊နု) [မဉ္ဇိဋ္ဌရုက္ခသာရ+ကသာဝ] ထန်းကျင့်–နီပါးဆေး–ပင်၏ အနှစ်ဖြင့် ပြုအပ်သော ဘိုးရည်။ မဉ္ဇိဋ္ဌိ နာမ မဉ္ဇိဋ္ဌရုက္ခသာရကသာဝံ။ ဝိမတိ၊၁။၃၀၂။

**မဉ္ဇိဋ္ဌဝဏ္ဏ** (တိ) [ မဉ္ဇိဋ္ဌ+ဝဏ္ဏ ] မောင်းသော အဆင်းရှိသော။ (ပိန္နဲနှယ်အဆင်းရှိသော။ သျှ၊၃၃၉။) ရတ္တပီတဝဏ္ဏာနံ သမ္ဘိန္နဋ္ဌာနတော မဉ္ဇိဋ္ဌဝဏ္ဏာ ရသ္မိယော ဥဋ္ဌဟိတွာ အသိတိဟတ္ထံ ဌာနံ အဂ္ဂဟေသုံ။ သာရတ္ထ၊၃။၃၀၉။ မဉ္ဇိဋ္ဌက–လည်းကြည့်။

**မဉ္ဇိဋ္ဌာ** (ထီ) [မဇ+ဋ္ဌ+အာ။ ဓာန်၊ဋီ။၅၈၂။ (မဉ္ဇိဋ္ဌာ–သံ) မဇိ+ဋ္ဌ+အာ။ ထော၊မ။ ဣတ္ထိဓာတက အာပစ္စည်းသက်လျှင် မဉ္ဇိဋ္ဌာ၊ ဤပစ္စည်းသက်လျှင် မဉ္ဇိဋ္ဌီ။ နိရုတ္တိ၊နှာ။၅၉။] (၁) ထန်းကျင့်ပင်၊ နီပါးဆေးပင်။ (တောင်ပေါက်သျှ-၌ တိန်းညက်, မြေးကြီးဟု ပြန်သေး၏။) (၂) ထန်းကျင့်–နီပါးဆေး–ဆိုးရည်။ (၃) ထန်းကျင့်–နီပါးဆေး–ဆိုးရည်အရောင်အဆင်း၊ နီပြေပြေအရောင်အဆင်း၊ မောင်းသောအရောင်အဆင်း၊ မဉ္ဇိဋ္ဌရောင်ခြည်တော်၊ မောင်းသောရောင်ခြည်တော်။ (ယင်းအရောင်အဆင်းကို ထိုထိုအဋ္ဌကထာများ၌ "ရေဉနဲ့ပန်း, ကုလားဇလပ်ပန်း, မညိုးပန်းနီနှင့် နှိုင်းခိုင်းဖွင့်ပြသည်။ အဘိ၊ဋ္ဌ၊၁။၃၅၄။ မ၊ဋ္ဌ၊၁။၁၇၁။ ပဋိသံ၊ဋ္ဌ၊၂။၁၃။ ဝိမာန၊ဋ္ဌ။၁၆၁။) (၁) မဉ္ဇိဋ္ဌာ ဝိကသာ ဘဏ္ဍိ။ ဓာန်။၅၈၂။ (၂) လာခါဝါ ဟလိဒ္ဒီ ဝါ နီလံ ဝါ မဉ္ဇိဋ္ဌံ ဝါ အာဒါယ။ မ၊၁။၁၇၉။ (–သံ၊၁။၃၂၅။ အံ၊၂။၂၀၂။) (၃)

မဉ္ဇိဋ္ဌာနံ ပဘာဿရာနံ။ ပဋိသံ။၁၂၁။ (–ဝိ၊၃။ ၃၄။) မဉ္ဇိဋ္ဌာနန္တိ မန္ဒရတ္တဝဏ္ဏာနံ။ ပဋိသံ၊ဋ္ဌ၊၂။ ၁၃။ မဉ္ဇိဋ္ဌရသ္မိ-နှင့် မဉ္ဇေဋ္ဌာ-လည်းကြည့်။

**မဉ္ဇိဋ္ဌိက** (တိ) [မဉ္ဇိဋ္ဌာ+ဣက။ မဉ္ဇိဋ္ဌ+က။] မောင်းသောအဆင်းရှိသော။ မဉ္ဇိဋ္ဌိကာ မဉ္ဇိဋ္ဌဝဏ္ဏာ ဝေ။ ဝိ၊ဋ္ဌ၊၃။၃၆၇။ ဝိ၊သင်္ဂဟ။၄၅၄။ (–အပ၊ဋ္ဌ၊၁။၁၁၈။ ဇာ၊ဋ္ဌ၊၇။၃၁။)

**မဉ္ဇိဋ္ဌိကဝဒ္ဓိက** (တိ) [မဉ္ဇိဋ္ဌိက+ဝဒ္ဓိက] မောင်းသော–အဆင်းရှိသော–အသည်း–သဲကြိုး–တပ်ထားသော။ မဉ္ဇိဋ္ဌိကဝဒ္ဓိကာ ဥပါဟနာ ယော ဓာရေန္တိ။ ဝိ၊၃။၂၇၃။ နီလဝဒ္ဓိက–လည်းကြည့်။

**မဉ္ဇိဋ္ဌိကာ** (ထီ) [မဉ္ဇိဋ္ဌ+က+အာ] (၁) အနီရောဂါ။ (ထန်းကျင့်အသွေးကဲ့သို့နီသော အဆင်းရှိအောင် ပြုတတ်သော ရောဂါမျိုး ဖြစ်သည်။ ဝိ၊ဋ္ဌ၊၄။သျှ- ၌ ကြက်သွေးစွဲသော ကြံနာမျိုး။ ဝိ၊၄။သျှ- ၌ ပြမိုး-ဟု ပြန်ဆို၏။) (၂) ထန်းကျင့်–နီပါးဆေး–ရည်။ (၁) သေယျထာပိ အာနန္ဒ သမ္ပန္နေ ဥစ္ဆုခေတ္တေ မဉ္ဇိဋ္ဌိကာ နာမ ရောဂဇာတိ နိပတတိ။ ဝိ၊၄။၄၄၇။ အံ၊၃။၁၀၅။ မဉ္ဇိဋ္ဌိကာ နာမ ရောဂဇာတိတိ ဥစ္ဆူနံ အန္တော ရတ္တဘာဝေါ။ ဝိ၊ဋ္ဌ၊၄။၁၂၇။ အံ၊ဋ္ဌ၊၃။၂၁၈။ (၂) မဉ္ဇိဋ္ဌိကာယ ဝါ (ဒီ၊ဋ္ဌ၊၁။၈၂) တိ မဉ္ဇိဋ္ဌိသင်္ခါတဿ ယောဇနဝလ္လိရုက္ခဿ သာရံ ဂဟေတွာ ပက္ကကသာဝံ သန္ဓာယ ဝဒတိ။ သီ၊ဋီ၊သစ်၊၁။၃၆၁။

**မဉ္ဇိဋ္ဌိရုက္ခသာရ** (ပု) [မဉ္ဇိဋ္ဌိရုက္ခ+သာရ] ထန်းကျင့်–နီပါးဆေး –ပင်၏အနှစ်။ မဉ္ဇိဋ္ဌိ–ကြည့်။

**မဉ္ဇိဋ္ဌိ** (ထီ) [မဇ+ဋ္ဌ+ဣ။ မဇိ+ဣဋ္ဌ+ဣ။] (၁) ထန်းကျင့်–နီပါးဆေး–ပင်။ (ပိန္နွယ်၊သျှ။၄၄၁။) (၂) ထန်းကျင့်–နီပါးဆေး –ဆိုးရည်။(၁)(၂) လာခါယ ဝါ မဉ္ဇိဋ္ဌိယာ ဝါ ပီဠုဒကေ ဝါ သလာကဟတ္ထံ တေမေတွာ။ ဝိ၊ဋ္ဌ၊၂။၂၀၅။ (–ဝိ၊ဋ္ဌ၊၃။၄၀၇။ သီ၊ဋီ၊သစ်၊၁။ ၃၆၁။) မဉ္ဇိဋ္ဌိယာ ဝါတိ မဉ္ဇိဋ္ဌိရုက္ခသာရံ ဂဟေတွာ ပက္ကကသာဝံ သန္ဓာယ ဝဒတိ။ သာရတ္ထ၊ ၂။၃၇၃။ (–ဝိမတိ၊၁။၃၀၂။)

**မဉ္ဇီရ** (ပု) [မဇိ+ဤရ။ ဓာန်၊ဋီ။၂၈၈။] ခြေချင်း။ ပါဒင်္ဂဒံတု မဉ္ဇီရေ။ ဓာန်။၂၈၈။

**မဉ္ဇု** (တိ) [မန+ဇု။ မန+ရဉ္စ+ဥ။ မန+ဇု+အ။ ဓာန်၊ ဋီ။ ၁၂၉၊၆၉၂–၆။ မောဂ်၊၇။၄၆။] (၁) သာယာ–နူးညံ့– နှစ်လိုဖွယ်–သော။ (၂) သာယာ – ချောင် – သော စကားသံရှိသော၊ သူ။ (၁) အင်္ဂီသမန္နာဂတော သရောဟောတိ .... မဉ္ဇု စ သဝနီယော စ။ ဒီ၊၂။၁၇၁။ (–အံ၊၂၊၆၁။ အပ၊၂။၁၄၃၊၁၄၄။) မဉ္ဇူတိ မဓုရော မုဒု။ ဒီ၊ဋ္ဌ၊၂။၂၃၃။(–အံ၊ဋ္ဌ၊၃။၂၇။) မဉ္ဇုနာဘိနိကူဇေန္တိ မဓုရေန ပေမနီယေန သရေန။ အပ၊ဋ္ဌ၊၂။၂၄၅။ (၂) မဉ္ဇူ(ဇာ၊၂။၂၅)တိ မဓုရဝစနာ။ ဇာ၊ဋ္ဌ၊ ၅။၁၉၁။

**မဉ္ဇုက** (တိ) [မဉ္ဇု+က] သာယာ–ချောင်– သောစကားသံရှိသော၊သူ။ တဿ ဝေ ဒါနံ ကာ ဟောန္တိ မဉ္ဇုကာ ပဋိဘာနေယျကာ။ ဝိ၊၃။၃၄၇။ (–ဇာ၊၁။၇၈၊၁၄၄။ ဇာ၊၂။ ၃၁၇။ ဒီ၊ဋ္ဌ၊၂။၁၉၂။) မဉ္ဇုကာတိ မဓုရဝစနာ။ ဝိ၊ဋ္ဌ၊၃။၃၈၄။ (–ဇာ၊ဋ္ဌ၊၂။၃၁၆။ ဇာ၊ဋ္ဌ၊၃။ ၂၅၀။ ဇာ၊ဋ္ဌ၊၇။၂၆၃။) မဉ္ဇုကေတိ မဉ္ဇုဘာဏိနေ မဓုရဿရေ။ ဒီ၊ဋီ၊၂။၁၈၈။

**မဉ္ဇုဃောသ** (တိ) [မဉ္ဇု+ဃောသ] သာယာသော အသံရှိသော၊ သူ။ မဉ္ဇုဃောသော (ဒီ၊ဋ္ဌ၊၂။၄၂။ မ၊ဋ္ဌ၊၃။၂၆၂)တိ မဓုရဿရော။ ဒီ၊ဋီ၊၂။၄၁။ မ၊ဋီ၊၃။၁၇၅။

**မဉ္ဇုဘာဏက** (တိ) [မဉ္ဇု+ဘဏ+ဏွု။ ထိ-၌ မဉ္ဇုဘာဏိကာ] သာယာစွာ– ပြောဆို – တွန်ကျူး–တတ်သော၊သာယာသောအသံရှိသော၊သူ။ အပိ ဝိရက ပဿေသိ၊ သကုဏံ

မဉ္ဇုဘာဏကံ။ ဇာ၊၁။၅၄။ ဓမ္မ၊ဋ္ဌ၊၁။၉၃။ (–ဇာ၊ဋ္ဌ၊ ၇။ ၃၁၆။) "မဉ္ဇုဘာဏကန္တိ မဉ္ဇုဘာဏိနံ။ သာ ဟိ ရာဂဝသေန "မဓုရဿရော မေ ပတီ"တိ မညတိ။ ဇာ၊ဋ္ဌ၊ ၂။၁၃၇။ အထာမန္တယိ သုဃရံ၊ သာဠိကံ မဉ္ဇုဘာဏိကံ။ ဇာ၊၂။၂၀၆၊ (–၃၄၀။)

**မဉ္ဇုဘာဏီ** (တိ) [မဉ္ဇု+ဘဏ+ဏီ] သာယာစွာ-ပြောဆို- တွန်ကျူး-တတ်သော၊ သာယာသောအသံရှိသော၊သူ။ အဒ္ဒဿနေန မောဇဿ၊ သိခိနော မဉ္ဇုဘာဏိနော။ ဇာ၊၁။ ၁၁၃။ (–အပ၊၁။၄၃၂။ ဇာ၊ဋ္ဌ၊၂။၁၃၇။ သာရတ္ထ၊၃။၃၃၂။ ဒီ၊ဋီ၊၂။၁၈၈။) မဉ္ဇုဘာဏိနောတိ မဓုရဿရဿ။ ဇာ၊ဋ္ဌ၊၃။၁၃၇။

**မဉ္ဇုရုတ** (တိ) [မဉ္ဇု+ရုတ] သာယာစွာတွန်ကျူးတတ်သော၊ သာယာသောတွန်ကျူးသံရှိသော၊ သူ။ ဧဝံ မဉ္ဇုရုတာ ကရဝီကာ။ မ၊ဋ္ဌ၊၃။၂၆၃။

**မဉ္ဇူသ(သာ)ဂေါပန** (နု) [မဉ္ဇူသာ+ဂေါပန] သေတ္တာ၌ ထည့်၍ လုံခြုံစေခြင်း။ အာ-ရက္ခာတိ ဒွါရပိဒဟနမဉ္ဇူသဂေါပနာဒိ-ဝသေန (မဉ္ဇူသာဂေါပနာဒိဝသေန) သုဋ္ဌု ရက္ခဏံ၊ ဒီ၊ဋ္ဌ၊၂။၉၀။ အဘိ၊ဋ္ဌ၊၂။၄၉၅။

**မဉ္ဇူ (မဉ္ဇူ)သာ** (ထီ) [မန+သ။ မန+သက်။ မန ဉာဏေ၊သော၊ဇ မဇ္ဇော။ ဓာန်၊ဋီ၊၅၂၄။ မနိဿ ဇက်၊ မညတိ သမနုတ္တံ တောယာတိ မဉ္ဇူသာ= ကဏ္ဍပေဠာ။ မောဂ်၊၇။၂၁၅။] တံတင်း၊ သေတ္တာ။ မဉ္ဇူသာ (ဒီ၊ဋ္ဌ၊၁။၄၂) တိ ပေဠာ။ သီ၊ဋီ၊သစ်၊၁။၁၉၆။ မဉ္ဇူသာဒိသု ပက္ခိပိတွာ ဂေါပိတတ္တာ ဂေါပိတံ။ ဝိ၊ဋ္ဌ၊ ၁။၂၆၁။ (–ဝိ၊ဋ္ဌ၊၂။၅၂။ ဝိ၊ဋ္ဌ၊၃။၅၄။ ဝိ၊ဋ္ဌ၊၄။၈၃။ သံ၊ဋ္ဌ၊၃။၁၃၃။ ဇာ၊ဋ္ဌ၊၁။၄၀၄။) မဉ္ဇူသာယန္တိ ပေဠာယံ။ သာ ဟိ သာမိက-ဿ သမနုတ္တံ မညတေ ဉာမာယာတိ မဉ္ဇူ-သာတိ ဝုစ္စတိ။ ပါစိတ်၊ယော၊၄၁။

**မဉ္ဇုဿရ** (တိ) [မဉ္ဇု+သရ] သာယာ-ချို သာ- နူးညံ့- ကောင်းမွန်-သော အသံရှိ သော၊သူ။ ဇာတော ခေါ ပန ဘိက္ခဝေ ဝိပ-ဿိကုမာရော မဉ္ဇုဿရော စ အဟောသိ။ ဒီ၊ ၂။၁၇။ (–အံ၊၁။၂၃။ ဇာ၊၂။၆၀၊၃၄၇။) မဉ္ဇုဿရောတိ အခရဿရော။ ဒီ၊ဋ္ဌ၊၂။၄၇။ မဉ္ဇုဿရာနန္တိ မဓုရဿရာနံ။ အံ၊ဋ္ဌ၊၁။၁၅၂။ မဉ္ဇုဿရောတိသုန္ဒရဿရော။ ဇာ၊ဋ္ဌ၊၅။၃၁၈။ (–ဇာ၊ဋ္ဌ၊၇။၃၁၈။) မဉ္ဇုဿရောတိ သဏှဿ-ရော။ ယော ဟိ သဏှော၊ သော ခရော န ဟောတီတိ အာဟ " အခရဿရော"တိ။ ဒီ၊ဋီ၊ ၂။၄၂။

**မဉ္ဇူသက** (ပု) [မဉ္ဇူသ+က]မဉ္ဇူသကနတ်ပန်း။ ဝါတိ ဂန္ဓော ဒိသာ သဗ္ဗာ၊ ရုက္ခော မဉ္ဇူသ ကော ယထာ။ ဝိမာန၊၅၅။ (–သုတ္တနိ၊ဋ္ဌ၊ ၁။၅၉။ ဝိမာန၊ဋ္ဌ၊၁၅၃။)

**မဉ္ဇူသကမာဠ** (ပု) [မဉ္ဇူသက+မာဠ] မဉ္ဇူသကတန်ဆောင်း။ မဉ္ဇူသကမာဠေ အာ-နန္ဒေန ပုစ္ဆိတကာလေ သင်္ဂီတိယံ။ သုတ္တနိ၊ဋ္ဌ၊၁။၆၀။

**မဉ္ဇူသကရုက္ခ** (ပု) [မဉ္ဇူသက+ရုက္ခ] မဉ္ဇူသက နတ်ပန်းပင်။ အောက်ပုဒ်ကြည့်။

**မဉ္ဇူသကရုက္ခမူလ** (နု) [မဉ္ဇူသကရုက္ခ+မူလ] မဉ္ဇူသကနတ်ပန်းပင်၏ အရင်း။ ဥပေါသထံ ကရောန္တာ စ ဂန္ဓမာဒနေ မဉ္ဇူသကရုက္ခမူလေ ရတနမာဠေ သန္နိပတိတွာ ကရောန္တိ။ သုတ္တနိ၊ ဋ္ဌ၊၁။၄၆။ အပ၊ဋ္ဌ၊၁။၁၅၉။ (–သုတ္တနိ၊ဋ္ဌ၊ ၁။၈၄။)

**မဉ္ဇေဋ္ဌ** (တိ) [မဉ္ဇိဋ္ဌာ+ဏ။ဓာန်၊ဋီ၊၉၅။] ထန်း ကျင့်-နီပါးဆေး-ဆိုးရည် အရောင်အဆင်း၊ နီပြေပြေ အရောင် အဆင်း၊ မောင်းသော အရောင်အဆင်း။ မဉ္ဇေဋ္ဌာ ပဉ္စဝီသတိ၊ ဇာ၊၂။၂၈၄။ ပဝတ္တတိ ဆန္နံ ဝဏ္ဏာနံ နီလာနံ ...မဉ္ဇေဋ္ဌာနံ ပဘဿရာနံ။ ဓမ္မ၊ဋ္ဌ၊၂။၁၃၉။

ပန္နဝီသတိတိ ပဥ္စဝီသတိ မဉ္ဇေဋ္ဌဝဏ္ဏာ ပဘာသ-
ရာ။ ဇာ၊ဋ္ဌ၊၇။၁၇၀။ မဉ္ဇေဋ္ဌာ နာမ ရတ္တဝလ္လိ၊
ယာယ ဟတ္ထိဒန္တာဒိဝိကတိယော ရဇ္ဇာ
ဘဝန္တိ၊ တဗ္ဗဏ္ဏတာယ မဉ္ဇေဋ္ဌော။ ဓာန်၊ဋီ။
၉၅။

မဉ္ဇေဋ္ဌက (တိ) [မဉ္ဇေဋ္ဌ+က] ထန်းကျင့်–နီပါး
ဆေး– အရောင်အဆင်းရှိသော၊ နီပြေပြေ
အရောင် အဆင်း ရှိသော၊ မောင်းသော
အဆင်းရှိသော။ မဉ္ဇေဋ္ဌကံ လောဟိတကံ၊
ပီတကံ ဟရိ ပိဥ္ဇရံ။ အပ၊၁။၂။ (–ခုဒ္ဒ-
သိက္ခာ။၅၆။) မဉ္ဇေဋ္ဌကံ မဉ္ဇိဋ္ဌဝဏ္ဏံ။ အပ၊ဋ္ဌ၊၁။
၁၁၇။ (–ခုဒ္ဒသိက္ခာ၊ဋီ။၅၆။)

မဉ္ဇေဋ္ဌကဝဏ္ဏ (တိ)[မဉ္ဇေဋ္ဌက+ဝဏ္ဏ] ထန်းကျင့်–
နီပါးဆေး–အရောင်အဆင်းရှိသော၊နီပြေပြေ
အရောင်အဆင်းရှိသော၊မောင်းသောအဆင်း
ရှိသော။ မဉ္ဇေဋ္ဌကံ မဉ္ဇေဋ္ဌကဝဏ္ဏမေဝ။ ခုဒ္ဒ-
သိက္ခာ၊ဋီ။၅၆။

မဉ္ဇေဋ္ဌဝဏ္ဏ (တိ) [မဉ္ဇေဋ္ဌ+ဝဏ္ဏ] ထန်းကျင့်–
နီပါးဆေး–အရောင်အဆင်းရှိသော၊နီပြေပြေ
အရောင် အဆင်း ရှိသော၊ မောင်းသော
အဆင်းရှိသော။ ရတ္တပီတဝဏ္ဏာနံ သမ္မိဿဋ္ဌာန-
တော မဉ္ဇေဋ္ဌဝဏ္ဏာ ရသ္မိယော ဥဋ္ဌဟိတွာ
အသီတိဟတ္ထဋ္ဌာနံ အဂ္ဂဟေသုံ။ ဥဒါန၊ဋ္ဌ။
၃၇၁။ (–ဇာ၊ဋ္ဌ၊၇။၁၇၀။)

မဉ္ဇေဋ္ဌာ (ထီ) [မဇ+ဋ္ဌ+အာ။ ဓာန်၊ဋီ။၅၁၂။
မဇိ+ဣဋ္ဌ+အာ။ ထောမ။] (၁) ထန်းကျင့်
ပင်၊ နီပါးဆေးပင်။ (၂) ထန်းကျင့်–
နီပါးဆေး–ဆိုးရည်။ (၁) မူလေ ဟလိဒ္ဒေ
ခန္ဓေ စ၊ မဉ္ဇေဋ္ဌတုဂ်ဟာရကော။ ခုဒ္ဒသိက္ခာ။
၅၉။ (၂) ယထာ အာကာသော န ရဇ္ဇတိ
လာခါယ ဝါ....မဉ္ဇေဋ္ဌာယ ဝါ။ စူဠနိ။၅၉။
မဉ္ဇိဋ္ဌာ–လည်း ကြည့်။

မဉ္ဇေဋ္ဌိက (တိ) [မဉ္ဇေဋ္ဌာ+ဣက] ထန်းကျင့်–
နီပါးဆေး– အရောင်အဆင်းရှိသော၊ နီပြေ
ပြေ အရောင်အဆင်းရှိသော၊ မောင်းသော
အဆင်းရှိသော။ အောက်ပုဒ်ကြည့်။

မဉ္ဇေဋ္ဌိကဝဏ္ဏ (တိ) [မဉ္ဇေဋ္ဌိက+ဝဏ္ဏ] ထန်းကျင့်–
နီပါးဆေး–အဆင်းရှိသော၊ နီပြေပြေ
အရောင်အဆင်းရှိသော၊ မောင်းသောအဆင်း
ရှိသော။ မဉ္ဇေဋ္ဌံ မဉ္ဇေဋ္ဌိကဝဏ္ဏံ။ ခုဒ္ဒသိက္ခာ၊
ဋီ၊သင်၊၂၀၄။ မဉ္ဇေဋ္ဌကနှင့် မဉ္ဇေဋ္ဌကဝဏ္ဏ–
လည်းကြည့်။

မဉ္ဇေဋ္ဌိပုပ္ဖ (တိ) [မဉ္ဇေဋ္ဌိ+ပုပ္ဖ] ထန်းကျင့်–
နီပါးဆေး–ပန်းရှိသော။ မဉ္ဇေဋ္ဌိပုပ္ဖံ ဟရိတ-
စကော်ဋ္ဌကံ ဂဟေတွာ။ အပ၊ဋ္ဌ၊၂။၁၉၀။

မဉ္ဇေဋ္ဌီ (ထီ) [မဇ+ဋ္ဌ+ဤ။ မဇိ+ဣဋ္ဌ+ဤ]
(၁) ထန်းကျင့်– နီပါးဆေး–ပင်။ (၂)
ပဲအသပြာ။ (၁) မဉ္ဇေဋ္ဌီ စ တုဂ်ဟာရကော
ဓာတိ ဒွခန္ဓာ။ ခုဒ္ဒသိက္ခာ၊ဋီ၊သာ၊၅၉။ (၂)
မာသကော နာမ ပေါရာဏကဿ.... ယော
လောကေ "မဉ္ဇေဋ္ဌီ" တိပိ ဝုစ္စတိ။ ကင်္ခါ၊ဋီ၊
သစ်။၂၀၆။

မဉ္ဇေရိကနာဂဘဝန (နပ) [မဉ္ဇေရိက+နာဂဘဝန]
မဉ္ဇေရိက နဂါးဗိမာန်။ ကာဠော နာဂရာဇာ
ပထဝိယံ နိမုဇ္ဇိတွာ ပဥ္စယောဇနသတိကံ
မဉ္ဇေရိကနာဂဘဝနံ ဂန္တွာ။ ဇ၊ဋ္ဌ၊၁။၄။
(–ဗုဒ္ဓဝံ၊ဋ္ဌ။၃၃၇။)

မညတ (နပ) [မန+ယ+တ။ ဒွိ-ဒွိ မယတော–
ရှိသည်။] (တဏှာမာနဒိဋ္ဌိတို့ဖြင့်) မှတ်ထင်–
ကြံဆ–ခြင်း။ မညတ(သံ၊၁။၁၄)န္တိ မညနံ။
တိဝိဓမ္မိ တဏှာဒိဋ္ဌိမာနမညနံ ဇေသာ ဝိတိ-
ဝတ္တော၊ အတိက္ကန္တောတိ အတ္ထော။ သံ၊ဋ္ဌ၊
၁။၅၀။ မမကာရာဒယော မယန္တိ သတ္တသန္တာ
နေ သုတိ ပဝတ္တန္တိ ဧတေနာတိ မညယာ၊
မညနာ။ မယော ဧဝ မညတာတိ အာဟ
"မယတန္တိ မညန" န္တိ။ သံ၊ဋီ၊၁။၉၅။ မညိတ-
သာ သင့်ဖွယ်ရှိသည်။ မညိတ–ကြည့်။

မညတိ (ကြိ) [မန+ယ+တိ။ ရူနော၊၃၁၀။ မန မညနာယံ၊ မညတိ။ နိရုတ္တိနော၊၄၄၄။] (၁) သိ၏။ (၂) မှတ်ထင်၏၊ ကြံဆ၏။ (မငွေ၊၁။ သျ-ပ-တွဲနော-၁၁၅-၌မညတိ ကပ္ပေတိ-ကြံ၏ဟု အနက်ပေးသည်။) (၁) ယဿ ဒါနိ ဘန္တေ ဘဂဝါ ကာလံ မညတိ။ ဝိ၊၃။၂၂၆။ (-ဒီ၊၁။၄၆။ မ၊၃။၁၉၂။ ဓမ္မ။၂၂။ ဇာ၊၁။၁၀၀။ ဇာ၊၂။၄၁။ ဒီငွေ၊၁။၁၃၅။) မညတိတိ ယဿ တေသံ.... ကာလံ ဇာနာတိ။ ဝိငွေ၊၃။၃၆၄။ (-မငွေ၊၄။၁၄၆။ ဓမ္မငွေ၊၁။၂၉၉။ ဇာငွေ၊၃။ ၄၆၄။ ဇာငွေ၊၅။၁၂၁၊ ၂၃၆။ သီဋီ၊သစ်၊၂။၂၂။ မဋီ၊၃။၃၄၉။) မညသိ- ဒီ၊၁။၄၆၊ ဒီငွေ၊၁။ ၁၃၅။ မညထ- ဝိ၊၃။၃၂၃။ ဒီ၊၂။၁၃၀။ မညေ- (မိဝိဘတ်ကို ပြေ။)ဇာ၊၁။၁၀။ ဇာ၊ ငွေ၊၁။၂၄၂။ မညေယျ- သံ၊၂။၉၉။ မညိံ- မငွေ၊၄။၁၄၆။ သာရတ္ထ၊၃။၃၅၀။ မဋီ၊၃။၃၄၉။ မညိံသု-ဇာ၊၂။၄၁။ ဇာငွေ၊၅။၂၃၆။ မဋီ၊၃။ ၃၅။ မညိတ္ထ-(အာကို ထပြု။)ဝိငွေ၊၃။၄၃၃။ သာရတ္ထ၊၃။၃၅၀။ အမညရုံ- (အာဝိဘတ်ကို ရုံပြု။) ဝိ၊၃။၄၃၆။ မ၊၃။၁၉၂။ ဇာ၊၁။၁၀၀။ ဝိငွေ၊၃။၄၃၃။ မငွေ၊၄။၁၄၆။ ဇာငွေ၊၃။၄၆၄-၅။ မဋီ၊၃။၃၄၉။ ပါစိတ်၊ ယော။ ၄၀၁။ (၂) မနုဿမံသံ မညေခါဒတိ။ ဝိ၊၂။၁၂၁။(-မ၊၃။ ၁၉၂။ အံ၊၂။၃၃၀။ ဇာ၊၁။၆၉၊၁၀၀။) မနုဿ-မံသံမညေ ခါဒတိတိ မနုဿမံသံ ခါဒတိတိ နံ သလ္လက္ခေမ။ ဝိငွေ၊၃။၁၀၀။ (-မငွေ၊၄။၁၄၆။ အံငွေ၊၃။၁၂၃၊၁၂၄။ ဇာငွေ၊၂။၂၄၅။ ဇာငွေ၊၃။ ၄၆၄။ မဋီ၊၁။၆၉။) သလ္လက္ခေမာတိ ဇာနိနာ မညေတိ တွေ မနမာတု သလ္လက္ခနတွော၊ မကာရခဿကာရော ဒဿေတိ။ ပါစိတ်၊ ယော။ဂ၆။ မညန္တိ-ဝိ၊၃။၄၂။ ဒီ၊၂။၆၃။ မ၊၁။ ၁၃၃။ မညရေ-(အန္တိဝိဘတ်ကို ရေပြု။) အံ၊ ၁။၃၈၃။ အံငွေ၊၂။၃၁၅။ မညသိ-အံ၊၂။၃၃၀။ မညထံ- ဝိ၊၁။၂၇၁။မ၊၁၊၁၂၃။ သံ၊၂။၃၁၅။ မညာမိ- ဒီ၊၂။၂၂၆။ သံ၊၁။၁၈၃။ သုတ္တနိ။ ၄၃၆။ မညေ- (မိဝိဘတ်ကို ေပြု။)ဒီ၊၁။၈၆။ သံ၊၁။၁၅၀။ ပေတ၊၁၅၅။ ဒီငွေ၊၁။၂၂၉။ သံ၊ ငွေ၊၁။၁၉၆။ ပေတငွေ။၁၁၂။ မညေ- (မ-ဝိဘတ်ကို ေပြု။) ဝိ၊၂။၁၂၀။ ဝိငွေ၊၃။၁၀၀။ ပါစိတ်၊ယော။၈၆။ မညတေ- ဇာ၊၁။၅၁၈၃။ ဇာ၊၂။၁၈၃။ ဇာငွေ၊၂။၁၆၃၊၃၅၀။ ဇာငွေ၊ ၆။၁၁၅။ မညတု- သံ၊၁။၂၂၃။ နေတ္တိ။၁၄၉။ ဇာ၊၁။၂၈၆။ စရိယာ၊ငွေ၊၁၉၈။ မညန္တု- ဓမ္မ။ ၂၄။ ဓမ္မငွေ၊၁။၃၂၉။ မညာမသေ- အပ၊၂။ ၂၂၄။ ထေရီ၊ငွေ၊၁၃၅။

မညေယျ-ဝိ၊၄။၃၆၆။ ဒီ၊၁။၄၉။ မညေ-ယျုံ-သံ၊၃။၁၆၅။ အံ၊၁။၂၂၃။ ဝိငွေ၊၃။ ၁၄၅။ မညေယျာသိ-ဝိ၊၃။၃၃၃။ မ၊၂။၄၂။ အံ၊၃။၃၀။ မညေယျာထ-မ၊၃။၂၇။ မညေ-ထ-သုတ္တနိ။၄၀၇။ မဟာနိ။၁၂၂။ သုတ္တနိငွေ၊ ၂။၂၅၂။ မဟာနိငွေ။၂၄၃။ မညေယျုံ-ပေတ၊ ငွေ။၃၈။ မညေ- (ေယျုံဝိဘတ်ကို ေပြု။) သံ၊၁။၂၃၃။ နေတ္တိ။၁၄၉။ ပေတ၊ငွေ။၃၈။ မညိဝေါ-ဇာ၊၁။၁၅၃။ မညထ- (အာဝိဘတ်ကို ထပြု။) ဝိ၊၃။၄၉၆။ မ၊၁။၁၉၂။ ဇာ၊ ၁။၁၀၊၂၃၈။ ဝိငွေ၊၃။၄၃၃။ ဇာငွေ၊၃။၄၆၄။ ဇာငွေ၊၄။၁၃၇။ အမညထ-ဇာ၊၁။၃၈၃။ ဇာ၊ ငွေ၊၆၊၉၄-၅၊ နိရုတ္တိနော၊၃၇၂။ အမညိံ- ဒီ၊၃၊၂၀၊၂၁။ မညိံသု-ဝိငွေ၊၃။၇။ သံ၊ ငွေ၊၂။၂၅၈။ မညိ- (ဩဝိဘတ်ကို ဣပြု။) အံ၊၃။၁၉၁။ ဇာ၊၁။၉၁၊၁၅၄။ (ဇာငွေ၊၂။ ၄၀၆-၌ သညာနိဟု ဖွင့်သည်။)မညိတ္ထော- (ဩဝိဘတ်ကို တ္ထောပြု။) မ၊၁။၄၁၃။ မငွေ၊ ၂။၃၀၄။ နိရုတ္တိ။၅၉၁။ အမညိတ္ထော-(ဩ-ဝိဘတ်ကို တ္ထောပြု။) ထေရ။၂၇၀။ ထေရ၊ ငွေ၊၂။၁၁။ မညိတ္ထ-သုတ္တနိငွေ၊၁။၁၆၇။ ဇာ၊ ငွေ၊၂။၁၃၂။ ဇာငွေ၊၄။၃၈၂။ မညိံ-ထေရီ၊ ငွေ။၈၀။ ပေတငွေ။၃၆။ အမညိံ-ဒီ၊၃။၂၀-၁။ ထေရီငွေ။၈၀။ မညိတ္ထ- (အာဝိဘတ်ကို တ္ထပြု။) ဝိငွေ၊၁။၁၄၄။ ဝိငွေ၊၃။၄၃၃။ ဇာငွေ၊ ၃။၄၆၄။ ဇာငွေ၊၄။၁၃၇။ သာရတ္ထ၊၃။၃၅၀။ ပါစိတ်၊ယော။၄၀၁။ အမညိတ္ထ-(အာဝိဘတ်

ကို ထွပြု။) ဒီ၊၄၊၃။၁၃။ ဇာ၊၄၊၆၊၇၁၊၉၅။ မညိဿတိ—မ၊၂၊၂၁။ အံ၊၁၊၅၀၂။ အံ၊၄၊၂။၃၆၂။ မညိဿန္တိ—ဝိ၊၂။၅၃။ ဒီ၊၂။၆၅။ အံ၊၂။၉၄။ မညိဿသိ—ဒီ၊၃။၇၄။ ဝိ၊၄၊၂။၂၆၅။ မ၊၄၊၁။၃၇၀။ မညိဿာမ— သံ၊၁။ ၄၅၇။ မညိံသု—ဒီ၊၄၊၄။၁၁၀။ မူ၊နှ၁။၂၈၁။ အမညိံသု—မ၊၂။၄၂။ မ၊၄၊၃၊၆၃။ မညိံသု—(ဆန်းကြောင့် သ-တစ်လုံးကျေ။) ထေရ။ ၂၇၇။ ထေရ၊၄၊၂။၅၃၊၅၄။

**မညတု** (ကြိ) [မန+ယ+တု] မှတ်ထင်လော့။ မညတိ (၂) ကြည့်။

**မညတေ** (ကြိ) [ မန+ယ+တေ ] မှတ်ထင်၏။ မညတိ (၂)ကြည့်။

**မညထ¹** (ကြိ) [မန+ယ+ထ] (၁) သိကုန်၏။ မညတိ (၁) ကြည့်။ (၂) မှတ်ထင်ကုန်၏။ မညတိ (၂) ကြည့်။

**မညထ²** (ကြိ) [မန+ယ+ဏှ။ အာ-ကို ထ-ပြု။] မှတ်ထင်ပြီ။ မညတိ (၂) ကြည့်။

**မညန** (ထီ၊န) [မန+ယ+ယု] မှတ်ထင်ခြင်း၊ ကြံဆခြင်း၊ မှတ်ထင်ကြောင်း၊ ကြံဆကြောင်း။ မညနာ ဣတိပိ ငန္တော ဣတိပိ။ နေတ္တိ။၂၁။ (—အဘိ၊၈။၂၂၅။ မဟာနိ။၆၁။ ဒီ၊၄၊၂။၃၁၁။ မ၊၄၊၁။၂၇။)မမန္တိမညနံဝသေန မညနာ။ နေတ္တိ၊၄၊၈၆။ မညနဝသေန-တိ ပရိကပ္ပနဝသေန။ ဒီ၊ဋီ၊၂။၂၆၆။ မညန္တိ "တေ မမာ"တိအာဒိနာ ပရိကပ္ပေန္တိ တော-ဟီတိ မညနာ။ မ၊ဋီ၊၁။၆၉။ ဘာတ္တာ ဥပါဒိ-အာရမ္မဏာနိ မညန္တိ တော၊ဟာတိ မညနာ။ နေတ္တိ၊ဝိ။၁၂၄။

**မညနတ္ထ** (ပု) [မညနာ+အတ္ထ] (၁) မှတ်ထင်ခြင်းအနက်။ (တိ) (၂) မှတ်ထင်ခြင်းအနက်ရှိသော။ (၁) နာမာတိ.ပုဗ္ဗနတ္ထေ မညနတ္ထေ စ နိပါတော။ ဝိ၊၄၊၁။၁၇၅။ (—မ၊၄၊၃။ ၂၀၆။) (တိ) (၂) ဣဒါနိ နာမသဒ္ဒော မညနတ္ထော ဒဿေန္တော အာဟ "ပ.တာ အင္ဂ မညေ"တိအာဒိ။ သ၊ဋီ၊၂။၈။

**မညနပ္ပဝတ္တိ** (ထီ) [မညနာ+ပဝတ္တိ] မှတ်ထင်ခြင်း၏ ဖြစ်ခြင်း။ တေန အပရာပရံ တဿ မညနပ္ပဝတ္တိ ဒဿေတိ။ ဒီ၊ဋီ၊၃။၁၀။

**မညနမာန** (ပု) [မညနာ+မာန] မှတ်ထင်ခြင်း၏ အစွမ်းအားဖြင့် ဖြစ်သော မာန။ အတိမာန-ဿာတိ အတိက္ကမိတ္ဝာ မညနမာနဿ။ အံ၊ဋ္ဌ၊၂။၆၇။ (အတိမာန-မဟာဝိ၊ ဋ္ဌ။ ၁၈၀ ကြည့်။)

**မညနလက္ခဏ** (တိ) [မညနာ+ လက္ခဏ] မှတ်ထင်ခြင်း လက္ခဏာရှိသော။ အတိက္ကမိတ္ဝာ မညနလက္ခဏော အတိမာနော စ။ ဒီ၊ဋ္ဌ၊ ၂။၂၅၉။ (—ဒီ၊ဋ္ဌ၊၃။၂၃။ မမ္ဘ၊ဋ္ဌ၊၂။၇၅။ ဣတိဝုတ်၊ဋ္ဌ။၅၂။)

**မညနာ** (ထီ) [ မန+ယ+ယု+အာ ] မှတ်ထင်ခြင်း၊ ကြံဆခြင်း၊ အထင်ကြီးခြင်း။ (မညနာ ဆိုသည်ကား အထင်ကြီးခြင်းတည်း၊ ဟုတ်မှန်သည်ထက် ပို၍ ထင်ခြင်းတည်း၊ အဝိဇ္ဇာ အတွက်ကြောင့် ဝိပလ္လာသတရားဖြစ်ပွား၏၊ ဝိပလ္လာသတရားအတွက်ကြောင့် အထင်ကြီးခြင်း ဖြစ်ပွား၏။

ထိုမညနာသည်—(၁) တဏှာမညနာ တစ်ပါး။ (၂) မာနမညနာ တစ်ပါး။ (၃) ဒိဋ္ဌိမညနာ တစ်ပါးဟူ၍ သုံးပါးရှိ၏။ ထိုသုံးပါးတို့တွင်— (၁) တဏှာမညနာဆိုသည်ကား ငါ၏ပိုင်ရာဆိုင်ရာ မဟုတ်သည်၌ ငါ၏ ပိုင်ဆိုင်ရာဟုတ်၏ဟု ခင်တွယ်မှုနှင့်အထင်ကြီးခြင်းတည်း၊ အမှန်အားဖြင့် ငါဟူ၍ပင် မရှိ ငါဟူ၍ မရှိလျှင် ငါ၏ ပိုင်ရာဆိုင်ရာဟူ၍ မရှိ၊ ထိုသို့ မရှိပါဘဲလျက် အဇ္ဈတ္တဝတ္ထုတို့၌လည်းကောင်း, ဗဟိဒ္ဓဝတ္ထုတို့၌လည်းကောင်း "ဤသည်ကား ငါ၏ ပိုင်ရာတည်း၊ ဤသည်ကား

ငါ၏ပိုင်ရာမဟုတ်၊ ဤသည်ကား ငါ၏ဆိုင်ရာတည်း၊ ဤသည်ကား ငါ၏ ဆိုင်ရာမဟုတ်" ဟူ၍ ငါ၏ ပိုင်ရာဆိုင်ရာအနေနှင့် စိတ်ထဲတွင် ကွက်ခြားမှုကြီး အထင်အစွဲ ရှိနေခြင်းသည် တဏှာမညနာမည်၏။

အဇ္ဈတ္တဝတ္ထုဆိုသည်ကား မိမိ၏ ကိုယ်ခန္ဓာ, မိမိ၏ ဦးခေါင်း, ခြေ, လက်, မိမိ၏စက္ခု, သောတစသည်တို့ပေတည်း၊ ဗဟိဒ္ဓဝတ္ထုဆိုသည်ကား မိမိ၏ အမိ, အဘ, ဆွေမျိုးစသည် မိမိ၏ နွား, ကျွဲ, ဆင်, မြင်း စသည် မိမိ၏ အိမ်ရာ, ဝင်းခြံ, လယ်,ဥယျာဉ်, သစ်ပင်, ချုံ, နွယ်, မိမိ၏ ဝတ်စားတန်ဆာ, ရတနာ, ရွှေ, ငွေ စသည်တည်း။ (၂) မာနမညနာဆိုသည်ကား အဇ္ဈတ္တဝတ္ထုတို့ကို 'ငါ ငါ' ဟူ၍ စိတ်ထဲတွင် အထင်ကြီးနေမှုတည်း၊ ထို ငါ ဟူသော အထင်ကြီးမှုသည် အဇ္ဈတ္တဝတ္ထု, ဗဟိဒ္ဓဝတ္ထုတို့က အားပေး အားမြှောက် အထောက်အကူရှိခဲ့သော် လွန်စွာ မောက်မာ မော်ကြွား ထောင်လွှားတက်ကြွတတ်၏။

အဇ္ဈတ္တဝတ္ထုဆိုသည်ကား မျက်စိအား, နားအား, လက်အား, ခြေအား, သီလအား, သုတအား, ပညာအား, တန်ခိုးအား စသည်တည်း။

ဗဟိဒ္ဓဝတ္ထုဆိုသည်ကား ဆွေအား, မျိုးအား, ရပ်အား, ရွာအား, ဥစ္စာဓနအား, လက်နက်အား စသည်တည်း၊ မျက်စိကောင်းလျှင် မျက်စိအတွက် ငါအားတက်၏၊ မျက်စိကန်းသူမှာ ထိုအားယုတ်လျော့၏၊ ဤသို့ စသည်ဖြင့် မျော်လေ။ (၃) ဒိဋ္ဌိမညနာဆိုသည်ကား အဇ္ဈတ္တဝတ္ထုတို့ကို "ငါ၏အမာခံ" အထည်ခံ,အနှစ်အသားအတ္တသာရပေတည်း' ဟူ၍ စိတ်ထဲအထင်ကြီးမှုပေတည်း၊ မြေအိုးမြေခွက်ဆိုလျှင် မြေသည် ထိုအိုး ထိုခွက်မှာ အမာခံ အထည်ခံဖြစ်၏၊ထိုမြေကိုပင် အိုးခွက် ခေါ် ဆိုကြ၏၊ သံအိုး သံခွက်ဆိုလျှင် သံသည် ထိုအိုး ထိုခွက်မှာ အမာခံအထည်ခံ ဖြစ်၏၊ ထိုသံကိုပင် အိုးခွက် ခေါ်ဆိုကြ၏။

ဤ ဥပမာကဲ့သို့ အဇ္ဈတ္တဝတ္ထုဖြစ်သော ပထဝီဓာတ်ကို သတ္တဝါ၏ အမာခံ အထည်ခံပြု၍ ငါ၏ အမာခံအထည်ခံပြုသော ထိုပထဝီဓာတ်ကိုပင် သတ္တဝါဟူ၍ အထင်ကြီးမှုသည် ဖြစ်၏၊ အာပေါဓာတ်, တေဇောဓာတ် စသည်တို့လည်း ထို့အတူတည်း။ မငွ၊၁။၂၇-၃၀။

ဤ မညနာတရား သုံးပါးကိုပင် အနိုင်အမြဲ စွဲလမ်းခြင်းအနက်ကြောင့် ဂါဟတရားသုံးပါးလည်း ခေါ်၏၊ အကျယ် အကျယ် မငြိမ်းဖွယ်သော အမှုလွဲ အမှုမှားတို့ကို အဆင့်ဆင့် အဆက်ဆက် ပွားများစေတတ်သောအနက်ကြောင့် ပပဉ္စတရားသုံးပါးလည်း ခေါ်၏။ လယ်တီဒီပနီပေါင်းချုပ်၊ ပ-တွဲ၊ နှာ။၅-၆။) တီဟိ မညနာဟိ အဟံ ပထဝီတိ မညတိ။.... အဇ္ဈတ္တိကံ ပထဝိံ ကဏှာမညနာယ မညတိ၊ မာနမညနာယ မညတိ၊ ဒိဋ္ဌိမညနာယ မညတိ။ မငွ၊၁။၂၇။

မညနာကာရ (ပု) [မညနာ+အာကာရ] မှတ်ထင်သော အခြင်းအရာ။ မာနဝသေနာဘိ တေန တေန မညနာကာရေန။ သံဋီ၊၁။၃၀၁။ (-မဋီ၊၁။၇၂။)

မညနာကိစ္စ (န) [မညနာ+ကိစ္စ] မှတ်ထင်ခြင်းကိစ္စ။ ယဒိပိ တတ္ထ မညနာကိစ္စံ အတ္ထိ။ န ပန ဝိဘူတံ အပါကဋဘာဝတော သညာကိစ္စမေဝ ဝိဘူတံ။ မဋီ၊၁။၆၈။

မညနာတ္တယ (န) [မညနာ+တယ] မညနာသုံးပါး။ တီဟိ မညနာဟီတိ ဝုတ္တံ မညနာတ္တယံ သပရသန္တာနေသု သခေ်ပတော ယောဇေတွာ။ မဋီ၊၁။၇၁။ မညနာ-ကြည့်။

**မညနာဒူသိတ** (တိ) [မညနာ+ဒူသိတ] မညနာတရားသည် ဖျက်ဆီးအပ်သော။ မညနာဒူသိတတ္တာ ဟိ သတ္တာနံ ဧတ္တကာ ခေါ ဒုက္ခတာ မူလာယတ္တော။ မ၊ဋီ၊၃။၄၀၃။

**မညနာနိဝါရဏ** (နပ်) [မညနာ+နိဝါရဏ] မှတ်ထင်မှု– အထင်လွဲမှု– ကို တားမြစ်ခြင်း။ တေသံ မညနာနိဝါရဏတ္ထံ "ဧကေနပိ စေ ဦနော"တိအာဒိ ဝုတ္တံ။ ကင်္ခါ၊ဋီ။၅၉။

**မညနာနုကူလ** (တိ) [မညနာ+အနုကူလ] မှတ်ထင်မှု– မညနာတရား–အား လျော်သော။ တံ ပန မညနာနုကူလံ မညနာသဟိတံ စာတိ အာဟ "သညာဝိပလ္လာသေန သညာနာတိ"–တိ။ မ၊ဋီ၊၁။၆၈။ မညနာ–ကြည့်။

**မညနာပဋိက္ခေပ** (ပုံ) [မညနာ+ပဋိက္ခေပ] မှတ်ထင်ခြင်း– မညနာတရား–ကို ပယ်မြစ်ခြင်း။ တပ္ပဋိပက္ခတော မညနာပဋိက္ခေပပရိညာ-ဂဟဏာဒီဟိ စ ကုသလမူလာနိ သိဒ္ဓါနိယေဝ ဟောန္တိ။ မ၊ဋီ၊၁။၁၃၈။

**မညနာပဋိသေဓက** (တိ) [မညနာ+ပဋိသေဓက] မှတ်ထင်မှု–မညနာတရား–ကိုတားမြစ်တတ်သော။ ယသ္မာ ဟိ....မညနာပဋိသေဓကော နေဝ အာဂမော။ မ၊ဋ္ဌ၊၁။၂၁။

**မညနာပဋိသေဓနသမတ္ထ** (တိ) [မညနာ+ပဋိသေဓနသမတ္ထ] မှတ်ထင်မှု–မညနာတရား–ကို တားမြစ်ခြင်းငှာ စွမ်းနိုင်သော။ ယသ္မာ ခန္ဓာဒယော ဒိဋ္ဌိကောသလ္လေနပိ မညနာပဋိသေဓနသမတ္ထံ ဗာဟုသစ္စံ ဟောတိ။ မ၊ဋီ၊၁။၆၁။

**မညနာပဝတ္တိ** (ထီ) [မညနာ+ပဝတ္တိ] မှတ်ထင်မှု–မညနာတရား–၏ ဖြစ်ခြင်း။ ဥဒယဗ္ဗယာနုပဿနာဒီသု ဝိယ သုခုမနယေနပိ မညနာပဝတ္တိ အတ္ထိ။ မ၊ဋီ၊၁။၆၉။

**မညနာမူလက** (တိ) [မညနာ+မူလ+က] မညနာတရား၏အကြောင်းရင်းဖြစ်သော။ အပိ စ ယသ္မာ မညနာမူလကံ သက္ကာယံ၊ သဗ္ဗမညနා စ တတ္ထေဝ အနေကဘေဒဘိန္နာ ပဝတ္တတိ။ မ၊ဋီ၊၁။၁၂၇။

**မညနာယောဇနာ** (ထီ) [မညနာ+ယောဇနာ] မညတိကြိယာနှင့် ယှဉ်ခြင်း။ ယောဇနာတိ မညနာယောဇနာ။ မ၊ဋီ၊၁။၈၇။

**မညနာဝတ္ထု** (နပ်) [မညနာ+ဝတ္ထု] မှတ်ထင်မှု–မညနာတရား–၏–တည်ရာ–အကြောင်းရင်း–အာရုံ။ ပရိညာတံ ဧဿာတိ တဿ အရဟတော တံ မညနာ ဝတ္ထု တီဟိ ပရိညာဟိ ပရိညာတံ။ မ၊ဋ္ဌ၊၁။၄၅။ (–မ၊ဋီ၊၁။၅၇၊၇၁။ သံ၊ဋီ၊၂။၂၉၀။)

**မညနာဝတ္ထုဒဿန** (နပ်) [မညနာဝတ္ထု+ဒဿန] မှတ်ထင်မှု – မညနာတရား – ၏ – တည်ရာ– အကြောင်းရင်း–အာရုံ–ကို ပြခြင်း။ ရူပမုခေန မညနာဝတ္ထုဒဿနံ သခေပေါ။ မ၊ဋီ၊၁။၈၆။

**မညနာဝတ္ထုဝိဘာဂ** (ပုံ) [မညနာဝတ္ထု+ဝိဘာဂ] မှတ်ထင်မှု –မညနာတရား– ၏–တည်ရာ – အကြောင်း – အာရုံ – ကို ဝေဖန်ခြင်း။ "ပထဝိံ မညတီ"တိအာဒီသု မညနာဝတ္ထုဝိဘာဂေါ ပါဠိယာ အာဂတောဝ။ မ၊ဋီ၊၁။၁၃၀။

**မညနာဝိဘာဂ** (ပုံ) [မညနာ + ဝိဘာဂ] မှတ်ထင်မှု – မညနာတရား– ကို ဝေဖန်ခြင်း။ သေသပဒဒွယေပိ ဣမိနာ နယေန မညနာဝိဘာဂေါ ဝေဒိတဗ္ဗော။ မ၊ဋီ၊၁။၇၁။

**မညနာဝိဘာဂဒဿန** (နပ်) [မညနာဝိဘာဂ+ဒဿန] မှတ်ထင်မှု–မညနာတရား–ဝေဖန်ခြင်းကို ပြခြင်း။ အတ္တဝိဘာဝနဋ္ဌေ ဟတ္တ တတ္တ မညနာဝိဘာဂဒဿနဋ္ဌ ပထဝိယံ ဝုတ္တာ-သဒိသမေဝါတိ။ မ၊ဋီ၊၁။၇၇။

**မညနာဝိဝိ** (ပု) [မညနာ+ဝိဝိ] မှတ်ထင်မှု–မညနာ–ဖြစ်ပုံ အစီအရင်။ တံ ပန မညနာဝိဝိ ဒဿေတုံ "ကထ" န္တိ အာဟ။ မ၊ဋီ၊၁။၇၂။

**မညနာသဟိတ** (တိ) [မညနာ+သဟိတ] မှတ်ထင်မှု – မညနာတရား – နှင့် တကွဖြစ်သော။ မညနာနုကူလ–ကြည့်။

**မညနာဟေတု** (ပု) [မညနာ+ဟေတု] မှတ်ထင်မှု–မညနာတရား – ၏ အကြောင်း။ သက္ကာယာဓမ္မာနမ္ပိ အာရမ္မဏာဒိနာ သတိပိ မညနာဟေတုဘာဝေ မညနာဟေတုကတ္တေ-နေဝ ပတေသံ နိဒ္ဒိဋ္ဌတော။ မ၊ဋီ၊၁။၆၇။

**မညနာဟေတုက** (တိ) [မညနာ+ဟေတု+က] မှတ်ထင်မှု–မညနာတရား–လျှင် အကြောင်းရင်းရှိသော။ အထက်ပုဒ်ကြည့်။

**မညန္တ** (တံ) [မန+ယ+အန္တ] မှတ်ထင်သော၊ သူ။ (က) အထင်လွဲသော၊ သူ။ (ခ) အထင်ကြီးသော၊သူ၊ (က)သော သုဒ္ဓိတိ မညန္တော၊ အန္ဓာ့တော ပုထုဇ္ဇနော။ ထေရ။၂၇၇။ (–ဘာ၊၂။၂၁၆။ မ၊ဋ္ဌ၊၁။၂၇။) သော သုဒ္ဓိတိ မညန္တောတိ သော ယညကိရိယာ....ဟောတီ-တိ မညမာနော။ ထေရ၊ဋ္ဌ၊၂။၅၃။ (ခ) ဠပေ-တွာ မံ ကော အညော တော် အာရမ္မဏံ ဝိဘာ-ဝေတုံ သမတ္ထော အတ္ထီတိ မညတော မာနသံ-ယောဇနံ ဥပ္ပဇ္ဇတိ။ ဒီ၊ဋ္ဌ၊၂။၃၇၄။

**မညန္တိ** (ကြိ) [မန+ယ+အန္တိ] မှတ်ထင်ကုန်၏၊ ကြံဆကုန်၏၊ မညတိ(၂)ကြည့်။

**မညန္တု** (ကြိ) [မန+ယ+အန္တု] မှတ်ထင်ကုန်စေသော့။ မညတိ(၂)ကြည့်။

**မညမာန** (တိ) [မန+ယ+မာန] မှတ်ထင်သော၊ သူ။ မညမာနော ခေါ် ဘိက္ခုဝေ ဗဒ္ဓေါ မာရဿ၊ သံ၊၂။၄၀၅။ (–ထေရီ။၄၁၂။) မညမာနောတိ တဏှာဒိဋ္ဌိမာနာနံ ဝသေန ခန္ဓေ မညန္တော။ သံ၊ဋ္ဌ၊၃။၁၁၄။ သုမတ္တံ မံ မညမာနာတိ အတ္တနိ သုဋ္ဌုမတ္တံ....မံ သလ္လ-က္ခေန္တိ။ ထေရီ၊ဋ္ဌ။၂၃၃။ (–သံ၊ဋ္ဌ၊၂။၃၅၁။)

**မညရေ** (ကြိ) [မန+ယ+အန္တိ] မှတ်ထင်ကုန်၏။ မညတိ (၂) ကြည့်။

**မညသိ** (ကြိ) [မန+ယ+သိ] (၁) သိ၏။ မညတိ(၁)ကြည့်။ (၂) မှတ်ထင်၏။ မညတိ (၂)ကြည့်။

**မညဿ** (ပု) [မည+အဿ] ယိုစီးသော မာန၊ မာနအလုံး။ ယတ္ထ ဋ္ဌိတံ မညဿဝါ နပ္ပဝတ္တန္တိ။ မ၊၃။ ၂၈၂။ မညဿဝါ နပ္ပဝတ္တန္တီတိ မညဿဝါ မာနဿဝါ နပ္ပဝတ္တန္တိ။ မ၊ဋ္ဌ၊၄။၂၀၈။ မညဿဝါ နပ္ပဝတ္တန္တီတိ ဆဟိပိ ဒွါရေဟိ ပဝတ္တမာနသောတာယ မဂ္ဂေန ဝိသောသိတာယ သဗ္ဗသော ဝိဂတာယ သဗ္ဗသော ဝိစ္ဆေဒပ္ပတ္တိယာ န သန္ဒန္တိ။ တေနာဟ "နပ္ပဝတ္တန္တီ"တိ။ မ၊ဋီ၊၃။၃၉၇။ (သငတ္တိ သန္ဒန္တီ-တိ သဝါ။ မညံ ဝေ သဝါ မညဿဝါ ဟု ပေ-သျှ၊ ဏီ–ကျော်ဉ္ဇ ဝိဂ္ဂဟပြု၏။)

**မညာမသေ** (ကြိ) [မန+ယ+အာမသေ] မှတ်ထင်ကုန်၏။ မညတိ(၂)ကြည့်။

**မညာမိ** (ကြိ) [မန+ယ+မိ] မှတ်ထင်၏။ မညတိ(၂)ကြည့်။

**မညိ[1]** (ကြိ) [မန+ယ+ဤ] သိပြီ။ မညတိ (၁)ကြည့်။

**မညိ[2]** (ကြိ) [မန+ယ+ဩ။ ဩ-ကို ဣ-ပြု။] မှတ်ထင်ပြီ။ မညတိ(၂)ကြည့်။

**မညိံ** (ကြိ) [မန+ယ+ဣံ] မှတ်ထင်ပြီ။ မညတိ (၂) ကြည့်။

**မညိံသု** (ကြိ) [မန+ယ+ဥံ] (၁) သိကုန်ပြီ။ မညတိ (၁) ကြည့်။ (၂) မှတ်ထင်ကုန်ပြီ။ မညတိ (၂)ကြည့်။

**မညိတ**(န)[မန+ယ+တ](၁) မှတ်ထင်–ကြံဆ–ခြင်း။(မညိတ ၃-မျိုးကို မညနာကြည့်။)(၂) ထောင်လွှားခြင်း၊ မာန။ (မညိတ ၉မျိုးကို မာနကြည့်။) (တိ) (၃) မှတ်ထင်သော-

ထောင်လွှားသော။ (၄) အထင်မှားသော၊ သူ။ (၁) အသွိတိ ဘိက္ခု မညိတမေတံ။ မ၊၃။၂၀၉။ (—မ၊ဋ္ဌ၊၄။၂၁၅။) မညိတန္တိ မညနာ၊ "တေံ မမာ" တိအာဒိနာ ကပ္ပနာ- တိ အတ္တော။ မ၊ဋီ၊၃။၄၀၃။ (—သံ၊ဋီ၊၂။ ၂၀၉။) (၂) ကတမာနိ နဝ မညိတာနိ။ အဘိ၊ဝိ။၄၀၄။ မညနတော မညိတံ။ အဘိ၊ ဋ္ဌ၊၂။၄၉၅။ (တိ) (၃) မာနေဝ မညနာ မညိတတ္တံ ဥန္နတိ ဥန္နမော။ အဘိ၊ဓ။၂၂၅။ မဟာနိ။၃၂၅။ (၄) သော ဝေံ မညိတော မရတိပိ။ သုတ္တနိ၊ဋ္ဌ၊၂။၁၀၂။

**မညိတပ္ပစ္စနီက** (ပု) [မညိတ+ပစ္စနီက] အထင်မှားခြင်း၏ ဆန့်ကျင်ဘက်။ တောဒိသော အယံ ဝိနာဘာဝေါ မညိတပစ္စနီကေန ဟောတိ။ သုတ္တနိ၊ဋ္ဌ၊၂။၁၁၂။

**မညိတဗ္ဗ**[1] (တိ)[မန+ယ+တဗ္ဗ](၁)သိအပ်သော။ (၂) မှတ်ထင်အပ်သော။ (၁) မန ဉာဏေ၊ မညိတဗ္ဗံ၊ မညနီယံ။ ရူ၊နှာ။၃၄၁။ (၂) ထေရေန ပန အနန္တုစ္ဆဝိကံ ကတန္တိ နမညိ- တဗ္ဗံ။ သာရတ္ထ၊၂။၁၃၁။ (—နေတ္တိ၊ဝိ။၁၃၂။)

**မညိတဗ္ဗ**[2] (တိ) [မာန+ယ+တဗ္ဗ။ နိရုတ္တိ၊နှာ။ ၄၆၁။ ရူ၊နှာ။၃၀၉။] ပူဇော် — မြတ်နိုး— ထိုက်သော၊ သူ။ ဂရုစိတ္တေန မညိတဗ္ဗံ နမညန္တိ။ ဇာ၊ဋ္ဌ၊၅။၁၀၄။ မာနိယ—ကြည့်။

**မညိတဗ္ဗဋ္ဌ** (ပု) [မညိတဗ္ဗ+အတ္ထ] မှတ်ထင်အပ်သော အနက်။ မညိတဗ္ဗဋ္ဌေန ဝါ သကလံ ဝန္နမေဝ။ သံ၊ဋ္ဌ၊၂။၃၃၅။

**မညိတဝိဘာဂ** (ပု) [မညိတ+ဝိဘာဂ] မှတ်ထင်မှုကို ဝေဖန်ခြင်း။ သေသပဒဒွယေပိ ဣမိနာ နယေန မညိတဝိဘာဂေါ ဝေဒိတဗ္ဗော။ သံ၊ဋီ၊၂။၂၀၉။

**မညိတာကာရ** (ပု) [မညိတ+အာကာရ] မှတ်ထင်သော အခြင်းအရာ။ တတောတိ မညိ- တာကာရတော။ သံ၊ဋီ၊၂။၂၉၁။

**မညိတ္ထ**[1] (ကြိ) [မန+ယ+တ္ထ] မှတ်ထင်ကုန်ပြီ။ မညတိ (၂) ကြည့်။

**မညိတ္ထ**[2] (ကြိ) [မန+ယ+အ] (၁) သိပြီ။ မညတိ(၁) ကြည့်။ (၂) မှတ်ထင်ပြီ။ မညတိ (၂) ကြည့်။

**မညိတွာ** (ကြိ၊ဝိ) [မန+ယ+တွာ] (၁) သိ၍။ (၂) မှတ်ထင်၍။ (၁) န တံ ဂါဝိန္တိ မညိတွာ၊ အပ္ပမတ္တော ဝိစက္ခဏော။ ထေရ။၃၂၃။ (—မ၊ဋ္ဌ၊၃။၁၀၀။ ထေရ၊ဋ္ဌ၊၂။၂၇၉။)(၂) သမေက္ခိ- ယာနာတိ သမေက္ခိတွာ၊ မညိတွာတိ အတ္ထော။ ဒီ၊ဋ္ဌ၊၃။၁၃။ တံ ပန အပေက္ခိံ တထာ မညနမေဝါတိ အာဟ မညိတွာတိ။ ဒီ၊ဋီ၊၃။၁၀။

**မညိတ္ဝေါ** (ကြိ) [မန+ယ+ဝှော] မှတ်ထင်ကုန်ပြီ။ မညတိ (၂) ကြည့်။

**မညိသံ** (ကြိ) [မန+ယ+သံ။ ဆန်းကြောင့် သ တစ်လုံးကျေ။]မှတ်ထင်ပြီ။ မညတိ(၂)ကြည့်။

**မညိဿံ** (ကြိ) [ မန+ယ+သံ။ ရူ၊နှာ။၂၇၁။ ] မှတ်ထင်လတ္တံ့။ မညတိ (၂) ကြည့်။

**မညိဿတိ** (ကြိ) [မန+ယ+ဿတိ] မှတ်ထင်လတ္တံ့။ မညတိ (၂) ကြည့်။

**မညိဿန္တိ** (ကြိ) [ မန+ယ+ဿန္တိ ] မှတ်ထင်ကုန်လတ္တံ့။ မညတိ (၂)ကြည့်။

**မညိဿသိ** (ကြိ) [မန+ယ+ဿသိ] မှတ်ထင်လတ္တံ့။ မညတိ (၂) ကြည့်။

**မညိဿာမ** (ကြိ) [မန+ယ+ဿာမ] မှတ်ထင်ကုန်လတ္တံ့။ မညတိ (၂) ကြည့်။

**မညီ** (တိ) [မန+ယ+ဏီ] မှတ်ထင်သော၊ သူ။ ဝေဠု နံ အဘိညတွာ ပထဝိံ မာ မညီတိ ဝုတ္တံ ဟောတိ။ မညတီတိ မညီ (မညိ)၊ အယံ ပန မညီ စ န မညီ စ န ဝတ္တဗ္ဗော- တိ။ မ၊ဋ္ဌ၊၁။၄၃။ မာ မညီတိ အပ္ပဟီနာနံ

မညနာဝံ ဝသေန မာတိ မညတီတိ မာ၊ ပဟီနာနံ ပန ဝသေန န မညတီတိ အမညီ၊ မာ ဧဝ သော အမညီ စ မာမညီတိ ဧဝ-မေတ္ထ ပဒဝိဘာဂတော အတ္ထော ဝေဒိ-တဗ္ဗော။ တဿ ယေန ဘာဂေန အမညီ၊ တေန မညီတိ န ဝတ္တဗ္ဗော....အဋ္ဌကထာယံ “မညီ စ န မညီ စ န ဝတ္တဗ္ဗော”တိ ဝုတ္တံ။ မ၊ဋီ၊၁။၉၃။

မညေ¹ (ကြိ) [မန+ယ+မိ] (၁) သိ၏။ မညတိ (၁) ကြည့်။ (၂) မှတ်ထင်၏။ မညတိ (၂) ကြည့်။

မညေ² (ကြိ) [မန+ယ+မ ။ မ-ကို ဧ-ပြု။] မှတ်ထင်ကုန်၏။ မညတိ (၂) ကြည့်။

မညေ³ (ကြိ) [ မန+ယ+ဧယျံ ] မှတ်ထင်ရာ၏။ မညတိ (၂) ကြည့်။

မညေ⁴(ဗျ) (၁) မှတ်ထင်၏။(၂)ဥပမာဇောတ-ကနိပါတ်“ကဲ့သို့”ဟု မြန်မာပြန်ရသည်။ (၁) တံ ကိံ မညသိ ဘဝံ ဝစ္ဆာယနော....ပဏ္ဍိတော မညေတိ။ မ၊၁၊၂၃၃။ ပဏ္ဍိတော မညေတိ ဘဝံ ဝစ္ဆာယနော သမဏံ ဂေါတမံ ပဏ္ဍိတော-တိ မညတိ, ဥဒါဟု နောတိ အယမေတ္ထ အတ္ထော။ မ၊ဋ္ဌ၊၂။၁၀၀။ ပဏ္ဍိတော မညေတိ ဧတ္ထ မညေတိ ဣဒံ “မညတိ”တိ ဣမိနာ သမာနတ္ထံ နိပါတပဒံ။ မ၊ဋီ၊၂။၁၄၄။ (၂) တေ ဘိန္ဒန္တာ မညေ စရန္တိ။ ဒီ၊၁။၂၅။ မ၊၁။ ၂၃၃။ (–ဝိ၊၁။၂၄၈။ ဝိ၊၃။၂၇၂။) ဝေါ ဘိန္ဒန္တာ မညေတိ ဝါလဝေဓိ ဝိယ ဝါလံ သုခုမာနိပိ....ဘိန္ဒန္တာ ဝိယ စရန္တီတိ အတ္ထော။ ဒီ၊ဋ္ဌ၊၁။၁၀၈။ (–မ၊ဋ္ဌ၊၂။၁၀၁–၁၀၂။ ဝိ၊ဋ္ဌ၊၂။ ၁၁၆။ ပါစိတ်၊ယော။၃၃၅။ ) မညေသဒ္ဒေါ ဥပမာဇောတကောတိ ဝုတ္တံ “ဘိန္ဒန္တာ ဝိယာ” တိ။ သီ၊ဋီ၊သစ်၊၁။၄၃၂။

မညေထ (ကြိ) [မန+ယ+ဧထ]မှတ်ထင်ရာ၏၊ မညတိ(၂)ကြည့်၊

မညေယျ (ကြိ) [မန+ယ+ဧယျ] မှတ်ထင်ရာ၏။ မညတိ(၂)ကြည့်။

မညေယျံ (ကြိ) [မန+ယ+ဧယျံ] မှတ်ထင်ရာ၏။ မညတိ(၂)ကြည့်။

မညေယျာထ (ကြိ) [မန+ယ+ဧယျာထ] မှတ်ထင်ကုန်ရာ၏။ မညတိ(၂)ကြည့်။

မညေယျာသိ (ကြိ) [ မန+ယ+ဧယျာသိ ] မှတ်ထင်ရာ၏။ မညတိ(၂)ကြည့်။

မညေယျုံ (ကြိ) [ မန+ယ+ဧယျုံ ] မှတ်ထင်ကုန်ရာ၏။ မညတိ(၂)ကြည့်။

မဋ္ဌ (ပု၊န) [မသ+တ။ မသ အာမသနေ ဝိဇ္ဈ-နေ စ။ မသိယိတ္ထာတိ မဋ္ဌော။ နိရုတ္တိ၊နှာ။ ၄၉၂။ (မၖ -သံ)] (ပု) (၁) ပုတ်ခတ်ခြင်း၊ ထိုးခြင်း။ (န) (၂) အပေါက်။ (တိ) (၃) ပုတ်ခတ်အပ်–ထိုးအပ်–သော။ (၄) နူးညံ့–ချောညက်–ပြေပြစ်–သော။ (ပု) (၁) စတ္တာရော ဟိ ပဟာရာ ဩမဋ္ဌော, ဥမ္မဋ္ဌော, မဋ္ဌော, ဝိမဋ္ဌောတိ....အင်္ဂုဋ္ဌသူစိ ဝိယ ဝိနိဝိ-ဇ္ဈိတွာ ဂတော မဋ္ဌော နာမ။ သံ၊ဋ္ဌ၊၁၊၄၆။ ထေရ၊ဋ္ဌ၊၁။၁၃၁။ နေတ္တိ၊ဋ္ဌ။၂၃၄။ (န) (၂) ဩမဋ္ဌ, ဥမ္မဋ္ဌ-ကြည့်။ (တိ) (၃)မသိယိတ္ထာတိ မဋ္ဌော။ နိရုတ္တိ၊နှာ။၄၉၂။ (၄)ယထာ သာက-ဋိကော မဋ္ဌံ၊ သမံ ဟိတွာ မဟာပထံ။ သံ၊၁။၅၆။ မိလိန္ဒ၊၆၈။ (–အပ၊၁။၃။ ဝိ၊ဋ္ဌ၊ ၂။၂၈၇။ ဒီ၊ဋ္ဌ၊၂။၁၅၃။ ဒီ၊ဋ္ဌ၊၃။၇၄။ မ၊ဋ္ဌ၊၃။ ၁၃၂။ အံ၊ဋ္ဌ၊၁။၁၅၆။ အဘိ၊ဋ္ဌ၊၁။၃၅၁။ ဒီ၊ဋီ၊ ၃။၁၁၄။)

မဋ္ဌကုဏ္ဍလ (ပု၊န) [မဋ္ဌ+ကုဏ္ဍလ] ချောညက်သော နားပြား။ မဋ္ဌကုဏ္ဍလမိဝ သရီရံ ပဟောတိ။ ဇာ၊ဋ္ဌ၊၄။၁၈၁။

မဋ္ဌကတ (တိ) [မဋ္ဌ+ကတ] အပြေအပြစ်ပြုအပ်သော။ ကုမာရော တတ္ထ ဂန္တွာ တံ ပဒေသံ သမ္မဇ္ဇိတွာ မဋ္ဌကတံ ဒိသွာ။ အပ၊ဋ္ဌ၊၁။၁၈၃။

**မဉ္ဇုကပဒ္ဒိကာ** (ထီ) [ မဉ္ဇုကာ+ပဒ္ဒိကာ ] (၁) ပြေပြစ်သောအပြား။ (တိ)(၂) ပြေပြစ်သော အပြားသဏ္ဌာန်ရှိသော။ မကာရမုခနှင့် မစ္ဆကာဏ္ဍက-ကြည့်။ (ဝိဋ္ဌ၊၁။ ၂၅၃-အလားတူ ဝါကျ၌ “မဉ္ဇုပဒ္ဒိကံ”ဟု ရှိ၏။) ပဒ္ဒိကာ-ကြည့်။

**မဉ္ဇုကမ္မ** (န) [မဉ္ဇု+ကမ္မ] ချောညက်-ပြေပြစ်-အောင် ပြုလုပ်သော အမှု။ ကာဟိ ပါဏီဟိ မဉ္ဇုကမ္မံ အကာသိန္တိ အတ္ထော။ အပ၊ဋ္ဌ၊၂။၁၅၇။

**မဉ္ဇုကသာဋက** (နု) [ မဉ္ဇုက+သာဋက ] ချောညက်-ပြေပြစ်-သော ပုဆိုး။ (ခိုင်ခံ့သော ပုဆိုး။ ဇာတ်ဝတ္ထု။) ဒွေ မဉ္ဇုကသာဋကေ တေသေန တေမေတွာ။ ဇာ၊ဋ္ဌ၊၆။၄၃။

**မဉ္ဇုကုဏ္ဍလိဒေဝပုတ္တသမာဂမ** (ပု) [မဉ္ဇုကုဏ္ဍလိဒေဝပုတ္တ+သမာဂမ] မဉ္ဇုကုဏ္ဍလိနတ်သား၏ အစည်းအဝေး။ မဏ္ဍုကဒေဝပုတ္တသမာဂမေ၊ မဉ္ဇုကုဏ္ဍလိဒေဝပုတ္တသမာဂမေ။ မိလိန္ဒ။၃၃၂။

**မဉ္ဇုကုဏ္ဍလိဝဏ္ဏ** (ပု) [ မဉ္ဇုကုဏ္ဍလိ+ဝဏ္ဏ ] မဉ္ဇုကုဏ္ဍလိလုလင်-အသွင်-သဏ္ဌာန်-ပုံ။ ပိတရိ ရောဒန္တေ မဉ္ဇုကုဏ္ဍလိဝဏ္ဏေန အာဂန္တွာ။ မဇ္ဈိ၊ဋ္ဌ၊၁။၁၇။

**မဉ္ဇုကုဏ္ဍလိဝတ္ထု** (န) [ မဉ္ဇုကုဏ္ဍလိ+ဝတ္ထု ] မဉ္ဇုကုဏ္ဍလိ-အကြောင်းအရာ- ဇာတ်လမ်း-ဝတ္ထု။ သဗ္ဗံ မဉ္ဇုကုဏ္ဍလိဝတ္ထုံ ကထေသိ။ ဓမ္မ၊ဋ္ဌ၊၁။၂၃။

**မဉ္ဇုကုဏ္ဍလိ** (တိ) [မဉ္ဇု+ကုဏ္ဍလီ] ပြေပြစ်သော နားတောင်းရှိသော၊ မဉ္ဇုကုဏ္ဍလီမည်သော၊ သူ။ အလင်္ကတော မဉ္ဇုကုဏ္ဍလီ၊ မာလဓာရီ ဟရိစန္ဒနုဿဒေါ။ ဝိမာန။၁၁၃၊ ပေတ။၁၄၆။ ဇာ၊၁။၂၁၇။ သယမေဝ သုဝဏ္ဏံ ကောဋ္ဋေတွာ မဋ္ဌာနိ ကုဏ္ဍလာနိ ကတွာ အဒါသိ။ တေနဿ ပုတ္တော မဉ္ဇုကုဏ္ဍလီတွေဝ ပညာယိတ္ထ။ ဓမ္မ၊ဋ္ဌ၊၁။၁၆။

**မဉ္ဇုကုဏ္ဍလိ (လီ) ဒေဝပုတ္တ** (ပု) [မဉ္ဇုကုဏ္ဍလီ+ဒေဝပုတ္တ] မဉ္ဇုကုဏ္ဍလီနတ်သား။ မဉ္ဇုကုဏ္ဍလီဒေဝပုတ္တော ဝိမာနေနေဝ သဒ္ဓိံ အာဂန္တွာ။ ဓမ္မ၊ဋ္ဌ၊၁။၂၃။ မဉ္ဇုကုဏ္ဍလိဒေဝပုတ္တဲ အာရဗ္ဘ ဝုတ္တံ။ ပေတ၊ဋ္ဌ။၈၇။

**မဉ္ဇုကုဏ္ဍလိမာဏဝ** (ပု) [မဉ္ဇုကုဏ္ဍလီ+မာဏဝ] မဉ္ဇုကုဏ္ဍလီလုလင်။ အဒ္ဓသ မဉ္ဇုကုဏ္ဍလီမာဏဝံ ခိဏာသယနံ ဝဒနေပဟော၀ ဗ၀နမ္မေ။ ဝိမာန၊ဋ္ဌ။၃၀၄။

**မဉ္ဇုကုဏ္ဍလိရူပ** (န) [ မဉ္ဇုကုဏ္ဍလီ + ရူပ ] မဉ္ဇုကုဏ္ဍလီသတို့သားအသွင်။ အထ ဒေဝပုတ္တော မဉ္ဇုကုဏ္ဍလီရူပံ ပဋိသံဟရိတွာ။ ဝိမာန၊ဋ္ဌ။၃၀၇။

**မဉ္ဇုကုဏ္ဍလိဝိမာန** (ပု၊န) [မဉ္ဇုကုဏ္ဍလီ+ဝိမာန] မဉ္ဇုကုဏ္ဍလီ၏ ဗိမာန်ကို ပြသောအကြောင်းအရာ၊ မဉ္ဇုကုဏ္ဍလီဝိမာနဝတ္ထု။ အလင်္ကတော မဉ္ဇုကုဏ္ဍလီတိ မဉ္ဇုကုဏ္ဍလီဝိမာနံ။ ဝိမာန၊ဋ္ဌ။၃၀၄။

**မဉ္ဇုဆဝိဝဏ္ဏ** (တိ) [မဉ္ဇု+ဆဝိဝဏ္ဏ] ပြေပြစ် ချောညက်သော အရေအဆင်းရှိသော၊ သူ။ သဗ္ဗပထေ သု မဉ္ဇုဆဝိဝဏ္ဏာတိ ဒေဿတွာ။ ဇာ၊ဋ္ဌ၊၃။၃၇၃။

**မဉ္ဇုဒဏ္ဍက** (ပု၊န) [မဉ္ဇု+ဒဏ္ဍက] ပြေပြစ်-ချောညက်-သော တုတ်ချောင်းငယ်။ ဇော-မဉ္ဇုက-ကြည့်။

**မဉ္ဇုဒုကူလ** (ပု၊န) [မဉ္ဇု+ဒုကူလ] ချောညက်သောဖွဲ့ပုဆိုး။ ဥဒကသာဋကံ ပရိဝတ္တေတွာ မဉ္ဇုဒုကူလံ နိဝါသေတွာ။ မဟာ၊ဋ္ဌ၊၁။၃၄၅။ ဒုကူလ-လည်းကြည့်။

**မဉ္ဇုဒုဿ** (န) [မဉ္ဇု+ဒုဿ] ပြေပြစ်-ချောညက်-သောပုဆိုး။ ဘိသင်္ဂ ဝေဏ္ဍံ မဉ္ဇုဒုဿံ ပဂေဂေတော ဥပနာမေသိ။ ဒီ၊ဋ္ဌ၊၂။၁၇၁။

**မဏ္ဍပန္နက** (ထ်) [မဏ္ဍ+ပန္နက] (၁) ပြေပြစ်သောအပြား။ (တိ) (၂) ပြေပြစ်သော အပြားသဏ္ဌာန်ရှိသော။ ခဇ္ဇူရိပတ္တကံ ပါ မဏ္ဍပန္နက်ံ ဝါ ကတွာ။ ဝိ၊ဋ္ဌ၊၁။၂၅၃။

**မဏ္ဍဖလက** (န) [မဏ္ဍ+ဖလက] ပြေပြစ်–ချောညက်–သောပျဉ်ချပ်။ ကေဿ မဏ္ဍဖလကဿ ဥပရိ ဌပေတွာ။ ဝိမဘိ၊၂။၂၄၆။

**မဏ္ဍဘာဝ** (ပု) [မဏ္ဍ+ဘာဝ] ပြေပြစ်သည်၏ အဖြစ်၊ ပြေပြစ်ခြင်း။ အောက်ပုဒ်ကြည့်။

**မဏ္ဍဘာဝတ္တ** (ပု) [မဏ္ဍဘာဝ+အတ္တ] ပြေပြစ်ခြင်း အကျိုး။ ဂါထာနန္ဒသာ ပန မဏ္ဍဘာဝတ္တံ အယံ ဒေသနာ သဒ္ဒပုနရုတ္တိံ ဝဇ္ဇယန္တိ ဧဝမာဟ။ သံ၊ဋ္ဌ၊၁။၂၃။

**မဏ္ဍဘာသုရ** (တိ) [မဏ္ဍ+ဘာသုရ] ပြေပြစ် ပြိုးပြိုးပြက်တောက်ပသော အရောင်ရှိသော။ သုဝဏ္ဏမယာ ဘိ မဏ္ဍဘာသုရာဟိ မုဒ္ဒိတာဟိ ဝိဘူသိတာ၊ ထေရီ၊ဋ္ဌ။၂၁၉။

**မဏ္ဍယုဂ** (န) [မဏ္ဍ+ယုဂ] ပြေပြစ်–နူးညံ့–သော ပုဆိုးအစုံ။ ယုဂမဏ္ဍန္တိ မဏ္ဍယုဂံ၊ သဏှသာဋ္ဌကယုဂန္တိ အတ္ထော။ ဒီ၊ဋ္ဌ၊၂။၁၆၁။

**မဏ္ဍရထင်္ဂ** (န) [မဏ္ဍ+ရထင်္ဂ] (၁) ပြေပြစ်သောရထားအင်္ဂါ။ (တိ)(၂) ပြေပြစ်သော ရထားအင်္ဂါကဲ့သို့အင်္ဂါရှိသော။ သခိလာယ သဏှဝါစာယ နိဒ္ဒိသဂင်္ဂါ မဏ္ဍရထင်္ဂါ။ ဇာ၊ဋ္ဌ၊၇။၁၇၇။

**မဏ္ဍဝစန** (န) [မဏ္ဍ+ဝစန] (၁) ပြေပြစ်သော စကား။ (တိ) (၂) ပြေပြစ်သော စကားရှိသော၊ သူ။ (၁) သာခလျေန္တိ မဏ္ဍဝစနေန။ ဇာ၊ဋ္ဌ၊၄။၅၀။ (တိ) (၂) မဏ္ဍဝစနတာယ သဏှဝါစော။ ဇာ၊ဋ္ဌ၊၄။၁၁၂။

**မဏ္ဍဝတ္ထ** (န) [မဏ္ဍ+ဝတ္ထ] နူးညံ့–ချောညက်–သော–အဝတ်။ တဿ ဥပရိ ဝိတာနံ မဏ္ဍဝတ္ထံ အတ္ထရိတွာ အဒါသိ။ ပိမာန၊ဋ္ဌ။၆၆။

**မဏ္ဍဝါစာ** (တိ) [မဏ္ဍာ+ဝါစာ] နူးညံ့သိမ်မွေ့သော စကားရှိသော၊ သူ။ သဏှဝါစတာတိ မဏ္ဍဝါစတာ။ အဘိ၊ဋ္ဌ၊၁။၄၂၆။

**မဏ္ဍသာခ** (တိ) [မဏ္ဍာ+သာခါ] ပြေပြစ်သော အခက်–သစ်ခက်–ရှိသော။ ကကုဓရုက္ခာ နာမ မဏ္ဍသာခါ။ အံ၊ဋ္ဌ၊၂။၃၂၃။

**မဏ္ဍသာဋက** (ပု) [မဏ္ဍ+သာဋက] နူးညံ့သော –ချောညက်သော–ပုဆိုး–ထည်။ ယထာ ဟိ မဏ္ဍသာဋကဿ တုန္နကရဏကာလေ သူစိ ပိ သုခုမာ ဣစ္ဆိတဗ္ဗာ။ ဝိ၊ဋ္ဌ၊၂။၂၈။ ပဋိသံ၊ဋ္ဌ၊၂။၉၈။ (–မမ္မ၊ဋ္ဌ၊၁။၁၃၄။ ဇာ၊ဋ္ဌ၊၁။၃၂၂။ ဇာ၊ဋ္ဌ၊၃။၄၇၄။)

**မဏ္ဍသာဋကနိဝတ္ထ** (တိ) [မဏ္ဍသာဋက+နိဝတ္ထ] နူးညံ့–ချောညက်–သောပုဆိုးကိုဝတ်သော၊ သူ။ အနာထပိဏ္ဍိကော အဂ္ဂုလိမုဒ္ဒိကာ ပိဠန္ဓိတွာ မဏ္ဍသာဋကနိဝတ္ထော ရတ္တုပဋ္ဌာနံ ဂစ္ဆတိ။ ဇာ၊ဋ္ဌ၊၁။၂၈၆။

**မဏ္ဍတိ**(ကြိ) [မဏ္ဍ+အ+တိ။ နိ၊တိ၊ဓာ။၅၉။] (၁) ဖျက်ဆီးတတ်၏။ (၂) နှင်ထုတ်တတ်၏။ (၃) ထွန်းလင်း တောက်ပတတ်၏။ (၄) တားမြစ် ပိတ်ပင်တတ်၏။ (၁) ဝေရံ မဏ္ဍတိ ဝိနာသေတီတိ ဝေရမဏီ။ ဝိ၊ဋ္ဌ၊၄။၁၅၁။ မ၊ဋ္ဌ၊၄။၉၄။ အဘိ၊ဋ္ဌ၊၁။၂၆၃။ (–ခုဒ္ဒက၊ဋ္ဌ။၁၅။ သာရတ္ထ၊၃။၄၅၈။ ဝိမတိ၊၂။၂၇၅။) (၂) မဏ္ဍတိ "မယိ ဣမ ဌိတာယ ကထမာဂစ္ဆသိ" တိ ဝါ တဇ္ဇေန္တီ ဝိယ နီဟရတီတိ ဝေရမဏီ။ သာရတ္ထ၊၃။၂၅၁။ ဒီ၊ဋီ၊၁။၃၃၃။ (–ဝိမတိ၊၂။၁၁၅။) (၃)မဟိ ပရိဂ္ဂါဟရေဟာတိ မဏ္ဍတိ ဇောတတိ ပကာသေတီတိ မဏီ။ အ၊ဋ္ဌ၊၂။၁၂၆။ (၄) တံ မဏ္ဍတိ "မယိ ဣမ ဌိတာယ ကထမာဂစ္ဆသီ" တိ တဇ္ဇေန္တီ ဝိယ နိဝါရေတီတိ ဝေရမဏီ။ သီ၊ဋီ၊ သစ်၊၂။၃၂၁။ မ၊ဋီ၊၁။၃၀၅။

**မဏ္ဍန** (န) [မဏ္ဍ+ယု] သတ်ဖြတ်ဖျက်ဆီးခြင်း။ တဿ မဏ္ဍနတော ဟနနတော ဝိနာသနတော

ဝေရမဏိယော။ ဒီ၊ဋီ၊၁။၂၁၃။ မ၊ဋီ၊၁၊၂၃၉။ အံ၊ဋီ၊၂။၂၄။ (−မ၊ဋီ၊၃။၃၀၀။)

မဏိ(ထီ၊ပု) [မဏ+ဣ။ဤပစ္စည်းသက်လျှင် မဏိ။ မန+ဣ။ မ+ဏိ။ မန + ဣ+ကွိ။ မဏတိ ဓောတတိ ပဘာသတီတိ မဏိ။ အထ ဝါ ဇနာနံ မနံ ပူရေန္တော သောမနဿံ ကရောန္တော ဣတော ဂတော ပဝတ္တောတိ "မဏိ"။ အပ၊ဋ္ဌ၊၂။၁၅၆။ စိတ္တံ အာရာမေတိ သောမနဿံ ကရောတီတိ "မဏိ"။ အထ ဝါ မာတိ ပမာဏံ ကရောတိ အာဘရဏန္တိ မဏိ။ အထ ဝါ မရန္တာပိ ရာဇယုဝရာဇာဒယော တံ န ပရိစ္စဇန္တိ တဒတ္ထာယ သင်္ဂါမံ ကရောန္တီတိ "မဏိ"။ အပ၊ဋ္ဌ၊၂။၁၀၃။ သူစိ။ မနတိ မဟဂ္ဃဘာဝံ ဂစ္ဆတီတိ မဏိ=ရတနံ။ မောဂ်၊ ၇။၈။] (၁) ကျောက်မျက်ရတနာ။ (ဥဒါန်။ ၁၄၁−၌ "မဏိ" ပုဒ်ကို ဥဒါန၊ဋ္ဌ။၂၇၄− က မဏီတိ ရတ္တနီလာဒိဘေဒေါ အနေက- ဝိဓော မဏိဟု လည်းကောင်း၊ ဝိ၊ဋ္ဌ၊၁။၂၅၂− ၌ "မဏိနာ" ပုဒ်ကို သာရတ္ထ၊၂။၁၂၀− က မသာရဂလ္လာဒိပါသာဏေန ဟုလည်းကောင်း၊ ဝိ၊ဋ္ဌ၊၂။၁၃၀−၌ "မဏိ" ပုဒ်ကို သာရတ္ထ၊၂။ ၃၂၀-က မဏီတိ ဌပေတွာ ဝေဠုရိယာဒိကေ သေသော ဇောတိရသာဒိဘေဒေါ သဗ္ဗောပိ မဏိ ဟု လည်းကောင်း၊ ဝိမတိ၊၁။၂၆၀− က မဏီတိ ဝေဠုရိယာဒိတော အညော ဇောတိရသာဒိဘေဒေါ သဗ္ဗောပိ မဏိ ဟု လည်းကောင်း၊ ကင်္ခါ။၁၆၉−၌ မဏိ ပုဒ်ကို ကင်္ခါ၊ဋီ၊သစ်။ ၃၁၀−က မဏီတိ ဌပေတွာ ဝေဠုရိယာဒိကေ အနုမသော ဇောတိဖလိကံ ဥပါဒါယ သဗ္ဗောပိ နီလပီတာဒိဝဏ္ဏဘေဒေါ မဏိတိ ဝေဒိတဗ္ဗောဟုလည်းကောင်း အသီးသီး ဖွင့်ကြ၏။ ယင်းအဖွင့်များအရ မဏိ- သဒ္ဒါ− ကျောက်မျက်ရတနာ အားလုံးကို ဟောနိုင်ကြောင်း ထင်ရှားသည်။ တွင်ကျယ် နေသော ဝေါဟာရအရ ပတ္တမြား၊မြအနက် များကို အဖွင့်မရှိသော်လည်း (က) (ခ)ဆင့် ပွားအနက်အဖြစ်ဖြင့် လည်းကောင်း၊ မကိုဋ် ကျောက်, ပတ္တမြားလက်စွပ် အနက်များကို ဥပစာအနက် အဖြစ်ဖြင့် လည်းကောင်း ပြန် ဆိုသည်။ ခုဒ်၊၄၉၀− လာ ရတနာ ၇-ပါး ရာ၌ "မဏိ" ပုဒ်ကို ပါရိသေသနည်း, ဂေါဗလိဗဒ္ဒနည်းအားဖြင့် ခုဒ်၊ဋီ၌ ရတ္တမ- ဏိ=ပတ္တမြားဟု ဖွင့်သည်။) (က)ပတ္တမြား၊ ပတ္တမြားတုံး၊ပတ္တမြားခဲ။ (ခ) မြ။ (ဂ) ချက် ကျောက်၊ ပတ္တမြားတု။(ဃ) မကိုဋ်ကျောက်၊ မကိုဋ်ထွတ်ကျောက်မျက်ရတနာ။ (င) လက် စွပ်ကျောက်။ (၂) ကျောက်။ (၃) အိုးဘုတ် ကြီး (ခုဒ်။သျှ)။ အိုးစရည်းကြီး (ခုဒ်၊သျှ။ သစ်)။ (၄) ကျောက်အံစာ။ (၅) မင်၊ မှင်။ (၆) အလုံး၊ ရွှဲ၊ ရွှဲလုံး။ (၁) ကျောက်မျက် ရတနာ။ (ရတနာ ၇-ပါး၊ ရတနာ ၁၀-ပါး နှင့် ကျောက်မျက်ရတနာ ၂၄-မျိုးကို ပါဠိ- ပဒပိဋကကျမ်းညွှန်း၊ အဝဂ်၊ နိဒါန်း၊ ခါ− ခိ−ကြည့်။) မဏယော ဝိပ္ပကိဏ္ဏာ။ ဝိ၊ဋ္ဌ၊၃။ ၂၂၇။ မဏယောတိ စ ရတနာနိ။ ပါစိတ်၊ ယော။၁၇၉။ ရတနဉ္စ မဏိ ဒွိသု။ ခုဒ်။၄၈၉။ (က)ပတ္တမြား၊ပတ္တမြားတုံး၊ပတ္တမြားခဲ။မဏိံ မေ ဘော ဒေဟိ၊ မဏိနာ မေ အတ္ထော။ ဝိ၊၁။၂၂၀။အဒ္ဒါ ဝေရောစနံ မဏိံ။ ဇာ၊၂။၇၃။ (−ဇာ၊ဋ္ဌ၊၆။၁၆၇။) တုဋ္ဌဟဒယော သက္ကော ဝေရောစနံ နာမ မဏိရတနံ တဿ အဒါသိ။ ဇာ၊ဋ္ဌ၊၅။၃၂၉။ (−ဇာ၊ဋ္ဌ၊၆။၁၇၇။) မဏိရ- တန−လည်းကြည့်။ (ခ) မြ။ မဏိသပ္ပ− ကြည့်။ (ဂ) ချက်ကျောက်၊ ပတ္တမြားတု။ မဏိ (မ၊ဋ္ဌ၊၁။၂၄၂) တိ ကာစမဏိပိ။ မ၊ဋီ၊ ၁။၃၃၆။ (−ကင်္ခါ၊ဋီ၊သစ်။၃၅၀။) ကာစမဏိ− လည်းကြည့်။ (ဃ) မကိုဋ်ကျောက်၊ မကိုဋ် ထွတ်ကျောက်မျက်ရတနာ။ တေ ဝေဠုပံ မကုဋ- နိဝိဋ္ဌသန္နာဂနာဂယောဂံ အနုယုတ္တာ ဝိဟရန္တိ။ ဒီ၊၁။၇။ စူဠာမဏိံ ခါရေန္တိ။ ဒီ၊ဋ္ဌ၊၁။၈၅။ မဏိန္တိ ဣဒံ သီသမဏိံ သန္ဓာယ ဝုတ္တန္တိ အာဟ "စူဠာမဏိ"န္တိ၊ စူဠာယ မဏိန္တိ

အတ္တော။ သီ၊ဋီ၊သစ်၊၁။၃၆၆။ (ဂ) လက်စွပ်
ကျောက်။ မဏိမုဒ္ဒိကာ – ကြည့်။ (၂)
ကျောက်။ မဏိ (သံ၊၁။၆၄)ဘိ ပါသာ-
ဏော။ သံ၊ဋ္ဌ၊၁။၁၅၆။ (၃) အိုးတုတ်ကြီး၊
အိုးစရည်းကြီး။ မဏိကေ ရတနေ မဏိ။
မဏိကေ မဟာတိ ဥဒကဘာဇနေ။ ဓာန်။
ဓာန်၊ဋီ။၁၁၃။ (၄) ကျောက်အိုးစာ။
သေယျထာပိ ဘိက္ခဝေ အပဏ္ဏကော မဏိ
ဥဒ္ဓံ ခိတ္တော ယေန ယေနေဝ ပတိဋ္ဌာတိ။
အံ၊၁။၂၇၃။အံ၊ဋ္ဌ၊၄၉၉။ အပဏ္ဏကော မဏိတိ
ဆဟိ တလေဟိ သမန္နာဂတော ပါသကော။
အံ၊ဋ္ဌ၊၂။၂၃၄။ (–အံ၊ဋ္ဌ၊၃။၃၄၀။ အံ၊ဋီ၊၂။
၂၀၇။) (၅) မင်၊ မှင်။ မေလာ နန္ဒာ မသိ
မဏိ။ ဓာန်ဋီ။၃၄၄။ (၆) အလုံး၊ ရွှဲ၊ ရွှဲလုံး။
မဏိကာ၊ (ဂ) ကြည့်။

**မဏိအာကာရာနုပဿိ** (တိ) [မဏိအာကာရ+
အနုပဿိ] ပတ္တမြားဟူသော အမှတ်ဖြင့်
**မနုဿတ္တဘာဝသမုစ္ဆေဒ** (ပု) [မနုဿတ္တဘာဝ+သမုစ္ဆေဒ] လူ့အတ္တဘောကို ဖြတ်တောက်ခြင်း။ ဝေ အနာဂတသော ဝ မနုဿတ္တဘာဝသမုစ္ဆေဒသာ အဓိပ္ပေတတ္တာ။ မ၊ဋီ၊၃။၂၃၁။

**မနုဿတ္တဘာဝါဝဟ** (တိ) [မနုဿတ္တဘာဝ+အာဝဟ] လူ့အတ္တဘောကို ဆောင်တတ်သော။ မနုဿဓမ္မ-ကြည့်။

**မနုဿတ္တဘာဝါဝဟန** (နု) [မနုဿတ္တဘာဝ+အာဝဟန] လူ့အတ္တဘောကို ဆောင်ခြင်း။ ပကတိယာ မနုဿောဟိ နိဗ္ဗတ္တေတဗ္ဗတော, မနုဿတ္တဘာဝါဝဟနတော စ မနုဿဓမ္မော နာမ။ သံ၊ဋ္ဌ၊သစ်၊၁။၄၉။

**မနုဿတ္တလာဘ** (ပု) [မနုဿတ္တ+လာဘ] လူ့အဖြစ်ကို ရခြင်း။ တတောပိ အဓိစ္စတရသမ္ဘဝေါ မနုဿတ္တလာဘော။ သံ၊ဋီ၊၂။ ၅၄၆။ (-ထေရီ၊ဋ္ဌ။၂၉၅။) မနုဿလာဘ-လည်းကြည့်။

**မနုဿတ္တဘာဝဒဿန** (နု) [မနုဿတ္တဘာဝ+ဒဿန] လူ့အဖြစ်-လူ့အတ္တဘော-မရှိသည်ကို ပြခြင်း။ ပုန ဒေဝလောကေ ဥပပန္နဿ မနုဿတ္တဘာဝဒဿနေန အနယောဂေါ သကာဝါဒိဿ။ အဘိ၊ဋ္ဌ၊၃။၁၂၈။

**မနုဿဒလိဒ္ဒ** (ပု) [မနုဿ+ဒလိဒ္ဒ] လူဆင်းရဲ။ ဣမသ္မိံ ယေဝ ရာဇဂဟေ မနုဿဒလိဒ္ဒေါ အဟောသိ။ သံ၊၁။၂၃၃။ (-ဥဒါန။၁၃၄။) မနုဿဒလိဒ္ဒေါတိ မနုဿအဓနော။ သံ၊ဋ္ဌ၊၁။ ၃၁၉။ (-ဥဒါန၊ဋ္ဌ။၂၅၃။) မနုဿဒလိဒ္ဒေါတိ မနုဿေသု ဒုဂ္ဂတော။ သံ၊ဋီ၊၁။၃၃၈။

**မနုဿဒဟရက** (ပု) [မနုဿ+ဒဟရက] လူဖြစ်သော သူငယ်။ အထ ကေန ကာရဏေန မနုဿဒဟရကဿ ဥဒ္ဒကသတ္တဝဿိကဿ သုပ္ပဋိပန္နဿာပိ ဓမ္မာဘိသမယော န ဟောတိ။ မိလိန္ဒ။၂၉၈။

**မနုဿဒုဿီလ** (ပု) [မနုဿ+ဒုဿီလ] သီလ မရှိသော လူ၊ လူဒုဿီလ။ မနုဿဒုဿီလေ ပိ ဒါနံ သဟဿဂုဏံ ဟောတိ။ အဘိ၊ဋ္ဌ၊၃။ ၂၆၀။

**မနုဿဒေါဘဂ္ဂ** (နု) [မနုဿ+ဒေါဘဂ္ဂ] လူတို့တွင်-ဘုန်းကံနည်းသော-မတင့်တယ်သော-သူ၏ အဖြစ်၊ မနုဿဒေါဘဂ္ဂေန ပါ ဒဿိတံ ပနေ ဒုက္ကဋံ။ ကင်္ခါ။၃၂၁။ (-ဝိ၊၂။၃၆၄။) မနုဿဒေါဘဂ္ဂေနာ ဝါတိ ကာဏာ ဟောမိ၊ ကုဏီ ဟောမိ၊ ဣတရော ဝါ ဒိသ ာ ဟောတူ”တိ အာဒိနာ မနုဿဝိရူပဘာဝေန။ ကင်္ခါ၊ဋီ၊သင်။၄၇၃။

**မနုဿဒေါဘဂ္ဂိယ** (နု) [မနုဿ + ဒေါဘဂ္ဂိယ] လူတို့တွင်-ဘုန်းကံနည်းသော - မတင့်တယ်သော-သူ၏ အဖြစ်။ တတော မနုဿဒေါဘဂ္ဂိယတော ပရမကာရုညဝုတ္တိတော ဝိပ္ပမုတ္တာ အပဂတာ။ ဝိမာန၊ဋ္ဌ။၉၂။

**မနုဿဒေါဘဂျ** (နု) [မနုဿ+ဒေါဘဂျ] လူတို့တွင်-ဘုန်းကံနည်းသော-မတင့်တယ်သော-အမျိုးညံ့သော - သူ၏ အဖြစ်။ မနုဿဒေါဘဂျ (အံ၊၃။၇၂)န္တိ မနုဿေသု သမ္ပတ္တိရဟိတံ ပစ္ဆိမံ နီစကုလံ။ အံ၊ဋ္ဌ၊၃။၂၃၁။

**မနုဿဓမ္မ** (ပု) [မနုဿ+ဓမ္မ] လူတို့ ဖြစ်စေအပ်သော-လူ့အတ္တဘောကို ဆောင်တတ်သော-တရား၊ လူ့ကျင့်ဝတ်တရား။ (မဇ္ဈိမနိကာယအဋ္ဌကထာ, အင်္ဂုတ္တိုရ်အဋ္ဌကထာတို့၌ ဒါန, သီလ စသော ကုသိုလ်ကမ္မပထတရား ၁၀-ပါးကိုလည်းကောင်း (မ၊ဋ္ဌ၊၁။၃၂၇။ အံ၊ဋ္ဌ၊၃။ ၂၆)၊ ဒီဃနိကာယ် အဋ္ဌကထာ၌ ငါးပါးသီလ, ဆယ်ပါးသီလကိုလည်းကောင်း (ဒီ၊ဋ္ဌ၊ ၃။၂)၊ ဝိမတိဋီကာ၌ လောကီဉာဏ်အားလုံးကို လည်းကောင်း (ဝိမတိ၊၂။၉၀)၊ မဇ္ဈိမနိကာယ်ဋီကာ, အင်္ဂုတ္တိုရ်ဋီကာတို့၌ မကြီးကျယ်သော ကာမကုသိုလ်ကို လည်းကောင်း “မနုဿဓမ္မ” ဟု အသီးသီးဖွင့်ဆိုကြ၏ (မ၊ဋီ၊

၂။၁၅။ အံ၊ဋ္ဌ၊၃။၂၂)။ ဥတ္တရိ ဝါ မနုဿဓမ္မာ အလမရိယဉာဏဒဿနဝိသေသံ သစ္ဆိကရိဿတိ။ အံ၊ ၂။၅၆။ အံ၊ဋ္ဌ၊၃။၂၆။ (−ဝိ၊ဋ္ဌ၊၁။ ၅။ ဒီ၊ဋ္ဌ၊၁။၄။ ဒီ၊ဋ္ဌ၊၃။၂။ ကခါ။၁၂၄။ မ၊ဋ္ဌ၊ ၁။၃၂၇။) ဘာဝနာမနသိကာရေန ဝိနာ ပကတိယာ မနုဿေဟိ နိဗ္ဗတ္တေတဗ္ဗော ဓမ္မော- ဟိ မနုဿဓမ္မော မနုဿတ္တဘာဝါဝဟော ဝါ ဓမ္မော မနုဿဓမ္မော။ မ၊ဋီ၊၂။၁၅။ အံ၊ဋီ၊၃။ ၂၂။ (−သာရတ္ထ၊၁။၄၁။ ကခါ၊ဋီ၊သစ်။၂၀၉။ သီ၊ဋီ၊သစ်၊၁။၄၉။ ဒီ၊ဋီ၊၃။၃း)

**မနုဿနာဂ** (ပု) [မနုဿ + နာဂ] လူနဂါး၊ ဘုရားတည်းဟူသော လူနဂါး။ သုမနမနုဿော အဓိမနော၊ မနုဿနာဂေါပိ တတ္ထ ပဓူပါယိ။ ပိ၊၃။၃၃။

**မနုဿနာဋက** (တိ) [မနုဿ+နာဋက] လူ− ကချေသည်−သဘင်သည်။ မနုဿနာဋကာနံ နစ္စံ အမနုဿံ အဟောသိ။ သီ၊ဋီ၊သစ်၊၂။၂၀၂။

**မနုဿနေရယိက** (တိ) [မနုဿ + နေရယိက] ငရဲသားနှင့် တူသော−ငရဲသားပမာ ညှဉ်းဆဲ ခံနေရသော−လူ၊ လူငရဲသား။ ဝေမျှပေါ မနုဿပေတော စ မနုဿနေရယိကော စ ကိံ နန္ဒိသာတိ ဘာဂါတိ အာဟ။ သံ၊ဋ္ဌ၊၁။၃၀။ မနုဿဇာတိကောပိ ဝုတ္တရူပေါ အနတ္ထ- ပါတိတော ပရေဟိ ဟိံသိတော သမာနော နေရယိကော ဝိယာတိ မနုဿနေရယိကော။ သံ၊ဋီ၊၁။၇၆။

**မနုဿန္တရ** (နု) [မနုဿ + အန္တရ] လူချင်း− မတူ− ထူးခြား − ခြင်း။ မနုဿန္တရေန ဘန္တေတိ။ မိလိန္ဒ။၁၉၁။

**မနုဿန္တရာယ** (ပု) [ မနုဿ + အန္တရာယ ] လူဟူသော အန္တရာယ်။ ဥဒကန္တရာယော မနုဿန္တရာယော အမနုဿန္တရာယော။ ဝိ၊၃။ ၁၅၂။ ဗဟူ မနုဿာ အာဂစ္ဆန္တိ၊ အယံ မနုဿန္တရာယော။ ဝိ၊သင်္ဂဟ။၂၀၆။ ကခါ၊ဋီ၊ သစ်။၁၂၉။

**မနုဿပဋိလာဘ** (ပု) [ မနုဿတ္တ+ပဋိလာဘ ] လူအဖြစ်ကို ရခြင်း။ ကိစ္ဆော မနုဿပဋိလာ- ဘော၊ ကိစ္ဆံ မစ္စာနဇီဝိတံ။ ဓမ္မ။၄၁။ (−အံ၊၃။ ၆၁။ ဝိ၊ဋ္ဌ၊၁။၆၆။ ဇာ၊ဋ္ဌ၊၅။၂၂၁။) မနုဿတ္တ- ပဋိလာဘော နာမ ကိစ္ဆော ဒုလ္လဘော။ ဓမ္မ၊ ဋ္ဌ၊၂။၁၅၂။

**မနုဿပဏ္ဍက** (ပု) [မနုဿ+ပဏ္ဍက] လူပဏ္ဍုက်။ တယော ပဏ္ဍကာ မနုဿပဏ္ဍကော အမနုဿ- ပဏ္ဍကော တိရစ္ဆာနဂတပဏ္ဍကော။ ဝိ၊၁။၃၄။ (−ဝိ၊ဋ္ဌ၊၁။၂၂၅။ ဝဇိရ။၁၇၃။)

**မနုဿပထ** ( ပု ) [ မနုဿ+ပထ ] လူ့ခရီး၊ လူ့ပြည်။ တေ အစိမုတ္တိကာလကိရိယံ ကတွာ မနုဿပထေယေဝ နိဗ္ဗတ္တန္တိ။ ဒီ၊ဋ္ဌ၊၂။၂၀။ (−မ၊ဋ္ဌ၊၃။၂၄။ ပေတ၊ဋ္ဌ။၁၄၂။ ဇာ၊ဋ္ဌ၊၅။၂၃။)

**မနုဿပထသမ္ပာပန** (နု) [မနုဿပထ+သမ္ပာပန] လူ့ပြည်သို့ရောက်စေခြင်း။ မာ ဘာယိ တာတ၊ တဝ မနုဿပထသမ္ပာပနံ မမ ဘာရော။ ဇာ၊ဋ္ဌ၊ ၃။၄၇၉။

**မနုဿပ္ပမာဏ** (တိ) [ မနုဿ+ပမာဏ ] လူ့− အတိုင်းအရှည်−ပမာဏ−ရှိသော။ ဒွါဒသ- ယောဇနိကံ အတ္တဘာဝံ ဝိဇဟိတွာ မနုဿ- ပ္ပမာဏမေဝ မာပေတွာ။ မ၊ဋ္ဌ၊၃။၅၄။

**မနုဿပရိဂ္ဂဟိတ** (တိ) [ မနုဿ+ပရိဂ္ဂဟိတ ] လူတို့သိမ်းဆည်းအပ်သော။ ပါဠိယံ မနုဿ- ပရိဂ္ဂဟိတံ သန္ဓာယ “ပရပရိဂ္ဂဟိတ”န္တိ ဝုတ္တံ။ ဝိမတိ၊၁။၁၉၇။

**မနုဿပရိစာရိကာ** (ထီ) [မနုဿ+ပရိစာရိကာ] လူဖြစ်သော အလုပ်အကျွေးမိန်းမ။ တခ်ဏ- ညေဝ နံ နာဂမာဏဝိကာ ခုဇ္ဇာဒိဝေသံ ဂဟေ- တွာ မနုဿပရိစာရိကာ ဝိယ ပရိဝါရယိံသု။ ဇာ၊ဋ္ဌ၊၇။၁၁။

**မနုဿပရိဘောဂ** (ပု) [မနုဿ+ပရိဘောဂ] လူ့ အသုံးအဆောင်။ ဇဟိ မနုဿပရိဘောဂေါ

နာမ တုမှာကံ ဒုပ္ပရိဘုဉ္ဇိယော။ ဇာ၊ဋ္ဌ၊၁။ ၂၆၀။ (-သာရတ္ထ၊၃။ ၂၁၄။)

**မနုဿပရိဘောဂဝတ္ထု** (န) [မနုဿပရိဘောဂ+ဝတ္ထု] လူ့အသုံးအဆောင်ဖြစ်သော အဝတ်။ မနုဿပရိဘောဂဝတ္ထေသု ဣတော မုဒုတရံ နတ္ထိ ဒေဝ။ အပ၊ဋ္ဌ၊၁။ ၂၈၉။

**မနုဿပရိဘောဂသုဝဏ္ဏဝိကတိ** (ထီ) [မနုဿပရိဘောဂ+သုဝဏ္ဏဝိကတိ] လူ့အသုံးအဆောင်ဖြစ်သော ရွှေအထူး။ ယထေဝ ဟိ မနုဿပရိဘောဂသုဝဏ္ဏဝိကတိတော ရသဝိဒ္ဓံ သေဋ္ဌံ သုဝိသုဒ္ဓံ။ ဝိမာန၊ဋ္ဌ။၁၁။

**မနုဿပရိယာယနိရောဓ** (ပု) [မနုဿပရိယာယ+နိရောဓ] လူဟူသောဝေါဟာရ ချုပ်ဆုံးခြင်း။ ဇေ၀ မနုဿပရိယာယနိရောဓေ ဒေဝပရိယာယုပ္ပါဒေပိ ပရိယာယံ ဇီဝဖြစ် တိဋ္ဌတိတိ နိစ္စာနိစ္စံ။ အနုဋီ၊၃။၁၀၃။

**မနုဿပရိသာ** (ထီ) [မနုဿ+ပရိသာ] လူပရိသတ်။ မနုဿပရိသာ ပဌမနာဝ အပေဟသုံ။ အံ၊ဋ္ဌ၊၁။၁၁၄။ (-မ၊ဋ္ဌ၊၄။ ၂၄၇။ ဒီ၊ဋီ၊၃။ ၂၅၇။)

**မနုဿပရိသာဗာဟုလ္လ** (န) [မနုဿပရိသာ+ဗာဟုလ္လ] လူပရိသတ်များသည်၏အဖြစ်၊ လူပရိသတ်များခြင်း။ မနုဿပရိသာဗာဟုလ္လတော ဩကာသံ အလဘိတွာ။ သိ၊ဋီ၊သစ်၊၁။ ၂၀၉။

**မနုဿပရိဟာရ** (ပု) [မနုဿ+ပရိဟာရ] လူ့ခန္ဓာကိုယ်။ မန္ဒာတာ ပန မနုဿပရိဟာရေန ဒေဝရဇ္ဇံ ကာရေသိယေဝ။ ဇာ၊ဋ္ဌ၊၂။ ၂၈၃။

**မနုဿပါက** (ပု) [မနုဿ+ပါက] လူသတ္တဝါ။ ပါကော နာမ မနုဿပါကော ဝုစ္စတိ။ ဝိ၊၁။ ၆၄။ ဝိ၊ဋ္ဌ၊၁။၃၁၆။ (-သာရတ္ထ၊၂။ ၂၅၀။)

**မနုဿပါပိဋ္ဌ** (ပု) [မနုဿ+ပါပိဋ္ဌ] အထူးသဖြင့် ယုတ်မာသောလူ၊ လူယုတ်မာ။ မနုဿပါပိဋ္ဌော (ဇာ၊၂။၄၇)တိ မနုဿလာမကော ပတိကုဋ္ဌော သဗ္ဗပစ္ဆိမကော။ ဇာ၊ဋ္ဌ၊၅။ ၂၄၆။

**မနုဿပိတု** (ပု) [မနုဿ+ပိတု] လူ့ဖြစ်သော ဖခင်။ ပိတာပိ မနုဿပိတာ၀။ အဘိ၊ဋ္ဌ၊၂။ ၄၈၆။

**မနုဿပုစ္ဆာ** (ထီ) [မနုဿ+ပုစ္ဆာ] လူကို၏ အမေးပုစ္ဆာ။ ကတမာ မနုဿပုစ္ဆာ၊ မနုဿာ ဗုဒ္ဓံ ဘဂဝန္တံ ဥပသင်္ကမိတွာ ပဉှံ ပုစ္ဆန္တိ၊.... အယံ မနုဿပုစ္ဆာ။ မဟာနိ၊ ၂၆၄။ (-စူဠနိ။ ၅၀။)

**မနုဿပုရိသ** (ပု) [မနုဿ+ပုရိသ] လူယောကျ်ား။ ပုရိသပုဂ္ဂလော နာမ မနုဿပုရိသော၊ န ယက္ခော၊ န ပေတော။ ဝိ၊၂။ ၂၇၆။ (-ဝိ၊ဋ္ဌ၊၁။၉၃။ သာရတ္ထ၊၂။ ၂၉၇။ မ၊ဋီ၊၃။၃၄၇။)

**မနုဿပုရိသဃာတက** (တိ) [မနုဿပုရိသ+ဃာတက] လူယောကျ်ားကို သတ်သော၊ သူ။ န ကေဝလံ မနုဿပုရိသဃာတကော။ ဝိမတိ၊၁။ ၂၃၁။

**မနုဿပုရိသပဋိသံယုတ္တဝါရ** (ပု) [မနုဿပုရိသ+ပဋိသံယုတ္တဝါရ] လူယောကျ်ားနှင့် စပ်သော ဝါရ။ မနုဿပုရိသပဋိသံယုတ္တဝါရာ ဒိယဍ္ဍ တိရစ္ဆာနပဋိသံယုတ္တဝါရာ နာဂတာ။ ဝဇီရ။ ၁၈၃။

**မနုဿပေတ** (ပု) [မနုဿ+ပေတ] ပြိတ္တာနှင့်တူသော-ပြိတ္တာ၊မာဘတ်မွတ်နေသော-လူ၊ လူပြိတ္တာ။ ဝေဠုပေါ မနုဿပေတော စ မနုဿနေရယိကော စ ကိံ နန္ဒသီတိ ဘဂဝါတိ အာဟ။ သံ၊ဋ္ဌ၊၁။၃၀။ (-မ၊ဋ္ဌ၊၃။ ၂၆၀။ ဇာ၊ဋ္ဌ၊၃။၆၇။ ဇာ၊ဋ္ဌ၊၇။ ၂၈။) မနုဿဇာတိကောပိ ဖုလ္လဘာဿာသစ္စာဒနတာယ ဒုက္ခဗဟုလေ ပေတော ဝိယာတိ မနုဿပေတော။ သံ၊ဋီ၊၁။ ၇၆။

**မနုဿဖဿ** (ပု) [မနုဿ+ဖဿ] လူ (နှိပ်နယ်မှု) အတွေ့။ မနုဿဖဿာန (သုတ္တနိ။၄၂၆။ မဟာနိ။၃၈၇)န္တိ ဓေယာဝိဖဿာနံ။ သုတ္တနိ၊ဋ္ဌ၊၂။ ၂၈၈။ မဟာနိ၊ဋ္ဌ။၄၀၃။

**မနုဿပေဏ္ဍု** (န) [မနုဿ+ပေဏ္ဍု] အနှစ်သာရ မရှိသောလူ၊ လူ့အကာ။ မနုဿပေဏ္ဍူ (ဇာ၊ ၁။၂၁၆)တိ ဝေဠပါ အသာရကာ မနုဿာ မနုဿပေဏ္ဍူ နာမ။ ဇာ၊ဋ္ဌ၊၄။၅၇။

**မနုဿဗလိ** (ပု) [မနုဿ+ဗလိ] လူပူဇော်သော- ပူဇော်ပွဲ – ဗလိနတ်စာ။ (ဇာတ်ဝတ္ထုသြ မနုဿဗလိမေသာနေဿ၊ လူသားကို ရှာနေသော ဟု ပြန်သည်။) မနုဿဗလိမေသာနေဿ (ဇာ၊ ၁။၃၇၄ )တိ မနုဿဗလိံ ဂဝေသန္တော။ ဇာ၊ဋ္ဌ၊၆။၃၂။

**မနုဿဘက္ခ** (တိ) [မနုဿ+ဘက္ခ] လူသားစား သော၊ သူ။ အထ ခေါ မနုဿဘက္ခော သက- ဟိတနိရပေက္ခော။ ဗုဒ္ဓဝံ၊ဋ္ဌ။၁၅၁။ (–၁၇၃။)

**မနုဿဘဝပရိယာပန္န** (တိ) [မနုဿဘဝ+ပရိယာ- ပန္န] လူ့ဘဝ၌ အကျုံးဝင်သော။ မာနုသန္တိ မနုဿာနံ ဣဒန္တိ မာနုသံ၊ မနုဿဘဝပရိယာ- ပန္နံ။ နေတ္တိ၊ဋ္ဌ၊၂၅၈။

**မနုဿဘာသာ** (ထီ) [မနုဿ+ဘာသာ] လူ့ ဘာသာ၊ လူ့စကား။ ဒေဝါပိ နာဂါပိ မနုဿဘာသာယ ကထေန္တိယေဝ။ ဇာ၊ဋ္ဌ၊၆။ ၉၅။ (–စရိယာ၊ဋ္ဌ။၁၄၈။ ဇာ၊ဋ္ဌ၊၃။၁၇၂။ ဇာ၊ဋ္ဌ၊၅။၃၆၇။)

**မနုဿဘာသိတ** (တိ) [မနုဿ+ဘာသိတ] လူ ပြောအပ်သော။ အယံ သဒ္ဒေါ ဥဒ္ဓံ န ဟောဋ္ဌာ၊ အမနုဿဘာသိတော၊ နော မနုဿဘာသိ- တော။ အံ၊ဋ္ဌ၊၁။၁၈၇။

**မနုဿဘိက္ခု** (ပု) [မနုဿ+ဘိက္ခု] လူဖြစ်သော ရဟန်း။ မနုဿဘိက္ခုဘာဝတော ၁ အည ဘာဂဿ တိရစ္ဆာနဆဂလကဘာဂဿ ဣဒံ ဆဂလကဇာတံ အဓိကရဏံ။ ဝဇီရ။၂၀၀။

**မနုဿဘူတ** (တိ) [မနုဿ+ဘူတ] လူတို့၌ ဖြစ် သော၊ လူအဖြစ်သို့ရောက်သော၊လူဖြစ်သော၊ သူ။ ယံ မနုဿဘူတော သမာနော တထာ- ဂတပ္ပဝေဒိတေ ဓမ္မဝိနယေ သဒ္ဓံ ပဋိလဘတိ။ ဣတိဝုတ်။၂၄၇။ (–အံ၊၂။၃၀၃။ ဝိမာန။၁။ ပေတ။၁၃၉။) မနုဿဘူတောတိ မနုဿေသု ဥပ္ပန္နော, မနုဿဘာဝံ ဝါ ပတ္တော။ ဣတိဝုတ်၊ ဋ္ဌ။၂၄၄–၅။ (–အံ၊ဋ္ဌ၊၃။၁၀၀။ ဝိမာန၊ဋ္ဌ။ ၁၆–၇။ ပေတ၊ဋ္ဌ။၆၆။)

**မနုဿဘောဂ** (ပု) [မနုဿ+ဘောဂ] လူ့ စည်းစိမ်။ ဘောဂသမ္ပဒါတိ မနုဿဘောဂ- ဒေဝဘောဂေဟိ သမ္ပဒါ။ သီ၊ဋ္ဌီ၊သစ်။၂။၁၇၅။

**မနုဿမံသ** (န) [ မနုဿ + မံသ ] လူသား။ ထေရောယံ ဘိက္ခု ဝဋ္ဋေ မနုဿမံသံ မညေ ခါဒတိ။ ဝိ၊၂။၁၃၂။ (–ဝိ၊ဋ္ဌ၊၃။၁၀၅။ သံ၊ဋ္ဌ၊ ၃။၁၁၀။ ဇာ၊ဋ္ဌ၊၅။၅၀၀။)

**မနုဿမံသခါဒက** (တိ) [မနုဿမံသ+ခါဒက။ ထီ–ဒွိ....ခါဒိကာ။] လူသားစားသော၊ သူ။ လုဒ္ဒေါ မနုဿမံသခါဒကော။ စရိယာ၊ဋ္ဌ။ ၁၆၇။ (–ဇာ၊ဋ္ဌ၊၅။၃၂။) မနုဿမံသခါဒိ- ကာ သုနခီ သိင်္ဂါလိ စ ဟုတွာ။ ထေရီ၊ဋ္ဌ။ ၁၈၆။

**မနုဿမံသစက္ခု** (န) [မနုဿ+မံသစက္ခု] လူ့ မျက်စိ။ သဗ္ဗေ ပဿာမီတိ မနုဿမံသ- စက္ခုနာ ဝိယ သဗ္ဗေ ပဿာမိ။ ဝိ၊ဋ္ဌ၊၁။၁၃၃။ (–ဣတိဝုတ်၊ဋ္ဌ။၃၀၀။ မဟာနိ၊ဋ္ဌ။၃၃၂။) မံသစက္ခု–ကြည့်။

**မနုဿမံသရသ** (ပု) [မနုဿမံသ+ရသ] လူသား အရသာ။ ရသေတိ မနုဿမံသရသေ။ ဇာ၊ ဋ္ဌ၊၅။၅၃၆။

**မနုဿမံသဝဋ္ဋ** (တိ) [မနုဿမံသ+ဝဋ္ဋ] လူသား သည်ကြဉ်အပ်သော၊ လူသားကိုကြဉ်သော။ မနုဿမံသဝဋ္ဋေဟိ နဝမံသေဟိ ဝိနိစ္ဆယော။ ဝဇီရ။၅၆၁။

**မနုဿမရဏ** (န) [မနုဿ+မရဏ] လူသေခြင်း။ ကုရုန္ဒိယံ ပန အာဏတ္တိယာ အဒိန္နာဒါနေ မနုဿမရဏေ ဥတ္တရိမနုဿဓမ္မဥလ္လပနေ စ။ ဝိ၊ဋ္ဌ၊၄။၂၂၈။ (–ကင်္ခါ။၁၂၃။)

**မနုဿမလဟရဏ** (န) [မနုဿမလ+ဟရဏ] လူ့အညစ်အကြေးကို ဖယ်ရှားခြင်း၊ လူ့အညစ်အကြေးကို စင်ကြယ်စေခြင်း။ ဒေဝီအနေ့ဘတ္တဒေဟ် နေတ္တာ မနုဿမလဟရဏတ္တံ နှာဒေတ္တာ။ ဇာ၊ဋ္ဌ၊၁။၅၉။ (-မ၊ဋ္ဌ၊၄။ ၁၂၄။ ဒီ၊ဋီ၊၂။၂၄။)

**မနုဿမဟတ္တ** (န) [မနုဿမဟန္တ + တ္တ။ မနုဿ +မဟတ္တ] မြင့်မြတ်သော လူ့အဖြစ်၊ လူတို့တွင် မြင့်မြတ်သော လူ၏ အဖြစ်။ မနုဿမဟတ္တတာ (မ၊၃။၇၄)တိ တိဏ္ဏံ ဂုဏာနံ သမ္ပတ္တိ။ မ၊ဋ္ဌ၊၄။၅၅။

**မနုဿမဟန္တတာ** (ထီ) [မနုဿ+မဟန္တတာ] လူတို့တွင် မြင့်မြတ်သောလူ့အဖြစ်။ မနုဿမဟန္တတ (မ၊ဋ္ဌ၊၁။၁၇၂)န္တိ ဇာတိရူပဘောဂါဒိပါရိယသတ္တဝသေန မနုဿေသု မဟန္တဘာဝံ။ မ၊ဋီ၊၁။၂၇၁။

**မနုဿမာတု** (ထီ) [မနုဿ+မာတု] လူဖြစ်သော မိခင်။ မာတုထည္ညန္တိ ကေနာဝါကာယ မနုဿမာတု ခီရံ။ သံ၊ဋ္ဌ၊၂။၁၄၆။ (-အဘိ၊ဋ္ဌ၊၂။၄၈၆။ ထေရ၊ဋ္ဌ၊၁။၁၄၂။)

**မနုဿမာတုဂါမ** (ပု) [မနုဿ+မာတုဂါမ] လူမိန်းမ၊ မနုဿမာတုဂါမောပိ န ဒုတိယော။ ပါဝ၊ ယက္ခာဒယော ပတိ။ ဝိဇိ၊၂၉၅။

**မနုဿမာရက** (တိ) [မနုဿ+မာရက] လူသတ်သော ၊သူ (လူသတ်သမား)။ အင့် မနုဿမာရကော ဘဝိဿတိ။ ဇာ၊ဋ္ဌ၊၁။ ၅၃၃။ (-ဇာ၊ဋ္ဌ၊၂။၁၆၆။ ဇာ၊ဋ္ဌ၊၃။၁၉၀။)

**မနုဿမုခသကုဏ** (ပု) [မနုဿမုခ+သကုဏ] လူမျက်နှာနှင့်တူသော မျက်နှာရှိသောငှက်။ ဒ ဣမောဏဝဏ္ဏာနိ စာဝိ မနုဿမုခသကုဏာ။ ဒီ၊ဋ္ဌ၊၃။၁၄၉။

**မနုဿယက္ခ** (ပု) [မနုဿ+ယက္ခ] လူဖြစ်သော ဘီလူး၊ လူဘီလူး။ မနုဿယက္ခော ငါရဝန္တော ပာကို။ ဇာ၊ဋ္ဌ၊၅။၂၃။

**မနုဿယသပဋိဗာဟက** (တိ) [မနုဿယသ+ပဋိဗာဟက] လူ့စည်းစိမ်အခြံအရံကို တားမြစ်တတ်သော (မစ္ဆရိယ)။ မာနုသာတိ မနုဿယသပဋိဗာဟကာ။ စရိယာ၊ဋ္ဌ၊၉၉။

**မနုဿယာန** (န) [မနုဿ+ယာန] လူစီးရာယာဉ်။ ဒေဝေသု ဒေဝယာနံ မနုဿေသု မနုဿယာနံ။ မိလိန္ဒ၊၂၆၈။

**မနုဿယောနိ** (ထီ) [မနုဿ+ယောနိ] လူမျိုး၊ လူဇာတ်၊ လူ့အဖြစ်။ ယောနိ ဝဒ္ဓါန မာနုသိန္တိ မနုဿယောနိံ မနုဿတ္တဘာဝံ လဘိတွာ၊ ပေတ၊ဋ္ဌ၊၂၆၄။ (-ထေရ၊ဋ္ဌ၊၂။ ၁၃။ ဇာ၊ဋ္ဌ၊၄၊၄၇၀။ ဒီ၊ဋီ၊၃။၅၀။)

**မနုဿရတန** (န) [မနုဿ+ရတန] လူရတနာ။ မနုဿရတနမ္ဘိ ဒုဝိဓံ ဣတ္ထိရတနံ ပုရိသရတနံ။ မ၊ဋ္ဌ၊၄။၁၉၇။ ခုဒ္ဒက၊ဋ္ဌ၊၁၄၉။ (-သုတ္တနိ၊ဋ္ဌ၊ ၁။၂၇၈။)

**မနုဿရမဏီယ** (တိ) [မနုဿ+ရမဏီယ] လူတို့သည် မွေ့လျော်အပ်သော၊ လူတို့၏ မွေ့လျော်ရာ။ မနုဿရမဏီယဘာဝသော- (သံ၊ဋ္ဌ၊၁၊၃၂၀)တိ မနုဿာနံ အာရမဏီယ- ဘာဝတော။ သံ၊ဋီ၊၁။၃၃၇။

**မနုဿရမဏီယက** (တိ) [မနုဿရမဏီယ+က] လူတို့သည် မွေ့လျော်အပ်သော၊ လူတို့၏ မွေ့လျော်ရာ။ ဤပါဠိ မနုဿရမဏီယက- ဝသေန ဘူမိရမဏီယကံ ဒဿေန္တော။ သံ၊ဋ္ဌ၊ ၁။၃၂၀။

**မနုဿရဟိတ** (တိ) [မနုဿ+ရဟိတ] လူ-ကင်းသော-မရှိသော။ အမနုဿကောတိ သုဉ္ဉာရာမ- မနုဿာနံ့တတ္ထ အဘာဝေန မနုဿရဟိတော။ စရိယာ၊ဋ္ဌ၊၁၄၂။

**မနုဿရာဇ** (ပု) [မနုဿ + ရာဇ] လူမင်း။ သော တဒါ စုတော မနုဿရာဇာ ဘဝိတုံ ပဟောသိ။ ဒီ၊၂။၁၆၇။

**မနုဿရာဇပုတ္တိ** (ထီ) [မနုဿရာဇ+ပုတ္တိ] လူမင်းသမီး။ ဘာတရောတိ အဟမ္ပိ မနုဿရာဇပုတ္တိ။ ဇာ၊ဋ္ဌ၊၇။၃၄၀။

**မနုဿရာမဏေယျ** (နှ) [မနုဿ+ရာမဏေယျ] လူတို့သည် မွေ့လျော်အပ်သည်၏ အဖြစ်၊ လူတို့၏ မွေ့လျော်ရာ၏ အဖြစ်။ မနုဿရာမဏေယျသာ (သံ၊၁။၂၃၄)တိ မနုဿရမဏီယဘာဝဿ။ သံ၊ဋ္ဌ၊၁။၃၂၀။

**မနုဿရာဟသေယျက** (တိ) [မနုဿ+ရာဟသေယျက] လူတို့၏ လျှို့ဝှက်သော အမှုကို ပြုခြင်းငှါဆိုက်သော။ အပ္ပနိဂ္ဃောသံ ဝိဇနဝါတံ မနုဿရာဟသေယျကံ ပဋိသလ္လာနသာရုပ္ပံ။ ဝိ၊၃။၄၉။(–ဒီ၊၁၊၃၁။ အဘိ၊ဝိ။၂၆၁။ မဟာနိ။ ၁၁၁။) မနုဿရာဟသေယျကန္တိ မနုဿာနံ ရဟဿကိရိယဋ္ဌာနိယံ။ ဝိ၊ဋ္ဌ၊၃။၂၅၅။ အဘိ၊ဋ္ဌ၊ ၂။၃၅၁။ (–ဒီ၊ဋ္ဌ၊၁။၁၇။ မဟာနိ၊ဋ္ဌ။၂၃၁။) ရဟဿံ ကိရိယတိ ဧတ္ထာတိ ရာဟသေယျကံ၊ မနုဿာနံ ရာဟသေယျကံ မနုဿရာဟသေယျကန္တိ ဝစနတ္ထံ ဒဿေတိ မနုဿာနန္တိ-အာဒိနာ။ ပါစိတ်၊ယော။၂၁၄။

**မနုဿရူပ** (နှ) [မနုဿ+ရူပ] (၁) လူ့အသွင်သဏ္ဌာန်။ (၂) လူတို့၏ရုပ်ဘာရား။ (၃) လူ့ရုပ်တု၊ လူ့ပုံတူ။ (၁) ပေတော မနုဿရူပေန၊ သံသရန္တော ဂမိဿတိ။ ထေရီ။ ၃၉၄။ (–ဝိ၊ ဋ္ဌ၊၁။၃၂၇။ ထေရ၊ဋ္ဌ၊၁။၁၁၈။) မနုဿရူပေနာတိ နိဒဿနမတ္တမေတံ၊ မနုဿဘာဝေန တိရစ္ဆာနာဒိဘာဝေန စာတိ အတ္ထော။ ထေရီ၊ ဋ္ဌ။၁၂၈။ (၂) ဝေမာနိကပေတရူပမ္ပိ အကုသလကမ္မဇတ္တာ ကမ္မဏာရဏာဒိဒုက္ခဝတ္ထုဘာဝတော စ "မနုဿရူပတော ဟီန" န္တိ ဝုတ္တံ။ မူလဋီ၊၂။၁၀။ (၃) တံ ဟတ္ထေန အပရာမသိတွာ "မနုဿရူပ" န္တိ န သက္ကာ ဉာတုံ။ ဇာ၊ဋ္ဌ၊၆။၂၇၉။

**မနုဿလာဘ** (ပု) [မနုဿ+လာဘ] လူ့အဖြစ်ကိုရခြင်း။ သိရံ တဿ စ ပဋိမုက္ကံ၊ မနုဿလာဘမ္ပိ ဩပမ္မံ။ ထေရီ။၄၃၃။ (–သံ၊၃။၆၁။ ဝိမာန။၆၂။) မနုဿလာဘမ္ပိ ဩပမ္မန္တိ.... မနုဿတ္တလာဘေ ဩပမ္မံ ကတွာ။ ထေရီ၊ဋ္ဌ။ ၂၉၅။

**မနုဿလာမက** (ပု) [မနုဿ+လာမက] (၁) ယုတ်မာသောလူ၊ လူယုတ်မာ။ မနုဿ ပါပိဋ္ဌ-ကြည့်။ (၂) အဆင့် ယုတ်နိမ့်သော လူ၊ လူဆင်းရဲ။ မနုဿဝရာက–ကြည့်။

**မနုဿလောက** (ပု) [မနုဿ+လောက] (၁)လူ့လောက၊ လူ့ဘုံ၊ လူ့ပြည်။ (၂) လူအပေါင်း။ (၁) ပုရိမာယ ဇာတိယာ မနုဿလောကေ။ ဝိမာန။၃။ (–ဝိ၊ဋ္ဌ၊၁။၂၇။ သံ၊ဋ္ဌ၊၁။၁၃။ ဓမ္မ၊ ဋ္ဌ၊၂။၄၄၉။) မနုဿလောကေတိ မနုဿလောကဘာဝေ၊ ရာဇဂဟံ သန္ဓာယ ဝဒတိ။ ဝိမာန၊ဋ္ဌ။၂၅။ (၂) မနုဿလောကော (ဝိ၊ဋ္ဌ၊ ၁။၉၇)တိ မနုဿသမူဟော။ ဝိမတိ၊၁။၆၃။

**မနုဿလောကကထာ** (ထီ) [မနုဿလောက+ကထာ] လူ့လောကနှင့် စပ်လျဉ်းသော စကား။ ဣဒါနိ မနုဿလောကကထာ နာမ ဟောတိ။ အဘိ၊ဋ္ဌ၊၃။၂၆၀။

**မနုဿလောကဂမနီယ** (ထိ) [မနုဿလောက+ဂမနီယ] လူ့ပြည်သို့ရောက်– ကြောင်းဖြစ်သော – စေတတ်သော။ အတ္ထိ အာသင်္ကါ မနုဿလောကဂမနီယာ။ အံ၊၂။၁၃၆၂။ အဘိ၊ ဋ္ဌ၊၁။၄၀၁။ ဣတိဝုတ်၊ဋ္ဌ။၁၀၉။

**မနုဿလောကဂါမီ** (တ်) [မနုဿလောက+ဂမု+ဏီ] လူ့ပြည်သို့ ရောက်ကြောင်းဖြစ်သော ။ မနုဿဂါမီ-ကြည့်။

**မနုဿလောကပရိယာပန္န** (တိ) [မနုဿလောက+ပရိယာပန္န ] လူ့ပြည်၌ အကျုံးဝင်သော။ ယေ စ မနုဿလောကပရိယာပန္နာ ဝတ္ထုကာမာ။ ထေရီ၊ဋ္ဌ။၅၃။

**မနုဿလောကဝေဒနီယ** (တိ)[မနုဿလောက+ဝေဒနီယ] လူ့ပြည်လောက၌ ခံစားအပ်သော အကျိုးရှိသော။ အတ္ထိ ကမ္မံ မနုဿလောကဝေဒနီယံ။ အံ၊၂။၃၆၃။

**မနုဿလောကသညာ** (ထီ) [မနုဿလောက+သညာ] လူ့ပြည်ဟူသော အမှတ်သညာ။ သာ မနုဿလောကသညာယ ဧဝ တတ္ထ တေဟိ သဒ္ဓိံ သမ္မောဒမာနာ ပိယသံဝါသံ ဝသိ။ ဇာ၊ဋ္ဌ၊၇။၁၂။

**မနုဿလောကသဏ္ဌာနဋ္ဌာန** (နု) [မနုဿလောက+သဏ္ဌာနဋ္ဌာန] လူ့ဘုံ- လူ့ပြည်လောက-တည်ရာ အရပ်။ မနုဿလောကသဏ္ဌာနဋ္ဌာနံ ပန ပတ္တေ ဥဒကေ ဓမကရကာမုခေ ပိဟိတေ ဝိယ။ ဒီ၊ဋ္ဌ၊၂။၅။

**မနုဿလောကသမ္ပတ္တိ** (ထီ) [မနုဿလောက+သမ္ပတ္တိ] လူ့ပြည်၌ ဖြစ်သော စည်းစိမ်၊ လူ့စည်းစိမ်။ မနုဿလောကသမ္ပတ္တိံ ဧကဒေသတော ကထေတိ။ မ၊ဋ္ဌ၊၄။၁၆၃။

**မနုဿလောကာဘိမုခ** (တိ) [မနုဿလောက+အဘိမုခ] လူ့ဘုံ-လူ့ပြည်-သို့ ရှေးရှုသော။ ကာလေန မနုဿလောကာဘိမုခံ ဝဇ္ဇေတွာ။ မ၊ဋ္ဌ၊၄။၁၄၈။ (-ဝဇီရ၊၅၂။)

**မနုဿလောကူပပတ္တိ** (ထီ) [မနုဿလောက+ဥပပတ္တိ] လူ့ဘုံ-လူ့ပြည်လောက-၌ ဖြစ်ခြင်း။ ယာစတိ တံ မာရိသ ဘိက္ခုသံဃော မနုဿလောကူပပတ္တိယာ။ မိလိန္ဒ၊၇။ (-ဒီ၊ဋီ၊၁၊၁၅၅။)

**မနုဿလောမ** (နု) [မနုဿ+လောမ] လူ၏ အမွေး။ ဌပေတွာ ပန မနုဿလောမံ ယံကိဉ္စိ ကပ္ပိယာကပ္ပိယမံသဇာတီနံ ပက္ခိစတုပ္ပဒါနံ လောမံ။ ဝိ၊ဋ္ဌ၊၄။၆၀။ (-ကခါ၊၂၀၁။ ဝိ၊သင်္ဂဟ၊၄၅၀။)

**မနုဿဝိဂ္ဂဟ** (နု) [မနုဿ+ဝိဂ္ဂဟ] လူ၏ [illegible]တ်၊ လူ့ဝိဂ္ဂဟ။ ယတ္တကော မနုဿဝိဒွိရတော ဒုဂ္ဂတော နိက္ခန္တော ပဝတ္တော။ မ၊ဋီ၊၃။၃၃။

**မနုဿဝဏ္ဏ** (ပု) [မနုဿ+ဝဏ္ဏ] (က) လူ၏ အသွင်သဏ္ဌာန်။ (ခ) လူ၏အဆင်းရူပါရုံ။ (က) မနုဿော သုနိဝတ္ထော မနုဿဝဏ္ဏေနာဂန္တွာ။ ဇာ၊ဋ္ဌ၊၄။၄၅၆။ (ခ) မနုဿလောကေ တာဒိသိယာ ရူပသမ္ပတ္တိယာ အဘာဝတော အတိက္ကန္တော မနုဿဝဏ္ဏံ။ သံ၊ဋီ၊၂။၄၀၂။

**မနုဿဝဓဒဏ္ဍ** (ပု) [မနုဿဝဓ+ဒဏ္ဍ] လူကို သတ်ခြင်းကြောင့် ရရှိသော အပြစ်ဒဏ်၊ လူသတ်မှုဒဏ်။ တိတ္ထိယာ မနုဿဝဓဒဏ္ဍံ ပါပုဏိံသု။ ဥဒါန၊ဋ္ဌ၊၂၃၇။

**မနုဿဝရာက** (ပု) [မနုဿ + ဝရာက] အဆင့်နိမ့်သောလူ၊ လူဆင်းရဲ။ ဣမသ္မိံယေဝ ရာဇဂဟေ မနုဿဒလိဒ္ဒေါ အဟောသိ မနုဿကပဏော မနုဿဝရာကော။ သံ၊၁။၂၃၃။ (-ဥဒါန၊၁၃၄။) မနုဿဝရာကောတိ မနုဿလာမကော။ သံ၊ဋ္ဌ၊၁။၃၁၉။ မနုဿဝရာကောတိ မနုဿာနံ ဟီဠိတပရိဘူတတာယ အတိဝိယ ဒီနော။ ဥဒါန၊ဋ္ဌ၊၂၅၃။

**မနုဿဝသာ** (ထီ) [မနုဿ+ဝသာ] လူ့အဆီ၊ လူဆီ။ ဌပေတွာ မနုဿဝသံ သဗ္ဗေသံ အကပ္ပိယမံသာနံ ဝသာ အနုညာတာ။ ဝိ၊ဋ္ဌ၊၂။၂၈၂။ (-ကခါ၊၁၈၁။)

**မနုဿဝသာတေလ** (နု) [မနုဿ+ဝသာတေလ] လူ၏ဆီကြည်။ တေဟိ မနုဿဝသာတေလံ ဌပေတွာ သဗ္ဗံ ဝိရသပ္ပိနဝနီတဝသာတေလေသု အကပ္ပိယံ နာမ နတ္ထိ။ သာရတ္ထ၊၃။၆၈။ (-ကခါ၊ဋီ၊သစ်၊၃၉၂။)

**မနုဿဝဿိတ** (နု) [မနုဿ + ဝဿိတ] လူ့စကားသံ၊ လူ၏ ပြောစကား။ မနုဿဝဿိတံ ရုဒံ၊ ဒုဗ္ဗဏ္ဏနတရံ တတော။ ဇာ၊၁။၂၈၁။ ဇာ၊ဋ္ဌ၊၄။၂၁၇။

**မနုဿဝါစာ** (ထီ) [မနုဿ+ဝါစာ] လူ၏ဘာသာစကား။ မဓုရယ မနုဿဝါစာယ အဘာသိ။ ဇာ၊ဋ္ဌ၊၄။၂၅၉။

**မနုဿဝါသ** (ပု) [မနုဿ+ဝါသ] လူ၏နေရာအရပ်။ အညေန မနုဿဝါသံ ကတံ။ သံ၊ဋ္ဌ၊၂။၁၀၈။

**မနုဿဝါသူပဂမန** (နု) [မနုဿဝါသ+ဥပဂမန] လူ၏နေရာ – လူ့ဘုံ–သို့ ကပ်ရောက်ခြင်း။ ပုညသမ္ဘာရပရိပူဟနတ္ထံ ပုန မနုဿဝါသူပဂမနံ။ စရိယာ၊ဋ္ဌ။၅၈။

**မနုဿဝိက္ကယ** (ပု) [ မနုဿ + ဝိက္ကယ ] လူကိုရောင်းခြင်း။ သတ္တ ဝဏိဇ္ဇာတိ မနုဿဝိက္ကယော။ အံ၊ဋ္ဌ၊၃။၆၂။ ဒီ၊ဋီ၊၁။၂၈၃။ သီ၊ဋီ၊သစ်၊၂။၁၉၀။ မ၊ဋီ၊၁။၂၄၀။

**မနုဿဝိဂ္ဂဟ** (ပု) [ မနုဿ+ဝိဂ္ဂဟ ] လူဇာတ်ဖြစ်သော သူ၏ကိုယ်၊ လူ၏ခန္ဓာကိုယ်၊ လူ။ မနုဿဝိဂ္ဂဟော နာမ ယံ မာတုကုစ္ဆိသ္မိံ ပဌမံ စိတ္တံ ဥပ္ပန္နံ ပဌမံ ဝိညာဏံ ပါတုဘူတံ၊ ယာဝ မရဏကာလာ ဧတ္ထန္တရေ ဧသော မနုဿဝိဂ္ဂဟော နာမ။ ဝိ၊၁။၉၂။ (–ကခ်ါ၊ဋီ၊သစ်။ ၂၁၁။)

**မနုဿဝိဂ္ဂဟနာဂ** (ပု) [ မနုဿဝိဂ္ဂဟ+နာဂ ] လူ၏ခန္ဓာကိုယ်ကို ယူသောနဂါး၊ လူယောင်ဆောင်သော နဂါး။ မနုဿဝိဂ္ဂဟနာဂါဒီနံ နာဂရူပါဒီနံ ဝါ သန္တိကာ။ ဝဇီရ။၉၉။

**မနုဿဝိဂ္ဂဟပါရာဇိက** (ပု) [မနုဿဝိဂ္ဂဟ+ပါရာဇိက] လူဇာတ်ဖြစ်သော သူကို သတ်ခြင်းကြောင့် ဖြစ်သော ပါရာဇိက၊ မနုဿဝိဂ္ဂဟပါရာဇိက။ ဣဒါနိ ယသ္မာ ဟေဋ္ဌာ ပဒဘာဇနီယမှိ သင်္ခေပေနေဝ မနုဿဝိဂ္ဂဟပါရာဇိကံ ဒဿိတံ။ ဝိ၊ဋ္ဌ၊၂။၄၂။ (–ဝိ၊ဋ္ဌ၊၄။၂၄၀။ ဝိမတိ၊၂။၁၂၄။)

**မနုဿဝိဂ္ဂဟိတ္ထိ** (ထီ) [မနုဿဝိဂ္ဂဟ + ဣတ္ထိ] လူယောင်ဆောင်ထားသော တိရစ္ဆာန်မ။ တိရစ္ဆာနဂတာယ ဝါ မနုဿဝိဂ္ဂဟိတ္ထိယာ ဝါ သဒ္ဓိံ ရဟောပဋိစ္ဆန္နေ အာသနေ နိသဇ္ဇံ ကပ္ပေတိ။ ဝိ၊၂။၁၂၉။ (ရဟောနိသဇ္ဇသိက္ခာပုဒ် (ဝိ၊၂။၁၃၁)၌ ဒုက္ကဋ်အာပတ်သင့်ပုံ ပြရာတွင် ယက္ခိယာ ဝါ ပေတိယာ ဝါ ပဏ္ဍကေန ဝါ တိရစ္ဆာနဂတမနုဿဝိဂ္ဂဟိတ္ထိယာ ဝါ-ဟု ရှိ၏။ ရဟောပဋိစ္ဆန္နသိက္ခာပုဒ် (ဝိ၊၂။၁၂၉)၌ကား ယက္ခိယာ ပါ ပေတ်ယာ ဝါ ပဏ္ဍကေန ဝါ တိရစ္ဆာနဂတာယ ဝါ မနုဿဝိဂ္ဂဟိတ္ထိယာ ဝါ ဟု ရှိသည်။)

**မနုဿဝိရူပ** (တိ) [ မနုဿ+ဝိရူပ ] အဆင်းဖောက်ပြန် ပျက်စီးသော– မတင့်တယ်သော–လူ။ မနုဿဒေါဘဂ္ဂ-ကြည့်။

**မနုဿဝေဒနီယ** (နု) [ မနုဿ + ဝေဒနီယ ] လူ့ဘဝ၌ ခံစားအပ်သောအကျိုး (မုချတ္ထ)။ လူ့ဘဝ၌ ခံစားအပ်သော အကျိုးရှိသောကံ (ဥပစာရတ္ထ)။ ဣဒံ ဒေဝဝေဒနီယံ၊ ဣဒံ မနုဿဝေဒနီယန္တိ။ နေတ္တိ။ဂ၂။ (မဏိမဉ္ဇူ၊ ၂။၂၈–ဒိဋ္ဌဓမ္မဝေဒနီယ ပုဒ်အဖွင့်ကြည့်။)

**မနုဿဝေသ** (ပု) [မနုဿ+ဝေသ] လူ၏အသွင်သဏ္ဌာန်။ ရက္ခသိဂဏော မနုဿဝေသေန ဝါဏိဇေ ဥပလာပေတွာ။ ဇာ၊ဋ္ဌ၊၅။၄၉၂။ (–ဇာ၊ဋ္ဌ၊၆။၁၇၄။ ဇာ၊ဋ္ဌ၊၇။၃၂၉။)

**မနုဿသံသဂ္ဂ** (ပု) [မနုဿ+သံသဂ္ဂ] လူနှင့်–နီးနှောခြင်း–ရောနှောခြင်း။ တာဝ မနုဿသံသဂ္ဂေါ န ဥပစ္ဆိဇ္ဇတိ။ ဝိသုဒ္ဓိ၊၁၊၉၀။ သာရတ္ထ၊၂။၂၀၀။

**မနုဿသဉ္စာရ** (ပု) [မနုဿ+သဉ္စာရ] လူတို့သွားလာလှုပ်လည်ခြင်း။ အထ တသ္မိံ မဂ္ဂေ ဒွေ တိဏ္ဏိ ဒိဝသာနိ မနုဿသဉ္စာရော ပစ္ဆိဇ္ဇိ။ ဇာ၊ဋ္ဌ၊၂။၆၄။

**မနုဿသညာ** (ထီ) [ မနုဿ+သညာ ] လူဟူသောအမှတ်သညာ။ မနုဿသညံ အရညာ-

သည် ပဋိစ္စ မနုဿိကရောတိ ကြောင့်။ မ၊၃။ ၁၄၇။ (–မ၊ဋ္ဌ၊၄။၁၀၀။ မ၊ဋီ၊၃။၃၂၂။)

**မနုဿသဒ္ဒ** (ပု) [မနုဿ+သဒ္ဒ] (၁) လူတို့ပြောဆိုသောအသံ၊ လူသံ။ (၂)မနုဿ-သဒ္ဒါ။ (၁) ဥဒကသဒ္ဒေါ မနုဿသဒ္ဒေါ အမနုဿသဒ္ဒေါ။ အဘိ၊ဓ။၁၆၄။ (–စရိယာ၊ဋ္ဌ။၁၄၃။ ဧ၁၊ဋ္ဌ၊ ၄။၁၆၂။) မနုဿာနံ သလ္လာပါဒိသဒ္ဒေါ မနုဿသဒ္ဒေါ။ အဘိ၊ဋ္ဌ၊၁။၃၅၆။ (၂) ပစ္စ-သဒ္ဒံ မနုဿ-သဒ္ဒေန ဝိသေသေတွာ၊ ဝိမတိ၊၁။၆၃။

**မနုဿသဒ္ဒဝိရဟိတ** (တိ) [မနုဿသဒ္ဒ + ဝိရဟိ-တ] လူသံကင်းဆိတ်သော။ တံ ကာနနသဒိ-ဝံ ပဝနံ၊ မနုဿသဒ္ဒဝိရဟိတတ္တာ အပ္ပသဒ္ဒံ နိဿဒ္ဒန္တိ အဝေတ္တွာ။ အပ၊ဋ္ဌ၊၂။၇၇။

**မနုဿသဒ္ဒါဘာဝ** (ပု) [မနုဿသဒ္ဒ+အဘာဝ] လူသံမရှိခြင်း။ ရဉ္ဇိယံ မနုဿသဒ္ဒါဘာဝေန ရဉ္ဇိ အပ္ပသဒ္ဒံ။ အံ၊ဋီ၊၃။၃၀၆။

**မနုဿသင်္ဂဟဝိလုမ္ပန** (န) [မနုဿသင်္ဂဟ+ ဝိလုမ္ပန] လူ့ဥစ္စာကို လုယက်ခြင်း။ ကာလေန မနုဿသင်္ဂဟဝိလုမ္ပနသံခါတေန ပါပေန ကမ္မေန လဒ္ဓေါ ပိဏ္ဍော။ ဇာ၊ဋ္ဌ၊၃။၂၉၄။

**မနုဿသပ္ပိ** (န) [မနုဿ+သပ္ပိ] လူနို့ဖြင့် ချက်အပ်သော ထောပတ်၊ လူထောပတ်။ ကာရဏပတိရူပကံ ဝတွာ မနုဿသပ္ပိ စ နဝ-နီတဥ္စ ပဋိက္ခိတ္တံ။ ဝိ၊ဋ္ဌ၊၂။၂၉၀။

**မနုဿသမူဟ** (ပု) [မနုဿ+သမူဟ] လူအပေါင်း။ မနုဿလောက (၂) ကြည့်။

**မနုဿသမ္ပတ္တိ** (ထီ) [မနုဿ+သမ္ပတ္တိ] လူ့စည်းစိမ်။ ဒိဗ္ဗသမ္ပတ္တိံ မနုဿသမ္ပတ္တိံ ပဋိလဘတိ။ မ၊ဋ္ဌ၊၁။၉၄။ (–ခု၊ပါ၊ဋ္ဌ၊၂။၁၁၉။ ဒီ၊ဋီ၊၁။၂၁၃။ အံ၊ဋီ၊၂။၂၉၂။

**မနုဿသမ္ပတ္တိပဋိလာဘက** (တိ) [မနုဿသမ္ပတ္တိ+ ပဋိလာဘက] လူ့စည်းစိမ်ကို ရ ... သော။ မနုဿာတိ မနုဿသမ္ပတ္တိပဋိ-

ဗောဟကာ။ ကော ပန တေတိ? မဇ္ဈိမပုရိမ္မာ။ ဇာ၊ဋ္ဌ၊၇။၃၅၇။

**မနုဿသရီရ** (ပု၊န) [မနုဿ+သရီရ] လူ့ကိုယ်၊ လူ့အတ္တဘော။ မနုဿသရီရံ ဖေဟိတွာ ဆဋ္ဋေတွာ။ အပ၊ဋ္ဌ၊၁။၁၂၄။ (–ဇာ၊ဋ္ဌ၊၂။ ၂၇၃။ သီ၊ဋီ၊သစ်၊၂။၂၉၁။)

**မနုဿသရီရဂန္ဓ** (ပု) [မနုဿသရီရ + ဂန္ဓ] လူ့ကိုယ်နံ့။ ဒေဝတာနဥ္ဟိ ပကတိယာပိ မနုဿ-သရီရဂန္ဓော နာမ ဇေဂုစ္ဆော။ ဒီ၊ဋ္ဌ၊၂။၃၂၂။

**မနုဿသာဝေဇ္ဇ** (န) [မနုဿ+သာဝေဇ္ဇ] လူ (သန္တာန်၌ဖြစ်သော) ကောက်ကျစ်စဉ်းလဲမှု။ မနုဿကသဋ္ဌ-ကြည့်။

**မနုဿသီသ** (န) [မနုဿ+သီသ] လူ့ဦးခေါင်း။ တီဟိ မနုဿသီသေဟိ ဥဒ္ဓနံ ကတွာ။ ဇာ၊ဋ္ဌ၊ ၃။၄၀၃။

**မနုဿသီသုဒ္ဓန** (န) [မနုဿသီသ + ဥဒ္ဓန] လူ့ဦးခေါင်းဖြင့် ပြုလုပ်ထားသော-ခုံလောက်-ဖိုခုံလောက်။ ပစနထာလိကံ မနုဿသီသုဒ္ဓနံ အာရောပေတွာ။ ဇာ၊ဋ္ဌ၊၃။၄၁၄။

**မနုဿသုခ** (န) [မနုဿ+သုခ] လူ့ချမ်းသာ။ သောဏသောဒ္ဒီပုတ္တရဋ္ဌပါလာဒီနံ ဝိယ မနုဿ-သုခံ။ သံ၊ဋ္ဌ၊၁။၃၀၀။ သုတ္တနိ၊ဋ္ဌ၊၁။၂၂၅။ (–မဟာ၊ဋ္ဌ၊၂။၃၃။ အပ၊ဋ္ဌ၊၂။၁၄၆။)

**မနုဿသုခုမာလ** (ပု) [မနုဿ + သုခုမာလ] ကိုယ်ခန္ဓာနူးညံ့သောလူ၊ လူချမ်းသာ။ မနုဿ-သုခုမာလာနံ၊ မဏိကဏ္ဍော့သု လမ္ဗကိ။ ဇာ၊၁။ ၁၅၄။ ဇာ၊ဋ္ဌ၊၃။၂၉၆။ သုခုမာလ (အံ၊ဋ္ဌ၊ ၂။၁၂၄)ကြည့်။

**မနုဿသုဂတိ** (ထီ) [မနုဿ+သုဂတိ] သုဂတိ ဖြစ်သော လူ့ဘုံ။ ဗုဒ္ဓါ ဘဂဝန္တော မနုဿ-သုဂတိယံ ယေဝ ဥပ္ပဇ္ဇန္တိ။ မ၊ဋီ၊၃။၃၃၇။ အံ၊ဋီ၊ ၁။၁၂၃။

**မနုဿသေဋ္ဌ** (တိ) [မနုဿ+သေဋ္ဌ] လူတို့တွင် အမြတ်ဆုံးသော၊ သူ။ ယေ ဇီဝလောကေတ္ထ မနုဿသေဋ္ဌာ။ ဇာ၊ ၂။၆။ ဣမသ္မိံ ဇီဝလောကေ မနုဿေသု သေဋ္ဌာ။ ဇာ၊ဋ္ဌ၊၅။၁၄၅။

**မနုဿသောဘဂ္ဂ** (န) [မနုဿ+သောဘဂ္ဂ] လူတို့တွင်–တင့်တယ်ကောင်းမွန်သောသူ၏ အဖြစ်–အမျိုးမြတ်သောသူ၏အဖြစ်။ သမ္ပတ္တိယန္တိ မနုဿသောဘဂ္ဂေ ဒေဝတ္တေ စ။ ဒီဋ္ဌီ၊ ၂။၃၄၁။

**မနုဿသောဘဂ္ဂတာ** (ထီ) [မနုဿသောဘဂ္ဂ+တာ] လူတို့တွင်– တင့်တယ်ကောင်းမွန်သော သူ၏အဖြစ်–အမျိုးမြတ်သော သူ၏အဖြစ်။ မနုဿသောဘဂ္ဂတ (ဝိမာန။၉၇)န္တိ မနုဿေသု သုဘဂဘာဝံ။ ဝိမာန၊ဋ္ဌ။၂၇၀။

**မနုဿသောဘဂျိယ** (န) [မနုဿ+သောဘဂျိယ] လူတို့တွင်–တင့်တယ် ကောင်းမွန်သော သူ၏ အဖြစ်–အမျိုးမြတ်သောသူ၏အဖြစ်။ သဂ္ဂူပပတ္တိ မနုဿသောဘဂျိယဥ္စ သုက္ကတိပါကော။ သံဋ္ဌီ၊ ၂။၃၈၇။

**မနုဿသောဘဂျ** (န) [မနုဿ + သောဘဂျ] လူတို့တွင်–တင့်တယ် ကောင်းမွန်သော သူ၏ အဖြစ်–အမျိုးမြတ်သောသူ၏အဖြစ်။ မနုဿသောဘဂျ(အံ၊၃။၇၂)န္တိ မနုဿေသု သုဘဂဘာဝံ ကိဝိဓေကုလသမ္ပတ္တိံ။ အံ၊ဋ္ဌ၊၃။၂၃၁။

**မနုဿသောဘဂျသံဝတ္တနိယ** (တိ) [မနုဿသောဘဂျ + သံဝတ္တနိယ] လူတို့တွင်–တင့်တယ် ကောင်းမွန်သော သူ၏ အဖြစ်–အမျိုးမြတ်သောသူ၏အဖြစ်–ကိုဖြစ်စေတတ်သော။ မနုဿသောဘဂျသံဝတ္တနိယံ ကမ္မံ ကရောတီတိ။ အဘိ၊က။၃၉၃။

**မနုဿဟဒယ** (န) [မနုဿ+ဟဒယ] လူ၏စိတ်။ ဓေံ ဒုပ္ပိဇာနံ နာမ မနုဿဟဒယန္တိ။ ဇာ၊ဋ္ဌ၊၄။၂၁၇။

**မနုဿဟိံသ** (တိ) [မနုဿ+ဟိံသ] လူတို့ကို နှိပ်စက်တတ်သော၊ သူ (ကျီးကန်း)။ မနုဿဟိံသာ (ဇာ၊၁။၁၉၄)တိ ကာကော မနုဿေ ဟိံသတိ ဝိဟေဌေတိ၊ ဝေနနံ ဓေံ အာလပတိ။ ဇာ၊ဋ္ဌ၊၃။၄၉၅။

**မနုဿာဓိပတိ** (ပု) [မနုဿ+အဓိပတိ] လူတို့ကို အစိုးရသူ၊ မင်း။ မနုဇိန္ဒ-ကြည့်။

**မနုဿာဓိမုတ္တ** (တိ) [မနုဿ+အဓိမုတ္တ] လူ့ဘဝကို–နှလုံးသွင်း–စိတ်ညွတ်–သော၊သူ။ ကေစိ မနုဿာဓိမုတ္တာ။ နေတ္တိ။၈၁။

**မနုဿာဘိကိဏ္ဏ** (တိ) [မနုဿ + အဘိကိဏ္ဏ] လူတို့ဖြင့် ရောပြွမ်းသော။ အင္ဂကမဂ္ဂတိ ကေဂဏာ မနုဿာဘိကိဏ္ဏာ။ ဝိဋ္ဌ၊၄။၆၁။

**မနုဿာရက္ခဒေဝတာ** (ထီ) [မနုဿ+အာရက္ခဒေဝတာ] လူစောင့်နတ်။ ဘုမ္မဒေဝတာ မနုဿာရက္ခဒေဝတာနံ။ ခုဒ္ဒက၊ဋ္ဌ။၁၀၂။

**မနုဿာဝါသ** (ပု) [မနုဿ+အာဝါသ] လူတို့၏ နေရာ။ မိဂေါ ဟိ ပဟာရံ လဒ္ဓါ မနုဿာဝါသံ ဂစ္ဆာ။ မ၊ဋ္ဌ၊၃။၁၁၇။ (–အံ၊ဋ္ဌ၊၁။၂၁၈။ ဓမ္မ၊ဋ္ဌ၊၁။၄၁။ ဇာ၊ဋ္ဌ၊၁။၁၁၅။)

**မနုဿာသုစိနိဿန္ဒ** (ပု) [မနုဿာသုစိ+နိဿန္ဒ] လူတို့၏ မစင်အညစ်အကြေး၏ အကျိုးဆက်။ တထာ ဟိ နာနာဝိဓေန မနုဿာသုစိနိဿန္ဒေန သက္ကာရဋ္ဌာနေ။ ခုဒ္ဒက၊ဋ္ဌ။၅၈။ (အဘိ၊ဋ္ဌ၊၂။၂၂၂။ ဝိသုဒ္ဓိ၊၁။၂၄၂- အသုစိဋ္ဌာနေ ဂါမနိဿန္ဒေနနှင့် ယှဉ်ကြည့်။)

**မနုဿိတ္ထိသညီ** (တိ) [မနုဿိတ္ထိသညာ + ဤ] လူမိန်းမဟု–အမှတ်သညာရှိသော– မှတ်ထင်သော၊ သူ။ မနုဿိတ္ထိ စ ဟောတိ မနုဿိတ္ထိသညီ။ ဝဇိရ။၁၈၂။

**မနုဿိတ္ထိ** (ထီ) [မနုဿ +ဣတ္ထိ] လူမိန်းမ။ အာဝုသော ယထာ မနုဿိတ္ထိယာ နန္ဒိ တိရစ္ဆာနဂတိတ္ထိယာပိ တံ သိက္ခာပဒံ တထေဝ ဟောတိ။ ဝိဋ္ဌ၊၁။၁၉၂။ (–ကင်္ခါ။၁၉၃။ ဝိမာန၊ဋ္ဌ။၃၇။ ဇာ၊ဋ္ဌ၊၇။၁၂။ ကင်္ခါ၊ဋ္ဌီ၊သစ်။ ၃၅၂။)

**မနုဿိတ္ထိဝဏ္ဏ** (ပု) [မနုဿိတ္ထိ+ ဝဏ္ဏ] လူမိန်းမအသွင်သဏ္ဌာန်။ ကော် မနုဿိတ္ထိဝဏ္ဏံ မာပေတွာ။ ဓမ္မ၊၄၊ ၂။၃၄။ (-အံ၊၃၊၁။၁၇၆။)

**မနုဿိန္ဒ** (ပု) [မနုဿ+ဣန္ဒ] လူ ဘို့ကို အစိုးရသူ၊ မင်း။ မနုဿိန္ဒံ ဇဟိတွာန၊ သဗ္ဗကာမသမိဒ္ဓိနံ။ ဇာ၊၁၊၁၁၆။ (-ထေရ။၃၃၇။ ဇာ၊ ၂။၈၉။) မနုဿိန္ဒန္တိ မနုဿာနံ ဣန္ဒံ ဗာရာဏသိရာဇာနံ။ ဇာ၊၄၊၃၊၁၃၂။

**မနုဿိန္ဒသေဋ္ဌ** (တိ) [မနုဿိန္ဒ+သေဋ္ဌ] မင်းတို့တွင် အမြတ်ဆုံးသော၊ သူ။ မနုဿိန္ဒသေဋ္ဌောတိ ကထေဝ ပူဇိတော။ ဒီ၊ ၂။၁၃၈။

**မနုဿုပ္ပတ္တိ** (ထီ) [မနုဿ+ဥပ္ပတ္တိ] လူ၏ဖြစ်ခြင်း။ ဧတ္တ ပုပ္ဖရာသိဋ္ဌာနံယတော မနုဿုပ္ပတ္တိ။ ဥဒါန၊ ၄။၇။ (ဒီ၊ဋီ၊၁။၃၅။ မ၊ဋီ၊၁။ ၂၅။ အလားတူ ဝါကျ၌ မနုဿ(ဿု)ပပတ္တိဟု ရှိသည်။)

**မနုဿုဘတောဗျဉ္ဇနက** (ပု) [ မနုဿ+ဥဘတော-ဗျဉ္ဇနက ] လူဥဘတောဗျည်း။ တယော ဥဘတောဗျဉ္ဇနကာ မနုဿဘတောဗျဉ္ဇနကော အမနုဿဘတောဗျဉ္ဇနကော တိရစ္ဆာနဂတုဘတောဗျဉ္ဇနကော။ ဝိ၊၁။၃၄။

**မနုဿူပဂ** (တိ) [မနုဿ+ဥပ+ဂမု+ ကို] (၁) လူ့ဘုံသို့ ကပ်ရောက်သော၊ လူ့ဘုံ၌ဖြစ်သော၊ သူ။ (၂) လူ့ဘုံသို့-ကပ်ရောက်ကြောင်းဖြစ်သော-ကပ်ရောက်စေတတ်သော (ကံ)။ (၁) သဂ္ဂူပဂေသု စ သတ္တေသု မနုဿူပဂေသု စ သတ္တေသု။ နေတ္တိ။၈၄။ (၂) မနုဿူပဂံ ကမ္မံ မာနုသကံ။ သုတ္တနိ၊၄၊ ၂။၁၅၃။

**မနုဿူပစာရ** (ပု) [ မနုဿ+ဥပစာရ ] (၁) လူတို့-ကျက်စား-သွားလာ-ခြင်း။ (၂) လူတို့ - ကျက်စား - သွားလာ - အပ်သော အရပ်။ (၃) လူတို့၏ ဒဿနူပစာ၊ လူတို့ (မျက်စိဖြင့်)မြင်နိုင်လောက်သောအာရုံ။ (၁) အောက်ပုဒ်ကြည့်။(၂) ဝနပတ္ထန္တိ န မနုဿူပစာရနမေ သေနာသနာနံ အဓိဝစနံ။ အဘိ၊ဝိ။၂၆၀။ အံ၊ဋီ၊၂။၃၈၀။ (-ဒီ၊ဋီ၊၁။ ၂၅၇။) န မနုဿူပစာရန္တိ ကသနဝပနဝသေန မနုဿေ ဟိ ဥပစရိတဗ္ဗံ ဝနန္တံ အတိက္ကမိတွာ ဌိတာနံ။ အဘိ၊၄၊ ၂။၃၅၁။ (၃)မနုဿူပစာရံ အတိက္ကမိတွာ ရူပဒဿနေန အတိက္ကန္တမာနုသကံ။ ဝိ၊၄၊၁။၁၃၂။ ပဋိသံ၊၄၊၁။၃၃၆။ ဝိသုဒ္ဓိ၊ ၂။၅၄။ နေတ္တိ၊၄။၁၇၂။ မနုဿူပစာရန္တိ မနုဿောဟိ ဥပစရိတဗ္ဗဋ္ဌာနံ။ ပကတိယာ စက္ခုဒွါရေန ဂဟေတဗ္ဗံ ဝိသယန္တိ အဓိပ္ပါယော။ သာရတ္ထ၊၁။၄၀၀။ (-နေတ္တိ၊ဋီ။၉၇။)

**မနုဿူပစာရဝိရဟိတ** (တိ) [ မနုဿူပစာရ+ဝိရဟိတ ] လူတို့-ကျက်စား-သွားလာ-ခြင်းမှ ကင်းသော။ ပန္တာနီတိ ဒူရတရာနိ မနုဿူပစာရဝိရဟိတာနိ။ ဒီ၊၄၊၃။၁၇။

**မနုဿူပစာရာတိက္ကန္တ** (တိ) [ မနုဿူပစာရ+ အတိက္ကန္တ ] လူတို့-ကျက်စား-သွားလာ-ရာအရပ်ကို လွန်သော။ ဝနပတ္တာနိ မနုဿူပစာရာတိက္ကန္တာနိ ဝနသဏ္ဍာနိ။ မဟာနိ၊၄။ ၂၃၁။

**မနုဿု(ဿူ)ပပတ္တိ** (ထီ) [ မနုဿ+ဥပပတ္တိ ] လူ၏ဖြစ်ခြင်း။ ပုပ္ဖရာသိဋ္ဌာနိယတော မနုဿုပပတ္တိသမ္ဘဝရိသူပနိဿယ........ သမုဒါယတော။ မ၊ဋီ၊၁။ ၂၅။ မနုဿုပပတ္တိ။ ဒီ၊ဋီ၊၁။၃၅။

**မနေသိကာ** (ထီ) [မန ၊ ဧသိကာ။ မနေသ+ဣက+အာ] စိတ်ဖြင့် အကြံကိုသိသောကစားခြင်း၊ စကားယာဝှက်ခြင်း။ မနေသိကာယပိ ကီဠန္တိ။ ဝိ၊၁။ ၂၇၂။ မဟာနိ။ ၂၉၆။(-ဒီ၊၁။၆။) မနေသိကာယာတိ မနေသိကာ ဝုစ္စတိ မနသာ စိန္တိတဇာနနကီဠာ၊ တာယ ကီဠန္တိ။ ဝိ၊၄၊ ၂။ ၂၀၅။ မဟာနိ၊၄။၃၆၂။ (-ဒီ၊၄၊၁။၈၃။)

**မနောအသံဝရ** (ပု) [မန+အသံဝရ] မစောင့်စည်းမှု၏ ဖြင့်သူစိတ်။ တံ ပန စိတ္တံ မနောကမ္မဒွါရံ နာမ၊ ဧတ္ထ အသံဝရော မနောအသံဝရော နာမ။ အဘိ၊၄၊၁။၁၃၉။ (-နေတ္တိ၊ဋီ။၂၄၈။)

**မနောအသံဝရဒ္ဒါရ** (န) [မနောအသံဝရ+ဒွါရ] မစောင့်စည်းမှု၏ ဖြစ်ရာစိတ်။ မနောအသံဝရဒွါရာသေန နုပ္ပဇ္ဇတိ။ အဘိ၊ဋ္ဌ၊၁။၁၄၈။

**မနောကမ္မ** (န) [မန+ကမ္မ] စိတ်ကြောင့်ဖြစ်သော–စိတ်ဖြင့် ပြုလုပ်အပ်သော–အမှုကိစ္စ၊ မနောကံ။ တေန ဝုစ္စတိ "ပသန္နေန" တိ၊ ဣဒံ မနောကမ္မံ။ နေတ္တိ၊ဋ္ဌ။ ၁၈၁။ (–မ၊၂။ ၃၆။ ဧ၁၊ဋ္ဌ၊ ၄။၁၇၅။ မ၊ဋီ၊ ၃။၂၉။) ဣဒံ မနောကမ္မန္တိ....မနသာ ပဝတ္တံ ဣဒံ ကုသလံ မနောကမ္မံ နာမ။ နေတ္တိ၊ဋီ။၁၀၀။

မနောကမ္မဒွါရကထာ၌ စိတ်နှင့်ယှဉ်သော စေတနာတိုင်းကို မနောကံဟု ဆို၍ စိတ်တိုင်းကို မနောဒွါရ=မနောကမ္မဒွါရဟု ခေါ်ဆိုနိုင်ကြောင်း ရိုးရာမကျသည့် နည်းကို ရှေးဦးစွာ ပြပြီးလျှင် ထိုနောက် ယင်းနည်းကို ပယ်၍ လောကီကုသိုလ်စိတ် ၁၇, အကုသိုလ်စိတ် ၁၂, ဤ ၂၉-ပါးသော စိတ်သည်သာ အနဘိဇ္ဈာစသော ကုသိုလ်မနောကံ, အဘိဇ္ဈာစသော အကုသိုလ် မနောကံတို့၏ ဖြစ်ရာဒွါရ ဖြစ်သောကြောင့် မနောဒွါရ=မနောကမ္မဒွါရဟု ခေါ်ဆိုနိုင်ကြောင်း ပြဆိုထားပြန်သည်။ ဤနည်း၌ လောကီကုသိုလ်, အကုသိုလ်နှင့် ယှဉ်သော စေတနာ ၂၉-ခုကိုသာ မနောကံဟု ဆိုရ၏ (အဘိ၊ဋ္ဌ၊၁။၁၂၉–၃၀။ အနုဋီ၊၁။၈၃)။ အချုပ်အားဖြင့် မနောဒုစရိုက် ၃-ပါးသည် မနောကံမည်၏ (မ၊ဋ္ဌ၊၃။ ၃၇)။ (စေတနာ–လည်းကြည့်။) အကုသိုလ်အရာ၌ အကုသိုလ်မနောကံသည် အပြစ်အကြီးဆုံးဖြစ်၏ (မ၊၂။၃၆)။ အကုသိုလ်မနောကံကို အပြစ်အကြီးဆုံးဟု ဟောတော်မူခြင်းမှာ နိယတမိစ္ဆာဒိဋ္ဌိကံကို ရည်ညွှန်း၍ ဟောတော်မူခြင်း ဖြစ်သည် (မ၊ဋ္ဌ၊၃။၃၈)။ ပဉ္စာနန္တရိယကံ ၅-ပါးအနက် သံဃဘေဒကကံ (သံဃာသင်းခွဲမှုကံ)သည် ကမ္ဘာတည်သရွေ့ အပြစ်ခံရသောကြောင့် ကပ္ပဋ္ဌိတကံမည်၏။ ကမ္ဘာပျက်လျှင်ကား သံဃာဘေဒက ကံ၏ အပြစ်မခံရတော့။ နိယတမိစ္ဆာဒိဋ္ဌိကံကား ကမ္ဘာပျက်သော်လည်း အပြစ်မှ လွတ်ငြိမ်းချမ်းသာခွင့် မရ၊ ကမ္ဘာမီးလောင်၍ သတ္တဝါအားလုံး ဗြဟ္မာ့ပြည် ရောက်နေသော်လည်း နိယတမိစ္ဆာဒိဋ္ဌိကံ ကျူးလွန်သူကမူ အခြားစကြဝဠာသို့ သွားဖြစ်၍ အပြစ်ခံရလေသည်။ ပဉ္စာနန္တရိယကံကား လွတ်ရက်အပိုင်းအခြားရှိသော ကံတည်း၊ နိယတမိစ္ဆာဒိဋ္ဌိကံကား လွတ်ရက်အပိုင်းအခြား မရှိသော ကံတည်း (အံ၊၁။၃၅။ အံ၊ဋ္ဌ၊၁။၃၇၁–၂)။ မိစ္ဆာဒိဋ္ဌိသမားများကမူ မနောကံကို မရှုန်ရင်းမကြမ်းတမ်းသောကြောင့် တစ်ဝက်တပြက်ကံ (ဥပစုကမ္မ)ဟု ဆိုကြ၏။ (ဒီ၊ဋ္ဌ၊၁။၁၄၇။ မ၊ဋ္ဌ၊၃။၁၆၀။ သံ၊ဋ္ဌ၊၂။၃၁၄။ ဒီ၊ဋီ၊၁။၂၂၄)။

ဒွါရကထာ၏နောက်ပိုင်း၌ စက္ခုဝိညာဉ်စိတ်နှင့်ယှဉ်သော ဖဿစေတသိက်ကို စက္ခုသမ္ဖဿ၊ စက္ခုဝိညာဉ်စိတ်နှင့် ယှဉ်သော စေတနာကို မနောကံ၊ စက္ခုဝိညာဉ်စိတ်ကို မနောကမ္မဒွါရ၊ စက္ခုဒွါရဝီထိ၌ ပါဝင်သော ဇောစိတ်၌ ယှဉ်သော ဖဿသည် မနောသမ္ဖဿ၊ (မဇ္ဈိမနိကာယ်အဋ္ဌကထာ (မ၊ဋ္ဌ၊၁။၂၂၆)၌ ဒွေပဉ္စဝိညာဉ် ၁၀-ကြည် လောကီဝိပါက် ၂၂-ပါးနှင့်ယှဉ်သော ဖဿကို မနောသမ္ဖဿဟု ပြဆို၏။ သံယုတ်အဋ္ဌကထာ (သံ၊ဋ္ဌ၊၁။၁၆၅)၌ အာဝဇ္ဇန်းစိတ် ဘဝင်စိတ်နှင့်ယှဉ်သောဖဿကို မနောသမ္ဖဿဟု ပြဆို၏။) ယင်းဇောစိတ်၌ ယှဉ်သောစေတနာသည် မနောကံ၊ယင်းဇောစိတ်သည် မနောကမ္မဒွါရဟု အသေးစိတ်ခွဲပြ၏ (အဘိ၊ဋ္ဌ၊၁။၁၃၈–၉)။ ယင်းစကားရပ်အရ စိတ်တစ်လုံး တစ်လုံးစီနှင့် ယှဉ်သော စေတနာတိုင်းကို မနောကံဟု ခေါ်ဆိုနိုင်၍ စိတ်တိုင်း စိတ်တိုင်းကို မနောကမ္မဒွါရဟု ခေါ်ဆိုနိုင်ကြောင်း ပို၍ ထင်ရှားပြန်သည်။

ပဉ္စဒွါရ၌ ဖြစ်သော စေတနာသည် ဝိညတ်ကို မဖြစ်စေနိုင်သောကြောင့် ကာယကံ ဝစီကံအမည်မရဘဲ မနောကံသာ အမည်ရ၏။

လိမ်လည်မှု (မုသာဝါဒ)ကို လက်ပြ ခြေပြ ဖြင့် လိမ်သည်သည့်အခါ ယင်းမုသာဝါဒ ကံသည် သုဒ္ဓကာယဒွါရ (ဝစီဒွါရ မရော ပဖက် သက်သက်သော ကာယဒွါရ)၌ ဖြစ် သည် မည်၏။ ယင်းသို့ လိမ်လည်ရာ၌ မနောဒွါရိက စေတနာနှင့် တကွဖြစ်သော (ယှဉ်သော)ဖဿသည် မနောသမ္ဖဿမည်၏၊ စေတနာသည် ကာယကံမည်၏ဟု အဋ္ဌကထာ (အဘိ၊ဋ္ဌ၊၁။၁၃၉) ၌ ဆိုထားသော်လည်း မူလဋီကာ(၁။၇၉) ဆရာက မူ ယင်းစေတနာ သည် ကာယကံမဟုတ် ဝစီကံသာဖြစ်သည်ဟု အဋ္ဌကထာ အဆိုအမိန့်ကို ပယ်ထားသည်။ လက်ပြခြေပြ လိမ်လည်ရာ၌ဖြစ်သော မနော- ဒွါရိက စေတနာကိုကား မနောဒွါရဟု မဆို ရချေ။ လက်ပြခြေပြ လိမ်လည်မှုဖြစ်သော ကြောင့် စေတနာသည်မနောဒွါရဟုခေါ်ဝေါ် လောက်သော အဖြစ်သို့ မရောက်တော့ပေ၊ နှုတ်ဖြင့် လိမ်လည်မှု (မုသာဝါဒ) စသော ကံကို ပြုလုပ်ရာ၌ မနောဒွါရိကစေတနာနှင့် တကွဖြစ်သော ဖဿသည် မနောသမ္ဖဿ မည်၏။ စေတနာသည် ဝစီကံ မည်၏၊ စေတနာကိုကား မနောဒွါရဟု မဆိုရချေ (အဘိ၊ဋ္ဌ၊၁။၁၃၉)။

**မနောကမ္မဒွါရ** (န)[မနောကမ္မ+ဒွါရ] မနောကံ — ဖြစ်ရာ — ဖြစ်ကြောင်း၊ မနောကမ္မဒွါရ။ ကာယကမ္မဒွါရံ ဝစီကမ္မဒွါရံ မနောကမ္မဒွါရန္တိ။ အဘိ၊ဋ္ဌ၊၁။၁၂၃။ (—အနုဋီ၊၁။၈၃။)

**မနောကမ္မဒွါရနိဝါရဏ** (န) [မနောကမ္မဒွါရ+ နိဝါရဏ] မနောကမ္မဒွါရ—မနောကံဖြစ်ရာဖြစ် ကြောင်း—ကို တားမြစ်ခြင်း။ အဝိပါကမေ- တောတိ မနောကမ္မဒွါရနိဝါရဏဉ္စ။ မူလဋီ၊ ၁။၁၂၇။

**မနောကမ္မန္တ** (ပုန) [မန+ကမ္မန္တ] စိတ်ကြောင့် ဖြစ်သော—စိတ်ဖြင့် ပြုလုပ်အပ်သော—အမှု ကို၄၊ မနောကံ။ အောက်ပုဒ်ကြည့်။

**မနောကမ္မန္တဝါရ** (ပု) [မနောကမ္မန္တ+ဝါရ] မနောကံဝါရ။ မနောကမ္မန္တဂါရေ အပရိသုဒ္ဓ- မနောကမ္မန္တာတိ အပရိသုဒ္ဓေန အဘိဇ္ဈာဒိနာ မနောကမ္မန္တေန သမန္နာဂတာ။ မ၊ဋ္ဌ၊၁။၁၁၀။

**မနောကမ္မန္တသန္ဒောသဗျာပတ္တိ** (ထီ) [မနော- ကမ္မန္တသန္ဒောသ+ဗျာပတ္တိ] အပြစ်ရှိသော မနောကံဟူသော ပျက်စီးမှု၊ မနောကံ ပျက်စီးမှု (မနောဒုစရိုက်)။ တံဝိဓာ မနော- ကမ္မန္တသန္ဒောသဗျာပတ္တိ အကုသလသမ္ဗန္ဓ- တန္တိကာ ဒုက္ခုဒြယာ ဒုက္ခဝိပါကာ ဟောတိ။ အံ၊၃။၄၄၇။ ကာယကမ္မန္တသန္ဒောသဗျာပတ္တိ —ကြည့်။

**မနောကမ္မန္တသမ္ပတ္တိ** (ထီ)[မနောကမ္မန္တ+သမ္ပတ္တိ] မနောကံ ပြည့်စုံခြင်း (မနောသုစရိုက်)။ တံဝိဓာ မနောကမ္မန္တသမ္ပတ္တိ ကုသလသမ္ဗန္ဓ- တန္တိကာ သုခုဒြယာ သုခဝိပါကာ ဟောတိ။ အံ၊၃။၄၄၈။

**မနောကမ္မပါရိသုဒ္ဓိ** (ထီ) [မနောကမ္မ+ပါရိသုဒ္ဓိ] မနောကံစင်ကြယ်မှု။ ယေ ဟိ ကေစိ ဘောတော မနော- ကမ္မပါရိသုဒ္ဓိ အနဘိဇ္ဈာ အဗျာပါဒေါ သမ္မာ- ဒိဋ္ဌိ။ ပေဋကော၊၂၁၆။

**မနောကမ္မဝေါဟာရဝိရဟ** (ပု) [မနောကမ္မဝေါ ဟာရ+ဝိရဟ] မနောကံအမည်-မှ ကင်းခြင်း —ကို မရခြင်း။ ဟဒ္ဓေါဟာပိ ဘာဝ မနော- ကမ္မဝေါဟာရဝိရဟော။ မူလဋီ၊၁။၇၀။ (— အနုဋီ၊၁။၈၅။)

**မနောကမ္မာဓိဋ္ဌာန** (တိ) [မနောကမ္မ+အဓိဋ္ဌာန] မနောကံလျှင် တည်ရာရှိသော။ ဝါစာကမ္မာ- ဓိဋ္ဌာနံ မနောကမ္မာဓိဋ္ဌာနံ သဗ္ဗညုတဉာဏာဓိဋ္ဌာနံ။ ပေဋကော၊၂၁၉။

**မနောကသာဝ** (ပုန) [မန+ကသာဝ] စိတ်ဖြင့် ပြုအပ်သော အကာ (မနောဒုစရိုက်)။ ကုသလော မနောဝက်ာနံ မနောဒေါသာနံ

မနောကသာဝါနံ။ အံ၊၁။၁၁၁။ ကာယကသာဝ–ကြည့်။

**မနောဂဏ** (ပု) [မန+ဂဏ] မနောဂိုဏ်း။ (မနသဒ္ဒါနှင့် ချပ်ဖြိုးတူ သဒ္ဒါအပေါင်း။) မနောဂဏာဒီနံ ဝါသောသနဿ နပုံသကလိင်္ဂေန နိဒ္ဒိဋ္ဌတ္တာ။ သီ၊ဋ္ဌီ၊သစ်၊၂။၃၉၀။ မနောပဘုတိ ဂဏော မနောဂဏော။ ရူ-နှာ၊၅၂။ မနသာ ဂဏော မနောဂဏော။ ရူ၊ဋီ။၄၁။

**မနောဂဏနာ** (ထိ) [မန+ဂဏနာ] စိတ်ဖြင့် ရေတွက်ခြင်း။ သငါ်နေနာတိ အစ္ဆိဒ္ဒကဝသေန မနောဂဏနာယ။ ဒီ၊ဋ္ဌ၊၃။၇၈။ မနသာဝ ဂဏေတဗ္ဗတော "မနောဂဏနာ"တိ ဝုစ္စတိတိ အာဟ "မနောဂဏနာယာ"တိ။ ဒီ၊ဋ္ဌီ၊၃။၇၈။

**မနောဂ (ဂ္ဂ) ဟဏ (န)** [မန+ဂဟဏ] (၁) စိတ်ကိုယူခြင်း။ (၂) မနော-သဒ္ဒါ။ (၁) မနောဂဟဏေန ဝါ သတ္တန္နံ ဝိညာဏဓာတူနံ ဂဟိတတ္တာ။ သုတ္တနိ၊ဋ္ဌ၊၁။၂၀၈။ (၂) မနော မနာယတနန္တိ ဣမ ပန မနောဂ္ဂဟဏံ မနသော၀ အာယတနဘာဝဒီပနတ္ထံ။ အဘိ၊ဋ္ဌ၊၁။၁၈၅။ မဟာနိ၊ဋ္ဌ။၁၉။ (–မ၊ဋ္ဌီ၊၁။၃၀၉။ သံ၊ဋ္ဌီ၊၂။၂၇။)

**မနောဆဋ္ဌ** (တိ) [မန+ဆဋ္ဌ] စိတ်လျှင် ခြောက်ခုမြောက်ရှိသော (ဓမ္မာရုံ)။ ပဉ္စကာမဂုဏာ လောကေ၊ မနောဆဋ္ဌာ ပဝေဒိတာ။ သုတ္တနိ။ ၃၀၃။ မနော ဆဋ္ဌော ဧတေသန္တိ မနောဆဋ္ဌာ။ သုတ္တနိ၊ဋ္ဌ၊၁။၂၀၈။

**မနောဇ** (ပု) မနောဇမည်သူ (ခြသေ့်မင်း, လူမင်း)။ ဟညတေ နူန မနောဇော၊ မိဂရာဇာ သခါ မမ။ ဇာ၊၁။၁၅၆။ (–ဇာ၊၂။၇၅။ စရိယာ၊ဋ္ဌ။၂၀၆။ ဇာ၊ဋ္ဌ၊၃။၃၀၂။)

**မနောဇရာဇ** (ပု) [မနောဇ+ရာဇ] မနောဇမင်း။ နန္ဒုပဏ္ဏိတော မနောဇရာဇာ သန္တိကံ ပဒ္ဓာ။ ဇာ၊ဋ္ဌ၊၅။၃၃၅။

**မနောဇဝ** (ပု) [မန+ဇဝ] (၁) မနောဇဝမည်သူ။ (တိ) (၂) စိတ်၏ လျင်မြန်ခြင်းကဲ့သို့သော လျင်မြန်ခြင်းရှိသော၊ စိတ်ကဲ့သို့ လျင်မြန်သော(ဗိမာန်)။ (၁) ယတ္ထိသ၊ယာ ယာမဟန္၊ သော-မ ယာရမော မနောဇဝေါ။ ဇာ၊၂။ ၁၇၅။ ဇာ၊ဋ္ဌ၊၆။၁၂၄။ (တိ) (၂) မနောဇဝံ ဂစ္ဆတိ ယေန ကာမံ။ ဝိမာန။၁။ (–ဇာ၊၂။ ၂၆၉။) မနောဇဝန္တိ ဧတ္ထ မနောတိ စိတ္တံ.... တသ္မာ မနသော ဝိယ ဇဝေါ ဝေဂော ဧတဿာတိ မနောဇဝံ ယထာ ဩဋ္ဌမုခေါတိ။ အဝ်ဝိယ သီဃဂမနန္တိ အတ္ထော။ ဝိမာန၊ဋ္ဌ။၁၀။ (–ပေဋ္ဋကော။၂၇၆။ ဇာ၊ဋ္ဌ၊၇။၁၃၆။)

**မနောဒဏ္ဍ** (ပု၊န) [မန+ဒဏ္ဍ] စိတ်ဖြင့် ပြုအပ်သော မကောင်းသောအကျင့်၊မနောဒုစရိုက်၊ မနောဒဏ်၊ နှိပ်စက် ညှဉ်းဆဲတတ်သော မနော။ (ဗုဒ္ဓအလိုအားဖြင့် မနောဒုစရိုက်ကို မနောဒဏ္ဍ။ မဟာနိ။၃၁၅။ စူဠနိ။၂၂၉။ တိတ္ထိတို့အလိုအားဖြင့် စိတ်, စေတနာကို မနောဒဏ္ဍဟု ဆိုသည်။ မ၊ဋ္ဌ၊၃။၃၇၊၄၁။) တယော ဒဏ္ဍာ ကာယဒဏ္ဍော ဝစီဒဏ္ဍော မနောဒဏ္ဍော။ မဟာနိ။ ၃၁၅။ စူဠနိ။၂၂၉။ (–မ၊ ၂။၃၅၊၄၀။) ဒဏ္ဍ(၁၃) ကြည့်။

**မနောဒဏ္ဍကောသလ္လ** (ပု) [မနောဒဏ္ဍ+ကောသလ္လ] မနောဒဏ်အဖို့အစု။ မနောဒဏ္ဍသမ္မတ္တိ မနောဒဏ္ဍကောသလ္လေ ဘန္တေတိ။ မ၊ဋ္ဌ၊၃။၄၁။

**မနောဒိဋ္ဌိ** (ထိ) [မန+ဒိဋ္ဌိ] စိတ်, ပညာ။ မနောဒိဋ္ဌိဟိ ပရိယတ္တိဓမ္မာနံ အနုပေက္ခနသုပ္ပဋိဝေဓာ ဝိသေသတော မနသိကာရပဋိဗဒ္ဓါ။ သီ၊ဋ္ဌီ၊သစ်၊၁။၁၆၂။ သံ၊ဋ္ဌီ၊၁။၂၉။ (တေ ဓမ္မာ ....မနသာနုပေက္ခိတာ ဒိဋ္ဌိယာ သုပ္ပဋိဝိဒ္ဓါ။ အံ၊၁။၅၀၅။ ဧတေ မယာ ဓမ္မာ မနသာနုပေက္ခိတာ ဒိဋ္ဌိယာ သုပ္ပဋိဝိဒ္ဓါ။ ဒီ၊ဋ္ဌ၊၁။၃၁။ သံ၊ဋ္ဌ၊၁။၇–ကို ထောက်၍ မနနှင့် ဒိဋ္ဌိကား ဒွန်သမာသ်။)

**မနောဒိဋ္ဌိကရဏ** (တိ) [မနောဒိဋ္ဌိ+ကရဏ] စိတ်ဖြင့် နှလုံးသွင်းအပ်, ပညာဖြင့် ထိုးထွင်း၍ သိအပ်သော။ မနောဒိဋ္ဌိကရဏာနံ ပရိယတ္တိဓမ္မာနံ အနုပေက္ခနသုပ္ပဋိဝေဓာ ဝိသေသတော မနသိကာရပဋိဗဒ္ဓါ။ အံ၊ဋ္ဌိ၊၁။၃၂။ (–ဒီ၊ဋ္ဌိ၊၁။၄၃။ မ၊ဋ္ဌိ၊၁။၃၃။)

**မနောဒုစ္စရိတ** (နပ) [မန+ဒုစ္စရိတ] စိတ်ဖြင့်–ပြုအပ်–ပြီး စေအပ်–သော မကောင်းသောအကျင့်၊ စိတ်၌–စိတ်မှ–မနောဒွါရမှ–ဖြစ်သော မကောင်းသောအကျင့်၊ မနောဒုစရိုက်။ တီဏိ ဒုစ္စရိတာနိ ကာယဒုစ္စရိတံ ဝစီဒုစ္စရိတံ မနောဒုစ္စရိတံ။ ဝိ၊၅။၂၂၂။ ဒီ၊၃။၁၈၀။ (–ဒီ၊၁။၇၈။ မ၊၁။၂၇။ အံ၊၁။၃၀၊၅၀။) မနောဒုစ္စရိတဉ္စ အဘိဇ္ဈာဒိတိဝိဓံ ဖဿကုသလကမ္မံ။ အံ၊ဋ္ဌ၊၂။၃။

**မနောဒုစ္စရိတဂ္ဂဟဏ** (နပ) [မနောဒုစ္စရိတ+ဂဟဏ] မနောဒုစ္စရိတသဒ္ဒါ။ မနောဒုစ္စရိတဂ္ဂဟဏေန စ မိစ္ဆာဒိဋ္ဌိယာ သင်္ဂဟိတာယပိ။ ဝိ၊ဋ္ဌ၊၁။၁၃၅။ ပဟာနိ၊ဋ္ဌ။၃၃၄။ ဝိသုဒ္ဓိ၊၂။၅၆။

**မနောဒုစ္စရိတဒုဿီလျ** (နပ) [မနောဒုစ္စရိတ+ဒုဿီလျ] မနောဒုစရိုက်ဟူသော သီလမရှိသော သူ၏အဖြစ်။ န မဟာပ္ပလော ဟောတိ မနောဒုစ္စရိတဒုဿီလျေန ဥပက္ကိလိဋ္ဌတ္တာ။ အံ၊ဋ္ဌိ၊၂။၁၇၃။

**မနောဒုစ္စရိတပ္ပဟာန** (နပ) [မနောဒုစ္စရိတ+ပဟာန]မနောဒုစရိုက်ကို ပယ်ခြင်း။ မနောဒုစ္စရိတပ္ပဟာနဝသေန မနောမုနိ။ မဟာနိ၊ဋ္ဌ။၁၅၂။

**မနောဒုစ္စရိတပ္ပဟာနဝစန** (နပ) [မနောဒုစ္စရိတပ္ပဟာန+ဝစန] မနောဒုစရိုက်ကို ပယ်ခြင်းကို

ဒုစ္စရိတသမင်္ဂီ တန္နိဒါနာ.... ဥပပဇ္ဇေယျ။ အံ၊၁။၃၁။

**မနောဒေါသ** (ပု) [မန+ဒေါသ] စိတ်ဖြင့် ပြုအပ်သော အပြစ်။ မနောဒေါသော ပဒုဋ္ဌမနော မနောပဒေါသော မနောကသာဝေါ။ အံ၊၁။ ၁၁၁။ ကာယဒေါသ–ကြည့်။

**မနောဒွါရ** (နပ) [မန+ဒွါရ] (၁) ဝီထိစိတ်ဖြစ်ကြောင်းဖြစ်သောဘဝင်စိတ်၊ အကြောင်းဖြစ်သော ဘဝင်စိတ်၊ (ဘဝင်စိတ်=ဘဝင်္ဂုပစ္ဆေဒစိတ်ကိုမနောဒွါရဟုလည်းကောင်း(ဝိဘာဝိနီ။၁၂၈)၊ စိတ်အားလုံးကို မနောဒွါရဟုလည်းကောင်း အရာအားလျော်စွာ သုံးနှုန်း၏။) (တိ) (၂) မနောဒွါရ–၌ ဖြစ်သော–ရှိသော(ဝေ)။ (၁)မနောဒွါရံ ပန ဘဝင်္ဂံ ပဝုစ္စတိ။ သင်္ဂဟ၊၃။၃၈။ (–သံ၊ဋ္ဌ၊၁။၁၆၅။ မ၊ဋ္ဌ၊၂။၆၅။ သံ၊ဋ္ဌိ၊၁။၂၉၀။) အာဝဇ္ဇနဝီထိ မနော, မနောယေဝ ဝါ ဒွါရန္တိ မနောဒွါရံ၊ ဘဝင်္ဂဿ အာဝဇ္ဇနာနန္တရံ ဘဝင်္ဂ၊ တေနာဟ ပေါရာဏော "သာဝဇ္ဇနံ ဘဝင်္ဂန္တု၊ မနောဒွါရန္တိ ဝုစ္စတီ"တိ။ ဝိဘာဝိနီ။၁၂၈။ မနောကမ္မ–ကြည့်။ (တိ) (၂) မနောဒွါရေသု အာပါထမာဂတာ (သင်္ဂဟ၊၉။၂၉)န္တိ ........မနောဒွါရိကဇဝနာနံ အာပါထံ အာဂတာ ပေ တိ။ ဝိဘာဝိနီ။ ၂၆၃။ မနောဒွါရံ ဧတဿတ္တိ မနောဒွါရိ၊ ဇဝနန္တိ အာဟ "မနောဒွါရိကဇဝနာန"န္တိပိ, မနောဒွါရေ ပဝတ္တံ မနောဒွါရိ၊ ဇဝနန္တိ အာဟ "မနောဒွါရိကဇဝနာန"န္တိပိ ဝတ္တဗ္ဗံ။ မဏိမဉ္ဇူ၊ ၂။၅၀၂။

**မနောဒွါရဝိထိ** (ထီ) [မနောဒွါရ+ဝိထိ] မနော-

**မနောဒွါရဇဝန** (န) [မနောဒွါရ+ဇဝန] မနောဒွါရ၌ ဖြစ်သောဇော။ ဇဝံ မနောဒွါရဇဝနသာ မူလဝသေန မူလပရိညာ ဝုတ္တာ။မ၊ဋ္ဌ၊၁။၃၆၁။ (–မ၊ဋ္ဌီ၊၂။၁၆၉။ အနုဋ္ဌီ၊၂။၇၂။)

**မနောဒွါရဇဝနက္ခဏ** (ပု) [မနောဒွါရဇဝန+ခဏ] မနောဒွါရ၌ ဖြစ်သောဇော – ခဏ – အခိုက်အတန့်။ ဇဝနက္ခဏေတိ မနောဒွါရဇဝနက္ခဏေ။ မူလဋ္ဋီ၊၂။၆၅။

**မနောဒွါရနိဂ္ဂမနပဝေသမုခ**(န)[မနောဒွါရနိဂ္ဂမနပဝေသ+မုခ]မနောဒွါရမှ ထွက်ကြောင်းအဝ၊ မနောဝိညာဏ်သို့ ဝင်ကြောင်းအဝ။(ပဉ္စဒွါရာဝဇ္ဇန်းသည် မနောဒွါရဟူသော ဘဝင်မှ ထွက်ကြောင်း အဝ (မနောဒွါရနိဂ္ဂမနမုခ ) ဖြစ်၏၊ သမ္ပဋိစ္ဆိုင်းသည် မနောဝိညာဏ် ဟူသော သန္တီရဏစသည်သို့ ဝင်ကြောင်းအဝ (မနောဒွါရပဝေသမုခ) ဖြစ်သည်၊ ပဉ္စဒွါရာဝဇ္ဇန်း သမ္ပဋိစ္ဆိုင်းဟူသော မနောဓာတ် ၃-ပါးသည် ဘဝင်မှ ထွက်ကြောင်းအဝ မနောဝိညာဏ်သို့ ဝင်ကြောင်းအဝ ဖြစ်နေကြသောကြောင့် ထူးသော သိခြင်းကိစ္စ မရှိကြ၊ သိကာမျှသာ ဟူလို၊ မူလဋ္ဌီ၊၁။၁၂၆။) မနောဒွါရနိဂ္ဂမနပဝေသမုခဘာဝတော ပန မနောဓာတုယာ ဝိဇာနနဝိသေသဝိရဟော ဒဋ္ဌဗ္ဗော။ မူလဋ္ဌီ၊၁။၁၂၆။

**မနောဒွါရနိဂ္ဂမနမုခဘာဝါဘာဝ** (ပု) [မနောဒွါရနိဂ္ဂမနမုခဘာဝ+အဘာဝ] မနောဒွါရမှ ထွက်ကြောင်းအဝ၏ အဖြစ်မရှိခြင်း။ (မနောဒွါရ ဟူသည် ဘဝင်စိတ်တည်း၊ ပဉ္စဒွါရဝီထိစိတ်အစဉ်ဖြစ်သည့်အခါ ပဉ္စဒွါရာဝဇ္ဇန်းမှစ၍ ဖြစ်ရ၏၊ ထိုကြောင့် ပဉ္စဒွါရာဝဇ္ဇန်းသည် မနောဒွါရ ဟူသောဘဝင်မှ ထွက်ကြောင်းအဝ (မနောဒွါရနိဂ္ဂမနမုခ) ဖြစ်သည်။ပဉ္စဒွါရာဝဇ္ဇန်းသည် မနောဒွါရဟူသော ဘဝင်မှထွက်ကြောင်း အဝ ဖြစ်သကဲ့သို့ သန္တီရဏစသော မနောဝိညာဏ် စိတ်များကား မနောဒွါရမှ ထွက်ကြောင်း အဝမဖြစ်ကြဟူလို။ မူလဋ္ဌီ၊၁။၁၂၅။) မနောဒွါရနိဂ္ဂမနမုခဘာဝါဘာဝတော စ သာတိသယဝိဇာနနကိစ္စတာ ဝိသေသော။ မူလဋ္ဌီ၊၁။၁၂၅။

**မနောဒွါရပရိသုဒ္ဓိ** (ထီ) [မနောဒွါရ+ပရိသုဒ္ဓိ] မနောဒွါရ၏စင်ကြယ်ခြင်း။ ဓေတ္တာတိ မနောဒွါရပရိသုဒ္ဓိယံ။ သံဋ္ဌီ၊၁။၂၉၀။

**မနောဒွါရပ္ပဝတ္တ** (တိ) [မနောဒွါရ+ပဝတ္တ] မနောဒွါရ၌ ဖြစ်သော။ မနောဒွါရပ္ပဝတ္တော ပန တိဝိဓောပိ စိတ္တသန္တါနော။ နေတ္တိ၊ဋ္ဌ။၁၈။

**မနောဒွါရဝိညာဏ** (န) [မနောဒွါရ+ဝိညာဏ] မနောဒွါရ၌ ဖြစ်သော ဝိညာဏ်၊ မနောဝိညာဏ်။ မနောဒွါရဝိညာဏံ ဥပ္ပဇ္ဇတိ၊ န စက္ခုဝိညာဏံ။ အဘိဋ္ဌ၊၁။၁၃၄။ (–ပဋိရ။ ၁၉၈။ မူလဋ္ဌီ၊၁။၇၄။)

**မနောဒွါရဝိညာဏဝီထိ** (ထီ) [မနောဒွါရဝိညာဏ+ဝီထိ] မနောဒွါရ၌ ဖြစ်သော ဝိညာဏ်အစဉ်၊ မနောဒွါရဝိညာဏ်ဝီထိ။ ယာ သာ ဘဂဝတော သမ္မုခါ ဓမ္မဿဝနာကာရေန ပဝတ္တာ မနောဒွါရဝိညာဏဝီထိ။ မ၊ဋ္ဌီ၊ ၁။၂၈။ သံဋ္ဌီ၊၁။၂၅။ အံဋ္ဌီ၊၁။၂၇။

**မနောဒွါရဝိညာဏသန္တာန** (ပု၊န) [မနောဒွါရဝိညာဏ+သန္တာန] မနောဒွါရ၌ ဖြစ်သော ဝိညာဏ်အစဉ်၊မနောဒွါရဝိညာဏဝီထိ။ မနောဒွါရဝိညာဏသန္တာနေန ပညတ္တိယာ ဂဟဏေ ပရိစ္ဆိန္နေ။ အနုဋ္ဌီ၊၁။၁၉၂။

**မနောဒွါရဝိသယ** (ပု) [မနောဒွါရ+ဝိသယ] မနောဒွါရ၏ အာရုံ။ မနောဒွါရဝိသယေ ကမ္မာဒိမှိ ပဌမံ စိတ္တပ္ပဝတ္တိဒဿနေန။ မူလဋ္ဌီ၊၂။၁၀၅။

**မနောဒွါရဝီထိ** (ထီ) [မနောဒွါရ+ဝီထိ] မနောဒွါရ၌ ဖြစ်သော စိတ်အစဉ်၊ မနောဒွါရဝီထိ။ ပဉ္စာလပဏ္ဏာဒီရှုပ်နိ ဒိသွာ တဒနန္တရပ္ပဝတ္တာယ မနောဒွါရဝီထိယာ။ မူလဋ္ဌီ၊၁။၇၃။

**မနောဒွါရဝီထိပရိယာပန္န** (တိ) [မနောဒွါရဝီထိ+ပရိယာပန္န] မနောဒွါရဝီထိ၌ အကျုံးဝင်သော။ မနောဝိညာဏန္တိ မနောဒွါရဝီထိပရိယာပန္နမေဝ ဂဟိတံ။ ဝိမတိ၊ ၂။၉၈။

**မနောဒွါရသံဝရ** (ပု) [မနောဒွါရ+သံဝရ] မနောဒွါရ၌ ဖြစ်သော စောင့်စည်းခြင်း၊ မနောဒွါရ၌ အကုသိုလ်မဝင်အောင် စောင့်စည်းခြင်း။ သော အဘိဇ္ဈာဒေါမနဿာနံ ပစ္စယံ ဒွါရသံဝရော အဟုတ္တာ မနောဒွါရသံဝရော ပါ။ နေတ္တိ၊ ဋ္ဌ။၁၇၈။ (—နေတ္တိ၊ ဝိ။ ၂၄၇။)

**မနောဒွါရသုဒ္ဓိ** (ထီ) [မနောဒွါရ+သုဒ္ဓိ] မနောဒွါရ၏ စင်ကြယ်ခြင်း။ ဧတေနဿ မနောဒွါရသုဒ္ဓိ ဒဿိတာ ဟောတိ။ မ၊ဋ္ဌ၊ ၁။၁၈၃။ (—သုတ္တနိ၊ဋ္ဌ၊ ၁။ ၂၀၂။ မ၊ဋီ၊ ၁။ ၂၈၂။)

**မနောဒွါရာနုသာရ** (ပု) [မနောဒွါရ+အနုသာရ] မနောဒွါရသို့ အစဉ်လိုက်ခြင်း။ တသ္မာ မနောဒွါရာနုသာရေန ဓမ္မဝိညာဏံ ပုပ္ဖေ- ဝဏ္ဏံ ကာယဝိညာဏံ ... ပါပေတိ။ အ၊ ပါ၊ဋ္ဌ၊ ၂။၁၀၄။

**မနောဒွါရာဝဇ္ဇန** (န) [မနောဒွါရ+အာဝဇ္ဇန] မနောဒွါရ၌ ထင်လာသော အာရုံကို ဆင်ခြင်တတ်သော စိတ်၊ မနောဒွါရာဝဇ္ဇန်းစိတ်။ ဘဝင် ဝိစ္ဆိန္ဒိတွာ နိမိတ္တာရမ္မဏံ မနောဒွါရာဝဇ္ဇနံ ဥပ္ပဇ္ဇတိ။ ဝိ၊ ၂။၃၁။ တတော မနောဒွါရာဝဇ္ဇနစိတ္တံ။ သံ၊ ဟာ၊ ၁။၁၁။ (—အဘိ၊ဋ္ဌ၊ ၁။၁၇၇။ ဝိသုဒ္ဓိ၊ ၁။၁၃၄။ မ၊ဋီ၊ ၃။၁၃၆။) အာဝဇ္ဇနသာ အနန္တရပစ္စယဘူတံ ဘဝင်္ဂစိတ္တံ မနောဒွါရံ ဝီထိစိတ္တာနံ ပဝတ္တိမုခဘာဝတော။ တသ္မိံ ဒွိဋ္ဌသုတမုတာဒိဝသေန အာပါထမာဂတ- မာရမ္မဏံ အာဝဇ္ဇေတိ၊ ဝုတ္တနယေန ဝါ စိတ္တ- သန္တာနံ ပရိဏာမေတီတိ မနောဒွါရာဝဇ္ဇနံ၊ ကိရိယာဗျာကတမနောဝိညာဏဓာတု ဥပေ- က္ခာသဟဂတစိတ္တံ။ ဝိဘာဝိနီ။၈၆။

**မနောဒွါရာဝဇ္ဇနစိတ္တ** (န) [မနောဒွါရာဝဇ္ဇန+ စိတ္တ] မနောဒွါရာဝဇ္ဇန်းစိတ်။ အာဝဇ္ဇနကိရိ- ယာ, ဗျာကတာတိ မနောဒွါရာဝဇ္ဇနစိတ္တံ။ ပဋိသံ၊ဋ္ဌ၊ ၁။ ၂၆၅။ (—ပဋိသံ၊ဋ္ဌ၊ ၂။၁၃၄။)

**မနောဒွါရာဝဇ္ဇနသမ္ပယုတ္တ** (တိ) [မနောဒွါရာဝဇ္ဇန+သမ္ပယုတ္တ] မနောဒွါရာဝဇ္ဇန်းစိတ်နှင့် ယှဉ်သော။ ဟသိတံ မနောဒွါရာဝဇ္ဇနသမ္ပယုတ္တော မနောသမ္ဖဿော ဥပနိဿယဝသေန ဧကောပ ပစ္စယော ဟောတိ။ ဝိသုဒ္ဓိ၊ ၂။ ၂၀၂။

**မနောဒွါရာဝဇ္ဇနာနန္တရံ** (ဗျ) [မနောဒွါရာဝဇ္ဇန+ အနန္တရံ] မနောဒွါရာဝဇ္ဇန်းစိတ်၏အခြားမဲ့၌။ မနောဒွါရေ ပန မနောဒွါရာဝဇ္ဇနာနန္တရံ တာနိယေဝ။ ဝိသုဒ္ဓိ၊ ၂။၈၉။

**မနောဒွါရာဝဇ္ဇနာယတ္တ** (တိ) [မနောဒွါရာဝဇ္ဇန+ အာယတ္တ] မနောဒွါရာဝဇ္ဇန်းစိတ်နှင့် ဆက်စပ်သော။ အာဝဇ္ဇနပဋိဗဒ္ဓါတိ မနောဒွါရာဝဇ္ဇနာ- ယတ္တာ။ ပဋိသံ၊ဋ္ဌ၊ ၂။ ၂၅၇။ မဟာနိ၊ဋ္ဌ။ ၂၅၈။

**မနောဒွါရာဝဇ္ဇနုပေက္ခာ** (ထီ) [မနောဒွါရာဝဇ္ဇန +ဥပေက္ခာ] မနောဒွါရာဝဇ္ဇန်းဟူသော ဥပေ- က္ခာ။ ဝိပဿနုပေက္ခာသဒိသံ ဉာဏံ ဗလဝန္တံ ဟုတွာ ဥပ္ပဇ္ဇတိ မနောဒွါရာဝဇ္ဇနုပေက္ခာ စ။ ဓမ္မသင်္ဂဏီ၊ဋ္ဌ။၉၇။

**မနောဒွါရာဝဇ္ဇနုပ္ပတ္တိပစ္စက** (တိ) [မနောဒွါရာဝဇ္ဇ- နုပ္ပတ္တိ၊ ပစ္စ+က] မနောဒွါရာဝဇ္ဇန်းစိတ် ဖြစ်ခြင်းလျှင် ရှေ့သွားရှိသော။ နိပ္ပရိယာယေန မနောဒွါရိကဘာဝေါ မနောဒွါရာဝဇ္ဇနုပ္ပတ္တိ- ပစ္စကော။ အနုဋီ၊ ၂။၁၁၆။

**မနောဒွါရိက** (တိ) [မနောဒွါရ+ဣက] မနောဒွါရ၌ ဖြစ်သော၊ မနောဒွါရိကေန သဒ္ဓိံ ဟောတိ။ မ၊ဋ္ဌ၊ ၄။ ၂၄၇။ (—သံ၊ဋ္ဌ၊ ၂။၇၃။ မဟာနိ၊ဋ္ဌ။ ၁၅၀။ မ၊ဋီ၊ ၁။၁၄၉။ မူလဋီ၊ ၂။၁၀၆။)

**မနောဒွါရိကဇ္ဈာရမ္မဏပ္ပဋိလာဘ** (ပု) [မနော- ဒွါရိကဇ္ဈာရမ္မဏ + ပဋိလာဘ] မနောဒွါရ၌

ဖြစ်သော ဣဋ္ဌာရုံကို ရခြင်း။ ဣဒါနိ မနော-ဒွါရိကဣဋ္ဌာရမ္မဏပဋိလာဘံ ဒဿေတုံ "သက္က-တော"တိ အာဒိ ဝုတ္တံ။ ဥဒါန၊ဋ္ဌ။ ၈၃။

**မနောဒွါရိကအာဝဇ္ဇန** (န) [မနောဒွါရိက+အာဝဇ္ဇန] မနောဒွါရ၌ဖြစ်သော အာဝဇ္ဇန်း။ တတိယဝါရေ မနောဒွါရိကအာဝဇ္ဇနေန ဘဝင်္ဂေ အာဝဋ္ဋိတေ မနောဒွါရိကဇဝနံ ဇဝတိ။ အဘိ၊ဋ္ဌ၊၂။၃၇၉။

**မနောဒွါရိကစိတ္တ** (န) [မနောဒွါရိက+စိတ္တ] မနောဒွါရ၌ ဖြစ်သောစိတ်။ ဝိညတ္တိံ ပန မနောဒွါရိကစိတ္တေန စိန္တေတွာ။ အဘိ၊ဋ္ဌ၊၁။ ၁၂၅။ (-အဘိ၊ဋ္ဌ၊၂။၃၈၈။ အနုဋီ၊၂။၁၁၆။)

**မနောဒွါရိကစိတ္တသန္နိဿိတသုခ** (န) [မနောဒွါ-ရိကစိတ္တသန္နိဿိတ+သုခ] မနောဒွါရ၌ဖြစ် သော စိတ်ကိုမှီသော ချမ်းသာ။ မနောဒွါ-ရိကသုခ-ကြည့်။

**မနောဒွါရိကဇဝန** (န) [မနောဒွါရိက+ဇဝန] မနောဒွါရ၌ဖြစ်သောဇော။ သဗ္ဗောပိ ပနေသ ပဘေဒေါ မနောဒွါရိကဇဝနေယေဝ လဗ္ဘတိ။ အဘိ၊ဋ္ဌ၊၂၊၃၈၈။ (-မ၊ဋီ၊၃။၃၇၀။ အနုဋီ၊၂။ ၂၀၁။)

**မနောဒွါရိကဇဝနမန** (ပု၊န) [မနောဒွါရိက-ဇဝန+မန] မနောဒွါရ၌ဖြစ်သော ဇောစိတ်။ မနောဒွါရိကဇဝနမနောဝ တေသံ ဂေါစရ-ဝိသယံ ရဇ္ဇနာဒိဝသေန အနုဘောတိ။ သံ၊ဋ္ဌ၊ ၃။ ၂၇၇။ (-မ၊ဋ္ဌ၊၂။၂၄၀။ မ၊ဋီ၊၂။ ၂၇၂။)

**မနောဒွါရိကဒရထ** (ပု) [မနောဒွါရိက+ဒရထ] မနောဒွါရ၌ဖြစ်သောပူပန်မှု။ စေတသိကာတိ မနောဒွါရိကဒရထာ။ မ၊ဋ္ဌ၊၄။၂၄၇။

**မနောဒွါရိကဖဿ** (ပု) [မနောဒွါရိက+ဖဿ] မနောဒွါရ၌ဖြစ်သော- အတွေ့-ဖဿ။ အဓိ-ဝစနသမ္ဖဿော နာမ မနောဒွါရိကဖဿော။ မဟာနိ၊ဋ္ဌ။ ၂၉၁။ (-အနုဋီ၊၂။ ၂၁။)

**မနောဒွါရိကဝိညာဏ** (န) [မနောဒွါရိက + ဝိညာဏ] မနောဒွါရ၌ ဖြစ်သော-စိတ်-ဝိညာဉ်။ မနောဒွါရိကဝိညာဏာနံ ဂဟဏံ ဝေဒိတဗ္ဗံ။ ဒီ၊ဋီ၊၁။၃၈။ သီ၊ဋီ၊သစ်၊၁။၁၅၀။ မ၊ဋီ၊၁။၂၈။ သံ၊ဋီ၊၁။၂၄။

**မနောဒွါရိကဝိညာဏဝီထိ** (ထီ) [မနောဒွါရိက-ဝိညာဏ+ဝီထိ] မနောဒွါရ၌ဖြစ်သော စိတ် အစဉ်။ ယာ ဘဂဝတော သမ္မုခါ ဓမ္မဿဝနာ-ကာရေန ပဝတ္တာ မနောဒွါရိကဝိညာဏ-ဝီထိ၊ တဿာ။ သီ၊ဋီ၊သစ်၊၁။၁၅၁။

**မနောဒွါရိကဝိညာဏသန္တာန** (ပု၊န) [မနောဒွါ-ရိကဝိညာဏ+သန္တာန] မနောဒွါရ၌ဖြစ်သော စိတ်အစဉ်။ သောတဒွါရာနုသာရေန မနောဒွါ-ရိကဝိညာဏသန္တာနေန အာလမ္ဗိတမတ္တံ။ နေတ္တိ၊ဋီ။ ၄၃။

**မနောဒွါရိကဝေဒနာ** (ထီ) [မနောဒွါရိက + ဝေဒနာ] မနောဒွါရ၌ဖြစ်သောဝေဒနာ။ မနောဒွါရိကဝေဒနာ ပဌမံ ဥပ္ပဇ္ဇိတွာ ပစ္ဆာ နိရုဇ္ဈတိ။ သံ၊ဋ္ဌ၊၂။၇၃။ အံ၊ဋ္ဌ၊၂။၃၆၈။ (-အံ၊ဋီ၊၂။၃၆၅၊၃၆၆။)

**မနောရိဒွါကသညာ** (ထီ) [မနောဒွါရိက+ သညာ] မနောဒွါရ၌ဖြစ်သောသညာ။ အဓိ-ဝစနသမ္ဖဿဇာ သညာ နာမ မနောဒွါရိက-သညာ။ အဘိ၊ဋ္ဌ၊၂။၁၈။

**မနောဒွါရိကသုခ** (န) [မနောဒွါရိက + သုခ] မနောဒွါရ၌ဖြစ်သော စိတ်ကိုမှီသော ချမ်း သာ။ မနောဒွါရိကသုခ (မ၊ဋ္ဌ၊၄။၂၄၇)န္တိ မနောဒွါရိကစိတ္တသန္နိဿိတသုခံ။ မ၊ဋီ၊၃။ ၄၃၃။

**မနောဓာတာဝဇ္ဇန** (န) [မနောဓာတု+အာဝဇ္ဇန] မနောဓာတ်ဖြစ်သော အာဝဇ္ဇန်း၊ ပဉ္စဒွါရာ-ဝဇ္ဇန်းစိတ်။ တေနေဝ မနောဓာတာဝဇ္ဇနဿ မနောဝိညာဏဓာတုဘာဝေါ နိဝတ္တိတော။ မူလဋီ၊၂။၄၉။

**မနောဓာတု** (ထီ) [မန + ဓာတု] သိကာမျှ ဖြစ်သော ဓာတ်၊ မနောဓာတ်။ မနောဓာတု ဥပ္ပန္နာ ဟောတိ။ အဘိ၊ ၈။၁၀၀။ (–သင်္ဂဟ။ ၃။၆၉။) သဘာဝသုညတနိဿတ္တဋ္ဌေန မနော ယေဝ ဓာတု မနောဓာတု။ အဘိ၊ဋ္ဌ၊ ၁။၃၀၄။ မနနမတ္တာ ဓာတု မနောဓာတု။ ဝိဘာဝိနီ။ ၁၃၅။ (–မူလဋီ၊ ၁။၁၂၆။ မဏိမဉ္ဇူ၊ ၁။ ၂၂။)

**မနောဓာတုအနန္တရ** (ဗျ) [မနောဓာတု + အနန္တရ] မနောဓာတ်၏ အခြားမဲ့၌။ မနောဓာတုအနန္တရာ မနောဝိညာဏဓာတုပိ အာဒိ စိတ္တနိယမော။ အဘိ၊ဋ္ဌ၊ ၁။၃၀၄။

**မနောဓာတုကိရိယ** (တိ၊ န) [မနောဓာတု + ကိရိယ] မနောဓာတ်ဖြစ်သော ကိရိယာစိတ်၊ ပဉ္စဒွါရာဝဇ္ဇန်းစိတ်။ ဝေါဋ္ဌဗ္ဗနကိရိယာသာ မနောဓာတုကိရိယာသာ ဝါတိ ဒွါဒသန္နံ ဟောတီတိ ဒဋ္ဌဗ္ဗံ။ မူလဋီ၊ ၁။ ၂၂၁။ (–အနုဋီ၊ ၁။ ၂၉၆။)

**မနောဓာတုစိတ္တ** (နှ) [မနောဓာတု + စိတ္တ] မနောဓာတ်ဖြစ်သောစိတ်။ တိဏ္ဏံ မနောဓာတုစိတ္တာနံ ဧကာ မနောဓာတု။ ဝိသုဒ္ဓိ၊ ၂။ ၂၂၄။

**မနောဓာတုနာမ** (နှ) [မနောဓာတု + နာမ] မနောဓာတ်ဟူသော နာမည်။ မနောဓာတုယေဝ ပါ သမာနာ မနောဓာတုနာမေန ဝုတ္တာ။ သံ၊ဋ္ဌ၊ ၃။၄၁။

**မနောဓာတုနိဒ္ဒေသ** (ပု) [မနောဓာတု + နိဒ္ဒေသ] မနောဓာတ်ကိုအကျယ်ပြရာ။ မနောဓာတုနိဒ္ဒေသေ သဘာဝသုညတနိဿတ္တဋ္ဌေန မနောယေဝ ဓာတု မနောဓာတု။ အဘိ၊ဋ္ဌ၊ ၁။၃၀၄။ (–ထေရီ၊ဋ္ဌ၊ ၃၀၂။ သာရတ္ထ၊ ၃။ ၁၁၂။)

**မနောဓာတုပဝတ္တိကာလ** (ပု) [မနောဓာတုပဝတ္တိ + ကာလ] မနောဓာတ်ဖြစ်ရာအခါ။ အန္တမသော မနောဓာတုပဝတ္တိကာလေပိ ဝိတက္ကဝိပ္ဖာရော သဒ္ဒေါယေဝ။ အဘိ၊ဋ္ဌ၊ ၁။ ၂၁၆။

**မနောဓာတုဝဇ္ဇ** (တိ) [မနောဓာတု + ဝဇ္ဇ] မနောဓာတ်သည် ကြဉ်အပ်သော။ မနောဓာတုဝဇ္ဇာ ဒသကိရိယာ။ ဝိသုဒ္ဓိ၊ ၂။ ၂၅၀။

**မနောဓာတုဝိညေယျ** (တိ) [မနောဓာတု + ဝိညေယျ] မနောဓာတ်ဖြင့် သိအပ်သော။ တိဝိဓာယ မနောဓာတုယာ ဇာနိတုံ သက္ကာတိ မနောဓာတုဝိညေယျံ။ အဘိ၊ဋ္ဌ၊ ၁။၃၇၄။

**မနောဓာတုသတ္တမ** (တိ) [မနောဓာတု + သတ္တမ] မနောဓာတ်လျှင် ခုနစ်ခုမြောက် ရှိသော။ ယေပိ ဆ ဝိညာဏကာယာ မနောဓာတုသတ္တမာ။ ပေဋကော၊ ၂၃၆။

**မနောဓာတုသမင်္ဂီ** (တိ) [မနောဓာတု + သမင်္ဂီ] မနောဓာတ်နှင့် ပြည့်စုံသော။ အသမာပန္နဿ မနောဓာတုသမင်္ဂိဿ ဝါ မနောဝိညာဏဓာတုသမင်္ဂိဿ ဝါ သညာ။ အဘိ၊ဋ္ဌ၊ ၁။ ၂၄၇။ ဝိသုဒ္ဓိ၊ ၂။ ၁၂၄။ မဟာနိ၊ဋ္ဌ၊ ၈၅။ စူဠနိ၊ဋ္ဌ၊ ၅၇။

**မနောဓာတုသမညာ** (ထီ) [မနောဓာတု + သမညာ] မနောဓာတ်ဟူသော နာမည်။ သုတ္တန္တနယေန ပန သုညတဋ္ဌေန နိဿတ္တနိဇ္ဇီဝဋ္ဌေန မနောဓာတုသမညံ လဘတေဝ။ သံ၊ဋီ၊ ၂။၃၁၂။

**မနောဓာတုသမ္ဖဿဇ** (တိ) [မနောဓာတုသမ္ဖဿ + ဇန + ကွိ] မနောဓာတ်နှင့်ယှဉ်သော ဖဿကြောင့်ဖြစ်သော။ ဧတေသု ဟိ သတ္တဝိဓေသု မနောသမ္ဖဿဇာ မနောဓာတုသမ္ဖဿဇာ မနောဝိညာဏဓာတုသမ္ဖဿဇာတိ ဒွိဓာဘိန္နာ။ အဘိ၊ဋ္ဌ၊ ၂။၃၄။

**မနောနိဿိတ** (တိ) [မန + နိဿိတ] စိတ်ကို– စိတ်၌ – မှီသော၊ စိတ်ကိုအကြောင်းခံဖြစ်သော။ န စ မေ မနောနိဿိတံ ဝိညာဏံ ဘဝိဿတိ။ မ၊၃။၃၀၃။

**မနောနုကူလ** (တိ) [မန + အနုကူလ] စိတ်အား လျော်သော၊ စိတ်ကြိုက်ဖြစ်သော။ မနောနု-

ကူလံ ဝိဇိတသေနံ နာမ အတိဝိယ ဧည့ ခတ္တိယကညံ အဂ္ဂမဟေသိံ အကာသိ။ ဗုဒ္ဓဝံ၊ ဋ္ဌ။၂၁၇။ (–၂၃၆။)

**မနောနေတ္တရသာယန** (တိ) [ မနောနေတ္တ+ရသာယန] စိတ်နှင့်မျက်လုံးတို့၏– အရသာကို–သာယာဖွယ်ကို–ဖြစ်စေတတ်သော၊ စိတ်နှင့် မျက်လုံးတို့၏ ရသာယနဆေးသဖွယ်ဖြစ်သော၊သူ။ ဗိမ္ဗောဋ္ဌိ ဣန္ဒသနာ၊ မနောနေတ္တရသာယနာ။ အပ၊၂။၂၂၆။ ထေရီ၊ဋ္ဌ။ ၁၃၆။

**မနောပကောပ** (ပု) [ မန+ပကောပ ] စိတ်၏ပျက်စီးခြင်း၊ စိတ်အမူအရာပျက်စီးမှု၊ မနောဒုစရိုက်။ မနောပကောပံ ရက္ခေယျ၊ မနသာ သံဝုတော သိယာ။ ဓမ္မ။၄၇။ ဓမ္မ၊ဋ္ဌ၊၂။၂၁၂။ ကာယပကောပ-ကြည့်။

**မနောပဋ္ဌ** (တိ) [ မန+ပဋ္ဌ ] စိတ်ဖြင့်မေးအပ်သောပြဿနာ။ ကေမန္တံ ဠိကော ပဟဋ္ဌော၊ မနော ပဋ္ဌေ အပုစ္ဆထ။ စူဠနိ။၄။

**မနောပဋိဗဒ္ဓ** (တိ) [မန+ပဋိဗဒ္ဓ] စိတ်၌ကပ်ငြိသော၊ စိတ်နှင့်ဖပ်သော၊သူ။ မနောပဋိဗဒ္ဓေါ (မ၊၂။၄၀)တိ ယသ္မာ မနမှိ ပဋိဗဒ္ဓေါ ဟုတွာ ကာလံ ကရောတိ။ မ၊ဋ္ဌ၊၃။၄၀။ (–မ၊ဋီ၊၃။ ၃၀။)

**မနောပဏာမ** (ပု) [မန+ပဏာမ] စိတ်ဖြင့်–ညွှတ်ခြင်း– ရှိခိုးခြင်း။ တဒုဘယပုရေစရာနံ့ စရဝသေန မနောပဏာမော‌တိ။ သီ၊ဋီ၊သစ်၊ ၂။၁၈။

**မနောပဏိဓာန** (န) [မန+ပဏိဓာန] စိတ်ဖြင့် ဆုတောင်းခြင်း။ ကေစိ ပန မနောပဏိဓာန ဝစီပဏိဓာနဝသေန အနေကဓာ အသင်္ချေယျ ပရိစ္ဆေဒံ ကတွာ ပုဗ္ဗသမ္ဘာရံ ဝဒန္တိ။ သီ၊ ဋီ၊သစ်၊၁။၂၁။

**မနောပဏိဓိ** (တိ) [မန+ပဏိဓိ] (၁) စိတ်၏အလိုဆန္ဒ၊ စိတ်ဖြင့်တောင့်တမှု။ (၂)ကောင်းစွာထားအပ်သောစိတ်၊ တည်ကြည်သောစိတ်။ (၁) ဣတိ မမ စ မနောပဏိဓိ၊ ဣမေ စ သတ္တာ ဣတ္ထတ္တံ အာဂတာ။ ဒီ၊၁။၁၇။ (၂) အောက်ပုဒ်ကြည့်။

**မနောပဏိဓိသမ္ပန္န** (တိ) [မနောပဏိဓိ+သမ္ပန္န] ကောင်းစွာထားအပ်သောစိတ်– တည်ကြည်သောစိတ်–နှင့်ပြည့်စုံသော၊သူ။ မနောပဏိဓိသမ္ပန္နော(ဇာ၊၂။၂၉၁)တိ အဇလေန သုဋ္ဌု ဌပိတေန စိတ္တေန သမန္နာဂတော။ ဇာ၊ဋ္ဌ၊၇။ ၁၉၇။

**မနောပဒူသန** (တိ) [မန+ပဒုသန] စိတ်ကို–ပျက်စီးစေတတ် – ဖျက်ဆီးတတ် – သော။ မနောပဒူသနတော မနောပဒေါသောတိ ဝုစ္စတိ။ ဒီ၊ဋ္ဌ၊၃။၃၇။ မနောပဒူသနတော မနသာ ပကောပနတော။ ဒီ၊ဋီ၊၃။၃၁။

**မနောပဒေါသ** (ပု) [မန+ပဒေါသ] (၁)စိတ်ကို–ပျက်စီးစေတတ် – ဖျက်ဆီးတတ် – သောသဘော၊ အမျက်ဒေါသ။ (၂) စိတ်ကြောင့် ပျက်စီးခြင်း၊ စိတ်၏သာလျှင် ပျက်စီးခြင်း။ (၁) တိဗ္ဗော မနောပဒေါသော တိဗ္ဗံ ဝဓကစိတ္တံ။ ဒီ၊၃။၆၀။ (–အဘိ၊ဓ။၂၁၆။ဟောနိ။ ၁၆၅။) မနောပဒူသနတော မနောပဒေါသောတိ ဝုစ္စတိ။ ဒီ၊ဋ္ဌ၊၃။၃၇။ မနံ ပဒူသယမာနော ဥပ္ပဇ္ဇတီတိ မနောပဒေါသော။ အဘိ၊ဋ္ဌ၊၁။၃၉၉။ မဟာနိ၊ဋ္ဌ။၂၇၉။ (၂) မနောပဒေါသိက–ကြည့်။

**မနောပဒေါသလက္ခဏ** (တိ) [မနောပဒေါသ+လက္ခဏ] စိတ်ကို–ပျက်စီးစေတတ်–ဖျက်ဆီးတတ် – သော သဘောလျှင် မှတ်ကြောင်းလက္ခဏာရှိသော။ ( စိတ်ဖြင့် ပြစ်မှားခြင်းလက္ခဏာရှိသော။ အဋ္ဌသာ။သျှ။ စိတ်ကိုဖျက်ဆီးခြင်းလက္ခဏာရှိသော။ ဒီ၊ဋ္ဌ၊န။သျှ။) သော ပရဝိနာသာယ မနောပဒေါသလက္ခဏော။ မ၊ဋ္ဌ၊၁။၂၀၅။သံ၊ဋ္ဌ၊၂။၁၃၇။ အဘိ၊

ဋ္ဌ၊၁။၁၄၄။ မဟာနိ၊ဋ္ဌ။၁၀၂။ (-ဒီ၊ဋ္ဌ၊၃။ ၂၃၂။)

**မနောပဒေါသက** (တိ) [မန+ပ+ဒုသ+ဏွု] အမျက်ဒေါသကြောင့်- ပျက်စီးတတ်သော- သေကြေပျက်စီးသော၊ သူ။ အောက်ပုဒ် ကြည့်။

**မနောပဒေါသိက** (တိ) [မနောပဒေါသီ+က။ မန+ပ+ဒုသ+ဏွု၊ဣ-အာဂုံ။ မနောပဒေါသ +ဣက။ သီ၊ဋီ၊သစ်၊၁။၄၂၅။] အမျက်ဒေါသ ကြောင့်- ပျက်စီးတတ်သော- ပျက်စီးခြင်း ရှိသော-သေကြေပျက်စီးသော၊ သူ။ သန္တိ ဘိက္ခဝေ မနောပဒေါသိကာ နာမ ဒေဝါ။ ဒီ၊ ၁။၁၉။ မနေန ပဒုဿန္တိ ဝိနဿန္တီတိ မနော ပဒေါသိကာ။ တေ စာတုမဟာရာဇိကာ။ ဒီ၊ဋ္ဌ၊၁။၁၀၅။ (-ဒီ၊ဋ္ဌ၊၃။၁၃၆။ ဒီ၊ဋီ၊၃။၂၄၂။ အဘိ၊ဋ္ဌ၊၂။၄၈၀။ အံ၊ဋ္ဌ၊၂။၃၄၇။) မနောပ- ဒေါသိနောတိ ကဏ္ဍုဝသေန ပဒသိဒ္ဓိ၊ မနောပဒေါသိကာတိ ဧ သကတ္ထဝုတ္တိဝသေန၊ အတ္ထမတ္တံ ပန ပဿေတုံ မနေနာတိအာဒိဝုတ္တံ။ မနောပဒေါသကာတိ ဝါ ဝတ္တဗ္ဗေ ဣကာရာဂ- မဝသေန ဝေံ ဝုတ္တံ။ မနေနာတိ ဣဿာပက- တတ္တာ ပဒုဋ္ဌေန မနသာ။ အပရော နယော- ဥဿူယနဝသေန မနသာ ပဒေါသော မနော- ပဒေါသော၊ ဝိနာသဟေတုဘူတော သော ဧတေ- သမတ္ထီတိ မနောပဒေါသိကာတိ။ သီ၊ဋီ၊သစ်၊ ၁။၄၂၅။ ဥဿူယာဝသေန မနသော ပဒေါသော မနောပဒေါသော၊ သော ဧတေသံ အတ္ထိ ဝိနာသဟေတုဘူတောတိ မနောပဒေါ- သိကာတိဧဝံ ဝါ ဧတ္ထ အတ္ထော။ ဒဋ္ဌဗ္ဗော။ ဒီ၊ ဋီ။၁။၁၅၉။

**မနောပဒေါသီ** (တိ) [ မန + ပ + ဒုသ+ ဏီ ] အမျက်ဒေါသကြောင့်-ပျက်စီးတတ်သော- သေကြေပျက်စီးသော၊ သူ။ အထက်ပုဒ် ကြည့်။

**မနောပဗန္ဓ** (ပု) [ မန+ပဗန္ဓ ] စိတ်အစဉ်။ စောပနဒွယရဟိတဿ မနောပဗန္ဓဿ မနော- ကမ္မဒွါရဘာဝေ ပန ဝတ္တဗ္ဗမေဝ နတ္ထိ။ မူလဋီ၊ ၁။၈၅။

**မနောပရိညာ** (ထီ) [မန + ပရိညာ] စိတ်ကို ပိုင်းခြား၍ သိခြင်း၊ လောကီ စိတ်ကို ဖြစ်ကြောင်း စသောအားဖြင့် ပိုင်းခြား၍ သိခြင်း။ "မနောပရိညာ မနောမောနေယျံ။ ဒီ၊ဋ္ဌ၊၃။၁၈၆။ (-ဣတိဝုတ်၊ဋ္ဌ။၂၀၅။) တဿ သမုဒယာဒိတော ပရိဇာနနံ မနောပရိညာတိ အယမေဝ ဝိသေသော။ ဒီ၊ဋီ၊၃။၂၁၅။

**မနောပဝတ္တ** (နု) [မန+ပဝတ္တ] စိတ်၏ ဖြစ်ခြင်း။ ကာယပဝတ္တံ။ မနောပဝတ္တံ ပရိယာဒိယတိ။ ပဋိသံ။၉၇။ (-၃၆၆။) စက္ခုပဝတ္တ-ကြည့်။

**မနောပဝိစာရ** (ပု) [မန+ဥပ+ဝိ+စရ+ဏ။ မနောသဝိသေသံ ဥပဝိစရတိ အာရမ္မဏေ ပဝတ္တတိ ဧတေဟီတိ မနောပဝိစာရာ၊ ဝိတက္က- ဝိစာရာ။ မ၊ဋီ၊၃။၃၈၁။] စိတ်ကို ဖြစ်စေတတ် သော-စိတ်ဖြစ်ကြောင်း ဖြစ်သော-တရား (ဝိတက်,ဝိစာရ)။ ဣမေ အဋ္ဌာရသ မနော- ပဝိစာရာ။ အံ၊၁။၁၇၆။ (-မ၊၃။၂၅၉။) မနောပဝိစာရာတိ ဝိတက္ကဝိစာရပါဒေဟိ အဋ္ဌာရသသု ဌာနေသု မနသော ဥပဝိစာရာ။ အံ၊ဋ္ဌ၊၂။၁၅၉။ (-မ၊ဋ္ဌ၊၄။၂၈၅။) မနော- ပဝိစာရာတိ တံတံ အာရမ္မဏံ ဥပေစ္စ မနသော ဝိဝိဓစရဏာကာရော။ အံ၊ ဋီ၊ ၂။ ၁၄၅။ (ထေရ။၃၅၇။ ထေရ၊ဋ္ဌ၊၂။၄၇၂-ပို့၌ မနော- ဝိစာရ ဟု ပါဠိမှားလျက် ရှိသည်။)

**မနောပသာဒ** (ပု) [မန+ ပသာဒ] ကြည်လင်သော စိတ်၊ စိတ်၏ ကြည်လင်မှု။ ကော မနောပသာဒေါ၊ သရဏဂမနမူလိကာ- မေဝ ဝါ။ မိလိန္ဒ။၂၃၆။ (-ပေဋကော။ ၂၇၉။ ဓမ္မ၊ဋ္ဌ၊၁။၂၂။)

**မနောပါဂုဇ္ဇိယ** (နု) [မန + ပါဂုဇ္ဇိယ] စိတ်ကြမ်းကြုတ်ခြင်း၊ စိတ်ဖြင့်– မကောင်း – မတော်မလျော်–ကြံစည်မှု၊ မနောဒုစရိုက်။ (ဒုဿီလ ဖြစ်ပါလျက် လူအများက ငါ့ကို သီလဝန္တ ထင်မြင်ကြပါစေဟု အလိုဆိုးရှိခြင်းသည်လည်း မနောပါဂုဇ္ဇိယ မည်၏၊ သံ၊ဋ္ဌ၊၂။ ၁၅၆။) အနေကဋ္ဌာနေန မနောပါဂုဇ္ဇိယေန စ ဝိရဟိတာတိ အတ္ထော။ သံ၊ဋ္ဌ၊၂။၁၅၅။ မနသာ ဧဝ ကာမဝိတက္ကာဒိနာနပ္ပကာရံ အပ္ပတိရူပဝိတက္ကနံ။ ခုဒ္ဒကာ၊ဋ္ဌ။၂၀၇။ (–ဧာ၊ဋ္ဌ၊၁။ ၃၀၆။ သံ၊ဋီ၊၂။၁၅၈။) ကာယပါဂုဇ္ဇိယ-လည်း ကြည့်။

**မနောပုဗ္ဗင်္ဂမ** (တိ) [မန + ပုဗ္ဗင်္ဂမ] စိတ်ရှေ့သွားရှိသော၊ စိတ်ပြဓာန်းသော (သမ္ပယုတ်တရားများ)။ သဗ္ဗေတေ မနောပုဗ္ဗင်္ဂမာ၊ မနော တေသံ ဓမ္မာနံ ပဌမံ ဥပ္ပဇ္ဇတိ။ အံ၊၁။ ၁၀။(–ဓမ္မ။၁၃။)သဗ္ဗေတေ မနောပုဗ္ဗင်္ဂမာတိ မနော ပုဗ္ဗံ ပဌမတရံ ဂစ္ဆတိ ဧတေသန္တိ မနောပုဗ္ဗင်္ဂမာ။ အံ၊ဋ္ဌ၊၁။၅၅။(–ဓမ္မ၊ဋ္ဌ၊၁။၁၄။ သာရတ္ထ၊၃။၁၁၁။ ဒီ၊ဋီ၊၁။၄၁။ ဒီ၊ဋီ၊၂။ ၁၀၅။)

**မနောဘာဝနီယ** (တိ) [မန+ဘာဝနီယ] စိတ်ဖြင့် ချီးမွမ်းအပ်သော၊ စိတ်နှလုံးကို ပွားစေတတ်သော၊ သူ။ တေ မယံ လဘာမ မနောဘာဝနီယေ ဘိက္ခူ ဒဿနာယ။ ဒီ၊၂။၁၁၆။ (–ဒီ၊၃။၃၀။ သံ၊၂။၁။ အံ၊၂။၂၈၀။ ဝိမာန။ ၄၉။). မနောဘာဝနီယေတိ မနသာ ဘာဝိတေ သမ္ဘာဝိတေ။ ယေ ဝါ မနော မနံ ဘာဝေန္တိ ဝဍ္ဎေန္တိ ရာဂရဇာဒီနိ ပဝါဟေန္တိ၊ ဝေရှုပေတိ အတ္ထော။ ဒီ၊ဋ္ဌ၊၂။၁၇၃။ (–ဒီ၊ဋ္ဌ၊ ၃။၁၆။ သံ၊ဋ္ဌ၊၂။၂၃၀။ အံ၊ဋ္ဌ၊၃။၁၀၂။ ဒီ၊ဋီ၊ ၃။၁၄။ သံ၊ဋီ၊၂။ ၂၀။ အံ၊ ဋီ၊ ၃။ ၁၀၂။) ကမ္မသာဓနော သမ္ဘာဝနတ္ထော ဘာဝနီယသဒ္ဒေါတိ အာဟ "မနသာ ဘာဝိတေ သမ္ဘာဝိတေ"တိ။ ဒုတိယဝိကပ္ပေ ပန ဘာဝနံ ဝဍ္ဎနန္တိ "ပဋိပက္ခပဟာနတောတိ" အာဟ "ယေဝါ" တိအာဒိ။ ဒီ၊ဋီ၊၂။၁၇၉။

**မနောမယ** (တိ) [မန+မယ] စိတ်(အဘိညာဉ်စိတ်၊ဈာန်စိတ်၊အရိယာမဂ်စိတ်) ဖြင့်–ပြီး–ပြုအပ်–ဖန်ဆင်းအပ်–သော၊ စိတ်သည်ဖြစ်စေအပ်–စိတ်ကြောင့်ဖြစ်–သော။ မနောမယံ ကာယံ။ ဒီ၊၁။၇၃။အံ၊၁။၂၄။ (–ဒီ၊၃။၇၀။ မ၊၂။၂၁၀။ အံ၊၃။၆၈။ ဓမ္မ။၁၃။)မနောမယန္တိ မနေန နိဗ္ဗတ္တိတံ။ ဒီ၊ဋ္ဌ၊၁။၁၉၈။ အံ၊ဋ္ဌ၊၁။ ၁၆၄။ မနောမယံ ကာယ(အံ၊၂။၁၆၉)န္တိ ဈာနမနေန နိဗ္ဗတ္တိတံ။ အံ၊ဋ္ဌ၊၃။၅၈။ မနောမယန္တိ အရိယာနမနေန နိမ္မိတတ္တာ မနောမယံ။ ဝိသုဒ္ဓိ၊၂။၃၄။ (–ဒီ၊ဋ္ဌ၊၃။၄၉။ မ၊ဋ္ဌ၊ ၃။၁၈၁။ အံ၊ဋ္ဌ၊၃။၂၂။ ဓမ္မ၊ဋ္ဌ၊၁။၁၅။ သံ၊ဋီ၊ သစ်။၂။ ၁၄၉။၃၈၆။)

**မနောမယကာယ** (ပု) [မနောမယ+ကာယ] စိတ်ဖြင့်– ပြီး– ပြုအပ်–ဖန်ဆင်းအပ်–သော ကိုယ်။ မနောမယေန ကာယေန ဣဒ္ဓိယာ ဥပသင်္ကမိတိ တွေ အဘိညာမနေန ကတကာယော မနောမယကာယော နာမ။ အညတရံ မနောမယံ ကာယံ ဥပပဇ္ဇတိတိ တွေ ဈာနမနေန နိဗ္ဗတ္တိတကာယော ဟေန မနေန ကတတ္တာ မနောမယကာယော နာမ။ ဣဓပန အဘိညာမနေန ဥပ္ပါဒိတကာယော တေန မနေန ကတတ္တာ မနောမယကာယောနာမ။ ပဋိသံ၊ဋ္ဌ၊၂။၂၇၈။ (–အံ၊ဋ္ဌ၊၁။၁၆၄။)

**မနောမယင်္ဂ** (နု)[မနောမယ+အင်္ဂ] အဘိညာဉ် စိတ်ဖြင့်ပြီးသောအကြောင်းအင်္ဂါ။ မနောမယင်္ဂေန စ စေတော ဝိဝဋ္ဋကုသလင်္ဂေန စ....တေဒင်္ဂေ ဌပယိတ္ထ။ အံ၊ဋ္ဌ၊၁။၁၆၅။

**မနောမယဇ္ဈာနလာဘီ** (တိ) [မနောမယ+ဈာနလာဘီ] အဘိညာဏ်စိတ်ဖြင့်ပြီးသော ဈာန်ကိုရသော၊ သူ။ သော မနောမယဇ္ဈာနလာဘီ ဟုတွာ ဧကော ဟုတွာ စတုဓာ။ အံ၊ဋ္ဌ၊၁။ ၁၆၉။ ပဋိသံ၊ ဋ္ဌ၊၂။၂၇၁။

**မဟာနခပိဋ္ဌိ** (ထီ) [မဟန္တီ+နခပိဋ္ဌိ] ကြီးသော လက်သည်းခွံ ကျောက်ကုန်း။ အောက်ပုဒ် ကြည့်။

**မဟာနခပိဋ္ဌိမတ္တ** (တိ) [မဟာနခပိဋ္ဌိ+မတ္တာ] ကြီးသော လက်သည်းခွံကျောက်ကုန်း ပမာဏရှိ-သော။ ယာ ပနညာ မဟာနခပိဋ္ဌိမတ္တာ-ပဏ္ဏလောဏိရုက္ခေ စ ဂစ္ဆေ စ အာရော-ဟတိ။ ဝိ၊ဋ္ဌ၊၃။၁၀၁။ (ဝိနယသင်္ဂဟအဋ္ဌက-ထာ၊ ၉၇-၌ မဟာနခပိဋ္ဌိမတ္တပဏ္ဏာ လောဏိ-ရုက္ခေ စ–ဟု ရှိ၏။)

**မဟာနာဂ** (ထီ၊ န) [မဟန္တ+နာဂ] မြို့ကြီး။ သတ္တိ ဘန္တေ အညာနိ မဟာနဂရာနိ။ ဒီ၊ ၂။ ၁၂၁။ (–ဒီ၊ဋ္ဌ၊ ၂။၁၇၈။)

**မဟာနင်္ဂလ** (န) [မဟန္တ+နင်္ဂလ] ကြီးစွာသော ထွန်။ သရဒသမယေ ကဿကော မဟာနင်္ဂလေန ကသန္တော။ သံ၊ ၂။၁၂၆။ (–သံ၊ဋ္ဌ၊ ၂။၃၀၃။)

**မဟာနတ္ထ**[1] (ပု) [မဟန္တ+အနတ္ထ] ကြီး–များ–စွာသော အကျိုးမဲ့။ အောက်ပုဒ်ကြည့်။

**မဟာနတ္ထ**[2] (တိ) [မဟာနတ္ထ+ကရ။ ကရ-ပုဒ် ချေ၊ ပါရာဇိကဏ်၊ ဂဏ္ဌိ၊ ဒု။၁၅။] ကြီး–များ–စွာသော အကျိုးမဲ့ကို ပြုတတ်သော။ မဟာဂဟနတာယ မဟာနတ္ထတာယ ဒုန္နိတ္ထ-ရိယတာယ စ ဇာတိယေဝ ကန္တာရော။ မဟာနိ၊ဋ္ဌ။၃၈၈။ သာရတ္ထ၊၁။၂၉၃။

**မဟာနတ္ထကရ** (တိ) [မဟာနတ္ထ+ကရ] ကြီး–များ–စွာသော အကျိုးမဲ့ကို ပြုတတ်သော။ မဟာနတ္ထကရံ ကောဓံ၊ သပတ္တံ န ဇဟာသိ ကိံ။ ဝိသုဒ္ဓိ၊၁။၂၉၃။ (–စရိယာ၊ဋ္ဌ။၂၄၈။ သီ၊ဋီ၊သစ်၊ ၂။၁၅။)

**မဟာနတ္ထကရဏ** (န) [ မဟာနတ္ထ+ကရဏ ] ကြီး–များ–စွာသော အကျိုးမဲ့ကို ပြုခြင်း။ ကိလေသာ ဟိ သတ္တာနံ မဟာနတ္ထကရဏ တော "ဥပဒ္ဒဝေါ"တိ ဝုစ္စန္တိ။ မ၊ဋီ၊၃။၃၂၉။

**မဟာနတ္ထဟေတု** (ပု) [ မဟာနတ္ထ + ဟေတု ] ကြီး-များ-စွာသောအကျိုးမဲ့၏အကြောင်း။ နိက္ခန္တိယေဝ ဘယံ မဟာနတ္ထဟေတုတော။ မ၊ဋီ၊၁။၃၁၂။

**မဟာနတ္ထာဝဟ** (တိ) [ မဟာနတ္ထ+အာဝဟ ] ကြီး-များ-စွာသော အကျိုးမဲ့ကို ဆောင်တတ်သော။ တေသံ ဝိဂ္ဂဟာ ဒုမ္မေဓပညာယ မဟာနတ္ထာဝဟာ ဝါတိ ဒဿေန္တိ။ သံ၊ဋီ၊၁။ ၁၁၇။

**မဟာနတ္ထုပ္ပါဒန** (နု) [ မဟာနတ္ထ+ဥပ္ပါဒန ] ကြီး-များ-စွာသော အကျိုးမဲ့ကို ဖြစ်စေခြင်း။ အပ္ပဟီနော အဝိဇ္ဇာဝိသဒေါ သော ဒုဗ္ဗေဇ္ဇာ မဟာနတ္ထုပ္ပါဒနတော။ မ၊ဋီ၊၃။၂၅၀။

**မဟာနဒ** (ပု) [ မဟန္တ+နဒ ] ကြီးမွာသော အသံ။ ဗျဂ္ဃော သုကရေ ဩလောကေတွာ မဟာနဒံ နဒိ။ ဇာ၊ဋ္ဌ၊၄။၃၄၅။

**မဟာနဒီသြဃ** (ပု) [မဟာနဒီ+သြဃ] မြစ်ကြီး၏ ရေအလျဉ်။ ဂမ္ဘီရတော ဝိတ္ထာရတော စ မဟန္တော မဟာနဒီသြဃော အန္တမသော သုနခမ္ပိ အသေသေတွာ။ အံ၊ဋီ၊၁။၁၉၉။

**မဟာနဒီ** (ထီ) [မဟန္တီ+နဒီ] မြစ်ကြီး။ ကုန္နဒိယော ပရိပူရာ မဟာနဒိယော ပရိပူရေန္တိ။ အံ၊၁။၂၄၆။ (-ဝိ၊၄။၄၂၁။) မဟာနဒိယောတိ ဂင်္ဂါယမုနာဒိကာ မဟာသရိကာ။ အံ၊ဋ္ဌ၊၂။ ၂၂၃။

**မဟာနယ** (ပု) [ မဟန္တ+နယ ] ကြီး-မြတ်-သောနည်း။ ဣမေ ဝီသတိ မဟာနယာ ကတ္ထ ဝိဘတ္တာတိ။ အဘိ၊ဋ္ဌ၊၁။၂၅၇။

**မဟာနရက** (ပု) [မဟန္တ+နရက] (၁) ကြီးသော ငရဲ၊ အဝီစိငရဲ၊ ငရဲကြီး။ (၂) ကြီးကျယ်-နက်ရှိုင်းသော-ချောက်။ (၁) တတ္ထေဝ မဟာနရကံ ပဝိဋ္ဌော။ မ၊ဋ္ဌ၊၄။၅။ (ဝိ၊ဋ္ဌ၊၁။ ၂၃၇-နှင့်ယှဉ်ကြည့်။) (၂) စန္ဒဝိမာနံ သူရိယဝိမာနံ ဝါ တိယောဇနသတိကေ မဟာနရကေ ပက္ခိတ္တံ ဝိယ ဟောတိ။ သံ၊ဋ္ဌ၊၁။၁၀၈။

**မဟာနရကပပါတ** (ပု) [မဟာနရက+ပပါတ] ကြီးကျယ် – နက်ရှိုင်း – သော ချောက်သို့ကျခြင်း။ ယဿ ပတိတဿနေ မဟာနရကပပါတော ဝိယ ဟောတိ။ သံ၊ဋ္ဌ၊၃။၁၁၆။ မဟာနရကပပါတော ဝိယာတိ ယောဇနာနေကာယာမဝိတ္ထာရဂမ္ဘီရသောဗ္ဘပပါတော ဝိယ ဟောတိ။ သံ၊ဋီ၊၂။၃၅၅။

**မဟာနလာဋ** (ပု) [ မဟန္တ+နလာဋ ] ကြီး-ကျယ်-သော နဖူး။ ဂန္ဓာရရာဇာ ဥလ္လောကေန္တော ကဍ္ဎနပဋ္ဋသဒိသံ မဟာနလာဋံ ဒိသွာ။ ဇာ၊ဋ္ဌ၊၂။၂၀၂။

**မဟာနသ** (နု) [ မဟန္တ + အသ + ယု။ ယုပစ္စည်းကို အန-ပြု။ သ-နှင့် န-ကို ရှေ့နောက်ပြန်။ မဟန္တာနိ ဗဟူနိ အသိတဗ္ဗာနိ သန္ဓေတ္ထ မဟာနသံ၊ အသ ဘက္ခနေ၊ ယု၊ ဝဏ္ဏဝိပရိယယော။ ဓာန်၊ဋီ။၂၁၁။] စားဖိုအိမ်။ ရညော သူဒါ မဟာနသေ။ ဇာ၊၂။၉၃။ (-ဇာ၊ဋ္ဌ၊၃။ ၂၁၀။ ပဋိသံ၊ဋ္ဌ၊၂။၂၈၆။)

**မဟာနသဆဒန** (နု) [မဟာနသ+ဆဒန] စားဖိုအိမ်အမိုး။ သယံ အဋ္ဌဟိ ကာကယောဟေ သဒ္ဓိံ မဟာနသဆဒနေ နိသီဒိ။ ဇာ၊ဋ္ဌ၊၂။ ၃၉၁။

**မဟာနသတ္ထ** (ပု) [ မဟာနသ+အတ္ထ ] စားဖိုအိမ်အကျိုး။ မဟာနသတ္ထာယ ဒေန္တု။ ဇာ၊ဋ္ဌ၊ ၄။၂၅၃။

**မဟာနသဒွါရ** (နု) [ မဟာနသ+ဒွါရ ] စားဖိုအိမ်တံခါး။ သရီရတော သေဒံ အပနေန္တော မဟာနသဒွါရေ အဋ္ဌာသိ။ ဇာ၊ဋ္ဌ၊၂။၃၂၇။ (-ဇာ၊ဋ္ဌ၊၅။၃၂၈။)

**မဟာနသမတ္တက** (နု) [ မဟာနသ+မတ္တက ] စားဖိုအိမ် – အထက် – အပေါ်။ ဇော

ကာကော မဟာနုသမတ္တကေန ဂစ္ဆန္တော။ ဇာ၊ဋ္ဌ၊၁။ ၂၅၉။ (–ဇာ၊ဋ္ဌ၊၂။၃၂၆။)

**မဟာနုသဝိဇ္ဇာပရိစယ** (ပု) [မဟာနုသဝိဇ္ဇာ+ပရိစယ] စားဖိုအိမ်အတတ်ကို လေ့လာခြင်း၊ စားဖိုသည်–စားတော်ကဲ–အတတ်ကိုလေ့လာခြင်း။ မဟာနုသဝိဇ္ဇာပရိစယေန ပဏ္ဍိတော။ ဝိသုဒ္ဓိ၊ ဋီ၊၁။၁၇၆။

**မဟာနုသာဘိမုခ** (တိ) [မဟာနုသ+အဘိမုခ] စားဖိုအိမ်သို့ ရှေးရှုသော၊ (ကြံ၊ဝိ) စားဖိုအိမ်သို့ ရှေးရှု။ မဟာနုသာဘိမုခေါ ဝါတပါနေ ဌတွာ။ ဓမ္မ၊ဋ္ဌ၊၂။၂၀၀။

**မဟာနာဂ** (ပု) [မဟန္တ+နာဂ] (၁) ဘုရား။ (၂) မြတ်သောအာနုဘော်ရှိသော ရဟန္တာ၊ တန်ခိုးကြီးသော ရဟန္တာ။ (၃) ကြီး–မြတ်–သော ဆင်၊ ဆင်ပြောင်ကြီး။ (၄) ကြီးစွာသော နဂါး၊ နဂါးကြီး။ (၅) ကြီးစွာသော ကံ့ကော်။ (၆) မဟာနာဂမည်သူ။ (တိ) (၇) ဆင်ပြောင်ကြီးနှင့်တူသော၊ သူ (သူရဲ)။

(၁) ဘုရား။ မဟာနာဂံ မဟာဝီရံ မဟာဇုတိ မနာသဝံ။ ထေရ။ ၂၇၁။ (–အပ၊ ၂။၆၅။ ထေရ၊ဋ္ဌ၊၂။၂၄၂။) ဂတိဗလပရက္ကမာဒိသမ္ပတ္တိယာ မဟာနာဂဘာဒိသတ္တာ, နာဂေသုပိ ခီဏာသဝေသု မဟာနုဘာဝတာယ စ မဟာနာဂံ ။ ထေရ၊ဋ္ဌ၊၂။၁၇။ (၂) မြတ်သော အာနုဘော်ရှိသော ရဟန္တာ၊ တန်ခိုးကြီးသော ရဟန္တာ။ ဣတိဟ တေ ဥဘော မဟာနာဂါ အညမညဿ သုဘာသိတံ သမနုမောဒိံသု။ မ၊၁။၃၉။ (–အံ၊၂။ ၃၀၅။ သံ၊၂။၆၉။ ဒီ၊ဋ္ဌ၊၁။၃၂၃။) မဟန္တာ နာဂါ မဟာနာဂါ၊ အညေဟိ ခီဏာသဝနာဂေဟိ ပုဇ္ဇတရာ စ ပါသံသတရာ စာတိ အတ္ထော။ မ၊ဋ္ဌ၊၁။၁၅၈။ (–အံ၊ဋ္ဌ၊ ၃။၁၁၃။ သံ၊ဋ္ဌ၊၂။၂၆၀။ သီ၊ဋီ၊သစ်၊၂။ ၄၁၃။) (၃) ကြီး–မြတ်–သော ဆင်၊ ဆင်ပြောင်ကြီး။ ကုဥ္ဇရာ ဝ မဟာနာဂါ၊ အတ္တဒန္တော တတော ပရံ။ ဓမ္မ။ ၅၉။ မဟာနိ။ ၁၈၇။ စူဠနိ။ ၆၆။ မဟာနာဂါတိ ကုဥ္ဇရသင်္ခါတာ မဟာဟတ္ထိနော။ ဓမ္မ၊ဋ္ဌ၊၂။၃၀၉။ မဟာနိ၊ဋ္ဌ။၃၀၄။ စူဠနိ၊ဋ္ဌ။၁၈။

(၄) ကြီးစွာသော နဂါး၊ နဂါးကြီး။ မဟောရဂေါ မဟာနာဂေါ၊ ပသန္နော ဇိနသာသနေ။ အပ၊၂။၂၃၁။(–ဇာ၊၂။၂၂၄။) (၅) ကြီးစွာသော ကံ့ကော်။ မဟာနာဂရုက္ခ မဟာနာဂဝန–တိုကြည့်။ (၆) မဟာနာဂမည်သူ။ မဟာနာဂေါတိဿ နာမံ အဟောသိ။ ထေရ၊ဋ္ဌ၊၂။၈၉။ (တိ) (၇) ဆင်ပြောင်ကြီးနှင့် တူသော၊ သူ (သူရဲ)။ ရာဇပုတ္တာ ပက္ခန္ဒိနော မဟာနာဂါ သူရာ။ ဒီ၊၁။၄၈။ အံ၊၂။၄၇၈။ မဟာနာဂါတိ မဟာနာဂါ ဝိယ မဟာနာဂါ၊ ဟတ္ထိအာဒီသုပိ အဘိမုခံ အာဂစ္ဆန္တေသု အနိဝတ္တိတယောဓာနမေတံ အဓိဝစနံ။ ဒီ၊ဋ္ဌ၊၁။၁၄၃။ (–အံ၊ဋ္ဌ၊ ။၁၈၂။) ထာမဇဝဗလပရက္ကမာဒိသမ္ပတ္တိယာ မဟာနာဂါ ဝိယ မဟာနာဂါ။ ဒီ၊ဋီ၊၁။၂၁၉။ အံ၊ဋီ၊၃။၁၉၀။

**မဟာနာဂဇာတက** (နု) [မဟာနာဂ+ဇာတက] မဟာနာဂဇာတ်၊ အမိကို လုပ်ကျွေးသော ရဟန်းအား အကြောင်းပြု၍ ဟောကြားအပ်သောဇာတ်။ (ဇာတ်ပါဠိတော်နှင့် အဋ္ဌကထာများ၌ မာတုပေါသကဇာတ်ဟု အမည်ပေးသည့် အတိတ်ဝတ္ထုကို အစွဲပြု၍ ပေးသော အမည်နှင့် ပစ္စုပ္ပန်ဝတ္ထုကို အစွဲပြု၍ ပေးသော အမည်သာ ထူးသည်။) ဇာတကပါဠိ၊ ၁၁ နိပါတ်၊ ၁-ဇာတ်။ ဇာ၊၁။ ၂၂၆–၇။ ဇာ၊ဋ္ဌ၊၄။ ၃၁–၆။ သတ္ထာ "ကလျာဏံ ဝေါ ကတံ၊ မာတာပိတုပေါသကာ နာမ ပေါရာဏကပဏ္ဍိတာနံ အာစိဏ္ဏမေဝါ"တိ ဝတွာ မဟာနာဂဇာတကံ နာမ ကထေသိ။ သံ၊ဋ္ဌ၊၁။၂၄၂။

**မဟာနာဂတ္ထေရ** (ပု) [မဟာနာဂ+ထေရ] မဟာနာဂမထေရ်။ ဝိမံသန္တော ငါ မဟာ-နာဂတ္ထေရဿ ဘာဂိနေယျော။ ဒီ၊ဋ္ဌ၊၂။ ၁၄၈။ (-မ၊ဋ္ဌ၊၁။၂၆၃။ သံ၊ဋ္ဌ၊၂။၁၅၅။ အံ၊ဋ္ဌ၊၁။၃၈။ ထေရ၊ဋ္ဌ၊၂။၈၉။)

**မဟာနာဂရာဇ** (ပု) [မဟာနာဂ+ရာဇ] မဟာနာဂမင်း။ ဘာတရာ သဒ္ဓိံ ဇမ္ဗုဒီပဂဘာဿ မဟာနာဂရညော ဝတ္ထု။ ဝိ၊ဋ္ဌ၊၂။၆၈။ ဝိ၊သင်္ဂ၊၁၃၊ (-အဘိ၊ဋ္ဌ၊၁။၄၂၈။)

**မဟာနာဂရုက္ခ** (ပု) [မဟာနာဂ+ရုက္ခ] ကြီးစွာသော ကံ့ကော်ပင်။ လေဏဒွါရေ ဌိတ မဟာနာဂရုက္ခမှာပိ အဟောသိ။ ဝိသုဒ္ဓိ၊၁။ ၃၇။

**မဟာနာဂဝန** (နံ) [မဟာနာဂ+ဝန] ကြီးစွာသော ကံ့ကော်တော။ အောက်ပုဒ်ကြည့်။

**မဟာနာဂဝနုယျာန** (နံ) [မဟာနာဂဝန+ဥယျာန] ကြီးစွာသော ကံ့ကော်တောဥယျာဉ်။ ဒက္ခိဏကွာကံ အာဒါယ ဝနမာန-ကစ္ဆာယာယ မဟာနာဂဝနုယျာနမဂမာသိ။ ဝိ၊ဋ္ဌ၊၁။၆၃။ ဗုဒ္ဓဝံ၊ဋ္ဌ၊၁၉၇။

**မဟာနာဂဝနုယျာနာဘိမုခ** (တိ) [မဟာနာဂ-ဝနုယျာန+အဘိမုခ] ကြီးစွာသော ကံ့ကော်တောဥယျာဉ်သို့ ရှေးရှုသော၊ (ကြိ၊ဝိ) ကြီးစွာသော ကံ့ကော်တော ဥယျာဉ်သို့ ရှေးရှု။ သာယနှသမယေ မဟာနာဂဝနုယျာနာဘိ-မုခေါ ယာတိ။ ဝိ၊ဋ္ဌ၊၁။၆၂။

**မဟာနာဂဝိဟာရ** (ပု) [မဟာနာဂ+ဝိဟာရ] ကံ့ကော်ပင်ကျောင်းကြီး။ မဟာနာဂဝိဟာရေ မဟာထေရဿ ကုဒ္ဒါ ဒေဝတာ ဝိယ။ အံ၊ဋ္ဌ၊ ၃။၆၉။

**မဟာနာဂဟတ္ထိ** (ပု) [မဟာနာဂ+ဟတ္ထိ] ဆင်ပြောင်ကြီး။ မဟာနာဂဟတ္ထိသဒိသတာယာ-တိ အတ္ထော။ သံ၊ဋ္ဌ၊၁။၁၅။

**မဟာနာဋက** (ပု) [မဟန္တ+နာဋက] ကြီးသော ကချေသည်။ အောက်ပုဒ်ကြည့်။

**မဟာနာဋကပါသာဒ** (ပု) [မဟာနာဋက+ပါသာဒ] ကြီးသောကချေသည်တို့၏ ပြာသာဒ်။ သော တတ္ထာပိ တထေဝ အသန္တုဋ္ဌော ဟုတွာ မဟာနာဋကပါသာဒံ ဂတော။ သုတ္တနိ၊ဋ္ဌ၊၁။ ၁၀၁။

**မဟာနာဒ** (ပု) [မဟန္တ+နာဒ] ကြီးမား-မြင်းထန်-ကျယ်လောင်-သော အသံ။ တေသံ ဟာသပရေတာနံ၊ မဟာနာဒေါ အဝတ္တထ။ အပ၊၁။၅၃။ (-အပ၊၂။၃၁၂။ ဇာ၊၁။၂၉၈။ ဝိ၊ဋ္ဌ၊၁။၇၀။)မဟာနာဒေါ မဟာဃောသော။ အပ၊ဋ္ဌ၊၁။၃၃၆။

**မဟာနာဒီ** (တိ) [မဟာနာဒ+ဤ] ကျယ်လောင်သော အသံရှိသော၊ သူ။ မဟာဃောသေ မဟာနာဒီ မဓုရဿ ရေ အဟောသိ။ အပ၊ဋ္ဌ၊ ၂။၁၂၀။

**မဟာနာမ** (ပု) [မဟန္တ+နာမ] (၁) မဟာနာမ -မဟာနာမ်-မည်သူ။ (၂) မဟာနာမမည်သော သစ်ပင်တစ်မျိုး။(တိ) (၃) များသော အမည်ရှိသော။

(၁) အသ ခေါ မဟာနာမော သက္ကော ယေန ဘဂဝါ တေနုပသင်္ကမိ။ ဝိ၊၂။၁၃၅။ အံ၊၂။၂၅၁။ (-ဒီ၊ဋ္ဌ၊၁။၂၀၉။) မဟာနာမော နာမ ဘဂဝတော စူဠပိတုပုတ္တော မာသ-မတ္တေန မဟလ္လကတရော ဒွိသု ဖလေသု ပတိဋ္ဌိတော အရိယသာဝကော။ ဝိ၊ဋ္ဌ၊၃။ ၁၂၄။ (-အံ၊ဋ္ဌ၊၃။၈၈။ ဝိမတိ၊၂။၄၀။ သီ၊ ဋ္ဌီ၊သင်္ဂ၊၂။၁၈၈။) (၂) မဟာနာမရုက္ခ-ကြည့်။ (တိ)(၃) မဟာနာမာ ဗဟူ တတ္ထ၊ အဋ္ဋနာ စ ပိယင်္ဂုကာ။ အပ၊၁။၃၈၅၊ ထေရ၊ ဋ္ဌ၊၁။၄၄၁။ (-ဇာ၊၂။၃၄၄။)

**မဟာနာမအာဝုယ** (ပု) [မဟာနာမ+အာဝုယ] မဟာနာမ်အမည်ရှိသူ။ မဟာဘိဓာန-ကြည့်

**မဟာနာမတ္ထေရ**(ပု)[မဟာနာမ+ထေရ] မဟာနာမ်မထေရ်။ မဟာနာမတ္ထေရသာ ဘတီယဒိဝသေ။ ဝိ၊ဋ္ဌ၊၃။၂၄၆။ (–အံ၊ဋ္ဌ၊၁၊၁၁၅။ ဓမ္မ၊ဋ္ဌ၊၁။၃၂၇။ ထေရ၊ဋ္ဌ၊၁။၂၈၈။)

**မဟာနာမရက္ခရတ္တ** (တိ) [မဟာနာမရက်+ရတ္တ] မဟာနာမမည်သော သစ်ပင်တစ်မျိုးမှ ထုတ်အပ်သော ဆိုးရည်ဖြင့် ဆိုးအပ်သော။(P-T-S–၌ "မဟာနာမ"ကို သစ်ပင်တစ်မျိုးဟု ပြန်သည်။ ရွှေဦးမင် သျှ–၌ "မဟာနာမ မည်သော ဟုသာ ပြန်ဆိုသည်။ ခုဒ္ဒသိက္ခာ သျှ–၌ "မဟာနာမရက်ရတ္တာ=ဖျော့တော့သော အဆင်းရှိသော ဆိုးရည်ဖြင့် ဆိုးအပ်ကုန်သော" ဟု ပြန်ဆိုသည်။ ဘာသာဋီ–၌ "နာမည်အမျိုးမျိုးရှိသော"ဟု ပြန်ဆိုသည်။) မဟာနာမရက်ရတ္တာ (ခုဒ္ဒသိက္ခာ။၁၇၆) မန္ဒရတ္တာ။ ခုဒ္ဒသိက္ခာ၊ဋီ။၁၄၇။

**မဟာနာမရတ္တ** (တိ) [မဟာနာမ+ရတ္တ] မဟာနာမမည်သော သစ်ပင်တစ်မျိုးမှ ထုတ်အပ်သော ဆိုးရည်ဖြင့် ဆိုးအပ်သော။ (သျှနှင့် မြန်မာပြန်ကျမ်း၌မူ "ဖက်ရွက်ရော်အဆင်းနှင့် တူသော ဆိုးရည်ဖြင့် စွန်းကုန်သော" ဟု ပြန်ဆိုကြ၏။ ဘာသာဋီ–၌ "များစွာသော အမည်ရှိသော ဆိုးရည်ဖြင့် ဆိုးအပ်သော" ဟု ပြန်ဆို၏။) မဟာနာမရတ္တာ သမ္ဘိန္နဝဏ္ဏာ ဟောတိ ပဏ္ဍုပလာသဝဏ္ဏာ။ ဝိ၊ဋ္ဌ၊၃။၃၆၇။ ဝိ၊သင်္ဂဟ။၄၅၄။ မဟာနာမဝဏ္ဏ–ကြည့်။

**မဟာနာမရတ္တဝဒ္ဓိက** (တိ) [မဟာနာမရတ္တ+ဝဒ္ဓ+ဏိက။ မဟာနာမရတ္တာ+ဝဒ္ဓိကာ၊ နီလကဝဒ္ဓိကာ။ ပါစိတ်၊ယော။ ၃၃၆– ကြည့်။] မဟာနာမမည်သော သစ်ပင်တစ်မျိုးမှ ထုတ်အပ်သော ဆိုးရည်ဖြင့် ဆိုးအပ်သော အသည်းကြိုး (အသဲကြိုး)ရှိသော။ မဟာနာမရတ္တဝဒ္ဓိကာ ဥပါဟနာယော ဓာရေန္တိ။ ဝိ၊၃။၂၇၃။ (–ဝိ၊သင်္ဂဟ။၄၅၄။) ဝိ၊ဋ္ဌ၊၃။၃၆၇–လည်းကြည့်။

**မဟာနာမဝဏ္ဏ** (တိ) [မဟာနာမ+ဝဏ္ဏ] မဟာနာမမည်သော သစ်ပင်တစ်မျိုးမှ ထုတ်အပ်သော ဆိုးရည်ဖြင့် ဆိုးအပ်သော အဆင်း။ (ဝိ၊ဋ္ဌ၊၃။၃၆၇–၌ ဖက်ရွက်ရော် အဆင်းဟု ဖွင့်၏။ ဤ၌ "သုရတ္တ" ပုဒ်ကို ထောက်လျှင် "မဟာနာမဝဏ္ဏ" သည် စဉ်းငယ် နီသော အဆင်း ဖြစ်ဖွယ်ရှိ၏။) သုရတ္တဂ္ဂဟဏေန မဟာနာမဝဏ္ဏတံ ပဋိက္ခိပတိ။ ဒီ၊ဋီ၊၂။၁၉၅။ မ၊ဋီ၊၃။၃၅၂။

**မဟာနာမသက္က** (ပု) [မဟာနာမ+သက္က] မဟာနာမ် အမည်ရှိသော သာကီဝင်မင်း။ မဟာနာမသက္ကဿ ကနိဋ္ဌဘာတာ သတ္ထု စူဠပိတုပုတ္တော။ အံ၊ဋ္ဌ၊၁။၁၄၀။ ဓမ္မ၊ဋ္ဌ၊၂။၃၈၄။ အပ၊ဋ္ဌ၊၁။၃၀၂။

**မဟာနာမသနာမက** (တိ) [မဟာနာမ+သနာမက] မဟာနာမ်ဟူသော မိမိအမည်ရှိသော။ တေသဋ္ဌိမှိ ဣတော ကပ္ပေ၊ မဟာနာမသနာမကော။ အပ၊၁။၂၃၆။

**မဟာနာမသိက္ခာပဒ** (နု) [မဟာနာမ+သိက္ခာပဒ] မဟာနာမသိက္ခာပုဒ်၊ မဟာနာမ်ကို အကြောင်းပြု၍ ပညတ်အပ်သော သိက္ခာပုဒ်။ (မဟာနာမ်သာကီဝင်မင်းသည် သံဃာအား ဆေးပစ္စည်းဖြင့် ဖိတ်ကြားထား၏။ ဆဗ္ဗဂ္ဂီရဟန်းများက ထောပတ်တစ်စိတ်သား လှူရန် ၃-ကြိမ် ၃-ခါ ပြောဆိုကြသည်၊ မဟာနာမ်မင်းက ယနေ့ တစ်ရက်စောင့်ဆိုင်းရန် တောင်းပန် လျှောက်ထား၏။ ဆဗ္ဗဂ္ဂီရဟန်းများသည် လျှောက်ထားချက်ကို လက်မခံမူ၍ "မလှူလိုဘဲ ဖိတ်ကြားရသလော"ဟု စိတ်ဆိုးမာန်ဆိုး စကားနာထိုးကြ၏။ ထို့ကြောင့် ဘုရားရှင်က ဤသိက္ခာပုဒ်ကို ပညတ်တော်မူသည်။ ၎င်းကို စာတုမာသပစ္စယပဝါရဏာသိက္ခာပုဒ်ဟုလည်း ခေါ်သေး၏။)ပါစိတ္တိယပါဠိ၊ ၅-ဝဂ်၊ ၇-သိက္ခာပုဒ်။ ဝိ၊၂။၁၃၅–၁၃၉။ မဟာနာမသိက္ခာပဒေန

ကာရေတဗ္ဗော။ ဝိ၊ဋ္ဌ၊၃။၁၀၇။ ဝဇိရ။၃၂။ (-ဝိမတိ၊၂။၃၄။)

**မဟာနာမသုတ္တ** (နု) [မဟာနာမ+သုတ္တ] မဟာနာမသုတ်။ (အမည်တူ သုတ်လေးမျိုး တွေ့ရသည်။ အင်္ဂုတ္တရနိကာယ၌ ၃-သုတ်။ အံ၊၂။၂၅၁-၅။ အံ၊၃။၅၃-၅။ သံယုတ္တ-နိကာယ၌ ၁-သုတ်။ သံ၊၃။၃၄၄-၅။) မဟာ-နာမသုတ္တေ စ သောတာပန္နဿ နိဿယ-ဝိဟာရံ ပုစ္ဆေန။ ဝိသုဒ္ဓိ၊၁။၂၂၀။ (-သီ၊ဋ္ဌီ၊ သစ်၊၂။၁၈၈။ အနု၊ဋ္ဌီ၊၁။၃။)

**မဟာနာရဒကဿပဇာတက** (နု) [မဟာနာရဒ-ကဿပ+ဇာတက] မဟာနာရဒကဿပဇာတ်။ (မြတ်စွာဘုရား ထန်းတော ဥယျာဉ်၌ သီတင်းသုံးစံနေတော်မူစဉ် ဥရုဝေလကဿပ အား ဆုံးမခြင်းကို အကြောင်းပြု၍ ဟော ကြားအပ်သော ဇာတ်ဖြစ်သည်။) ဇာတ-ကပါဠိ၊ မဟာနိပါတ်၊ ၈-ဇာတ်။ ဇာ၊၂။ ၂၅၇-၂၇၅။ ဣမိဿာ အဋ္ဌုပ္ပတ္တိယာ မဟာ-နာရဒကဿပဇာတကံ ကထေတွာ။ အပ၊ဋ္ဌ။ ၁။၉၀။ (-ဗုဒ္ဓဝံ၊ဋ္ဌ။၂၅။ ဇာ၊ဋ္ဌ၊၅။၁၈၉။ နေတ္တိ၊ဋ္ဌ။၉၂။)

**မဟာနာရဒကဿပဇာတကကထာ** (ထိ) [မဟာ-နာရဒကဿပဇာတက+ကထာ] မဟာနာရဒ-ကဿပဇာတ် တရားဒေသနာ။ မဟာနာရဒ-ကဿပဇာတကကထာယ မဟာရက္ခိတေ ပသာဒေတွာ။ ဝိ၊ဋ္ဌ၊၁။၅၀။

**မဟာနာရဒဇာတက** (နု) [မဟာနာရဒ+ဇာတ-က] မဟာနာရဒဇာတ်။ (မဟာနာရဒကဿပ ဇာတ်ကိုပင် ခေါ်ဝေါ်သော အမည်တစ်မျိုး ဖြစ်သည်)။ တတော ပဋိလောမက္ကမေန ပုဏ္ဏကဇာတကံ၊ မဟာနာရဒဇာတကန္တိ ပရိ-ယောသာနေ အပဏ္ဏကဇာတကံ ပရိဟာယ-တိ။ အံ၊ဋ္ဌ၊၁။၆၉။ သာရတ္ထ၊၃။၄၄၂။

**မဟာနာဝါ** (ထိ) [မဟန္တီ+နာဝါ] ကြီးစွာသော လှေ၊ လှေကြီး။ ဟတ္ထသတိကာပိ မဟာ-နာဝါ ဂရုကာ ဘာရိကာ။ မိလိန္ဒ၊၂၅၃။ (-မ၊ဋ္ဌ၊၃။၉၃။ အံ၊ဋ္ဌ၊၁။၁၇၃။ အပ၊ဋ္ဌ၊၂။၂၁၈။)

**မဟာနာဝိက** (ပု) [မဟန္တ+နာဝိက] လှေပိုင်ရှင် ကြီး။ ဥလ္လပနာတိ မဟာကုဋုမ္ဗိကော မဟာ-နာဝိကော မဟာဒါနပတီတိ ဧဝံ ဥဒ္ဓံ ကတွာ လပနာ။ အဘိ၊ဋ္ဌ၊၂။၄၆၄။ ဝိသုဒ္ဓိ၊၁။၂၆။ မဟာနိ၊ဋ္ဌ။၃၇၀။

**မဟာနာသ** (တိ) [မဟန္တီ + နာသာ] ကြီး သော နှာခေါင်းရှိသော၊သူ။ မဟာနာသော-(ဝိ၊ဝိနိစ္ဆယ။၂၄၈၉) တိ သရီရဿ အနုရူ-ပါယ မဟတိယာ နာသာယ သမန္နာဂတော။ ဝိ၊ဝိနိစ္ဆယ၊ဋ္ဌီ၊၂။၁၅၆။

**မဟာနိကာယ** (ပု) [မဟန္တ+နိကာယ] (၁) ကြီး စွာသော နိကာယ်၊ နိကာယ်ကြီး။ (၂) မဟာဝိဟာရဝါသီဂိုဏ်း။ (၁) ပဉ္စသု မဟာနိ-ကာယေသု ခုဒ္ဒကမဟာနိကာယပရိယာပန္နံ။ ပဋိသံ၊ဋ္ဌ၊၁။၈။ မဟာနိ၊ဋ္ဌ။၈။ (-မ၊ဋ္ဌီ၊၁။ ၂၇၂။ သံ၊ဋ္ဌီ၊၁။၆၃။) (၂) တေသု မဟာဝိ-ဟာရော မဟာနိကာယော နာမ။ မဏိမဉ္ဇူ၊ ၁။၂၅။

**မဟာနိက္ခမပါရမီ** (ထိ) [မဟာနိက္ခမ+ပါရမီ] မြတ်သော တောထွက်တော်မူခြင်းဟူသော ပါရမီ။ ဘဂဝတော မဟာနိက္ခမပါရမိံ ဝဏ္ဏေန္တာ နိသီဒိံသု။ ဇာ၊ဋ္ဌ၊၂။၇၉။

**မဟာနိဓါန** (နု) [မဟန္တ +နိဓါန] ကြီးစွာ သော ဆောက်။ မဟာနိဓါနေနေဝ (သံ၊ဋ္ဌ၊ ၃။၂၃)တိ မဟန္တေန နိဓါနေန။ သံ၊ဋ္ဌီ၊၂။ ၃၂၅။

**မဟာနိဂဏ္ဌ** (ပု) [မဟန္တ+နိဂဏ္ဌ] ကြီး-မြတ်-သော တက္ကတွန်း၊ တက္ကတွန်းကြီး။ အယံ ဣမံ ကထံ အာဒါယ ဂန္တွာ အတ္တနော သတ္ထု မဟာနိဂဏ္ဌဿ အာရောစေဿတိ။ မ၊ဋ္ဌ၊၄။ ၃၇။ (-မ၊ဋ္ဌ၊၄။၁။) သတ္ထုပဋိညာတတာယ

နိဂဏ္ဍာနံ မဟာတိ သမ္မာဝိတတ္တာ မဟာနိဂဏ္ဌော။ မ၊ဋီ၊၃။၂၉။

**မဟာနိဂမသာမိ** (ပု) [မဟာနိဂမ+သာမိ] နိဂုံးကြီး၏အရှင်။ မဟာနိဂမသာမိတိ၊ ဝိဿုတော ဟတ္ထ ကာရဿိ။ ဝိ၊ဋ္ဌ၊၄။၂၆၄။ (–ဝိမဋီ၊၂။ ၃၂၁။)

**မဟာနိဂ္ဃ** (ပု၊န) [မဟန္တ+နိဂ္ဃ] ကြီးစွာသော – ဆင်ခြေဦး ခတ်သော–သံကွင်း–ဆင်ထူး။ မယံ မဟာနိဂ္ဃေဟိ ဗန္ဓကာပိ ဟုတွာ။ ဇာ၊ ဋ္ဌ၊၇။၈၁။

**မဟာနိဂ္ဃောသ** (ပု) [မဟန္တ+နိဂ္ဃောသ] ကြီးစွာသော အသံ။ ကေငလံ မဟာနိဂ္ဃောသော ဝေ ဟုတွာ သောတပထမာဂစ္ဆတိ။ မ၊ဋီ၊ ၃။၇၉။ အံ၊ဋီ၊၃။၁၄၊၁၈၅။

**မဟာနိဂ္ဃောသနာမက** (တိ) [မဟာနိဂ္ဃောသ + နာမက] မဟာနိဂ္ဃောသ အမည်ရှိသော၊ သူ။ (ကျယ်လောင်သော အသံ ရှိသောကြောင့် မဟာနိဂ္ဃောသ အမည်ရသည်။ ) စတုဝီသေ ဣတော ကပ္ပေ၊ မဟာနိဂ္ဃောသနာမကာ။ အပ၊၁။၁၅၃။ ထေရ၊ဋ္ဌ၊၁။၁၅၄။

**မဟာနိဂြောဓ** (ပု) [မဟန္တ+နိဂြောဓ] ကြီးစွာသော ပညောင်ပင်။ ဘူတပုဗ္ဗံ ဘိက္ခဝေ ဟိမဝန္တပဒေသေ မဟာနိဂြောဓော အဟောသိ။ ဝိ၊၄။၃၁၀။ (–အံ၊၂။၃၆။ သံ၊ဋ္ဌ၊၁။ ၂၉၀။ ခုဒ္ဒ၊ဋ္ဌ၊၁။၁၈၅။ သာရတ္ထ၊ ၃။၄၉၁။)

**မဟာနိဂြောဓမူလ** (န) [မဟာနိဂြောဓ+မူလ] ကြီးစွာသော ပညောင်ပင်ရင်း။ စန္ဒဘာဂါယ နဒိယာ တီရေ တေသံ ဥတ္တရဏတိတ္ထသာဘိမုခဋ္ဌာနေ မဟာနိဂြောဓမူလေ ပလ္လင်္ကေန နိသီဒိန္ဓော။ ထေရ၊ဋ္ဌ၊၂။၁၈၀။ (–ဇာ၊ဋ္ဌ၊၅။ ၃၉။)

**မဟာနိဂြောဓရုက္ခ** (ပု) [မဟာနိဂြောဓ+ရုက္ခ] ကြီးစွာသော ပညောင်ပင်။ စန္ဒဘာဂါယ နဒိယာ တီရေ တေသံ ဥတ္တရဏတိတ္ထသာ အဘိမုခေ ဌာနေ မဟာနိဂြောဓရုက္ခော အတ္ထိ။ သံ၊ဋ္ဌ၊၂။၂၂၅။ ( –အံ၊ဋ္ဌ၊၁။၂၄၉။ ပေတ၊ ဋ္ဌ၊၅။ စရိယာ၊ဋ္ဌ။၁၁၇။)

**မဟာနိဒါဃ** (ပု) [မဟန္တ+နိဒါဃ] ပြင်းထန်သော နွေဥတု၊ နွေခေါင်ခေါင်။ အထ ယဒါ မဟာနိဒါဃေ သဗ္ဗတိဏာနိ သုက္ခာနိ ဟောန္တိ။ မ၊ဋ္ဌ၊၂။၆၆။

**မဟာနိဒါန** (န) [မဟန္တ+နိဒါန] မဟာနိဒါန သုတ်။ ဒီဃနိကာယ၊ မဟာဝဂ္ဂပါဠိ၊ ၂-သုတ်။ ဒီ၊၂။၄၇-၆၀။ ဒီ၊ဋ္ဌ၊၂။၈၇-၁၁၅။ မဟာနိဒါနံ ဒေသေသိ၊ သုတ္တန္တံ ဝိနယာယ မေ။ အပ၊ ၂။၂၂၇။ ဣဒဥ္စ သုတ္တံ ပစ္စယေ နိဒ္ဒေ နိဂ္ဂမ္မေ ကတွာ ကထိတတ္တာ မဟာနိဒါနန္တိ ဝုစ္စတိ။ ဒီ၊ဋ္ဌ၊၂။၈၇။ ( –၃၃၄။ သံ၊ဋ္ဌ၊၂။၁၁၀။ အံ၊ ဋ္ဌ၊၃။၂၉၂။) မဟန္တံ ပစ္စယနိဒါနံ ဧတ္ထ ကထိ တန္တိ မဟာနိဒါနံ။ ဒီ၊ဋီ၊၂။၇၄။

**မဟာနိဒါနဒေသနာ** (ထီ) [ မဟာနိဒါန+ ဒေသနာ] မဟာနိဒါနသုတ် ဒေသနာတော်။ ဖဿသာ နာမပစ္စယတာ ဝိဘာဝနတ္ထာယ မဟာနိဒါနဒေသနာ ပဝတ္တာ။ အနု၊ဋီ၊၂။ ၁၄၂။

**မဟာနိဒါနဒေသနာပရိဂ္ဂဟ** (ပု) [မဟာနိဒါန-ဒေသနာ+ပရိဂ္ဂဟ] မဟာနိဒါနသုတ်ဒေသနာတော်ကို သိမ်းယူခြင်း။ တံ ဒေသနာပရိဂ္ဂဟတ္ထန္တိ မဟာနိဒါနဒေသနာပရိဂ္ဂဟတ္ထံ။ အနု၊ဋီ၊၂။၁၄၃။

**မဟာနိဒါနဒေသနာသင်္ဂဟ** ( ပု ) [မဟာနိဒါန-ဒေသနာ+သင်္ဂဟ] မဟာနိဒါနသုတ်ဒေသနာတော်ကို သင်္ဂြိုဟ် ချီးမြှောက်ခြင်း။ ပစ္စယာ-ဝိဘသေဒဿနတ္ထဉ္စေဝ မဟာနိဒါနဒေသနာ-သင်္ဂဟတ္ထဉ္စ။ အဘိ၊ဋ္ဌ၊၂။၁၉၃။ ဒီ၊ဋီ၊၂။၉၄။

**မဟာနိဒါနနာမ** (တိ) [မဟာနိဒါန+နာမ] မဟာနိဒါနအမည်ရှိသော၊ သူ။ မဟာနိဒါန-နာမေန၊ ရာဇာနော စက္ကဝတ္တိနော။ အပ၊ ၁။၂၃၂။

**မဟာနိဒါနဝဏ္ဏနာ** (ထီ) [မဟာနိဒါန+ဝဏ္ဏနာ] မဟာနိဒါနသုတ်ကို ဖွင့်ဆိုရာ ဖွင့်ဆိုကြောင်းဖြစ်သော အဋ္ဌကထာ၊ မဟာနိဒါနသုတ်၏ အဖွင့်။ တံ မဟာနိဒါနဝဏ္ဏနာယံ ဝုတ္တနယေန ဝေဒိတဗ္ဗံ။ ဒီ၊ဋီ၊ ၂။ ၂၃၂။

**မဟာနိဒါနသုတ္တ** (နပုံ) [မဟာနိဒါန+သုတ္တ] မဟာနိဒါနသုတ်။ (ဘုရားရှင်တိုင်း ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်ကို "နက်နဲလှ၏၊ နက်နဲခက်ခဲသောအသွင်ဟု ထင်ရ၏" ဟု ဟောကြားတော်မူကြသော်လည်း မိမိ (အာနန္ဒာ) အဖို့ ပေါ်လွင်ထင်ရှားနေပေသည်၊ နက်နဲခက်ခဲသည်ဟု မထင်၊ အခြားသော သူများလည်း မိမိကဲ့သို့ပင် ထင်ကြလေမည်လော" စသည်ဖြင့် ဖြစ်ပေါ်လာသော အကြံနှင့်ပြဿနာများကို ဘုရားရှင်အား လျှောက်ထားရာ ဤကဲ့သို့မထင်သင့်ပုံ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်တရားသည် အလွန်တရာနက်နဲလှပုံ စသည်ဖြင့် အကျယ်ဟောကြားထားသော သုတ်ဖြစ်သည်။ သုတ္တန္တပိဋက၊ ဒီဃနိကာယ၊ မဟာဝဂ္ဂပါဠိ၊ ၂-သုတ်၊ ဒီ၊ ၂။ ၄၇-၆၀။ ဒီ၊ဋ္ဌ၊ ၂။ ၇၂-၁၀၅။) ဧဝံ မေ သုတံ ။ပ။ ကုရူသု ... တိ မဟာနိဒါနသုတ္တံ။ ဒီ၊ဋ္ဌ၊ ၂။ ၇၂ (-မူလဋီ၊ ၃။ ၃၄။)

**မဟာနိဒါနသုတ္တန္တ** (နပုံ) [မဟာနိဒါန+သုတ္တန္တ] မဟာနိဒါနသုတ္တန်။ မဟာနိဒါနသုတ္တန္တံ သုတွာ တံ ပရိယာပုဏိ။ အပ၊ ၂။ ၂၂၄။ ထေရီ၊ဋ္ဌ။ ၁၃၄။ (-အဘိ၊ဋ္ဌ၊ ၂။ ၁၉၁။)

**မဟာနိဒါနသုတ္တန္တဒေသနာ** (ထီ) [မဟာနိဒါနသုတ္တန္တ+ဒေသနာ] မဟာနိဒါနသုတ်ဒေသနာတော်။ ဣမိဿာ စ မဟာနိဒါနသုတ္တန္တဒေသနာယ ပရိဂ္ဂဟတ္ထံ။ အဘိ၊ဋ္ဌ၊ ၂။ ၁၉၃။

**မဟာနိဒ္ဒါ** (ထီ) [မဟန္တီ+နိဒ္ဒါ] ကြီးစွာသော အိပ်ပျော်ခြင်း၊ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ခြင်း။ ယော မဟာနိဒ္ဒါ သြက္ကန္တော ပရေန ကတံ ဥပက္ကမမ္ပိ န ဇာနာတိ။ ဝိ၊ဋ္ဌ၊ ၁။ ၂၃၃။

(-ဝိ၊ဋ္ဌ၊ ၃။ ၃၀၄။ အံ၊ဋ္ဌ၊ ၃။ ၈၂။ ပေဋ၊ဋ္ဌ။ ၄၄။)

**မဟာနိဒ္ဒေသ** (ပုံ) [မဟန္တ+နိဒ္ဒေသ] မဟာနိဒ္ဒေသသုတ္တပါဠိတော်ကျမ်း။ (အဂ္ဂသာဝက ဖြစ်တော်မူသော အရှင်သာရိပုတ္တရာမထေရ်သည် သုတ္တနိပါတ် အဋ္ဌကဝဂ်လာ ဒေသနာတော်ကို အကျယ်ဝေဖန်၍ ဟောကြားအပ်သောကျမ်းဖြစ်သည်။ ပိဋကသုံးပုံတွင် သုတ္တန္တပိဋက၌ ပါဝင်၏။ နိကာယ်ငါးရပ်တွင် ခုဒ္ဒကနိကာယ်၌ ပါဝင်၏။ ခုဒ္ဒကနိကာယ ၁၁-ကျမ်း အနက် ၇-ခုမြောက်ကျမ်း ဖြစ်သည်။ (မဟာဘယေ ကိရ ဧကောဝ ဘိက္ခု နော မဟာနိဒ္ဒေသော ပဂုဏော အဟောသိ။ ဝိ၊ဋ္ဌ၊ ၂။ ၂၇၄။ ဝိ၊သင်္ဂဟ။ ၆၉။ (-သံ၊ဋ္ဌ၊ ၁။ ၇၃။ အဘိ၊ဋ္ဌ၊ ၂။ ၄၆၁။) ယော အတိအဂ္ဂံ ကတ္ဝာ ကထိတတ္တာ မဟာသမုဒ္ဒ မဟာပထဝီ ဝိယ မဟာ စ သော နိဒ္ဒေသော စာတိ မဟာနိဒ္ဒေသော။ မဟာနိ၊ဋ္ဌ။ ၈။

**မဟာနိဒ္ဒေသဋ္ဌကထာ** (ထီ) [မဟာနိဒ္ဒေသ+အဋ္ဌကထာ] မဟာနိဒ္ဒေသပါဠိတော်၏ အနက်ကို ဖွင့်ဆိုရာ ဖွင့်ဆိုကြောင်း ဖြစ်သော ကျမ်း၊ မဟာနိဒ္ဒေသအဋ္ဌကထာကျမ်း။ အယံ ပနေတ္ထ မဟာနိဒ္ဒေသဋ္ဌကထာယ အာဂတနိရုတ္တိနယဝိနိစ္ဆယော။ သီ၊ဋီ၊သစ်၊ ၂။ ၂၂၂။

**မဟာနိဒ္ဒေသဒေသနာ** (ထီ) [မဟာနိဒ္ဒေသ+ဒေသနာ] မဟာနိဒ္ဒေသတရားဒေသနာ။ ဣမ ခုဒ္ဒကဝိဘင်္ဂေ အာဂတံ ဒေသနာနယံ နိဿာယ မဟာနိဒ္ဒေသဒေသနာ ပဝတ္တာ။ အနု၊ဋီ၊ ၂။ ၂၁၇။

**မဟာနိဒ္ဒေသဝဏ္ဏနာ** (ထီ) [မဟာနိဒ္ဒေသ+ဝဏ္ဏနာ] မဟာနိဒ္ဒေသ ပါဠိတော်ကို ဖွင့်ဆိုရာ ဖွင့်ဆိုကြောင်း ဖြစ်သောကျမ်း၊ မဟာနိဒ္ဒေသ အဋ္ဌကထာကျမ်း။ အာရဘိဿံ သမာသေန မဟာနိဒ္ဒေသဝဏ္ဏနံ။ မဟာနိ၊ဋ္ဌ။ ၂။

**မဟာနိဓာန** (န) [မဟန္တ+နိဓာန] မြေ၌ မြှုပ်ထားအပ်သော များစွာသော ဥစ္စာ။ ဌာမသိ ဌာနေ မဟာနိဓာနံ အတ္ထိ။ ဇာ၊ဋ္ဌ၊၂။၇၂။

**မဟာနိဓိ** (ပု) [မဟန္တ+နိဓိ] ကြီးစွာသော —ဥစ္စာအိုး—ရွှေအိုး။ မဟာနိဓိံ ဒိသွာ ဒလိဒ္ဒပုရိသော ဝိယ သဉ္ဇာတပီတိပါမောဇ္ဇော။ အံ၊ဋ္ဌ၊၃။၂၁၃။

**မဟာနိဓိကုမ္ဘီ** (ထီ) [မဟန္တီ+နိဓိကုမ္ဘီ] ကြီးစွာသော ရွှေအိုး၊ ရွှေအိုးကြီး။ အသုကဋ္ဌာနေ မဟာနိဓိကုမ္ဘီယော အတ္ထိ။ ဇာ၊ဋ္ဌ၊၆။၃၆။

**မဟာနိပါတ** (ပု) [မဟန္တ+နိပါတ] မဟာနိပါတ်။ တိံသနိပါတော စတ္တာလီသနိပါတော မဟာနိပါတောတိ သော ဠသ နိ ပါ တ သင်္ဂဟာ။ ထေရ၊ဋ္ဌ၊၁။၄။ (—ထေရီ၊ဋ္ဌ၊၂၇၈။ သီ၊ဋီ၊သစ်၊၁။၁၃၂။)

**မဟာနိပ္ဖတ္တိ** (တိ) [မဟန္တီ+နိပ္ဖတ္တိ] များစွာသော အကျိုး၏—ပြီး—ပြည့်စုံ—ခြင်းရှိသော၊ များစွာသော အကျိုးကို ပြီးစေတတ်သော။ အဘိညာနံ မဟာသမ္ဘာရတော မဟာဝိသယတော မဟာကိစ္စတော မဟာနုဘာဝတော မဟာနိပ္ဖတ္တိတော စ။ သံ၊ဋီ၊၁။၁၆၊။ မဟာနိဗ္ဗတ္တိ—ကြည့်။

**မဟာနိပ္ပါဝ** (ပု) [မဟန္တ+နိပ္ပါဝ။ (နိပ္ပဝ-သံ)] ပဲတက်။ ဥမ္မာ စီနမုဂ္ဂေါ မာသော ရာဇမာသော ဌပေတွာ မဟာနိပ္ပါဝံ အဝသေသနိပ္ပါဝေါ။ ဝိ၊ဋ္ဌ၊၃။၁၀၁။ ဝိ၊သင်္ဂဟ၊၉၆။

**မဟာနိပ္ပါဝပုပ္ဖ** (န) [မဟာနိပ္ပါဝ+ပုပ္ဖ] ပဲတက်ပွင့်။ စူဠနိပ္ပါဝပုပ္ဖံ မဟာနိပ္ပါဝပုပ္ဖံ ကသေရုကပုပ္ဖံ။ ဝိ၊ဋ္ဌ၊၃။၁၀၂။ ဝိ၊သင်္ဂဟ၊၉၇။

**မဟာနိဗ္ဗတ္တိ** (တိ) [မဟန္တီ+နိဗ္ဗတ္တိ] များစွာသော အကျိုး၏ ဖြစ်ပေါ်ခြင်းရှိသော။ အဘိညာနံ မဟာသမ္ဘာရတော မဟာဝိသယတော မဟာကိစ္စတော မဟာနုဘာဝတော မဟာနိဗ္ဗတ္တိတော။ ဒီ၊ဋီ၊၃။၁၁၄။ မဟာနိပ္ဖတ္တိ—ကြည့်။

**မဟာနိဗ္ဗာန** (န) [မဟန္တ+နိဗ္ဗာန] မြတ်သော နိဗ္ဗာန်၊ မဟာနိဗ္ဗာန်။ မဂ္ဂဖလာနံ အာရမ္မဏပစ္စယဘူတံ အမတံ မဟာနိဗ္ဗာနံ နာမ အတ္ထိ နု ခေါ နတ္ထီတိ ကင်္ခေသာပိ။ အဘိ၊ဋ္ဌ၊၁။၃၈၈။ (—စရိယာ၊ဋ္ဌ၊၁၇၈။ မဟာနိ၊ဋ္ဌ၊၁၈၅။)

**မဟာနိဗ္ဗာနဝုဋ္ဌိဓာရာ** (ထီ) [မဟာနိဗ္ဗာန+ဝုဋ္ဌိဓာရာ] မြတ်သော နိဗ္ဗာန်တည်းဟူသော မိုးရေအလျဉ်။ အမတံ ဝုဋ္ဌိ မဟာနိဗ္ဗာနဝုဋ္ဌိဓာရံ ဝဿ တေ ပဿရေ ပေက္ခတိ ယောဇနာ။ အာ၊ဋ္ဌ၊၂။၂၄၂။

**မဟာနိရယ** (ပု) [မဟန္တ+နိရယ] ကြီးစွာသော ငရဲ၊ ငရဲကြီး။ (ငရဲကြီးရှစ်ထပ်—သိဉ္စိုး, ကာလသုတ်, သံဃာတ, ရောရုဝ, မဟာရောရုဝ, တာပန, မဟာတာပန, အဝီစိ။ မူလ၊ဋီ၊၂။၂၂၁။ ငရဲကြီး ၁၅-ခု—ဝေတရဏီ=ကြိမ်ပိုက်ချောင်းငရဲ, သုနခ=ခွေးကျားကြီးငရဲ, သဇောတိ=သံပူငရဲ, အင်္ဂါရကာသု=မီးကျီးတွင်းငရဲ, လောဟကုမ္ဘီ=သံအိုးငရဲ, ဒုတိယလောဟကုမ္ဘီ=သံအိုးကင်းငရဲ,တပေါဒါနဒီ=ပြာပူမြစ်ငရဲ, သတ္တိဟတ=လက်နက်ငရဲ, သူနာပဏ=အသားစုငရဲ, မုတ္တကရီသ=ကျင်ကြီးကျင်ငယ်တွင်းငရဲ, ခလောဟိတပုဗ္ဗ=သွေးပြည်တွင်းငရဲ, ဝိဒ္ဓံဝိဟတ=အရေဆုတ်အသားဖြတ်ငရဲ, သပရိဘိန္နဂတ္တာဒိ=သံလုံးကြိတ်ငရဲ, အဝံသိရပတ=ဦးစောက်ချငရဲ, ကောဋ္ဌိသိမ္ဗလဝန=လက်ပံတောငရဲ။ မ၊ဋ္ဌ၊၃။၂၁၈။ ဇာ၊ဋ္ဌ၊၆။၁၃၁—၁၄၅။ ဇာတ်ကြီး ၁၀-တွဲ မြန်မာပြန်၊ ပ-တွဲ။ ၄၆၁—၅၀၁။ ငရဲကြီး ၃၁-ခု ရေတွက်ပုံ—အဝီစိငရဲကြီးကို သက်တမ်း၏ အစွမ်းအားဖြင့် အဗ္ဗုဒ, နိရဗ္ဗုဒ, အဗဗ, အဋဋ, အဟဟ, ကုမုဒ, သောဂန္ဓိက, ဥပ္ပလ, ပုဏ္ဍရိက, ပဒုမငရဲဟု ၁၀-မျိုး ခွဲရှိလည်းကောင်း၊ ကျန်သောငရဲကြီး ၇-ထပ်ကို

သက်တမ်းတို့သက်တမ်းလတ်,သက်တမ်းရှည် အားဖြင့် သုံးမျိုးစီခွဲက ၂၁-မျိုး ရသော ကြောင့်လည်းကောင်း ငရဲကြီး ၃၁-ခုဟု ဆိုသည်။ သံ၊၁။၁၅၃-၄။ အံ၊၃။၃၉၆။ သံ၊ ဋ္ဌ၊၁။၅၉။ အံ၊ဋ္ဌ၊၃။၃၂၉။ သံ၊ဋီ၊၁။၁၀၄။ အပရေဆရာများကမူ အဗ္ဗုဒစသော ငရဲကြီး ၁၀-မျိုးကို သီတနိရယ=သီတနရကဟု ခေါ် ကြ၏။ သုတ္တနိ၊ဋ္ဌ၊၂။၁၉၇။ နေတ္တိ၊ဋ္ဌ။၂၆၀။ အဝီစိစသော ငရဲကြီးရှစ်ခု၊ ဥဿဒငရဲ ၁၆-ခု၊ သီတနိရယ ၁၀-ခုအနက် အဗ္ဗုဒစသော ရှေ့ ၄-ခုကိုသာတစ်ခုတည်းပေါင်း၍ယူထားသော ကြောင့် သီတနိရယ ၇-ခု၊ ဤ၃၁-ခုကိုငရဲကြီး ၃၁-ဟု ဆိုကြသေး၏။ သံ၊ဋီ၊၁။၁၀၄-၅။ အဝီစိငရဲ လောဟကုမ္ဘီငရဲတို့ကို မဟာ- နိရယဟု သုံးနှုန်းသည်ကိုလည်း တွေ့ရ၏။) တမေနံ ဘိက္ခဝေ နိရယပါလာ မဟာနိရယေ ပက္ခိပန္တိ။ မ၊၃။၂၂၁။ အံ၊၁။၁၃၀။ အဘိ၊က။ ၄၃၂။ မဟာနိ။ ၃၁၇။ (-ဝိ၊၁။၁၄၉။ ဒီ၊ဋ္ဌ၊ ၁။၃၅၊၁၂၇။) မဟာနိရယေတိ အဝီစိမဟာ- နိရယမှိ။မ၊ဋ္ဌ၊၄။၁၆၆။ အံ၊ဋ္ဌ၊၂။၁၂၁။မဟာနိ၊ ဋ္ဌ။၃၇၅။ (-ဝိ၊ဋ္ဌ၊၂။ ၁၀၈။ သီ၊ဋီ၊သ စ်၊၁။ ၁၁၀။ 'သီ၊ဋီ၊သစ်၊၂။၉။)

**မဟာနိရယဂ္ဂဟဏ** (န) [မဟာနိရယ+ဂဟဏ] မဟာနိရယ သဒ္ဒါ။ မဟာနိရယဂ္ဂဟဏေန အာဒိတော ဝုတ္တာ ခုန္ဒ သီတနိရယာ ဧကော နိရယော ကတော။ သံ၊ဋီ၊၁။၁၀၅။

**မဟာနိရယဒုက္ခ** (န) [မဟာနိရယ+ဒုက္ခ] ငရဲ ကြီး၌ ဖြစ်သော ဆင်းရဲ။ ဝေ မဟာနိရယ- ဒုက္ခတော ဥဿဒေ ဝုဋ္ဌာနဝေဒနာ ဒုက္ခတရာ။ ထေရ၊ဋ္ဌ၊၂။၃၉၅။

**မဟာနိရယဒွါရ** (န) [မဟာနိရယ+ဒွါရ] ငရဲ ကြီး၏တံခါး။ မဟာနိရယဒွါရသ ဟိ ဝိဝဋ္ဋ- ကာလေ မဟာအဂ္ဂိက္ခန္ဓော တတော နိက္ခ- န္တော။ ထေရ၊ဋ္ဌ၊၂။၄၆၀။

**မဟာနိရယဝေဒနာ** (ထီ) [မဟာနိရယ+ဝေဒ- နာ] ငရဲကြီး၌ ဖြစ်သော (ဆင်းရဲ) ဝေဒနာ။ သာ ကိရ ဝေဒနာ မဟာနိရယဝေဒနာတော ဒုက္ခတရာ။ထေရ၊ ဋ္ဌ၊၂။၄၉၅။

**မဟာနိရုတ္တိပ္ပကရဏ**(န) [မဟာနိရုတ္တိ+ပကရဏ] မဟာနိရုတ္တိကျမ်း။ အတ္ထတော ပုဗ္ဗပတ္တနာ- ဝသေန ကစ္စာယနပ္ပကရဏံ မဟာနိရုတ္တိပ္ပ- ကရဏံ နေတ္တိပ္ပကရဏဉ္စ ပကရဏတ္တယံ သံဃ- မဇ္ဈေ ဗျာကာသိ။ အပ၊ဋ္ဌ၊၂။၂၁၃။

**မဟာနိသံသ** (တိ) [မဟန္တ+အာနိသံသ] များ သော-အကျိုး-အကျိုးဆက်-အာနိသင်- ရှိသော။ ဝေဠုပေါ် ခေါ် ရာဇည ယညော န- မဟပ္ဖလော ဟောတိ န မဟာနိသံသော။ ဒီ၊၂။၂၇၉။ (-မ၊၂။၈၄။ အံ၊၁။၂၀၆၊၂၄၉။ အံ၊၂။၇၀။ ပဋိသံ။၁၃၄။ ဒီ၊ဋ္ဌ၊၁။၂၇၁။ မ၊ဋ္ဌ၊ ၁။၁၅၉။အံ၊ဋ္ဌ၊၁။၅၄။) န မဟာနိသံသောတိ ဂုဏာနိသံသေန မဟာနိသံသော န ဟောတိ။ ဒီ၊ဋ္ဌ၊၂။၄၀၁။ (-မ၊ဋ္ဌ၊၃၊၉၆။အံ၊ဋ္ဌ၊၂။၁၉၄၊ ၂၂၄။ အံ၊ဋ္ဌ၊၃။၃၀။ ပဋိသံ၊ဋ္ဌ၊၂။၄၇။ သီ၊ဋီ၊ သစ်၊ ၂။၃၁၅။ မ၊ဋီ၊၁။၂၅၅။ အံ၊ဋီ၊၁။၁၀၉။ အံ၊ဋီ၊၃။၂၇။)

**မဟာနိသံသတရ** (တိ) [မဟာနိသံသ+တရ] သာလွန်- အလွန်- များ- သောအကျိုး ဆက်ရှိသော။ အညော ယညော ဣမာယ တိဝိဓာယ ယညသမ္ပဒါယ သောဠသ ပရိက္ခာ- ရာယ အပ္ပဋ္ဌတရော စ အပ္ပသမာရမ္ဘတရော စ မဟပ္ဖလတရော စ မဟာနိသံသတရော စ။ ဒီ၊၁။၁၃၆။ (-ဒီ၊ ၂။၁၁၂။ အံ၊၁။၁၆၉။ဥဒါန။ ၁၁၃။) ဥဒယသညိတံ အတိသယေန မဟန္တံ နိဿန္ဒဖလံ ဧတဿာတိ မဟာနိသံသတ- ရော။ ဒီ၊ဋီ၊၁။၃၃၀။ (-သီ၊ဋီ၊သစ်၊၂။၃၁၅။)

**မဟာနိသဘတ္ထေရ** (ပု) [မဟာနိသဘ+ထေရ] မဟာနိသဘမထေရ်။ တသ္မိံ ခဏေ သတ္ထာ မဟာနိသဘတ္ထေရံ နာမ ဒုတိယသာဝကံ။

သံ၊၄၊၂။ ၁၆၇။ (–အံ၊၄၊၁။၁၂၀။ အပ၊၄၊၁။ ၂၀၂။)

**မဟာနိဿန္ဒဖလ** (တိ) [မဟန္တ+နိဿန္ဒဖလ] များသော အဆက်ဆက်ဖြစ်သော အကျိုးရှိသော၊ များသော အကျိုးဆက် ရှိသော။ မဟာနိသံသန္တိ မဟာနိသန္ဒဖလံ။ အံ၊ဋ္ဌ၊၁။ ၁၀၉။

**မဟာနိဿေဏိ** (ထီ) [မဟန္တီ+နိဿေဏိ] (၁) ထန်းရင်ပေါင်ကြီး။ (ထန်းရင်ပေါင်အဓိပ္ပာယ်ကို ကထိနဉ်–ကြည့်။) (၂) လှေခါးကြီး၊ လှေခါးမ။ (၁) ဝိနန္ဓနရဇ္ဇုန္တိ မဟာနိဿေဏိယာ သဒ္ဒိံ ခုဒ္ဒကံ နိဿေဏိံ ဝိနန္ဓိတုံ ရဇ္ဇုံ။ ဝိ၊ဋ္ဌ၊၄၊၄၉။ (၂) ဘတ္တံ ပန ဂဟေတွာ မဟာနိဿေဏိယာ သြတရိတွာ ဉယျာနံ အဂမာသိ။ ဇာ၊ဋ္ဌ၊၂။၂၅၁။

**မဟာနိပ** (ပု) [မဟန္တ+နိပ] ကြီးသောမအူပင်၊ မအူပင်ကြီး။ (အပ၊၂။မြန်မာပြန်၌ မဟာနိမ္ဗ ဟု ရှိသော ပါဠိအရ တမာပင်ကြီး ဟု ပြန်သည်။) ဗောဓိ တဿ ဘဂဝတော၊ မဟာနီပေါတိ ဝုစ္စတိ။ အပ၊၂။၃၄၇။

**မဟာနိပရုက္ခ** (ပု) [မဟန္တ+နိပရုက္ခ] ကြီးသော မအူပင်၊ မအူပင်ကြီး (အဘိ၊ဋ္ဌ၊၁။သျ–၌ မဟာနိမ္ဗရုက္ခ–ဟု ပါဠိရှိသည်။) မဟာနိပရုက္ခော ဗောဓိ။ အဘိ၊ဋ္ဌ၊၁။၆၅။ အပ၊ဋ္ဌ၊၁။ ၄၇။ ဗုဒ္ဓဝံ၊ဋ္ဌ။၂၃၀။

**မဟာနီလ** (ပု) [ မဟန္တ+နီလ ] ဣန္ဒနီလာကျောက်ထက်ပို၍ ညိုသောကျောက်တစ်မျိုး။ အပ၊၂။၂၉၉။ နီလာကြီး (မိလိန္ဒ၊ မြန်မာပြန်)။ မြညိုကြီး (ဥဒါန၊ဋ္ဌ၊သျ။ မိုးထိ)။ (ထေရာပါဒါန်မြန်မာပြန်တို့၌ "ဣန္ဒနီလံ မဟာနီလံ" ကို ဣန္ဒနီလာဟု ဆိုအပ်သော မြတ်သော ပတ္တမြားနီလာမြတ်–ဟု–ဣန္ဒနီလာနှင့် မဟာနီလ–ကို အရတူကြံ၍ မြန်မာပြန်သည်။မိလိန္ဒပါဠိတော်နှင့် ဥဒါနအဋ္ဌကထာ၌ မဏိသရုပ် ၂၄ ပါးကို ရေတွက်ပြရာတွင် ဣန္ဒနီလော မဟာနီလောစသည်ဖြင့် သရုပ်သီးခြားထုတ်ဆို ရေတွက် ထား သော ကြောင့် မဟာနီလ ဟူသည် "ဣန္ဒနီလာ"မှ တစ်မျိုးတခြားသော ပတ္တမြားမျိုးဟု ယူမှုသင့်မည်။)ဣန္ဒနီလံမဟာနီလံ၊ အထော ဇောတိရသံ မဏိံ။ အပ၊၁။ ၇၉။ အပ၊၂။၁၈၀။(–မိလိန္ဒ။၁၂၂။ ဥဒါန၊ဋ္ဌ။ ၃၁။) ဣန္ဒနီလံမဟာနီလန္တိ ဣန္ဒီဝရပုပ္ဖဝဏ္ဏာဘာ (ကြာညိုပန်းအဆင်းရောင်ရှိသော) မဏိ ဣန္ဒနီလမဏိ။ တတော အဓိကဝဏ္ဏတာ မဟာမဏိ။ဣန္ဒနီလမဏယော ဝ မဟာနီလမဏယော စ ဇောတိရသမဏိဇာတိရင်္ဂမဏယော စ။ အပ၊ဋ္ဌ၊၂။ ၂၉၉။

**မဟာနုဘာဝ** (တိ) [ မဟန္တ+အာနုဘာဝ ] ကြီးမြတ်သော အာနုဘော်ရှိသော၊ သူ။ (အာနုဘော်၏ အဓိပ္ပာယ်ကို အာနုဘာဝ–ပုဒ်ကြည့်။) အဟံ ဟိ မေ ဝဇ္ဇီ ဝံမဟိဒ္ဓိကေ ဝံ မဟာနုဘာဝေ ဉစ္ဆေစ္ဆာမိ။ ဒီ၊၂။၆၁။ (–၉၀၊ ၁၅၂။ အံ၊၂။၂၉၂၊၄၀၈။ အံ၊၃။၁၃၂။ ဥဒါန။ ၈၈၊၁၃၁။ ဝိမာန။၁။ ဝိ၊ဋ္ဌ၊၁။၆။) ဝံမဟာနုဘာဝေတိ ဝံ မဟန္တေန အာနုဘာဝေန သမန္နာဂတေ။ ဒီ၊ဋ္ဌ၊၂။၁၀၆။ (–၁၄၀၊၂၂၃။ အံ၊ဋ္ဌ၊၃။၁၀၆။၁၅၅၊၂၅၁။ ဥဒါန၊ဋ္ဌ။၉၂၊၂၄၄။ ဝိမာန၊ဋ္ဌ၊၁၆။ သာရတ္ထ၊၁။၄၆။)

**မဟာနုဘာဝဂေဟပ္ပဝေသ** (ပု) [မဟာနုဘာဝဂေဟ+ပဝေသ] ကြီးမြတ်သော အာနုဘော်ရှိသော သူတို့၏အိမ်သို့ ဝင်ရာအခါ။ အပ္ပေသက္ခာနံ မဟာနုဘာဝဂေဟပ္ပဝေသေ သိယာ ဆမ္ဘိတတ္တံ။ မ၊ဋ္ဌ၊၃။၁၇၀။

**မဟာနုဘာဝတရ** (တိ) [မဟာနုဘာဝ+တရ] သာလွန်ကြီးမြတ်သော အာနုဘော်ရှိသော၊ သူ။ တယာ စ ခေါ မာရိသ မယာ စ သေ့ဝ ဘဂဝါ မဟိဒ္ဓိကတရော စေဝ မဟာနုဘာဝတရော စ။ သံ၊၁။၁၄၉။(–ဥဒါန။၈၈။ ဣတိဝုတ်၊ ဋ္ဌ။၃၄၈။) မဟာနုဘာဝ–ကြည့်။

**မဟာနုဘာဝဒီပန** (န) [မဟာနုဘာဝ+ဒီပန] ကြီးမြတ်သော အာနုဘော်ရှိသည်၏အဖြစ်ကို -ပြခြင်း။ အာဏာယ ဌိတာနံ သာဝကာနံ မဟာနုဘာဝဒီပနဥ္စ။ ဝိဇ၊ ၃၀။

**မဟာနုဘာဝမန္တပရိဝတ္တန** (န) [မဟာနုဘာဝ-မန္တ+ပရိဝတ္တန] ကြီးမြတ်သော အာနုဘော်ရှိသော မန္တန်ကို – အဖန်ဖန် ဖြစ်စေခြင်း–ရွတ်ဖတ်ခြင်း။ မန္တေနာတိ မဟာနုဘာဝ-မန္တပရိဝတ္တနေန။ အံ၊ဋ္ဌ၊ ၃။၂၄။

**မဟာနုဘာဝသတ္တ** (ပု) [မဟာနုဘာဝ+သတ္တ] ကြီးမြတ်သော အာနုဘော်ရှိသော သတ္တဝါ။ အညသ္မိံ ဝါ မဟာနုဘာဝသတ္တေ တံ ဌာနံ ပတ္တေ။ ဇာ၊ဋ္ဌ၊ ၄။၉။

**မဟာနေရု** (ပု) [မဟန္တ+နေရု] ကြီးသော–ပူဇော်အပ်သော မြင်းမိုရ်တောင်မင်း၊မြင်းမိုရ်တောင်ကြီး။ယေန ဥတ္တရကုရုဝှော၊မဟာနေရုသုဒဿနော။ ဒီ၊ ၃။၁၆၁။ (–ထေရ၊ ၃၆၆။) မဟာနေရူတိ မဟာသိနေရုပဗ္ဗတရာဇာ။ ဒီ၊ ဋ္ဌ၊ ၃။၁၄၆။ မဟာနေရူတိ မဟန္တော, မဟနီ-ယော စ နေရုသာခါတော ပဗ္ဗတော။တေနာဟ "မဟာသိနေရု ပဗ္ဗတရာဇာ" တိ။ ဒီ၊ဋီ၊ ၃။ ၁၅၅။

**မဟာနေရုနိဒဿန** (တိ) [မဟန္တ+နေရုနိဒဿန] မြင်းမိုရ်တောင်ပမာ လေးစားထိုက်သော (စကား)။ မဟာနေရုနိဒဿန (ဇာ၊ ၁။၁၃၃) န္တိ သိနေရုပဗ္ဗတသဒိသံ မဟန္တံ ဟံသရာဇဿ ဝစနံ။ ဇာ၊ဋ္ဌ၊၃။၁၉၆။

**မဟာနေလ** (န) [မဟန္တ+နေလ] (၁) မြတ်သောဗိတာန် (မျက်နှာကြက်) ညို။(တိ)(၂) မဟာနေလမည်သော၊ သူ။ (၁) မဟာနေလ-ဿ သာဒနံ၊ ဓာရေန္တိ မမ ပုဒ္ဓနီ။ အပ၊ ၂။ ၁၉၄။ ထေရီ၊ဋ္ဌ၊၄၄။ (တိ) (၂) အောက်ပုဒ် ကြည့်။

**မဟာနေလသနာမက** (တိ) [မဟာနေလ+သနာမက] မဟာနေလအမည်ရှိသော၊ သူ။ ဣတော ဝီသတိကပ္ပမှိ၊ မဟာနေလသနာမ-ကော။ အပ၊ ၁။၂၁၄။

**မဟာနာရဒ** (ပု) [မဟန္တ+နာရဒ] ကြီးစွာသော အကြော၊ အကြောမ။ ယဿ ကဏ္ဍရနာမ-ကာ မဟာနာရဒ ပုရတော ဝါ ပစ္ဆတော ဝါ ဆိန္နာ ဟောန္တိ။ ဝိ၊ဋ္ဌ၊၃။၃၀၈။ ဝိ၊သင်္ဂဟ။ ၁၄၀။(–အဘိ၊ဋ္ဌ၊၂။ ၂၂၅။အဘိ၊ဋ္ဌ၊ ၃။၁၂၈။)

**မဟာပံသုကူလိက** (တိ) [မဟန္တ+ပံသုကူလိက] မြတ်သော ပံ့သကူသင်္ကန်းကို ဆောင်သော၊ သူ (ပံ့သကူစုတင်ဆောင် ရဟန်းမြတ်)။ "မဟာပံသုကူလိကာ အာဂတာ" တိ ယာဂု-ဘတ္တာဒီနိ သမ္ပာဒေတွာ။ မ၊ဋ္ဌ၊၄။၃၅။ (–အံ၊ ဋ္ဌ၊၁။၉၇။ ဓမ္မ၊ဋ္ဌ၊ ၂။၁၄၁။)

**မဟာပံသုကူလိကတ္ထေရ** (ပု) [မဟာပံသုကူလိ-က+ထေရ] မြတ်သော ပံ့သကူသင်္ကန်းကို ဆောင်သောထေရ်၊ ပံ့သကူဓုတင်ဆောင် မထေရ်မြတ်။ သောပိ "မဟာသုပံကူလိက-တ္ထေရော ကထေတီ"တိ ဂါရဝဝသေန ဌတွာ။ သံ၊ဋ္ဌ၊ ၁။၂၆၄။

**မဟာပံသုပုဉ္ဇ** (ပု) [မဟန္တ+ပံသုပုဉ္ဇ] ကြီးမားသော မြေမှုန့်အပုံ၊ မြေမှုန့်ပုံကြီး။ သေယျ-ထာပိ အာနန္ဒ ဇတုမဟာပထေ မဟာပံသုပု-ဉ္ဇော ပုရတ္ထိမာယ စေပိ ဒိသာယ အာဂစ္ဆေယျ သကဋံ ဝါ။ သံ၊ ၃။၂၈၂။

**မဟာပကရဏ** (န) [မဟန္တ+ပကရဏ] ကြီးကျယ်သောကျမ်း၊ ပဋ္ဌာန်းကျမ်း။ မဟာပက-ရဏိယာ ဘိက္ခူ မဟာပကရဏေ ဂဏနစာရံ အသလ္လက္ခေန္တာ။ အဘိ၊ဋ္ဌ၊၁။၇။ တဒနန္တရံ မဟာပကရဏံ နာမ။ ပဋ္ဌာနန္တိပိ တဿေဝ နာမံ။ အဘိ၊ဋ္ဌ၊၁။၉။ (–သာရတ္ထ၊ ၃။၁၄၄။)

**မဟာပကရဏကထာ** (ထီ) [မဟာပကရဏ+ကထာ] ပဋ္ဌာန်းကျမ်း၌လာသော စကား။

သမ္ဗာပိ မဟာပကရဏကထာ အာနေတဗ္ဗာ ဟောတီတိ န ဝိတ္ထာရိတာ။ ဒီ၊ဋီ၊၂။၁၀၅။

**မဟာပကရဏိယ** (တိ) [မဟာပကရဏ+ဏိက။ က-ကို ယ-ပြု။] ပဋ္ဌာန်းကျမ်းကို–သင်–ဆောင်–သော၊ သူ။ မဟာပကရဏ-ကြည့်။

**မဟာပက္ခ** (တိ) [မဟန္တ+ပက္ခ] များသော–အသင်းအပင်း– အခြံအရံ– ရှိသော၊ သူ။ ပုနာပရံ ယဒါ ဟောမိ၊ မဟာပက္ခော မဟိဒ္ဓိကော။ စရိယာ၊၄၀၅။ မဟာပက္ခောတိ မဟာပရိဝါရော။ စရိယာ၊ဋ္ဌ။၁၅၇။ သော မဟာပက္ခော မဟာပရိသော မဟာပရိဝါရော။ မဟာနိ။၁၂၉။ မဟာပက္ခောတိ မဟန္တော ဉာတိပက္ခော ဧတဿာတိ မဟာပက္ခော။ မဟာနိ၊ဋ္ဌ။၂၄၈။

**မဟာပဏ်** (ပု) [မဟန္တ+ပဏ်] အားကြီး–ထူထပ်–သော ရွှံ့ညွန် (မုချ)။ အားကြီး–ထူထပ်–သော ရွှံ့ညွှန်နှင့် တူသော တရား (ဥပစာ)။ မဟာဘုဋ္ဌိလော မဟာပဏ်ော မဟာပလိပေါ မဟာပလိဗောဓော။ မဟာနိ။ ၁၁၈။

**မဟာပဏ်ပက္ခန္ဒ** (တိ) [မဟာပဏ်+ပက္ခန္ဒ] ကြီးစွာသောညွန်တွင်းသို့ ဆင်းသက်မိသော၊ သူ။ မဟာပဏ်ပက္ခန္ဒော ကုဋ္ဌရော သုပဏ္ဏမခဂဟော နာဂရာဇာ။ ပဋိသံ၊ဋ္ဌ၊၁။၂၂။ ဝိသုဒ္ဓိ၊၂။၂၈၈။

**မဟာပစ္စရိဝါဒ** (ပု) [မဟာပစ္စရိ+ဝါဒ] မဟာပစ္စရိအဋ္ဌကထာ၌ လာသော အယူဝါဒ။ ဒိုသု မဟာပစ္စရိဝါဒေါ ဗလဝါ။ ဝဇိရ၊၁၉၅၊ (–သာရတ္ထ၊၂။၃၆၈။ သာရတ္ထ၊ ၃။ ၂၇။ ဝိမတိ၊၂။၁၅။)

**မဟာပစ္စရိနာမိကာ** (ထီ) [မဟာပစ္စရိနာမ+ဏိက+အာ] မဟာပစ္စရိအမည်ရှိသော (အဋ္ဌကထာကျမ်း)။ အောက်ပုဒ် ကြည့်။

**မဟာပစ္စရိ** (ထီ) [မဟန္တီ+ပစ္စရိ] ကြီးစွာသော ဖောင်၊ ဖောင်ကြီး (မုချ)။ ဖောင်ကြီးပေါ်၌ ရေးသားစီရင်အပ်သော ကျမ်း၊ မဟာပစ္စရိ အမည်ရှိသော ကျမ်း၊ မဟာပစ္စရိအဋ္ဌကထာကျမ်း (ဥပစာ)။ တဿ မဟာအဋ္ဌကထံ သရီရံ ကတွာ မဟာပစ္စရိယံ တထေဝ၊ ကုရုန္ဒီနာမာဒီသု ဝိဿုတာသု။ ဝိ၊ဋ္ဌ၊၁။၂။ (–ဝိ၊ဋ္ဌ၊၃။၉။ ဝိ၊ဋ္ဌ၊၄။၇။) မဟာပစ္စရိယန္တိ မဟာပစ္စရိနာမိကံ။ တတ္ထ စ ပစ္စရီတိ ဥဠုမ္ပံ ဝုစ္စတိ၊ တသ္မိံ နိသီဒိတွာ ကတတ္တာ တမေဝ နာမံ ဇာတံ။ ဝိမတိ၊၁။၆။ (–သာရတ္ထ၊၁။၂၀။)

**မဟာပစ္စဝေက္ခဏဉာဏ** (နု) [မဟန္တ+ပစ္စဝေက္ခဏဉာဏ] မြတ်သော ပစ္စဝေက္ခဏ ဉာဏ်။ ဣမေဟိ သတ္တဟိ မဟာပစ္စဝေက္ခဏဉာဏေဟိ သမန္နာဂတော။ မ၊ဋ္ဌ၊၂။၃၀၁။ (–မ၊ဋီ၊၂။၃၁၈။)

**မဟာပဇ္ဇ** (ထီ) [မဟန္တီ+ပဇ္ဇ] ကြီးစွာသော တောင်း၊ တောင်းကြီး။ အဿ ဟတ္ထာ မဟာပဇ္ဇိ ဝိယ အပ္ပဟိနာ။ မ၊ဋ္ဌ၊၂။၄၄။

**မဟာပဇာပတိ** (ထီ) [ မဟန္တီ+ပဇာပတိ ] မဟာပဇာပတိ မည်သူ၊ မဟာပဇာပတိ ဂေါ-တမီ။ ဘဂဝတော မာတုစ္ဆာယ မဟာပဇာ-ပတိယာ ဂေါတမိယာ။ မိလိန္ဒ၊၂၃၄။ (–ဝိ၊ဋ္ဌ၊၁။၂၀၇။)

**မဟာပဇာပတိ(တီ)ဂေါတမီ** (ထီ) [မဟာပဇာ-ပတိ+ဂေါတမီ ] မဟာပဇာပတိဂေါတမီ။ (မြတ်စွာဘုရား၏ မိထွေးတော် ဖြစ်သည်၊ မြတ်သော သားသမီးတို့ကို ဖြစ်စေခြင်း၊ မွေးမြူခြင်းတို့ဖြင့် စောင့်ရှောက်တတ်သော ကြောင့် မဟာပဇာပတိအမည်ရသည်။ မ၊ဋီ၊ ၃။၄၀၆။ ကြီးမြတ်သော သားသမီးရှိသော ကြောင့် မဟာပဇာပတိ-ဟုလည်း ဖွင့်ကြသေး၏။ မ၊ဋ္ဌ၊၄။၂၀၉။ အံ၊ဋ္ဌ၊၃။၂၃၉။ အံ၊ဋီ၊၃။ ၂၄၁။)

အထ ခေါ မဟာပဇာပတိ (တီ) ဂေါတမီ။ မ၊၃။၂၉၅။ အံ၊၃။၁၁၁။ (–အံ၊၁။၂၆။ အံ၊

၄၁။ ၂၄၄၊ ၂၆၁။) ဂေါတမီတိ ဂေါတ္တံ၊ နာမ-ကရဏဒိဝသေ ပနဿာ လဒ္ဓသက္ကာရာ ဗြာဟ္မ-ဏာ လက္ခဏသမ္ပတ္တိံ ဒိသွာ "သစေ အယံ ဓီတရံ လဘိဿတိ၊ စက္ကဝတ္တိရညော မဟေသီ ဘဝိဿတိ။ သစေ ပုတ္တံ လဘိဿတိ၊ စက္ကဝတ္တိ ရာဇာ ဘဝိဿတီတိ ဥဘယထာပိ မဟတီယေ-ဝဿာ ပဇာ ဘဝိဿတီ"တိ ဗျာကရိံသု။ အထဿာ မဟာပဇာပတီတိ နာမံ အကံသု၊ ဣဓ ပန ဂေါတ္တေန သဒ္ဓိံ သံသန္ဒိတွာ မဟာ-ပဇာပတိဂေါတမီတိ ဝုတ္တံ။ မ၊၄၊၂၁၉။ (—အံ၊၄၊၃။ ၂၃၅။ မ၊ဋီ၊၃။၄၀၆။ အံ၊ဋီ၊၁။ ၁၉၃။ အံ၊ဋီ၊၃။ ၂၄၂။)

**မဟာပဇာပတိဂေါတမီထေရီ** (ထီ) [မဟာပဇာ-ပတိဂေါတမီ+ ထေရီ] မဟာပဇာပတိဂေါ-တမီ ထေရီမ။ အပရဘာဂေ မဟာပဇာပတိ ဂေါတမီထေရိယာ သန္တိကေ ဓမ္မံ သုတွာ။ ထေရီ၊၄။၅။

**မဟာပဇာပတိပ္ပမုခ** (တိ) [မဟာပဇာပတိ+ပမုခ] မဟာပဇာပတိလျှင် အကြီးအမှူးရှိသော၊ မဟာပဇာပတိ ဦးဆောင်သော။ ဘိက္ခုနိံ သန္တိကေ ဥပသမ္ပန္နာ ပဉ္စသတာ မဟာပဇာ-ပတိပ္ပမုခါ။ ဝဇီရ၊၅၇၇။

**မဟာပဋ္ဋလိတ** (တိ) [မဟန္တ+ပဋ္ဋလိတ] ကြီးစွာသော အခိုးအလျှံရှိသော၊ ကြီးစွာတောက်လောင်နေသော။ သဟ သစ္စေ ကတေ မယှံ၊ မဟာပဋ္ဋလိတော သိခီ။ စရိယာ၊၄၁၅။ စရိယာ၊၄။ ၂၂၀။ ဇာ၊၄၊၁။ ၂၃၁။

**မဟာပဒ္ဒုမူလ** (နု) [မဟန္တ+ပဒ္ဒုမူလ] အမြစ်ကြီးငါးပါး (သျှ)။ (မဟာပဒ္ဒုမူ မြစ်ဟုလည်း ပြန်ကြ၏။ ကပ္ပဒုမနှင့် ထောမနိဒ္ဒိတို့၌ "ပဒ္ဒု-မူလ"ပုဒ်ကို"ပဒ္ဒုမြကာရံ ပဒ္ဒုဂုဏ်ထံ ဝါ မူလမ် "ဟုပြု၍" သနာမာချာတပါနမ်, သနာမာ-ချာတပါစနဘေဒေ"ဟု အနက်ကြားကြသည်။) တေသံ စူဠပဒ္ဒုမူလံ မဟာပဒ္ဒုမူလန္တိ-

အာဒိနာ နယေန ဂဏိယမာနာနံ။ ဝိ၊၄၊၃။ ၉၉။ ဝိ၊သင်္ဂဟ။၉၄။

**မဟာပည** (တိ) [မဟန္တီ+ပညာ] ကြီးမြတ်သော ပညာရှိသော၊ သူ။ မဟာပညော ပုထုပညော အာပါတဒသော။ အံ၊၁။၃၇၀။(—ဒီ၊၃။၁၂၉။ မ၊၁။၁၆၁။ သံ၊၁။၆၃။) မဟာပညောတိ မဟန္တပညော။ အံ၊၄၊၂။၃၁၃။(ဒီ၊၄၊၃။၁၁၃၊ မ၊၄၊၁။၃၈၂။ သံ၊၄၊၁။၁၁၀။) မဟန္တာနံ အတ္ထာနံ ပရိဂ္ဂဏှတော မဟတီ ပညာ ဧတ-ဿာတိ မဟာပညော။ ဒီ၊ဋီ၊၃။၁၁၃။

**မဟာပညဂုဏ** (ပု) [မဟာပည+ဂုဏ] မြတ်သော ပညာရှိသူ၏ အဖြစ်ထည်းဟူသော ဂုဏ်၊ မြတ်သောပညာဂုဏ်။ သာရိပုတ္တဿ ပန မဟာပညဂုဏော အပါကဋော။ ဇာ၊၄၊၄။ ၂၆၆။

**မဟာပညတရ** (တိ) [မဟာပည+တရ] အလွန်-သာလွန်-ကြီးမြတ်သော ပညာရှိသော၊ သူ။ တံ ပိတရာ မဟာပညတရံ သဗ္ဗကိစ္စာနိ အနု-သာသန္တံ။ ဒီ၊၄၊၂။၂၅၄။ (—သာရတ္ထ၊၃။ ၂၂၉။ မ၊ဋီ၊၃။၂၇၄။)

**မဟာပညလက္ခဏ** (နု) [မဟာပည+လက္ခဏ] ကြီးမြတ်သော ပညာရှိသူ၏ အဖြစ်ဟူသော မှတ်ကြောင်းလက္ခဏာ၊ ကြီးမြတ်သော ပညာရှိ လက္ခဏာ။ မဟာပညောတိ ဣဒမ္ပိ မဟန္တေ အတ္ထေ ပရိဂ္ဂဏှာတီတိအာဒိနာ မဟာပည-လက္ခဏေန န ဝတ္တဗ္ဗံ။ မ၊၄၊၃။၇။

**မဟာပညဝန္တတရ** (တိ) [မဟာပညဝန္တ+တရ] အလွန်- သာလွန်- ကြီးမြတ်သော ပညာရှိသော၊ သူ။ ဓေ သန္တေပိ သာရိပုတ္တတ္ထေရော မဟာပညဝန္တတရော။ မ၊၄၊၄။၅၀။

**မဟာပညသံဝတ္တနိက** (ဂ်) [မဟာပည+သံ-ဝတ္တနိက] ကြီးမြတ်သော ပညာ ရှိသူ၏ အဖြစ်ကို ဖြစ်စေတတ်သော။ မဟာပည-သံဝတ္တနိကာ ပဋိပဒါ။ မ၊၃။ ၂၄၃။ မဟာ-

ပညာသံဝတ္တနိကာ(မဟာပညာသံဝတ္တနိကာ?) သော မာဏဝ ပဋိပဒါ။ မ၊၄၊၃။၂၄၀။

**မဟာပညာ** (ထီ) [မဟန္တီ+ပညာ] ကြီး–များ–မြတ်–ပြန့်ပြော–သောပညာ။ အနန္တာနုပဿနာ ဘာဝိတာ ဗဟုလီကတာ မဟာပညံ ပရိပူရေတိ။ ပဋိသံ။ ၃၆၇။ (–၃၇၁။) သာ ဟိ ဝုဒ္ဓိပ္ပတ္တတ္တာ မဟတီ စ သာ ပညာ စာတိ မဟာပညာ။ ပဋိသံ၊ဋ္ဌ၊ ၂။၂၅၇။

**မဟာပညာဝိဘာဝနာ** (ထီ) [မဟာပညာ+ ဝိဘာဝနာ] မြတ်သောပညာကို ထင်စွာပြခြင်း။ သုခုမသဘာဝတာ မဟာပညာဝိဘာဝနာ စ ဒဿိတာ ဟောန္တိ။ ဒီ၊ဋီ၊၁။၁၀၉။

**မဟာပညာသံဝတ္တနိက** (တိ) [မဟာပညာ+ သံဝတ္တနိက] ကြီးမြတ်သော ပညာကို ဖြစ်စေတတ်သော။ မဟာပညာသံဝတ္တနိကံ ဘိက္ခဝေ တံ ကုလံ တသ္မိံ သမယေ ပဋိပဒံ ပဋိပန္နံ ဟောတိ။ အံ၊၁။၂၁၃။

**မဟာပဉှ** (တိ) [မဟန္တ+ပဉှ] ကြီးသော အမေးပုစ္ဆာ၊ ပြဿနာကြီး။ ဝုတ္တာမိဒံ အယျေ ဘဂဝတာ မဟာပဉှေသု။ အံ၊၃။၃၀၀။ (–ဒီ၊ဋ္ဌ၊၂။၃၃၀။) မဟာပဉှေသူတိ မဟန္တ- အတ္ထပရိဂ္ဂါဟကေသု ပဉှေသု။ အံ၊ဋ္ဌ၊၃။ ၃၀၄။

**မဟာပဉှဗျာကရဏ**(နု) [မဟာပဉှ+ ဗျာကရဏ] ကြီးစွာသော အမေးပုစ္ဆာကို ဖြေဆိုခြင်း။ ထေရော ကိဉ္စာပိ မဟာပဉှဗျာကရ- ဏေ သတ္တ ဝိညာဏဋ္ဌိတိယော ဝုတ္တာ။ ခုဒ္ဒ- ကာ၊ဋ္ဌ။၇၀။

**မဟာပဋ** (ပု) [မဟန္တ+ပဋ] ကြီးစွာသော အဝတ်၊ အပေါ်ရုံအဝတ်။ အဋ္ဌနဟေတ္ထော မဟာပဋော အတ္ထိ။ သံ၊ဋ္ဌ၊၂။၄၅။ (–မမ့ၤ ဋ္ဌ၊၂။၆၅။)

**မဟာပဋလ** (နု) [မဟန္တ+ပဋလ] ကြီးစွာ သော အထပ်အလွှာ။ အောက်ပုဒ်ကြည့်။

**မဟာပဋလကာရိက** (တိ) [မဟာပဋလ+ကာ- ရိက] ကြီးစွာသော—အထပ်အလွှာ—ပျား လဘို—ကို ပြုတတ်သော၊သူ (ပျားပိတုန်း ကြီး)။ ဘမရမက္ခိကာတိ မဟာပဋလကာရိ- ကာ။ ဝိမတိ၊၁။၃၅၃။

**မဟာပဋိဂ္ဂဟဏ** (နု) [မဟန္တ+ပဋိဂ္ဂဟဏ] မြတ်သော အပေါ်ရုံစုလျား။ (သျှ။ ယင်း၌ မဟာပဋိဂ္ဂဟန–ဟုရှိ၏။) မဟာပဋိဂ္ဂဟ- ဏံ ပနဿ မတ္ထကေ ဝိခုနန္တော သုမ္မဒေ- ဝဿဘံ ပဝိသတိ စေပ နိက္ခမတိ စ။ သံ၊ ဋ္ဌ၊၁။၃၁၃။ မဟာပဋိဂ္ဂဟဏန္တိ မဟန္တံ ဥပ- သမဗျူဠှနံ (ဥပသံဗျာနံ=ဥပသမ္ဗာနံ?) သံ၊ ဋီ၊၁။၃၃၂။

**မဟာပဋိညာ** (ထီ) [မဟန္တီ+ပဋိညာ] ကြီးစွာ သော ဝန်ခံခြင်း။ တသ္မာ တသောဝ သာ မဟာပဋိညာ တထာ အဝိတထာ အနညာ- ထာ။ ဥဒါန၊ဋ္ဌ။၁၁၀။ ဣတိဝုတ်၊ဋ္ဌ။၁၁၆။

**မဟာပဏိဓာန** (နု) [မဟန္တ+ပဏိဓာန] ကြီး မြတ်သော ဆုတောင်းမှု။ ယဿံ ဟိ ဇာတိယံ မဟာဗောဓိသတ္တေန မဟာ- ပဏိဓာနံ နိဗ္ဗတ္တိကံ။ စရိယာ၊ ဋ္ဌ။၁၉။ (—သီ၊ဋီ၊သစ်၊၁။၂၄၇။ မ၊ဋီ၊၁။၉၉။ အံ၊ ဋီ၊၁။၁၂၆။)

**မဟာပဏိဓာနကပ္ပ** (ပု) [မဟာပဏိဓာန+ကပ္ပ] ကြီးမြတ်သောဆုကို တောင်းရာ-ကပ်– ကမ္ဘာ၊ ဆုကြီးတောင်းရာ—ကပ်—ကမ္ဘာ။ တတ္ထ ယေ မဟာပဏိဓာနကပ္ပတော ပဋ္ဌာယ ယာဝါယံ ကပ္ပေါ။ ဒီ၊ဋီ၊၃။၂၂၂။ အံ၊ဋီ၊၂။ ၂၆၅။

**မဟာပဏ္ဏ** (တိ) [မဟန္တ+ပဏ္ဏ] ကြီးစွာသော အရွက်ရှိသော။ တေ ကိံရ သောတကွန္တာ

မဟာပဏ္ဏာကာရံ ကတ္ဝါ ကာရသဒိသပုပ္ဖါ ပေဟာန္တိ။ ဇာ၊၃၊၇။၃၁၂။

**မဟာပဏ္ဏာကာရ** (ပု) [မဟန္တ+ပဏ္ဏာကာရ] များစွာသော လက်ဆောင်၊ မြတ်သော လက်ဆောင်။ မဟာပဏ္ဏာကာရေ နေသာ ဘဝိဿတိ။ ဓမ္မ၊၃၊၁။၂၀၇။ (-ဇာ၊၃၊၆။ ၂၁၁။)

**မဟာပဏိ** (တိ) [မဟန္တီ+ပဏိ] ကြီးသော ဖနောင့်ရှိသော၊ သူ။ မဟာပါဒေါ ဝါ မဟာပဏိ ဝါ ပိဋ္ဌိကပါဒေါ ဝါ။ ဝိ၊၃၊၃။၃၁၂။ ဝိ၊သင်္ဂဟ။၁၄၄။

**မဟာပတာပ** (တိ) [မဟန္တ+ပတာပ] (၁) ပြင်းစွာ ပူပန်ခြင်းရှိသော။ (၂) ကြီးမားသော-တန်ခိုး-အရှိန်အဝါ-ရှိသော။ (၃) မဟာပတာပမည်သော၊ သူ။ (၁) ကလာဗုဝိစိ ဉပပန္နာ ပစ္စတိ၊ မဟာပတာပံ ကဋုကံ ဘယာနကံ။ ဇာ၊၂။၉။ ဇာ၊၃၊၅၊၁၅၁။ (၂) မဟာဇုတိ-ကြည့်။ (၃) အဟမေဝ ဒူသိယာ ဘူနဟတာ၊ ရညော မဟာပတာပဿ။ ဇာ၊၁။၁၂၅။ (-မိလိန္ဒ။၂၀၁။ ထေရ၊ ဋ္ဌ၊၁။၆၁။)

**မဟာပတာပန** (တိ) [မဟန္တ+ပတာပန] မဟာပတာပနအမည်ရှိသော၊ သူ။ စူဠဓမ္မပါလဇာတကသို့ဋ္ဌိ မဟာပတာပနော နာမ ရာဇာ ပုတ္တံ ဃာတေတွာ။ ဇာ၊၃၊၅။၁၁၈။

**မဟာပတာပနာမ** (တိ) [မဟာပတာပ+နာမ] မဟာပတာပအမည်ရှိသော၊ သူ။ မဟာပတာပနာမေန၊ စက္ကဝတ္တိ မဟဗ္ဗလော။ အပ၊၁။၂၂၉။ ထေရ၊ဋ္ဌ၊၁။၆၂။

**မဟာပတာပရာဇ** (ပု) [မဟာပတာပ+ရာဇ] မဟာပတာပမင်း။မဟာပတာပရာဇဘူတဿ တဿ ပထဝီ ပဝိဋ္ဌဘာဝံ ဒီပေတုံ။ ဓမ္မ၊ဋ္ဌ၊၁။ ၉၆။

**မဟာပတိကာရ** (ပု) [မဟန္တ+ပတိကာရ] ကြီးမြတ်သော ဆေးသမား။ (ပ-ဝဂ်ကျမ်းညွှန်း၌ ပတိကာရ=တုံ့ပြန်ပြုခြင်း၊ ကျေးဇူးဆပ်ခြင်းဟုသာ ပြထား၏။) "တထာ ပဋိပဇ္ဇန္တော" တိ ဣမိနာ သတ္တု မဟာပတိကာရဘာဝေါ ပရိပုဏ္ဏော ဒဿိတော။နေတ္တိ၊ဋ္ဌ။၉၃။

**မဟာပတ္တ** (တိ) [မဟန္တ+ပတ္တ] ကြီးသော အရွက်ရှိသော။ သာ မဟာပတ္တာ စေဝ ဗဟုပတ္တာ စ။ အံ၊ဋ္ဌ၊၂။၁၇၂။

**မဟာပထ** (ပု) [မဟန္တ+ပထ] (၁) ခရီးလမ်းမကြီး၊ မြို့လယ်လမ်းမ၊ မင်းလမ်းမ။ (တိ) (၂) ခရီးလမ်းကြီးသဖွယ်ဖြစ်သော။ (၃) ခရီးလမ်းမကြီးနှင့် ပြည့်စုံသော။ (၁) မဟာပထံ နိစ္စ သမဝှယန္တု။ ဇာ၊၂။၃၁၁။ (-သံ၊၁။ ၅၆။အပ၊၁။၃၄၀။အပ၊ဋ္ဌ၊၂။၉၀။) မဟာပထံ နိစ္စံ သမဝှယန္တု တိ အန္တောနဂရေ အလင်္ကတမဟာပထံ ရာဇမဂ္ဂံ နိဿာယ။ ဇာ၊ဋ္ဌ၊၇။ ၂၃၉။ (တိ) (၂) ပုဗ္ဗကေဟိ မဟေသီဟိ အနုစိဏ္ဏံ မဟာပထံ။ဗုဒ္ဓဝံ။၃၁၅။ (၃)ကပိလံ နာမ နဂရံ၊ သုဝိဘတ္တံ မဟာပထံ။ နေတ္တိ။ ၁၂၁။ (-ဇာ၊ဋ္ဌ၊၆။၅၇။) မဟာပထံ မဟာပထသမ္ပန္နံ။ နေတ္တိ၊ဋ္ဌ။၂၉၆။

**မဟာပထဝိ(ဝီ)ကမ္ပ** (ပု) [မဟာပထဝီ+ကမ္ပ] မြေကြီးတုန်လှုပ်ခြင်း။ မာတုကုစ္ဆိံ ဩက္ကမနေန မဟာပထဝိကမ္ပော အဟောသိ။ ထေရ၊ ဋ္ဌ၊၁။၄၅၂။ (-ဒီ၊ဋ္ဌ၊၁။၃၉၁။ သီ၊ဋီ၊သစ်၊၂။ ၄၁၅။) မဟာပထဝီကမ္ပော အဟောသိ။ အနု၊ဋ္ဌ၊၂။၂၁၁။

**မဟာပထဝိ (ဝီ) ကမ္ပန** (နု) [မဟာပထဝီ + ကမ္ပန] (၁) မြေကြီးတုန်လှုပ်ခြင်း။ (၂) မြေကြီးကို တုန်လှုပ်စေခြင်း။ (၁) ပဋိသန္ဓိ ဇာတိဗောဓိဓမ္မစက္ကပဝတ္တနေသု မဟာပထဝီကမ္ပနံ ကတွာ။ ဗုဒ္ဓဝံ၊ဋ္ဌ။၁၁၅။ (၂) ဝေ မဟာပထဝီကမ္ပနာဒီနိ မဟာပုညာနိ ကတွာ။

ဇာ၊ဋ္ဌ၊၁။၅၆။ မဟာပထဝီကမ္ပနာဒီနိ မဟာ-ပုညာနိ ကတွာ (ကရိတွာ)။ အဘိ၊ဋ္ဌ၊၁။ ၇၅။ အပ၊ဋ္ဌ၊၁။၅၈။

**မဟာပထဝိ(ဝီ)ကမ္ပနသမတ္ထ** (တိ) [မဟာပထဝိ-ကမ္ပန+သမတ္ထ] မြေကြီးကို တုန်လှုပ်စေခြင်းငှာ စွမ်းနိုင်သော။ အတ္တနော ပုတ္တဒါနံ ဒါနပါရမိယာ မတ္ထကံ ဂဏှန္တံ မဟာပထဝိ (ဝီ) ကမ္ပနသမတ္ထံ ဇာတံ။ မဋီ၊၃။၄၁၃။ အံ၊ဋီ၊၂။၃၁၅။

**မဟာပထဝီတလ** (န) [မဟာပထဝီ + တလ] မြေကြီးအပြင်၊ မြေအပြင်။ ဣမမှာ မနုဿာနံ ဝသနဋ္ဌာနာ၊ မဟာပထဝီတလတော တိ အဓိပ္ပါယော။ သံ၊ဋီ၊၁။၂၄၀။

**မဟာပထဝီပံသု** (ပု၊န) [မဟာပထဝီ + ပံသု] မြေကြီး၏ အမှုန့်၊ မြေမှုန့်။ သော တံ နခသိခါယ ပံသုံ ဂဟေတွာ မဟာပထဝီ-ပံသုနာ သဒ္ဓိံ ဥပမေန္တော ဝိယ။ အံ၊ဋ္ဌ၊၂။ ၂၀၉။

**မဟာပထဝီပဝိသန** (န) [မဟာပထဝီ+ပဝိသန] မြေကြီးသို့ သက်ဝင်ခြင်း၊ မြေမျိုခြင်း။ အပိ နု ခေါ မဟာရာဇ ဘဂဝါ ဝါ သာဝကာ ဝါ သာဒိယိံသု ဣမေသံ မဟာပထဝီပဝိသနံ။ မိလိန္ဒ။၁၀၉။

**မဟာပထဝီမုခ** (တိ) [မဟာပထဝီ+မုခ] မြေကြီးသို့ ရှေးရှုသော။ (ကြိ၊ဝိ) မြေကြီးသို့ ရှေးရှု၊ သာဓု မဟာရာဇ ကဏှာ မဟာပထဝီ-မုခံ ကရောဟီတိ။ အံ၊ဋ္ဌ၊၁။၃၄၀။

**မဟာပထဝိဟာရ** (ပု) [မဟာပထ + ဝိဟာရ] လမ်းမကြီးအနီး၌ တည်သော ကျောင်း။ မဟာပထဝိဟာရေ ရတ္တိန္ဒိဝံ အာဂန္တုကာ သန္နိပတန္တိ။ ဝိသုဒ္ဓိ၊၁။၁၁၆။ သာရတ္ထ၊၂။ ၂၀၇။

**မဟာပထဝီ** (ထီ) [မဟန္တီ+ပထဝီ](၁) မြေကြီး။ (တိ)(၂) မဟာပထဝီ အမည်ရှိသော၊ သူ။ (၁) သေယျထာပိ ဘိက္ခဝေ ပုရိသော ဣမံ မဟာပထဝိံ။ သံ၊၁။၃၈၇။(-အံ၊၂။၂၁၀။) မဟာပထဝိန္တိ စက္ကဝါဠပရိယန္တံ မဟာပထဝိံ။ သံ၊ဋ္ဌ၊၂။၁၄၅။ (-အံ၊ဋ္ဌ၊၃။၇၃။) (တိ)(၂) တဒါ ဗောဓိသတ္တော မဟာပထဝီ နာမ မက္ကဋော အဟောသိ။ မိလိန္ဒ။၁၉၈။

**မဟာပထဝီအက္ကမန** (န) [မဟာပထဝီ+အက္ကမန] မြေကြီးပေါ်၌ နင်းခြင်း။ သဟ မဟာ-ပထဝီအက္ကမနေန ပန ဘဂဝတော။ အံ၊ဋ္ဌ၊ ၁။၉၈။

**မဟာပထဝီအဘိမုခ** (တိ) [မဟာပထဝီ+အဘိ-မုခ] မြေကြီးသို့ ရှေးရှုသော။ (ကြိ၊ဝိ) မြေကြီးသို့ရှေးရှု။ မဟာပထဝီအဘိမုခံ ဟတ္ထံ ပသာရေတိ။ ဇာ၊ဋ္ဌ၊၁။၈၆။

**မဟာပထဝီဘိန္နသဒ္ဒ** (ပု) [မဟာပထဝီ+ဘိန္န-သဒ္ဒ] မြေကြီးပြိုကွဲသံ။ မဟာပထဝီဘိန္န-သဒ္ဒေါ ဝိယ အဟောသိ။ ဇာ၊ဋ္ဌ၊၃။၃၂၇။

**မဟာပထသမ္ပန္န** (တိ) [မဟာပထ+သမ္ပန္န] ခရီးလမ်းမကြီးနှင့် ပြည့်စုံသော။ မဟာပထ (၃) ကြည့်။

**မဟာပဒ** (တိ) [မဟန္တ+ပဒ] ကြီးမားသော-ခြေ-ခြေရာ-ရှိသော၊ သူ။ သန္တိ ဟိ ဗြာဟ္မဏာ နာဂဝနေ ဝါမနိကာ နာမ ဟတ္ထိ-နိယော မဟာပဒါ။ မ၊၁။၂၃၅။

**မဟာပဒါန** (န) [မဟန္တ+အပဒါန] ကြီးမြတ်သော ဘုရားရှင်တို့၏ အကြောင်းအရာကို ပြရာသုတ်၊ မဟာပဒါနသုတ်။ ယံ ဝတ္တဗ္ဗံ၊ တံ မဟာပဒါနေ ဝုတ္တမေဝ။ ဒီ၊ဋ္ဌ၊၂။၁၄၉။ (-ဒီ၊ဋ္ဌ၊၃။၃၂။ အပ၊ဋ္ဌ၊၁။၇၁။ ဒီ၊ဋီ၊၁။၁၅) သတ္တန္နံ သမ္မာသမ္ဗုဒ္ဓါနံ အပဒါနဝသေန။ ဒီ၊ ဋီ၊၂။၇၇။

**မဟာပဒါနဋီကာ** (ထီ) [မဟာပဒါန+ဋီကာ] မဟာပဒါနသုတ်အဖွင့်ဋီကာ။ သတ္တော ဗုဒ္ဓေ

အာရဗ္ဘ ပဋ္ဌိဗန္ဓနကာရဏံ မဟာ ဒါနင္ဂိကာယံ ဝုတ္တနယေနေဝ ဝေဒိတဗ္ဗံ။ ဒီ၊ဋ္ဌ၊၃။၁၄၇။

**မဟာပဒါနဋ္ဌကထာ** (ထီ) [မဟာပဒါန+အဋ္ဌကထာ] မဟာပဒါနသုတ်၏ အဖွင့်ကျမ်း၊ မဟာပဒါနအဋ္ဌကထာကျမ်း။ မဟာပဒါနဋ္ဌကထာယံ ပန ဝေ ဝုတ္တံ။ သီ၊ဋ္ဌီ၊သစ်၊၂။၂၄၀။

**မဟာပဒါနဋ္ဌကထာနယ** (ပု) [မဟာပဒါနဋ္ဌကထာ+နယ] မဟာပဒါနအဋ္ဌကထာကျမ်း၌ လာသောနည်း။ အယံ ပန မဟာပဒါနဋ္ဌကထာနယော။ သီ၊ဋ္ဌီ၊သစ်၊၂။၂၃၃။

**မဟာပဒါနဒေသနာ** (ထီ) [မဟာပဒါန+ဒေသနာ] မဟာပဒါနသုတ် ဒေသနာ။ ယထာဟ ဘဂဝါ မဟာပဒါနဒေသနာယံ။ ဒီ၊ဋ္ဌီ၊၁။၁၀၂။ မ၊ဋ္ဌီ၊၁။၁၀၀။

**မဟာပဒါနသုတ္တ** (န) [မဟာပဒါန+သုတ္တ] မဟာပဒါနသုတ်။ မဟာပဒါနသုတ္တေ အာဂတနယေနေဝ ပုစ္ဆိတ္វာ။ ဗုဒ္ဓဝံ၊ဋ္ဌ၊၂၇။ (−ဒီ၊ဋ္ဌီ၊၁။၆၆။)

**မဟာပဒါနသုတ္တဋ္ဌကထာ** (ထီ) [မဟာပဒါနသုတ္တ+အဋ္ဌကထာ] မဟာပဒါနသုတ်၏ အဖွင့်အဋ္ဌကထာကျမ်း။ မဟာပဒါနသုတ္တဋ္ဌကထာယံ ပန "မဟာပုရိသဿာတိ ဇာတိဂေါတ္တကုလဒေသာဒိဝသေန မဟန္တဿ ပုရိသဿာ" တိ ဝုတ္တံ ။ သီ၊ဋ္ဌီ၊သစ်၊၂။၂၂၀။

**မဟာပဒါနိယသုတ္တန္တ** (န) [မဟာပဒါနိယ+သုတ္တန္တ] မဟာပဒါနိယသုတ္တန်၊ မဟာပဒါနသုတ်။ မဟာပဒါနိယသုတ္တန္တေ ဘာသေန္တော အတ္တနော စ ပရေသဉ္စ အတီတံ အာဒိသတိ။ စူဠနိ။၁၆၄။

**မဟာပဒီပဇာလာ** (ထီ) [မဟာပဒီပ+ဇာလာ] ကြီးစွာသော ဆီမီး၏ မီးလျှံ၊ ကြီးစွာသော ဆီမီးလျှံ။ အာကာသံ ပက္ခန္ဒမာနာ မဟာပဒီပဇာလာ ဝိယ။ ဥဒါန၊ဋ္ဌ။၃၇၁။ သာရတ္ထ၊၃။၃၁၀။

**မဟာပဒုမ** (ပု၊န) [မဟန္တ+ပဒုမ] (ပု) (၁) မဟာပဒုမမည်သူ။ (မဟာပဒုမနတ်သား၊ ယင်း နတ်သားသည်ပင် စုတေသည့်အခါ သီလဝတီ၏သား ဖြစ်လာ၏၊ ထိုသူသည်ပင် လူလားမြောက်သည့်အခါ ပစ္စေကဗုဒ္ဓါဖြစ်လာလေသည်။ သီလဝတီ၏ သားဖြစ်ရာ, ပစ္စေကဗုဒ္ဓါ ဖြစ်ရာအခါတို့၌ "မဟာပဒုမ"ဟု သုံးနှုန်းသည်ကို မတွေ့ရ၊ နတ်သားဘဝ၌သာ "မဟာပဒုမ" နာမည်ဖြင့် သုံးနှုန်းသည်ကို တွေ့ရသည်။ သုတ္တနိ၊ဋ္ဌ၊၁။၇၁။ အပ၊ဋ္ဌ၊၁။ ၁၈၁။ ပဒုမဝတီ၏သား "မဟာပဒုမ" လည်း ရှိသေး၏။ ထိုပုဂ္ဂိုလ်လည်း အရွယ်ရောက်သည့်အခါ ပစ္စေကဗုဒ္ဓါဖြစ်သည်။ သံ၊ဋ္ဌ၊၁။ ၃၀၀။ သံ၊ဋ္ဌီ၊၁။၃၂။ ဇာတ်၌လာသော မဟာပဒုမမင်းသားလည်းရှိသေး၏။ ဇာ၊ဋ္ဌ၊ ၄။၁၈၄။ ပိယဒဿီဘုရားရှင်လက်ထက်၌ အဖကို သတ်သောမဟာပဒုမမင်းသားလည်းရှိ၏။ ဗုဒ္ဓဝံ၊ဋ္ဌ၊၂၄၈။) (န) (၂) ကြီးစွာသော ပဒုမ္မာကြာ။ (၁) ဗောဓိသတ္တော တဿ ပုတ္တော မဟာပဒုမော နာမ အဟောသိ။ မိလိန္ဒ၊၂၈၀။ (−သံ၊ဋ္ဌ၊၁။၃၀၀။) (န) (၂) ပထဝိတလံ ဘိန္ဒိတွာပိ မဟာပဒုမာနိ ဥဋ္ဌိတာနိ။ ဒီ၊ဋ္ဌ၊၂။၉။ (−မ၊ဋ္ဌ၊၁။၁၀၉။)

**မဟာပဒုမကုမာရ** (ပု) [ မဟာပဒုမ+ကုမာရ ] မဟာပဒုမမင်းသား။ မဟာပဒုမကုမာရော မာတုကုစ္ဆိယံ ဝသိ။ မ၊ဋ္ဌ၊၄။၉၀။ (−အံ၊ဋ္ဌ၊ ၁။၂၆၉။ ဓမ္မ၊ဋ္ဌ၊၂။၁၁၈။ ဥဒါန၊ဋ္ဌ။၂၆၄။ ဗုဒ္ဓဝံ၊ဋ္ဌ။၂၄၇။ ဇာ၊ဋ္ဌ၊၄။၁၉၂။)

**မဟာပဒုမဇာတက** (န) [မဟာပဒုမ+ဇာတက] မဟာပဒုမဇာတ်။ ဇာတကပါဠိ၊ ၁၂-နိပါတ်၊ ၉-ဇာတ်။ ဇာ၊၁။၂၅၃−၄။ ဇာ၊ဋ္ဌ၊၄။ ၁၈၈−၁၉၇။ ဣမံ ဒွါဒသ နိပါတေ မဟာပဒုမဇာတကံ ဝိတ္ထာရေတွာ ကထေသိ။ ဓမ္မ၊ဋ္ဌ၊၂။၁၁၈။ (−ဣတိဝုတ်၊ဋ္ဌ။၈၂။ ဇာ၊ဋ္ဌ၊ ၁။၄၆၂။)

**မဟာပဒုမတ္ထေရ** (ပု) [ မဟာပဒုမ + ထေရ ] မဟာပဒုမထေရ်။ (ဝိနည်းအရာ၌ လိမ္မာကျွမ်းကျင်သော ဥပါလိထေရ်၏ တပည့်ဖြစ်သည်။ မဟာပဒုမထေရ်သည် ဆရာဥပါလိထံ၌ ဝိနည်း ပိဋကတ်ကို ၁၈-ခေါက်တိတိ သင်ယူဖူးသည်။ ဝိ၊ဋ္ဌ၊၁။၂၂၈။) မဟာပဒုမတ္ထေရော ပနာဟ "ဧကမ္ပိ သော ဋ္ဌသဝိဓာယ ပညာယ မတ္ထကံ ပတ္တဿ အဂ္ဂသာဝကဿ န ဘာရိယံ"။ ဝိ၊ဋ္ဌ၊၁။၁၅၂။ (–ဝိ၊ဋ္ဌ၊၂။၇၁။ ဝိ၊ဋ္ဌ၊၃။ဂ၅။ ဝိ၊ဋ္ဌ၊၄။၁၇။)

**မဟာပဒုမတ္ထေရပ္ပမုခ** (တိ) [ မဟာပဒုမတ္ထေရ + ပမုခ] မဟာပဒုမထေရ်လျှင် အကြီးအမှူးရှိသော၊ မဟာပဒုမ မထေရ်ဦးဆောင်သော၊ သူ။ ဧကဒိဝသံ ဥပါလိတ္ထေရော မဟာပဒုမတ္ထေရပ္ပမုခါနံ ပဉ္စန္နံ အန္တေဝါသိကသတာနံ ပဌမပါရာဇိကသိက္ခာပဒေ ဣမံ ပဒေသံ ဝဏ္ဏေန္တော။ ဝိ၊ဋ္ဌ၊၁။၂၂၈။

**မဟာပဒုမတ္ထေရဝါဒ** ( ပု ) [ မဟာပဒုမတ္ထေရ + ဝါဒ ] မဟာပဒုမထေရ်၏ အယူဝါဒ။ မဟာပဒုမတ္ထေရဝါဒေ ယက္ခဂဟိတကော ခိတ္တစိတ္တကော မုစ္စတိ။ ဝဇီရ။၁၁၈။ (–၁၃၅။)

**မဟာပဒုမဒေဝပုတ္တ** (န) [မဟာပဒုမ+ဒေဝပုတ္တ] မဟာပဒုမနတ်သား။ မဟာပဒုမဒေဝပုတ္တောတိ ဧဿ နာမံ အကာသုံ။ သုတ္တနိ၊ဋ္ဌ၊၁။၇၀။ (–အပ၊ဋ္ဌ၊၁။၁ဂ၀။)

**မဟာပဒုမနိရယ** (ပု) [ မဟာပဒုမ + နိရယ ] မဟာပဒုမ ငရဲ။ (မဟာပဒုမငရဲဟူ၍ သီးခြားမရှိ၊ ပဒုမသင်္ချာနှင့် အမျှခံရသော ငရဲကို မဟာပဒုမငရဲဟု ဆိုခြင်းဖြစ်သည်။ သံ၊၁။ ၁၅၃-၄။ မဟာနိရယလည်းကြည့်။)ကောကာလိကော ဟိ သာရိပုတ္တမောဂ္ဂလ္လာနေသု ထေရေသု စိတ္တံ ပဒေါသယိတွာ မဟာပဒုမနိရယေ ဥပပန္နော။ နေတ္တိ။ဂ၇။ (–နေတ္တိ၊ဋီ။ ၂၄၅။)

**မဟာပဒုမပစ္စေကဗုဒ္ဓ** (ပု) [မဟာပဒုမ+ပစ္စေကဗုဒ္ဓ ] မဟာပဒုမပစ္စေကဗုဒ္ဓါ။ ဧဝဉ္စကော မဟာပဒုမ ပစ္စေကဗုဒ္ဓေ! ဘာတိကေ အာမန္တေသိ။ သံ၊ဋ္ဌ၊၂။ ၁၇၅။ ပေတ၊ဋ္ဌ။ ၇၀။ ထေရ၊ဋ္ဌ၊၂။၄၃၇။

**မဟာပဒုမပုပ္ဖ** (န) [မဟာပဒုမ+ပုပ္ဖ] ကြီးစွာသော ပဒုမ္မာကြာပန်း။ နိဗ္ဗတ္တကာလတော ပဋ္ဌာယ စဿ ပဒေ ပဒေ မဟာပဒုမပုပ္ဖံ ဥဋ္ဌာသိ။ အံ၊ဋ္ဌ၊၁။၂၆၇။ ဓေရီ၊ဋ္ဌ။၁၉၁။

**မဟာပဒေသ** (ပု) [ မဟန္တ+ပဒေသ။ မဟန္တ +အပဒေသ ] တရားကို တည်စေတတ်သော ကြီးမြတ်သော အကြောင်း၊ ကြီးမြတ်သော ညွှန်ကြားအပ်သောပုဂ္ဂိုလ်ရှိသောအကြောင်း၊ ကြီးမြတ်သော ပုဂ္ဂိုလ်ကို –အကိုးအကား –အားကိုးအားထား –ပြု၍ ဆိုအပ်သော အကြောင်း၊ ( အထောက်အထားပြုရန် ) ကြီးမြတ်သော -- အရာ ကျယ်သော – ညွှန်ကြားချက်၊ မဟာပဒေသ ။ စတ္တာရောမေ ဘိက္ခဝေ မဟာပဒေသေ ဒေသေဿာမိ။ ဒီ၊၂။၁၀၃။ အံ၊၁။၄ဂ၇။ ( –နေတ္တိ။၂၈။ ပေဋကော။၂၂၁။)စတ္တာရော မဟာပဒေသာ။ ဝိ၊ဋ္ဌ၊၁။၁၉၅။ ဝိ၊ဋ္ဌ၊၃။၃ဂ၄။ ဝိ၊သင်္ဂဟ။၃၁၉။ ( –၄၆၂။) မဟာပဒေသေတိ မဟာဩကာသေ၊ မဟာအပဒေသေ ဝါ၊ ဗုဒ္ဓါဒယော မဟန္တေ မဟန္တေ အပဒိသိတွာ ဝုတ္တာနိ မဟာကာရဏာနီတိ အတ္ထော။ ဒီ၊ဋ္ဌ၊၂။၁၅၅။ အံ၊ ဋ္ဌ၊၂။၃၅၆။ ( –အဘိ၊ဋ္ဌ၊၂။၁၂၃။) မဟာပဒေသာတိ မဟာအပဒေသာ၊ ဗုဒ္ဓါဒယော မဟန္တေ အပဒိသိတွာ ဝုတ္တာနိ မဟာကာရဏာနီတိ အတ္ထော။ အထ ဝါ မဟာပဒေသာတိ မဟာဩကာသာ၊ မဟန္တာနိ ဓမ္မဿ ပတိဋ္ဌာနာနီတိ ဝုတ္တံ ဟောတိ။ နေတ္တိ၊ဋ္ဌ။ဂ၀။ (–ဝဇီရ။ဂ၆။ သာရတ္ထ၊၂။၄၅။ ဝိမတိ၊၁။ ၁၂၁။ ဝိနယာလင်္ကာရဋီ၊၂။၁ဂ၀၊၄၂၆။ ဒီဋီ၊ ၂။၁၆၅။ အံဋီ၊၂။၃၅၄။ အနုဋီ၊၂။၉၀။

ဓနုတ္တိ၊ ဋ္ဌီ၊ ၅၆။ နေတ္တိ၊ ဝိ။ ၁၁၈။) အပဏ္ဏယံ ကတွာ ဒီသိယန္တိ ဧတ္ထာတိ အပဒေသာ၊ ဩကာသော။ အပဏ္ဏယံ ကတွာ ဒီသိယန္တိ ဧတေဟီတိ ဝါ အပဒေသာ၊ ကာရဏာ။ မဟန္တာ အပဒေသာ မဟာပဒေသာ။ ပါစိတ်၊ ယော။ ၃၅၉။ စတုမဟာပဒေသ-ကြည့်။

**မဟာပဒေသနယသိဒ္ဓ** (တိ) [မဟာပဒေသနယ+သိဒ္ဓ] မဟာပဒေသနည်းအားဖြင့် ပြီးသော။ အထ ခေါ မဟာပဒေသနယသိဒ္ဓံ ပဋိက္ခိတ္တာပဋိက္ခိတ္တံ အနုညာတာနနုညာတံ ကပ္ပိယာကပ္ပိယန္တိ အတ္ထတော ဝုတ္တံ ဟောတိ။ ဝဇီရ။ ၈၆။

**မဟာပဒေသနယာနုလောမ** (တိ) [ မဟာပဒေသနယ+အနုလောမ ] မဟာပဒေသနည်းအားလျော်သော။ မဟာပဒေသနည်းနှင့်ညီညွတ်သော။ ယထာသမ္ဘဝံ တိဝိဓကာလေ တိဝိဓမေတံ ယောဇေတွာ ဒဿေတုံ ဝဋ္ဋတိ ဧဝ မဟာပဒေသနယာနုလောမတော။ ဝဇီရ။ ၃၃၅။

**မဟာပဓာန** (နု) [မဟန္တ+ပဓာန] မြတ်သော အားထုတ်အပ်သော ဒုက္ကရစရိယာအကျင့်။ "ဘဂဝတော မဟာပဓာနံ ပူဇေဿာမိ" တိ သတ္တဝဿာနိ ဌာနစင်္ကမမေဝ အဓိဋ္ဌာသိ။ ဒီ၊ ဋ္ဌ၊ ၁။ ၁၇၀။ မ၊ ဋ္ဌ၊ ၁။ ၂၆၃။ သံ၊ ဋ္ဌ၊ ၃။ ၂၂၂။ မဟာပဓာနံ ပူဇေဿာမီတိ အမှာကံ အတ္ထာယ လောကနာထေန ဆဝဿာနိ ကတံ ဒုက္ကရစရိယံ ဝေါဟံ ယထာသတ္တိ ပူဇေဿာမီတိ။ ဒီ၊ ဋီ၊ ၁။ ၂၄၅။ မ၊ ဋီ၊ ၁။ ၃၅၆။ သံ၊ ဋီ၊ ၂။ ၄၆၀။ မဟာပဓာနန္တိ ဘဂဝတော ဒုက္ကရစရိယံ။ သီ၊ ဋီ၊ သစ်၊ ၂။ ၈၈။

**မဟာပနာဒ** (ပု) [မဟန္တ+ပနာဒ] မဟာပနာဒမည်သူ။ ယသ္မာ ပုဗ္ဗေ မဟာပနာဒံ ရာဇကုမာရံ နာနာ နာဋကာဒီနိ ဒိသွာ သိတမတ္တမ္ပိ အကရောန္တံ သုတွာ။ ဒီ၊ ဋ္ဌ၊ ၁။ ၂၁၃။ (-ဒီ၊ ၃။ ၆၃။ ဒီ၊ ဋ္ဌ၊ ၃။ ၄၀။ စူဠနိ၊ ဋ္ဌ၊ ၅၁။) မဟာပနာဒန္တိ မဟာပနာဒဇာတကသုရုစိဇာတကေသု အာဂတံ သုရုစိနော နာမ ဝိဒေဟရညော ပုတ္တံ မဟာပနာဒနာမကံ ရာဇကုမာရံ။ သီ၊ ဋီ၊ သစ်၊ ၂။ ၂၀၁။

**မဟာပနာဒကာလ** (ပု) [မဟာပနာဒ+ကာလ] မဟာပနာဒမင်း ဖြစ်သောအခါ။ "ဘဒ္ဒဇိ တယာ မဟာပနာဒကာလေ အဇ္ဈာဝုဋ္ဌရတနပါသာဒေါ ကဟ" န္တိ အာဟ။ အပ၊ ဋ္ဌ၊ ၂။ ၂၈၆။

**မဟာပနာဒကုမာရ** (ပု)[မဟာပနာဒ+ကုမာရ] မဟာပနာဒမင်းသား။ တဒါ ကိရ မဟာပနာဒကုမာရဿ ပါသာဒမင်္ဂလံ, ဆတ္တမင်္ဂလံ, အာဝါဟမင်္ဂလန္တိ တီဏိ မင်္ဂလာနိ ကေတော အကံသု။ သီ၊ ဋီ၊ သစ်၊ ၂။ ၂၀၂။

**မဟာပနာဒဇာတက** (နု) [မဟာပနာဒ+ဇာတက] မဟာပနာဒဇာတ်။ ဇာတကပါဠိ၊ ၃-နိပါတ်၊ ၂-ဝဂ်၊ ၄-ဇာတ်။ ဇာ၊ ၁။ ၇၆။ ဇာ၊ ဋ္ဌ၊ ၂။ ၂၉၉-၃၀၃။ မဟာပနာဒဇာတကံ ကထေတွာ မဟာဇနံ ဓမ္မာမတံ ပါယေသိ။ ထေရ၊ ဋ္ဌ၊ ၁။ ၃၆၆။ (-ဒီ၊ ဋီ၊ ၃။ ၃၃။ သီ၊ ဋီ၊ သစ်၊ ၁။ ၂၄၂။)

**မဟာပနာဒနာမက** (တိ) [မဟာပနာဒ+နာမ+က] မဟာပနာဒအမည်ရှိသော၊ သူ။ မဟာပနာဒ-ကြည့်။

**မဟာပနာဒရာဇကာလ** (ပု) [မဟာပနာဒရာဇ+ကာလ] မဟာပနာဒမင်း ဖြစ်သော-အခါ။ "ဘဒ္ဒဇိ တယာ မဟာပနာဒရာဇကာလေ အဇ္ဈာဝုဋ္ဌရတနပါသာဒေါ ကဟ" န္တိ အာဟ။ ထေရ၊ ဋ္ဌ၊ ၁။ ၃၆၅။ (-ဇာ၊ ဋ္ဌ၊ ၂။ ၃၀၁။)

**မဟာပန္ထက** (ပု) [မဟန္တ+ပန္ထက] မဟာပန္ထကမည်သူ။ သညာဝိဝဋ္ဋကုသလာနံ ယဒိဒံ မဟာပန္ထကော။ အံ၊ ၁။ ၂၄။ (-အဘိ၊ က။ ၇၆။ ပဋိသံ၊ ဋ္ဌ၊ ၂။ ၂၆၀။ အပ၊ ဋ္ဌ၊ ၂။ ၈။)

**မဟာပန္ထကတ္ထေရ** (ပု) [မဟာပန္ထက+ထေရ] မဟာပန္ထကထေရ်။ သညာဝိဝဋ္ဋကုသလာနံ

ပန မဟာပန္ထကတ္ထေရော အဂ္ဂေါတိ ဝုတ္တော။ အံ၊ဋ္ဌ၊၁။၁၆၅။ (–ဥဒါန၊ဋ္ဌ။၂၉၀။ ထေရ၊ဋ္ဌ၊၂။၁၅၄။ အပ၊ဋ္ဌ၊၂။၈။)

**မဟာပန္ထကဒါရက** (ပု) [မဟာပန္ထက+ဒါရက] မဟာပန္ထကမည်သော သူငယ်။ အယံ မဟာပန္ထကဒါရကော အညေ ဒါရကေ "စူဠပိတာ မဟာပိတာတိ, အယျကော အယျိကာ" တိ စ ဝဒန္တေ သုတွာ။ ဇာ၊ဋ္ဌ၊၁။၁၃၁။

**မဟာပန္ထကမာတု** (ထီ) [မဟာပန္ထက+မာတု] မဟာပန္ထက၏ မိခင်။တညေဝ အနုဗန္ဓနတော စေတေ မာတာဒယော န ဇာနန္တိ နာမ မဟာပန္ထကမာတာ ဝိယ။ ဇာ၊ဋ္ဌ၊၅။၄၁၂။

**မဟာပန္ထကဝတ္ထု**(န)[မဟာပန္ထက+ဝတ္ထု]မဟာပန္ထကထေရ်၏– အကြောင်းအရာ– အတ္ထုပ္ပတ္တိ။ ထေရဂါထာပါဠိ၊ဂ-နိပါတ်၊၃-ခုမြောက်ဝတ္ထု။ ထေရ။ ၂၉၆–၇။ ထေရ၊ဋ္ဌ၊၂။၁၅၄–၈။ ယဒေတ္ထ အတ္ထုပ္ပတ္တိဝသေန ဝတ္တဗ္ဗံ၊ တံ အင်္ဂုတ္တရနိကာယေ မဟာပန္ထကဝတ္ထုမှိ ဝုတ္တမေဝ။ ထေရ၊ဋ္ဌ၊၂။၁၈၉။ အပ၊ဋ္ဌ၊၂။၈။

**မဟာပပဉ္စ** (တိ) [မဟန္တ+ပပဉ္စ] အလွန်ကြာမြင့်သော၊ ကြာမြင့်လွန်းသော။ မဟာ စ နေသံ ပပဉ္စော (မ၊ဋ္ဌ၊၃။၁၅၁)တိ နေသံ ရာဇူနံ မဟာပပဉ္စော ရာဇဒီဃဝသေန စ။ မ၊ဋီ၊၃။၁၀၅။

**မဟာပပါတ** (ပု) [မဟန္တ+ပပါတ] (၁) ကြီးမား–နက်စွာ– သော ချောက်ကမ်းပါးပြတ်၊ နရက်ချောက်ကြီး (မုချ)။ ဂတိ(၅) ပါးဟူသော ချောက်ကြီး၊ ဇာတိ ဇရာ မရဏဟူသော ချောက်ကြီး (ဥပစာ)။(၂) မဟာပပါတအမည်။(၁)တံ အမှာကံ မဟာပပါတော ဝိယ သြဂါဟိတွာ ဥပဋ္ဌာတိ။ အံ၊ဋ္ဌ၊၃။၂၇၂။ မဟာပပါတေ ပတိတော လောကသန္နိဝါသော။ ပဋိသံ၊ ၁၂၃။ (–မ၊ဋ္ဌ၊၄။၁၇၁။ သံ၊ဋ္ဌ၊၂။၃၁၅။) မဟာပပါတေတိ ပဉ္စဂတိပပါတော၊ဇာတိဇရာမရဏပပါတေ ဝါ။ ပဋိသံ၊ဋ္ဌ၊၂။၂၀။ (၂) ဟိမဝန္တေ မဟာပပါတော နာမ ပဗ္ဗတော ပစ္စေကဗုဒ္ဓါနံ ပရိနိဗ္ဗာနဋ္ဌာနံ။ သုတ္တနိ၊ဋ္ဌ၊၁။၁၁၇။ အပ၊ဋ္ဌ၊၁။၂၂၂။

**မဟာပဗ္ဗတ** (ပု) [မဟန္တ+ပဗ္ဗတ] ကြီးမားသော တောင်၊ တောင်ကြီး။ အထဿ ဝစနံ သုတွာ နိဂဏ္ဍော မဟာပဗ္ဗတေန ဝိယ ဗလဝသောကေန သြတ္ထဋော။ အံ၊ဋ္ဌ၊၃။၂၁၀။ သာရတ္ထ၊ ၃။၃၂၄။

**မဟာပမာဏ** (န) [မဟန္တ+ပမာဏ] ကြီးမားသော–အတိုင်းအရှည်– ပမာဏ။ သတိပိ ကောဟိစိ ပရိစ္ဆိန္နတ္တေ မဟာပမာဏဘာဝေန ဂတာ ပဝတ္တာတိ မဟဂ္ဂတာ။ အနု၊ဋီ၊၁။၄၀။

**မဟာပမာဒ** (ပု) [မဟန္တ+ပမာဒ] ကြီးစွာသော မေ့လျော့ခြင်း။ ဠတရဝယေသု ပမာဒါနုပတိတော မဟာပမာဒေ၊ စ မဟာရဇော ဝေါတိ။ သုတ္တနိ၊ဋ္ဌ၊၂။၈၇၂။

**မဟာပယောဂ** (တိ) [မဟန္တ+ပယောဂ] ကြီးစွာသော ပြုပြင်ခြင်း ပယောဂရှိသော။ ကပ္ပဝိနာသော ဟိ နာမ မဟာဝိကာရော မဟာပယောဂေါ။ အဘိ၊ဋ္ဌ၊၃။၃၈။ မဟာပယောဂေါတိ မဟာကိရိယော ဝိပတ္တိကရဏ မဟာမေဃဋ္ဌာနာကာရဝိနာသော။ မူလဋီ၊၃။၃၄။

**မဟာပယောဇန** (တိ) [မဟန္တ + ပယောဇန] ကြီး–များမြတ်–သော – အကျိုးရှိသော။ မဟဋ္ဌိယ-ကြည့်။

**မဟာပရက္ကမ** (တိ) [မဟန္တ+ပရက္ကမ] ကြီးမားသော လုံ့လရှိသော၊ သူ။ ဝီရာတိ ဝီရိယဝန္တ မဟာပရက္ကမ။ ဇာ၊ဋ္ဌ၊၅။၃၄၅။ (–အံ၊ဋီ၊၁။ ၈၅။)

**မဟာပရာဓ** (ပု) [ မဟန္တ+အပရာဓ ] (၁) ကြီးမား–များပြား–သော အပြစ်ဒေါသ။ (တိ)(၂)ကြီးမား–များပြား–သော အပြစ်ဒေါသရှိသော၊ သူ။ (၁) မဟာဆုဇ တွံ

မဟာပရာဓံ မဟာပါပံ အကရိ။ ဇာ၊ဋ္ဌ၊၆။ ၁၀၃။ (တိ) (၂) တာယ မဟာပရာဓတာ-ယ သာယံ ဂန္တုံ န သက္ကောတိ။ ဒီ၊ဋ္ဌ၊း။၁၂၉။ (-စရိယာ၊ဋ္ဌ။၁၅၇။ ဇာ၊ဋ္ဌ၊၅။၂၇၈။) မဟာ-ပရာဓဘာယာတိ မဟာဒေါသတာယ။ သီ၊ ဋီ၊သစ်၊၂။၁၅။

**မဟာပရာဓိက** (တိ) [ မဟာပရာဓ + ဣက ] ကြီးမား-များပြား-သော ပြစ်မှားခြင်း-အပြစ်ဒေါသ-ရှိသော၊သူ။ တေ အမှာကံ မဟာပရာဓိကာ။ အံ၊ဋ္ဌ၊၁။၁၆၇။ ဓမ္မ၊ဋ္ဌ၊၁။ ၁၅၄။ ဇာ၊ဋ္ဌ၊၁။၁၃၁။

**မဟာပရိဂ္ဂဟ** (တိ) [မဟန္တ+ပရိဂ္ဂဟ] များစွာသော ဥစ္စာကို - သိမ်းဆည်း-သိုမှီး-ထားသော၊ များစွာသော ဥစ္စာကို သိမ်းပိုက်ထားသော၊ သူ။ အယံ ကူဋတာပသော ပုဗ္ဗေ အပ္ပိစ္ဆော ဝိယ ဟုတွာ ဣဒါနိ မဟာ-ပရိဂ္ဂဟော ဇာတော။ စရိယာ၊ဋ္ဌ။၁၈၆။

**မဟာပရိစာရိကပရိသ** (တိ) [မဟန္တီ+ပရိစာရိ-ကပရိသာ] များစွာသော အလုပ်အကျွေး ပရိသတ်ရှိသော၊ သူ။ မဟာပရိသောတိ မဟာပရိစာရိကပရိသော။ မဟာနိ၊ဋ္ဌ။၂၄၈။

**မဟာပရိစ္စာဂ** (ပု) [မဟန္တ+ပရိစ္စာဂ] ကြီးစွာသော စွန့်လှူခြင်း၊ စွန့်ခြင်းကြီး။ (စွန့်ခြင်းကြီး ၅-ပါး- အင်္ဂပရိစ္စာဂ = ကိုယ်အင်္ဂါကို စွန့်လှူခြင်း၊ နယနပရိစ္စာဂ = မျက်လုံးကို စွန့်လှူခြင်း၊ ဓနပရိစ္စာဂ = စည်းစိမ်ဥစ္စာရတနာကို စွန့်လှူခြင်း၊ ရဇ္ဇပရိစ္စာဂ=တိုင်းပြည်ကို စွန့်လှူခြင်း၊ ပုတ္တဒါရပရိစ္စာဂ= သားမယားကို စွန့်လှူခြင်း။ ဒီ၊ဋ္ဌ၊၁။၆၀။ မ၊ဋ္ဌ၊၁။၄၇။ အံ၊ဋ္ဌ၊၁။၈၀။ မဟာနိ၊ဋ္ဌ။၁၃၅။ မ၊ဋီ၊၁။၃၈။ အံ၊ဋီ၊၃။၂၂၀။ ပရိတ္တဋီကာ (၃၃)၌ နယနပရိစ္စာဂ-ဖြုတ်၍ ပုတ္တဒါရ-ပရိစ္စာဂကို ပုတ္တပရိစ္စာဂ, ဒါရ=ဘရိယပရိစ္စာ-ဂ-ဟု ၂-မျိုးခွဲ၍ ရေတွက်သည်။ ဣတိဝုတ်အဋ္ဌကထာ (၇) ၌ အင်္ဂပရိစ္စာဂ - **အစား** အတ္တပရိစ္စာဂ=ကိုယ်ခန္ဓာကို စွန့်လှူခြင်းဟု လာ၏။ သုတ်မဟာဝါဋီကာ (၁၉)၌ ဓန-ပရိစ္စာဂ-အစား အတ္တပရိစ္စာဂ-ဟု လာ၏။ ဗုဒ္ဓဝံအဋ္ဌကထာ (၁၈)၌ နယနပရိစ္စာဂ-အစား ဇီဝိတပရိစ္စာဂ = ကိုယ်အသက်ကို စွန့်လှူခြင်းဟု လာ၏။ ဇာတ်အဋ္ဌကထာ (ဇာ၊ဋ္ဌ၊၇။၃၃၃)၌ ဓနပရိစ္စာဂ၊ အင်္ဂပရိစ္စာဂ၊ ပုတ္တပရိစ္စာဂ = သားသမီးကို စွန့်လှူခြင်း။ ဘရိယပရိစ္စာဂ = မယားကို စွန့်လှူခြင်း။ ဇီဝိတပရိစ္စာဂ-ဟု လာ၏။ သံယုတ်ဋီကာ ( ၁။၃၅ )၌ အင်္ဂပရိစ္စာဂ၊ ဇီဝိတပရိစ္စာဂ၊ ရဇ္ဇပရိစ္စာဂ၊ ပုတ္တပရိစ္စာဂ၊ ဒါရပရိစ္စာဂ= မယားကို စွန့်လှူခြင်းဟု လာ၏။) အင်္ဂပရိ-စ္စာဂံ နယနဓနရဇ္ဇပုတ္တဒါရပရိစ္စာဂန္တိ ဣမေ ပဉ္စ မဟာပရိစ္စာဂေ ပရိစ္စဇိတွာ။ ဒီ၊ဋ္ဌ၊၁။၆၀။ ဘန္တေ အမှာကံ လောကနာထဿ ဒသဗလဿ သာသနေ ကော မဟာပရိစ္စာဂံ ပရိစ္စဇိ။ ဝိ၊ဋ္ဌ၊၁။၃၇။

**မဟာပရိစ္ဆေဒ** (တိ) [ မဟန္တ + ပရိစ္ဆေဒ ] ကြီးမားသော အပိုင်းအခြား ရှိသော။ အောက်ပုဒ်ကြည့်။

**မဟာပရိစ္ဆေဒဒဿန** (နု) [မဟာပရိစ္ဆေဒ+ ဒဿန]ကြီးမားသော အပိုင်းအခြားရှိသည်၏ အဖြစ်ကို ပြခြင်း။ မဟာဗောဓိယင်္ဂဏ-လောဟပါသာဒယင်္ဂဏာဒိသန္တိ ဗဟုသဉ္စာရ-ဒဿနတ္ထံ ဝုတ္တံ, န မဟာပရိစ္ဆေဒဒဿနတ္ထံ။ သာရတ္ထ၊၂။၁၁၀။

**မဟာပရိတ္တ** (နု) [မဟန္တ+ပရိတ္တ] ကြီးမားသော အာနုဘော်ရှိသော ပရိတ်၊ အာနုဘော် ကြီးမားသော ပရိတ်၊ ပရိတ်ကြီး။ ဣမဉ္စ ပန ပရိတ္တံ နကိဉ္စိ ပရိဿယံ န မဒ္ဒတိ၊ မဟာပရိတ္တံ နာမေတန္တိ ဝုတ္တံ။ မ၊ဋ္ဌ၊၃။ ၂၃၂။ မဟာပရိတ္တံ နာမေတန္တိ မဟာနုဘာဝံ ပရိတ္တံ နာမေတံ။ မ၊ဋီ၊၃။၁၅၆။

**မဟာပရိဒေဝ** (ပု) [မဟန္တ+ပရိဒေဝ] ကြီးစွာ–ပြင်းထန်စွာ–ငိုကြွေးခြင်း။ အာနန္ဒတ္ထေရေန ဂတာဂတဋ္ဌာနေ မဟာပရိဒေဝေါ အဟောသိ။ ဝိ၊ဋ္ဌ၊၁။၇။ ခုဒ္ဒကာ၊ဋ္ဌ။၇၉။ (–စရိယာ၊ဋ္ဌ။၇၁။ ဇာ၊ဋ္ဌ၊၄။၄၀၈။)

**မဟာပရိဒေဝသဒ္ဒ** (ပု) [မဟာပရိဒေဝ+သဒ္ဒ] ကြီးစွာသော ငိုကြွေးသံ။ မဟာပရိဒေဝသဒ္ဒေါ အဟောသိ။ ဇာ၊ဋ္ဌ၊၄။၂၈၂။

**မဟာပရိနိဗ္ဗာန** (နပုံ) [မဟန္တ+ပရိနိဗ္ဗာန] (က) မဟာပရိနိဗ္ဗာန်။ (မဟာပုဒ်၏ အနက်ကွဲအားဖြင့်–ပူဇော်အပ်သော ပရိနိဗ္ဗာန်၊ များစွာသော ကိလေသာကုန်ခြင်းကို မှီ၍ ဖြစ်သော ပရိနိဗ္ဗာန်၊ များစွာသော ကာလ, များစွာသော ဂုဏ်အစုဖြင့် ပြီးစေအပ်သော ပရိနိဗ္ဗာန်။ ဓာတ်တော်များသည်၏ အဖြစ်တည်းဟူသော အကျိုးငှာဖြစ်သော ပရိနိဗ္ဗာန်၊ များစွာသော လောကမှထွက်မြောက်ရာဖြစ်သော ပရိနိဗ္ဗာန်၊ သီလ စသော ဂုဏ်တို့ဖြင့် မြတ်သောဘုရား၏ ပရိနိဗ္ဗာန် ဟု ပြန်ဆိုနိုင်သည်။ ဒီ၊ဋီ၊၂။၁၂၂။) (ခ) မဟာပရိနိဗ္ဗာန်ပြုရာအခါ။ (ဂ) မဟာပရိနိဗ္ဗာနသုတ်။ (က) ပူဇနီယဘာဝတော, ဗုဒ္ဓသမ္ဗုဒ္ဓဿ ပဟာယ ပဝတ္တတ္တာ မဟန္တဿ တံ ပရိနိဗ္ဗာနဉ္စာတိ မဟာပရိနိဗ္ဗာနံ....ဗုဒ္ဓဿ ဘဂဝတော ပရိနိဗ္ဗာနန္တိ ဝုစ္စတိ။ ဒီ၊ဋီ၊၂။၁၂၂။ (ခ) မဟာပရိနိဗ္ဗာနေ စ ကာရုညေန စိတ္တသခေါ်တံ အသဟမာနာ ဝိယ။ ပဋိသံ၊ဋ္ဌ၊၂။၂၁၈။ (ဂ) ဧဝံ မဟာပရိနိဗ္ဗာနေ ဝုတ္တံ ဘူမိတလံ သန္ဓာယာဟ။ သံ၊ဋ္ဌ၊၁။၂၀၆။ (–အံ၊ဋ္ဌ၊၂။၃၉၂။ မ၊ဋီ၊၂။၄။)

**မဟာပရိနိဗ္ဗာနမဉ္စ** (ပု) [မဟာပရိနိဗ္ဗာန+မဉ္စ] မဟာပရိနိဗ္ဗာန် စံတော်မူရာ ညောင်စောင်း။ ဘဂဝါ ကိရ မဟာပရိနိဗ္ဗာနမဉ္စေ နိပန္နော။ ဝိ၊ဋ္ဌ၊၁။၆၈။ (–ဇာ၊ဋ္ဌ၊၁။၁၁၀။)

**မဟာပရိနိဗ္ဗာနသုတ္တ** (နပုံ) [မဟာပရိနိဗ္ဗာန+သုတ္တ] မဟာပရိနိဗ္ဗာနသုတ်။ ဧဝံ မေ သုတန္တိ မဟာပရိနိဗ္ဗာနသုတ္တံ။ ဒီ၊ဋ္ဌ၊၂။၁၀၆။ (–ဓမ္မ၊ဋ္ဌ၊၂။၁၆၃။ သီ၊ဋီ၊သစ်၊၁။၄၄။) မဟတိ သာသနေ ပတိဋ္ဌိတေ ပရိနိဗ္ဗာနန္တိပိ မဟာပရိနိဗ္ဗာနန္တိ ဗုဒ္ဓဿ ဘဂဝတော ပရိနိဗ္ဗာနံ ဝုစ္စတိ၊ တပ္ပဋိသံယုတ္တံ သုတ္တံ မဟာပရိနိဗ္ဗာနသုတ္တံ။ ဒီ၊ဋီ၊၂။၁၂၂။

**မဟာပရိပန္ထ** (ပု) [မဟန္တ+ပရိပန္ထ] ကြီးစွာသော ဘေးရန်။ မဂ္ဂဝေါသိကာနံ သဿ သမယေ မိဂါနံ မဟာပရိပန္ထော ဟောတိ။ ဇာ၊ဋ္ဌ၊၁။၁၇၀။

**မဟောဃ** (ပု) [မဟန္တ+ဩဃ] (ပု) (၁) ကြီးစွာသော ရေအလျဉ် (မုချ)။ ကြီးစွာသော ရေအလျဉ်နှင့် တူသော တရား (ဥပစာ)။ (တ) (၂) ကြီးစွာသော ရေအလျဉ်ရှိသော (သမုဒ္ဒရာ)။ (ပု) (၁) သုတ္တံ ဂါမံ မဟောဃော၀၊ မစ္စု အာဒါယ ဂစ္ဆတိ။ ဓမ္မ။၅၄။ အံ၊၄၊၁။၂၉၂။ (-ထေရ။၂၇၀၊ ၃၁၇၊၃၃၅။) မဟောဃော၀ါတိ ယထာ ဝေ-ရှုပ် ဂါမံ ဂမ္ဘီရဝိတ္ထတော မဟန္တော မဟာ-နဒီနံ ဩဃော။ ဓမ္မ၊၄၊၂။၂၇၁။ (-ထေရ၊ ၄၊၂။၁၅၊၂၅၇၊၃၃၄။ အံ၊ဋီ၊၁။၁၉၉။) (တိ) (၂) မဟောဃော၀ါ (ထေရ၊၂၃၉)တိ မဟ-ဏ္ဏဝေ ဝုယှမာနော ဝိယ။ ထေရ၊၄၊၁။၂၃၆။

**မဟောဃဒါန** (န) [မဟောဃ+ဒါန] ကြီးစွာသော ရေအလျဉ်နှင့် တူသော အလှူဒါန။ မဟောဃဒါနံ ကရိတွာ၊ နိယျာဒေသိ မဟေသိနော။ အပ၊၁။၆၉၊ မဟောဃဒါနံ ကရိတွာ သဗ္ဗပရိက္ခာရသဟိတံ မဟောဃ-သဒိသံ မဟာဒါနံ သဇ္ဇေတွာ။ အပ၊၄၊ ၂။၂၄။

**မဟောဃပက္ခန္ဒ** (တိ) [မဟောဃ+ပက္ခန္ဒ]ကြီးစွာသော သံသရာရေအလျဉ်သို့ သက်ဝင်ပြေး သွားသော။ မဟောဃပက္ခန္ဒော (ပဋိသံ။ ၁၂၄)တိ....တေ မဟောဃေ သံသာရ-သဒိတံ မဟောဃံ ဝါ ပက္ခန္ဒော။ ပဋိသံ၊ ၄၊၂။၂၁။

**မဟောဃပ္ပဝတ္တိ** (ထီ) [မဟောဃ+ပဝတ္တိ] ကြီးစွာသော ရေအလျဉ်ဖြစ်ခြင်း။ ကေန္တ-ဝသိမေဃဝုဋ္ဌာနေန ဝိယ မဟောဃပ္ပဝတ္တိ။ နေတ္တိ၊ဋီ။၁၁၂။

**မဟောဃုတ္တရ** (တိ) [မဟောဃ+ဥတ္တရ]ကြီးစွာသော ရေအလျဉ် – ကြီးစွာသောရေအလျဉ်နှင့် တူသော တရား -ကို ကူးမြောက်ခြင်း။ နာဝါ ဝိယ ယောဂါဝစရော မဟောဃုတ္တရ တော။ အံ၊ဋီ၊၃။၁၉၅။

**မဟောဃုတ္တရဏ** (န) [မဟောဃ+ဥတ္တရဏ] ကြီးစွာသောရေအလျဉ်–ကြီးစွာသော ရေအလျဉ်နှင့် တူသော တရား-ကို ကူးမြောက်ခြင်း။ နာဝါ ဝိယ ယောဂါဝစရော မဟော-ဃုတ္တရဏတော။ သံ၊ဋီ၊၂။၂၅၅။

**မဟောဒက** (န) [မဟန္တ+ဥဒက] (၁) ကြီးစွာ -များစွာ-သော ရေ။ (တိ) (၂) ကြီးစွာ -များစွာ-သော ရေရှိသော။ (၁) ရတ္တိံ ဝိသော ဂင်္ဂါယ၊ ဝုယှမာနော မဟောဒကေ။ စရိယာ။၄၀၃။ (-ဇာ၊၂။၃ဂ။ စရိယာ၊၄။ ၁၄၃။) (တိ) (၂) မဟောဒကံ သလိလံ သီဃသောတံ။ သုတ္တနိ။ ၃၂၆။ (-ပေတ။ ၂၁၅။ဇာ၊၁။၂၇၁။)မဟောဒကန္တိ ဗဟုဥဒကံ။ သုတ္တနိ၊၄၊၂။၆၃။ (- ပေတ၊၄။၂၅ဂ။ စရိယာ၊၄။၁၄၆။ ဇာ၊၄၊၄။၂၆၀။)

**မဟောဒကီဘူတ** (တိ) [မဟောဒက+ဘူတ] များစွာသော ရေရှိသည်ဖြစ်၍ ဖြစ်သော။ မဟောဒကေ သလိလေတိ မဟောဒကီဘူတေ သလိလေ။ စရိယာ၊၄။၁၄၆။

**မဟောဒဓိ** (ပု) [မဟောဒ+ဓာ+ဣ။ မဟော-ဒကာနိ ဒဓာတီတိ မဟောဒဓိ။ ကစ္စည်း။ ၅၅၁။ နီတိ၊သုတ္တ။၁၁၃ဂ] များစွာသော ရေကိုဆောင်တတ်သော–ရေအိုင်–သမုဒ္ဒရာ။ မဟောဒဓိံ ဟံသောဝိ၀ အဇ္ဈပတ္တော။ သုတ္တနိ။၄၅၀။ စူဠနိ။၂၀ဂ။ (-အပ၊၁။၂၅။ အပ၊၂။၈၀။ ဇာ၊၂။၃၄၆ ) မဟောဒဓိန္တိ အနောတတ္တာဒိံ မဟန္တံ ဥဒရာသိံ။ သုတ္တနိ၊

ဋ္ဌ၊ ၂။၃၂၁။ စူဠနိ၊ဋ္ဌ။၈၂။ (–အပ၊ဋ္ဌ၊၁။ ၂၅၃၊ ၂၆၇။ ဇာ၊ဋ္ဌ၊၇။၃၁၄။)

**မဟောဒဓိသမ** (တိ) [ မဟောဒဓိ + သမ ] မဟာသမုဒ္ဒရာနှင့် တူသော။ မဟောဒဓိသမော သံဃော။ အပ၊၁။ ၂၈၄။

**မဟောဒရ** (ပု) [မဟန္တ+ဥဒရ] (၁) မဟောဒရနဂါး။ (တိ) (၂) ကြီးသော ဝမ်းဗိုက်ရှိသော၊သူ။ (၁) စူဠောဒရော, မဟောဒရော, အဂ္ဂိသိခေါ။ ဝိ၊ဋ္ဌ၊၁။၉၃။ ဝိသုဒ္ဓိ၊၁။၂၀၁။ စူဠနိ၊ဋ္ဌ။၄၀။ (တိ) (၂) လကုဏ္ဍကော ပဝိဋ္ဌဂီဝေါ မဟောဒရော။ မ၊ဋ္ဌ၊၄။၁၅၁။ (–ဝိ၊ဋ္ဌ၊၃။၃၁၀။ ဒီ၊ဋ္ဌ၊၃။၁၄၆။ သံ၊ဋ္ဌ၊၁။ ၁၂၂။) မဟောဒရောတိ ဝိပုလကုစ္ဆိ။ မ၊ဋီ၊၃။ ၃၅၄။ မဟောဒရောတိ မဟာဥဒရော။ပါစိတ်၊ ယော။၂၇၀။

**မဟောဒရကောသလ** (ပု) [မဟောဒရ+ကောသလ] ကြီးသော ဝမ်းဗိုက်ရှိသော ကောသလ မင်း။ မဟောဒရကောသလော စာဠိမတ္တံ ဘတ္တမေဝ ပုတိံ ကရောတိ။ ဇာ၊ဋ္ဌ၊၂။၃၆၃။

**မဟောဒိက** (တိ) [မဟန္တ+ဥဒ။ သမာသန္တ "က"။ဣတ္ထိလိင်ဖြစ်သောကြောင့်'အ'ကို'ဣ' ပြု။ ဥဒကပုဒ်ရင်းမဟုတ်] များသော ရေရှိသော။ ရမ္မာ သုတိတ္ထာ စ မဟောဒိကာ စ။ ဇာ၊၁။၃၇၉။ ဇာ၊ဋ္ဌ၊၅။၄၅။(–မိလိန္ဒ။၃၂၉။)

**မဟောရဂ** (ပု) [မဟန္တ+ဥရဂ] မဟောရဂ နဂါး။ မဟောရဂေါ မဟာနာဂေါ၊ ပသန္နော ဝိနသာသနေ။ အပ၊၂။၂၃၁။ (–ဇာ၊၂။၁၃၇။ မိလိန္ဒ။၂၅၉။)

**မဟောသဓ** (ပု၊န) [မဟန္တ+ဩသဓ] (ပု) (၁)မဟောသဓပညာရှိ။ (န) (၂)တိဝုတ်၊ မိဝုတ်။ (ဆေးကျမ်း၌ ချင်းခြောက်ဟူ၏။ ဓာန်။၁၁၂။၅၈၆။) (ပု) (၁) မဟောသဓ ဝိဇာနာဟိ၊ ကေန ထဒ္ဓေါ် ကကဏ္ဍကော။ ဇာ၊၁။၄၂။ တတော မဟန္တံ ဣဒံ ဩသဓံ၊ မဟန္တံ ဣဒံ ဩသဓန္တိ ဥပ္ပန္နဝစနံ ဥပါဒါယ မဟောသဓောတွေဝဿ နာမံ ဇာတံ။ အပ၊ဋ္ဌ၊၁။၆၅။ ဇာ၊ဋ္ဌ၊၁။၆၃။ (န) (၂) အတိဝိသတိ....အတိဝိသံ၊ အတိဝိသာဝ။ မဟောသဓန္တိပိ ဝုစ္စတိ။ သီ၊ဋီ၊သစ်၊၁။၃၅၅။

**မဟောသဓကုမာရ** (ပု) [မဟောသဓ+ကုမာရ] မဟောသဓသတို့သား။ ဩသဓံ ဂဟေတွာ အာဂတတ္တာ .... မဟောသဓကုမာရောတွေဝဿ နာမမကာသိ။ ဇာ၊ဋ္ဌ၊၆။၁၆၅။

**မဟောသဓတ္တဘာဝ** (ပု) [ မဟောသဓ + အတ္တဘာဝ] မဟောသဓ၏ အတ္တဘော။ ဝါစံ နိစ္ဆာရေသိ မဟောသဓတ္တဘာဝေ ဝေဿန္တရတ္တဘာဝေ ဣမသ္မိံ အတ္တဘာဝေတိ။ အပ၊ဋ္ဌ၊၁။၆၅။ ဗုဒ္ဓဝံ၊ဋ္ဌ။၃၂၁။ ဇာ၊ဋ္ဌ၊ ၁။၆၃။

**မဟောသဓပဏ္ဍိတ** (ပု) [မဟောသဓ+ပဏ္ဍိတ] မဟောသဓ ပညာရှိ။ ယသ္မိံ ကာလေ မဟောသဓပဏ္ဍိတဿ ကုမ္ဘကာရကမ္မကရဏံ ဝိယ။ ဇာ၊ဋ္ဌ၊၃။၂၀၅။

**မဟောသဓပဏ္ဍိတကာလ** (ပု) [မဟောသဓပဏ္ဍိတ+ကာလ] မဟောသဓပညာရှိ ဖြစ်သော အခါ။ ဗောဓိပရိဗ္ဗာဇကကာလေ မဟောသဓပဏ္ဍိတကာလေတိ။ အဘိ၊ဋ္ဌ၊၁။ ၅၆။

**မဟောသဓဗုဒ္ဓင်္ကုရ** (ပု) [မဟောသဓ+ဗုဒ္ဓင်္ကုရ] မဟောသဓဘုရားလောင်း။ မဟောသဓဗုဒ္ဓင်္ကုရဿ ပညာနုဘာဝံ ပါကဋံ ကရိဿာမိ။ ဇာ၊ဋ္ဌ၊၆။၁၇၄။

**မင္ဂုက** (ပု) မင္ဂုကမင်း။ သော အဿကဿ ဝိသယေ၊ မင္ဂုကဿ သမာသနေ။ စူဠနိ။၁။ (–၄။) (သုတ္တနိ။၄၂၉၊၄၃၂–ပိုဒ်၌ အဠကဟု ရှိသည်။ အံ၊ဋ္ဌ၊၁။၂၅၇-၌"မုဠကရညော" ဟု ရှိသည်။)

**မဋ္ဌာရိကာ** (ထီ) လုံးတံသပိတ်ခြေ၊ ကရားခြေ ကျစ်သဏ္ဍာန် ပြုအပ်သော သပိတ်ခြေ။ မဋ္ဌာရိကာ (ဝိ၊၄။၂၆၁)ကို ဒဏ္ဍာဓာရကော ဝုစ္စတိ။ ဝိ၊ဋ္ဌ၊၄။၅၁။ ဝိ၊သင်္ဂဟ။၄၃၃။ ဧတ္ထ- ဝါတိ မဋ္ဌာရိကာယမေဝ။ ပါစိတ်၊ယော။ ၄၅၉။

**မာ¹** (ထီ၊ပု) [မာ+အ+အာ။ မာ+အ] (ထီ) (၁) ကျက်သရေ။ (၂) ကျက်သရေဆောင် ဥမ္မာဒေဝီ (မဟောသနတ်မင်း၏ မယား)။ (၃) အမိ။ (၄) နှိုင်းယှဉ်-တိုင်းတာ-ခြင်း။ (ပု)(၅) လ၊ စန်း။ (၆) လ၊ တစ်လ၊ ရက် ပေါင်း ၂၉/၃၀။ (၇) ပိတုံး။ (၈) မျက်လုံး။ (၉) မာ-ဓာတ်။ (ယင်း မာ-ဓာတ်သည် မြတ်နိုးခြင်း၊ နှိုင်းချိန်-တိုင်းတာ - ခြင်း၊ အသံပြုခြင်း အနက်များကို ဟော၏။ ဓာတွတ္ထ။၂၈၇။) (၁)ကျက်သရေ။ မာ ဝုစ္စတိ သိရီ။ တထာ ဟိ ဝိဒ္ဓ(ဝိဒဂ္ဂ) မုခမဏ္ဍန- ဋ္ဌီကာယံ "မာလိနီ" တိ ပဒဿတ္ထံ ဝဒတာ "မာ ဝုစ္စတိ လက္ခီ အလိနီ (မာလိနီ) ဘမရီ" တိ ဝုတ္တံ။ နီတိ၊ပဒ။၃၂၂။ ကော၊ဋ္ဌီ။၇၆။ (၂) ကျက်သရေဆောင် ဥမ္မာဒေဝီ။ မာဓဝေတိ (မာဓဝါတိ?) မာ-သဒ္ဒေါ သိရိယံ ဥမ္မာဒေဝိ- ယံ မဟေသရဘရိယာယံ ဟောတိ။ တတ္ထ ဟိ မာဓဝေါတိ မာယသိရိယာ ဥမ္မာဒေဝိ- ယာ ဓဝေါ ပတီတိ မာဓဝေါ။ ကော၊ဋ္ဌီ။၇၆။ (၃) အမိ။ မာတလိ မာဃောတိအာဒီသု မာ-သဒ္ဒေါ မာတရိ ဟောတိ။ ကော၊ဋ္ဌီ။၇၆။ (၄) နှိုင်းယှဉ်-တိုင်းတာ-ခြင်း။ မာယမာ- နာယ ဥခတိတိ မယူခေါ။ ဓာန်။ဓာန်၊ဋ္ဌီ။၆၄။ (ပု) (၅) လ၊စန်း။ (ဤအနက်နှင့်ဆက်စပ် ၍ ပုဏ္ဏမာမှ "မာ" ကို အဋ္ဌကထာဆရာ များ သာဓကပြကြ၏၊ ယင်း "မာ" ကို အာကာရန္တ မာ ဟု ဒီ၊ဋ္ဌ၊၁။၁၂၈-၌ ဆို သည်။ နီတိ၊ပဒ။၃၂၁-၌မူ မော-ဟူသော ဩကာရန္တမှ ဆင်းသက်လာသော "မာ" ဖြစ်သည်၊ ရတ္တိကိုင်၍ ဣတ္ထိလိင်ဟု သက္ကတ, ကေက္ခရကောသ အကိုးသာဓကပြ၍ ဆို သည်။) ဥဋ္ဌုရာဇာ စ မာ ပုမေ။ ဓာန်။၅၂။ မာတိ အတ္တာနံ ကပ္ပုရေန သဒိသံ ကရော- တီတိ မာ။ ဓာန်၊ဋ္ဌီ။၅၂။ (၆) လ၊ တစ်လ၊ ရက်ပေါင်း ၂၉/၃၀။ ပုဏ္ဏမာ ပုဏ္ဏမီတိ ဧတ္ထ ဝ မာ-သဒ္ဒေါ မာသဝါစကော။ ကော၊ ဋ္ဌီ။၇၅။ (၇) ပိတုံး။ မာလာတိအာဒီသု မာ-သဒ္ဒေါ ဘိင်္ဂေ၊ ဧတ္ထ ဟိ မာ ဘမရာ လလန္တိ ကီဠန္တိ အသိရမန္တိ ပိဝနေန ဧတ္ထာတိ မာလန္တိ အတ္ထော။ ကော၊ဋ္ဌီ။၇၆။ (၈) မျက် လုံး။ ဒုမ္မိ (ဇာ၊၂။၂၂၉) တိ အနဥ္ဇိတနယ- နော။ ဇာ၊ဋ္ဌ၊၇။၄၀။ ဒုမ္မိတိဧတ္ထ မာ-သဒ္ဒေါ နယနပရိယာယော။ ဇာ၊ဋ္ဌီ။ ဒုမ္မီ-လည်း ကြည့်။ (၉) မာ-ဓာတ်။ မာ ဣန္ဒုမှာသ- ဓာတူသု။ ကော။၄၂။

**မာ²** (ဗျ.) [ဤနိပါတ်သည် ပုဒ်တို့၏အစ၌သာ တည်ရှိနိုင်၏၊ ပုဒ်တို့၏ အလယ်, အဆုံး၌ မတည်ရှိနိုင်။ နီတိ၊ သုတ္တ၊ နှာ။ ၃၉၂။] ပဋိသေဓ-တားမြစ်ခြင်း -အနက်။ (မ-ဟု မြန်မာပြန်ရသည်၊ မာ ဂစ္ဆ=မသွားနှင့် စသည်။) မာ ဝေရိနော မာ ဒုက္ခိနော မာ ဒုက္ခိတတ္တာ (ပဋိသံ။၃၁၅)တိ ဣမာနိပိ တီဏိ မေတ္တာပသံဟာရဿ ပဋိပက္ခပဋိ- က္ခေပဝစနဿ မာ ဟောန္တူတိ အတ္ထော။ ပဋိသံ၊ဋ္ဌ၊၂။၂၁၀။ (-နီတိ၊သုတ္တ။၃၇၉။ ဓာန်။၁၁၄၇။)

**မာကန္ဒ** (ပု) [မာကန္ဒ+ဏ။ ထီ-၌ မာကန္ဒီ] (ပု) (၁) မာကန္ဒမည်သူ၊ မာကန္ဒရသေ့။ (ထီ) (၂) မာကန္ဒီမြို့။ (ထောမ-၌ မာ-ပုဒ် နှင့် ကန္ဒ-ပုဒ်ကို "မာ ပရိမိတော ကန္ဒော အဿ" ဟု ဗဟုဗ္ဗီဟိပြု၍ ပုလ္လိင်၌ သရက်ပင်၊ ဖန်ခါးသီး၊ စန္ဒကူးရွှေဟု ဆို၍ ထီ-၌ မာကန္ဒမြို့ဟု ဆို၏။) (၁) (၂) ယထာ ကာကန္ဒီ မာကန္ဒီ ကောသမ္ဗီတိ ဝေံ တာဝ အက္ခရစိန္တကာ။ မ၊ဋ္ဌ၊၁။၆၂။ (-ပဋိသံ၊ဋ္ဌ၊

၂။၁၂၇။ ခုဒ္ဒကာ၊ဋ္ဌ။၉၃။ ဥဒါန၊ဋ္ဌ။၅၀။) ယထာ ကာကန္တိမာကန္တိကောသမ္ဘိတိ ယထာ ကာကန္တသ ဏ္ဍသိနော နိဝါသဋ္ဌာနေ မာပိတာ နဂရီ ကာကန္တိ၊ မာကန္ဒဿ နိဝါသဋ္ဌာနေ မာပိတာ မာကန္တိ၊ ကုသမ္ဗဿ နိဝါသဋ္ဌာနေ မာပိတာ ကောသမ္ဘီတိ ဝုစ္စတိ။ မဋ္ဌိ၊၁။ ၁၄၀။ (→အံဋ္ဌိ၊၁။၃၇။)

**မာဏ္ဏဝ** (ပု) [မုစ+အဝ။ ဓာန်ဋ္ဌီ။၅၉၅။ သူစိ။] ကြိတ်မှန်ပင်။ (ယင်းသစ်ပင်၏ အရည်အစေး ကား နက်၏ဟု ဓာန်ဋ္ဌီ၊သျှ→၌ ဆိုသည်။) ဘိင်္ဂရာဇော စ မာဏ္ဏဝေါ။ ဓာန်။၅၉၅။

**မာဂဏ္ဍိက** (ပု) မာဂဏ္ဍိမည်သူ။ မာဂဏ္ဍိကော။ တေဒဏ္ဍိကော။ အံ၊၂။၂၄၄။(→အံဋ္ဌ၊၃။ဂ၅။ ဝဇီရ။၆၇။)

**မာဂဏ္ဍိယ** (ပု)[ရှင့်နာမ်ပုဒ်။ ထိ→၌ မာဂဏ္ဍိယာ။] မာဂဏ္ဍိမည်သူ။ (မာဂဏ္ဍိပရိဗိုဇ်, ယင်း၏ ဦးရီးမာဂဏ္ဍိယ, မာဂဏ္ဍိယ ပုဏ္ဏားကြီး, ဇနီး မာဂဏ္ဍိယာ, ယင်းတို့၏သမီး မာဂဏ္ဍိယာနှင့် ဦးလေးမာဂဏ္ဍိယ ဟု အမည်တူ ခြောက် ယောက်တွေ့ရ၏၊ယင်းတို့မှာ ကုရုတိုင်း ကမ္မာသဒမ္မနိဂုံးသူ, နိဂုံးသားများဖြစ်ကြသည်။ မ၊ ၂။၁၆၉။ ဓမ္မ၊ဋ္ဌ၊၁။၁၂ဂ။) အထ ခေါ မာဂဏ္ဍိယော ပရိဗ္ဗာဇကော....တေနုပသင်္ကမိ။ မ၊၂။၁၆၉။ တတော မာဂဏ္ဍိယာ အညံ ကာတဗ္ဗံ အပဿန္တီ။ အံဋ္ဌ၊၁။၃၄။

**မာဂဏ္ဍိယဒါရိကာ** (ထိ) [မာဂဏ္ဍိယာ+ဒါရိကာ] မာဂဏ္ဍိယာ သူငယ်မ။ အထ ရာဇာ ဥဒေနော စူဠမာဂဏ္ဍိယေန သဒ္ဓိံ ဝေါဟာရံ ကတွာ မာဂဏ္ဍိယဒါရိကံ ရာဇာနုဘာဝေန ဂေဟံ အာနေတွာ။ အံဋ္ဌ၊၁။၃၃၆။

**မာဂဏ္ဍိယနာမက** (တိ) [မာဂဏ္ဍိယ+နာမ+က] မာဂဏ္ဍိယ အမည်ရှိသော၊ သူ။ဒွေ မာဂဏ္ဍိယာ ဧဒွေ မာဂဏ္ဍိယ နာမကာ။ မဋ္ဌိ၊၃။၁၀၃။

**မာဂဏ္ဍိယပဉ္ဟ** (တိ) [မာဂဏ္ဍိယ+ပဉ္ဟ] မာဂဏ္ဍိယ (ပုဏ္ဏား)၏-- အမေး- ပုစ္ဆာ- ပြဿနာ။ အဋ္ဌကဝဂ္ဂိယေ မာဂဏ္ဍိယ ပဉ္ဟေ (သံ၊၂။ဂ၊၁၁။ မဟာနိ။၁၅၂)တ်ိ အဋ္ဌကဝဂ္ဂိကမှိ မာဂဏ္ဍိယ-ပဉ္ဟောနာမ အတ္ထိ၊ တသ္မိံ ပဉ္ဟေ။ သံဋ္ဌ၊ ၂။၂၃ဂ။

**မာဂဏ္ဍိယပ္ပမုခ** (တိ) [ မာဂဏ္ဍိယာ+ပမုခ ] မာဂဏ္ဍိယာ (မိဖုရား) အမှူးရှိသော၊ သူ။ မာဂဏ္ဍိယပ္ပမုခါနဉ္စ ဧတိဿာ ပဉ္စန္နံ ဣတ္ထိ-သတာနံ မရဏဗျသနံ အာရဗ္ဘ ကထေသိ။ ဓမ္မ၊ဋ္ဌ၊၁။၁၀၃။

**မာဂဏ္ဍိယဗြာဟ္မဏ** (ပု) [မာဂဏ္ဍိယ+ ဗြာဟ္မဏ] မာဂဏ္ဍိယပုဏ္ဏား။ သတ္ထာပိ ပုနဒိဝသေ အန္တောဂါမံ ပိဏ္ဍာယ ပဝိသန္တော ပဋိပထေ မာဂဏ္ဍိယဗြာဟ္မဏဿ အတ္တာနံ ဒဿေသိ။ အံဋ္ဌ၊၁။၃၃၄။ (→အံဋ္ဌ၊၂။၂၉၉။ ဓမ္မဋ္ဌ၊၂။ ၁၂၆။ ပဋိသံဋ္ဌ၊၂။၂ဂ၇။)

**မာဂဏ္ဍိယသုတ္တ** (န) [မာဂဏ္ဍိယ+သုတ္တ] မာဂဏ္ဍိ-ယသုတ်။ (အမည်တူ ၂-သုတ် တွေ့ရ၏။ ကုရုတိုင်း ကမ္မာသဒမ္မနိဂုံး ဘာရဒွါဇဂေါတ္တ ပုဏ္ဏား၏မီးတင်းကုတ်အတွင်း ရှင်တော်ဘုရား အတွက် ခင်းထားအပ်သော မြက်အခင်း၌ မာဂဏ္ဍိယ ပရိဗိုဇ်အား ဟောကြားတော်မူ အပ်သော မာဂဏ္ဍိယသုတ် ၁-သုတ်။ မာဂဏ္ဍိယ ပရိဗိုဇ်သည် ဘုရားရှင်အား "ဘူနဟု= ကြီးပွားခြင်းကို ဖျက်ဆီးတတ်သောသူ လူညွန့်တုံး"ဟု စွပ်စွဲပြောဆို၏။ မာဂဏ္ဍိ ငါဘုရားသည် စက္ခုစသော ဒွါရ ၆-ပါးကို ကိုယ်တိုင်လည်း လုံခြုံအောင် စောင့်ရှောက်၏၊ သူတစ်ပါးကိုလည်း လုံခြုံအောင် စောင့်ရှောက် ကြရန် တရားဟော၏၊ ထိုအကြောင်းများကို ရည်ရွယ်၍ "ဘူနဟု=ကြီးပွားခြင်းကို ဖျက် ဆီးသူ"ဟု သင် စွပ်စွဲသလောဟု မေးတော်မူ ၏။ မာဂဏ္ဍိက ဟုတ်ကြောင်း လျှောက်ထား ၏၊ ဘုရားရှင်က ဒွါရ ၆-ပါးမှ အကုသိုလ်

မဝင်အောင် ပိတ်ဆို့ရေးကို အသားပေး၍ တရားဟောသည်၊ မာဂဏ္ဍီတို့ ကျမ်းဂန်က ဒွါရ ၆-ပါးမှ အကုသိုလ် တစ်ဖွားဖွား ဝင်လာရေးကို အားပေးသည်၊ ဤသို့အခြေခံကွဲပြားသောကြောင့် ဘုရားရှင်၏ ဟောကြားချက်အပေါ်၌ အပြစ်မြင်နေခြင်း ဖြစ်၏။ နောင်၌ ဘုရားရှင်က အာရုံငါးပါး ကာမဂုဏ်တရားတို့၌ တပ်မက်မှု တဏှာကို ပယ်စွန့်၍ ငြိမ်းချမ်းစွာ နေလေ့ရှိသူကို "ဘူနဟု= ကြီးပွားခြင်းကို ဖျက်ဆီးသူ" ဟု သင် စွပ်စွဲဦးမည်လောဟု မေးတော်မူရာ "စွပ်စွဲရန် အကြောင်း မရှိပါ" ဟုဖြေရလေသည်။

အထက်တန်းစား ကာမဂုဏ်ကို ခံစားနေရသူသည် အောက်တန်းစား ကာမဂုဏ်ကို တောင့်တလိမ့်မည် မဟုတ် စသည်ဖြင့် ဟောတော်မူပြီးလျှင် လူ့ကာမဂုဏ်ထက် နတ်ကာမဂုဏ်က သာလွန်ပုံ၊ ကာမဂုဏ်အားလုံးထက် စတုတ္ထဈာန် ဖလသမာပတ် ချမ်းသာက သာလွန်ပုံများကို ကုဋ္ဌနူနာ ပျောက်ကင်းပြီးသူ ဥပမာဖြင့် တန်ဆာဆင်၍ ဟောတော်မူ၏။ နူနာ ပျောက်ကင်းပြီးသူသည် အခြားနူနာရှင်တစ်ယောက် ပိုးလောက် ကိုက်ခဲ၍ ဒုက္ခခံနေရသည်ကိုလည်းကောင်း၊ အနာဖေး ခွါ၍ သက်သာလို သက်သာငြား မီးကင်နေသည်ကို လည်းကောင်း၊ နူနာပျောက်ဆေး စားနေရသည်ကိုလည်းကောင်း မြင်ခဲ့သော် ထို နူနာရှင်၏ ဘဝမျိုးကို တပ်မက်လိမ့်မည် မဟုတ်၊ ထိုနူနာရှင်၏ ဘဝမျိုးကို တောင့်တမိလိမ့်မည် မဟုတ်၊ အကြောင်းကား မိမိကိုယ်တိုင် နူနာစွဲကပ်ဖူးရကား နူနာရှင်၏ ဆင်းရဲဝေဒနာကို ကိုယ်ကိုင် ခံစားဖူးသောကြောင့်တည်း။ ထို့အတူ ကာမဂုဏ် တပ်မက်မှု တဏှာအားလုံးကို စွန့်ပယ်၍ ငြိမ်သက်အေးချမ်းသောစိတ်ဖြင့် နေနိုင်သော ရဟန္တာသည် ကာမပူ အမိခံနေရသော ပုထုဇဉ်ဘဝကို သာယာ တပ်မက်လိမ့်မည် မဟုတ်၊ တောင့်တလိမ့်မည်လည်း မဟုတ်၊ အကြောင်းကား မိမိကိုယ်တိုင် ကာမပူ အမိခံခဲ့ရဖူးသောကြောင့်တည်း။

နူနာစွဲကပ်နေစဉ် အနာဖေးကို ခွါပြီး အရှိန်ပြင်းထန်သည့် မီးပုံကြီးနား ကပ်၍ မီးကင်ရလျှင်အနာသက်သာသလိုလိုရှိသည်ဟု ထင်တတ်၏၊ ယင်းသို့ထင်သဖြင့် မီးပုံကြီးနားကပ်ချင်ပေလိမ့်မည်၊ မီး၏ အပူရှိန်ဒုက္ခကို ဒုက္ခဟု မြင်လိမ့်မည် မဟုတ်။ နူနာ ပျောက်ကင်းသွားလျှင်ကား အားကောင်းသည့် လူနှစ်ယောက်က မီးပုံကြီးနား ဆွဲပို့လျှင်ပင် မီး၏ အပူရှိန်ဒုက္ခကို မခံနိုင်သောကြောင့် ရုန်းကန်ပေလိမ့်မည်။ ပုထုဇဉ်ဘဝသည် နူနာစွဲကပ်နေသူနှင့် တူ၏၊ ကာမတဏှာကင်းကွာပြီး ဘုရား ရဟန္တာဘဝကား နူနာပျောက်ကင်းသူနှင့် တူလေသည်။ ပုထုဇဉ်သည် ကာမတဏှာ နူနာစွဲကပ်နေသောကြောင့် ကာမဂုဏ်ကို ချမ်းသာဟု လွဲမှားစွာ မှတ်ထင်လေသည်။ ကာမတဏှာကို မစွန့်ဘဲ စိတ်အေးချမ်းသာစွာ နေရသူဟူ၍ လောက၌ မရှိနိုင် စသည်ဖြင့် ဟောတော်မူပြီးလျှင် "အာရောဂျပရမာ လာဘာ" (မ၊၂။၁၇၆) ဂါထာနှင့် ပတ်သက်၍ မာဂဏ္ဍီ ပရိဗိုဇ် အဓိပ္ပာယ်အယူအဆ လွဲမှားနေသည်ကိုလည်း တည့်မတ်ပေးတော်မူ၏။

မိခင်ဝမ်းတွင်းကတည်းက မျက်စိကန်းလာသူသည် ဖြူ နီ ညို ရွှေ အဆင်း အထွေထွေကို မမြင်ဘူးသဖြင့် မျက်စိအမြင်ရှိသူ လူရှုပ်လူနောက်တစ်ယောက်က ဆီချေးပေနေသည့် အဝတ်အထည်တစ်ခုကို အင်မတန်ဖြူစင်သည့် အဝတ်အထည်ဟု လိမ်လည်၍ ပေးလျှင် ယုံကြည်စွာ ဝတ်ဆင်ပေလိမ့်မည်။ လူပုံ အလယ်၌ အင်မတန် ဖြူစင်သည့် အဝတ်အထည်အဖြစ် ပြောဆိုပေလိမ့်မည်၊ ဤသို့ ပြောဆိုခြင်းသည် မသိမမြင်၍ ပြောဆိုခြင်း

ဖြစ်၏၊ ဆီချေးပေနေသည့် အဝတ်အထည် အဖြစ်ကို ကိုယ်တိုင်သိလျှင် လူပုံအလယ်၌ ပြောဆိုဝါကြွားလိမ့်မည် မဟုတ်ချေ၊ ထို့အတူ မာဂဏ္ဍီပရိဗိုဇ် သည် ပညာမျက်စိကန်းသဖြင့် ခန္ဓာကိုယ်၏ ခေတ္တခဏ အနာကင်းသည်၏ အဖြစ်ကို "အာရောဂျ"ဟု ယူဆထား၏၊ အနာ ကင်းသောကြောင့် ခန္ဓာကိုယ်ကို "နိဗ္ဗာန"ဟု ယူဆထား၏၊ မာဂဏ္ဍီသည် မျက်စိအမြင်ရှိသူ၏ အလိမ်ခံနေရသူပမာ သာတည်း။

ဝမ်းတွင်းကန်းသူကို အစွမ်းထက်သည့် ဆေးများဖြင့် ကုသပေးလျှင် မျက်စိမြင်လာ ပေလိမ့်မည်၊ ထိုအခါ ဆီချေးပေသည့် အဝတ် အထည်ပေါ်၌ ဆီချေးပေနေမှုန်း သိသဖြင့် တပ်မက်ခဲ့လမ်းတော့မည် မဟုတ်၊ လိမ်လည်သူ အပေါ်၌လည်း ရန်သူပမာ မှတ်ထင်ပေလိမ့် မည်၊ ထို့အတူ အရိယာပညာစက္ခု တပ်ဆင် ပေးလိုက်လျှင် ရောဂါမျိုးစုံဆက်သွယ်နေသည့် ဤခန္ဓာကိုယ်ကြီးကို "အာရောဂျ၊ နိဗ္ဗာန"ဟု မှတ်ထင်လိမ့်မည်မဟုတ်၊ ရောဂါမျိုးစုံ ဆက် သွယ်နေမှုန်း သိသဖြင့် ခန္ဓာကိုယ်ပေါ် တပ်မက် မှုလည်း ကင်းပြတ်ပေလိမ့်မည်၊ နှစ်ရှည်လ များ စိတ်၏အလှည့်စား ခံရမှုကိုလည်း သိလာပေလိမ့်မည်။

ထို့နောက် ဘုရားရှင်က မာဂဏ္ဍီအား သူ တော်ကောင်းထံချဉ်းကပ်၍ သူတော်ကောင်း တရား နာယူပြီး ထိုတရားအတိုင်း ကျင့်ကြံ အားထုတ်ရန် တိုက်တွန်းတော်မူသည်။ သင် ကိုယ်တိုင် တရားအားထုတ်သည့်အခါ ရောဂါ မျိုးစုံ ဆက်သွယ်နေသည့် ခန္ဓာကိုယ်ပေါ်၌ စွဲလမ်းမှုဥပါဒါန် ကင်းပြတ် ချုပ်ပျောက်ပေ လိမ့်မည်၊ ဥပါဒါန် ချုပ်ပျောက်လျှင် ဘဝ စ သည်လည်း ချုပ်ပျောက်ပေလိမ့်မည်ဟု ဟောတော်မူ၏။

တိတ္ထိအယူရှိသူသည် သာသနာတော်၌ ရဟန်းဝတ်လိုလျှင် လေးလ ပရိဝါသ်နေရ၏၊ ပရိဝါသ်နေဟူသည် တကယ် အမှန်စင်စစ် ရဟန်းပြုလိုခြင်း ဟုတ်,မဟုတ်၊ ရဟန်းပြုလို သည့်စိတ် ထက်သန်,မသန် အကဲခတ်ခြင်းပင် ဖြစ်သည်။ အချို့တိတ္ထိများသည် ရဟန်းပြုချင် ယောင် ဆောင်၍ သာသနာ့ရေးရာများကို ထောက်လှမ်းရေး လုပ်သွားတတ်ကြသည်။ ထို့ကြောင့် ပရိဝါသ်နေရခြင်းဖြစ်၏၊မာဂဏ္ဍီက မူ လေးလမက လေးနှစ်ပရိဝါသ်နေရစေကာမူ ရဟန်းပြုလိုကြောင်း လျှောက်ထား၏။ရဟန်း ပြုပြီးနောက် မကြာမီပင် အာသဝေါကုန်ခန်း ရဟန္တာအဖြစ်သို့ ရောက်လေသည်။ မ၊၂။ ၁၆၉–၁၇၀။ မဋ္ဌ၊၃။၁၆၄–၁၅၄။ အကျယ်ကို မဇ္ဈိမပဏ္ဏာသ မြန်မာပြန်။ နှာ။၁၇၉–၁၈၁-ကြည့်။

ကုရုတိုင်း ကမ္မာသဒမ္မနိဂုံးအနီး တော-တွင်းတစ်နေရာ၌ မာဂဏ္ဍိယာသမီးပျိုကို လက်ထပ်ထိမ်းမြားရန် ပေးကမ်းသော မာဂ-ဏ္ဍိယ၏ဇနီးမောင်နှံတို့အား ဟောကြားတော် မူအပ်သော မာဂဏ္ဍိယသုတ် ၁-သုတ်။ မာဂဏ္ဍီ ပုဏ္ဏားကြီးသည် ဘုရားရှင်၏ ရုပ်ရေရူပကာယ သွင်ပြင်လက္ခဏာကိုမြင်သဖြင့် သဘောကျပြီး သမီးပျိုမာဂဏ္ဍီနှင့် လက်ထပ်ရန် တောင်းပန် သည်။သမီးပျိုကို အိမ်ပြန်ခေါ် နေခိုက် ဘုရား ရှင်က ဆွမ်းခံထွက်သွား၏၊ သမီးပျိုကိုခေါ်ပြီး ပြန်လာသည့်အခါ ဘုရားရှင်ထိုင်သည့်နေရာနှင့် ခြေရာကိုသာ တွေ့မြင်ရသည်၊ မာဂဏ္ဍီပုဏ္ဏေး မကြီးကမူ နေရာနှင့် ခြေရာကို မြင်ရုံမျှနှင့် ဤခြေရာပိုင်ရှင်သည် ကိလေသာအားလုံးမှ လွတ်ကင်းပြီးသူဖြစ်ကြောင်း သမီးပျိုကို မယားအဖြစ် သိမ်းပိုက်လိမ့်မည် မဟုတ် ကြောင်း အတတ်သိ၏၊ ဘုရားရှင်ပြန်ရောက် လာသည့်အခါ သမီးပျိုကို ရေစက်ချလှူဒါန်း ရန် အားထုတ်နေစဉ်ဘုရားရှင်က "သင့်သမီး ပျိုထက် အဆ ရာထောင်မက ချောမောလှပ သည့် တဏှာ, အရတိ, ရာဂါတို့ကို မြင်ရ၍ သော်မှလည်း တပ်မက်မှု ရာဂမဖြစ်ခဲ့၊ မသတီ

စရာ ကျင်ကြီးကျင်ငယ်တို့ဖြင့် ပြွမ်းနေသော ဤမာဂဏ္ဍီကိုမြင်ရ၍ အဘယ်မှာလျှင် တက်မက်မှုရာက ဖြစ်အံ့နည်း၊ သင့်သမီးမာဂဏ္ဍီကို ခြေဖြင့်ထိရုံမျှဖြင့် ငါဘုရားအလိုမရှိ” စသည်ဖြင့် ဟောတော်မူသည်။ တရားတော်အဆုံး၌ ပုဏ္ဏားကြီးဇနီးမောင်နှံ ရဟန်းပြုကြ၍၊ မကြာမီ ရဟန္တာဖြစ်ကြသည်။ မာဂဏ္ဍီသမီးပျိုကမူ ဘုရားရှင်အပေါ် အကြီးအကျယ် ရန်ငြိုးဖွဲ့သွားလေသည်။ သုတ္တနိ၊၄၀၉–၄၁၁။ သုတ္တနိ၊ဋ္ဌ၊၂။၂၅၇–၂၆၂။ သုတ္တနိ။ မြန်မာပြန်၃၇၅–၃၈၈။ သုတ္တနိပါတ် အဋ္ဌကထာလာ မာဂဏ္ဍီပုဏ္ဏားကြီးတို့ အကြောင်းအရာသည် ဓမ္မပဒအဋ္ဌကထာနှင့် အနည်းငယ် ကွဲလွဲချက်ရှိ၏၊ အလိုရှိက ဓမ္မ၊ဋ္ဌ–ကြည့်။ ဓမ္မ၊ဋ္ဌ၊၁။၁၂၈–၁၃၀။) အောက်ပုဒ်ကြည့်။

**မာဂဏ္ဍိယသုတ္တဒေသနာဝသာန** (န) [မာဂဏ္ဍိယသုတ္တဒေသနာ+အဝသာန] မာဂဏ္ဍိယသုတ်ဒေသနာ၏အဆုံး။ တဿာ မာတာပိတရော မာဂဏ္ဍိယသုတ္တဒေသနာဝသာနေ အနာဂါမိဖလံ ပတွာ ပဗ္ဗဇိတွာ အရဟတ္တံ ပါပုဏိံသု။ ပဋိသံ၊ဋ္ဌ၊၂။၂၈၈။

**မာဂဏ္ဍိယသုတ္တနိဒ္ဒေသ** (ပု) [မာဂဏ္ဍိယသုတ္တ+နိဒ္ဒေသ]မာဂဏ္ဍိယသုတ်ကို အကျယ်ညွှန်ပြရာစကား။ အထ မာဂဏ္ဍိယသုတ္တနိဒ္ဒေသံ ဝဏ္ဏေတိ။ မဟာနိ။ ၁၄၀။ (–မဟာနိ၊ဋ္ဌ။၂၆၃။)

**မာဂဏ္ဍိယသုတ္တုပ္ပတ္တိ** (ထီ) [မာဂဏ္ဍိယသုတ္တ+ဥပ္ပတ္တိ] မာဂဏ္ဍိယသုတ်၏ ဖြစ်ပေါ်လာရာ အကြောင်းအတ္ထုပ္ပတ္တိ။ ဝုတ္တမ္ပိ စေတံ မာဂဏ္ဍိယသုတ္တုပ္ပတ္တိယံ။ ဝိသုဒ္ဓိ၊ ၁။၁၁၁။

**မာဂဓ¹** (ပု) [မာဂဓ+ဏ။ထီ–၌မာဂဓီ] (၁) မာဂဓမည်သော သား။ (သူဆင်းရဲမျိုးယောကျ်ားနှင့် မင်းမျိုးမိန်းမမှ ဖွားမြင်သောသားကို “မာဂဓ” ဟု ခေါ်သည်။) (တိ) (၂)မဂဓတိုင်းသားတို့ကို အစိုးရသော၊ သူ။ (၃) မဂဓတိုင်း၌ဖြစ်သော (ခရုသင်း၊ မဂဓတိုင်း၌ဖြစ်သော မြို့တော် ရာဇဂြိုဟ် စသည်။)(၄)နံ့သာရောင်းသော၊သူ။ (နံ့သာစသည်။) (၁)မာဂဓော သုဒ္ဒခတ္တာဇော။ သုဒ္ဒေန သမ္ဘူတာယ ခတ္တာယ ဇာတော ပုတ္တော မာဂဓော။ ဓာန်။ဓာန်၊ဋီ။၅၀၃။ (မာဂဓော ဝေဿခတ္တာဇော–ဟု ရှိမှ သက္ကတကျမ်းတို့နှင့် ညီကြောင်း ဓာန်သျှသစ်၌ မှာကြားထား၏။) (တိ) (၂) မာဂဓေန သေနိယေန ဗိမ္ဗိသာရေန။ ဒီ၊၁။၁၀၄။ မ၊၁။၁၃၁။ ဥဒါန်။၈၈။ သုတ္တနိ။ ၃၆၅။မာဂဓေန သေနိယေန ဗိမ္ဗိသာရေနာတိ ဧတ္ထ သော ရာဇာ မဂဓာနံ ဣဿရတ္တာ မာဂဓော။ ဒီ၊ဋ္ဌ၊၁။၂၄၉။ (–မ၊ဋ္ဌ၊၁။ ၃၆၉။ ဥဒါန်၊ဋ္ဌ။၇၂။ သုတ္တနိ၊ဋ္ဌ၊၂။၁၆၉။) (၃) မာဂဓာ သင်္ခါ (ဇာ၊၂။၂၂၀) တိ မဂဓရဋ္ဌေ သဉ္ဇာတာ သင်္ခါ။ ဇာ၊ဋ္ဌ၊၆။၃၁၇။ မဂဓပူရ–ကြည့် (၄)မာဂဓာ (ပေတ။၁၅၇) တိ ဂန္ဓိနော။ ပေတ၊ဋ္ဌ၊၁၁၉။

**မာဂဓ²** (ပု) [မဂ္ဂ+ထု+အ။ ဓာန်၊ဋီ။၃၉၆။] မင်းမျိုးစဉ်ဆက်ကို ချီးမွမ်းသူ။ (ချောင်းမောင်ကွန်း သီကုံးရွတ်ဖတ်သူ။) မာဂဓော မဓုကော ဝုတ္တော။ ဓာန်။၃၉၆။

**မာဂဓက** (တိ) [မဂဓ²+ကဏ်။ မဂဓေသု ဘဝေါ မာဂဓကော။ နိရုတ္တိ၊နှာ။၂၉၉။] (၁) မဂဓတိုင်း၌ မွေးဖွားသော၊ မဂဓတိုင်းဟူသော နေရာရှိသော၊ သူ။ (၂) မဂဓတိုင်း၌ အရောင်းအဝယ်ပြုလုပ်သော (ကွမ်းစား။၊ မဂဓကွမ်းစား ယူဆပုံ အမျိုးမျိုးကို “မဂဓနာ ( လိ ) ဋီ” ကြည့်။) (၃ ) မဂဓတိုင်း၌ ဖြစ်သော (ကြက်သွန်ဖြူ)။ (၁) မာဂဓကော ( ဒီ၊၁။၁၄၃ )တိ မဂဓရဋ္ဌဝါသိနော။ ဒီ၊ဋ္ဌ၊၁။၂၇၆။ (–မ၊ဋ္ဌ၊၂။၁၈၇။) ကောသလေသု ဇာတာ, ဘဝါ, တေ ဝါ နိဝါသော ဧတေသန္တိ ကောသလကာ။ ဧဝံ မာဂဓကာ။ ဇနပဒဝါစိနော ဟိ ပါယဇော ပုလ္လိင်္ဂပုထုဝစနာ။ သီ၊ဋီ၊သစ်၊၂။၃၃၁။ (–ဒီ၊

ဋ္ဌီ၊၁။၃၃၇။) (၂) မာဂဓကေန ပဗ္ဗတ္တေန။ အံ၊ဋ္ဌ၊၃။၃၂၉။ သံ၊ဋ္ဌ၊၁။၂၀၀။ မဂဓရဋ္ဌေ သံဝေါဟာရတော မာဂဓကော ပတ္ထော။ အံ၊ ဋ္ဌီ၊၃။၃၄၉။ (–သံ.ဋ္ဌီ၊၁။၂၃၈။) (၃) မာဂဓက (ဝိ၊၂၊၃၃၀)၌ မဂဓသေု ဇာတံ။ ဝိ၊ဋ္ဌ၊၃။ ၁၉၅။

**မာဂဓဘာသာ** (ထိ) [မာဂဓ+ဘာသာ] မဂဓတိုင်း၌ ဖြစ်သောစကား၊ မဂဓတိုင်းသုံးဘာသာစကား၊ အရိယလူမျိုးတို့ ခေါ်ဝေါ်ပြောဆိုအပ်သော စကား။ (ယင်းဘာသာစကားကို ကမ္ဘာဦး လူသား, ဗြဟ္မာ, သူတစ်ပါးတို့ စကားပြောသံ မကြားရသေးသော ကလေးနှင့် တောတွင်းလူရိုင်း, ဘုရားရှင်တို့ ပြောဆိုကြသည်။ ရူ၊နွ၊၊၄၁။ အကျယ်ကို မောဂ်၊သျ၊၁။ နိပါန်း (က) (ခ) စသည်နှင့် ပါဠိမြန်မာ၊ ခန်။ အတွဲ၊၁။ ၄–၁၀–တို့ ကြည့်၊) နိရယေ တိရစ္ဆာနယောနိယံ ဓပတ္တိဝိသယေ မနုဿလောကေ ဒေဝလောကေသု သဗ္ဗတ္ထ မာဂဓဘာသာဝ ဥဿန္နာ။ အဘိ၊ဋ္ဌ၊၂။၃၇၁။(–ဝိ၊ဋ္ဌ၊၁။၂၂၀။ မူလဋ္ဌီ။၂။ ၁၉၂။) အရိယက, မဂဓဘာသာ – တို့လည်းကြည့်။

**မာဂဓမဟာမတ္တ** (အံ၊၂။၄၀၉)သည် မဂဓမဟာမတ္တ (ဝိ၊၁။၅၄။ အံ၊၁။၄၉၉)မှ ပြောင်းလွဲလာသော ပုဒ်ဖြစ်သည်။ မဂဓမဟာမတ္တကြည့်။

**မာဂဓရာဇ** (ပု) [မာဂဓ+ရာဇ] မဂဓမင်း၊ ဗိမ္ဗိသာရမင်း၊ ပုန မာဂဓရာဇေန ယာဒက္ခိဏာ ဒိန္နာ။ ခုဒ္ဒကာ၊ဋ္ဌ။၁၇၁။ (–ထေရီ၊ဋ္ဌ။၂။)

**မာဂဓဝေါဟာရ** (ပု) [မာဂဓ+ဝေါဟာရ] မဂဓဘာသာစကား။ အနရိယကေသု မာဂဓဝေါဟာရတော အညော။ သာရတ္ထ၊၂။၈၁။ (–ကင်္ခါ၊ဋ္ဌီ၊သစ်၊၁၇၀။)

**မာဂဓိက** (တိ) [မဂဓ+ဏိက] (၁) မဂဓတိုင်း၌ ဖြစ်သော (လူ, ဂါမခေတ်, မဂဓဘာသာစကား, ချိန်ခွင်စသည်)။ (၂) မဂဓတိုင်း–ဇနပုဒ်–ဟူသော နေရာရှိသော၊ သူ။ (၃) မဂဓတိုင်း၌ ဖြစ်သော–မဂဓတိုင်း၌ ပြောဆိုအပ်သော – စကားရှိသော၊ မဂဓဘာသာစကား ပြောဆိုသော၊ သူ။ (၁) တေပိ ခေါ ဒွါဒသနဟုတာ မာဂဓိကာ ဗြာဟ္မဏဂဟပတိကာ။ ဝိ၊၃။၆၄၊ (–ဒီ၊ဋ္ဌ၊၂။၂၈၆။ ဝိ၊သင်္ဂဟ။ ၄၄၇။ ပဋ္ဌိသံ၊ဋ္ဌ၊၁။၇၊၄၃။ ဥဒါန၊ဋ္ဌ။၁၂၁။ ဝိမတိ၊၁။၃၄၇။) (၂) မဂဓော ဇနပဒေါ နိဝါသော ဧတေသန္တိ မာဂဓော၊ မာဂဓော-ဝ မာဂဓိကော။ မ၊ဋ္ဌီ၊၂။၁၉၉။ (ဤ၌ မာဂဓိကော ရှိ၍ ယင်း၏ သံဝဏ္ဏေတဗ္ဗ။ မ၊၁။ ၂၈၇။ မ၊ဋ္ဌ၊၂။ ၁၆၇–တို့၌ မာဂဓကော–ဟု ရှိသည်။) (၃) သုဒ္ဓမာဂဓိကာတိ မဂဓေသု ဘဝါ တတ္ထ ဝိဒိတာ ဝါ မဂဓာ၊ သဒ္ဒါ။ တေ ဧဝ တေသု ဝါ နိယုတ္တာတိ မာဂဓိကာ။ သုဗောဓဋ္ဌီ။၂။ (–သုဗောဓဋ္ဌီ၊သစ်။ ၂။)

**မာဂဓိကဘာသာ** (ထီ) [မာဂဓိကာ +ဘာသာ] မဂဓတိုင်း၌ ဖြစ်သော ဘာသာစကား။ နိရယေ တိရစ္ဆာနယောနိယံ ပေတ္တိဝိသယေ မနုဿလောကေ ဒေဝလောကေတိ သဗ္ဗတ္ထ မာဂဓိကဘာသာဝ ဥဿန္နာ။ ပဋ္ဌိသံ၊ဋ္ဌ၊၁။၅။

**မာဂဓီ** (ထီ) [မဂဓ+ဏ+ဤ] (၁) မာဂဓဘာသာ၊ပါဠိဘာသာ။ (၂) ဇွန်၊ စံပယ်။ (ဆရာတို့ကား ကြက်တက်ဟူ၏။ ခန်။သျ။) (၃) ပိတ်ချင်း။ (၁) သာ မာဂဓီ မူလဘာသာ၊ နရာ ယာယာဒိကပ္ပိကာ။ ရူ၊နွ၊၊ ၄၁။ (၂) ယူထိကာ မာဂဓီစာထ။ ဒွယံ စမ္ပေယျဂန္ဓတိချာခတေ....မာဂဓေ ဘဝါ မာဂဓီ။ ခန်။ ခန်၊ဋ္ဌီ။၅၇၆။ (၃) ပိပ္ပလီ မာဂဓီ မတာ၊ မဂဓေ ဘဝါ မာဂဓီ၊ မဂဓာနံ အယံ ဝါ မာဂဓီ၊ တတြ ပဋ္ဌမုပ္ပန္နတ္တာ, ဗာဟုလ္လေန ဝါ တတြ ဇာယမာနတ္တာ တံသမညာယ ဗျပဒိဿတေ။ ခန်။ခန်၊ဋ္ဌီ။၅၈၃။

**မာဂဝိက** (ပု) [မဂ+ဏိက၊ တွေ ဝကာရာဂမော။ ရူ၊နှာ။၂၂၄။] သားမုဆိုး။ ဝေသော ဘိက္ခဝေ သတ္တော ဠမသ္မိံ ယေဝ ရာဇဂဟေ မာဂဝိ-ကော ဟောတိ။ ဝိ၊၁။၁၄၆။ သံ၊၁။၄၄၈။ (–အံ၊၂။၂၆၇။) မာဂဝိကောတိ မိဂဃာ-တကော။ အံ၊ဋ္ဌ၊၃။၉၈။ မာဂဝိကောတိ လုဒ္ဒေါ။ ရူ၊ဋီ၊နှာ။၁၆၅။ (–ခုန်၊ဋီ။၅၁၃။)

**မာဂဝိကဂါမ**(ပု)[မာဂဝိက+ဂါမ] သားမုဆိုးရွာ။ အနုက္ကမေန စ ဝက်ဟာရဇနပဒေ အညတရံ မာဂဝိကဂါမံ ပါပုဏိ။ သုတ္တနိ၊ဋ္ဌ၊၁။၂၄၈။

**မာဂဝိကဇေဋ္ဌက** (ပု) [မာဂဝိက + ဇေဋ္ဌက] အကြီးအကဲဖြစ်သော သားမုဆိုး။ တမေနံ မာဂဝိကဇေဋ္ဌကော ဒိသွာ။ သုတ္တနိ၊ဋ္ဌ၊၁။ ၂၄၈။

**မာဂဝိကပဒ** (နှ) [မာဂဝိက+ပဒ] မာဂဝိကပုဒ်။ မာဂဝိကပဒသ္မိံ ဣ ရောဟိတာဒိမိဂါဇာတိယေဝ ဂဟိတာ။ သီ၊ဋီ၊သစ်၊၂။၄၂။

**မာဂသိရ** (ပု) [မဂသိရ+ဏ။ ရူ၊နှာ။၂၂၉။] မိဂသီနက္ခတ်နှင့် စန်းယှဉ်သော လ၊နတ်တော်လ။ မာဂသိရဿ ပဌမဒိဝသေ (ဝိ၊ဋ္ဌ၊ ၁။၁၆၃)တိ မာဂသိရမာသဿ ပဌမဒိဝသေ။ သာရတ္ထ၊၁။၄၅၃။ (–ဝိမတိ၊၁။၉၆။) မဂသိ-ရေန စန္ဒယုတ္တေန နက္ခတ္တေန ယုတ္တော မာသော မာဂသိရော။ ရူ၊နှာ။၂၂၉။

**မာဂသိရမာသ** (ပု) [မာဂသိရ+မာသ] မိဂသီ နက္ခတ်နှင့် ဗန်းယှဉ်သော လ၊ နတ်တော်လ။ မာဂသိရမာသဿ (ဝိ၊ဋ္ဌ၊၁။၇၂)တိ မိဂသိရ မာသဿ။ သာရတ္ထ၊၁။၁၈၃။ အထက်ပုဒ် လည်းကြည့်။

**မာဃ** (ပု) [မဃ+ဏ] (၁) မဃနက္ခတ်နှင့် စန်းယှဉ်သော လ၊ တပို့တွဲလ။ (တိ) (၂) (သူတော်ကောင်း) ဥစ္စာရှိ – မာဃမည် – သော၊ သူ (သိကြား, ဗြာဟ္မဏ, ရသေ့ စသည်)။ (၁) မာဃဿ (အံ၊ဋ္ဌ၊၂။၁၁၆)တိ မာဃမာသဿ။ အံ၊ဋီ၊၂။၁၁၀။ မဃာယ ယုတ္တော မာသော မာဃော။ ရူ၊နှာ။၂၂၉။ (တိ) (၂) မာဃော (သံ၊၁။၄၃) တိ သက္ကဿေတံ နာမံ။ သံ၊ဋ္ဌ၊၁။၉၇။ (–သုတ္တနိ။ ၃၅၀။ ဇာ၊၂။၁၈၅။)

**မာဃဒေဝိယသုတ္တန္တ** (နှ) [မာဃဒေဝိယ+သုတ္တ-န္တ] မဃဒေဝသုတ်။ (မဃဒေဝမင်းအစ နိမိမင်းအဆုံးရှိသော မင်းပေါင်း ၈၄၀၀၀-တို့ စည်းစိမ်ခံစားစဉ် တရားသဖြင့် အုပ်စိုး တော်မူကြသည်၊ ထိုသောအခါ ရသေ့ရဟန်း အဖြစ်ဖြင့် ဗြဟ္မဝိဟာရတရားကို ပွားများ ကြသဖြင့် ဗြဟ္မပြည်သို့ ရောက်ရှိမြဲ ဖြစ်ကြ သည်၊ နိမိမင်းနောက် သားတော် ကဠာရ-ဇနကမင်း လက်ထက်၌ အဆိုပါကျင့်ဝတ် ပြတ်စဲသည်ကို ပြဆိုသော သုတ်ဖြစ်သည်။ မဇ္ဈိမပဏ္ဏာသပါဠိ။ ၄-ဝဂ်၊ ၃-သုတ်။ မ၊၂။ ၂၆၂-၂၇၀။) မာဃဒေဝိယသုတ္တန္တ (မဃဒေဝိယသုတ္တန္တ? စူဠနိ။၁၆၄)န္တိ မဃ-ဒေဝရညော အပါဒါနနိယုတ္တံ မဃဒေဝ-သုတ္တံ။ စူဠနိ၊ဋ္ဌ။၄၈။

**မာဃနက္ခတ္တ**—(ဒီ၊ဋ္ဌ၊၂။၁၈။ မ၊ဋ္ဌ၊၃။၁၄၆။ ဗုဒ္ဓဝံ၊ ဋ္ဌ။၁၅၉)သည် မဃာနက္ခတ္တမှ ပျက်ယွင်း လာသောပုဒ် ဖြစ်ဖွယ်ရှိသည်။မဃာ–ကြည့်။

**မာဃပုဏ္ဏမာ** (ထီ) [မာဃ+ပုဏ္ဏမာ] တပို့တွဲ လပြည့်နေ့။ မာဃပုဏ္ဏမာယ စတုရင်္ဂိက-သန္နိပါတေ ပါတိမောက္ခံ ဥဒ္ဒိသော။ ဗုဒ္ဓဝံ၊ဋ္ဌ။ ၃၅၂။ (–၂၃၀၊ ၂၅၆။)

**မာဃမာသ** (ပု) [မာဃ+မာသ] တပို့တွဲလ။ မာဃမာသဿ အဝသာနေ စတ္တာရော။ဥဒါန၊ ဋ္ဌ။၆၇။ (–သာရတ္ထ၊၃။၂၀၇။ ဝိမတိ၊၂။၉၇။)

**မာဃာ** — (သီ၊ဋီ၊သစ်၊၂။၂၅၁)သည် မဃမှ ပျက်ယွင်းလာသောပုဒ် ဖြစ်ဖွယ်ရှိသည်။ ဒီ၊ဋီ၊ ၁။၂၉၈-အလားတူဝါကျ၌ မဃဒေဝ-ဟုရှိ၏။

**မာဃသုတ္တ** (န) [ မာဃ+သုတ္တ ] မာဃသုတ်၊ ဘုရားရှင် ရာဇဂြိုဟ်မြို့ ဂိဇ္ဈကုဋ်တောင်၌ သီတင်းသုံးတော်မူစဉ် တရားသဖြင့် ရှာဖွေ ရရှိလာသော ပစ္စည်းကို လှူဒါန်းသည့် မာဃလုလင်အား အလှူပေးပုဂ္ဂိုလ်၌ ရှိရမည့် ပုဗ္ဗ, မုဉ္စ, အပရ စေတနာဟူသော အင်္ဂါ သုံးပါး၊ အလှူခံပုဂ္ဂိုလ်၌ ရှိရမည့်ရာဂ, ဒေါသ, မောဟတို့ကို ပယ်ပြီးခြင်း ပယ်နိုင်အောင် ကျင့်ကြံခြင်းဟူသော အင်္ဂါသုံးပါး၊ ဤအင်္ဂါ ခြောက်ပါးနှင့် ပြည့်စုံသော အလှူမျိုးသည် အကျိုးများစွာ ဖြစ်ထွန်းစေသည်ဟု ဟော တော်မူသောသုတ်။ သုတ္တနိပါတပါဠိ၊ ၃-ဝဂ်၊ ၅-သုတ်။သုတ္တနိ။ ၃၅၀၊၃၅၅။ ဝံ မေ သုတ (သုတ္တနိ။၃၅၀)န္တိ မာဃသုတ္တံ။ သုတ္တနိ၊ဋ္ဌ၊၂။ ၁၃၉။

**မာဃာတ** (ပု) [မာ+ဃာတ] မသတ်လင့်ဟု ကြွေးကြော်သောနေ့၊ ကြက်,ငှက်,သား,ငါး စသော တိရစ္ဆာန်များ မသတ်ရဟု အမိန့် ထုတ်ထားသောနေ့။ မာဃာတော (ဝိ၊၃။ ၃၁၀)တိ တံ ဒိဝသံ န လဗ္ဘာ ကေနစိ ကိဉ္စိ ဇီဝိတာ ဝေါရောပေတုံ။ ဝိ၊ဋ္ဌ၊၃။၃၇၆။ မာဃာတောတိ "မာ ဃာတေထ ပါဏိနော" တိ ဧဝံ မာဃာတဃောသိတဒိဝသော။ သာရတ္ထ၊၃။၃၀၅။ မာဃာတသမယ–ကြည့်။

**မာဃာတကာလ** (ပု) [ မာဃာတ+ကာလ ] မသတ်လင့်ဟု ကြွေးကြော်သော အခါကာလ။ မာဃာတကာလေ ပါဏာတိပါတံ ပန.... ဘောဂဇာနိံ နိဂစ္ဆတိ။ ဒီ၊ဋ္ဌ၊၂။၁၂၈။ သာရတ္ထ၊၃။၃၁၃။ (–အံ၊ဋ္ဌ၊၃။၇၉။ ဥဒါန၊ဋ္ဌ။ ၃၇၅။) မာဃာတကာလေတိ "မာ ဃာတေထ ပါဏိနော" တိ ဧဝံ မာဃာတာတိ ဃော-သနံ ဃောသိတဒိဝသေ။ ဒီ၊ဋီ၊၂။၁၃၇။ (–အံ၊ဋီ၊၃။၇၉။)

**မာဃာတဃောသန** (ထီ၊န) [ မာဃာတ + ဃောသန] မသတ်လင့်ဟု ကြွေးကြော်ခြင်း။ မာဃာတဃောသနာယ ကတာယ ဟိ သာ-နိမိတ္တံ ဂဟေတဗ္ဗကဟာပဏော မာပဟာရ-ကဟာပဏော။ သံ၊ဋီ၊၂။၅၀ဝ။ (–အံ၊ဋီ၊၃။ ၇၉။)

**မာဃာတဃောသိတဒိဝသ** (ပု) [မာဃာတ-ဃောသိတ+ဒိဝသ] မသတ်လင့်ဟု ကြွေး ကြော်သောနေ့။ မာဃာတ-ကြည့်။

**မာဃာတဘေရီ** (ထီ) [ မာဃာတ + ဘေရီ ] မသတ်လင့်ဟု–ကြွေးကြော် – သိစေ – အပ် သော စည်။ မာဃာတဘေရိံ စရာပေတွာ.... ထူပံ ကာရေတိ။ ဇာ၊ဋ္ဌ၊၃။၄၁၂-၃။ (–အဘိ၊ ဋ္ဌ၊၁။၂၂၂။ စရိယာ၊ဋ္ဌ။၃၀၀။ သီ၊ဋီ၊သစ်၊၁။ ၂၇၇။) မာဃာတဘေရိန္တိ "မာ ဃာ-တေထာ"တိ ဝိညာပိတဘေရိံ။ ဇာ၊ဋီ၊သစ်၊ ၃။ ဈော၊ကျော။

**မာဃာတသမယ** (ပု) [ မာဃာတ+သမယ ] မသတ်လင့်ဟု ကြွေးကြော်သောအခါကာလ။ မာဃာတသမယာဒီသု ပဋိစ္ဆန္နံ ဗျဉ္ဇနံ ကတွာ ဒေန္တိ။ ဝိ၊ဋ္ဌ၊၃။၁၆၆။ (–ကင်္ခါ။၂ဂ၂။)ယသ္မိံ သမယေ "ပါဏော န ဟန္တဗ္ဗော"တိ ရာဇာနော ဘေရိံ စရာပေန္တိ၊ အယံ မာဃာတသမယော နာမ။ သာရတ္ထ၊၃။၁၇၀။ ကင်္ခါ၊ဋီ၊သစ်။၄၄၁။ မာဃာတသမယာဒီသူတိ "ပါဏေ မာ ဃာတေထာ"တိ ရာဇာနော ဘေရိံ စရာပေန္တိ ဧတ္ထာတိ မာဃာတော၊ သောယေဝ သမယော မာဃာတသမယော။ ပါစိတ်၊ယော။၁၃၅။

**မာဏ(န)ဝ** (ပု) [မနုံ+ဏ။ မောဂ်၊၄။ဂ။ မနု+ ဏဝ။ ရူ၊နှာ။၂၂၁။ ဒန္တဇ န-နှင့်ရှိသော မာနဝ သဒ္ဒါသည် သတ္တဝါဟူသော အနက်ကို ဟော ၏။ မုဒ္ဓဇ ဏ-နှင့် ရှိသော မာဏဝသဒ္ဒါသည် စက်ဆုပ်ဖွယ်ကောင်းသော သား, မိုက်မဲ တွေဝေသော သားဟူသော အနက်ကို ဟော ၏ဟု နီတိ၊ဓာ။၂၆၄–၅-၌ ကေစိဝါဒအဖြစ်ဖြင့် ပြဆို၏။ဝေဒဂန္ထကို သင်ကြားတတ်မြောက်သူ

လူကောင်းသူကောင်း၏သား မာနဝကို နယ် နှင့်ရေး၍ ဝေဒဂန္ထကို မသင်ကြားဘဲ မိုက်မဲ ပျင်းရိသူ လူဖျင်း လူညံ့၏သား မာဏဝကို မုဒ္ဓဇဏကြီးနှင့် ရေးရမည်ဟု သက္ကတ ကာသိ-ကာဝုတ္တိ,ဇိနိန္ဒဗုဒ္ဓိနျာသတို့အဆိုကို သပြေကန်ကစ္စည်း၊သျ၊၂။၃၄၈-သုတ်၌ ပြဆိုထားသည်။ ရွှေနှာ။၂၂၁-၌ ဒန္တဇ နယ် နှင့် မာနဝ သဒ္ဒါ သာရှိသည်။ မောဂ်။ မောဂ်၊ပဉ္စိကာ၊၄။၈-၌ မာနဝ, မာဏဝ သဒ္ဒါ နှစ်မျိုးလုံး တွေ့ရ၏။] (၁) (က) သတ္တဝါ။ (ခ) ပုဂ္ဂိုလ်။ (ဂ) လူ။ (ဃ) ယောကျ်ား။ (၂)ခိုးသူ။ (၃) လူငယ်၊ လုလင်ပျို၊ လူပျို။ (၄) မာဏဝမည်သူ။

(၁) (က) သတ္တဝါ။ ယမေကရတ္တိံ ပဌမံ၊ ဂဗ္ဘေ ဝသတိ မာဏဝေါ။ ဇာ၊၁။၃၅၃။ မဋ္ဌ၊၂။၂၁၀။ ထေရ၊ဋ္ဌ၊၂။၁၁၉။ စရိယာ၊ဋ္ဌ။၁၉၂။ ဝိသုဒ္ဓိ၊၁။၂၂၃။ သာရတ္ထ၊၂။၁၄။ (-မ၊၂။၂၆၁။ မ၊၃။၂၂၅။ အံ၊၁။၁၄၁။ ထေရ။၂၆၄၊၃၁၅။ ထေရီ။၃၉၂။ ဇာ၊၁။၁၈၀။ ဇာ၊၂။၁၈၆။) မာဏဝေါတိ သတ္တော။ ဇာ၊ဋ္ဌ၊၄။၅၀၁။ မဋ္ဌီ၊၂။၂၂၇။ ဝိသုဒ္ဓိဋ္ဌီ၊၁။၂၈၉။ (-ဒီ၊ဋ္ဌ၊၁။၃၆။ ထေရ၊ဋ္ဌ၊၁။၄၄၉။ ထေရ၊ဋ္ဌ၊၂။၂၄၆။ ထေရီ၊ဋ္ဌ။၁၁၉။ ဇာ၊ဋ္ဌ၊၃။၄၂၈။ ဇာ၊ဋ္ဌ၊၆။၁၂၇။ သာရတ္ထ၊၁။၆၂။) မစ္စောတိ သတ္တော နရော မာနဝေါ။မဟာနိ။၃။(-၂၁၈။)မနုနော ပုတ္တော မာနဝေါ။ မဟာနိ၊ဋ္ဌ။၂၂။ (-၇၉။) (ခ) ပုဂ္ဂိုလ်။ အတ္ထာ အစ္စေန္တိ မာဏဝေ-(ဒီ၊၃။၁၅၀)တိ ဝေရူပေ ပုဂ္ဂလေ အတ္ထာ အတိက္ကမန္တိ။ ဒီ၊ဋ္ဌ၊၃။၁၃၁။ (ဂ) လူ။ ဘာယန္တာ တာတ မာဏဝ။ ဇာ၊၁။၃၉၈။ (-သုတ္တနိ။ ၃၄၆။) မာဏဝါတိ မနုဿာ။ ဇာ၊ဋ္ဌ၊၅။၁၀၇။ (-သုတ္တနိ၊ဋ္ဌ၊၂။၁၂၉။) (ဃ) ယောကျ်ား။ သံဂစ္ဆ မာဏဝ (ဇာ၊၂။၁၇၇) တတ္ထ တတ္ထ ဗဟူ ပုရိသာ သန္နိပတိတွာ.... စောဒေန္တိ။ ဇာ၊ဋ္ဌ၊၆။၁၀၂။ (၂) ခိုးသူ။ မာဏဝေဟိပိ သမာ-ဂစ္ဆန္တိ။ မ၊၂။၁၁၂။ (-အံ၊၂။၉၀။ ထေရ။ ၃၂၁။) မာဏဝေဟီတိ စောရေဟိ။ မဋ္ဌ၊၃။ ၁၁၅။ အံ၊ဋ္ဌ၊၃။၃၆။ (-ဒီ၊ဋ္ဌ၊၁။၃၇။ ထေရ၊ဋ္ဌ၊ ၂။၂၇၀။) မာနဝါ (မဟာနိ။၁၀)တိ သာဟ-သိကကမ္မေဟိ ယုတ္တာ။ မဟာနိ၊ဋ္ဌ။၅၁။ (၃) လူငယ်၊ လုလင်ပျို၊ လူပျို။ ရညော ပါယာ-သိဿ အဟောသိံ မာဏဝေါ။ ဝိမာန။၁၀၂။ (-ပေတ။၁၃၂၊၁၅၉။ စရိယာ။၄၁၇။ ဇာ၊၂။ ၂၁၃။) ပါယာသိဿ အဟောသိံ မာဏဝေါ-တိ ပါယာသိရာဇညဿ ကိစ္စာကိစ္စကရော ဒဟ-ရတာယ မာဏဝေါ။ ဝိမာန၊ဋ္ဌ။၂၇၉။ (-ဒီ၊ဋ္ဌ၊ ၁။၃၆။ ပေတ၊ဋ္ဌ။၃၉၊၁၂၆။ စရိယာ၊ဋ္ဌ။၂၃၈။) (၄) မာဏဝမည်သူ။ မာဏဝကာလေ ပဗ္ဗဇိ-တတ္တာ ဣမဿ ထေရဿ မာဏဝေါတွေဝ သမညာ ဇာတာတိ။ ထေရ၊ဋ္ဌ၊၁။၂၀၇။ မာဏ-ဝတ္ထေရနှင့်လည်း ယှဉ်ကြည့်။

**မာဏဝက** (ပု) [မာဏဝ+က။ ထီ-၌ **မာဏဝိကာ**။] (၁) သတ္တဝါ။ (၂) လူငယ်၊ လုလင်ပျို။ (၁) တတ္ထ မာဏဝကာ (ဇာ၊၁။၄၄)တိ သတ္တာဓိဝစနံ။ ဇာ၊ဋ္ဌ၊၂။၆၃။ (၂) မာဏ-ဝကာ (ဥဒါန။၁၅၀)တိ တရုဏာ။ ဥဒါန၊ဋ္ဌ။ ၂၈၉။

**မာဏဝကပရိဝုတ** (တိ) [မာဏဝက+ပရိဝုတ] လူငယ်ဖြင့် ခြံရံအပ်သော၊ လူငယ်အခြံအရံ ရှိသော၊ သူ။ အာစရိယော မာဏဝကပရိ-ဝုတော ဉာတိဂဏေန သဒ္ဓိံ ရောဒေန္တော။ ဇာ၊ဋ္ဌ၊၄။၅၀။

**မာဏဝကဝဏ္ဏ** (ပု) [မာဏဝက+ဝဏ္ဏ] လူငယ်-လုလင်ပျို-အသွင်သဏ္ဌာန်။ မာဏဝကဏ္ဏ-(ဝိ၊၃။၄။ ဥဒါန။၈၇)န္တိ ကုမာရကရုပံ။ ဥဒါန၊ ဋ္ဌ။၉၀။ သာရတ္ထ၊၃။၁၅၀။

**မာဏဝကဝဏ္ဏီ** (တိ) [ မာဏဝကဝဏ္ဏ+ဤ ] လုလင်ပျို အသွင်သဏ္ဌာန်ရှိသော၊ သူ။ သော တသ္မိံ ယေဝ ခဏေ တံ အတ္တဘာဝံ ဝိဇဟိတွာ မာဏဝကဝဏ္ဏီ အဟောသိ။ အံ၊ဋ္ဌ၊၁။၁၉၈။

**မာဏဝကဝေသ** (ပု) [ မာဏဝက+ဝေသ] လုလင်ပျို အသွင်။ မာဏဝကဝေသေန

ရာဇဒ္ဓါရေ ဌတ္ဝာ။ ဇာ၊ဋ္ဌ၊၄။၁၇၁။ (-ဇာ၊ ဋ္ဌ၊၂။၂၅၀။ ဇာ၊ဋ္ဌ၊၃။၁၇၃။)

**မာဏဝကသတ** (န) [ မာဏဝက+သတ ] လူငယ်-တစ်ရာ-အရာ။ တီဏိ စ မာဏဝကသတာနိ မန္တေ ဝါစေတိ။ သုတ္တနိ။၃၆၅။ (-မိလိန္ဒ။၁၀၃။ ထေရ၊ဋ္ဌ၊၁။၃၁၀။ အပ၊ဋ္ဌ၊ ၁။၃၃၉။ ဇာ၊ဋ္ဌ၊၃။၁၇။)

**မာဏဝကသဟဿ** (န) [ မာဏဝက+သဟဿ ] လူငယ်-တစ်ထောင်-အထောင်။ မာဏဝကသဟဿေဟိ သဒ္ဓိံ ပဗ္ဗတပါဒေ ဣသိပဗ္ဗဇ္ဇံ ပဗ္ဗဇိတွာ။ ထေရ၊ဋ္ဌ၊၁။၁၉။

**မာဏဝဂါမိက (ဂါမိယ)** (ပု) [မာဏဝ+ဂါမိက (ဂါမိယ)] မာဏဝဂါမိကမည်သူ၊ မာဏဝဂါမိယမည်သူ။ မာဏဝဂါမိကေန ဒေဝပုတ္တေန ဘာဂဝတော ပုရတော ဌတွာ။ မိလိန္ဒ။၂၃၆။ မာဏဝဂါမိယော စ....ဝေဠုဝနံ ဩဘာသေတွာ။ သံ၊၁။၆၅။ (-သံ၊ဋ္ဌ၊၁။၁၁၀။)

**မာဏဝတ္ထေရ** (ပု) [မာဏဝ+ထေရ] မာဏဝထေရ်။ (ဤမထေရ်သည် သာဝတ္ထိမြို့သား ဗြာဟ္မဏမဟာသာလမျိုးဖြစ်သည်၊ မွေးဖွားသည်မှ ၇-နှစ်အရွယ်အထိ အိမ်တွင်း၌သာ နေရသည်၊ အသက် ၇-နှစ်မြောက်သော နေ့၌ ဥယျာဉ်သို့ ထွက်သွားရာ သူအို, သူနာ, သူသေတို့ကို မြင်ရသဖြင့် ထိတ်လန့်သော နှလုံးရှိရကား ထိုဥယျာဉ်မှ ဇေတဝန်ကျောင်းတော်သို့ တိုက်ရိုက်သွားရောက်ပြီး ရဟန်းပြုသည်၊ မကြာမီ ရဟန္တာအဖြစ်သို့ ရောက်သည်။ လွန်ခဲ့သော ၉၁-ကမ္ဘာထက်က ဖွားစ ဖြစ်သော ဝိပဿီဘုရားအလောင်းတော်၏ လက္ခဏာတို့ကို ရှု၍ ဘုရားဖြစ်မည်ဟု နိမိတ်ဖတ်ခြင်း, ဘုရားအလောင်းတော်အား အမျိုးမျိုးသော ထောမနာစကားတို့ဖြင့် ချီးကျူးခြင်း ရှိခိုးခြင်းတို့ကို ပြုခဲ့ဖူးသည်။ ထိုကောင်းမှုကြောင့် ဤကမ္ဘာမှ ပြန်၍ ရေတွက်သော် ကမ္ဘာ ၉၀, ယင်းမှ အောက်သို့ ရေတွက်သော် ကမ္ဘာ ၈၀-အထိ အောက်ပါအမည်များဖြင့် အစဉ်အတိုင်း စကြာမင်း စည်းစိမ်ကို ၁၁-ကြိမ်တိတိ ခံစားရသူ ဖြစ်သည်။ စကြာမင်း အမည်များကား-၁။ သမ္မုခါထဝိက။ ၂။ ပထဝီဒုန္ဒုဘိ။ ၃။ဩဘာသ။ ၄။ သရိတစ္ဆေဒန။၅။အဂ္ဂိနိဗ္ဗာပန။ ၆။ဂတိပစ္ဆေဒန။ ၇။ဝါတသမ။ ၈။ရတနပဇ္ဇလ။ ၉။ပဒဝိက္ကမန။ ၁၀။ဝိလောကန။ ၁၁။ဂိရသာရတို့တည်း။ဤမာဏဝထေရ်နှင့် (အပ၊၁။၁၇၄-၅) လာ သမ္မုခါထဝိက ထေရ်ဟူသည် တစ်ဦးတည်းပင် ဖြစ်သည်။ ထေရ၊ဋ္ဌ၊၁။၂၀၄-၆။ ) ဇိဏ္ဏဉ္စ ဒိသွာ ဒုခိတဉ္စ ဗျာဓိတန္တိ အာယသ္မတော မာဏဝတ္ထေရဿ ဂါထာ။ ထေရ၊ဋ္ဌ၊၁။ ၁၀၄။

**မာဏဝပုတ္တ** (ပု) [ မာဏဝ + ပုတ္တ] လုလင်ပျို စစ်သား၊ လူငယ်စစ်သား။ မာဏဝပုတ္တာ (ဇာ၊၂။၂၁၉) တိ ဥပဋ္ဌာကတရုဏယောဓာ။ ဇာ၊ဋ္ဌ၊၆။၃၁၀။

**မာဏဝရူပ** (န) [မာဏဝ+ရူပ] လုလင်ပျို အသွင်။ တေသု အကိလမနဘာဝံ ပတ္ဟာ မာဏဝရူပေနေဝ ဝိစရိတုံ လဘတိ။ မ္ဓာ၊ဋ္ဌ၊ ၂။ ၁၅၃။

**မာဏဝဝေါဟာရ** (ပု) [မာဏဝ+ဝေါဟာရ] မာဏဝဟူသော ဝေါဟာရ။ ဗြာဟ္မဏော ပန တံ အနေ့ာလောကေတွာ မာဏဝဝေါဟာရေနေဝ ဝေါဟရန္တော "သစ္စံ ခေါ ဝဒေသိ မာဏဝါ"တိ အာဒိမာဟ။ ဝိမာန၊ဋ္ဌ။၃၀၇။ (-သီ၊ဋ္ဌီ၊သစ်၊၁။၇၀။ မ၊ဋ္ဌီ၊၃။၃၇၁။)

**မာဏဝသဟဿ** (န) [ မာဏဝ+သဟဿ ] လူငယ်-တစ်ထောင်- အထောင်။ မာဏဝသဟဿေဟိ သဒ္ဓိံ ပဗ္ဗတပါဒေ ဣသိပဗ္ဗဇ္ဇံ ပဗ္ဗဇိတွာ။ အပ၊ဋ္ဌ၊၂။၃၁။

**မာဏဝိကာ** (ထီ) [မာဏဝ+က+အာ] မိန်းမပျို၊ အပျို။ ယေ တေ မာဏဝကာ ဝါ မာဏဝိကာ

ဝါ ဘဝန္တံ ဂေါတမံ အဘိဝါဒေယျာသိ။ ဒီ၊၁။ ၁၀၃။(–မ၊၂။၄၇။)

**မာဃီ** (ပု) မာဃီနတ်။ ဒမိမုခေါ မဃီ မာဃီ ဝရော ဒီသော (ဒီ၊၃။၁၆၅) တိ မဃီ စ မာဃီ စ ဝရော စ ဒီသော စ။ ဒီဋ္ဌ၊၃။၁၅၂။

**မာဃိက** (တိ) [မဃီ+ဏိက] ပတ္တမြားဖြင့် ပြီးသော၊ ပတ္တမြားဖြင့် ပြုလုပ်ထားသော (တန်ဆာ)။ သျ–၌ မဃိကေ—ဟု ရှိ၏။ မာဃိကေ (ဇာ၊၂။၃၇၅) တိ မဃိမယေ။ ဇာဋ္ဌ၊၇။၃၀၂။

**မာတင်္ဂါရ** (ပု) မာတင်္ဂါရမည်သော သစ်ပင်။ (အင်္ဂလိပ်မူ၌ မာတင်္ဂါ ငါ–ဟုရှိသည်၊ ထော-မ–၌ မာတင်္ဂသဒ္ဒါ ညောင်ဗုဒ္ဓဟောပင်ဟော တွေ့ရသည်။) မာတင်္ဂါရ (မာတင်္ဂါ ဝါ?) သတ္တလိယော၊ ပါဋလီ သိန္ဒုဝါရကာ။ အပ၊ ၁။၄၀၅။

**မာတင်** (ပု)[မာတင်+ဏ။မဟာန္တ+အင်။ခါန်၊ဋီ။ ၃၆၀။သုစိ] (၁)ဆင်။ (၂)ဒွန်းစဏ္ဍား။(ဤ၌ ဇာတ်နိမ့်သူကို 'မာတင်–စဏ္ဍာလ'ဟု သုံးနှုန်းဟန်တူ၏။ ဓမ္မပဒအဋ္ဌကထာ (၁။၂၅–၉)လာ အကြောင်းအရာတူဝတ္ထု၌ ဒေဝိလရသေ့, နာရဒရသေ့ဟု လာရှိသည်။ ဤသံယုတ်အဋ္ဌ-ကထာ၌ကား ဇာတိမာရသေ့,မာတင်ရသေ့ ဟု လာရှိသည်၊ ဇာတိမာကို ဇာတ်မြင့်သူဟု ပြန်လျှင် မာတင်ကို ဇာတ်နိမ့်သူဟု ပြန်မှ သင့်လျော်မည် ထင်၏။ စဏ္ဍာလ–လည်း ကြည့်။) (၃) မာတင်မည်သူ။ (မာတင်ဘုရား လောင်း ယင်းကို မာတင်ပညာရှိဟုလည်း သုံးနှုန်းသေး၏။ ဇာ၊ဋ္ဌ၊၄။၃၇၆။ ဇာ၊ဋ္ဌ၊၅။ ၂၉၀။ မာတင်ပစ္စေကဗုဒ္ဓါ။ သုတ္တနိ၊ဋ္ဌ၊၁။ ၁၁၆။ မာတင်သူကြွယ်။ထေရ၊ဋ္ဌ၊၁။၄၄၆ ဟု အမည်တူ သုံးဦးတွေ့ရသည်။) (တိ) (၄) ဆင်မျိုး၌ ဖြစ်သော။ (ထောမဋ္ဌ-၁။ ဆင်။ ၂၊ တောင်ပေါ်သား, လူရိုင်း။၃၊ ညောင်ဗုဒ္ဓ ဟောပင်ဇသော အနက်များလာသေး၏။)(၁) ဇကော စရေ မာတင်ရညေဝ နာဂေါ။ ဝိ၊၃။ ၄၉၆။ မ၃။၁၉၃။ ဓမ္မ။၆၀။ ဇာ၊၁။၁၈၈။ (–ဇာ၊၁။၁၆၈။ ဇာ၊ဋ္ဌ၊၃။၃၆၇။) မာတင်-ရညေဝ နာဂေါတိ မာတင်္ဂေါ အရညေ နာဂေါဝ။ မာတင်္ဂေါတိ ဟတ္ထီ ဝုစ္စတိ။ဝိ၊ဋ္ဌ၊၃။ ၄၃၄။ မ၊ဋ္ဌ၊၄။၁၄၇။ ဇာ၊ဋ္ဌ၊၃။၄၆၆။ (–ဓမ္မ၊ ဋ္ဌ၊၂။၃၂၃။ သာရတ္ထ၊၃။၃၅၂။) (၂) မာတ-င်္ဂေါ (သံ၊ဋ္ဌ၊၂။၂၂၁။)တိ စဏ္ဍာလော။ သံ၊ ဋီ၊၂။၁၉၇။ (၃) မာတင်္ဂေါတိသ နာမံ ကရိ သု။ ဇာ၊ဋ္ဌ၊၄။၃၇၆။ (တိ) (၄) မာတင်္ဂါ (အပ၊၁။၄၉) မာတင်ကုလေ ဇာတာ။ အပ၊ ဋ္ဌ၊၁။၃၂၅၊

**မာတင်္ဂလ္လသိ** (ပု) [မာတင်+လ္လသိ] မာတင် ရသေ့။ မာတင်္ဂလ္လသိသာ ဥဇ္ဇိဋ္ဌာဘတ္တံ။ မဋ္ဌ၊ ၃။၅၉။ (–၆၁)

**မာတင်ကုလ** (န) [မာတင်+ကုလ] (၁)ဆင်မျိုး၊ (၂) ဒွန်းစဏ္ဍားမျိုး။ (၁)မာတင် (တိ) (၄)ကြည့်။ (၂) မာတင်ကုလေ နိဗ္ဗတ္တိယာ ဇာတိယာ အာဂတံ ဟိသ တော် နာမံ။ စရိယာ၊ဋ္ဌ။ ၁၄၉။

**မာတင်စဏ္ဍာလ** (ပု) [မာတင်+စဏ္ဍာလ] မာတင်ဒွန်းစဏ္ဍား၊ ဒွန်းစဏ္ဍားမာတင်။ အဟံ မာတင်စဏ္ဍာလော။ သုတ္တနိ၊ဋ္ဌ၊၁။၁၆၀။ (– စရိယာ၊ဋ္ဌ။၁၄၉။)

**မာတင်ဇာတက** (န) [မာတင်+ဇာတက] မာတင်ဇာတ်၊ ဘုရားရှင် ဇေတဝန်ကျောင်း၌ နေတော်မူစဉ် အရှင်ပိဏ္ဍောလဘာရဒွါဇ မထေရ်အား ခါချဉ်ထုပ်ဖြင့် ပစ်ပေါက်သော "ဥတေန"မင်းကို အကြောင်းပြု၍ဟောသော ဇာတ်။ ဇာတကပါဠိ၊ ဝီသတိနိပါတ၊ ၃၀၉–၃၁၂။ (ဤဇာတ်၌ စဏ္ဍာလတစ်ဦးဦး အိမ်ခန်းတံခါး၌ ကွယ်လွန်သည်ဖြစ်အံ့၊ ထိုအ ခန်းတည်းရှိနေသူအားလုံး စဏ္ဍာလဖြစ်ကြ ရသည်။ အိမ်အလယ်၌ ကွယ်လွန်သည်ဖြစ်အံ့ အိမ်နေသူအားလုံး စဏ္ဍာလဖြစ်ကြရသည်၊

အိမ်၏အဝင်တံခါး၌ ကွယ်လွန်သည်ဖြစ်အံ့၊ ယင်းအိမ်နှင့် နီးကပ်နေသော အိမ်နေသူအားလုံး စဏ္ဍာလဖြစ်ကြရသည်၊ အိမ်ယင်ပြင်=အိမ်ဝင်းအတွင်း၌ ကွယ်လွန်သည်ဖြစ်အံ့၊ တဘက်ခုနစ်အိမ်စီ (၁၄-အိမ်) ရှိလူများ စဏ္ဍာလဖြစ်ကြရသည်–ဟု (မ၊ဋ္ဌ၊၃။ ၅၀-၌) ဆိုထားသည်။ ယင်းကို ထောက်၍ ထိုစဉ်အခါက အမျိုးဇာတ် အနိမ့်အမြင့် အယူအဆ မည်မျှပြင်းထန်သည်ကိုလည်းကောင်း, ဇာတ်နိမ့်သူများအား တိရစ္ဆာန်လောက် သဘောထား၍ နှိပ်စက်ညှဉ်းပန်းမှုများကို လည်းကောင်း, ယင်း နှိပ်စက်ညှဉ်းပန်းမှုကြောင့် ဘုရားအလောင်းမာတင်္ဂက ဇာတ်မြင့်သူ ဒိဋ္ဌမင်္ဂလိကာ အမျိုးသမီးကို မယားအဖြစ်သိမ်းပိုက်၍ ယင်း ခေတ်အယူအဆကို တစ်စိတ်တစ်ဒေသအားဖြင့် တော်လှန်ဆန္ဒပြသည်ကိုလည်းကောင်း, မိမိလက်တွင်းသို့ ရောက်ရှိလာသော ဇာတ်မြင့်အမျိုးသမီးကို မယားအဖြစ် ပေါင်းသင်းခြင်း မပြုဘဲ ငွေပေါင်း ၁၈-ကုဋေ (–သိန်းပေါင်း ၁၈၀၀ တစ်ထောင့်ရှစ်ရာ) ရရှိအောင်ပြုလုပ်ပေးသည်ကိုလည်းကောင်း, ထိုခေတ် ထိုအချိန်အခါက အမျိုးဇာတ်မြင့်မှုနှင့် ဝေဒကျမ်းတတ်ကျွမ်းမှုများကို မည်မျှ ဦးစားပေးသည်ကို လည်းကောင်း, ဘုရားအလောင်း မာတင်္ဂအပါအဝင် ရသေ့ပရိဗိုဇ်များ၏ အသွင်အပြင်ကို မည်မျှအထင်သေးသည်ကို လည်းကောင်း, ထိုကဲ့သို့သော ပရိသတ်၌ ကြီးမားသော သည်းခံခြင်းဖြင့် သီလရှိသူများအားသာ လှူဒါန်းရန် ဟောပြောမှုအကျိုး မထင်သည်ကိုလည်းကောင်း, မည်မျှရင့်ရင့်သီးသီး ပြောဆိုနှင်ထုတ်သော်လည်း မဏ္ဍဗျလုလင်စသော ပုဂ္ဂိုလ်များအပေါ်၌ သည်းခံတော်မူသည်ကို လည်းကောင်း, ဘုရားအလောင်း မာတင်္ဂအား ဖြစ်မှားသော မဏ္ဍဗျအပါအဝင် ၈၀၀၀၀ သော ပုဏ္ဏားတို့ကို ဦးခေါင်းနောက်ပြန်စေ၍ မျက်ဖြူဆိုက်အောင် "နတ်" များက ပြုလုပ်ထားကြသည်ကို လည်းကောင်း, ဘုရားအလောင်း မာတင်္ဂကို သတ်ပစ်သော "မဇ္ဈ" မင်းနှင့်တကွ ပြည်သူအားလုံးတို့ ပြာပုံမိုးမိ၍ ပျက်စီးသည်ကိုလည်းကောင်း တွေ့မြင်သိရှိရပေလိမ့်မည်။ အကျယ်ကို– မ၊ဋ္ဌ၊၃။၄၈–၆၃။ သုတ္တနိ၊ဋ္ဌ၊၁။၁၆၇–၁၇၃။ စရိယာ၊ဋ္ဌ။၁၅၆။ ဇာ၊ဋ္ဌ၊၄။၃၇၆–၃၉၀ – တို့ကြည့်။ ) မာတင်္ဂဇာတကေ မဇ္ဈရညော ဗြာဟ္မဏာနံ ကထံ ဂဟေတွာ မာတင်္ဂတာပသေ အပရဇ္ဈိတွာ။ ဇာ၊ဋ္ဌ၊၅။ ၁၁၉။ (–၂၉၀။)

**မာတင်္ဂတာပသ** (ပု) [မာတင်္ဂ+တာပသ] မာတင်္ဂရသေ့။ မာတင်္ဂဇာတက–ကြည့်။

**မာတင်္ဂနာဂ** (ပု) [မာတင်္ဂ+နာဂ] ကြီးသော ဆင်၊ ဆင်ပြောင်ကြီး။ (ပါစိတ်၊ ယော–၌ နာဂသဒ္ဒါကို ဥတ္တမတ္ထ ကြံ၏။ ဤ၌ဟတ္ထိနာဂ နှင့် ပုံစံတူ ဖွင့်ပြသောကြောင့် နာဂသဒ္ဒါ အကြီးအနက်ဟောကြံသည်။ ဥဒါန၊ဋ္ဌ။၂၂၈-နှင့် ယှဉ်ကြည့်။) ယထာ ဟိ မာတုပေါသကော မာတင်္ဂနာဂေါ အရညေ ကော စရိ။ ဝိ၊ဋ္ဌ၊၃။၄၃၄။ မ၊ဋ္ဌ၊၄။၁၄၇။ ဇာ၊ဋ္ဌ၊၃။၄၆၆။ မာတင်္ဂသဒ္ဒေနေဝ ဟတ္ထိဘာဝဿ ဝုတ္တတ္တာ နာဂဝစနံ တဿ မဟတ္တဝိဘာဝနတ္ထန္တိ အာဟ "နာဂေါတိ မဟန္တာဓိဝစနမေတ"န္တိ။ မဟန္တ-ပရိယာယော ဟိ နာဂသဒ္ဒေါ ဟောတိ။ သာ-ရတ္ထ၊၃။၃၅၂။ မ၊ဋီ၊၃။၃၅၀။ မဟန္တော အင်္ဂေါ သရီရ မေတဿာတိ မာတင်္ဂေါတိ ဝစနတ္ထေန ဟတ္ထိ မာတင်္ဂေါ နာမာတိ ဒဿေတိ....ဥတ္တ-မတ္ထတိ ဒဿေန္တော အာဟ "နာဂေါတိ မဟန္တအဓိဝစနမေတ" န္တိ။ ပါစိတ်၊ ယော။ ၄၀၂–၃။

**မာတင်္ဂပဏ္ဍိတ** (ပု) [မာတင်္ဂ+ပဏ္ဍိတ] မာတင်္ဂပညာရှိ။ ဂတဋ္ဌာနံ ဂဝေသိတွာ နိရပရာဓံ မာတင်္ဂပဏ္ဍိတံ တဇ္ဇေတွာ။ မ၊ဋ္ဌ၊၃။၄၉။(–စရိ-

ယာ၊ ၄။ ၁၄၉။ ဇာ၊ ၄၊ ၄။ ၃၇၇။ ဝိမတိ၊ ၁။ ၁၀၁။)

**မာတင်္ဂပုတ္တ** (ပု) [မာတင်္ဂ+ပုတ္တ] မာတင်္ဂသူကြွယ်သား။ အောက်ပုဒ်ကြည့်။

**မာတင်္ဂပုတ္တတ္ထေရ** (ပု) [မာတင်္ဂပုတ္တ + ထေရ] မာတင်္ဂပုတ္တထေရ်။ (ယင်းမထေရ်သည် ဂေါတမရှင်တော်ဘုရား လက်ထက် ကောသလတိုင်းနေ မာတင်္ဂသူကြွယ်၏သား ဖြစ်၍ "မာတင်္ဂပုတ္တ"ဟု အမည်တွင်သည်၊ အလွန်ပျင်းရိသူဖြစ်၍ ဆွေမျိုးတစ်မ်းတို့၏ အကဲ့ရဲ့ခံရသူဖြစ်သည်၊ အလုပ်မလုပ်လိုသူတို့၏ ထုံးစံအတိုင်း သက်သာမည့်နေရာကို စဉ်းစားရာတွင် ရဟန်းများကို မြင်ရသည်ဖြစ်၍ ဘုရားရှင်ထံ ရဟန်းပြုသူဖြစ်သည်၊ တန်ခိုးနှင့်ပြည့်စုံကြသော ရဟန်းတို့ကိုမြင်၍ တန်ခိုးဣဒ္ဓိပါဒ်ကို တောင်းတလျက် ဘုရားရှင်ထံ ကမ္မဋ္ဌာန်းယူ အားထုတ်သောအခါ အဘိညာဉ် ၆-ပါး ရရှိခဲ့သည်၊ ရဟန္တာဖြစ်ပြီးနောက် ပျင်းရိခြင်းကို ကဲ့ရဲ့လိုသည်အတွက် "အလွန်အေးသေးသည်, အလွန်ပူသေးသည်, အလွန်စောသေးသည် – ဟု အကြောင်းအသွယ်သွယ်ရမယ်အမျိုးမျိုးပြ၍ အမှုကြီးငယ်တို့ကို စွန့်လွှတ်သော သတ္တဝါတို့ကို ဗုဒ္ဓုပ္ပါဒနဝမခဏစသောကာလတို့သည် လွန်ကုန်၏။ အအေးကိုလည်းကောင်း, အပူကိုလည်းကောင်း မြက်ကဲ့သို့မှတ်ထင်လျက် ရရင့်သော ယောကျ်ားများပြုသင့်သော အတ္တဟိတ, ပရဟိတ–မိမိအကျိုးသူတစ်ပါးအကျိုးကို ပြုသောသူသည် အမြင့်ဆုံးနိဗ္ဗာန်ချမ်းသာအထိ ရနိုင်သည်" ဟူသောစကားကို မိန့်ဆိုသည်။ ထေရ။ ၂၆၄။ ထေရ၊ ဋ္ဌ၊ ၁။ ၄၄၆ – ၄၄၉။ ပဒုမုတ္တရဘုရားရှင်လက်ထက်က ပတ္တမြားဖြင့် ပူဇော်ခဲ့သောကောင်းမှုကြောင့် သိကြားမင်းအဖြစ် ကမ္ဘာ ၆၀၊ စကြာမင်းအဖြစ် ရာပေါင်းများစွာဖြစ်ခဲ့ဖူးသည်၊ ထို့ပြင် ဆန်းကြယ်သော အဝတ်တန်ဆာ ပတ္တမြားနားတောင်းရှိ၍ ခါးသေးတင်ကျယ် ပြုံးရယ်သော ၈၆၀၀၀-သော နတ်သမီးတို့နှင့် နတ်စည်းစိမ်ကိုလည်း ခံစားရ၏။ အပ၊ ၂။ ၄၇။) အတီသီတန္တိ အာယသ္မတော မာတင်္ဂပုတ္တတ္ထေရဿ ဂါထာ။ ထေရ၊ ဋ္ဌ၊ ၁။ ၄၄၆။

**မာတင်္ဂဝါရဏ** (ပု) [မာတင်္ဂ+ဝါရဏ] မာတင်္ဂမျိုး၌ဖြစ်သော ဆင်၊ ဆင်ပြောင်ကြီး။ (ဆင် ၁၀-မျိုး၌ မာတင်္ဂမျိုးမပါသော်လည်း အဖွင့်အတိုင်းရေးသည်။) ဣသိသံဃေ အဟံ ပုဗ္ဗေ၊ အာသိံ မာတင်္ဂဝါရဏော။ အပ၊ ၁။ ၂၈၂။ မာတင်္ဂဟတ္ထိကုလေ ဝါရဏော စဏ္ဍဟတ္ထိ အဟောသိန္တိ သမ္ဗန္ဓော။ အပ၊ ဋ္ဌ၊ ၂။ ၁၉၆။

**မာတင်္ဂဝေသ** (ပု) [မာတင်္ဂ+ဝေသ] မာတင်္ဂအသွင်။ မဟာဗြဟ္မာဝ အယံ ဒိဋ္ဌမင်္ဂလိကံ ဒမေတုံ ပုဗ္ဗေ မာတင်္ဂဝေသေနာဂစ္ဆိတိ နိဋ္ဌံ အဂမာသိ။ သုတ္တနိ၊ ဋ္ဌ၊ ၁။ ၁၇၀။

**မာတင်္ဂသဒ္ဒ** (ပု) [မာတင်္ဂ+သဒ္ဒ] မာတင်္ဂသဒ္ဒါ။ မာတင်္ဂနာဂ–ကြည့်။

**မာတင်္ဂဟတ္ထိကုလ** (နု) [မာတင်္ဂဟတ္ထိ + ကုလ] မာတင်္ဂဆင်မျိုး။ မာတင်္ဂဝါရဏ–ကြည့်။

**မာတလိ** (ပု) [ မတလ+ဏိ။ ဓာန်၊ ဋီ။ ၂၂။ ထောမ ၌ကား မတသဒ္ဒူပပဒ-လာဓာတ်၊ က-ပစ္စည်းသက်၍ ကိတ်ရုပ်ပြီးသောအခါ မတလပုဒ်နောင် အပစ္စအနက်၌ "ဏိ"- ပစ္စည်းသက်ပြီးရုပ်စီရင်သည်။]မာတလိနတ်သား။ပနာဒေါ ဩပမညော စ၊ ဒေဝသူတော စ မာတလိ။ ဒီ၊ ၂။ ၂၀၆။ (–မ၊ ၂။ ၂၆၇။ သံ၊ ၁။ ၂၂၃။ မ၊ ဋ္ဌ၊ ၃။ ၂၁၈။ သံ၊ ဋ္ဌ၊ ၁။ ၃၁၄။ ဒီ၊ ဋီ၊ ၂။ ၂၄၆။)

**မာတလိဒေဝပုတ္တ** (တိ) [မာတလိ + ဒေဝပုတ္တ] မာတလိနတ်သား။ မာတလိဒေဝပုတ္တံ မော-စပ္ပမာဏဒါဌံ....သုနခံ မာပေတွာ။ ဇာ၊ ဋ္ဌ၊ ၄။ ၁၈၃။

**မာတလိပမုခ** (တိ) [မာတလိ+ပမုခ] မာတလိ နတ်သား အမှူးရှိသော။ မာတလိပမုခဿ ဒေဝဿ ဣမာဟိ ဂါထာဟိ ဓမ္မံ ဒေသေသိ။ ဝိမာန၊ဋ္ဌ။၁၈၆။

**မာတလိသင်္ဂါဟက** (ပု) [မာတလိ+သင်္ဂါဟက] ကူဖော်ဖြစ်သော မာတလိ (ဓမ္မ၊ဋ္ဌ၊သျှ)။ ချီးမြှောက်တတ်သော မာတလိ နတ်သား။ မာတလိသင်္ဂါဟကော တဿ ဝစနံ သုတွာ။ ဇာ၊ဋ္ဌ၊၁။၂၁၉။ မာတလိသင်္ဂါဟကေ ဝေဇယန္တရထေ စ ပါကဋ္ဌေ ဇာတေဘာ။ ဇာ၊ဋ္ဌ၊၆။ ၁၂၉။ (-ဇာ၊ဋ္ဌ၊၄။၆၃။)

**မာတာ** (ထီ) [မာတု+သိ] အမိသည်။ မာတု-ကြည့်။

**မာတာနုကမ္ပက** (တိ) [မာတု+အနုကမ္ပက] အမိသည် အစဉ်သနား စောင့်ရှောက်အပ်သော၊ သူ။ မာတာနုကမ္ပကော ပေါသော၊ သဒါ ဘဒြာနိ ပဿတိ။ ဇာ၊ဋ္ဌ၊၇။၁၈၂။ (သျှ-၌ မာတာနုကမ္ပိတော-ဟု ရှိသည်။)

**မာတာပိတာနုကမ္ပိတ** (တိ) [မာတာပိတု+အနု-ကမ္ပိတ] မိဘသည် အစဉ်သနား စောင့်ရှောက်အပ်သော၊သူ။ မာတာပိတာနုကမ္ပိ-တဿ မဟာနာမကုလပုတ္တဿ ဝုဍ္ဍိယေဝ ပါဋိကင်္ခါ နော ပရိဟာနိ။ အံ၊၂။၆၇။

**မာတာပိတိအဘိသန္ဓိ** (ထီ၊ပု) [မာတာပိတု+ အဘိသန္ဓိ] မိဘကို သတ်လိုသော စိတ်။ ဋ္ဌေ-ကာဘိသန္ဓိနာ ပန မာတာပိတိအဘိသန္ဓိနာ ဝါ ဋ္ဌေကံ မာရေန္တော အာနန္တရိယံ န ဖုသတိ။ မ၊ဋ္ဌ၊၄။၇၆။ အံ၊ဋ္ဌ၊၁။၃၅။ အဘိ၊ဋ္ဌ၊၂။၄၀၇။ သာရတ္ထ၊၃။၂၆၀။ကင်္ခါ၊ဋီ၊သစ်။၁၇၂။ အဘိ-သန္ဓိနာတိ အဓိပ္ပါယေန။ အံ၊ဋီ၊၁။၂၃။ (-မ၊ဋ္ဌ၊၄။၇၆-၌ မာတာပိတာအဘိသန္ဓိနာ -ဟု လည်းရှိ၏။ အနက်တူ။)

**မာတာပိတိဋ္ဌာန** (န) [မာတာပိတု+ဌာန] မိဘ-အရာ။ လောကဿ မာတာပိတိဋ္ဌာနေ ဋ္ဌိတော။ မ၊ဋ္ဌ၊၄။ ၁၉၅။

**မာတာပိတိပက္ခိက** (တိ) [မာတာပိတု+ပက္ခိက] အမိဘက် အဘဘက်၌ ဖြစ်သော၊ သူ။ ဉာတိ ဝါ ပန ဉာတကေတိ မာတာပိတိပက္ခိကာ ဉာတိ ဝါ တေဟေဝ ဉာတကေ ရက္ခိတုံ န သက္ကောန္တိ။ မဟာနိ၊ဋ္ဌ။၂၁၆။

**မာတာပိတုဗန္ဓဝ** (ပု) [မာတာပိတု+ဗန္ဓဝ] အမိ အဘဟူသော-ဆွေမျိုး-သားချင်း။မာတာ-ပိတိဗန္ဓဝါပိ ဉာတိဗန္ဓူ။ မဟာနိ၊ဋ္ဌ။၄၆။

**မာတာပိတိသမာဂမ** (ပု) [မာတာပိတု+သမာ-ဂမ] အမိ အဘတို့၏-ပေါင်းဆုံခြင်း-မေထုန်မှီဝဲခြင်း။ ဣဓ္ဓိမာ ဝိယ အနိဒ္ဓိမာ မာတာပိတိ သမာဂမဥ္စေဝ........တိဋ္ဌတိ။ အဘိ၊ဋ္ဌ၊၃။၂၀၅။

**မာတာပိတု** (ပု) [မာတု+ပိတု။ ရှေ့ပုဒ် ဉ-ကို အာ-ပြု။ မောဂ်၊၃။၆၄။] အမိ အဘ။ အနုညာတောသိ ပန တွံ သုဒိန္န မာတာပိတူဟိ အဂါရသ္မာ အနဂါရိယံ ပဗ္ဗဇ္ဇာယ။ ဝိ၊၁။၁၃။ (-မ၊၁။၂၁၉။ အံ၊၁။၆၃။ သုတ္တနိ။၃၁၉။) မာတာပိတု ဥပဋ္ဌာနန္တိဧတ္ထ မာတုစ ပိတုစာတိ မာတာပိတု။ သုတ္တနိ၊ဋ္ဌ၊၂။၂၀။

**မာတာပိတုဥပဋ္ဌာက** (တိ) [မာတာပိတု+ဥပ-ဋ္ဌာက] မိဘကို လုပ်ကျွေးသော၊သူ။ ပရ-လောကံ ပန ဂန္တွာ သဂ္ဂေ ဌိတော သော မာတာပိတုဥပဋ္ဌာကော ဒိဗ္ဗသမ္ပတ္တိဟိ အာ-မောဒတိ ပမောဒတိ။ အံ၊ဋ္ဌ၊၂။၁၀၀။ (-သုတ္တနိ၊ဋ္ဌ၊၂။၂၁။)

**မာတာပိတုဥပဋ္ဌာန** (န) [မာတာပိတု+ဥပဋ္ဌာန] မိဘကို လုပ်ကျွေးခြင်း။ (မိဘများသည် ဗြဟ္မာ၊ ပုဗ္ဗဒေဝတာ၊ ပုဗ္ဗာစရိယ၊ အာဟု-နေယျ၊ ပုရတ္ထိမဒိသာဟူသော ဤအမည် ၅-မျိုးကို ရရှိသူများဖြစ်သည်။ (ဣတိဝုတ်။ ၂၆၈-၉။ အံ၊၁။၁၃၀-၁၊ ဒီ၊၃။၁၅၄။) ထိုတွင် မေတ္တာစသောတရား ၄-ပါးနှင့် နေလေ့ရှိသော ဗြဟ္မာများကဲ့သို့ မိဘများသည် မိမိတို့ရင်သွေးများ ကိုယ်ဝန်ဆောင်စကပင်

"အနာရောဂါ ကင်းပါစေ၊ ခြေ လက်အင်္ဂါ အစုံအလင်နှင့် မွေးဖွားလာပါစေ"ဟူသော မေတ္တာစိတ်၊ တစ်စုံတစ်ခုသော အကြောင်းကြောင့် ပက်လက်အိပ်တတ်သည့် နုနယ်သော ရင်သွေးငယ်၏ ငိုသံကြားရသောအခါ သနားကရုဏာစိတ်၊ ရင်သွေးငယ် ပြေးလွှားကစားနိုင်သောအခါ ဝမ်းမြောက်မှု မုဒိတာစိတ်၊ အိမ်ထောင်ကျ၍ အိုးအိမ်ခွဲပြီး နေနိုင်သောအခါ "ထိုရင်သွေးများ မိမိဘာသာ ရပ်တည် အသက်မွေးနိုင်ကြပေသည်" ဟူသော လျစ်လျူရှုခြင်း ဥပေက္ခာ စိတ်တို့နှင့် နေလေ့ရှိကြသည့်အတွက် "ဗြဟ္မာ"ဟူသော အမည်ကို ရရှိကြသည်။ (အံ၊၄၊၂။၉၉။ ဣတိဝုတ်၊၄။ ၃၁၈-၉။)

မင်းနှင့် မိဖုရားများကို "သမ္မုတိနတ်"ဟု ခေါ်သည်၊ နတ်ဗြဟ္မာအားလုံးကို "ဥပပတ္တိနတ်"ဟု ခေါ်သည်၊ ထိုနတ်များသည် မသိနားမလည်သူများ၏မိုက်ပြစ်ကို ခွင့်လွှတ်တတ်သည်၊ အကျိုးမဲ့ကို ပယ်ရှား၍ အကျိုးဖြစ်ထွန်းမှုကို လိုလားကြသည်၊ မိမိတို့ကို ပူဇော်သူများအား ထိုပူဇော်သူ၏ ကြီးမားသော အကျိုးကိုရရှိအောင် ဆောင်ရွက်နိုင်ကြသည်။ မိဘဟူသမျှလည်း မိမိတို့၏ ရင်သွေးများကို အဆိုပါ နတ်များကဲ့သို့ပင် ခွင့်လွှတ်ခြင်း, အကျိုးဖြစ်ထွန်းစေလိုခြင်း စသော သဘောများရှိကြ၍ "နတ်"ဟု ဆိုရသည်။ ဆိုခဲ့ပြီးသောနတ်အများတွင် အခြားနတ်ထက် ပထမဦးစွာ ကျေးဇူးများကြသူ မိဘများဖြစ်၍ "ပုဗ္ဗဒေဝတာ" ဟူသော အမည်ကိုလည်း ရရှိကြသည်။ (ဣတိဝုတ်၊၄။၃၁၉။) ကလေးများအား စာပေနှင့် ဂဏန်းသင်္ချာစသော အတတ်ပညာမျိုးစုံ သင်ကြားပေးသူများကို ဆရာဟု ခေါ်သည်၊ မိဘများသည် ထိုဆရာများထက် "ဤသို့ထိုင် ဤသို့သွား"စသည်ဖြင့် ပထမဦးစွာ သင်ကြား ပြသပေးသူများ ဖြစ်သောကြောင့် "ပုဗ္ဗာစရိယ" ဟူသော အမည်ကိုလည်း ရရှိကြသည်။ (အံ၊၄၊၂။၉၉-၁၀၀။ ဣတိဝုတ်၊၄။၃၁၉။)

အဝေးမှ ဆောင်ယူလာသည့် ထူးမြတ်သော ပစ္စည်းဝတ္ထုများကို ခံယူထိုက်သော ဂုဏ်အရည်အချင်း ရှိသူများဖြစ်သောကြောင့် "အာဟုနေယျ" ဟူသော အမည်ကိုလည်း ရရှိကြသည်။ (အံ၊၁။၁၃၀။ ဣတိဝုတ်။၂၆၈။ ဣတိဝုတ်၊၄။၃၂၀။) ပထမဦးစွာ ရင်သွေးများကို ကျေးဇူးပြုသူများ ဖြစ်ကြ၍ "ပုဗ္ဗကာရီ" ဟူသော အမည်ကိုလည်း ရရှိကြသည်။ (ဒီ၊၃။၁၅၄။ ဒီ၊၄၊၃။၁၃၅။)

ထိုမျှလောက် ဂုဏ်ကျေးဇူး အရည်အချင်းရှိသော မိဘများကို သက်ဆိုင်ရာ သား, သမီးတို့သည် ညဉ့်နံနက် ဦးချရှိခိုးကြရမည်၊ ယာဂု ထမင်း ခဲဖွယ်ဖြင့်လည်းကောင်း၊ အဖျော်ယမကာများဖြင့်လည်းကောင်း၊ အဝတ်အရုံများဖြင့် လည်းကောင်း၊ ခုတင်, ကုလားထိုင်, မွေ့ရာ, ခေါင်းအုံးများဖြင့်လည်းကောင်း၊ အနံ့မကောင်းသည်ကို ကောင်းအောင် လုပ်ခြင်းဟူသော ကြေးတွန်းခြင်းဖြင့်လည်းကောင်း၊ အေးသောအခါ ရေနွေးချိုးစေခြင်း, ပူသောအခါ ရေအေးချိုးစေခြင်းဖြင့် လည်းကောင်း၊ ရေအေး ရေနွေးတို့ဖြင့် ဆေးပေးခြင်း, ဆီမွှေးနံ့သာ လိမ်းကျံခြင်းဖြင့်လည်းကောင်း ကောင်းမွန်စွာ ပြုစုကြရမည်။ (အံ၊၁။၁၃၀။ ဣတိဝုတ်။၂၆၉။ အံ၊၄၊၂။၁၀၀။ ဣတိဝုတ်၊၄။၃၂၁။)

အထက်ပါ နည်းအတိုင်း ပြုစုခြင်းဖြင့်လည်းကောင်း, အမိကို ညာဘက်ပခုံး အဘကို ဘယ်ဘက်ပခုံး၌ တင်ထား၍ အသက်ရှည်သမျှ ကာလပတ်လုံး ယင်းပခုံးပေါ်၌ ကျင်ကြီး ကျင်ငယ် စွန့်သည်ကို ပန့်မရှာ လုပ်ကျွေးခြင်းဖြင့်လည်းကောင်း, စကြဝတေးမင်းအဖြစ်သို့ ပို့ဆောင် တင်မြှောက်ပေးခြင်းဖြင့်လည်းကောင်း မိဘ ကျေးဇူးကို

ဆပ်ဆော်လည်း ကျေပွန်အောင် ဆပ်သည် မမည်ပေ။ သဒ္ဓါတရား မရှိသော မိဘများကို သဒ္ဓါတရားရှိလာအောင်၊ သီလပညာ မရှိသော မိဘများကို သီလပညာ ရှိလာအောင်၊ နှမြောတွန့်တို မပေးကမ်းလိုသော မိဘများကို ပေးကမ်းစွန့်ကြဲချင်လာအောင် တရားပြသပေးမှသာလျှင် မိဘကျေးဇူးကို ကျေပွန်အောင် ဆပ်ရာကျပေသည်။ (အံ၊၁။၆၃။) မာတာပိတုဥပဋ္ဌာနံ၊ သန္တာနံ ဗြဟ္မစာရိနံ။ အံ၊၁။၁၅၀။ (−ခုဒ္ဒက။၄။ သုတ္တနိ။၃၁၉။) မာတာပိတုဥပဋ္ဌာနန္တိ မာတာပိတူနံ ရက္ခနံ ဂေါပနံ ပဋိဇဂ္ဂနံ။ အံ၊ဋ္ဌ၊၂။၃၁၆။ (−ခုဒ္ဒက၊ဋ္ဌ။ ၁၁၅။ သုတ္တနိ၊ဋ္ဌ၊၂။၂၀။)

**မာတာပိတုဥပဋ္ဌာနဓမ္မ** (ပု) [မာတာပိတုဥပဋ္ဌာန + ဓမ္မ] မိဘကို လုပ်ကျွေးခြင်းဟူသော ကျင့်ဝတ်တရား။ မာတာပိတုဥပဋ္ဌာနဓမ္မော န မေ ပူရတိ။ ဓမ္မ၊ဋ္ဌ၊၂။၃၁၄။

**မာတာပိတုကိစ္စကရ** (တိ) [မာတာပိတုကိစ္စ+ကရ+အ] မိဘကိစ္စကို ပြုသော၊ သူ။ မာတာပိတုကိစ္စကရော၊ ပုတ္တဒါရဟိတော သဒါ။ အံ၊၂။၆၉။

**မာတာပိတုကောဋိ** (ထီ) [မာတာပိတု+ကောဋိ] မိဘတို့၏ မျိုးရိုးစဉ်ဆက်အစွန်း။ မာတာပိတုကောဋိယာ ပန မေ ဒါသဋ္ဌာနံ နတ္ထိ။ ဒီ၊ဋ္ဌ၊၃။၁၇၃။ အဘိ၊ဋ္ဌ၊၂။၄၆၉။ ပဋိသံ၊ဋ္ဌ၊၂။၃၂။ မဟာနိ၊ဋ္ဌ။၁၈၂။

**မာတာပိတုဃာတ** (ပု) [မာတာပိတု+ဃာတ] မိဘကို သတ်ခြင်း။ သစေ မာတာပိတုဃာတော....ပဋိသန္ဓိဝသေန ဝိပစ္စတိ။ မ၊ဋ္ဌ၊၄။၇၈။

**မာတာပိတုဋ္ဌာန** (နပုံ) [ မာတာပိတု+ဌာန ] မိဘအရာ။ ဧတ္တကံ ကာလံ မာတာပိတုဋ္ဌာနေ ဌတွာ ဥပဋ္ဌဟန္တာနံ။ ဓမ္မ၊ဋ္ဌ၊၁။၃၄၀။ (−ဓမ္မ၊ဋ္ဌ၊၂။၂၂။ ဇာ၊ဋ္ဌ၊၁။၂၄၄။ ဇာ၊ဋ္ဌ၊၃။၄၄၆။ သီ၊ဋီ၊သစ်၊၁။၇၀။)

**မာတာပိတုဋ္ဌာနိယ** (တိ) [မာတာပိတု+ဌာနိယ] မိဘအရာ၌ တည်သော၊ သူ။ ဝိနယပရိယတ္တိ-ကုသလော ဟိ ပုဂ္ဂလော သာသနေ ပဋိလဒ္ဓ-သဒ္ဓါနံ ကုလပုတ္တာနံ မာတာပိတုဋ္ဌာနိယော ဟောတိ။ ဝိ၊ဋ္ဌ၊၁။၇၇။ (−ဝိ၊ဋ္ဌ၊၂။၆၆။ ဝိ၊သင်္ဂဟ။၁၀။ ဇာ၊ဋ္ဌ၊၃။၁၀၉။)

**မာတာပိတုပက္ခိက** (တိ) [မာတာပိတုပက္ခ+ဣက] မိဘဘက်၌ ဖြစ်သော၊ သူ။ ဉာတိမိတ္တာ-မစ္စပလိဗောဓန္တိ မာတာပိတုပက္ခိကာ ဉာတိ။ မဟာနိ၊ဋ္ဌ။၂၁၇။

**မာတာပိတုပဋ္ဌာက** (တိ) [မာတာပိတု+ဥပဋ္ဌာက] မိဘကို လုပ်ကျွေးသော၊ သူ။ တိသရဏဂတာ ဝါ သီလသမ္ပန္နာ ဝါ မာတာပိတုပဋ္ဌာကာ ဝါ မနုဿာ ဒုဂ္ဂပ္ပတ္တာ ဟောန္တိ။ ဇာ၊ဋ္ဌ၊၄။၁၇။ (−ဣတိဝုတ်၊ဋ္ဌ။၃၂၂။)

**မာတာပိတုပဋ္ဌာန** (နပုံ) [မာတာပိတု+ဥပဋ္ဌာန] မိဘကို လုပ်ကျွေးခြင်း။ သော ဟိ.... မာတာ-ပိတုပဋ္ဌာနေ.... နိယောဇေနေန ဗဟူပကာရော။ အံ၊ဋ္ဌ၊၃။၁၆၅။

**မာတာပိတုပဋ္ဌာနဓမ္မ** (ပု) [မာတာပိတုပဋ္ဌာန+ဓမ္မ] မိဘကို လုပ်ကျွေးခြင်းဟူသော ကျင့်ဝတ်တရား။ ဣဓ ဓမ္မန္တိ မာတာပိတုပဋ္ဌာနဓမ္မံ။ ဇာ၊ဋ္ဌ၊၅။၁၃၁။

**မာတာပိတုပလိဗောဓ** (ပု) [မာတာပိတု+ပလိ-ဗောဓ] အမိ, အဘအတွက် ကြောင့်ကြစိုက်ရမှု။ (အကျယ်နက်ကို ဒီ၊ဋ္ဌ၊၁။သျှ၊သစ်။ ၇၀–ကြည့်။) အာစရိယုပဇ္ဈာယပလိဗောဓော ဝါ မာတာပိတုပလိဗောဓော ဝါ အတ္ထိ။ ဒီ၊ဋ္ဌ၊၁။၇။ သာရတ္ထ၊၁။၅၁။ အာစရိယုပဇ္ဈာယေသု ကတ္တဗ္ဗကိစ္စမေဝ အာစရိယုပဇ္ဈာယပလိဗော-ဓော၊ တထာ မာတာပိတုပလိဗောဓော။ ယထာဓိပ္ပေတံ အတ္ထံ ကမ္မံ ဝါ ပရိဗုန္ဓေတိ ဥပရောဓေတိ ပဝတ္တိတုံ န ဒေတီတိ ပလိ-ဗောဓော ရ-ကာရဿ လ-ကာရံ ကတွာ။ သီ၊ဋီ၊သစ်၊၁။၆၇။

**မာတာပိတုပူဇက** (တိ) [ မာတာပိတု+ပူဇက ] မိဘကို ပူဇော်သော၊ သူ။ ဣတိ မာတာပိတု-ပူဇကာနိ ကုလာနိ မာတာပိတူဟိ သဗြဟ္မ-ကာနီတိ ပကာသေတွာ။ အံ၊၄၊၂။၉၇။ (–ဣတိဝုတ်၊၄။၃၁၇။)

**မာတာပိတုပေါသက** (တိ) [ မာတာပိတု+ပေါသက ] မိဘကို ကျွေးမွေးပြုစုသော၊ သူ။ မာတာပိတုပေါသကာ ဟိ သဂ္ဂံ ဂစ္ဆန္တိ။ ဇာ၊ ၄၊၅။၅၅၀။(သံ၊၄၊၁။၂၄၂-လာ"မာတာပိတု-ပေါသက"ပုဒ်သည် "မာတာပိတုပေါသန"မှ ပျက်ယွင်းလာဟန်ရှိသည်။)

**မာတာပိတုပေါသန** (နု) [မာတာပိတု+ပေါသန] မိဘကို ကျွေးမွေးပြုစုခြင်း။သတ္တာ"ကလျာဏီ ဝေါ ကတံ၊ မာတာပိတုပေါသနံ နာမ ပေါရာဏကပဏ္ဍိတာနံ အာစိဏ္ဏမေဝါ" တိ ဝတွာ။ ဓမ္မ၊၄၊၂။၃၁၄။

**မာတာပိတုပမုခ** ( တိ ) [ မာတာပိတု + ပမုခ ] မိဘလျှင် အမှူးရှိသော၊ သူ။ ဝိရဝန္တေ မဟာ-ဇနေတိ....မာတာပိကုပမုခေ မဟာဇနေ ဇနေ။ စရိယာ၊၄။၁၉၂။

**မာတာပိတုဘရ** ( တိ ) [ မာတာပိတု + ဘရ ] မိဘကို ကျွေးမွေးပြုစုသော၊ သူ။ "ယာဝဇီဝံ မာတာပိတုဘရော အဿ"န္တိအာဒိနာ သမာ-ဒိန္နာနိ သတ္တဝတပဒါနိ ပူရေတွာ။ သံ၊၄၊၁။ ၃၃၀။

**မာတာပိတုရက္ခိတ** (တိ) [မာတာပိတု+ရက္ခိတ] မိဘ – စောင့်ရှောက်အပ်–စောင့်ရှောက်ခံရ–သော၊ သူ။ မာတာပိတုရက္ခိတာယ မာတာ-ပိတရော ဘိက္ခုံ ပဟိဏန္တိ။ ဝိ၊၁။၂၁၂။ (–အံ၊ ၃။၄၇၃။ ကခ်၊၄၊သစ်။၂၃၅။)

**မာတာပိတုဝါသ** (ပု) [မာတာပိတု+ဝါသ] မိဘ များ၏ နေရာဌာန။ ယသ္မာ ဝိဒေသပ္ပဝုတ္ထာ နာမ လောကသင်္ကေတေနာပိ · မာတာပိတု-ဝါသတော မုတ္တော သေရိဝိဟာရီတိ ဝုစ္စတိ၊ ဝဇီရ။၄၂၇။

**မာတာပိတုသညာ** (ထီ) [မာတာပိတု+သညာ] မိဘဟူသော အမှတ်သညာ။ တေသံ မာတာ-ပိတုသညာယ ဒေန္တဿာပိ ပါစိတ္တိယမေဝ ဟောတိ။ ဝိ၊၄၊၃။၁၂၁။

**မာတာပိတုသမ** (တိ) [မာတာပိတု+သမ] မိဘ နှင့် တူသော၊(ကြိ၊ဝိ) မိဘနှင့် တူစွာ။ မာတာ-ပိတုသမေန အဂတိဂမနံ ပဟာယ။ ဇာ၊၄၊၄။ ၁၇၇။

**မာတာပိတုသမညာ** (ထိ) [မာတာပိတု + သမ-ညာ] မိဘဟူသော အမည်၊ အမိ၊ အဘ ဟူ သော အမည်။ ပုတ္တသမ္ဗန္ဓေန မာတာပိတု-သမညာ။ သာရတ္ထ၊၃။၂၅၉–၆၀။ ကခ်၊၄၊ သစ်။၁၇၂။ မ၊၄၊၃။၂၉၃။ (–သီ၊၄၊သင်၊၂။ ၂၀၄။ အံ၊၄၊၂။၁၃၀။)

**မာတာပိတုသမာဂမ** (ပု) [မာတာပိတု+သမာ-ဂမ] မိဘနှင့် ပေါင်းဆုံတွေ့ကြုံခြင်း။ ပုနာပရံ ဗြဟာရညေ၊ မာတာပိတုသမာဂမေ။ စရိယာ။ ၃၉၅။ စရိယာ၊၄။၁၀၁။

**မာတာပိတုသမ္ဗန္ဓ** (ပု) [မာတာပိတု+သမ္ဗန္ဓ] မိဘနှင့် စပ်ခြင်း။ မာတာပိတုသမ္ဗန္ဓဝသေန နကတန္တိ ဒသေတိ။ စရိယာ၊၄။၇၉။

**မာတာပိတုသုခါဝဟ** (တိ) [မာတာပိတု+သုခါ-ဝဟ] မိဘ၏ ချမ်းသာကို ဆောင်သော၊ သူ။ ဥဋ္ဌာနပါရိစရိယာယ မာတာပိတုသုခါဝဟံ။ ဇာ၊၂။၇၈။ ဇာ၊၄၊၅။၃၄၅။

**မာတာပိတုဟေတု** (ပု) [မာတာပိတု+ဟေတု] မိဘဟူသော အကြောင်း။ မာတာပိတုဟေတူ ဟိ ဝေရူပံ ပုညံ ကတွာ ကေဝလ္တနေဝ သဂ္ဂေ ပမောဒတိ။ စရိယာ၊၄။၁၆၇။

**မာတာပုတ္တ** (ပု) [မာတု+ပုတ္တ။ မောဂ်၊၃၊၆၅။] သားအမိ။ တေန ခေါ ပန သမယေန

သာဝတ္ထိယံ ဥဘော မာတာပုတ္တာ ဝဿံဝါသံ ဥပဂမိံသု ဘိက္ခု စ ဘိက္ခုနီ စ။ အံ၊၂။ ၅၉။ (—ဇာ၊၂။၃၄၂။ ဝိ၊ဋ္ဌ၊၁။၁၈၀။ မ၊ဋ္ဌ၊၃။ ၂၃၃။ ဥဒါန၊ဋ္ဌ။၁၁၀—၁။)

**မာတာပေတ္တိက** (တိ) [မာတာပိတု+ဏိက၊ ပိ-မှ ဣ-ကို ဧ-ပြု၊ တု-မှ ဥ-ကိုချေ၊ တ-ဒွေဘော်ပြု၍ "မာတာပေတ္တိက" ပြီးသည်။ မောဂ်၊၄။၃၁။] မိဘ၏ ဥစ္စာဖြစ်သော။ ပေါရာဏံ ခေါ ပန အမ္ဗဋ္ဌ မာတာပေတ္တိကံ နာမ ဂေါတ္တံ။ ဒီ၊၁။၈၇။ (—မဟာနိ။၃၀၃။)မာတာပေတ္တိကန္တိ မာတာပိတူနံ သန္တကံ။ ဒီ၊ဋ္ဌ၊၁။၂၃၀။ (—မဟာနိ၊ ဋ္ဌ။၃၇၀။)

**မာတာပေတ္တိကသမ္ဘဝ** (တိ) [မာတာပေတ္တိက+ သမ္ဘဝ] မိဘသုက်သွေးကြောင့် ဖြစ်သော၊ မိဘမှ ဖြစ်သော သုက်သွေး ရှိသော။ စာတု- မဟာဘူတိကော မာတာပေတ္တိကသမ္ဘဝေါ။ ဒီ၊၁။၃၀။ သံ၊၃။၁၂၂။ အဘိ၊ဝိ။၁၉၈။ (—မ၊၁။၁၉၇။ အံ၊၃။၁၉၁။) မာတာပိတူနံ တေန္တိ မာတာပေတ္တိကံ၊ ကိန္တံ? သုက္ကသော- ဏိတံ၊ မာတာပေတ္တိကေ သမ္ဘူတော ဇာတောတိ မာတာပေတ္တိကသမ္ဘဝေါ။ ဒီ၊ဋ္ဌ၊ ၁။၁၁၀—၁။ အဘိ၊ဋ္ဌ၊၂။၄၉၁။ (—မ၊ဋ္ဌ၊၂။ ၃၅။ သံ၊ဋ္ဌ၊၃။၃၁။) သမ္ဘဝတိ တေသ္မာတိ သမ္ဘဝေါ၊ မာတာပေတ္တိကော သမ္ဘဝေါ ဧတဿာတိ မာတာပေတ္တိကသမ္ဘဝေါ၊ တဿ။ မ၊ဋီ၊၂။၁၀၄။ (—အံ၊ဋီ၊၃။၂၈၇။)

**မာတာပေတ္တိကသမ္ဘဝဂ္ဂဟဏ** (န) [မာတာ- ပေတ္တိကသမ္ဘဝ + ဂဟဏ] မာတာပေတ္တိက- သမ္ဘဝသဒ္ဒါ၊ မာတာပေတ္တိကသမ္ဘဝသဒ္ဒါကို ယူခြင်း။ မာတာပေတ္တိကသမ္ဘဝဂ္ဂဟဏေ ဆမုဒယော။ မ၊ဋီ၊၂။၁၀၅။

**မာတာပေတ္တိဘရ** (တိ) [မာတာပိတု+ဘရ] မိဘကို ကျွေးမွေးသော၊ သူ။ ယေန သစ္စေန ယံ သာမော၊ မာတာပေတ္တိဘရော အဟု။ ဇာ၊၂။၁၈၁။ (—သံ၊၁။၃၃။ ဇာ၊၁။၃၂၅။)

မာတာပေတ္တိဘရောတိ အနုလသော ပုတ္တော ရတ္တိန္ဒိဝံ မာတာပိတရော ဘရိ။ ဇာ၊ဋ္ဌ၊ ၆။၁၁၂။ (—ဇာ၊ဋ္ဌ၊၄။၄၂၂။)

**မာတာပေတ္တိသမ္ပတ္တိ** (ထီ) [မာတာပိတု+သမ္ပတ္တိ] မိဘမျိုးရိုး – ပြည့်စုံ – စင်ကြယ် – ခြင်း။ တတောပိ ဇာတသမ္ဘူတတ္တာတိ တတော ယောနိတော ဇာတတ္တာ မာတာပေတ္တိသမ္ပ- တ္တိတော သမ္ဘူတတ္တာ။ မ၊ဋီ၊၃။၂၀၁။

**မာတာမဟ**[၁] (ပု) [မာတု+အာမဟ။ မောဂ်၊၄။ ၃၈။ ထီ-၌ မာတာမဟီ။]အမိ၏–အဘ–ဖခင်၊ အဘိုး။ မာတု ပိတာ မာတာမဟော၊ မာတု မာတာ မာတာမဟီ။ သာရတ္ထ၊၂။၃၉၉။

**မာတာမဟ**[၂] (ပု) [ မာတာမဟ+မာတာမဟီ ] အဘိုး အဘွား၊ အမိဘက်မှ တော်စပ်သော အဘိုး အဘွား။ တထာ မာတာမဟော စ မာတာမဟီ စ မာတာမဟာ။ သုတ္တနိ၊ဋ္ဌ၊၂။ ၁၈၃။

**မာတာမဟကုလ** (န) [မာတာမဟ[၂] + ကုလ] အဘိုးအဘွား အိမ်။ မာတာမဟကုလတော ဟတ္ထိရူပကအဿရူပကာဒီနိ အာဟရိယမာ- နာနိ ဒိသွာ။ ဓမ္မ၊ဋ္ဌ၊၁။၂၂၀။ ဇာ၊ဋ္ဌ၊၄။၁၄၉။

**မာတာမဟယုဂ** (န) [ မာတာမဟ[၁] + ယုဂ ] အမိဘက်မှ တော်စပ်သော အဘိုးအဆက် ဆက်။ မာတာမဟယုဂမ္ပိ မာတာမဟီယု- ဂမ္ပိ ....သင်္ဂဟိတာ ဝေါတိ ဝေဒိတဗ္ဗာ။ ဝိ၊ဋ္ဌ၊ ၂။၂၄၀။

**မာတာမဟသေဋ္ဌိ** (ပု) [ မာတာမဟ+သေဋ္ဌိ ] အဘိုး သူဌေး။ တဿ နာမဂ္ဂဟဏဒိဝသေ ဂေါပါလကုမာရောတိ မာတာမဟသေဋ္ဌိနော နာမံ အကံသု။ အံ၊ဋ္ဌ၊၁။၁၃၄။

**မာတာမဟိဋ္ဌာန** (န) [ မာတာမဟီ + ဌာန ] အဘွားအရာ ဌာန။ အယျိကဋ္ဌာနေတိ မာတာမဟိဋ္ဌာနေ ဌပေသိ။ သံ၊ဋီ၊၁။၂၆၅။

**မာတာမဟိယုဂ** (နှ) [မာတာမဟီ + ယုဂ] အမိဘက်မှ တော်စပ်သော အဘွားအဆက်ဆက်။ မာတာမဟယုဂ–ကြည့်။

**မာတာမဟီ** (ထီ) [မာတာမဟ + ဤ] အမိ၏ အမေ၊ အဘွား၊ အမိဘက်မှ တော်စပ်သော အဘွား။ မာတာမဟ²–ကြည့်။

**မာတာလယ** (ပု) [မာတု + အာလယ] အမိ၏ အိမ်။ တေ မာတာလယံ တဝါ (ဇာ၊၁။၃၉)-တိ တေ ဂါမန္တံ ဥက္ကာရင္ဌာနံ အာမကသုသာနဌာနဥ္စ တဝ မာတု အာလယံ ဂေဟံ ဝသနဌာနံ။ ဇာ၊ဋ္ဌ၊၂။၃၆။

**မာတိ¹** (ထီ) [မာတု+ ဣ] မိန်းမ။ မာတီန-(ဇာ၊၁။၂၇၅) န္တိ ဣတ္ထီနံ။ ဇာ၊ဋ္ဌ၊၇။၁၆၀။ မာတီနန္တိ ဣတ္ထိဇာတိယာ သဒိသတ္တာ မာတာဝိယာတိ မာတိယောတိ သမ္ဗာသမ္ဘိ ဣတ္ထီနံ နာမံ အဓဟာသိ။ ဇာ၊ဋီ၊သစ်၊၃။ ထံ–ကျော။

**မာတိ²** (ကြိ) [မာ+အ+တိ။ နီတိ၊ဓာ။၁၃၀။] (၁) ယူ၏။ (၂) နှိုင်းယှဉ်ခြင်းကို ပြုတတ်၏၊ နှိုင်းယှဉ်၏။ (၁) မာဋ္ဌံ ကဿာမ သံဃဿာတိ ဗ္ဗေ မာတိ ဂဏှာတိ သမ္ဗတ္တသမ္ပတ္တဇနာနံ စိတ္တန္တိ မာဋ္ဌံ။ အပ၊ဋ္ဌ၊၂။၁၇၆။ (၂) အထ ဝါ မာတိ ပမာဏံ ကရောတိ အာဘရဏန္တိ မဏိ။ အပ၊ဋ္ဌ၊၂။၁ဂ၃။(–မ၊ဋီ၊၃။၂၆၂။) မိနာတိ¹– လည်းကြည့်။

**မာတိက¹** (ပု) မာတိကမည်သူ။ အထ နေယော တဿ ဂါမဿ သာမိကော မာတိကော နာမ။ ဓမ္မ၊ဋ္ဌ၊၁။၁ဂ၄။

**မာတိက²** (တိ) [မာတု+ဏိက] အမိမှလာသော။ တေသံ မာတိကဝံသံ ပုစ္ဆိတွာ။ ဒီ၊ဋ္ဌ၊၁။၂၃၃။ မာတိကန္တိ မာတိတော အာဂတံ။ သီ၊ဋီ၊သစ်၊၂။၂၅၉။

**မာတိကဂါမ** (ပု) [မာတိက+ဂါမ] မာတိကရွာ။ ကောသလရဋ္ဌေ ကိရ ဝိဇိတေ ပဗ္ဗတပါဒေ မာတိကဂါမော နာမ ဧကော ဃနဝါသော ဂါမော အဟောသိ။ ဓမ္မ၊ဋ္ဌ၊၁။၁ဂ၄။

**မာတိကမာတု** (ထီ) [မာတိက+မာတု] မာတိကမိခင်။ အမှာကဥ္စ မာတိကမာတာ နာမကော ဥပါသိကာ စိတ္တာစာရံ ဉတွာ။ ဓမ္မ၊ဋ္ဌ၊၁။၁ဂ၆။

**မာတိကဝံသ** (ပု) [မာတိက+ဝံသ] အမိမှလာသော အနွယ်။ မာတိက²-ကြည့်။

**မာတိကာ¹** (ထီ) [မာတာ+က+အာ။ (မာတိကာ–သံ) ဣဝဏ္ဏ-၌ 'က' ပစ္စည်း။ ဝိမတိ၊၂။၁၄၉။ မာတိကာ ဝိယ-မြောင်းနှင့်တူ၏။ ဣတိတသ္မာ သာ တန္တိ မာတိကာ ဟု မာတိကာ-ဂဏ္ဌိ-၌ အာစရိယဝါဒ ပြဆိုသည်။] အမိနှင့်တူသော။ (က) အကျဉ်းခေါင်းစဉ်။ (ခ) သိက္ခာပုဒ်။ (ဂ) မြောင်း။ (က) သံဝဏ္ဏနတ္ထံ ပနဿ အယံ မာတိကာ။ ဝိ၊ဋ္ဌ၊၁။၄။ တတ္ထ မာတိကာတိ မာတရော၊ ဇနေတ္တိယောတိ အတ္ထော။ ကထိနဗ္ဘာရံ ဟိ တော အဋ္ဌ ဇနေတ္တိယော။ ဝိ၊ဋ္ဌ၊၃။၃၉၃။ ကင်္ခါ၊ဋီ၊သစ်။၂၇ဂ။ မာတိကာတိ ဥဒ္ဒေသော။ သော ဟိ နိဒ္ဒေသပဒါနံ ဇနနိဋ္ဌာနေ ဌိတတ္တာ မာတာ ဝိယာတိ မာတိကာတိ ဝုစ္စတိ။ သာရတ္ထ၊၁။၂၅။ ဝိမတိ၊၁။၉။ (–ဒီ၊ဋ္ဌ၊၃။၁၉၂။ အံ၊ဋ္ဌ၊၂။၂၇ဂ။) မာတာ ဝိယာတိ မာတိကာ၊ ဣဝဏ္ဏေ 'က' ပစ္စယော ဒဠှိဗ္ဗော၊ တေန သိဒ္ဓမတ္တံ ဒဿေန္တော အာဟ "မာတိကာတိ မာတရော"တိ-အာဒိ။ ဝိမတိ၊၂။၁၉၄။ (–ဝိနယာလင်္ကာရ၊ဋီ၊၁။၁၀။ ကင်္ခါ၊ဋီ၊သစ်။၁ဂ၆။ ဒီ၊ဋီ၊၃။၂၂၅။ အံ၊ဋီ၊၂။၂၆၇။) (ဤ၌ အဋ္ဌကထာအဖွင့်များကို ကြည့်လျှင် မာတိကာပုဒ်က အမိကို ဟောသည်ဟု ထင်ဖွယ်ရှိ၏၊ ထိုအထင်အတိုင်း P.T.S ၌ အမိဟု ဘာသာပြန်ထား၏။ ဝိမတိ၊၂။ အဖွင့်ကိုဆက်ကြည့်မှ အဋ္ဌကထာ၏ အာဘော်ကို သိရ၏။) (ခ)အတ္ထိ မာတိကာ၊ ဝိ၊ဋ္ဌ၊၁။၂၃။ ဒီ၊ဋ္ဌ၊၁။၂၅။ (–ဒီ၊ဋ္ဌ၊၃။ဂ၃။ မ၊ဋ္ဌ၊၄။ဂ၁။) မာတိကာတိ "ယော ပန ဘိက္ခု

ဘိက္ခုနံ သိက္ခာသာဇီဝသမာပန္နော ”တိ- အာဒိနာ တသ္မိံ တသ္မိံ အဇ္ဈာစာရေ ပညတ္တသိက္ခာပဒံ၊ သာရတ္ထ၊၁။၁၀၇။ (-သီ၊ ဋ္ဌီ၊သင်၊၁။၁၃၅။ ဒီဋ္ဌီ၊၃။ဂ၃။ မဋ္ဌီ၊၃။၂၉ဂ။) (ဂ) မာတိကံ အာရောပေတွာ (ဝိဋ္ဌ၊၁။ ၂ဂ၇)တိ ခုဒ္ဒကမာတိကံ အာရောပေတွာ။ သာရတ္ထ၊၂။၁၄၁။

**မာတိကာ၂** (ထီ) [မာတိကာ+ဝဏ္ဏနာ] အကျဉ်း -မာတိကာ-အဖွင့်၊ အဘိဓမ္မမာတိကာအဖွင့်။ မာတိကာယ (မူလဋ္ဌီ၊၁။၁၇ဂ)န္တိ မာတိကာ- ဝဏ္ဏနာယံ။ အနုဋ္ဌီ၊၁။၁၉၀။

**မာတိကာဥဒ္ဒုကရဏ** (နပ) [မာတိကာ + ဥဒ္ဒု- ကရဏ] မြောင်းကို ဖြောင့်အောင် ပြုခြင်း။ မာတိကာဥဒ္ဒုကရဏေနာ (ဝိဋ္ဌ၊၁။၂၇၉)တိ ဥဒကပုဏ္ဏာယ မာတိကာယ ဥဒ္ဒုကရဏေန။ သာရတ္ထ၊၂။၁၃ဂ။ ဝိမတိ၊၁။၁၇ဂ။

**မာတိကာကထာ** (ထီ) [မာတိကာ + ကထာ ] မာတိကာ အဋ္ဌကထာ။ ဥပါဒိန္နုပါဒိန္နဒ္ဒေ- သေသု ဥပါဒိန္နပဒါဒိန္နံ အတ္ထော မာတိကာ- ကထာယံ ဝုတ္တနယေနေဝ ဝေဒိတဗ္ဗော။ အဘိဋ္ဌ၊၁။၃၇၂။

**မာတိကာကထာပရိယောသာန** (တိ)[မာတိကာ- ကထာ+ပရိယောသာန] မာတိကာကထာ လျှင် အဆုံးရှိသော။ ဧကေကသ္မိံ ဝဂ္ဂသ္မိံ ဒသဒသကံ ကတွာ ဉာဏကထာဒိကာ မာတိကာကထာပရိယောသာနာ သမတ္တိံသ ကထာ။ ပဋိသံဋ္ဌ၊၁။ဂ။

**မုသလဒဏ္ဍပရိမာဏ** (တိ) [ မုသလဒဏ္ဍ+ပရိမာဏ] ကျည်ပွေ့ရိုး အတိုင်းအရှည်ရှိသော။ မုသလဒဏ္ဍပရိမာဏောဟိ ဥစ္ဆုယဋ္ဌိ ဃနသာရဇာန္နံ မဟန္တံ ဥစ္ဆုဝနံ နိဗ္ဗတ္တိ။ ပေတ၊ ဋ္ဌ။၂၄၀။

**မုသလပဝေသနကုဏ္ဍလ** (နု) [မုသလပဝေသန+ကုဏ္ဍလ] ကျည်ပွေ့ သဏ္ဌာန် သွင်းအပ်သော ရေပွန်း။ သုကုဏ္ဍလန္တိ သောဘနေန မုသလပဝေသနကုဏ္ဍလေန သမန္နာဂတံ။ ဇာ၊ဋ္ဌ၊၄။ ၃၅၉။ (ဇာ၊ဋီ၊ဋ္ဌ ဥဒကပဝေသန–ဟု ရှိ၍ အောက်ပါအတိုင်း ဖွင့်သည်။ ဥဒကပဝေသနကုဏ္ဍလေနာတိ ဥဒကံ ခေတ္တေသု ပဝေသနကာယ ဇ ခတေန ကဋ္ဌဝေဠုအာဒိမယာယ ဒေါဏိယာ သမန္နာဂတံ။ ဥဒကပဝေသနဒေါဏိကိံဟိ ကံ ဥဒကံ ဥဒ္ဓရိတ်ဥမ္မေတိ ဥက္ခိပတ် ပဟောာတိ တေနာတိ ကုဏ္ဍလန္တိ ဝုစ္စတိ။ ဇာ၊ဋီ၊သစ်။၂။ ဓေ–ကျော။)

**မုသလပါတ** (ပု) [မုသလ+ပါတ] ကျည်ပွေ့တစ်ကျ၊ ကျည်ပွေ့၏ ကျရာ ဖြစ်သောအရပ်။ နိဗ္ဗုကောသဿ ဥဒကပါတဋ္ဌာနေ ဌိတဿ မဇ္ဈိမဿ ပုရိသဿ....မုသလပါတော ဝါ။ ဝိ၊ဋ္ဌ၊ ၁။၂၅၉။ (–ပိ၊ဋ္ဌ၊၃။၁၅၂။)

**မုသလပါတဗ္ဘန္တရ** (ပု) [မုသလပါတ+အဗ္ဘန္တရ] ကျည်ပွေ့ကျရာအရပ်၏ အတွင်း။ အဇ္ဈာဝသထေတိ ပရိက္ခိတ္တဿ အန္တော ပဋိက္ခေပေ အပရိက္ခိတ္တဿ မုသလပါတဗ္ဘန္တရေ။ ကင်္ခါ၊ ၂၆၉။

**မုသလဝတ္ထု** (နု) [မုသလ+ဝတ္ထု] မုသလဝတ္ထု၊ ကျည်ပွေ့ကျ၍ သူငယ်သေသော ဝတ္ထု။ မုသလဝတ္ထုသ္မိံ အသဉ္စိစ္စာတိ အဝဓကစေတနော။ ဝိ၊ဋ္ဌ၊၂။၆၁။

**မုသလသင်္ဃဋ္ဋနိတ** (တိ) [မုသလသင်္ဃဋ္ဋ+နိတ] ကျည်ပွေ့ ထိခိုက်ခြင်းသည် ဖြစ်စေအပ်သော။ ဘဂဝါ ပတ္တပတ္တပုလကံ ကောဋ္ဋေန္တာနံ ဘိက္ခူနံ မုသလသင်္ဃဋ္ဋနိတံ ဥဒုက္ခလသဒ္ဒံ သုတ်ာ။ ဝိ၊ဋ္ဌ၊ ၁။၁၄၈။

**မုသလသာလာ** (ထီ) [ မုသလ+သာလာ ] မောင်းဝင်းကုတ်၊ မောင်းထောင်းသော တဲ။ မုသလသာလာယ ဥဒကစာဋိယံ ဥဋ္ဌနေ နိဗ္ဗ-ကောသေ သက်ာရကူဋ္ဌေ ဂါမဒွါရေစာတိ။ မ္မ၊ဋ္ဌ၊၁။၃၃။

**မုသလာဘိပါတာရဟ** (တိ) [မုသလာဘိပါတ+အရဟ] ကျည်ပွေ့ဖြင့် ပုတ်ခတ်ခြင်းငှာ ထိုက်သော၊ ကျည်ပွေ့ဖြင့် ရိုက်ထိုက်သော။ မောသလ္လန္တိ မုသလာဘိပါတာရဟံ။ အံ၊ဋ္ဌ၊၂။ ၃၃၄။

**မုသလုတ္တရ** (တိ) [မုသလ+ဥတ္တရ] ကျည်ပွေ့နှင့်တူသော အထက်နှုတ်ခမ်း ရှိသော။ အထဒ္ဒက္ခသိ သာလူကံ၊ သယန္တံ မုသလုတ္တရံ။ ဇာ၊၁။၈၆။ အဒ္ဒသာတိ သာလူကံ မုသလသဒိသေန ဥတ္တရောဋ္ဌေန သမန္နာဂတတ္တာ မုသလုတ္တရံ မာရိတံ သယန္တံ ဒက္ခသိတိ။ ဇာ၊ဋ္ဌ၊၂။ ၃၃၃။

**မုသလုဿာပနဝတ္ထု** (နု) [မုသလုဿာပန+ဝတ္ထု] ကျည်ပွေ့ထောင်သော ဝတ္ထု။ အခေ-တေတွာ ကတေန ဥပက္ကမေန မုသလုဿာပ-နဝတ္ထုသ္မိံ ဝိယ ပရေ မဒ္ဒာဘိ အနာပတ္တိ။ (–ကင်္ခါ။၁၂၃။ ကင်္ခါ၊ဋီ၊သစ်။၂၁၈။)

**မုသာ** (ဗျ) မုသား၊ ချွတ်ယွင်းခြင်းကို ရှေးရှုသော သူ၏ အကျိုးစီးပွါးကို ဖျက်ဆီးတတ်သော ကာယဝိညတ်, ဝစီဝိညတ်၊ မဟုတ်–မမှန်–မှား–ဖျက်ဆီးတတ်–ချွတ်ယွင်း ဖောက်ပြန်–သော (စကား,ဝတ္ထု)။ မုသာဝါဒံ ပဟာယ။ ဒီ၊၁၊၄။ (–မ၊၁။၅၇။ မ၊၃။၄၀။ ၂၀၀။ ပဋ္ဌာ၊၄၃။ ဝိမာန။၁၇။ မဟာနိ။၂၀။ အံ၊၄၊၃။၃၁၂။) မုသာတိ အဘူတံ အတစ္ဆံ ဝတ္ထု။ ဒီ၊ဋ္ဌ၊၁။၇၁။ မ၊ဋ္ဌ၊၁။၂၀၃။ ပဋ္ဌာ၊ဋ္ဌ၊၁။၂၀၅။ ဝိမာန၊ဋ္ဌ။၆၂။ မဟာနိ၊ဋ္ဌ။၁၀၀။ မုသာတိ နာသနကာ။ မ၊ဋ္ဌ၊၄။၃၀။ ဝိသံဝါဒနစ္ဆေန ဝါ မုသာ။ မ၊ဋီ၊၃။၂၅၁။ အံ၊ဋီ၊၃။ ၃၃၁။ မုသာတိ တတိယန္တော ဒုတိယန္တော ဝါ နိပါတော မိစ္ဆာပရိယာယော၊ ကိရိယာပဓာနော။ သီ၊ဋီ၊သစ်၊၁။၃၃၅။ (–ခုဒ်။ ခုဒ်၊ဋီ။၁၂၆-၇။၁၁၄၆။)

**မုသာကထန** (န) [မုသာ+ကထန] မဟုတ်–မမှန်–ချွတ်ယွင်း–သော စကားကို ပြောဆိုခြင်း၊ မုသားပြောခြင်း။ တတော အနုဋ္ဌ-နိယဘဏ္ဍာသ အတ္တာယ မုသာကထနေ မဟာသာဝဇ္ဇော။ အဘိ၊ဋ္ဌ၊၂။၃၆၇။ (–ဓမ္မ၊ဋ္ဌ၊၂။၃၉၀။ မ၊ဋီ၊၂။၂၃၃။)

**မုသာဘဏန** (န) [မုသာ+ဘဏန] မဟုတ်–မမှန်–ချွတ်ယွင်း–ဖောက်ပြန်–သော စကားကို ပြောဆိုခြင်း၊ မုသားပြောခြင်း။ နာဘိ-ဟနာမီတိ မုသာဘဏနေ။ အဘိ၊ဋ္ဌ၊၃။၄၄၆။

**မုသာဘဏနနိမိတ္တ** (တိ) [မုသာဘဏန+နိမိတ္တ] မုသားပြောခြင်းလျှင် အကြောင်းရှိသော။ မုသာဝါဒေတိ စ နိမိတ္တတ္ထေ ဘုမ္မံ၊ တသ္မာ မုသာဘဏနနိမိတ္တံ ပါစိတ္တိယံ။ ဝိမတိ၊၂။၁။

**မုသာဝစန** (န) [မုသာ+ဝစန] မဟုတ်–မမှန်–ချွတ်ယွင်းဖောက်ပြန်–သော စကား၊ မုသားစကား။ အောက်ပုဒ်ကြည့်။

**မုသာဝစနသတ္တ** (န) [မုသာဝစန+သတ္တ]မဟုတ်–မမှန်–ချွတ်ယွင်းဖောက်ပြန်–သော စကားဟူသော လက်နက်၊ မဟုတ်–မမှန်–ချွတ်ယွင်းဖောက်ပြန် – သော စကားဟူသော ဒုစရိုက်။ တေသု စာယံ ဝိသေသတော စော-ဒိတော မုသာဝစနသတ္တာနေဝ ကရောတိ။ သုတ္တနိ၊ဋ္ဌ၊၂။၂၅၁။ (–မဟာနိ၊ဋ္ဌ။၂၃၀။)

**မုသာဝါဒ** (ပု) [မုသာ+ဝါဒ] မဟုတ်မမှန်သော စကားကို ပြောဆိုခြင်း၊ မုသားပြောဆိုခြင်း၊ မုသားပြောဆိုကြောင်းစေတနာ၊ လိမ်လည်ပြောဆိုခြင်း၊ မုသားစကား၊ မုသာဝါဒ။ (သူတစ်ပါးကို ချွတ်ယွင်းစေကြောင်းဖြစ်သော ကာယပယောဂ, ဝစီပယောဂကို ဖြစ်စေတတ်သော စေတနာကို မုသာဝါဒအရ ကောက်ရသည်။) မုသာဝါဒံ ပဟာယ မုသာဝါဒါ ပဋိဝိရတော။ ဒီ၊၁။၄၊၆၀။ အံ၊၁။၂၁၂။ (–မ၊၁။၅၇။ သံ၊၁။၃၇၇။ အဘိ၊ဝိ။၂၉၉။ ပဋ္ဌာ။၄၃။ ဝိမာန။၁၇။ ကင်္ခါ။၁၉၀။ အဘိ၊ဋ္ဌ၊၁။၁၄၀။) မုသာဝါဒံ ပဟာယာတိ ဧတ္ထ မုသာတိ ဝိသံဝါဒနပုရေက္ခာရဿ အတ္ထဘဉ္ဇနကော ဝစီပယောဂေါ ကာယပယောဂေါ ဝါ....မုသာတိ အဘူတံ အတစ္ဆံ ဝတ္ထု။ ဝါဒေါတိ တဿ ဘူတတော တစ္ဆတော ဝိညာပနံ။ လက္ခဏတော ပန အတထံ ဝတ္ထုံ တထတော ပရံ ဝိညာပေတုကာမဿ တထာ-ဝိညတ္တိသမုဋ္ဌာပိကာ စေတနာ မုသာဝါဒေါ။ ဒီ၊ဋ္ဌ၊၁။၇၁။ (–မ၊ဋ္ဌ၊၁။၂၀၃။ အဘိ၊ဋ္ဌ၊၁။ ၁၄၁။ အဘိ၊ဋ္ဌ၊၂။၃၆၂။ ဝိမာန၊ဋ္ဌ။၆၂။ ပဋ္ဌာ၊ဋ္ဌ၊၁။၂၀၅။)မုသာဝါဒေတိ အလိကဝစနာ တုမ္ဟာကေနော။ အံ၊ဋ္ဌ၊၂။၁၉၇။ ဝေနံ ဘဏနံ ဝါဒေါ၊ ဝိညတ္တိ။ မုသာ အဘူတ-ဝတ္ထုဿ ဝါဒေါ မုသာဝါဒေါ။ ကင်္ခါ၊ယော၊ မဟာဋီ၊၃။၂၇၀။

**မုသာဝါဒကမ္မ** (န) [မုသာဝါဒ+ကမ္မ] မဟုတ်မမှန်သော စကားကို ပြောဆိုခြင်းအမှု၊ မုသာဝါဒကံ။ မုသာဝါဒကမ္မဿ ဟေတု။ အဘိ၊က။၂၉၇။ (–ဒီ၊ဋ္ဌ၊၁။၇၁။ မ၊ဋ္ဌ၊၁။ ၂၀၃။ သံ၊ဋ္ဌ၊၂။၁၃၅။)

**မုသာဝါဒကရဏ** (န) [မုသာဝါဒ+ကရဏ] မုသာဝါဒကို ပြုခြင်း၊ မုသားစကားကို ပြောဆိုခြင်း။ မုသာဝါဒကရဏေ ပါစိတ္တိယံ မေဝ ဟောတိ။ ဝိမတိ၊၁။၁၈၈။

**မုသာဝါဒကာရဏ** (န) [မုသာဝါဒ+ကာရဏ] မုသား စကားကို ပြောဆိုခြင်း ဟူသော အကြောင်း။ တထာ မုသာဝါဒကာရဏာ ပိသုဏဝါစာကာရဏာ စ။ မဋ္ဌ၊၃။၂၉။

**မုသာဝါဒစေတနာ** (ထီ) [မုသာဝါဒ+စေတနာ] မုသာဝါဒစေတနာ၊ မုသားပြောဆိုကြောင်း စေတနာ။ ပဟာယာတိ ဣမံ မုသာဝါဒ စေတနာသင်္ခါတံ ဒုဿီလျံ ပဇဟိတွာ။ မဟာနိ၊ဋ္ဌ။၂၈၂။

**မုသာဝါဒဇ္ဈောဂါဟ** (တိ) [မုသာဝါဒ+အဇ္ဈောဂါဟ] မုသာဝါဒ– မုသားပြောဆိုခြင်း– သို့ သက်ဝင်သော။ သွာယံ မုသာဝါဒဇ္ဈောဂါဟော "မဟာဂေဓော"တိ ဝေဒိတဗ္ဗော။ သုတ္တနိ၊ဋ္ဌ၊၂။၂၅၁။ (–မဟာနိ၊ဋ္ဌ။၂၃၈။)

**မုသာဝါဒနိဝတ္တိ** (ထီ) [မုသာဝါဒ+နိဝတ္တိ] မုသား ပြောဆိုခြင်းမှ ဆုတ်နစ်ခြင်း၊ မုသား ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း။ မုသာဝါဒနိဝတ္တိယာ သတ္တာနံ ပမာဏဘူတော ဟောတိ ပစ္စယိကော ထေမတာ အာဒေယျဝစနော၊ ဒေဝတာနံ ပိယော မနာပေါ၊ သုရဘိဂန္ဓမုခေါ အာရက္ခိ-တကာယဝစီသမာစာရော။ စရိယာ၊ဋ္ဌ။၃၀၂။ ဒီ၊ဋီ၊၁။၈၇။

**မုသာဝါဒပစ္စယ** (ပု) [မုသာဝါဒ+ပစ္စယ] မုသား ပြောဆိုခြင်းဟူသော အကြောင်း။ ပဥ္စ အာပတ္တိယော မုသာဝါဒပစ္စယာ။ ဝိ၊၅။၂၃၀။ (–သံ၊၁။၂၉၀။ ဝိ၊ဋ္ဌ၊၄။၁၇၂။)

**မုသာဝါဒပယောဂ** (ပု) [မုသာဝါဒ+ပယောဂ] မုသားပြောဆိုခြင်းလုံ့လ။ ဝိသံဝါဒနာဓိပ္ပါ-ယေန မုသာဝါဒပယောဂသာ ကတတ္တာ အပ္ပဋ္ဌိ-ဝိဇာနန္တဿာပိ ဒုက္ကဋံ။ ကင်္ခါ၊ဋ္ဌီ၊သစ်။၂၂၂။ (–မ၊ဋ္ဌီ၊၁။၃၀၂။)

**မုသာဝါဒပရိဝဇ္ဇနာ** (ထီ) [မုသာဝါဒ+ပရိဝဇ္ဇနာ] မုသားပြောဆိုခြင်းမှ စက်ဆုပ်ခြင်း။ မုသာဝါဒဘာယာ မုသာဝါဒပရိဇေဂုစ္ဆာ(ဒီ၊၁။၂၄)တိ မုသာဝါဒေ ဩတ္တပ္ပေန စေဝ ဟိရိယာ စ။ ဒီ၊ဋ္ဌ၊၁။၁၀၆။

**မုသာဝါဒပါစိတ္တိယ** (န) [မုသာဝါဒ+ပါစိတ္တိယ] မုသားပြောဆိုခြင်းကြောင့် သင့်သော ပါစိတ်အာပတ်၊ မုသာဝါဒပါစိတ်အာပတ်၊ အနာ-ရောပိတေ ဒုက္ကဋေန မုသာဝါဒပါစိတ္တိယံ။ ဝဇိရ။၂၉၈။ (–ဝိမတိ၊၂။၁၃၁၄။)

**မုသာဝါဒဖလ** (န) [မုသာဝါဒ+ဖလ] မဟုတ် မမှန်သော စကားကို ပြောဆိုခြင်း၏ အကျိုး၊ မုသာဝါဒ၏ အကျိုး။ အထ နံ ပုနပိ မုသာ-ဝါဒဖလေန - ယာဝ ဇဿာ ပထဝိံ ပဝိဋ္ဌံ သလ္လက္ခေဟိ မဟာရာဇ။ ဇာ၊ဋ္ဌ၊၃။၄၃၅။

**မုသာဝါဒဘာဏန** (န) [မုသာဝါဒ+ဘာဏန] မဟုတ် မမှန်သော စကားကို ပြောဆိုခြင်း။ ပုဗ္ဗေပိ ဇာနိတွာ ဝစနက္ခဏေပိ ဇာနန္တဿေဝ မုသာ-ဝါဒဘာဏနေ။ ကင်္ခါ။၁၉၀။ (–ဝိမတိ၊၂။၁။)

**မုသာဝါဒဘယ** (န) [မုသာဝါဒ+ဘယ] မုသား ပြောဆိုခြင်းမှ ကြောက်လန့်ခြင်း။ မုသာဝါဒ-ပရိဇေဂုစ္ဆာ–ကြည့်။

**မုသာဝါဒလက္ခဏ** (န) [မုသာဝါဒ+လက္ခဏ] မုသားပြောဆိုခြင်း လက္ခဏာ။ သာ စ ခေါ န မုသာဝါဒလက္ခဏေန။ ဝိ၊ဋ္ဌ၊၃။၃၁၇။ အဘိ၊ဋ္ဌ၊၁။၁၃၆။ (–ကင်္ခါ။၁၀၂။)

**မုသာဝါဒဝဂ္ဂ** (ပု) [မုသာဝါဒ+ဝဂ္ဂ] မုသာဝါဒဝဂ်။ ပါစိတ္တိယပါဠိ၊ ပါစိတ္တိယကဏ္ဍ၊ ၁–ဝဂ်။ (ဝိ၊၂။၁-၅၀။ ဝိ၊ဋ္ဌ၊၃။၁–၂၅။ သာရတ္ထ၊၃။ ၁–၁၆။) တတ္ထ မုသာဝါဒဝဂ္ဂဿ တာဝ ပဌမသိက္ခာပဒေ။ ဝိ၊ဋ္ဌ၊၃။၁။ (–ဝိ၊ဋ္ဌ၊၄။ ၂၂၀။ ကင်္ခါ၊၁၉၀။)

**မုသာဝါဒဝိရတိ** (ထီ) [ မုသာဝါဒ+ဝိရတိ ] မုသားပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း။ ဝိရတိသစ္စေပိ မုသာဝါဒဝိရတိယံ။ မူလဋီ၊ ၂။ ၅၄။ အနုဋီ၊ ၂။ ၆၃။

**မုသာဝါဒဝိရဟိတ** (တိ) [မုသာဝါဒ+ဝိရဟိတ] မုသားပြောဆိုခြင်းမှ ကင်းသော။ သစ္စန္တိ မုသာဝါဒဝိရဟိတံ ဝစီသစ္စံ။ ဇာ၊ဋ္ဌ၊ ၇။ ၁၃၆။

**မုသာဝါဒသမ္ဘဝ** (ပု) [ မုသာဝါဒ+သမ္ဘဝ ] မုသားပြောဆိုခြင်း၏ ဖြစ်သင့်ခြင်း။ ယုဇ္ဇတာ စေတ္ထ မုသာဝါဒသမ္ဘဝေါ။ ဒီ၊ဋီ၊ ၂။ ၁၇၄။

**မုသာဝါဒသာမည** (န) [မုသာဝါဒ+သာမည] မုသာဝါဒနှင့် တူသည်၏အဖြစ်။ တေကာလျ-လယာဂုဝတ္တမှို ဝိယာပိ မုသာဝါဒသာမညတော ဝုတ္တံ။ သာရတ္ထ၊ ၂။ ၁၆၃။ (-မဋီ၊ ၁။ ၃၀၂။ မူလဋီ၊ ၁။ ၈၈။)

**မုသာဝါဒသိက္ခာပဒ** (န) [မုသာဝါဒ+သိက္ခာပဒ] မုသာဝါဒသိက္ခာပုဒ်။ န ပုရိမေနာပိ မုသာဝါဒသိက္ခာပဒေန။ ဝိမတိ၊ ၂။ ၃။

**မုသာဝါဒါဝေရမဏီ** (ထီ) [မုသာဝါဒ+ဝေရမဏီ] မုသာဝါဒမှ ရှောင်ကြဉ်ခြင်း။ မုသာဝါဒါဝေရမဏိအာဒယောပိ မုသာဝါဒါဒီဟိ ဝိရမဏသညာနံ နာနတ္တာ ပုဗ္ဗဘာဂေ နာနာ။ ဒီ၊ဋ္ဌ၊ ၂။ ၃၉၂။ (-သံ၊ဋ္ဌ၊ ၁။ ၂၅၉။ ဓမ္မ၊ဋ္ဌ၊ ၂။ ၃၅၉။)

**မုသာဝါဒီ** (တိ) [မုသာ+ဝဒ+ဏီ။ ထီ-၌ မုသာဝါဒိနီ။] မုသားပြောဆိုတတ်သော၊ မုသားပြောဆိုခြင်းလေ့ရှိသော၊ သူ။ ပရေ မုသာဝါဒီ ဘဝိဿန္တိ။ မ၊ ၁။ ၅၁။ (-သံ၊ ၁။ ၃၇၇။ အံ၊ ၁။ ၅၃၉။ အဘိ၊ပု။ ၁၄၃။ ဥဒါန။ ၁၃၀။ ဣတိဝုတ်။ ၂၀၇။) မုသာ ဝဒန္တီတိ မုသာဝါဒီ၊ ပရေသံ အတ္ထဘဉ္ဇနကံ တုစ္ဆံ အလိကံ ဝါစံ ဘာသိတာရောတိ အတ္ထော။ မ၊ဋ္ဌ၊ ၁။ ၁၉၂။ (-သံ၊ဋ္ဌ၊ ၂။ ၁၃၃။ အဘိ၊ဋ္ဌ၊ ၃။ ၇၁။ ဥဒါန၊ဋ္ဌ။ ၂၃၅။ အံ၊ဋီ၊ ၂။ ၃၈၆။) မုသာဝါဒီသာတိ မုသာ အဘူတံ အတစ္ဆံ ပရေသံ ဝိညာပနဝသေန ဝဒနသီလသ္မာ။ ဣတိဝုတ်၊ဋ္ဌ။ ၈၃။ ဘရိယာပိဿ ဟောတိ.... မုသာဝါဒိနီ သုရာမေရယမဇ္ဇပမာဒဋ္ဌာယိနီ။ အံ၊ ၁။ ၃၆၈။ (-အံ၊ ၃။ ၄၉၄။ ဝိ၊ဋ္ဌ၊ ၂။ ၁၆၇။ ဇာ၊ဋ္ဌ၊ ၅။ ၄၆၃။)

**မုသာဝါဒူ(ဒု)ပသဉှိတ** (တိ) [မုသာဝါဒ+ဥပသဉှိတ] မုသားပြောဆိုခြင်းနှင့် စပ်သော။ ကထ ဘန္တေ ကေစွော နု ခေါ မုသာဝါဒုပသဉှိတံ ဝါစံ ဘာသတိ။ ဒီ၊ ၃။ ၈၈။ မုသာဝါဒုပသဉှိတံ ဘာသတိ။ ဒီ၊ဋ္ဌ၊ ၃။ ၂၅။ မုသာဝါဒုပသဉှိတန္တိ အတ္ထရဉ္ဇနကာ ပနေတ္ထ မုသာဝါဒေန ဥပသံဟိတံ။ ဒီ၊ဋီ၊ ၃။ ၇၂။

**မုသာဝိလာပ** (ပု) [ မုသာ+ဝိလာပ ] မုသား စကား ပြောဆိုခြင်း။ တေသံ တုစ္ဆံ ဝစနံ မုသာဝိလာပေါ။ မ၊ဋ္ဌ၊ ၃။ ၁၅၉။

**မုသာသဘာဝ** (တိ) [မုသာ+သဘာဝ] ချွတ်ယွင်း ဖောက်ပြန် မမှန်သော သဘောရှိသော။ မိစ္ဆာသဘာဝေါတိ ........ မုသာသဘာဝေါတိ အတ္ထော။ ဒီ၊ဋီ၊ ၃။ ၁၉၄။ (-မူလဋီ၊ ၁။ ၄၅။)

**မုသိံသု** (ကြိ) [ မုသ+ဥံ ] လုယက်ကုန်ပြီ။ မုဿတိ-ကြည့်။

**မုသိလ** (ပု) မုသိလမည်သူ (ရဟန်း။ သံ၊ ၁။ ၃၃၆။ စောင်းသမား။ ဝိမာန၊ဋ္ဌ။ ၁၂၆)။ ဧကံ သမယံ အာယသ္မာ စ မုသိလော အာယသ္မာ စ ပဝိဋ္ဌော။ သံ၊ ၁။ ၃၃၆။

**မုဿတိ** (ကြိ) [မုသ+ယ+တိ။ ဓာတွတ္ထ-၌ မုသဓာတ် မေ့လျော့ခြင်း အနက်ဟောလျှင် ဘူဝါဒိ၊ ဖြတ်ခြင်းအနက်ဟောလျှင် ဒိဝါဒိဟု ဆို၏၊ ပါ၊ ဋ္ဌ၊ ဋီ-တို့၌ မေ့လျော့ခြင်းအနက်ဝယ် ဒိဝါဒိရုပ်သာ အတွေ့များသည်။] မေ့လျော့ – ပျောက်ပျက် – ၏၊ တမ္ပိ မုဿတိ သမ္မုဿတိ....ပရိဟာယတိရော ဟောတိ။ မဟာနိ။ ၁၁၁။ (-သံ၊ ၃။ ၃၂၂။ အံ၊ ၁။ ၁၃၀။) တမ္ပိ မုဿတီတိ တမ္ပိ ပရိယတ္တိသာသနံ နဿတိ။ မဟာနိ၊ဋ္ဌ။ ၂၃၄။ (ဝိ၊ ၄။ ၄၅၂-၌ လာသော

ဂဟိတော မုဿတိ·ဝယ် မုဿတိ·ကို တွေ့ဝေအပ်၏။ ဝါ–မသိနိုင်ဟု သျှဉ်ဓ အနက်ပြန်ဆို၏။ ဂဟိတော ဂဟိတော၊ သင်ယူတိုင်းသင်ယူတိုင်းသော ဝိနည်းသည်။ မုဿတိ၊ မေ့လျော့ပျောက်ပျက်၏ဟု ကတ္တုရုပ်ပေးခြင်းကပို၍ သင့်သည်။)

မုဿတေ (ကြိ) [မုသ+ယ+တေ] မေ့လျော့–ပျောက်ပျက်–၏။ မုဿတေ ပါပိ သာသနံ၊ မိစ္ဆာ စ ပဋိပဇ္ဇတိ။ သုတ္တနိ။၄၀၆။ မဟာနိ။ ၁၁၁။ မုဿတေ ဝါပိ သာသနန္တိ ပရိယတ္တိ·ပဋိပတ္တိတော ဒုဝိဓမ္ပိ သာသနံ နဿတိ။ သုတ္တနိ၊ဋ္ဌ၊၂။၂၅၀။ မဟာနိ၊ဋ္ဌ။၂၂၈။

မုဟုံ (ဗျ) [မုဟုမ်–သံ။ ဓာန်။၁၁၃၇။ ရှုနှာ။ ၁၃၄။ နီတိ၊သုတ္တနှာ၊၃၈၁။] အဖန်တလဲလဲ၊ များစွာ၊ အဖန်ဖန်၊ အထပ်ထပ်၊ မပြတ်မလတ်။ ကိံ မံ မုဟုံ ပေက္ခသိ ဟဋ္ဌလောမော။ ဇာ၊၁။၃၇၀။(–ဇာ၊၂။၂၆၁။)မုဟုန္တိ ပုနပ္ပုနံ။ ဇာ၊ဋ္ဌ၊၅။၃၄။

မုဟုံဘာသာ (ထီ) [မုဟုံ+ဘာသာ] များစွာဆိုသောစကား။ မုဟုံဘာသာနုလာပေါထ။ ဓာန်။၁၂၃။ မုဟုံဘာသာ ဗဟုသော အဘိ·ဓာနံ အနုလာပေါ နာမ။ ဓာန်၊ဋီ။၁၂၃။

မုဟုံမုဟုံ (ဗျ) [မုဟုံ။ ဝိစ္ဆာပုဒ်။] ခဏ ခဏ၊ အဖန်တလဲလဲ၊ တဖြတ်ဖြတ်၊ တလှပ်လှပ်။ မုဟုံ မုဟုံ ဟဒယံ ဝေဓမာနံ။ သံ၊၁။၁၁၂။ (–အပ၊၂။၂၂၆။ ဇာ၊၁။၁၀၈။ ဇာ၊၂။၂၂၂။)

မုဟုကုလမုဒ္ဒ။ အဖု။ ဂဏ္ဍိ မုဟုကုလမုဒ္ဒ ဝိစယတ္တ ဝဇမုဇုဝဒ္ဒဝိ။ ဝဇီရ။၃၉၉။ (သျှ–အတိုင်းမြန်မာပြန်သည်။ ပါဠိပုဒ်ဟုတ်ဟန်မတူ။)

မုဟုတ္တံ (ဗျ) တစ်မုဟုတ်မျှ၊ တစ်ခဏမျှ မုဟုတ္တံ။ ရှုနှာ။၁၃၄။ နီတိ၊သုတ္တ။၃၈၁။

မုဟုတ္တ (ပု) [ဟုဌ္ဌ+တ။ ဟုဌ္ဌ ကောဋိလျေ၊ ကုဋိလယတိ ရတ္တိဒိဝေ သုဘာသုဘဒသနာ·တောတိ မုဟုတ္တော၊ တော၊ ဓာတုယာဒိမှိ မုကာရာဂမော, ဥလောပေါ စ။ ဓာန်၊ဋီ။၆၆·၇။] (၁) တစ်မုဟုတ်၊ တစ်ခဏမျှသောကာလ။ (လက်ဖျစ်ဆယ်တွက် ကာလသည် ခဏ၊ ဆယ်ခဏသည် လယ၊ ဆယ်လယသည် ခဏလယ၊ ခဏလယဆယ်ခုသည် တစ်မုဟုတ်၊ မုဟုတ် ဆယ်ခုသည် ခဏမုဟုတ်။ ဓာန်။၆၆·၇။) (၂) (ကြိ၊ဝိ) အနည်းငယ်၊ အတန်ငယ်။

(၁) ယဿ မုဟုတ္တေန သဟဿဓာ။ ထေရ၊ဌ၊၃၃၇၊၄၆၂။ မုဟုတ္တေန အနာဂါမီ ဟုတ္တာ။ မ၊ဋ္ဌ၊၁။၈၃။ (မုဟုတ္တေန၊ တစ်ခဏချင်းဖြင့်။) မုဟုတ္တေတိ ခဏမတ္တေ ကာလေ။ ထေရ၊ဋ္ဌ၊၂။၄၉၃။ (–၃၄၆။ ဝိမာန၊ ဋ္ဌ။ ၂၀၃။ မ၊ဋီ၊၁။၁၇၀။) မုဟုတ္တမပိ စိန္တယေတိ မုဟုတ္တံ တခဏမ္ပိ။ အံ၊ဋီ၊၁။၁၉၈။ (၂) မုဟုတ္တမပိ ပိဂ်ယာတိ မုဟုတ္တမ္ပိ ခဏမ္ပိ လယမ္ပိ ဝယမ္ပိ အဒ္ဓမ္ပိတိ မုဟုတ္တမပိ။ စူဠနိ။၂၁၄။ ဝိမာန။၇၃။ မုဟုတ္တမ္ပိတိ ထောကမ္ပိ။ စူဠနိ၊ဋ္ဌ။၈၄။ (–ဝိမာန ဋ္ဌ။၂၀၃။)

မုဟုတ္တက (ပု) [မုဟုတ္တ+က] တစ်မုဟုတ်မျှ၊ တစ်ခဏမျှ။ တဿ ကိလန္တဿ မုဟုတ္တကေနေဝ နိဒ္ဒါ ဩက္ကမိ။ ဝိ၊၃။၄၃၂။ (–ဝိ၊၄။၃၆၃။ အပ၊၂။၂၅၂။ ဇာ၊၁။၃၁၁၊၃၈၂။)

မုဟုတ္တကရဏီယ (တိ) [မုဟုတ္တ+ကရဏီယ] တစ်ခဏမျှပြုအပ်သော၊ တစ်ခဏမျှပြုဖွယ်ရှိသော။ ဣတ္တရပစ္စုပဋ္ဌာနဋ္ဌေန မုဟုတ္တကရဏီ·ယတာယ။ သာရတ္ထ၊၃။၈၈။

မုဟုတ္တဇာတ(တိ) [မုဟုတ္တ+ဇာတ] မွေးဖွား၍ မကြာမီ ဖြစ်သော၊ ဖွားသစ်စ ဖြစ်သော။ သမ္ပတိဇာတောတိ မုဟုတ္တဇာတော။ ဒီ၊ဋ္ဌ၊၂။ ၃၀။ မ၊ဋ္ဌ၊၄။၁၃၂။(–မ၊ဋ္ဌ၊၁။၄၈။ အံ၊ဋ္ဌ၊၁။ ၈၁။ ပဋိသံ၊ဋ္ဌ၊၁။၁၉၂။) မုဟုတ္တဇာတောတိ မုဟုတ္တေန ဇာတော ဟုတ္တာ မုဟုတ္တံ မတ္တော၀။ ဒီ၊ဋီ၊၂။၂၉။ မ၊ဋီ၊၃။၃၃၉။

**မုဟုတ္တနက္ခတ္တပထ** (ပု) [မုဟုတ္တ+နက္ခတ္တ+ပထ] မုဟုတ်နက္ခတ်၏ အကြောင်း။ မုဟုတ္တနက္ခတ္တပထေသု ယုတ္တော။ ဇာ၊၁။၂၈၅။ စရိယာ၊ ဋ္ဌ၊၁၉၈။ ဇာ၊ဋ္ဌ၊၄။၃၀၈။

**မုဟုတ္တမတ** (တိ) [မုဟုတ္တ+မတ] တစ်ခဏမျှ–တစ်မုဟုတ်မျှ–သေပြီးသော၊ သေပြီးစဖြစ်သော။ ဝိကာလေ အာမကသုသာနံ ဂန္တွာ မုဟုတ္တမတဿ ပုရိသဿ ဥဠုမံသံ အာဟရိတွာ။ ဇာ၊ဋ္ဌ၊၂။၄၉၇။

**မုဟုတ္တမတ္တက** (ကိ) [မုဟုတ္တ+မတ္တက] တစ်ခဏမျှလောက်သော၊ တစ်မုဟုတ်မျှ လောက်သော။ မုဟုတ္တမတ္တကေ ကာလေ သတိံ နပ္ပဋိလဘတိ။ ဇာ၊ဋ္ဌ၊၃။၆၂။

**မုဟုတ္တိက** (ပု) [မုဟုတ္တ+ဣက။ ဓာန်၊ဋီ။၃၄၇။] ဂဏန်းတတ်သူ၊ဟူးရားတတ်သူ၊ နက္ခတ်ဗေဒင်တတ်သူ။(တောင်ပေါက်ဓာန်သျှ။)ဂဏကာ တု မုဟုတ္တိကော။ ဓာန်။ ၃၄၇။

**မုဠာလ** (ပု၊န) [မူလ+အလ။ မူလေ ဇာယတီတိ မုဠာလော၊ အညတ္ထေ အလော၊ ရဿာဒိ, ဋ္ဌဘဏ္ဍူ။ ဓာန်၊ဋီ။၆၈၇။ မူလ+အလ +အ။ မိလ+အလ။ ပါစိတ်၊ယော။၈၀။] ကြာစွယ်၊ ကြာရင်း၊ ကြာဥ၊ ကြာဖု။ (ဘိသနှင့် မုဠာလ ပုဒ်ကို ဓာန်၌ ပရိယာယ် အဖြစ် ဖော်ပြ၏။ ၂-ပုဒ် တွဲလာရာ၌ကား တစ်ပုဒ်နှင့် တစ်ပုဒ် ထူးအောင် ဋ္ဌ,ဋီ-တို့၌ ဖွင့်ပြကြသည်။)မုဠာလံ နဂ္ဂလသီသမတ္တံ ဟောတိ။ သံ၊ဋ္ဌ၊ ၁။ ၂၅၈။ မုဠာလန္တိ သေတပဒုမာနံ မူလံ။ သံ၊ဋီ၊၁။ ၂၉၇။ (ဤ သံ, ဋီ-၌-လို ကြာရင်းဟုသာ ပြန်ပါ။) ဘိသမုဠာလခါဒနီယ–တို့သည်းကြည့်။

**မုဠာလကလာပ** (ပု) [မုဠာလ + ကလာပ] ကြာစွယ်စည်း။ ယဒေတ္ထ စက်မနုဿကာဠှိယံ အာလမ္ဗနဖလကံ နိဿာယ ဌတွာ ပဿန္တော ဘဿ မဟာသတ္တဿ မုဠာလကလာပံ ဝိယ ဒေဝ ဒါရကေ ခါဒိ။ အဘိ၊ဋ္ဌ၊၁။၅၈။ (–ဗုဒ္ဓဝံ၊ ဋ္ဌ။၁၇၃။ စရိယာ၊ဋ္ဌ။၉၈။ ) ဇာ၊ ဋ္ဌ၊ ၁။ ၃၈-အလားတူဝါကျ၌ မူလကလာပ-ဟု ရှိသည်။

**မုဠာလခါဒနီယ** (န) [မုဠာလ + ခါဒနီယ] ကြာစွယ်ခဲဖွယ်။ ကန္ဒခါဒနီယံ မုဠာလခါဒနီယံ။ ဝိ၊ဋ္ဌ၊၃။၃၉။ ဝိ၊သ၊ဂဏှ။၉၄။ မူလေ အလတိ ပဝတ္တတီတိ မုဠာလော၊ ဥဒကတော ဝါ ဥဒ္ဓမ္ဘမတ္တော မိလတိ နိမိလတီတိ မုဠာလံ။ ပါစိတ်၊ ယော။၈၀။

**မုဠာလဂစ္ဆပတ္တ** (န)[မုဠာလဂစ္ဆ+ပတ္တ] ကြာပင်ရွက်၊ ကြာရွက်။ အောက်ပုဒ်ကြည့်။

**မုဠာလပတ္တ** (န) [မုဠာလ + ပတ္တ] ကြာရွက်။ မုဠာလပတ္တာနိ (ဇာ၊၁။၁၀၃) န္တိ သဗ္ဗာနံ မုဠာလဂစ္ဆပတ္တာနံ။ ဇာ၊ဋ္ဌ၊၃။၄၅၄။

**မုဠာလပုပ္ဖ** (န) [ မုဠာလ + ပုပ္ဖ ] ကြာပန်း။ မုဠာလပုပ္ဖံ ဝိမလံဝ အမ္ဗုနာ(ထေရ'၃၅၃)တိ ယထာ နိမ္မလံ ဝိရဇံ နဠိနံ ဥဒကေန န လိမ္ပတိ။ ထေရ၊ဋ္ဌ၊၂။၄၅၅။

**မုဠာလိကာ** (ထီ) [မုဠာလ + ဣက + အာ] ကြာစွယ်၊ ကြာရင်း။ တေန ဟိ ဘဏေ အယျသာ ဘိသေ စ မုဠာလိကာယော စ ယာဝဒတ္ထံ ဒေဟိ။ ဝိ၊၃။၃၀၈။ (အပ၊၂။၁၇၇ –၌ လာသော မုဠာလိကံ-ပုဒ်ကို အပမြန်မာပြန်၌ ကြာစွယ် ကြာရင်းရှိသောဟု ပြန်၏။ အပ၊၂။၅၇-ဘိသဒါယကထေရအပဒါန်၌ မဓုံ ဘိသေဟိ သဝတိ၊ ခီရံ သပ္ပိံ မုဠာလိဘိ-ဟု ပါဠိရှိသည်၊ အပ၊ ၂။ ၁၇၇ – ဘဒ္ဒဇိထေရ-အပဒါန်၌လည်း မဓုံ ဘိသေဟိ သဟိတံ ခီရံ သပ္ပိံ မုဠာလိကံဟု မရှိသင့်၊ ခီရံ သပ္ပိံ မုဠာလိဘိ-ဟုသာ ရှိသင့်၏။)

**မုဠာလီ** (ထီ) [မုဠာလ+ဤ] ကြာစွယ်၊ ကြာရင်း။ မဓုံ ဘိသေဟိ သဝတိ၊ ခီရသပ္ပိ မုဠာလိဘိ။ ဇာ၊၂။၃၄၀။ (–အပ၊၁။၁၇။) ခီရသပ္ပိ. မုဠာလိဘိတိ မုဠာလေဟိ ပဂ္ဃရဏ-ရသော ခီရမိဿကနဝနီတသပ္ပိ ဝိယ ဟောတိ။

ဇာ၊ဋ္ဌ၊၇။၃၀၆။ မုဠာလိယော ပဒုမမူလာ။ အပ၊ဋ္ဌ၊၁၊၂၃၈။

**မုဠာလိ၂** (တိ) [မုဠာလ+ဣ။ ထိ-၌ မုဠာလိနီ။] ကြာစွယ်-ကြာရင်း- ရှိသော၊ သူ။ ဘိသံနီ မုဠာလိနီ သာလုကိနီ။ နိရုတ္တိ၊နှာ။ ၃၀၉။

**မုဠကရာဇ** (ပု) [မုဠက+ရာဇ] မုဠကမင်း။ အဿကရညော စ မုဠကရညော စ သီမန္တရေ ဂေါဓာဝရိကာရေ အတ္တနော ဝသနဋ္ဌာနံ ကာရေသိ။ အံ၊ဋ္ဌ၊၁။၂၅၇။

**မူဂ** (တိ) [မိဂ+အ။ ဝဏ္ဏမသက္ကုဏေယျတ္တာ မိဂသဒိသောတိ မူဂေါ၊ ဋီကာ။ ဓာန်၊ဋီ။ ၃၂၀။] အ-သော၊ စကားမပြောတတ်သော၊ သူ။ န ဘိက္ခဝေ မူဂေါ ပဗ္ဗာဇေတဗ္ဗော။ ဝိ၊၃။ ၁၂၇။ (-ဇာ၊၂။၁၄၉။ ဓမ္မ၊ဋ္ဌ၊၂။၂၁၁။ ဇာ၊ ဋ္ဌ၊၆။၁၀။) မူဂေါတိ ယဿ ဝစီဘေဒေါ နပ္ပဝတ္တတိ။ ဝိ၊ဋ္ဌ၊၃။၃၁၃။ ဝစီဘေဒေါ နပ္ပဝတ္တတီတိ ဣမိနာ မုခမတ္တမေဝ ဂစ္ဆတိ ပဝတ္တတိ၊ န ဝစီဘေဒေါ ဗျဉ္ဇနေဟိ မူဂေါတိ ဒဿေတိ။ ပါစိတ်၊ယော။ ၂၇၃။

**မူဂပက္ခ** (ပု) [မူဂ+ပက္ခ] (၁) မူဂပက္ခမည်သူ။ (တိ) (၂) အလည်းအ, ဆွံ့လည်းဆွံ့သော၊ သူ။ (၁) ဘူတပုဗ္ဗံ ဗြာဟ္မဓမ္မိက မူဂပက္ခော နာမ သတ္တာ အဟောသိ။ အံ၊၂။၃၂၆။ (တိ) (၂) မူဂပက္ခောတိ နာမေန၊ တေမိယောတိ ဝဒန္တိ မံ။ စရိယာ။၄၁၂။ တေမိယောတိ နာမေန, မူဂပက္ခဝတာဓိဋ္ဌာနေန "မူဂပက္ခော" တိ မာတာပိတရော အာဒိံ ကတွာ သဗ္ဗေဝ မံ ဝဒန္တီတိ သမ္ဗန္ဓော။ စရိယာ၊ဋ္ဌ။၂၀၀။

**မူဂပက္ခဇာတက** (န) [မူဂပက္ခ+ဇာတက] မူဂပက္ခဇာတ်၊ တေမိယဇာတ်။ (ဇာတကပါဠိ၊ မဟာနိပါတ်၊ ၁-ဇာတ်။ ဇာ၊၂။၁၄၉-၁၅၉။ ဇာ၊ဋ္ဌ၊၆။ ၁-၃၇။) မူဂပက္ခဇာတကေ မာတာပိတာ န မေ ဒေဿာ၊ နပိ ဒေဿံ မဟာယသံ။ အဘိ၊ဋ္ဌ၊၁။၇၄။ အပ၊ဋ္ဌ၊၁။၅၇။ ဗုဒ္ဓဝံ၊ဋ္ဌ။၈၀။

**မူဂပက္ခပဏ္ဍိတ** (ပု) [မူဂပက္ခ+ပဏ္ဍိတ] မူဂပက္ခပညာရှိ။ မူဂပက္ခပဏ္ဍိတော ပန ဒသဟမေဝ သမ္မာသမ္ဗုဒ္ဓေါ အဟောသိ။ ဇာ၊ဋ္ဌ၊၆။၃၇။

**မူဂပက္ခပဏ္ဍိတကာလ** (ပု) [မူဂပက္ခပဏ္ဍိတ+ကာလ] မူဂပက္ခပညာရှိ - ဖြစ်စဉ်အခါ- လက်ထက်။ မူဂပက္ခပဏ္ဍိတကာလေ စူဠသုတသောမကာလေတိ ဝေမာဒီသု နေက္ခမ္မပါရမိပူရဏဝသေန။ ဣတိဝုတ်၊ဋ္ဌ။၉။

**မူဂပက္ခဝတာဓိဋ္ဌာန** (န) [မူဂပက္ခဝတ+အဓိဋ္ဌာန] အအ, အဆွံ့အကျင့်ကို-ဆောက်တည်ခြင်း- ကျင့်ခြင်း။ မူဂပက္ခ-ကြည့်။

**မူဂပက္ခသမာဂမ** (ပု) [မူဂပက္ခ+သမာဂမ] မူဂပက္ခမင်း-တေမိမင်း-အစည်းအဝေး။ ကုဒ္ဒါလသမာဂမေ မူဂပက္ခသမာဂမေ စူဠသုတသောမသမာဂမေ။ ဇာ၊ဋ္ဌ၊၄။၄၉၄။

**မူဂပက္ခာပဒေသ** (ပု) [မူဂပက္ခ+အပဒေသ] အအ, အဆွံ့ကို ညွှန်းပြခြင်း။ တထာ မူဂပက္ခောတိ မူဂပက္ခာပဒေသေန တေမိယပဏ္ဍိတစရိယံ ဒဿေတိ။ စရိယာ၊ဋ္ဌ။၂၆၂။

**မူဂပဒ** (န) [မူဂ+ပဒ] မူဂပုဒ်။ မူဂ-ပဒေ အသမ္ဘုဝတော တဿ ဝသေန အာဒိတော ပဋ္ဌာယ ဥပသမ္ပဒါဘိလာပေါ ကတ္တဗ္ဗော ဝိယ ဒိဿတိ။ ဝဇီရ။၃၄၆။

**မူဂဗ္ဗတ** (န) [မူဂ+ဝတ] အအ-အကျင့်။ ကထံ ပိ နာမ ဘိက္ခဝေ မောဃပုရိသာ မူဂဗ္ဗတံ တိတ္ထိယသမာဒါနံ သမာဒိယိဿန္တိ။ ဝိ၊၃။ ၂၂၂။ (-ဝိ၊ဋ္ဌ၊၃။၃၅၆။ ဝိ၊ဋ္ဌ၊၄။၇၂။ ဝိ၊ သင်္ဂဟ။၂၂၁။)

**မူဂဗ္ဗတဂ္ဂဟဏ** (န) [မူဂဗ္ဗတ+ဂဟဏ] အအ- အကျင့်ကို-ယူခြင်း-ကျင့်ခြင်း။ တုဏှီဘာဝေါ န တိတ္ထိယာနံ မူဂဗ္ဗတဂ္ဂဟဏံ ဝိယ အပရိသုဒ္ဓေါ။ သံ၊ဋ္ဌ၊၂။၁၉၄။ အံ၊ဋ္ဌ၊၃။၂၀၅။

မူဂဗ္ဗတသမာဒါန (န) [ မူဂဗ္ဗတ+သမာဒါန ] အအ အကျင့်ကို – ဆောက်တည်ခြင်း – ကျင့်ခြင်း။ န ကေဝဗ္ဗဟိရကပဗ္ဗဇိတာ ဝိယ မူဂဗ္ဗတသမာဒါနေန။ မဋ္ဌိ၊ ၂။၁၂၆။

မူဂဝဏ္ဏ (ပု) [မူဂ+ဝဏ္ဏ] အ-သော အသွင်၊ အအ သဏ္ဍာန်။ အမူဂေါ မူဂဝဏ္ဏေန၊ အပဂ္ဂေါ ပဂ္ဂသမ္မတော။ ဇာ၊ ၂။၁၅၂။ ဇာ၊ဋ္ဌ၊၆။၂၉။

မူဂဝတ (န) [မူဂ+ဝတ] အအ-အကျင့်။ ဣဒါနိ ယဒတ္ထံ မယာ သော ဥသာသာနိ မူဂဝတာဒိ-အဓိဋ္ဌာနေန ဒုက္ကရစရိယာ အဓိဋ္ဌိတာ။ စရိယာ၊ဋ္ဌ။၂၁၆။

မူဂသမ္မတ (တ်) [မူဂ+သမ္မတ] အအ-ဟု သမုတ်အပ်သော၊ သူ။ သပဏ္ဏပါဏိဝိစရန္တော၊ အမူဂေါ မူဂသမ္မတော။ သုတ္တနိ။၃၈၉။

မူဂသူကရ (ပု) [မူဂ+သူကရ] အ-သော ဝက်၊ ဝက်အ။ မူဂသူကရာ (ဝိ၊၃။၁၄၀)တိ ထူလ-သရီရသူကရာ။ ဝိဋ္ဌ၊၃။၃၁၇။ မူဂသူကရာတိ ဗေတ္တ ထူလသရီရသာ သူကရာ သဒ္ဒမတ္တ-ဿာပိ အဘာဝတော မူဂသူကရော နာမာတိ အာဟ ထူလသရီရသူကရာတိ။ ပါစိတ်၊ယော။ ၂၇၉။

မူတ (ပု၊န) [မူ+တ။ နီတိ၊ဓာ။၁၃၀။] ဖွဲ့ခြင်း။ ဇီဝနသာ မူတော ဇီဝနမူတော။ မဟာနိ၊ဋ္ဌ။ ၂၂၉။ သီ၊ဋ္ဌီ၊သစ်၊၂။၂၂၃။ ဇီဝနံ ဇလံ မူတံ ဗန္ဓမနေနေတိ ဇီမူတော။ ဓာန်၊ဋ္ဌီ။၄၇။

မူလ (န) [မူလ+အ။ နီတိ၊ဓာ။ ၁၆၄။] (၁) မူလတရား၊ ဟိတ်တရား၊ (၂) မူလနက္ခတ်။ (၃) အကြောင်း၊ အခြေခံ အကြောင်း၊ ပင်ရင်းမူလ။ (၄) ရှေးဦးအစ၊ ကနဦး။ (၅) အဖိုးနှုန်း၊ အဖိုးအခ၊ တန်ဖိုး။ (၆) အရင်းအနှီးငွေ။ (၇) တည်ရာ။ (၈) အနီး။ (၉) သစ်မြစ်။

(၁) မူလတရား၊ ဟိတ်တရား။ ယဿာနု-သယာ န သန္တိ ကေစိ၊ မူလာ စ အကုသလာ သမူဟတာသေ။ သုတ္တနိ။၂၈၁။ (–အဘိ၊ဋ္ဌ၊ ၁။၇။ နေတ္တိ၊ဋ္ဌ။၁၁။) သမ္ပယုတ္တဓမ္မာနံ အပ္ပ-နေသာ အာကာရာနုဝိဓာနဋ္ဌေန မူလ ....ဓမ္မာနံ ပတိဋ္ဌာနဘူတာတိပိ မူလာ။ သုတ္တနိ၊ဋ္ဌ၊၁။ ၂၁။ (–မူလဋ္ဌီ၊၁။၁၇။ နေတ္တိ၊ဝိ။ ၂၅။) (၂) မူလနက္ခတ်။ဝိသာခါ နုရာဓာ ဇေဋ္ဌာ၊ မူလာ-သာဠှာ ဒုဝေ တထာ။ မူလကိ ပတိဋ္ဌာတိ၊ သုဘာသုဘဖလမေတ္တာတိ မူလံ။ ဓာန်။ ဓာန် ဋ္ဌီ။၅၉။

(၃) အကြောင်း၊ အခြေခံအကြောင်း၊ ပင်ရင်းမူလ။ သောတာပတ္တိမဂ္ဂေါ ပ. သဒ္ဓါယ မူလံ နာမ။ မဋ္ဌ၊၂။၂၈၆။ သဒ္ဓါယ မူလံ နာမာတိ အဝေစ္စပ္ပသာဒဘူတာယ သဒ္ဓါယ မူလံ နာမ ကာရဏန္တိ သဒ္ဒဟနသာ ပဝရဏံ ပရိသုဒ္ဓကာယသမာစာရာဒိကံ။ မဋ္ဌီ၊၂။၃၀၄။ (–စူဠနိ၊ဋ္ဌ။၁၁။ သာရတ္ထ၊၂။၇၉။) ဝိနယဿ ဒွေ မူလာနိ ကာယော စ ဝါစာ စ။ အဘိ၊ ဋ္ဌ၊၁။၁၃၅။ (၄) ရှေးဦးအစ၊ ကနဦး။ သစေ တတ္ထ မူလေ သဉ္ဇာပရိယတ္တိမဒ္ဒော ဗဟုဿုတ-ဘိက္ခု ဝိဟာသိ။ ဝိ၊ဋ္ဌ၊၄။၂၅၅။ (–ဝိ၊ဋ္ဌ၊၃။ ၃၂၁။) မူလေတိ အာဒိကာလေ၊ ပုဗ္ဗေဝါ အတ္တော။ ဝိမတိ၊၂။၃၁၁။ (–၁၄၃။) (၅) အဖိုးနှုန်း၊ အဖိုးအခ၊ တန်ဖိုး။ မူလံ ဝါ ပန ဒေတိ။ ဝိ၊ဋ္ဌ၊၃။၁၀၆။ မူလန္တိ ကပ္ပိယဘဏ္ဍံ ဝုတ္တံ။ ဝိမတိ၊၂။၃၄။ (၆) အရင်းအနှီးငွေ။ ကထာပါဘတန္တိ ကထာယ မူလံ။ မူလဉ္ဟိ ပါဘတန္တိ ဝုစ္စတိ၊ ဒီ၊ဋ္ဌ၊၃။၉၂။ သံ၊ဋ္ဌ၊၃။၂၅၄။ မူလံ တု ပါဘတံ ဘဝေ။ ဓာန်။၄၇၁။

(၇)တည်ရာ။ မူလ(မဟာနိ။၂)န္တိ ပတိဋ္ဌံ။ မဟာနိ၊ဋ္ဌ။၁၅။ ပတိဋ္ဌာ မူလန္တိ စ အတ္ထတော ဧကံ။ သီ၊ဋ္ဌီ၊သစ်၊၂။၁၉၅။ (၈) အနီး။ ဝိပဿိ ဘိက္ခဝေ ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ ပါဋလိယာ မူလေ အဘိသမ္ဗုဒ္ဓေါ။ ဒီ၊၂။၃။ (–ဝိ၊၁။၁။ မ။၁။၁။ အပ၊၁။၁၄၁။ အံ၊၃။ ၁၈။) ပါဋလိယာ မူလေတိ ပါဋလိရုက္ခဿ

ဟေဋ္ဌာ။ ဒီ၊ဋ္ဌ၊၂။၉။ မူလေတိ မူလာဝယဝဿ သမီပေ၊ တံ ပန တဿ ဟေဋ္ဌာ ပဒေသော ဟောတီတိ အာဟ "ပါဒမူလိရုက္ခဿ ဟေဋ္ဌာ" တိ။ ဒီ၊ဋီ၊၂။၁၁။ (-ဝိ၊ဋ္ဌ၊၁။၈၁။ မ၊ဋ္ဌ၊၁။ ၁၃။ အပ၊ဋ္ဌ၊၂။၁၀၈။ အံ၊ဋီ၊၃။၂၀၈။) (၉) သစ်မြစ်။ ယထာပိ မူလေ အနုပဒ္ဒဝေ ဒဠှေ၊ ဆိန္နောပိ ရုက္ခော ပုနရေဝ ရူဟတိ။ နေ ဘ္ဘ။ ၃၇။ ယထာ နာမ ပတိဋ္ဌာ ဟေတုဘာဝေန မူလန္တိ လဒ္ဓဝေါဟာရေ ဘူမိဂတေ ရုက္ခဿ အဝယဝေ။ နေတ္တိ၊ဋ္ဌ၊၁၀၆။ သမူဟော ရုက္ခော မူလတိ ပတိဋ္ဌာတိ ဧတေန အဝယဝေန ဘူမိဘာဂေ ဋ္ဌိတေနာတိ မူလံ၊ ကိံ တံ? ဘူမိဘာဂေ ဋ္ဌိတော မူလသင်္ခါတော ရုက္ခာဝယဝေါ။ နေတ္တိ၊ဋီ၊၁၆၂။ (-ဝိ၊ဋ္ဌ၊၁။၈၁။ မ၊ဋ္ဌ၊ ၁။၁၃။ အံ၊ဋီ၊၃။၂၀၈။)

**မူလအာပတ္တိ** (ထီ) [မူလ+အာပတ္တိ] မူလ-အစဦး-ဖြစ်သော အာပတ်။ ပစ္ဆာ အာပန္နာပတ္တိံ မူလာပတ္တိယံ သမောဓာယ ပရိဝါသော ဒါတဗ္ဗော။ ဝိ၊သင်္ဂဟ။၃၅၃။

**မူလက¹** (န) [မူလ+က] (၁) သစ်မြစ်၊ အမြစ်၊ အမြစ်အရင်း။ (တိ) (၂) မူလရှိသော။ (၁) မူလမူလိကာ-ကြည့်။ (တိ) (၂) မူလကံ ဝိယ အနုဗန္ဓရောဂေါ တမေဝ တဒညံ ဝါ ဝဍ္ဎုံ ကတွာ။ မ၊ဋီ၊၃။၂၄၄။ (-မူလဋီ၊၃။၁၅၆။)

**မူလက²** (ပုန) [မူလ+ဏျ။ ဓာန်၊ဋီ။၅၉၇။] မုံလာ။ မူလကံ အာဟာမဒါသိ၊ ဘိက္ခုနော ပိဏ္ဍာယ စရန္တဿ။ ဝိမာန။၄၆၊ မူလကော’-နိတ္ထိယံ စုစ္စု။ ဓာန်။၅၉၇။

**မူလကကဏ္ဍ** (ပုံ) [မူလက+ကဏ္ဍ] သစ်မြစ်ပိုင်း။ မူလမူလိကာ-ကြည့်။

**မူလကကဋိရ** (ပုံ) [မူလက+ကဋိရ] မုံလာ အညှောက်။ ဥစ္ဆုကဋိရော မူလကကဋိရော သာသပကဋိရော။ ဝိ၊ဋ္ဌ၊၃။၁၀၁။ ဝိ၊သင်္ဂဟ။ ၉၆။

**မူလကဋ္ဌကထာ** (ထီ) [မူလက+အဋ္ဌကထာ] မူလအဋ္ဌကထာ၊ မဟာအဋ္ဌကထာ၊ ရှေးအဋ္ဌကထာ။ အောက်ပုဒ်ကြည့်။

**မူလကဋ္ဌကထာသာရ** (ပုံ) [မူလကဋ္ဌကထာ+သာရ] မူလအဋ္ဌကထာ၌ လာသော အနှစ်သာရ။ မူလကဋ္ဌကထာသာရ(ဒီ၊ဋ္ဌ၊၃။၂၅၀)-န္တိ ပုဗ္ဗ ဝုတ္တံ ဒီဃနိကာယမဟာအဋ္ဌကထာသာရမေဝ ပုန နိဂမနဝသေန ဝဒတိ၊ အထ ဝါ မူလကဋ္ဌကထာသာရန္တိ ပေါရာဏဋ္ဌကထာသု အတ္ထသာရံ။ ဒီ၊ဋီ၊၃။၂၉၁။

**မူလကတ** (တိ) [မူလ+ကတ] မူလတရားသည် ပြုလုပ်သော။ န ဟိ မူလကတော အကုသလာနံ အကုသလဘာဝေါ၊ ကုသလာဒီနဉ္စ ကုသလာဒိဘာဝေါ။ ဒီ၊ဋီ၊၃။၁၈၄။

**မူလကနယ** (ပုံ) [မူလက+နယ] မူလကနယ။ မူလကနယေ ကုသလမူလကာဒီ ဟေတုပစ္စယဋ္ဌေန ကုသလံ မူလံ ဧတေသန္တိ ကုသလမူလကာ။ အဘိ၊ဋ္ဌ၊၃။၂၉၁။ အညမညတ္ထသမာသဋ္ဌေန က-ကာရေန တီသုပိ ယမကေသု မူလယောဂမေဝ ဒီပေတုံ မူလကနယော ဝုတ္တော။ မူလဋီ၊၃။၁၂၀။

**မူလကန္ဒ** (ပုံ) [မူလ+ကန္ဒ] အမြစ်ဖု။ ယဉ္စော ဘေရဝံ အဗ္ဘုတံ နိမ္မိနိတွာ မူလကန္ဒံ ဝိယ ခါဒိ။ သံ၊ဋ္ဌ၊၁။၂၉၁။

**မူလကပုပ္ဖ** (န) [မူလက + ပုပ္ဖ] မုံလာပွင့်။ မူလကပုပ္ဖ ခါရကပုပ္ဖ သောဘဉ္ဇနသိဂ္ဂုဥပ္ပလပဒုမကာဒယော။ မဟာနိ၊ဋ္ဌ၊၃၄၉၊

**မူလကမုဋ္ဌိ** (ထီ) [မူလက+မုဋ္ဌိ] ဆန်ရင်းဘစ်ဆုပ်။ ယေသံ အန္တမသော မူလကမုဋ္ဌိမ္ပိ ဟရိဿာမ။ ဒီ၊ဋ္ဌ၊၃။၃၆။

**မူလကမူလ** (န) [မူလက+မူလ] မုံလာမြစ်၊ မုံလာဥ။ မူလခါဒနီယေ တာဝ မူလကမူလံ ခါရကမူလံ စစ္စုမူလံ။ ဝိ၊ဋ္ဌ၊၃။၉၉။ (-ဝိ၊

သင်္ဂဟ။၉၄။ မဟာနိဋ္ဌ။၃၄၉။ သာရတ္ထ၊၃။ ၆၅။)

**မူလကမ္မ** (န) [မူလ+ကမ္မ] မူလဖြစ်သော အလုပ်၊ ပြုလုပ်ရင်း အမှုကိစ္စ၊ လုပ်နေကျ အလုပ်။ နပိ တေသံ မူလကမ္မံ ပရိဟာပေတဗ္ဗံ။ မိလိန္ဒ။ ၃၉၀။

**မူလကမ္မဋ္ဌာန** (နှ) [မူလ+ကမ္မဋ္ဌာန] မူလကမ္မဋ္ဌာန်း၊ လက်ဦးမဆွက ဆောင်ထားသော ကမ္မဋ္ဌာန်း။ အယံ တာဝ မူလကမ္မဋ္ဌာနေ နယော၀။ အံ၊ဋ္ဌ၊၂။၈၄။(-မ၊ဋ္ဌ၊၂။၇၅။ သံ၊ဋ္ဌ၊ ၁။၂၇၊၁၆၇။) မူလကမ္မဋ္ဌာနေတိအာဒိတော ပဋ္ဌာယ ပရိဟရိယမာနကမ္မဋ္ဌာနေ။ အံ၊ဋီ၊၂။ ၈၈။ (-မ၊ဋီ၊၂။၁၂၆၊ သံ၊ဋီ၊၁။၇၂၊၂၁၆။)

**မူလကမ္မဋ္ဌာနဘာဝနာ** (ထီ) [မူလကမ္မဋ္ဌာန+ ဘာဝနာ] မူလကမ္မဋ္ဌာန်းကို စီးဖြန်းပွားများခြင်း။ ဗုဒ္ဓဂုဏာဒိ အနုဿရဏေန စိတ္တံ ပသာဒေတွာ မူလကမ္မဋ္ဌာနဘာဝနာ ပဝတ္တာ။ သံ၊ဋီ၊၂။၄၇၃။

**မူလကမ္မဋ္ဌာနမနသိကာရ** (ပု) [မူလကမ္မဋ္ဌာန+မနသိကာရ] မူလကမ္မဋ္ဌာန်းကို နှလုံးသွင်းခြင်း။ မဟာရဝေ သဿနေ သတိ ဥပဋ္ဌာပေတွာ ဒက္ခိဏေန ပဿေန မူလကမ္မဋ္ဌာနမနသိကာရေန နိပန္နဿ ဘိက္ခုနော သေယျာ ကေ- သေယျာ နာမ။ ဓမ္မ၊ဋ္ဌ၊၂။၂၆၄။ (-သီ၊ဋီ၊ သစ်၊၂။၈၄။)

**မူလကမ္မဋ္ဌာနာဘိမုခ**(တိ) [မူလကမ္မဋ္ဌာန+အဘိမုခ] မူလကမ္မဋ္ဌာန်းသို့ ရှေးရှုသော၊ သူ။ မူလကမ္မဋ္ဌာနာဘိမုခံယေဝ နံ ကရောမိတိ အတ္တော။ သံ၊ဋ္ဌ၊၃။၂၃၉။

**မူလကမ္မပထ** (ပု) [မူလ+ကမ္မပထ] မူလဖြစ်သော ကမ္မပထတရား။ မူလကမ္မပထေသု ယထာ ပုရိမစိတ္တေသု "လောဘော ဟောတိ အဘိဇ္ဈာ ဟောတီ"တိ အာဂတံ။ အဘိ၊ဋ္ဌ၊ ၁။၂၉၀။ ကမ္မပထ-ကြည့်။

**မူလကလာပ** (ပု) [မူလ+ကလာပ] အမြစ်စည်း။ ကော မူလကလာပံ အဒါသိ။ ဝိမာန၊ဋ္ဌ။ ၁၂၉။ (-ဇာ၊ဋ္ဌ၊၁။၃၈။)

**မူလကသောဏ္ဍ** (တိ) [မူလက + သောဏ္ဍ] အမြစ် - အဥ - အစားကြူးသော၊ သူ။ သောဏ္ဍာတိ ဣတ္ထိသောဏ္ဍာ ဘတ္တသောဏ္ဍာ ပူဝသောဏ္ဍာ မူလကသောဏ္ဍာ။ ဒီ၊ဋ္ဌ၊၃။ ၁၃၀။

**မူလကာရဏ** (န) [မူလ+ကာရဏ] မူလ-ပင်ရင်း-အခြေခံ-အကြောင်း၊ အကြောင်းရင်း။ ယသ္မာ သံသာရဿ ဟေတု မူလ-ကာရဏံ အဝိဇ္ဇာ ။ဣတိဝုတ်၊ဋ္ဌ။၅၅။ (-ဥဒါန၊ ဋ္ဌ။၃၃၇။ ဂဇီရ။၃၈။ သီ၊ဋီ၊သစ်၊၁။၄၅၉။)

**မူလကာရဏဒဿန** (န) [မူလကာရဏ+ဒဿန] အကြောင်းရင်းကို ပြခြင်း။ ပဋိစ္စသမုပ္ပါဒဿ မူလကာရဏဒဿနမေဝဥ္စ ဒွယံ ဒွိဓာ ဝုတ္တံ။ ဣတိဝုတ်၊ဋ္ဌ။၅၆။ (-ဝဇီရ။၂၉။)

**မူလကာရဏဓမ္မ** (ပု) [မူလကာရဏ+ဓမ္မ] မူလ အကြောင်း - အကြောင်းရင်း - တရား။ တေသံ ဝိပလ္လာသာနံ ကတမေ မူလကာရဏ-ဓမ္မာ။ နေတ္တိ၊ဋီ။၂၂၂။

**မူလကာရဏနာနတ္တ** (န) [မူလကာရဏ+နာနတ္တ] မူလအကြောင်း-အကြောင်းရင်း- ၎င်းသည်၏ အပြစ်- ထူးခြားမှု။ သဘာဝတော နာနတ္တာဘာဝေပိ မူလကာရဏနာနတ္တဝသေန အတ္ထံ။ အနုဋီ၊၁။၁၆၀။

**မူလကာရဏပရိဇာနန** (န) [မူလကာရဏ+ပရိဇာနန] မူလ အကြောင်း-အကြောင်းရင်း-ကို ပိုင်းခြား၍ သိခြင်း။ မနောဒွါရိက-ဇဝနဿ မူလကာရဏပရိဇာနံ မူလပရိညာ။ သီ၊ဋီ၊သစ်၊၂။၉၄။

**မူလကာရဏသဒ္ဒ** (ပု)[မူလကာရဏ+သဒ္ဒ] မူလ အကြောင်းဖြစ်သော သဒ္ဒါ။ တေန ဟိ

အဓိပ္ပါယမတ္တမေဝ မူလကာရဏသဒ္ဒဝသေန ကထိတံ။ သီ၊ဋီ၊သစ်၊၁။၁၀၇။

**မူလကိရိယာကပ္ပဂန္ထ** (ပု) [မူလကိရိယာကပ္ပ+ဂန္ထ] မူလဖြစ်သောကိရိယာကပ္ပကျမ်း။ ဣဒဉ္စ မူလကိရိယာကပ္ပဂန္ထံ သန္ဓာယ ဝုတ္တံ။ ဝိမတိ၊၁။၂၇။ ဒီ၊ဋီ၊၁။၂၉၁။ မ၊ဋီ၊၃။၁၆၆။ အံ၊ဋီ၊၂။၁၃၁။

**မူလကိလေသ** (ပု) [မူလ+ကိလေသ] မူလကိလေသာ၊ အကြောင်းရင်း ကိလေသာ။ (လောဘ, ဒေါသ, မောဟ သုံးမျိုးကို မူလကိလေသာဟု ခေါ်သည်။) ဣမေသု တီသု မူလကိလေသေသု ဂဟိတေသု ဒိယဍ္ဎကိလေသသဟဿံ ဂဟိတမေဝ ဟောတိ။ သံ၊ဋ္ဌ၊၁။၁၇၂။(−သံ၊ဋီ၊၂။၃၇၅။)

**မူလကိလေသပ္ပဟာန** (နု) [မူလကိလေသ+ပဟာန] မူလကိလေသာကို ပယ်ခြင်း။ ဧဝံ မူလကိလေသပ္ပဟာနေန တဒေကဋ္ဌတာယ သံကိလေသာနံ သမ္မဒေဝ ပဋိပ္ပဿဒ္ဓတ္တာ။ ထေရ၊ဋ္ဌ၊၁။၂၁၉။

**မူလခဇ္ဇက** (နု) [မူလ+ခဇ္ဇက]အမြစ်ခဲဖွယ်။ မူလခဇ္ဇက (မဟာနိ။၂၉၀)န္တိ မူလကမူလံ ခါရကမူလံ စစ္စုမူလန္တိ ဧဝမာဒိ။ မဟာနိ၊ဋ္ဌ။၃၄၉။

**မူလခဏက** (တိ) [မူလ+ခဏက] အမြစ်ကို တူးသော၊ သူ။ မူလခဏကာ ဝါ မူလာနိ ခဏန္တာ အာဝါဋံ ကရောန္တိ။ ခုဒ္ဒက၊ဋ္ဌ။၂၀၁။ ကင်္ခါ၊ဋီ၊သစ်။၂၁၅။

**မူလခဏန** (နု) [မူလ+ခဏန] အမြစ်ကို တူးဖိုခြင်း။ ကာလေန ကာလံ ခဏိတ္တိံ ဂဟေတွာ မူလခဏနံ ဝိယ သတ္တန္နံ အနုပဿနာနံ ဘာဝနာ။ မ၊ဋ္ဌ၊၂။၂၄၇။ (−မ၊ဋီ၊၂။၂၆၉။)

**မူလခဏ္ဍ** (ပု) [မူလ+ခဏ္ဍ] အမြစ်ပိုင်း။ ဣဒံ ဘန္တေ ဂဏ္ဍကာတိ ကော် မူလခဏ္ဍံ အဒံသု။ မ၊ဋ္ဌ၊၃။၁၀၇။

**မူလခါဒနီယ** (နု) [မူလ+ခါဒနီယ] အမြစ်ခဲဖွယ်။ သေယျထိဒံ? မူလခါဒနီယံ ကန္ဒခါဒနီယံ မုဠာလခါဒနီယံ။ ဝိ၊ဋ္ဌ၊၃။၉၉။ ဝိ၊သင်္ဂဟ။၉၄။ မူလဉ္စ တံ ခါဒနီယဉ္စာတိ မူလခါဒနီယံ။ ဝဇိရ။၃၄၉။

**မူလဂဏနာ** (ထီ) [မူလ+ဂဏနာ] မူလဂဏန်း။ အထ ခေါ သောဠသပ္ပကာရာနီတိ မူလဂဏနံ ဌပေတွာ။ နေတ္တိ၊ဋီ။၁၃၀။

**မူလဂန္ဓ** (ပု) [မူလ+ဂန္ဓ] အမြစ်နံ့သာ။ မူလဂန္ဓော သာရဂန္ဓော ပုပ္ဖဂန္ဓော။ အံ၊၁။၂၂၆။ (−သံ၊ဋ္ဌ၊၂။၃၂၁။) မူလဂန္ဓောတိ မူလဝတ္ထုကော ဂန္ဓော၊ ဂန္ဓသမ္ပန္နံ ဝါ မူလမေဝ မူလဂန္ဓော၊ တသ္မာ ဟိ အနုဝါတံ ဂစ္ဆတိ၊ ဂန္ဓဿ ပန ဂန္ဓော နာမ နတ္ထိ။ အံ၊ဋ္ဌ၊၂။၂၀၅။ (−သံ၊ဋီ၊၂။၂၇၆။) မူလေ, မူလဿ ဝါ ဂန္ဓော မူလဂန္ဓောတိ အာဟ "မူလဝတ္ထုကော ဂန္ဓော"တိ။ မူလံ ဝတ္ထု ဧတဿာတိ မူလဝတ္ထုကော။ ဣဒါနိ မူလံ ဂန္ဓယောဂတော ဂန္ဓောတိ ဣမမတ္ထံ ဒဿေန္တော "ဂန္ဓသမ္ပန္နံ ဝါ မူလမေဝ မူလဂန္ဓော"တိ အာဟ။ အံ၊ဋီ၊၂။၁၈၃။

**မူလဂမန** (နု) [မူလ+ဂမန] အကြောင်းကို သိခြင်း။ တသ္မိံ ဝိတက္ကာနံ မူလဂမနေ အနုက္ကမေန ထိရဘာဝပ္ပတ္တိယာ မတ္ထကံ ဂစ္ဆန္တေ။ မ၊ဋီ၊၂။၇၆။

**မူလဂီတိ** (ထီ) [မူလ+ဂီတိ] ရှေးဦးစွာ ဆိုအပ်သော စကား၊ ပင်ရင်းစကား။ ပဌမံ ဝစနံ မူလဂီတိ။ နေတ္တိ၊ဋ္ဌ။၅။

**မူလဂုဏ** (ပု) [မူလ+ဂုဏ] အရင်းမူလဖြစ်သော ဂုဏ်ကျေးဇူး။ သော ဣမေဟိ ပဉ္စဟိ မူလဂုဏေဟိ ပရိဗာဟိရော။ မ၊ဋ္ဌ၊၁။၁၀၂။ မူလဂုဏေဟိ အပ္ပိစ္ဆတာဒီဟိ ယောဇေန္တော။ မ၊ဋီ၊၁။၁၈၈။

**မူလဂ္ဂဟဏ** (နု) [မူလ+ဂဟဏ] (၁) အစဦး− ရှေးဦးစွာ− ကိုင်ခြင်း၊ မူလကိုင်ခြင်း။ (၂)

တန်ဖိုးကို– ခံယူခြင်း – အလှူခံခြင်း။ (၃) အမြစ်ကိုယူခြင်း၊မူလ-သဒ္ဒါ။(၁) မူလဂ္ဂဟဏ-မေဝ ပမာဏံ။ ဝိ၊ဋ္ဌ၊၂။၁၂၃။ (–သာရတ္ထ၊၂။ ၃၁၇။) (၂) နိဿဂ္ဂိယင်္ကတ္တုံနာ နိဿဂ္ဂိယဝတ္ထုံ စေတာပေန္တဿ မူလဂ္ဂဟဏေ ပုရိမသိက္ခာ-ပဒေန နိဿဂ္ဂိယံ ပါစိတ္တိယံ။ ဝိ၊ဋ္ဌ၊၂။၂၇၆။ (၃) မူလဂ္ဂဟဏေန ဝါ ကန္ဒမူလံ။ သုတ္တနိ၊ဋ္ဌ၊ ၁၊၄၀၁။

မူလဃစ္စ (န) [မူလ+ဃစ္စ(ဟန+ဏျ)] အရင်း၌ ဖြတ်ခြင်း၊ အသေသတ်ခြင်း။ (ဇီဝိတိန္ဒြေမှ ချသ ဖြင့် အရင်း၌ သတ်ခြင်း(သျှ)၊ရင်းသျှ၌ မူလဃစ္စ-ဟု ရှိသည်။) မူလဃစ္စံ ကရေယျုံ သီသမဿ ဆိန္ဒေယျုံ။ ဒီ၊၃။၅၅။ (–ဓမ္မ။၅၁။ ဒီ၊ဋ္ဌ၊၁။၁၂၅။) မူလဃစ္စန္တိ မူလဟတံ။ ဒီ၊ဋ္ဌ၊၃။၃၆။ (–ဓမ္မ၊ဋ္ဌ၊၂။၂၄၆။ သီ၊ဋီ၊သစ်၊၂။၇။) မူလဟတ-ကြည့်။

မူလဃာတ (ပု) [မူလ+ဃာတ] အရင်း၌ ဖြတ်ခြင်း၊ အကြောင်းကို ပယ်သတ်ခြင်း၊ အသေသတ်ခြင်း။ ပဋိဃာတတာယာတိ မူလဃာတေန ပဋိဟနနာယ။ ဒီ၊ဋ္ဌ၊၃။၉၆။ (–ဓမ္မ၊ဋ္ဌ၊၂။ ၂၆၄။ ဒီ၊ဋီ၊၃။၉၂၊)

မူလဃာတကရဏသမတ္ထ (တိ) [မူလဃာတက-ရဏ+သမတ္ထ] အကြောင်းရင်းကို ဖြတ်ခြင်းကို ပြုစွမ်းနိုင်သော၊ သူ။ ကိလေသာနံ မူလ-ဃာတကရဏသမတ္ထတာယ ဝဇီရေန သဒိသ-စိတ္တော။ အံ၊ဋ္ဌ၊၂။၉၂။ အဘိ၊ဋ္ဌ၊၃။၆၃။

မူလစရိယဋ္ဌ (ပု) [မူလစရိယ+အတ္ထ] အရင်း မူလဖြစ်သော အကျင့်သဘော။ မူလစရိယ-ဋ္ဌေနာ (ပဋိသံ။၃၀၄)တိ မူလံ ဟုတွာ စရိယာ ပဝတ္တိ မူလစရိယာ၊ တေန မူလစရိယဋ္ဌေန မူလံ ဟုတွာ ပဝတ္တနဋ္ဌေနာတိ အတ္ထော။ပဋိသံ၊ ဋ္ဌ၊၂။၂၀၄။

မူလစရိယာ (ထီ၊န) [မူလ+စရိယာ] မူလစရိုက်။ စရိယာတိ ရာဂစရိယာဒိကာ ဆ မူလစရိယာ။ သာရတ္ထ၊၁။၇၅။ ဝိမတိ၊၁။၂၀။ သီ၊ဋီ၊သစ်၊ ၁။၉၉။ (–ဒီ၊ဋီ၊၁။၂၈။)

မူလစီဝရ (န) [မူလ+စီဝရ] မူလသင်္ကန်း။ ဝိသေ ဥပ္ပန္နေ မူလစီဝရေ ပစ္စာသာစီဝရံ ဥပ္ပဇ္ဇတိ။ ဝိ၊၁။၃၀၅။ (–ဝိ၊ဋ္ဌ၊၂။၂၃၉။ ကင်္ခါ။၁၆၃။ ဝိမတိ၊၁။၃၂၂။)

မူလစီဝရာဓိဋ္ဌာန (န) [မူလစီဝရ+အဓိဋ္ဌာန] မူလသင်္ကန်းကို အဓိဋ္ဌာန်ဘင်ခြင်း။ ဟေမန္တဿ ပစ္ဆိမေ ဒိဝသေ မူလစီဝရာဓိဋ္ဌာနဝသေန အပ-ရောပိ ဧကော မာသောတိ ဧကာဒသ မာသာ ပရိဟာရော။ ဝိ၊ဋ္ဌ၊၂။၃၀၇။

မူလစ္ဆိန္န (တိ) [မူလ+ဆိန္န] (၁) အရင်းပြတ်သော၊ သူ။ (၂) အမြစ်–အကြောင်းရင်း– ပြတ်သော။ (၁) အညေသု ဌာနေသု မူလ-စ္ဆိန္နော ပါရာဇိကပ္ပတ္တော "ပါပဘိက္ခူ"တိ ဝုစ္စတိ။ ဝိ၊ဋ္ဌ၊၂။၇၅။ (၂) သော မူလစ္ဆိန္နော ကတမေန ပပတေယျာတိ။ သံ၊၃။၄၄။ နေတ္တိ။ ၁၁၃။ သာ အရိယမဂ္ဂေန မူလစ္ဆိန္နာ နိဗ္ဗာနံ အာဂမ္မ အပ္ပဝတ္တိံ ဂစ္ဆတိ။ ဒီ၊ဋ္ဌ၊၂။၃၉၀။ အဘိ၊ဋ္ဌ၊၂။၁၀၆၊

မူလစ္ဆိန္နတာလ (ပု) [မူလစ္ဆိန္န+တာလ] အမြစ်ပြတ်သော ထန်းပင်။ ဥပရိသမာပတ္တိလာဘိ-နော ဟိ ပဟဋ္ဌာသမာပတ္တိ မူလစ္ဆိန္နတာလော ဝိယ ဥပဋ္ဌာတိ။ မ၊ဋ္ဌ၊၄။၃၆။

မူလစ္ဆိန္နရုက္ခ (ပု) [မူလစ္ဆိန္န+ရုက္ခ] အမြစ်ပြတ်သော သစ်ပင်။ မူလစ္ဆိန္နရုက္ခော ဝိယ ဆိန္န-ပပါတံ ပပတန္တိ။ မူလဋီ၊၁။၆၆။

မူလစ္ဆိန္နဝိသဝလ္လိ (ထီ) [မူလစ္ဆိန္န+ဝိသဝလ္လိ] အမြစ်ပြတ်သော အဆိပ်နွယ်။ မူလစ္ဆိန္နဝိသ-ဝလ္လိ ဝိယ သမူလစ္ဆိန္နောတိ သမုစ္ဆိန္နော။ မဟာနိ၊ဋ္ဌ။၁၄၇။

မူလစ္ဆေဇ္ဇ (ထီ၊န) [မူလ+ဆေဇ္ဇာ] အမြစ်အရင်း –ပြတ်ခြင်း–ဖြတ်ခြင်း(သဒ္ဒတ္ထ)၊ အပိုင်ပေး

ခြင်း (အဓိပ္ပါယတ္ထ)။ သစေ ဟိ အယံ ဣဒံ နကရဏီယႋ ဿိ ဝါ မူလစ္ဆေဇ္ဇာယ ဝါ သံဝတ္တ- တီ ဘိ ဇာနေယျ။ ဝိ၊ဋ္ဌ၊၁၊၁၇၈၊ (–ဝိ၊ဋ္ဌ၊၂။ ၁၄၈။ ဝိ၊ဋ္ဌ၊၄။၇၇။ ဒီ၊ဋ္ဌ၊၁။၂၆၅။ သာရတ္ထ၊ ၂။၄၃၀။ ဝိမတိ၊၁။၂၇၂။ သီ၊ဋီ၊သစ်၊၂။၃၀၅။) ဆေဇ္ဇာ–ကြည့်။

**မူလစ္ဆေဇ္ဇကရ** (တိ) [မူလစ္ဆေဇ္ဇ+ကရ+အ] အရင်းပြတ်ခြင်းကို ပြုတတ်သော။ မေထုနံ သေဝန္တဿ တံ သိက္ခာပဒံ မူလစ္ဆေဇ္ဇကရံ ဟောတိ ဝေါတိ အဓိပ္ပါယော။ ဝိမတိ၊၁။၁၀၈။ ဘေဒကရ–ကြည့်။

**မူလစ္ဆေဒ** (ပု) [မူလ+ဆေဒ] အမြစ်အရင်း– ပြတ်ခြင်း–ဖြတ်ခြင်း (သဒ္ဒတ္ထ)၊ အပိုင်ပေး ခြင်း(အဓိပ္ပါယတ္ထ)။ အာပဇ္ဇိယမာနာ မူလ- စ္ဆေဒါယ သံဝတ္တန္တိ။ ဝိ၊ဋ္ဌ၊၄။၁၉၀။ မူလစ္ဆေ- ဒဝသေနာ (ကင်္ခါ။၁၃၄)တိ မူလဿ ဆိန္ဒန- ဝသေန၊ ပရသန္တကဘာဝကရဏ မောစေတွာ အတ္တနော သန္တကံ ကတွာတိ ဝုတ္တံ ဟောတိ။ ကင်္ခါ၊ဋီ၊သစ်။၂၁၇။

**မူလစ္ဆေဒန** (န) [မူလ+ဆေဒန] အမြစ်ကို ဖြတ်ခြင်း (သဒ္ဒတ္ထ)၊ အပိုင် ပေးခြင်း (အဓိပ္ပါယတ္ထ)။ ခဏိတ္တိပါဘ မူလစ္ဆေဒနံ ဝိယ ဝိပဿနာဉာဏေန အဝိဇ္ဇာမူလဿ ဆိန္ဒန- ကာလော။ အံ၊ဋ္ဌ၊၂။၁၉၃။(–ဒီ၊ဋီ၊၂။၃၄၂။) တာဝကာလိကံ ကာလေန မူလစ္ဆေဒနဝသေန ဝါ အဒေညာဘံ ပါ ကမ္မံ အညဿ သိယာ နာဝါယံ သင်္ကမေတာတိ အာစရိယော။ ဝဇီရ။ ၅၂၆။

**မူလဆိန္နဝန** (န) [မူလဆိန္န+ဝန] အမြစ်ပြတ် သော သစ်ပင်။ တတ္ထပါသာဏေ ခိတ္တတိဏာမိဝ မူလဆိန္နဝနမိဝ မိလာယာမီဟိ ဝဒတိ။ ဇာ၊ ဋ္ဌ၊၄။၂၈၄။

**မူလဇဋ္ဌာ** (ထီ) [မူလ + ဇဋ္ဌာ] ရှုပ်ထွေးသော သစ်မြစ်၊ သစ်မြစ်အရှုပ်အထွေး။ မူလဇဋ္ဌာ- ဒီဟိ ဟေဋ္ဌာ ဝိရူဠ္ဟံ ပတ္တပုပ္ဖဒီဟိ သမန္တတော စ ဝေပုလ္လတ္တံ ယာတေနာ။ ဒီ၊ဋီ၊၂။၃၅၆။

**မူလဇာတ** (တိ) [မူလ + ဇာတ] ဖြစ်သော အကြောင်းရင်းမူလရှိသော၊ အကြောင်းရင်း ဖြစ်သော၊ အကြောင်းရင်း ခိုင်မာသော ။ မူလဇာတာ ပတိဋ္ဌိတာ။ ဒီ၊၃။၆၉။ မ၊၁။ ၃၉၅။ သံ၊၃။၁၃၂။ ဣတိဝုတ်။၂၄၇။ မူလ- ဇာတာတိ သောဘာပတ္တိမဂ္ဂဝသေန သဉ္ဇာ- တမူလာ၊သောတာပတ္တိမဂ္ဂေါ ဟိ သဒ္ဓါယ မူလံ နာမ။ မ၊ဋ္ဌ၊၂။၂၈၆။ (–ဒီ၊ဋ္ဌ၊၃။၄၈။ သံ၊ဋ္ဌ၊ ၃။၂၇၈၊ ဣတိဝုတ်၊ဋ္ဌ။၂၄၆။ သံ၊ဋီ၊၂။၅၀၀။)

**မူလဇာတိ** (ထီ) [မူလ+ဇာတိ] မူလဇာတ်။ ဇာတိန္တိ မူလဇာတိံ ။ မ၊ဋီ၊၃။၁၅၆။ (မ၊ဋ္ဌ၊ ၃။၃၅၁-နှင့် ယှဉ်ကြည့်။)

**မူလဇိဝှါ** (ထီ) [မူလ+ဇိဝှါ] အရင်းဖြစ်သော လျှာ၊ လျှာအရင်း။ ဣတိ တံ တတ္ထ အဂ္ဂဇိဝှါယ တနုကခေဠော မူလဇိဝှါယ ဗဟလခေဠော မက္ခေတိ။ မ၊ဋ္ဌ၊၁။၂၇၂။ သံ၊ဋ္ဌ၊၃။၂၃၁။ အဘိ၊ဋ္ဌ၊၂။၃၄၆။ (–ဝိသုဒ္ဓိ၊၁။၂၅၅။ ခုဒ္ဒက၊ ဋ္ဌ။၅၃။)

**မူလဋ္ဌ¹** (တိ) [မူလ+ဌာ+အ] အရင်း–ပင်ရင်း –၌ တည်သော၊စေခိုင်းတိုက်တွန်းသော၊ သူ။ တံ သင်္ကေတံ ပုရေ ဝါ ပစ္ဆာ ဝါ တံ ဘဏ္ဍံ အဝဟရတိ၊ မူလဋ္ဌဿ အနာပတ္တိ။ ဝိ၊၁။၆၅။ (–ဝိ၊ဋ္ဌ၊၁။၃၂၂။ ဝိ၊ဋ္ဌ၊၂။၄၇။ ကင်္ခါ၊ဋီ၊သစ်။ ၂၀၂။)

**မူလဋ္ဌ²** (ပု) [မူလ+အတ္ထ] (၁) အကြောင်းရင်း ဖြစ်သော အနက်သဘော။ (၂) အဖိုးရင်း။ (၁) မူလဋ္ဌေန ကာမာ နိဒါနမဿာတိ ကာမနိဒါနော။ မ၊ဋ္ဌ၊၁။၃၆၁။ (–အဘိ၊ဋ္ဌ၊ ၃။၃၄၄။ မူလဋီ၊၁။၁၅၉။ အနုဋီ၊၁။၁၇၂။) (၂) သစေ ပေါတ္ထကံ မူလဋ္ဌေန ဒိယျမာနံ “တဒေဝ ဟောတူ”တိ အပေ့တိ။ ဝဇီရ။ ၁၆၄။

**မူလဋ္ဌကထာ** (ထိ) [မူလ+အဋ္ဌကထာ] မူလ-အဋ္ဌကထာ၊ အစဦးဆုံး အဋ္ဌကထာ။ (မဟာ-အဋ္ဌကထာ-ကြည့်။) မူလဋ္ဌကထာယ သာရ-မာဒါယ၊ မယာ ဣမံ ကရောန္တေန။ သံ၊ဋ္ဌ၊ ၃။၃၄၀။ (–ဒီ၊ဋ္ဌီ၊၁။၁၆။ သီ၊ဋ္ဌီ၊သစ်၊၁။၂၉။ မ၊ဋ္ဌီ၊၁။၁၆။)

**မူလဋ္ဌကထာသာရ** (ပု) [မူလဋ္ဌကထာ+သာရ] မူလ အဋ္ဌကထာ၏ အနှစ်သာရ။ မူလဋ္ဌကထာ-သာရ (အံ၊ဋ္ဌ၊၃။၃၅၆)န္တိ ပုဗ္ဗေ ဝုတ္တအင်္ဂုတ္တရ-မဟာအဋ္ဌကထာယ သာရမေဝ အနုနိဂမ-ဝသေန ဝဒတိ။ အထ ဝါ မူလဋ္ဌကထာသာရန္တိ ပေါရာဏဋ္ဌကထာသု အတ္ထသာရံ။ အံ၊ဋ္ဌီ၊၃။ ၃၇၈။

**မူလဋ္ဌဝါဒိ** (တိ) [မူလဋ္ဌ+ဝါဒိ] အကြောင်း အနက်ကို ပြောသော။ မူလဋ္ဌဝါဒိနာ ဒုတိယေန ဟေတု-သဒ္ဒေန ဝိသေသေတွာ အာဟ။ အနုဋ္ဌီ၊၁။၁၅၁။

**မူလဋ္ဌာန** (နု) [မူလ+ဌာန] မူလအရပ်ဌာန၊ ပင်ရင်းနေရာ အရပ်ဌာန။ မူလဋ္ဌာနေယေဝ နေသံ ပတိဋ္ဌံ ဘိန္ဒိဿာမိ။ သံ၊ဋ္ဌ၊၁။၁၉၉။ အံ၊ဋ္ဌ၊ ၃။၃၂၇။ (–ဇာ၊ဋ္ဌ၊၁။၁၁၂။ ဝိမတိ၊၂။၁၄၆။)

**မူသတဏ္ဍုလ** (နု) [မူလ+တဏ္ဍုလ] အရင်းဖြစ်–မကျိုးသေး– သော ဆန်၊ ဆန်ရင်း၊ ဆန်ကောင်း။ တဏ္ဍုလေ ကောဋ္ဋေတွာ မူလတဏ္ဍု-လေဟိ ဘတ္တံ။ ဇာ၊ဋ္ဌ၊၆။၂၀၇။

**မူလတဏှာ** (ထိ) [မူလ+တဏှာ] (ကံ၏) အကြောင်းရင်းဖြစ်သော – တပ်မက်မှု – တဏှာ၊ တဏှာအရင်းအမြစ်။ ဥပဟတာ ဘဝါ သဗ္ဗေ၊ မူလတဏှာ သမူဟတာ။ အပ၊၂။၂၈၀။ မူလတဏှာ (အဘိ၊ဋ္ဌ၊၃။၂၀၀)တိ ပစ္စုပ္ပန္န-ဝိပါကဝဋ္ဋနိဗ္ဗတ္တကကမ္မဿ ဥပနိဿယဘူတံ ပုရိမတဏှံ ကမ္မသဟာယံ ဝါ ဝိပါကဿ ဥပနိဿယဘူတံ။ မူလဋ္ဌီ၊၃။၈၆။ (ပုရိမတဏှံ =ရှေးဘဝ၌ ဖြစ်သော ကံ၏ အကြောင်းရင်း တဏှာဟု ပေး။)

**မူလတလ** (နု) [မူလ + တလ] အမြစ်ပြင်။ အတ္တနော မူလတလေန ဥပရိ အာကာသေန တိရိယံ အညမညေန ပရိစ္ဆိန္နာ။ အဘိ၊ဋ္ဌ၊၂။ ၂၂၂။ ဝိသုဒ္ဓိ၊၁။၂၄၁။ ခုဒ္ဒက၊ဋ္ဌ။၃၂။ (သမ္မော၊သျှ–၌ မူလေန-ဟုသာ ရှိသည်။)

**မူလတ္ထ** (ပု) [မူလ+အတ္ထ] (၁) အကြောင်းရင်း ဟူသော အနက်၊ အရင်းမူလအစ – အရင်းခံ အကြောင်း–ဟူသော အနက်။ (၂) တည်ရာ –မူလ–ဟူသော အနက်။ (၁) သဗ္ဗေသဉ္စာပိ ယံ သန္ဓိဗန္ဓနစ္ဆေဒနာဒိကံ။ အဘိ၊ဋ္ဌ၊၂။၈၅။ အာဒိသဒ္ဒေါ ဝါ ကာရဏတ္ထော သန္ဓိဗန္ဓနစ္ဆေဒ-နမူလကန္တိ အတ္ထော။ မူလဋ္ဌီ၊၂။၆၄။ ကာရ-ဏတ္ထောတိ မူလတ္ထော၊ မူလဉ္စ "အာဒိ" တိ ဝုစ္စတိ။ အနုဋ္ဌီ၊၂။၇၁။ (၂) ဟေတုပစ္စယေနာတိ ဥပါယဋ္ဌေန၊ မူလဋ္ဌေန။ မူလဋ္ဌီ၊၁။၈၀။ သုပ္ပ-တိဋ္ဌိတဘာဝသာဓနတော ကုသလာဒိဓမ္မာနံ မူလဋ္ဌေန ဥပကာရကဓမ္မာ။ အနုဋ္ဌီ၊၁။၁၅၁။

**မူလတ္ထိက** (တိ) [မူလ+အတ္ထိက] အမြစ်ဖြင့်–အမြစ်ကို–အလိုရှိသော၊ သူ။ ဣဓ ခဒဝတေ ရုက္ခဿ မူလံ မူလတ္ထိကာ ဟရန္တိ။ အံ၊၂။၃၂၅။ (–စရိယာ၊ဋ္ဌ။၂၈၅။ ဒီ၊ဋ္ဌီ၊၁။၇၅။ သီ၊ဋ္ဌီ၊သစ်၊ ၁။၂၆၂။)

**မူလဒဿန** (နု) [မူလ+ဒဿန] (၁) ပင်ရင်း–မူလ–အယူ။ (ဤ၌ အယူမှားသာဖြစ်သည်။) (၂) မူလ– အစ– ဖူးမြင်ရခြင်း။ (၃) အကြောင်းရင်းကို မြင်ခြင်း။ (၁) အညဉ္စ ဒိဋ္ဌိံ ဥပါဒိယန္တီတိ မူလဒဿနံ နပ္ပဇဟန္တိ။ မ၊ဋ္ဌ၊၃။ ၁၄၂။ (–မ၊ဋ္ဌီ၊၂။၁၆၉။) မူလဒဿနန္တိ ယေ တာဒိသံ ဒဿနံ ပဌမံ ဥပါဒိယန္တိ။ မ၊ဋ္ဌီ၊၃။၉၉။ (၂) မူလဒဿနံ ပန ဒဿနာနုတ္တရိယံ နာမ။ အံ၊ဋ္ဌ၊၁။၉၁။ မူလဒဿနံ ပန သစ္စဒဿနဿာပိ ကာရဏဘာဝတော ဒဿနာနုတ္တရိယံ နာမ။ အံ၊ဋ္ဌီ၊၁။၁၃၉။ (၃) ဝေဒနာဝိတက္ကသညာ-

တဏှာမာနဒိဋ္ဌိပပဉ္စာနံ မူလဒဿနဝသေနာတိ အပရေ။ သံ၊ဋ္ဌီ၊၂။၄၈၄။

**မူလဒဿာဝီ** (တိ) [မူလ+ဒဿာဝီ] မူလ–အကြောင်းရင်း–ကို ရှုမြင်တတ်သော၊ သူ။ မူလဒဿာဝီ (သုတ္တနိ။၄၃၅။ စူဠနိ။၇)တိ အကုသလမူလာဒိဒဿာဝီ ။ သုတ္တနိ၊ဋ္ဌ၊၂။ ၃၀၄။ စူဠနိ၊ဋ္ဌ။၁၀။

**မူလဒါဋ္ဌာ** (ထီ) [မူလ+ဒါဌာ] အရင်းဖြစ်သော အစွယ်၊အစွယ်ရင်း။ သာမိ ဇီဝိတုံ န သက္ကော-မိ၊ မူလဒါဌာ မေ ဒေထ။ ဇာ၊ဋ္ဌ၊၁။၃၄၀။

**မူလဒိဋ္ဌိဂတိက** (တိ) [မူလ+ဒိဋ္ဌိဂတိ+က] မူလဖြစ်သော ဒိဋ္ဌိအယူရှိသော၊ (ဤကမ္ဘာ၌) ရှေးဦးစွာ ဒိဋ္ဌိအယူကို ယူသော၊ သူ။ မူလဒိဋ္ဌိ-ဂတိကာ (သံ၊ဋ္ဌ၊၂။၂၅၇)တိ မူလဘူတာ ဒိဋ္ဌိဂတိကာ၊ ဣမသ္မိံ ကပ္ပေ သဗ္ဗပဌမံ တာဒိသ-ဒိဋ္ဌိသမုပ္ပါဒကာ။ သံ၊ဋ္ဌီ၊၂။၂၂၈။

**မူလဒိဝသ** (ပု) [မူလ+ဒိဝသ] မူလနေ့၊ အစနေ့။ မူလဒိဝသတော (ဒီ၊ဋ္ဌ၊၁။၂၇၈)တိ အာဒိ-ဒိဝသတော။ သီ၊ဋ္ဌီ၊သစ်၊၂။၃၃၂။

**မူလဒိဝသပရိစ္ဆေဒ** (ပု) [မူလဒိဝသ+ပရိစ္ဆေဒ] မူလနေ့–အစနေ့–အပိုင်းအခြား။ (အရင်းစွာသော နေ့အပိုင်းအခြား။သျှ။) မူလဒိဝသ-ပရိစ္ဆေဒေ ပဌမာ အာပန္နံ အာပတ္တိံ သမောဒ-ဟိတွာ။ ဝိ၊ဋ္ဌ၊၄။၂၆။ ကင်္ခါ။၁၄၈။ ဝိ၊သင်္ဂဟ။ ၃၅၃။

**မူလဒေဝ** (ပု) [မူလ+ဒေဝ] မူလဒေဝမည်သူ။ မူလဒေဝေါ ဝေမဟာနုဘာဝေါ။ ဒီ၊ဋ္ဌ၊၁။၈၅။ မ၊ဋ္ဌ၊၃။၁၅၅။ သံ၊ဋ္ဌ၊၃။၃၂၅။ အံ၊ဋ္ဌ၊၃။၃၁၈။ သာရတ္ထ၊၃။၉၈။

**မူလဒေသနာ** (ထီ) [မူလ+ဒေသနာ] မူလအဖြစ်ဖြင့် ဟောကြားခြင်း၊ မူလဒေသနာ။ မူလံ ပဟာတိ မူလဒေသနံ ပတွာ၊ မူလ-သဘာဝေသု ဓမ္မေသု ဒေသိယမာနေသူတိ

အတ္ထော။ ဒီ၊ဋ္ဌီ၊၃။၂၇၀။ သံ၊ဋ္ဌီ၊၂။၁၄၄။ (–မ၊ဋ္ဌီ၊၁။၃၀၄။)

**မူလဒွယ** (နု) [မူလ+ဒွယ] မူလတရားနှစ်ခု အပေါင်း၊ မူလတရားနှစ်ခု။ ဣမေ ပန မူလ-ဒွယဝသေန အဋ္ဌဒွာဒသဟိတာယ တိသန္ဓိ-ကာလဗန္ဓသာ။ သံ၊ဋ္ဌီ၊၂။၆။

**မူလဓန** (နု) [မူလ+ဓန] ပင်ရင်းဥစ္စာ။ ဓနသာ ဝါတိ အတ္တနော မူလဓနသာ ဝါ။ ကင်္ခါ၊ဋ္ဌီ၊ သစ်။၃၂၄။

**မူလဓုရ** (ပု) [မူလ+ဓုရ။ ဓာန်။၃၇၅။] မူလ–ပင်ရင်း– ထမ်းပိုးဝန်။ မူလဓုရံ ဝဟန္တာ ဓောရယှာ။ သုတ္တနိ၊ဋ္ဌ၊၁။၁၃၄။

**မူလဓုရာဝဟ** (တိ) [မူလဓုရ+အာဝဟ] မူလ–ပင်ရင်း– ထမ်းပိုးဝန်ကို ဆောင်သော၊ သူ။ မူလဓုရာဝဟတ္တာ ဓောရယှာ။ သံ၊ဋ္ဌ၊၁။၂၃၄။

**မူလနက္ခတ္တ** (နု) [မူလ+နက္ခတ္တ] မူလနက္ခတ်။ ဇေဋ္ဌမာသဿ ပုဏ္ဏမိယံ ဇေဋ္ဌနက္ခတ္တံ ဝါ မူလနက္ခတ္တံ ဝါ ဟောတိ။ ဝိမတိ၊၁။၃၃။ (–သီ၊ဋ္ဌီ၊သစ်၊၁။၆၅။)

**မူလနယ** (ပု) [မူလ+နယ] မူလနယ။ (ယေ ကေစိ ကုသလာ ဓမ္မာ၊ သဗ္ဗေ တေ ကုသလ-မူလာ-စသည်ဖြင့် ဟောသောနယကို မူလနယ၊ ယေ ကေစိ ကုသလာ ဓမ္မာ၊ သဗ္ဗေ တေ ကုသလမူလမူလာ-စသည်ဖြင့် ဟောသောနယကို မူလမူလနယ၊ ယေ ကေစိ ကုသလာ ဓမ္မာ၊ သဗ္ဗေ တေ ကုသလမူလကာ-စသည်ဖြင့် ဟောသောနယကို မူလကနယ၊ ယေ ကေစိ ကုသလာ ဓမ္မာ၊ သဗ္ဗေ တေ ကုသလ-မူလမူလကာ-စသည်ဖြင့် ဟောသောနယကို မူလမူလကနယဟု ခေါ်သည်။) မူလနယော မူလမူလနယော မူလကနယော မူလမူလက-နယော။ အဘိ၊ဋ္ဌ၊၃။၂၈၈။ (–မူလဋ္ဌီ၊၃။ ၁၂၀။)

**မူလနာမ** (နပ်) [မူလ+နာမ] မူလနာမည်၊ ပင်ရင်းနာမည်၊ ငယ်နာမည်။ မဟာလိတ္တိ မူလနာမံ။ ဒီ၊ဋ္ဌ၊၁။၂၇၇။ (–မန္တ၊၃၊၄၉။) မူလနာမန္တိ မာတာပိတူဟိ ကတနာမံ။ သီ၊ဋီ၊ သစ်၊၂။၃၃၁။

**မူလနိကန္တန** (တိ) [မူလ+နိကန္တန] အမြစ် အရင်း–မူလတရား–ကို ဖြတ်တောက်တတ်သော။ မူလနိကန္တန (ဝိသုဒ္ဓိ၊၁။၂၉၃) န္တိ သီလဿ မူလာနိ နာမ ဟိရောတ္တပ္ပခန္တိမေတ္တာနုဒ္ဒယာ၊ တေသံ ဆိန္ဒနံ။ ဝိသုဒ္ဓိ၊ဋီ၊၁။၃၅၇။

**မူလနိကာယ** (ပု) [မူလ+နိကာယ] မူလဂိုဏ်း၊ ပင်ရင်းဂိုဏ်း။ ဘိန္နကာတိ မူလသင်္ဂီတိတော မူလနိကာယတော ဝါ ဘိန္နာ။ မူသ၊ဋီ၊၃။၄၇။

**မူလနိက္ခတ္တ** (တိ) [မူလ+နိက္ခိတ္တ] မူလ–တည်ထား– ချထား– အပ်သော။ ဉာတိ ယော ယော ဓမ္မော မူလနိက္ခိတ္တော။ ပေဋကော။ ၂၀၉။

**မူလနိက္ခေပ** (ပု) [မူလ+နိက္ခေပ] ပင်ရင်းဟော ကြားခြင်း၊ ပင်ရင်းနိက္ခေပ၊ ပင်ရင်းဟော ကြားအပ်သော။ သေသနိက္ခေပါနံ မူလနိက္ခေပဝသေန စတ္တာရော သုတ္တနိက္ခေပါတိ ဝုတ္တံ။ ဥဒါန၊ဋ္ဌ။၂၇။

**မူလနိမန္တန** (နပ်) [မူလ+နိမန္တန] မူလ–အစဦး– ပင့်ဖိတ်ခြင်း။ သစေ ပန မူလနိမန္တနံ ဟောတ္ဆ ဟောတိ။ ပဌမံ ပစ္ဆိမံ ဥပရိ။ ဝိ၊ဋ္ဌ၊၃။၈၄။ ဝိ၊သင်္ဂဟ။၄၁၉။ (–သာရတ္ထ၊၃။၅၇။)

**မူလနိမိတ္တ** (နပ်) [မူလ+နိမိတ္တ] ပင်ရင်း အကြောင်း၊ အကြောင်းရင်း။ ဉာဏ ပန တဒနန္တရံကို့တွာ တေန ဒဗ္ဗေန ယုတ္တံ မူလနိမိတ္တဘူတံ ဓေဘာသိကသုခမေဝ အဒပေက္ခိတွာ သုခနသဒ္ဒေါ ပဝတ္တော ။ သီ၊ဋီ၊သစ်၊၁။၂၂၇။

**မူလနိဿယ** (ပု) [မူလ+နိဿယ] မူလမှီရာ။ ပဝတ္တိယာ ဟိ ဝိဓေသသတော မူလနိဿယဘူတာနိ ဆ အဇ္ဈတ္တိကာနိ အာယတနာနိ။ အနု၊ဋီ၊၂။၈၅။

**မူလန္တရ** (နပ်) [မူလ+အန္တရ] (၁) မူလတပါး။ (၂) သစ်မြစ်ကြား။ (၁) ဒေဝက်ပုဒ်ကြည့်။ (၂) ဓဝံ ဇိဂုစ္ဆန္တောပိ စ ဒဏ္ဍန္တရံ ဝါ မူလန္တရံ ဝါ ပါသာဏန္တရံ ဝါ နိဿာယ ဇဟာတိ။ သုတ္တနိ၊ဋ္ဌ၊၁။၁၃။ (–ပေတ၊ဋ္ဌ။၅၀။ ဇာ၊ဋ္ဌ၊၁။ ၄၄၃။ သာရတ္ထ၊၃။၁၀။)

**မူလန္တရဝိရဟ** (ပု)[မူလန္တရ+ဝိရဟ] မူလတပါး မှ ကင်းခြင်း။ ဉာမာနိ ပန ဒွေ စိတ္တာနိ မူလန္တရဝိရဟတော အတိသမ္ဘူဋ္ဌတာယ။ ဝိဘာဝိနီ။၈၁။

**မူလပစ္စယ** (ပု) [မူလ+ပစ္စယ] မူလအကြောင်း၊ အကြောင်းရင်း။ မူလပစ္စယော....ဥပတ္ထမ္ဘကပစ္စယော စ ဟောတိယေဝ။ ပဋ္ဌာ၊ဋ္ဌ၊၂။၁၂၀။

**မူလပစ္စယာဘာဝ** (ပု) [မူလပစ္စယ+အဘာဝ] မူလအကြောင်းမရှိခြင်း။ နိဒါနနိရောဓေနာတိ မူလပစ္စယာဘာဝေန။ ပဋိသံ၊ဋ္ဌ၊၂။၁၂၀။

**မူလပစ္ဆိန္ဒန** (တိ) [မူလ+ပစ္ဆိန္ဒန] ကုသိုလ်မူလ–ကုသိုလ်၏ အကြောင်းရင်း–ကို ဖြတ်တောက်တတ်သော (ဖရုသဝါစာ)။ ကုဋ္ဌာရိသဒိသာ မူလပစ္ဆိန္ဒနဋ္ဌေန။ သံ၊ဋီ၊၁။၂၄၆။ အံ၊ဋီ၊၃။ ၃၄၀။

**မူလပညတ္တ** (နပ်) [မူလ+ပညတ္တ] မူလပညတ်။ မူလပညတ္တံ နိဋ္ဌိတံ။ ဝိ၊ဋ္ဌ၊၁။၂၂၂။

**မူလပညတ္တိ** (ထီ) [မူလ+ပညတ္တိ] မူလပညတ်။ ပညတ္တိဂတိကာဝ ဟောတီတိ မူလပညတ္တိယံယေဝ အန္တောဂဓာ ဟောတိ။ သာရတ္ထ၊၂။ ၄၃။ (–ဝိမတိ၊၁။၁၁၉။ အံ၊ဋီ၊၂။၃၇။)

**မူလပဋိဂ္ဂဟဏ** (နပ်) [မူလ+ပဋိဂ္ဂဟဏ] (၁) အဖိုးနန်းကို ခံယူခြင်း။ (၂) မူလအကပ်ခံယူခြင်း။ (၁) တေနေဝ ကပ္ပိယဝတ္ထုနာ ဒုက္ကဋဝတ္ထုံ စေတာပေန္တဿ မူလပဋိဂ္ဂဟဏေ တထေဝ

အနာပတ္တိ။ ဝိ၊ဋ္ဌ၊၂။၂၇၇။ (၂) မူလပဋိဂ္ဂဟဏ-မေဝ ဝဋ္ဋတိ၊ ခါဒန္တဿ နတ္ထိ ဒေါသော။ ဝိ၊ဋ္ဌ၊၃။၁၁၆။ (-ဝိ၊သင်္ဂဟ။၁၂၁။)

**မူလပဋိဗဒ္ဓ** (တိ) [မူလ+ပဋိဗဒ္ဓ] မူလတရားနှင့် ဆက်စပ်သော။ ကိဉ္စာပိ ယော ကုသလာနံ ဝိယ အကုသလာဗျာကတာနမ္ပိ တဗ္ဗာဝေါ မူလ-ပဋိဗဒ္ဓေါ ဘ ဝေယျ။ အနုဋီ၊၁။၁၇၃။

**မူလပဋိသန္ဓိ** (ထီ) [မူလ+ပဋိသန္ဓိ] မူလပဋိသန္ဓေ (မုချ)။ မူလပဋိသန္ဓေနှင့် တူသော စိတ် (ဉပစာ)။ (ဤ၌ ယင်းစိတ်နှင့် တကွ ဖြစ်သော အတ္တဘောအတိ ယူထားသည်။ဋ္ဌ,ဋီ-နိုင်းယှဉ် ကြည့်။) မူလပဋိသန္ဓိ ဂန္တုကာမော(မ၊ဋ္ဌ၊၂။ ၃၁၁)တိ အတ္တနော ပါကတိကေန အတ္တ-ဘာဝေန ဌာတုကာမော၊ သော ဟိ ပဋိသန္ဓိ-ကာလေ နိဗ္ဗတ္တသဒိသတာယ မူလပဋိသန္ဓိတိ ဝုတ္တော။ မ၊ဋီ၊၂။၃၁၈။

**မူလပဋိသန္ဓိကအတ္တဘာဝ** (ပု) [မူလပဋိသန္ဓိက+အတ္တဘာဝ] မူလပဋိသန္ဓေနှင့် တကွဖြစ်သော အတ္တဘော။ ဖြဟ္မာနံ ဟိ မူလပဋိသန္ဓိကအတ္တ-ဘာဝေါ သုခုမော။ မ၊ဋ္ဌ၊၂။၃၁၁။

**မူလပဋိသန္ဓိရူပ** (နု) [မူလပဋိသန္ဓိ+ရူပ] မူလ-ပဋိသန္ဓေနှင့် တကွဖြစ်သော ရုပ်။ မူလပဋိ-သန္ဓိရူပဉ္စ နေသံ အတိဝိယ သုခုမမဟာရူပံ။ သာရတ္ထ၊၃။၂၀၅။ (-သံ၊ဋီ၊၁။၄၂။)

**မူလပဋိသမ္ဘိဒတ္ထ** (ပု) [မူလပဋိသမ္ဘိဒါ+အတ္ထ] မူလပဋိသမ္ဘိဒါအနက်သဘော၊ မူလဖြစ်၍ အမျိုးမျိုး ကွဲပြားသော ပဋိသမ္ဘိဒါ ဟူသော အနက်သဘော။ မူလပဋိသမ္ဘိဒဋ္ဌေန ဗောဇ္ဈင်္ဂါ။ ပဋိသံ။၃၀၃။ တေ ဧဝ မူလာနိ စ ဆဗ္ဗိဓာ ပဘေဒဘိန္နတ္တာ ပဋိသမ္ဘိဒါစာတိ မူလပဋိသမ္ဘိဒါ။ တေန မူလပဋိသမ္ဘိဒဋ္ဌေန။ ပဋိသံ၊ဋ္ဌ၊၂။၂၀၄။

**မူလပဋိသမ္ဘိဒါ** (ထီ) [မူလ+ပဋိသမ္ဘိဒါ] မူလ ဖြစ်သော ပဋိသမ္ဘိဒါ။ မူလပဋိသမ္ဘိဒါယ ဝသိဘာဝဋ္ဌေန ဗောဇ္ဈင်္ဂါ။ ဋိသံ။၃၀၃။ အထက်ပုဒ်လည်းကြည့်။

**မူလပဋိသမ္ဘိဒါပါပနဋ္ဌ** (ပု) [မူလပဋိသမ္ဘိဒါ-ပါပန+အတ္ထ] မူလပဋိသမ္ဘိဒါသို့ ရောက်စေ တတ်သော အနက်သဘော။ မူလပဋိသမ္ဘိဒါ-ပါပနဋ္ဌေန ဗောဇ္ဈင်္ဂါ။ ပဋိသံ။ ၃၀၃။ မူလ-ပဋိသမ္ဘိဒါပါပနဋ္ဌေနာတိ ဗောဇ္ဈင်္ဂဘာဝနာနု-ယုတ္တဿ ယောဂိနော တံ မူလပဋိသမ္ဘိဒံ ပါပနဋ္ဌေန၊ ပဋိသံ၊ဋ္ဌ၊၂။၂၀၄-၅။

**မူလပဋ္ဌာန** (နု) [မူလ+ပဋ္ဌာန] မူလပုဒ်တို့၏ ဝ ည်ရာ၊ မူလပဋ္ဌာန်း။ တေသံ ဝသေန မူလပဋ္ဌာနာနိ ဧဝ ဒွါဒသ ဟောန္တိ။ နေတ္တိ၊ ဋီ။၁၄၁၊

**မူလပဏိဓာန** (နု) [မူလ+ပဏိဓာန] အရင်း မူလဆုတောင်းမှု။ အဘိနီဟာရောတိ စ မူလ-ပဏိဓာနဿေတံ အဓိဝစနံ။ သုတ္တနိ၊ဋ္ဌ၊၁။ ၄၃။ ဒီ၊ပ၊ဋ္ဌ၊၁။၁၅၆၊ အဘိနီဟာရ (ခ) ကြည့်။

**မူလပဏ္ဏာသက** (ပု) [မူလပဏ္ဏာသ+က] မူလ-ပဏ္ဏာသကျမ်း။ ပရိသာယ ပန အဘိဓမ္မေ ဝိနယနတ္တံ မဇ္ဈိမဘာဏကော ဟောတိ၊ မူလပဏ္ဏာသကော ဉဂ္ဂဟေတဗ္ဗော။ ဝိ၊ဋ္ဌ၊၃။ ၅၅။ ဝိ၊သင်္ဂဟ။၁၆၄။ (-သီ၊ဋီ၊သစ်၊၁။၉၄။ သီ၊ဋီ၊သစ်၊၂။၂၂၀။)

**မူလပဏ္ဏာသကဋီကာ** (ထီ) [မူလပဏ္ဏာသက+ဋီကာ] မူလပဏ္ဏာသဋီကာကျမ်း။ "ဘုဇော နာမ အတ္တနော ယထာသုခံ ဝိနိယောဂေါ၊ သော ဣဿော ဣစ္စိဘဗ္ဗော တွောတိ ဘုဇိဿော၊ အဿာမိကော" တိ မူလ-ပဏ္ဏာသကဋီကာယံ ဝုတ္တံ။ သီ၊ဋီ၊သစ်၊၂။ ၁၂၉။

**မူလပဏ္ဏာသ** (ထီ) [မူလ+ပဏ္ဏာသ။ပဏ္ဏာသ -ကြည့်။] မူလပဏ္ဏာသ၊ (ပဏ္ဏာသကျမ်းလာ အစသုတ် ၅၀-ကို မူလပဏ္ဏာသဟု ခေါ်သည်၊

ယင်းအစသုတ် ၅၀-ကို အကြောင်းပြု၍ ကျမ်းကိုလည်း မူလပဏ္ဏာသဟု ခေါ်ကြသည်။) ပဏ္ဏာသတော မူလပဏ္ဏာသ မဇ္ဈိမပဏ္ဏာသ ဥပရိပဏ္ဏာသာတိ ပဏ္ဏာသတ္တယသင်္ဂဟာ။ မ၊ဋ္ဌ၊၁။၂။ (-ဝိသုဒ္ဓိ၊၁။၉၂။) မူလေ အာဒိမှိ ပဏ္ဏာသော မူလဘူတော ဝါ ပဏ္ဏာသော မူလပဏ္ဏာသော။ မ၊ဋီ၊၁။၁၉။

**မူလပတိဋ္ဌာန** (န) [မူလ+ပတိဋ္ဌာန] မူလတည်ရာ။ တဿ တာဝ ဘဂဝတော သာသနဿ မူလပတိဋ္ဌာနဘာဝံ ဒဿေတွာ။ သာရတ္ထ၊၁။၁၅။

**မူလပဒ** (န) [မူလ+ပဒ] မူလပုဒ်၊ တတ္ထ ကတမာနိ အဋ္ဌာရသ မူလပဒါနိ။ နေတ္တိ။ ၂။ (-အဘိ၊ဋ္ဌ၊၂။၁၉၀။ ပဋိသံ၊ဋ္ဌ၊၁။၂၅၂။) မူလာနိ စ တာနိ နယာနံ ပဋ္ဌာနဘာဝါနုရူပဘင်္ဂဘာဝတော ပဒါနိ စ အဓိဂမူပါယဘာဝတော ကောဋ္ဌာသဘာဝတော စာတိ မူလပဒါနိ။ နေတ္တိ၊ဋ္ဌ။၁၈။ (-နေတ္တိ၊ဋီ။၂၅။)

**မူလပဒဂ္ဂဟဏ(ဂဟဏ)** (န) [မူလပဒ+ဂဟဏ] မူလပဒ-သဒ္ဒါ။ မူလပဒဂ္ဂဟဏေန ပဋ္ဌာနဿ သင်္ဂဟိတတ္တာ။ နေတ္တိ၊ဋ္ဌ။၃။ (-နေတ္တိ၊ဋီ။ ၁၈။) ဣတရထာ ဟိ မူလပဒဂဟဏေန ဂဟေတဗ္ဗံ ဘဝေယျ။ ပဋိသံ၊ဋ္ဌ၊၁။၂၅၄။

**မူလပဒဋ္ဌာန** (န) [မူလ+ပဒဋ္ဌာန] မူလဖြစ်သော ပဒဋ္ဌာန်။ ယေသံ သုတ္တာနန္တိ မူလပဒဋ္ဌာနဘူတာနံ သံကိလေသဘာဂိယာဒီနံ စတုန္နံ သုတ္တာနံ ဝသေန။ နေတ္တိ၊ဋီ။၇၀။

**မူလပဒဓမ္မ** (ပု) [မူလပဒ+ဓမ္မ] မူလပုဒ်ဖြစ်သော တရား။ တဏှာဒိကေ ဧသ္မိံ မူလပဒဓမ္မေ သရူပတော နိဒ္ဒါရဏဝသေန ဝါ ဝိညာပေ။ နေတ္တိ၊ဋီ။၁၂၇။

**မူလပဒနိဒ္ဒါရဏ** (န) [မူလပဒ+နိဒ္ဒါရဏ] မူလပုဒ်ကို ထုတ်ဆောင်ခြင်း။ သောဠသဟာရာနံ မူလပဒနိဒ္ဒါရဏံ ဝဇ္ဇေတွာ ဗျဉ္ဇနမုခေနေဝ သံဝဏ္ဏနာဘာဝတော။ နေတ္တိ၊ဝိ။၁၇။

**မူလပဒန္တရနိဒ္ဒါရဏ** (န) [မူလပဒန္တရ+နိဒ္ဒါရဏ] မူလပုဒ်တပါးကို ထုတ်ဆောင်ခြင်း။ ယသ္မာ ပနေတေ မူလပဒေဟိ မူလပဒန္တရနိဒ္ဒါရဏေန အညမညံ တေ နိဂ္ဂစ္ဆန္တိ။ နေတ္တိ၊ဋီ။၁၂၁။

**မူလပဒန္တရာဘာဝ** (ပု) [မူလပဒန္တရ+အဘာဝ] မူလပုဒ်တပါး မရှိခြင်း။ ပုရိမသ္မိံ ပက္ခေ မူလပဒန္တရာဘာဝေါ။ နေတ္တိ၊ဋီ။၂၅။

**မူလပဒပဋ္ဌာန** (န) [မူလပဒ+ပဋ္ဌာန] မူလပုဒ်တည်ရာ၊ မူလတည်ပုဒ်။ မူလပဒပဋ္ဌာနာနိ ဟိ အဋ္ဌနယသင်္ခါရတ္တိကာ ဝိယ အညမညံ သင်္ဂဟိတာနိ။ နေတ္တိ၊ဋ္ဌ။၃။

**မူလပဒပဒဋ္ဌာန** (န) [မူလပဒ+ပဒဋ္ဌာန] မူလပုဒ်၏ ပဒဋ္ဌာန်။ ကဿ ပနေတ္ထ မူလပဒပဒဋ္ဌာနာနိ အသင်္ဂဟိတာနီတိ။ နေတ္တိ၊ဋီ။ ၃၆။

**မူလပဗ္ဗင်္ဂ** (န) [မူလပဗ္ဗ+အင်္ဂ] အရင်းဖြစ်သော ခြေဆစ်ရိုး။ မူလပဗ္ဗင်္ဂါနိ ပဏဝသဏ္ဌာနာနိ။ အဘိ၊ဋ္ဌ၊၂။၂၂၆။ ဝိသုဒ္ဓိ၊၁။၂၄၆။ ခုဒ္ဒက၊ဋ္ဌ။ ၃၀။

**မူလပရိဂ္ဂဟဋ္ဌ** (ပု) [မူလပရိဂ္ဂဟ+အတ္ထ] မူလဖြစ်၍ သိမ်းဆည်းအပ်သော အနက်။ မူလပရိဂ္ဂဟဋ္ဌေနာ (ပဋိသံ။၃၀၃)တိ တေ ဧဝ ဗောဇ္ဈင်္ဂါ အာဒိတော ပဘုတိ ဥပ္ပါဒနတ္ထာယ ပရိဂ္ဂယှမာနတ္တာ ပရိဂ္ဂဟာ၊ မူလာနိယေဝ ပရိဂ္ဂဟာ။ ဧတေန မူလပရိဂ္ဂဟဋ္ဌေန။ ပဋိသံ၊ဋ္ဌ၊၂။၂၀၄။

**မူလပရိညာ** (ထီ) [မူလ+ပရိညာ] မူလအကြောင်းရင်းကို ပိုင်းခြား၍ သိခြင်း၊မနောဒွါရိကဇော၏ အကြောင်းရင်းဖြစ်သော ပဉ္စဒွါရိကဝီထိစိတ်ကို ပိုင်းခြား၍ သိခြင်း။ ဧဝံ တာဝေတ္ထ မူလပရိညာဝသေန အသမ္မောဟ-

သမ္မဇည် ဝေဒိတဗ္ဗံ။ ဒီ၊ဋ္ဌ၊၁။၁၇၄။ သံ၊ဋ္ဌ၊၃။ ၂၂၇။ (-သံ၊ဋ္ဌ၊၂။၁၀၂။) မနောဒွါရိဝဝိကဇဝ-နသ္သ မူလကာရဏပရိဇာနနံ မူလပရိညာ။ သီ၊ဋ္ဌီ၊သစ်၊၂။၉၄။ (-သံ၊ဋ္ဌီ၊၂။၁၁၂၊၄၆၅။)

**မူလပရိပါကဋ္ဌ** (ပု) [မူလပရိပါက+အဋ္ဌ] မူလ ဖြစ်၍ ရင့်ကျက်စေတတ်သော အနက် သဘော။ မူလပရိပါကဋ္ဌေန ဗောဇ္ဈင်္ဂါ။ ပဋိသံ။၃၁၃။ (-၃၀၅။)

**မူလပရိပူရဏဋ္ဌ** (ပု) [မူလပရိပူရဏ+အဋ္ဌ] မူလ ဖြစ်၍ ပြည့်စေတတ်သော အနက်သဘော။ မူလပရိပူရဏဋ္ဌေန ဗောဇ္ဈင်္ဂါ။ ပဋိသံ။၃၀၃။ (-၃၀၅။)

**မူလပရိယာယ** (ပု) [မူလ + ပရိယာယ] (၁) မူလပရိယာယသုတ်။ (၂) မူလဒေသနာ။ (၁) တဒနန္တရံ မဇ္ဈိမနိကာယေ ဣန္ဒြိယ-ဘာဝနာတော ပဋ္ဌာယ ယာဝ မူလပရိယာယာ အန္တရာခဝတိ။ ဒီ၊ဋ္ဌ၊၁။၈၂။ မ၊ဋ္ဌ၊၄။၈၁။ အဘိ၊ဋ္ဌ၊၂။၃၁၃။ (၂) မူလပရိယာယန္တိ ဝါ မူလဒေသနံ ကာရဏကထနန္တိ ပရိယာယ-ဝစနံ။ မ၊ဋ္ဌီ၊၁။၁၃၂။

**မူလပရိယာယဂ္ဂဟဏ** (နု) [မူလပရိယာယ + ဂဟဏ] မူလပရိယာယ-သဒ္ဒါ။ သဗ္ဗဓမ္မမူလ-ပရိယာယန္တိ ဧတ္ထ မူလဂ္ဂဟဏေန မူလပရိယာ-ယဂ္ဂဟဏေန ဝါ ယထာ တဏှာမာနဒိဋ္ဌိယော ဂဏှန္တိ။ မ၊ဋ္ဌီ၊၂။၁၂၅။ (-၁၃၆။)

**မူလပရိယာယဇာတက** (နု) [မူလပရိယာယ + ဇာတက] မူလပရိယာယဇာတ်၊ ဇာတကပါဠိ ၂-နိပါတ်၊ ၁၁-ဝဂ်၊ ၅-ဇာတ်။ (ဗေဒင်သုံးပုံကို ပါရဂူရောက် တတ်မြောက်ကြသော ပုဏ္ဏား ၅၀၀-ရဟန်းဝတ်၍ ပိဋက ၃-ပုံကို သင်ယူ တတ်မြောက်ကြပြီးနောက် ထိုရဟန်းတို့၏ မာန်ကို ချိုးနှိမ်ဖို့အတွက် မူလပရိယာယ သုတ်ကို ဟောတော်မူရသည်။ မာန-ကြည့်။) မူလပရိယာယဇာတကံ ပဌမံ။ ဇာ၊၁။၆၈။ (-ဇာ၊ဋ္ဌ၊၂။၂၃၆-၉။)

**မူလပရိယာယဋ္ဌကထာ** (ထီ) [မူလပရိယာယ + အဋ္ဌကထာ] မူလပရိယာယသုတ်၏- အဖွင့် -အဋ္ဌကထာ။ တထာဂတသဒ္ဒါဒိနံ အတ္ထ-ဝိသေသော မူလပရိယာယဋ္ဌကထာ ဝိသုဒ္ဓိ-မဂ္ဂသံဝဏ္ဏနာသု ဝုတ္တော ဧဝ။ မ၊ဋ္ဌီ၊၂။၁၄၇။

**မူလပရိယာယဒေသနာ** (ထီ) [မူလပရိယာယ+ ဒေသနာ] မူလပရိယာယသုတ်- ကို ဟော ကြားခြင်း-ဒေသနာ။ တေ နာမ ဗြာဟ္မဏ-ပဗ္ဗဇိတာ ကထာ မာနမဒမတ္တာ ဘဂဝတာ မူလပရိယာယဒေသနာယ နိဟတမာနာ ကတာ။ ဇာ၊ဋ္ဌ၊၂။၂၃၇။ (-မ၊ဋ္ဌီ၊၁။၄၉။)

**မူလပရိယာယဝဂ္ဂ** (ပု) [မူလပရိယာယ + ဝဂ္ဂ] မူလပရိယာယဝဂ်။ ဝဂ္ဂေသု မူလပရိယာယ ဝဂ္ဂေါ။ မ၊ဋ္ဌ၊၁။၃။ (-သီ၊ဋ္ဌီ၊သစ်၊၁။၁၂၂။)

**မူလပရိယာယဝဏ္ဏနာ** (ထီ) [မူလပရိယာယ+ ဝဏ္ဏနာ] မူလပရိယာယသုတ်အဖွင့်။ တေသံ ဝိဘာဂေ ဗြဟ္မဇာလဝဏ္ဏနာယမ္ပိ မူလ-ပရိယာယဝဏ္ဏနာယမ္ပိ ဝုတ္တောယေဝ။ သံ၊ဋ္ဌ၊ ၂။၂၆၅။ (-ဒီ၊ဋ္ဌီ၊၁။၆၅။ မ၊ဋ္ဌီ၊၁။၁၄၅။)

**မူလပရိယာယသုတ္တ** (နု) [မူလပရိယာယ+သုတ္တ] မူလပရိယာယသုတ်။မဇ္ဈိမနိကာယ်၊မူလပဏ္ဏာ-သပါဠိ၊ ၁-ဝဂ်၊ ၁-သုတ်။ မ၊၁။၁-၈။ သုတ္တေသု မူလပရိယာယသုတ္တံ။ မ၊ဋ္ဌ၊၁။၃။ (-အဘိ၊ဋ္ဌ၊ ၁။၁၃၉။ ခုဒ္ဒက၊ဋ္ဌ။၂၊ မ၊ဋ္ဌီ၊၁။၅၂။)

**မူလပရိယာယသုတ္တန္တ** (နု) [မူလပရိယာယ+ သုတ္တန္တ] မူလပရိယာယသုတ်။ သတ္ထာ ဥက္ကဋ္ဌ နိဿာယ သုဘဂဝနေ ဝိဟရန္တော မူလပရိ-ယာယသုတ္တန္တံ အာရဗ္ဘ ကထေသိ။ ဇာ၊ဋ္ဌ၊၂။ ၂၃၆။

**မူလပရိယာယသုတ္တန္တပရိယောသာန** (နု) [မူလ-ပရိယာယသုတ္တန္တ+ပရိယောသာန] မူလပရိ-ယာယသုတ်အဆုံး။ မူလပရိယာယသုတ္တန္တ-ပရိယောသာနေ ပန သတ္ထရိ ဥက္ကဋ္ဌာယံ

ဝိဟာရဋ္ဌေယေဝ ဘိက္ခူ ဓမ္မသဘာယံ ကထံ သမုဋ္ဌာပေသုံ။ ဇာ၊ဋ္ဌ၊၂။၂၃၇။

မူလပရိဝါရဋ္ဌ (ပု) [မူလပရိဝါရ+အတ္ထ] မူလဖြစ်၍ အခြံအရံဖြစ်သော အနက်။ မူလပရိဝါရဋ္ဌေန ဗောဇ္ဈင်္ဂါ။ ပဋိသံ၊၃၀၃။ (-၃၀၅။)

မူလပရိသောဓန (နု) [မူလ+ပရိသောဓန] သစ်မြစ်ကို သုတ်သင်ခြင်း၊ မူလပရိသောဓနံ ဝိယ သာကစ္ဆာယ အနုဂ္ဂဏှနံ။ အံ၊ဋ္ဌ၊၃။၇။

မူလပသာဒ (ပု) [မူလ+ပသာဒ] မူလကြည်လင်မှု။ ဝိဿာတော နု မူလပသာဒေါ ဇာတ-မူလမ္ပိ ဝါ။ ပေဋကော၊၂၇၈။

မူလပါဌ (ပု) [မူလ+ပါဌ] ပင်ရင်းမူလဖြစ်သော ပါဌ်။ အသမေဝ မူလပါဌော ယထာတံ အမ္ဗဋ္ဌသုတ္တေ။ သီ၊ဋီ၊သစ်၊၂။၂၈၈။

မူလပါရိစရိယာ (ထီ) [မူလ+ပါရိစရိယာ] မူလ-အစဖြစ်သော-လုပ်ကျွေးမှု၊ ပင်ရင်းလုပ်ကျွေးမှု။ မူလပါရိစရိယာ ပန ပါရိစရိယာ-နုတ္တရိယံ နာမ။ အံ၊ဋ္ဌ၊၁။၉၂။

မူလပုစ္ဆာ (ထီ) [မူလ+ပုစ္ဆာ] မူလကို မေးခြင်း။ မူလပုစ္ဆာယ ဝိဿဇ္ဇနံ ဥတ္တာနမေဝ။ ဝိ၊ဋ္ဌ၊၄။ ၁၉၉။

မူလပ္ပတိဋ္ဌာန (နု) [မူလ+ပတိဋ္ဌာန] အမြစ်တည်ခြင်း၊ အမြစ်စွဲခြင်း။ ဟေဋ္ဌာ မူလပ္ပ-တိဋ္ဌာနေန ဝိရုဠှိံ။ အံ၊ဋ္ဌ၊၂။၁၀၄။

မူလပ္ပဒေသ (ပု) [မူလ+ပဒေသ] ပင်ခြေရင်းအရပ်။ ဆေဒနံ မူလပ္ပဒေသေ နိကန္တနံ။ သံ၊ဋီ၊၁။၂၇၃။

မူလပ္ပဒေသဒဏ္ဍ (ပု) [မူလပ္ပဒေသ+ဒဏ္ဍ] အရင်းအရပ်ဖြစ်သော ထီးချက် (သျှ)။ တဿ အပရိဂ္ဂဋ္ဌနတ္ထာယ ဆတ္တသလာကာနံ မူလပ္ပ-ဒေသဒဏ္ဍဿ သမန္တတော ဒဋ္ဌပဋ္ဋံ ကတွာ သုတ္တေဟိ ဝိနဒ္ဓန္တိ။ ဝိမတိ၊၁။၁၆၆။

မူလပ္ပမာဏ (နု) [မူလ+ပမာဏ] အမြစ်-အတိုင်းအရှည်-ပမာဏ။ ဣမသ္မိံ ဌာနေ ရုက္ခပေါတကေ ဥမ္မူလံ ကတွာ မူလပ္ပမာ-ဏေန ဥဒကံ သိဉ္စိ။ ဇာ၊ဋ္ဌ၊၁။၂၆၇။ (-ဇာ၊ဋ္ဌ၊၂။၃၁၁။)

မူလဖလ (နု) [မူလ+ဖလ] (၁) အမြစ်ဖု။ (၂) အမြစ်ဖုအသီး။ မူလဖလ (သုတ္တနိ။ ၃၁၅)န္တိ ယံကိဉ္စိ ကန္ဒမူလံ...မူလဂ္ဂဟဏေန ဝါ ကန္ဒမူလံ ဖလဂ္ဂဟဏေန ရုက္ခဝလ္လိဖလံ။ သုတ္တနိ၊ဋ္ဌ၊၁။၃၁၁။

မူလဗန္ဓန (နု) [မူလ+ဗန္ဓန] မူလအနှောင်အဖွဲ့။ ယတော ယဒေတံ သဗ္ဗေသံ ခေတ္တာနံ မူလဗန္ဓနံ အဝိဇ္ဇာဘဝတဏှာဒိ။ သုတ္တနိ၊ဋ္ဌ၊၂။၁၅၃။

မူလဗလဋ္ဌ (ပု) [မူလ+ဗလဋ္ဌ] မူလဖြစ်သော ဗလ-သဒ္ဒါ၏ အနက်။ မူလဗလဋ္ဌံ ဝတွာ တမေဝ အပရေဟိ နဝဟိ ပရိယာယေဟိ ဝိသေသေတွာ ဒဿေသိ။ ပဋိသံ၊ဋ္ဌ၊၂။၂၂၈။

မူလဗီဇ (နု) [မူလ+ဗီဇ] အမြစ်မျိုးစေ့ (ဗီဇ-ဂါမ်)၊ အမြစ်မျိုးစေ့ရှိသော (ဘူတဂါမ်)။ မူလဗီဇံ ခန္ဓဗီဇံ ဖဠုဗီဇံ အဂ္ဂဗီဇံ။ ဝိ၊၂။၅၂။ သံ၊ဋ္ဌ၊၃။၃၃၅။ အံ၊ဋ္ဌ၊၂။၃၇၇။ (-ဒီ၊ဋ္ဌ၊၁။ ၇၉။ မ၊ဋ္ဌ၊၂။၁၁၂။ သံ၊ဋ္ဌ၊၁။၂၂၉။) မူလ-မေဝ ဗီဇန္တိ မူလဗီဇံ၊ မူလံ ဗီဇံ ဧတဿာ-တိပိ မူလဗီဇံ။ သီ၊ဋီ၊သစ်၊၁။၃၅၅။ သံ၊ဋီ၊၂။ ၅၄၇။ (-ဒီ၊ဋီ၊၁။၁၂၆။ သီ၊ဋီ၊သစ်၊၁။ ၃၄၅။ မ၊ဋီ၊၂။၁၅၇။ သံ၊ဋီ၊၁။၂၆၉။ အံ၊ဋီ၊ ၂။၃၇၃။)

မူလဗျာဓိ (ပု) [မူလ+ဗျာဓိ] အစဦးဖြစ်သော အနာ၊ မူရင်း-ပင်ရင်း-ရောဂါ၊ မူလအနာ။ သစေ အရောဂေါ ဟုတွာ ပုန မူလဗျာဓိ-နာဝ ဂိလာနော ဟောတိ။ ဝိ၊ဋ္ဌ၊၂။၂၆၄။ ကင်္ခါ၊ဋီ၊သစ်၊၃၁၀။ (-ဒီ၊ဋီ၊၁။၂၅၉။ သီ၊ဋီ၊သစ်၊၁။၃၇၇၊၃၇၈။ သီ၊ဋီ၊သစ်၊၂။၁၂၇။)

**မူလဘတ္တ** (န) [မူလ+ဘတ္တ] အဖိုးရင်းဘတ္တာ၊ အရင်းအနှီးဥစ္စာ။ ပါဘတန္တိ မူလဘတ္တံ။ သီ၊ဋ္ဌီ၊သစ်၊၂။၂၅၉။

**မူလဘဝင်** (န) [မူလ+ဘဝင်] မူလဘဝင်။ တဒါရမ္မဏသန္တါတိ ပိဋ္ဌိဘဝင်ံ မူလဘဝင်ံ သာ။ အဘိ၊ဋ္ဌ၊၃။၄၇၃။ (–သံ၊ဋ္ဌ၊၃။၁၂။ အဘိ၊ဋ္ဌ၊၁။၃၁၀။ မူလဋ္ဌီ၊၂။၁၀၄။)

**မူလဘဝင်ဂ္ဂဟဏ** (န) [မူလဘဝင်+ဂဟဏ] မူလဘဝင်-သဒ္ဒါ။ မူလဘဝင်ဂ္ဂဟဏေနေဝ ပိဋ္ဌိဘဝင်ံ နိဝတ္တေတိ။ သံ၊ဋ္ဌီ၊၂။၃၄၉။

**မူလဘဝင်သညာ** (ထီ) [မူလဘဝင်+သညာ] မူလဘဝင်နှင့် ယှဉ်သော သညာ။ အာရုပ္ပေ ကာမာဝစရသညာ ပဝတ္တိကာလေ ကိစ္စာပိ မူလဘဝင်သညာ နိရုဒ္ဓါ။ အဘိ၊ဋ္ဌ၊၁။၃၉၃။

**မူလဘာဂ** (ပု) [မူလ+ဘာဂ] မူလအဖိုအစု။ သဗ္ဗံ တဝေဝ သန္တက ကတွာ မူလဘာဂံ ဒသဘာဂမတ္တံ ဒတွာ ဇဂ္ဂါပိ။ ဝိ၊ဋ္ဌ၊၄။၂၅၇။ ဝိ၊သင်္ဂဟ။၄၀၇။ မူလဘာဂန္တိ ဒသမဘာဂံ ကတွာ။ ဝဇီရ။၅၈၀။

**မူလဘာသာ** (ထီ) [မူလ+ဘာသာ] ပင်ရင်းဘာသာစကား၊ မူလဘာသာ၊ မာဂဓဘာသာ။ မာဂဓိကာယ သဗ္ဗသတ္တာနံ မူလဘာသာယ ပဘေဒဂတံ ဉာဏံ နိရုတ္တိပဋိသမ္ဘိဒါ။ ပဋိသံ၊ဋ္ဌ၊၁။၁၅။ ဂိသုဒ္ဓိ၊၂။၇၁။ (–ဥဒါန၊ဋ္ဌ။၁၂၁။ သီ၊ဋ္ဌီ၊သစ်၊၁။၃၀။)

**မူလဘိက္ခု** (ပု) [မူလ+ဘိက္ခု] မူလရဟန်း။ တံ ထေယျစိတ္တေန ဂဏှန္တသာ ဘိက္ခုနော ပါရာဇိကံ မူလဘိက္ခုဿ သန္တကဘာဝေ ဌိတတ္တာ။ ဝဇီရ။၁၃၇။

**မူလဘေဒ** (ပု) [မူလ+ဘေဒ] မူလအထူး။ အပရာနိ စ ဒွေ ဝေဒေန နယေန သဗ္ဗေသံ မူလဘေဒေါ ဝေဒိတဗ္ဗော။ ခုဒ္ဒက၊ဋ္ဌ။၂၅။

**မူလဘေသဇ္ဇ** (န) [မူလ+ဘေသဇ္ဇ] (၁) ပြဓာန်းသောဆေး၊ ရောဂါပျောက်ငြိမ်းနိုင်သောဆေး။ (၂) ပုရင်းရောဂါ–မူလ အနာ–တို့၏ ဆေး။ (၃) အမြစ်ဆေး၊ သစ်မြစ်ဆေး။ (၁) (၂) မူလဘေသဇ္ဇာနံ အနုပ္ပဒါနံ။ ဒီ၊၁။၁၁။ ဒီ၊ဋ္ဌ၊၁။၈၂။ မူလာနိ ပဓာနာနိ ရောဂူပသမနေ သမတ္ထာနိ ဘေသဇ္ဇာနိ မူလဘေသဇ္ဇာနိ၊ မူလာနံ ဝါ ဗျာဓီနံ ဘေသဇ္ဇာနိ တထာ။ သီ၊ဋ္ဌီ၊သစ်၊၁။၃၇၇။ (–ဒီ၊ဋ္ဌီ၊၁။၁၃၁။) (၃) ဣမံ မူလဘေသဇ္ဇံ ဇာနေ၊ ဣမံ မူလံ ဝါ ပဏ္ဏံ ဝါ ဒေဟိ။ ဝိ၊ဋ္ဌ၊၃။၁၂။ (–ဝိသုဒ္ဓိ၊၁။၃၈။ ဝဇီရ။၄၇၉။)

**မူလဘေသဇ္ဇသင်္ဂဟ** (ပု) [မူလဘေသဇ္ဇ+သင်္ဂဟ] သစ်မြစ်ဆေး၌ သင်္ဂြိုဟ်ရေတွက်ခြင်း၊ သစ်မြစ်ဆေးဖြင့် ပေါင်းယူခြင်း။ တေ ပါဠိယံ "ယာနိ ဝါ ပနညာနိပိ အတ္ထိ မူလာနိ ဘေသဇ္ဇာနိ"တိ ဧဝံ မူလဘေသဇ္ဇသင်္ဂဟေနေဝ သင်္ဂဟိတာ။ ဝိ၊သင်္ဂဟ။၈၅။

**မူလဘေသဇ္ဇသမ္ဘာရ** (ပု) [မူလဘေသဇ္ဇ + သမ္ဘာရ] သစ်မြစ်ဆေး အဆောက်အဦ၊ အမြစ်ဆေးပစ္စည်း။ သမ္ဘာရသံယုတ္တာဝ မူလဘေသဇ္ဇသမ္ဘာရေဟိ သံယုတ္တာ။ သံ၊ဋ္ဌီ၊၂။၅၄၆။

**မူလမယ** (န) [မူလ+မယ။ ဤ၌ မူလပုဒ်၏ လိင်အတိုင်းထားသည်။] အမြစ်။ (ဤ၌နွယ်ဥ၊ နွယ်ဖုများကိုပင် မူလမယဟု သုံးနှုန်းသည်။) မူလမယာ ဧဝ (ဝိမာန။၁၁၆)တိ မူလာနိ ယေဝ မူလမယာ၊ ဝလ္လိကန္ဒာဒီနိ သန္ဓာယ ဝဒတိ။ ဝိမာန၊ဋ္ဌ။၃၁၄။

**မူလမာတိကာ** (ထီ) [မူလ+မာတိကာ] မှီရာဖြစ်သော မာတိကာ၊ မူလမာတိကာ။ ဧတေသံ ပဒါနံ မူလဘူတတ္တာ မူလမာတိကာတိပိ ဝတ္တုံ ဝဋ္ဋတိ။ အဘိ၊ဋ္ဌ၊၁။၁။ ဧတေသံ ပဒါနံ မူလဘူတတ္တာတိ "မူလမာတိကာ"တိ ဝတ္တဗ္ဗာနံ သင်္ဂဟာသင်္ဂဟာဒီနံ စုဒ္ဒသန္နံ ပဒါနံ ခန္ဓာဒီ-

ဓမ္မဝိဘင်္ဂေနသ ဣမဿ ပကရဏဿ မူလ-
ဘူတတ္တာ နိဿယဘူတတ္တာတိ အတ္ထော။
မူလဋီ၊၃။၃။

မူလမုဋ္ဌိ (ထီ) [မူလ+မုဋ္ဌိ] အမြစ်ဆုပ်၊ ကြာမြစ်
ဆုပ်၊ ကြာစွယ်။ အပရာ ဇော မူလမုဋ္ဌိံ။
ဓမ္မ၊ဋ္ဌ၊၂။၂၀၃။

မူလမူလ (န) [မူလ+မူလ] (၁) သစ်မြစ်။ (၂)
